

ဒုတိယ ရုပ်ရှင်ကား

အမေရိကန်ပြည်ထောင်စု

မက်ဆာချူးဆက်ပြည်နယ်

IMS(Insight Meditation Society) ၌

ဟောကြားခဲ့သော တရားတော်များကို

စုစည်းထုတ်ဝေသည်။

KUNG DWIN

559513

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်

အမေရိက ဓမ္မဒေသနာ

http://www.dhammadownload.com

အဓမ္မဓိကဓမ္မဒေသနာ

ဒုတိယတွဲ

http://www.dhammadownload.com

ပဏ္ဍိတာရာမ
ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

အမေရိကမဟာဒေသနာ

၁၉၈၄ ခုနှစ်က အမေရိကန်ပြည်ထောင်စု
မက်ဆာချူးဆက်ပြည်နယ် IMS(Insight Meditation Society) ၌
ဟောကြားခဲ့သောတရားတော်များ

http://www.dhammadownload.com

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၈၁၂၀၅၁၂ နှင့် စာမူခွင့်ပြုချက်အမှတ်
၃၂၀၈၉၁၀၅၁၁ တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊
၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာက
ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၁၅၀၀ ကျပ်

http://www.dhammadownload.com

မာတိကာ

၁။	မာရ်စစ်သည် ၁၀ ပါး	၅
၂။	သပ္ပါယ ၇ ပါး	၅၈
၃။	ဣန္ဒြေ ထက်ကြောင်း တရား ၉ ပါး	၉၈
၄။	သုဘာသိတဝါစာ	၁၇၁
၅။	လူမှုရေးကျင့်ဝတ်	၁၈၀
၆။	နိဗ္ဗာန်ရောက်ကြောင်း ယာဉ်ရထားကောင်း	၁၉၂
၇။	ကာယဝက် - ကိုယ်အကောက် ၃ ပါး	၂၀၀
၈။	ဘေးကင်းရာ နိဗ္ဗာန်	၂၀၈
၉။	နိဗ္ဗာန်ခရီး ရထားကြီး တရားတော်	၂၁၄
၁၀။	ဓမ္မစကြာတရားတော်	၂၆၅
၁၁။	ဗောဇ္ဈင်တရားတော်	၂၇၃
၁၂။	နှုတ်ဆက်တရား	၄၀၆

http://www.dhammadownload.com

မာရ်စစ်သည် ၁၀ ပါး

ပထမမာရ်စစ်သည်

ဒီနေ့ ဝိပဿနာ ပထမစျာန် ဟောပြီး ဒုတိယစျာန် ဆက်လက်ပြီးတော့ ဟောဖို့ ရှိပါတယ်။ ဒါပေမဲ့လို့ ဝိပဿနာ ပထမစျာန်ဖြစ်တဲ့ အခိုက်အတန့်မှာ အကုသိုလ်တွေမှ ကင်းနေတယ်။ အကုသိုလ်တွေမှ ကင်းတဲ့ စျာန်ဖြစ်နေတယ် ဆိုတဲ့ ဒီစကားလေး ပါပါတယ်။ အဲဒီအကုသိုလ် ကိလေသာတရားတွေ ဘယ်လောက်များ ကင်းသလဲလို့ ယောဂီတွေ ကိုယ်တွေ့နဲ့ တိုက်ဆိုင်ပြီးတော့ ကြည့်နိုင်ဖို့ရန် ဒီနေ့ ကိလေသာမာရ်စစ်သည် ဆယ်ပါးအကြောင်း ဟောဦးမှပဲလို့ စဉ်းစားမိတာနဲ့ ဒီမာရ်စစ်သည်ဆယ်ပါးအကြောင်း ဒီနေ့ ဟောပါမယ်။

တရားအားထုတ်တယ်ဆိုတာ အမှန်ကတော့ ကုသိုလ်နဲ့ အကုသိုလ် စစ်တိုက်ရာမှာ အကုသိုလ်တွေဘက်က ပါဝင်ပြီးတော့ တိုက်ကြတဲ့ ကိလေသာ မာရ်စစ်သည်တွေကို ဒီက သတိပဋ္ဌာန်အလုပ်နဲ့ ခုခံကာကွယ်ဖြိုဖျက်ရတာပါ။ ကာမတဏှာရဲ့အလိုကျ ကာမဝစရ ကုသိုလ်ကံကြောင့် ကာမဂုဏ်ပေါတဲ့ လူဘဝရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ လူဘောင်လောကမှာတော့ ဝတ္ထုကာမလို့ခေါ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ အစရှိတဲ့ ကာမဂုဏ်ငါးပါး၊ အာရုံတရားတို့မှာ နစ်မွန်းပြီးတော့ အဲဒါနဲ့ပဲ အချိန်ကုန် ပျော်ပိုက်နေကြတာပဲ။ အဲဒီ ကာမ ၂ မျိုးဟာ လူဘောင်လောကမှာ ပထမဆုံး ကိလေသာမာရ်စစ်သည်ရဲ့ တပ်မတော်ကြီးပါပဲ။

http://www.dhammadownload.com

ဒုတိယနဲ့တတိယ မာရ်စစ်သည်

အခု တရားဌာနမှာ ယောဂီအဖြစ်နဲ့ တရားအားထုတ်နေကြတဲ့ သူတော်စင်များဟာ မိမိတို့ပိုင်ဆိုင်တဲ့ကာမဂုဏ်တွေကို အောင်နိုင်ပြီးတော့ အခု တရားဌာန ရောက်လာတယ်။ တောထွက်လာတယ် ဆိုကြပါစို့။ တောထွက်လာပြီးတော့ တကယ့်အဆင့်အတန်းမြင့်တဲ့ ကုသိုလ်တရားတွေ အားထုတ်နေကြတယ်။ အဲဒီလိုအားထုတ်ရာမှာ တရားဌာနမှာလည်းပဲ အကြောင်းအားလျော်စွာ မပျော်မွေ့တာလည်းပဲ ရှိတယ်။ အထက်တန်းစား ကုသိုလ်တရားတွေ ပြုရေးမှာ စိတ်မပါဘဲနဲ့ မပျော်မွေ့တာ ရှိတယ်။ အဲဒါမျိုးကို 'အရတိ' လို့ ခေါ်တယ်။ မပျော်မွေ့တော့ သည်းမခံနိုင်တာတို့ဘက် တစ်ခါတည်း သွားတော့တာပဲ။ အဲဒီ အရတိဟာ ဒုတိယ တပ်မတော်ကြီးပါပဲ။

တတိယ စစ်တပ်ကတော့ ဆာလောင်မွတ်သိပ်ခြင်းပါပဲ။ တော်ခြင်းပေါ့လေ။ ခုပွဲပါသာ ဆိုတာ တတိယစစ်တပ်ပါပဲ။ ဒါ ဘုန်းကြီးတို့ ရဟန်းတော်များနဲ့ဆိုရင် သာပြီးတော့ သက်ဆိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရဟန်းတော်များဟာ သူများလှူသမျှ သူများပေးသမျှနဲ့ ရောင့်ရဲတင်းတိမ်ရတာဖြစ်တော့ ကိုယ်အလိုရှိတဲ့ဟာလည်း ရချင်မှ ရမှာပဲ၊ မလိုတာလည်း ရချင်ရင် ရမှာပဲ။ ဒီတော့ လူဘောင်လောကလို ကိုယ်အလိုရှိသလို မဖြစ်တော့ ဆာလောင်မွတ်သိပ်တဲ့ဒဏ်ခံရတယ်။ အဲဒီဒဏ်ကလည်းပဲ မသက်သာဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူများပေးသမျှနဲ့ တင်းတိမ်ရတာကိုး။ အခုယောဂီတွေဟာလည်း ဒီမှာ လာပြီး အားထုတ်တဲ့အခါမှာ အချိန်မရွေး ကိုယ်လိုတာတွေတော့ မရနိုင်ဘူးပေါ့။ အဲဒီလို မရနိုင်တဲ့အခါမှာ လိုတဲ့ဟာတွေ မရတော့ ဆာလောင် မွတ်သိပ်တဲ့ဒဏ်ကို အထိုက်အလျောက်တော့ ခံရမှာပဲ။ အဲဒီဟာ တတိယ တပ်မတော်ကြီးပါပဲ။ တော်တာကတော့ အစားအသောက်တင် မဟုတ်ပါဘူး။ ဒီပြင် အဝတ်အစားတွေလည်း ခြိုးခြံရတော့ အဝတ်အစားလည်း ငတ်တာပါပဲ။ အလှအပပစ္စည်းတွေ ဒီအခိုက်အတန့်မှာ မသုံးစွဲရတော့ သုံးစွဲနေကျ ပုဂ္ဂိုလ်တွေဆိုရင် အဲဒါအတွက်လည်း ငတ်တာပဲ။ အဲဒါတွေပါထည့်ရမေယ် ဆိုရင်တော့ အများကြီးပေါ့။

http://www.dhammadownload.com

စတုတ္ထနဲ့ပဉ္စမ မာရ်စစ်သည်

အဲဒီလို ရနေကျအရာတွေ မရတော့ ငတ်မွတ်တဲ့ ဒဏ်တွေ ခံရပြီဆိုရင် စိတ်ဟာ ရုန်းကန်လာတယ်။ ရနေကျဟာလေးတွေ ရလိုတယ်။ စားချင်တဲ့ ဟာလေးတွေ စိတ်ထဲက ပထမဆုံး ရှာလာတယ်။ သောက်ချင်တဲ့ဟာလေး တွေလည်း စိတ်ထဲက ရှာလာတယ်။ စိတ်ထဲကတင် မကဘူး။ ကိုယ်ပါ တစ်ခါ တည်း ရောက်တာပဲ။ ဆိုကြပါစို့၊ ရေခဲမုန့် စားနေကျ ပုဂ္ဂိုလ်ဟာ (အခု ဌာနမှာ ရေခဲမုန့်က တစ်ခါတစ်ခါမှ စားရတယ်နဲ့တူပါတယ်) နေ့စဉ် စားနေကျဆို တော့ အဲဒါလေးတွေ စားချင်တယ်။ အဲဒီရေခဲမုန့်ရှာလိုတဲ့ပရိယေသန တဏှာ လေးတွေ ဖြစ်နေတယ်။ အဲဒီတဏှာလေးတွေ ပယ်ရတာလည်း မသက်သာ ဘူး။ အဲဒီလို လိုတဲ့ပစ္စည်းတွေ ရလိုတဲ့ ပရိယေသနတဏှာဟာ စတုတ္ထစစ်တပ် ကြီးပါပဲ။ ကိုယ်အလိုရှိတဲ့ ဟာလေးတွေ ရလိုတော့ ရှာရဖွေရပြီလေ။ ဘုန်းကြီး တို့ ရဟန်းတော်တွေဆိုရင် အရပ်ထဲမှာ သပိတ်ပိုက်ပြီးတော့ ဆွမ်းခံရတယ်။ အခြားအခြားလိုရာပစ္စည်းတွေလည်း ကိုယ့်ဆွေမျိုးနဲ့ ပစ္စည်းလေးပါး ဒကာ တွေထံ ချဉ်းကပ်ပြီးတော့ အလှူခံရတယ်။ နည်းနည်းပါးပါးဆိုရင် ကိစ္စမရှိ ဘူးပေါ့။ အဝေးကြီး သွားရတယ်ဆိုရင် ပင်ပန်းတာပဲ။ နေ့စဉ် ဆွမ်းခံပြီး စား ရတဲ့ ပုဂ္ဂိုလ်တွေဆိုရင် မသက်သာဘူးပေါ့။ ခုယောဂီတွေဟာလည်းပဲ ရနေ ကျဟာလေးတွေ မရတော့ ငတ်ပြိုဆိုရင် စိတ်ထဲကရှာတော့ မရရင် စိတ်ပင် ပန်းတယ်။ ထိုက်တန်သမျှ ရအောင် ကြိုးစားကြည့်တော့လည်းပဲ ကိုယ်လည်း ပင်ပန်းတာပဲ။ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းပြီဆိုရင် စိတ်ဟာ အားမရှိတော့ဘူး။ ထိနမိဒ္ဓလည်း ရောက်လာပြီ။ အဲဒီထိနမိဒ္ဓဟာ ပဉ္စမ တပ်မတော်ကြီးပဲ။

စိတ် ပြန့်ပြန့်ပြူးပြူး ရှိလာစေဖို့ရာ

ဒီနေရာဌာနမှာ ထိနမိဒ္ဓအကြောင်းတော့ နည်းနည်းချဲ့ပြီး ပြောရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ယောဂီတွေ တရားအားထုတ်လိုက်လို့ ရှိရင် နဂိုက အိမ်မှာ အိပ်မပျော်တဲ့သူတွေတောင်မှ ဒီရောက်လာပြီဆိုရင် တဆတ်ဆတ် ငိုက်တတ်တယ်။ အဲဒီ ထိနမိဒ္ဓ မလွန်နိုင်တာနဲ့မို့ တရားတွေ တော်တော်နဲ့ မကောင်းဘဲ ဖြစ်နေတာလေးတွေ ကြုံရပါတယ်။ ဒီတော့ ထိနမိဒ္ဓကို နည်း

http://www.dhammadownload.com

နည်း အကျယ်ချဲ့ပြီးတော့ ဟောမှသင့်မယ်လို့ ဘုန်းကြီး ဒီမှာ ကြံစည်ထားပါတယ်။ ပြီးတော့ ဣရိယာပုထ်ကို မဆောင်နိုင်ဘဲနဲ့ တွဲလဲကြီးကျနေမှုတဲ့။ ဒါ သိပ်သဘာဝကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိပ်ချင်ပြီဆိုရင် ထိုင်နေတဲ့ အခါမှာလည်း ထိုင်တဲ့ ဣရိယာပုထ်ကို မထိန်းနိုင်တော့ဘူး။ ရပ်လည်း မရပ်နိုင်တော့ဘူး။ သွားရတာလည်းပဲ ခြေထောက်တွေ ဆွဲနေတာ။ ကိုယ်လည်း မသယ်ချင်အောင် ဖြစ်တာပဲ။ ဒီတော့ ထိနမိဒ္ဓဟာ ဣရိယာပုထ်ကို မဆောင်နိုင်ဘဲ တွဲလဲတွဲလဲကျပြီးတော့ အားနည်းတဲ့သဘော သိပ်ထင်ရှားတယ်။ ထိနနှိပ်စက်လေလေ စိတ်ဟာလည်း လျော့ရဲရဲကြီးလို ဖြစ်လေလေပဲ။ သိပ် ထင်ရှားပါတယ်။ တစ်နည်းအားဖြင့်လည်းပဲ စိတ်မှာ အာတပခေါ်တဲ့ အပူဓာတ်က မရလို့ ထိန ဝင်လာပြီဆိုရင် ထောပတ်များ အအေးမိ စုရုံးပြီးတော့ ထွေးခဲသွားသလို စိတ်ဟာ ထွေးခဲသွားတယ်။ ပြန့်ပြန့်ပြူးပြူး ကြည်ကြည်လင်လင် သွက်သွက်လက်လက် မရှိတော့ဘူး။ ဒီနေရာ ဌာနမှာ အချိန် မကုန်သင့်ဘူး။ စိတ်ဟာ ထွေးခဲပြီးတော့ နေပြီဆိုရင်တော့ အဲဒီ ယောဂီပုဂ္ဂိုလ်မှာ "အာရမ္ဘဓာတု" ခေါ်တဲ့ အစပျိုးကြိုးပမ်းမှု နဂိုက ရှိနေပေမယ့်လို့ နိက္ကမ္မဓာတု ခေါ်တဲ့ စိတ်ရဲ့ ပျစ်ခဲမှု၊ ထွေးခဲမှုပျော်သွားအောင် လုပ်နိုင်တဲ့ နိက္ကမ္မဓာတ် မရှိရင်တော့ စိတ်ဟာ ခဲမြဲခဲနေတာပဲ။ ဒီတော့ ဒီအခါမျိုးမှာ ခုန ထောပတ်လို ခဲနေတဲ့ စိတ်ကို နိက္ကမ္မဝီရိယဓာတ်နဲ့ ကြေသွားတဲ့အထိ အပြင်းအထန်လုပ်ဖို့ လိုပါတယ်။ အဲဒီကတစ်ဆင့်တက်ပြီးတော့ အဆင့်မြင့်ရောက်တဲ့အထိ အဆင့်ဆင့် တိုးပြီးတော့ အားထုတ်တဲ့ "ပရက္ကမဓာတု" လိုပါတယ်။

မိုးတိမ်လွှမ်းတဲ့ ကောင်ကင်ကြီးလို

မိဒ္ဓဆိုတာကလည်းပဲ အမှန်ကတော့ စေတသိက်တရားတို့ရဲ့မကျန်းမာမှု၊ ညှိုးနွမ်းမှုပဲ။ အဲဒီစေတသိက်တရားတို့ဟာ ဆိုင်ရာဆိုင်ရာကိစ္စမှာ မခန့်ငြားမှု၊ မသန်စွမ်းမှုတွေပါပဲ။ ထိနက စိတ်ရဲ့အခြေအနေကို၊ မိဒ္ဓကတော့ စေတသိက်ရဲ့အခြေအနေကို ပြောတာ ထူးတာပါပဲ။ အဲဒီလို မိဒ္ဓတရား ဝင်လာပြီဆိုရင် ဆိုင်ရာဆိုင်ရာ စေတသိက်တရားတွေဟာ လွှမ်းမိုးခံရတော့တာပါပဲ။ ကောင်းကင်ပြင်ကြီးကို မိုးတိမ်တွေ လွှမ်းဖုံးသလိုလည်း ဖြစ်သွားတယ်။ စေတသိက်

http://www.dhammadownload.com

တရားတွေဟာ ဘာမျှ ပီပီသသ မရှိတော့ဘူး။ တစ်နည်းအားဖြင့်လည်းပဲ လျောင်အိမ်ထဲမှာ၊ ထောင်ထဲမှာ ပိတ်လျောင်ခံရသလို ဖြစ်နေတယ်။ စေတသိက် တရားတွေဟာ လွတ်လွတ်လပ်လပ် မရှိတော့ဘူး။ သတိက လည်း လွတ်လွတ်လပ်လပ် မရှိ။ ဝီရိယကလည်း လွတ်လွတ်လပ်လပ် မရှိ။ အကုန် လွတ်လွတ်လပ်လပ် မရှိဘဲ ပိတ်လျောင်ထားသလို ဖြစ်တယ်။ အဲဒီလို စေတသိက်တရားတွေဟာ မိဒ္ဓရဲ့ အပိတ်အလျောင်ခံရတော့ သူတို့ ဆိုင်ရာ ဆိုင်ရာ သတ္တိတွေ မပြနိုင်တော့ဘူး။ မပြနိုင်တော့ သူတို့ရဲ့ သတ္တိတွေ၊ အခွင့် အရေး ဆုံးရှုံး နစ်နာသွားအောင် မိဒ္ဓက လုပ်ပေးလိုက်တာပဲ။ ပျံ့ပျံ့နှံ့နှံ့ မရှိ တော့ဘူး။ ပိတ်ဆို့ထားတာပဲ။ အဲဒီအခါကျတော့ မိဒ္ဓက ငိုက်မြည်းစေတယ် ဆိုတဲ့အတိုင်း ငိုက်မြည်းအောင် မိဒ္ဓက လုပ်ပစ်လိုက်တော့တာပဲ။ ငိုက်မြည်း လာပြီဆိုရင် မျက်တောင်လေး တလှုပ်လှုပ်နဲ့ တဆတ်ဆတ်နဲ့ ဖြစ်လာတာပဲ။ မှိတ်တုတ် မှိတ်တုတ်နဲ့ ဖြစ်လာတာပဲ။ မသက်သာတော့ဘူး။ ဒီမှာ တဆတ် ဆတ်နဲ့ တစ်ခါတည်း ငိုက်လာတာပဲ။ အခုပြောခဲ့တဲ့ ထိနနဲ့မိဒ္ဓတရား ၂ ပါး သာ သူတို့အချင်းချင်း မခွဲမခွာဘဲနဲ့ ဖြစ်တတ်ပါတယ်။ ထိန ဖြစ်လို့ရှိရင်လည်း မိဒ္ဓ ပါတော့တာပဲ။ မိဒ္ဓ ဖြစ်လို့ရှိရင်လည်း ထိန ပါတော့တာပါပဲ။ ဒီတော့ သူတို့ ဖြစ်လာပြီဆိုရင် ကုသိုလ်တရားတွေကို ဟန့်တားတော့တာပဲ။ ဟန့်တား တတ်တဲ့တရားမို့လို့ သူ့ကို နီဝရဏတရားငါးပါးထဲမှာ ထည့်သွင်းပြီးတော့ ရေတွက်ထားပါတယ်။

ငိုက်တာချင်းတော့ တူညီလိမ့်မယ်

ယောဂီများ အဲဒီထိနမိဒ္ဓခေါ်တဲ့ ပဋ္ဌမမြောက် တပ်မတော်ကြီး ဖြိုဖျက်ရ တာက တော်တော်ခက်တယ်။ ဒီနေရာဌာနမှာ ထိနမိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်း တွေလည်း ဆက်ပြီးတော့ ပြောချင်ပါတယ်။ ဒါပေမဲ့ ရှုပ်ထွေးသွားမှာစိုးလို့ အဲဒါတွေ ခဏထားဦး။ နောက်ကျမှ ပြောပါမယ်။ ထိနမိဒ္ဓ နှိမ်နင်းတဲ့နည်း လေးတော့ မြတ်စွာဘုရား ဟောမိန့်တဲ့အတိုင်း ထည့်ပြောပါမယ်။ တစ်ချိန်မှာ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ် တစ်နေရာမှာ တရားအားထုတ်နေတုန်း ထိန မိဒ္ဓ ဝင်ရောက်နှိပ်စက်တော့ စိတ်တွေဟာ ပြန့်ပြန့်ပြူးပြူး မရှိဘူး။ ပြစ်ခွဲခွဲကြီး

http://www.dhammadownload.com

ဖြစ်နေတယ်။ ခုန ထောပတ်များ အအေးမိတော့ ပြစ်ခွဲကြီး ဖြစ်နေသလို ဖြစ်တော့ တရားမတက်တော့ဘူး။ အဲဒီလိုအခြေအနေကို မြတ်စွာဘုရားက မြင်တော်မူတော့ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ထံ ဘုရားက ကြွလာတော်မူတယ်။ အဲဒီအချိန်မှာ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ဟာ သောတာပန် ဖြစ်ပြီး အထက်မဂ်ဖိုလ်တရားထူးတွေ ရရှိရေးအတွက် အားထုတ်နေတာပါ။ ဟိုက ရဟန္တာဖြစ်တဲ့အထိ ရည်ရွယ်ချက်နဲ့ အားထုတ်နေတယ်။ အခု ဘုန်းကြီးတို့ ယောဂီများကတော့ ဘယ်လောက်အထိ ရည်ရွယ်ပြီး အားထုတ်နေတယ် ဆိုတာတော့ ဘုန်းကြီးအနေနဲ့ အတပ်မပြောနိုင်ဘူးပေါ့လေ။ သို့သော် တူညီတာကတော့ ငိုက်တာချင်းတော့ တူညီလိမ့်မယ်။

အငိုက်လိမ္မာတဲ့ ယောဂီ

ဒီတော့ မြတ်စွာဘုရားက "ချစ်သား မောဂ္ဂလာန်၊ ငိုက်မြည်းနေသလား၊ ချစ်သားမောဂ္ဂလာန်၊ ငိုက်မြည်းနေသလား?"ဆိုပြီး ခွန်းဆင့် မေးမြန်းတော်မူပါတယ်။ ဒီတော့ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်က "မှန်ပါဘုရား၊ တပည့်တော် တဆတ်ဆတ်နဲ့ ငိုက်လာပါတယ်ဘုရား"လို့ ပြန်ပြီး လျှောက်ထားပါတယ်။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကတော့ ဘွင်းဘွင်းရှင်းရှင်း ရိုးရိုးသားသားပဲ ပြန်ပြီးတော့ အမိန့်ရှိပါတယ်။ အချို့အချို့ယောဂီများကတော့ အငိုက်လိမ္မာတာလည်း ရှိတယ်။ မေးလိုက်လို့ ရှိရင် သိက္ခာကျမှာစိုးလို့ မပြောကြဘူး။ အငိုက်လိမ္မာပုံကတော့ တကယ်လို့ တရားထိုင်လို့ ငိုက်သွားလို့ရှိရင် ဝုန်းခနဲဆိုပြီး မလဲရအောင် လက်ကို ထောက်ထားပြီး ထိုင်တာမျိုးလည်း ရှိတယ်။ တချို့ အမှီလေးတွေနဲ့ ထိုင်တာမျိုးလည်း ရှိတယ်။ အမှီလေးနဲ့ဆိုတော့ အသာလေးမှီနေတော့ ငိုက်မှန်းလည်း မသိဘူး။ အဲဒါတွေ ရှိတယ်။ ငိုက်သလား မေးလို့ ရှိရင်လည်းပဲ အဲဒါတွေကျတော့ တယ်ပြီးတော့ ဖုံးကွယ်ကြတယ်။ တချို့ ယောဂီတွေ တော်ပါတယ်။ "အိပ်ချင်တယ်ဘုရား၊ ငိုက်တယ် ဘုရား" ဒီလိုပဲ ပြောကြပါတယ်။ လိမ်လိမ်မာမာနဲ့ ငိုက်တဲ့ပုဂ္ဂိုလ်များကတော့ အဲဒါလေးကို တွယ်ပြီး တော်တော်နဲ့ ဒီအရသာ မလွှတ်ဘူးဆိုရင်တော့ အဲဒါလေးတွေ သတိထားဖို့ကတော့ သိပ်အရေးကြီးပါတယ်။ အဲဒီ အမှီနဲ့ ထိုင်တဲ့ ယောဂီများဆိုရင် ပိုပြီး အရေးကြီးပါတယ်။

http://www.dhammadownload.com

ထိနမိဒ္ဓ နိမ်နင်းရေး တရား ၇ ပါး

ဒီတော့ မြတ်စွာဘုရားက အမိန့်ရှိပါတယ်။ "ချစ်သားတဲ့၊ ချစ်သားကို ငိုက်မြည်းမှု နှိမ်နင်းရေး ၇ ပါး ငါဘုရား ဟောမယ်၊ နားထောင်"တဲ့။ "ပထမ သညာ ပြောင်းပေးပါ"တဲ့။ သညာပြောင်းပေးဆိုတာ စိတ်သညာလေးတွေ ပြောင်းပေးရမှာပေါ့။ အကြောင်းတစ်ခုခုကြောင့် ငိုက်မြည်းမှု ဖြစ်လာရင် ခန္ဓာကိုယ်အလိုလိုက်တဲ့ ပုဂ္ဂိုလ်တွေမှာ အခုနေ အိပ်လိုက်ရ ကောင်းမှာပဲ၊ မှေးလိုက်ရ ကောင်းမှာပဲ စသည် စိတ်အထင်လေးတွေ ဖြစ်ကြတယ်။ အဲဒီလို စိတ်အထင်လေးတွေ ဖြစ်နေကြလို့ရှိရင်တော့ ခုန ငိုက်မြည်းမှုကို အားပေးရာ ရောက်နေတယ်။ အဲဒီလို အားပေးရာ ရောက်နေရင်တော့ သူက အားရှိနေတော့ ဒီငိုက်မြည်းမှုဟာ မပြီးပျောက်ဘူး။ အဲဒီလို သညာလေး ဖြစ်ရင် ပြောင်းပေးပါတဲ့။ မငိုက်ဘူး၊ ထိန်းမယ်၊ ပျောက်အောင်လုပ်မယ် လို့ ဒီလိုစိတ်ဓာတ်ကလေး ပြောင်းပေးလိုက်ရင် စိတ်ကလေး လန်းဆန်းလာတယ်။ တစ်နည်း အားဖြင့်လည်းပဲ ဖောင်းမှု ပိန်မှု တစ်ချက်တည်း မှတ်နေရင်းက ခပ်လေးလေး လေးဖြစ်နေတော့ ငိုက်ပြီဆိုရင် ထိုင်တာလေး ထည့်မှတ်လိုက်၊ ထိတာလေး ထည့်မှတ်လိုက်။ အဲဒီလို အမှတ်ကလေး ဖြည့်စွက် ထည့်မှတ်လိုက်လို့ ရှိရင်လည်း ငိုက်တာလေး ပျောက်တတ်ပါတယ်။ အဲဒါ ပထမဆုံး ငိုက်မြည်းမှု နှိမ်နင်းရေးတရားပါပဲ။ အဲဒီနည်းနဲ့ မပျောက်ဘူးဆိုရင် ရထားကဲ့ စာလေးတွေ ရဲ့အဓိပ္ပာယ်ကို ကြံတွေးပါတဲ့။ ပျောက်တတ်ပါတယ်တဲ့။ ကြံတွေးတော့ ဝိတက် ဝင်လာပြီလေ။ ဝင်လာတော့ ထိနမိဒ္ဓနဲ့ တိုက်ပေးလိုက်တာပေါ့။ ဝိတက်က စိတ်ကို ပြန့်ကားအောင် လုပ်ပေးတာကိုး။ အဲဒီနည်းနဲ့ မပျောက်ဘူးဆိုရင် ရပြီးသားစာတွေ အသံထုတ်ပြီးတော့ ရွတ်ပါတဲ့။ ရွတ်ရမယ်ဆိုလို့ အများကြားထဲတော့ အကျယ်ကြီး ရွတ်လို့တော့ မတော်ဘူးပေါ့လေ။ ခိုနှိပ်ပြီးတော့ ကိုယ်ကြားရုံပဲ ရွတ်ရမှာပေါ့။ ပါးစပ်လှုပ်ရုံ တော်ပြီပေါ့။ အဲဒီလိုနည်းနဲ့ မပျောက်ဘူးဆိုရင်တော့ နားကို ဆွဲပါတဲ့။ နာနာလေး ပေါ့။ လက်တို့ ဘာတို့ ဟိုဟိုဒီဒီလည်း ပွတ်သပ်ပါတဲ့။

နောက် အဲဒီနည်းနဲ့ မပျောက်ဘူးဆိုရင် မျက်နှာသစ်ပါတဲ့။ မျက်စိထဲ ရေတွေ ဘာတွေ ခတ်ပါတဲ့။ ကောင်းကင်နက္ခတ်တာရာတွေလည်း ကြည့်ပါ

http://www.dhammadownload.com

တဲ့။ အရပ်လေးမျက်နှာ ဟိုဟိုဒီဒီလည်း ကြည့်ပါတဲ့။ မြန်မြန် ပျောက်ချင်ရင်တော့ ဘုန်းကြီးဆီမှာ အင်မတန်စပ်တဲ့ မျက်စဉ်း ရှိပါတယ်။ အဲဒါ လာခပ်ပါတဲ့။ အဲဒီနည်းနဲ့မှ မပျောက်ရင် အလင်းကြည့်ပါ တဲ့။ ညဘက်ဆိုရင် မီးရောင်တွေ၊ ကြယ်ရောင်လရောင်တွေ ကြည့်ပါတဲ့။ နေ့ဘက်ဆိုရင် နေရောင်၊ အခြားအလင်းရောင်တွေ ကြည့်ပါတဲ့။ ဒါမှမဟုတ်ဘူးဆိုရင် ဖောင်းမှုပိန်မှုကအစပေါ် တိုင်း အာရုံကို ထင်ထင်လင်းလင်း ပီပီသသ ဖြစ်အောင်လည်းပဲ ရှုပါတဲ့။ အဲဒီနည်းနဲ့မှ မသက်သာဘူးဆိုရင်တော့ ထပြီး စင်္ကြံလျှောက်ပါတဲ့။ အခြားတစ်ပါး စိတ်မထွက်အောင် ကြွတိုင်း၊ လှမ်းတိုင်း၊ ချတိုင်းပေါ် မှာ အပြည့်အဝ ရှုမှတ်တဲ့ စိတ်တွေ ရောက်နေအောင်လို့ မှတ်ပါတဲ့။ အဲဒီလိုနဲ့မှ မသက်သာဘူးဆိုရင် အိပ်ပေတော့တဲ့။ ရှုမှတ်မှုနဲ့ အိပ်ပေတော့တဲ့။ နှိုးစက်လေးလည်း ချပြီး အိပ်ပါတဲ့။ ဒါကတော့ မတတ်နိုင်တော့ဘူး။ အနှုံးပေးလိုက်တာပဲ။ ဒီနေ့ ထိန မိဒ္ဓနှိမ်နင်းရေးတရား ၇ ပါး အကြောင်းကို ထိနမိဒ္ဓကို နိုင်အောင် နှိမ်နင်းကာတရားကို ကြိုးကြိုးစားစား အားထုတ်နိုင်ကြပါစေ။

သာဓု. . သာဓု. . သာဓု။

http://www.dhammadownload.com

ဓမ္မစရိယာ

အပါယ်သွားလမ်း

ဒီနေ့ စနေနေ့ဆိုတော့ အရင်တစ်ပတ်က ဟောခဲ့တဲ့ တရားအဆက် ဟောရမှာပဲ။ အရင်တစ်ပတ်က လူဝိနည်းအကြောင်း ပြောသွားပါတယ်။ အဲဒီ လူဝိနည်းဟာ စာထဲက ဝိနည်းအကြောင်း မဟုတ်ဘူး။ ကိုယ်ထဲ ရောက်အောင် ကျင့်သုံးမှ၊ ဒါမှ ကိုယ်ပိုင်လူကျင့်ဝတ်လို့ ခေါ်ဆိုနိုင်ပါတယ်။ ကိုယ်ထဲ ရောက်အောင်၊ ပြည့်စုံအောင် ကျင့်သုံးမှုကို ပါဠိလို 'ဓမ္မစရိယာ' လို့ခေါ်ပါ တယ်။ အဲဒီအဆင့် ရောက်သွားမှ ပိုပြီးတော့ အကျိုးရှိပါတယ်။ 'ဓမ္မစရိယာ' ဆိုတဲ့ စကားစုမှာ ဓမ္မရဲ့ဆန့်ကျင်ဘက်တွေ အရင်ပြောမှ ဓမ္မအနက်အဓိပ္ပာယ် ပေါ်လာဖွယ် ရှိပါတယ်။ ဒါကြောင့် ရှေးဦးစွာ အဓမ္မ၊ ဓမ္မ နှစ်မျိုးခွဲပြီး ပြပါမယ်။ အဲဒီနှစ်မျိုးထဲက အဓမ္မကို အရင်ပြောပါ့မယ်။ အဓမ္မဆိုတာကတော့ အကုသလကမ္မပထတရား ၁၀ ပါးကို ပြောပါတယ်။ ဒုစရိုက်တရား ၁၀ ပါး ကို ပြောပါတယ်။

အဲဒါတွေက ကာယဒုစရိုက်က သုံးပါး၊ ဝစီဒုစရိုက်က လေးပါးနဲ့ မနော ဒုစရိုက်က သုံးပါး၊ အားလုံး ဒုစရိုက်ဆယ်ပါး ရှိပါတယ်။ အဲဒီ ဒုစရိုက်ဆယ်ပါး ထဲက ကာယဒုစရိုက်သုံးပါးဆိုတာ သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါး သား မယားပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက်သုံးပါးပါပဲ။ ဝစီဒုစရိုက်လေးပါး ဆို တာက လိမ်ပြောခြင်း၊ ရန်တိုက်ခြင်း၊ ကြမ်းတမ်းရိုင်းပြစွာ ပြောဆိုခြင်းနဲ့ ပြီး တော့ ပြိန်ဖျင်းတဲ့၊ အနက်အဓိပ္ပာယ်မရှိတဲ့ စကား ပြောဆိုခြင်း၊ ဒီလေးမျိုးကို ဝစီဒုစရိုက်လေးပါးလို့ ခေါ်ပါတယ်။ မနောဒုစရိုက် သုံးပါးဆိုတာ သူတစ်ပါး

http://www.dhammadownload.com

ဥစ္စာကို ရရန် ကြဲခြင်း၊ စကားအတိုပြောရရင် သူပိုင်ပစ္စည်းကို အပိုင်စီးလိုခြင်း၊ သူတစ်ပါး ပျက်စီးရန် ကြံစည်ခြင်း၊ အယူအဆမှားခြင်းတို့ ဖြစ်ပါတယ်။ အဲဒီ ဆယ်ပါးကို ဒုစ္စရိတ မကောင်းသော အကျင့်များလို့ ဆိုပါတယ်။ အပါယ်သွား လမ်း မကောင်းမှုများဖြစ်တဲ့အတွက် အကုသလကမ္မပထ ဆယ်ပါးလို့လည်း ကျမ်းဂန်မှာ ဆိုလေ့ရှိပါတယ်။

သူတော်ကောင်းများ ကျင့်ရိုးတရား

ခုပြောခဲ့တဲ့ မကောင်းတဲ့အကျင့် အပါယ်သွားလမ်း၊ မကောင်းမှုတွေက ရှောင်ကြဉ်ခြင်းကို ပါဠိလို 'သုစရိတ'လို့ ခေါ်ပါတယ်။ 'ကောင်းသော အကျင့်' လို့ ခေါ်ပါတယ်။ သုဂတိဘဝသွားလမ်း ကောင်းမှုများဖြစ်တဲ့အတွက် 'ကုသလ ကမ္မပထ-ကောင်းမှု'လို့လည်းပဲ ဆိုမိန့်ချက် ရှိပါတယ်။ အဲဒီ ကုသလ ကမ္မပထ တရားဆယ်ပါးကို ကိုယ့်သန္တာန်မှာ ရောက်အောင် ကျင့်သုံးခြင်းကို 'ဓမ္မစရိယာ' လို့ ခေါ်ပါတယ်။ ပြီးတော့ "ဓမ္မဆိုတာဟာ သူတော်ကောင်းများ ကျင့်ရိုးတရား ဖြစ်ပါတယ်။ လူကောင်းသူကောင်းတွေ၊ စိတ်ဓာတ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ ကျင့်ရမြဲ တရား ဖြစ်ပါတယ်။ သူ့အသက်သတ်ခြင်း စသည့် အလုပ်မျိုးတွေကတော့ အဲဒီလိုတရားကောင်းများမှ ကင်းကွာတဲ့အပြုအကျင့်မျှ ဖြစ်ပါတယ်။ အဲဒီလိုသတ်မှုစသည်မှ ရှောင်ကြဉ်တာဟာ တရားနဲ့မကွာတဲ့ အပြုအကျင့် ဖြစ်တာမို့လို့ "တရားနဲ့ မကင်းကွာသော အကျင့်"လို့ ဆိုနိုင်ပါတယ်။

ဒါန အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေလည်းပဲ ဓမ္မတော့ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ အဲဒီဓမ္မတွေက ကောင်းကျိုးချမ်းသာ ဖြစ်စေတယ်လို့ ဆိုနိုင်ပေမယ့် လက်တွေ့မတရားမှုမှ ရှောင်ကြဉ်တာလောက်တော့ အကျိုးသက်ရောက်မှု မရှိလှဘူး။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဘုရားလက်ထက်တော်က သာလေယျက ဒကာတွေ မြတ်စွာဘုရားထံမှောက် ရောက်ရှိပြီးတော့ "ဓမ္မစရိယာဆိုတာ ဘာပါလဲ"လို့ လျှောက်ထားလို့ မြတ်စွာဘုရားက ဒီဒုစရိုက် ၁၀ ပါးတရားတွေကိုပဲ ဓမ္မစရိယာအနေနဲ့ မိန့်တော်မူပါတယ်။ ဒုစရိုက် ၁၀ ပါးကို ရှောင်ရှားပြီးတော့ ကောင်းတဲ့အလေ့အထတွေ ကိုယ်နှုတ်စိတ်ထား အပြုအမူလေးတွေ ဖြစ်နေတာဟာ ဓမ္မစရိယာပါပဲလို့ ဒီလိုမြတ်စွာဘုရားကိုယ်တိုင် မူလပဏ္ဏာသ

http://www.dhammadownload.com

သာလေယျက သုတ္တန်မှာ ဟောကြားတဲ့အချက်ရှိပါတယ်။ အဲဒီလို ဓမ္မစရိယာ အရ တရားကျင့်သုံးမှုဟာ နတ်ပြည်လောကမှာ ဖြစ်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် ကောင်းကျိုးချမ်းသာတွေ ဖြစ်စေနိုင်ပါတယ်။ အဲဒီအချက်တွေဟာ အဋ္ဌကထာများမှာ ပီပီသသဖွင့်ဆိုထားတာ ရှိပါတယ်။

ဘေး ၄ မျိုး

ပြီးတော့ ခုန သာလေယျကသုတ္တန်မှာ ဟောတော်မူချက်နဲ့လည်းပဲ ကိုက်ညီနေပါတယ်။ နတ်ရွာဖြစ်ကြောင်း အသားပေးပြီးတော့ တမလွန်ကောင်းကျိုးကိုသာ ပြဆိုထားပေမယ်လို့ အမှန်ကတော့ ဒီဘဝမှာလည်းပဲ ကောင်းကျိုးအမျိုးမျိုးတွေကို ရလျက်ရှိပါတယ်။ ယခုဘဝမှာပဲ ကောင်းကျိုးအမျိုးမျိုးကို ရနိုင်ပါတယ်ဆိုတဲ့အချက်ဟာ ယခုဘဝ ဒုစရိုက်တရားတွေ မကောင်းမှုတွေ ပြုကျင့်တဲ့ ပုဂ္ဂိုလ်ဟာ ဘေး၄ မျိုး ကြုံရပုံနဲ့ ယှဉ်ပြီးတော့ ပြောပြမှ ပိုပြီးတော့ နားရှင်းမှာပါ။ မကောင်းမှုပြုကျင့်တဲ့ပုဂ္ဂိုလ်မှာ ဘေး ၄ မျိုး ကြုံပုံကတော့ မကောင်းမှုပြုထားတဲ့ ပုဂ္ဂိုလ်မှာ "ငါ မကောင်းတာတွေ ပြုတာပါလား"ဆိုပြီးတော့ သူမှားယွင်းခဲ့တဲ့ အချက်တွေကို ပြန်လည်ပြီးတော့ စဉ်းစားမိတဲ့အခါမှာ မိမိကိုယ်ကို မိမိ အပြစ်တင်တယ်။ အပြစ်တင်ပြီးတော့ စိတ်မကောင်းဖြစ်နေတယ်။ ထပ်ကာထပ်ကာ စိတ်မကောင်းဖြစ်နေတယ်။ အဲဒါ ပထမဆုံး အက္ကာနုဝါဒဘေး (မိမိကိုယ်ကို စွပ်စွဲတဲ့ ဘေး) ဆိုက်တော့တာပါပဲ။ ဒုတိယကတော့ ပရာနုဝါဒဘေးတဲ့။ ပရာနုဝါဒဘေးလည်း ဆိုက်တာပဲ။ ပရာနုဝါဒဘေး ဆိုတာ သူတစ်ပါးစွပ်စွဲတဲ့ ဘေးပေါ့။ ကိုယ်က မတော်တာတွေ ပြုထားပြီဆိုရင် သူတစ်ပါးက ဒီလူ လူဆိုးပဲ၊ မကောင်းတဲ့ ပုဂ္ဂိုလ်ပဲလို့ အပြစ်တင်ခံရတယ်။ အထူးသဖြင့် ပညာရှိ သူတော်ကောင်းများရဲ့ ကဲ့ရဲ့ အပြစ်တင်တဲ့ဘေး ခံရတာပါပဲ။ အဲဒါကို ပရာနုဝါဒဘေးလို့ ခေါ်တယ်။

ကိုယ် စိတ်ချမ်းသာပြီဆိုရင် ဘာလိုသေးတုံး

ပြီးတော့ တတိယကတော့ ဒဏ္ဍဘေးတဲ့၊ ဒဏ္ဍဘေးဆိုတာ မင်းပြစ်မင်းဒဏ်သင့်တဲ့ ဘေးပေါ့လေ။ လောကီဥပဒေက၊ တရားဥပဒေက ခွင့်မပြုတဲ့ ဟာတွေကို ကျူးလွန်မိပြီဆိုရင် ဆိုင်ရာအစိုးရ အာဏာပိုင်ဒဏ်တွေက ဥပဒေနဲ့

http://www.dhammadownload.com

အရေးယူပြီးတော့ အပြစ်တွေ ပေးတော့တာပဲ။ ထောင်ချရင် ချမယ်။ ငွေဒဏ် ရိုက်ရင် ရိုက်မှာပဲ။ ဒါမှမဟုတ် အင်မတန်ကြီးကျယ်တဲ့ အပြစ်တွေ ပေးလို့ ရှိရင်လည်း သေစားသေမိန့် ပေးမှာပဲ။ အဲဒီထိလည်း ဖြစ်သွားနိုင်တယ်။

အဲနောက်ဆုံးဘေးကတော့ ဒုဂ္ဂတိဘေးတဲ့။ ဒုဂ္ဂတိဘေးဆိုတာကတော့ အပါယ်ရောက်ရတဲ့ဘေး တဲ့။ သူကတော့ သိပ်ကြောက်စရာကောင်းတယ်။ အဲဒီလေးပါးထဲက ရှေ့သုံးပါးကတော့ မျက်မှောက်ဘဝမှာပဲ ကြုံရမယ့်ဘေး များ ဖြစ်တာမို့ ခုန ဓမ္မစရိယာအရ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်မှာ အဲဒီဘေးများ ကင်းကွာပြီး သွားတော့တာပဲ။ အဲဒါ အကျိုးတွေပါပဲ။ အဲဒီ ဘေးသုံးမျိုးမှ ကင်းတယ်လို့ဆိုရင် ကင်းတဲ့ပုဂ္ဂိုလ်ရဲ့စိတ်ထားကို လေ့လာကြည့်ပါ။ စိတ်နေ စိတ်ထားအခြေအနေကို လေ့လာကြည့်ပါ။ စိတ်ချမ်းသာမလား၊ ကိုယ်ချမ်း သာမလား၊ စိတ်ဆင်းရဲမလား၊ ကိုယ်ဆင်းရဲမလားဆိုရင် တကယ့်ကို ကိုယ် ချမ်းသာ စိတ်ချမ်းသာဖြစ်နေဖို့ကတော့ သေချာပါတယ်။ အဲဒီစိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုက ကြေးငွေတစ်စုံတစ်ရာ ပေးပြီးတော့ ရရှိတဲ့ချမ်းသာ မဟုတ် ဘူး။ မတရားတဲ့ အမှုတွေက ရှောင်ကွင်းလို့၊ တရားနဲ့ မကင်းမကွာဘဲနဲ့ ကျင့် သုံးလို့ ဓမ္မစရိယာအကျင့်မှ ရတဲ့ ချမ်းသာတွေပဲ။ အင်မတန် ကောင်းတာပဲ။ တွေးကြည့်ရင် အင်မတန် ကောင်းတာပဲ။ ဒီချမ်းသာကို လူသားတွေမှာ အင်မတန်လိုလားတယ်။ စိတ်ချမ်းသာရှိပြီ၊ ကိုယ်ချမ်းသာရှိပြီဆို ဘာလိုသေး တုံး။

ငွေမကုန်တဲ့ အချစ်ဆေး

လူတွေဟာ အမျာအာဖြင့် စိတ်ချမ်းသာမှု ရရှိရေးအတွက် နည်းအမျိုး မျိုးနဲ့ ပြုလုပ်ကြတယ်။ အဲဒီနည်းအမျိုးမျိုးတွေနဲ့ ပြုလုပ်ရမယ့်အစား ဟောဒီ ရိုးရိုးလေး ဒီတရားတွေနဲ့ ကြိုးစားကြည့်စမ်းပါ။ လူငယ်ကျင့်လို့ရှိရင် လူငယ်မှာ စိတ်ချမ်းသာဖြစ်မယ်။ လူလတ်ပိုင်း ကျင့်လို့ရှိရင် အဲဒီလူလတ်ပိုင်းမှာ၊ လူကြီး ပိုင်း ကျင့်လို့ရှိရင် လူကြီးပိုင်းမှာ အကုန်လုံး မျှမျှတတ ရရှိနိုင်တဲ့ အကျိုးတွေပါ။ ဒါကြောင့်မို့လို့ သူကို ဓမ္မစရိယာလို့ခေါ်တဲ့အပြင် 'သမစရိယာ'လို့လည်း ခေါ် တယ်။ တရားကျင့်တော့ အကျိုးတွေလည်းပဲ အမျှ တစ်ခါတည်း ရရှိသွား

http://www.dhammadownload.com

နိုင်တယ်။ ဒုစရိုက် မကောင်းတဲ့အပြုအမူတွေကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အများရွံမုန်း စက်ဆုပ်ခြင်း ခံရပေမယ့်လို့ ခုနက ဓမ္မစရိယာအကျင့်ရှိတဲ့သူမှာဆိုရင် အများရဲ့ချစ်ခင်လေးမြတ်ခံရဖို့ကတော့ သေချာတယ်။ လူလောကမှာ အများရဲ့ချစ်ခင်လေးမြတ်ခြင်းကို သိပ်ပြီး မြတ်နိုးကြတာ။ သိပ်အလေးထားကြတာ။ ဒီတော့ မပင်မပန်းနဲ့ ကြေးငွေလည်း အကုန်အကျ မခံရဘဲနဲ့ လွယ်လွယ်လေးနဲ့ အများရဲ့ချစ်ခင်လေးမြတ်ခြင်း ခံလိုက်ရတဲ့ ပုဂ္ဂိုလ်များမှာ ဓမ္မစရိယာအကျင့် လမ်းစဉ်လိုက်ဖို့ သိပ်ကောင်းတာ။ ငွေမကုန်တဲ့ အချစ်ဆေးလို့ ခေါ်ရမှာပေါ့လေ။

စိတ်လှရင် ရုပ်လည်း လှလာ

ခုန မတရားမှုတွေက ရှောင်တယ်ဆိုတာ သူမှာ အခြေခံစိတ်ဓာတ်ကောင်းတွေ တော်တော်လေး များနေပါပြီ။ အဲဒီအခြေခံစိတ်ဓာတ်တွေကတော့ အခြား မဟုတ်ပါဘူး။ မေတ္တာတို့၊ ကရုဏာတို့၊ မုဒိတာတို့ ဒီတရားတွေပါပဲ။ အများ ချမ်းသာစေချင်တာ၊ အများရဲ့ အကျိုးစီးပွားကို လိုလားတာ ဒါ မေတ္တာခေါ်ပါတယ်။ အများ မဆင်းရဲစေချင်ဘူး။ အများဆင်းရဲမှုကို ပယ်ရှားလိုတဲ့ ကြင်နာတဲ့ ကရုဏာစိတ်တွေ၊ အများတကာ ကောင်းကျိုးချမ်းသာတွေ တွေ့ရတော့ ဝမ်းသာတာ၊ ကျေနပ်တာ ထောက်ခံချက်ပေးတာတွေဟာ မုဒိတာ တရားတွေ ပွားနေတာ။ အဲဒီလို မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားနေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ ဘယ်လောက်ညစ်ညူးစရာ ရှိနိုင်တော့မှာလဲ။ အင်မတန် အေးမြချမ်းသာပြီပေါ့။ သိပ်ကောင်းတာပဲ။ အဲဒီလို ပြဟ္မဝိုရ်တရားလက်ကိုင်ရှိတဲ့ပုဂ္ဂိုလ်မှာ စိတ်က အလွန်အေးမြချမ်းသာနေတော့ အဲဒီစိတ်ရဲ့တန်ခိုးနဲ့ ရုပ်တွေကလည်း ထူးထူးခြားခြားကြီး တောက်တောက်ပပ ကြည်ကြည်လင်လင်နဲ့ အင်အားတွေ တိုးပြီးတော့ ကျန်းမာရေးတွေ ရ၊ အသက်တွေလည်း ရှည်လာနိုင်တယ်။ အင်မတန် ကောင်းပါတယ်။ နေ့တိုင်း နေ့တိုင်း အချိန်တိုင်း အချိန်တိုင်း ဓမ္မစရိယာအကျင့်တွေက ရှိနေတော့ အဲဒီအကျင့်တန်ခိုးနဲ့ စိတ်အေးမြ ချမ်းသာပြီဆိုရင် အဲဒီ စိတ်ဓာတ်ကြောင့် ကိုယ်ထဲက သွေးဟောဟာ ဂူးထူးခြားခြားကြီး ကြည်လာတယ်။ Blood Circulation ဆိုင်ရဲ့အတိုင်းပေါ့လေ။ အဲဒီ ကြည်

http://www.dhammadownload.com

လာတဲ့ သွေးတွေဟာ တစ်ကိုယ်လုံး လည်ပတ်ပြီးတော့ အဆင်းတွေလည်းပဲ တောက်တောက်ပပ ဖြစ်လာတာ သိပ် သဘာဝကျတယ်။

စိတ်ချမ်းသာပြီး အသက်ရှည်ချင်ရင်

သူများအပေါ်မှာ ဒေါသတွေ ပြင်းထန်ပြီးတော့ ညှဉ်းဆဲလို သတ်ဖြတ်လိုတဲ့ ပုဂ္ဂိုလ်ရဲ့ကိုယ်အဆင်းနဲ့၊ အထူးအားဖြင့် မျက်နှာအဆင်းနဲ့၊ သူများအပေါ်မှာ ညှာညှာတာတာနဲ့ စာနာပြီးတော့ သူများ ကိုယ်စိတ်ဆင်းရဲအောင် မပြုလုပ်တဲ့ ပုဂ္ဂိုလ်ရဲ့မျက်နှာ ယှဉ်ကြည့်ပေါ့ လေ။ ဘယ်ပုဂ္ဂိုလ်ရဲ့မျက်နှာဟာ ကြည်လင်သလဲ၊ လှနေသလဲဆိုတာ ယှဉ်ကြည့်ပါ။ သိပ်ထင်ရှားပါတယ်။ ပြီးတော့ ကိုယ်ကလည်းပဲ လေးလံထိုင်းမှိုင်းခြင်း မရှိ၊ စိတ်လည်းပဲ လေးလံထိုင်းမှိုင်းခြင်း မရှိဘဲနဲ့ ပေါ့ပေါ့ပါးပါးနဲ့ အင်အားတွေလည်းပဲ ထူးထူးခြားခြား ပြည့်ဝပြီးတော့ လာနိုင်ပါတယ်။ အားတိုးဆေး အထူးမစားရဘဲနဲ့ စိတ်အားဒီကမှတစ်ဆင့် ကိုယ်အားတွေ ရသွားနိုင်ပါတယ်။ ဒါပေမဲ့လို့ ဘုန်းကြီးတို့တော့ အမေရိကရောက်မှ အားတိုးဆေးတွေ စားပါဆိုလို့ နေ့တိုင်း ဟိုက လာပို့ ဒီက လာပို့နဲ့ အားတိုးဆေးတွေ စားနေရတယ်။ ဒီလို အားတိုးဆေးတွေ စားနေရတဲ့အတွက် ဘုန်းကြီးတို့ သီလမပြည့်စုံလို့ အားနည်းသွားပြီလို့ ဒီလိုတော့ မဖြစ်ကြပါနဲ့။ ကိုယ်မှာ လိုအပ်တဲ့ ဓာတ်တွေကတော့ ဖြည့်ဖို့ရန်အတွက် တစ်ခါ တစ်ခါမှာ မြတ်စွာဘုရားတောင်မှ ဆေးဆရာများညွှန်ကြားတဲ့ သူတို့ဆက်ကပ်တဲ့ဆေး မှီဝဲရပါသေးတယ်။ ပြီးတော့ ကိုယ်တွေကလည်း ပေါ့ပေါ့ပါးပါးဖြစ်လို့ ကျန်းမာရေးတွေကလည်း ထူးထူးခြားခြား ရတော့ စိတ်ကလည်း ချမ်းသာပြီလို့ ဆိုလို့ရှိရင် အဲဒီစိတ်ချမ်းသာစွာနဲ့ နေရကဲ့ ပုဂ္ဂိုလ်ဟာ အသက်လည်း ပိုရှည်တယ်။ သိပ်ကောင်းတာပဲ၊ လူတိုင်းလူတိုင်းဟာ အသက်ရှည်ချင်တယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပြီး အသက်ရှည်တဲ့ အမှုမျိုးဆိုရင် သိပ်ပြီးတော့ မြတ်နိုးကြတာပေါ့။ သိပ်ကောင်းတယ်။

အခုပြောခဲ့တဲ့ တရားတွေဟာ သူတော်ကောင်းများ ကျင့်သုံးတဲ့ တရားတွေမို့လို့ သူတော်ကောင်းတရားတွေလို့လည်း ဆိုနိုင်ပါတယ်။ အဲဒီလို သူတော် ကောင်းတရားတွေ ဆုတ်ယုတ်တဲ့ခေတ်အခါ ကာလမျိုးမှာ ရောဂါ

http://www.dhammadownload.com

တွေလည်းပဲ ထူပြောတယ်။ များတယ်။ အသက်တွေလည်းပဲ တိုတယ်။ သူတော်ကောင်း တရားထွန်းကားတဲ့ခေတ်အခါမျိုးမှာတော့ ရောဂါတွေကင်းပြီးတော့ အသက်ရှည်ခြင်း အစရှိတဲ့ အကျိုးအာနိသင်တွေဟာ ဓမ္မစရိယာရဲ့ အကျိုးအာနိသင်တွေပဲ။ သိပ်ကောင်းပါတယ်။ သုတ္တန်ပါတ ပါဠိတော်မြာဟ္မဏ ဓမ္မိကသုတ္တန်မှာ မြတ်စွာဘုရားဟောကြားထားတဲ့ တရားလေး ရှိပါတယ်။ အဲဒါကတော့ "တယော ရောဂါ ပုရေ အာသုံ၊ ဣဒ္ဓာ အနာသနံ ဇရာ" တဲ့။ ရှေးအခါကာလ က ရောဂါသုံးမျိုးပဲ ဖြစ်ခဲ့ဖူးတယ်တဲ့။ အဲဒီရောဂါသုံးမျိုးဆိုတာ (၁) လိုချင်ခြင်း ဣဒ္ဓာ၊ (၂) အနာသန် အစာဆာလောင်ခြင်း၊ (၃) အိုခြိန်ကျလို့ အိုခြင်းတဲ့။ ဒီရောဂါသုံးမျိုးပဲ ဖြစ်ခဲ့ဖူးပါတယ်လို့ ဆိုမိန့်ချက်ရှိပါတယ်။ ခုန သူတော်ကောင်းတရားတွေ ထွန်းကားတဲ့အခြိန်မျိုးမှာလို့ ဆိုလိုပါတယ်။ ဘယ်လောက်ကောင်းသတုံး။ ဘာဆေးမှ မှီဝဲဖို့ မလိုတော့ဘူး။

ခဏခဏ မျက်ရည်ကျရတဲ့ အင်္ဂလန် အပျိုကြီး ၂ ယောက်

အဲဒီထဲက 'အို'ဒုက္ခဒဏ်ကို မခံနိုင်လို့ အင်္ဂလန်က အပျိုကြီး အဘွားကြီး ၂ ယောက် မျက်ရည် ခဏခဏ ကျရတယ်ဆိုတာလေး ကြားဖူးတာနဲ့ စပ်ပြီးတော့ တစ်ဆင့် နည်းနည်းလေး ရှင်းပြပါရစေ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်လောက်က ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ပညာရေးဆိုင်ရာက အမျိုးသမီးတစ်ယောက် အင်္ဂလန်ကို သွားပြီးတော့ ပညာသင်ကြားပါတယ်။ အင်္ဂလန်ရောက်တဲ့အခါကျတော့ အပျို ကြီး၊ အပျိုအိုအို ကြီး ၂ ယောက်နဲ့ တစ်အိမ်ထဲမှာ အတူတူနေရတယ်လို့ ပြောပါတယ်။ အဲဒီအတူတူ နေရတော့ နေ့စဉ် အဘွားကြီး ၂ ယောက်ဟာ မိတ်ကပ် အစရှိတဲ့ ပစ္စည်းတွေနဲ့ အိုရာကနေ ပျိုအောင်၊ အရေတွေ တွန့်ပြီး အရုပ်ဆိုးရာကနေပြီး လှပအောင်ဆိုပြီးတော့ အမျိုးမျိုးပြုပြင်တယ်။ အမျိုးမျိုးပြုပြင်ပြီး မှန်ရှေ့သွားပြီးတော့ ရှေ့က ကြည့်လိုက် နောက်က ကြည့်လိုက်ပေါ့လေ။ ငယ်ငယ်တုန်းကလို စိတ်တိုင်းမကျတော့ မျက်ရည်တွေတောင် ကျကျလာတယ်တဲ့။ အဲဒီအဘွားကြီး ၂ ယောက်လည်း ဘုန်းကြီးတို့မြန်မာပြည်က အမျိုးသမီးက အသက် ၃၀ ပတ်ဝန်းကျင်ဆိုတော့ အရွယ်ကောင်းတုန်းပေါ့။ ရိုးရိုးလေးနေ

http://www.dhammadownload.com

တာကိုး။ "မင်း လှလှပပ ငါတို့လို နေပါလား။ ဘာဖြစ်လို့ မပြင်မဆင်လဲ"လို့ဆိုတော့ "ဗုဒ္ဓတရားတော်အရ သင့်တော်ရုံနဲ့ပဲ နေရင် ပြီးပါပြီ"လို့ဆိုတော့ သိပ်မလိုပါဘူးပေါ့။ ဒီတော့ အဘွားကြီး ၂ ယောက်က "မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ လှလှပပ မနေတာ သိပ်သနားတယ်"လို့ဆိုတယ်။ ဘုန်းကြီးတို့ဆီက အမျိုးသမီးကလည်း ဒီအဘွားကြီး ၂ ယောက်ကို ပြန်ပြီး သနားနေတယ်။ သနားပုံချင်းတော့ မတူဘူးပေါ့လေ။ ဒီတော့ အဘွားကြီး ၂ ယောက်ဟာ စိတ်တိုင်းမကျလို့ မျက်ရည်ကျရင် 'အို'ဒုက္ခတွေ သူတို့မခံနိုင်တာ၊ မခံနိုင်တော့ အမျိုးမျိုး လုပ်နေကြတာ။ ဖြည့်သင့်တာတွေ ဖြည့် ဖြတ်သင့်တာတွေ ဖြတ်ပြီး တင်းအောင် လုပ်သင့်တာတွေ လုပ်၊ စိတ်တိုင်းမကျတော့ သူတို့မှာ မသက်သာဘူး။ ဒီတော့ အိုဒဏ်ခံရပြီးတော့ စိတ်မသက်မသာဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဟောဒီမွစရိယဆိုတဲ့ တရားကျင့်လို့ ရှိရင် အအိုဒဏ်တွေကို အများကြီး ကာကွယ်ပေးနိုင်တယ်။ သိပ်ကောင်းတာပဲ၊ မိတ်ကပ် မပါဘဲနဲ့ လှနိုင်တယ်။ ဒီလို အဆင့်မြင့်တဲ့သူတွေက လုပ်ထားလို့ရှိရင် မိမိရုပ်ရည် ပြည့်စုံတဲ့အတွက်လည်းပဲ လိုက်လျောတဲ့ တဏှာမျိုး အများကြီးသက်သာပါတယ်။ မပြည့်စုံ၊ ပျက်စီးတဲ့အတွက်လည်း ဒေါသတွေ ထိန်းနိုင်ပါတယ်။ ဒါ အင်မတန်အရေးကြီးပါတယ်။ အခု အမေရိကမှာတော့ အင်္ဂလန်က အဘွားကြီး ၂ ယောက်မျိုးတော့ ရှိမယ် မထင်ပါဘူး။

ဆဋ္ဌ မာရ်စစ်သည်

ဒီနေ့တော့ အရင်နေ့က ဟောထားတဲ့ ကိလေသာမာရ်စစ်သည် ၁၀ ပါး အဆက် ဆက်လက်ပြီးတော့ ဟောပါ့မယ်။ ၁၀ ပါးရှိတဲ့ထဲက ငါးခုမြောက် ထိနမိဒ္ဓအကြောင်း ဟိုနေ့က တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ပြောသွားပါပြီ။ ထိနမိဒ္ဓနဲ့ ပတ်သက်ပြီးတော့ ပြောစရာတွေကတော့ အများကြီးကျန်နေပါသေးတယ်။ အများအပြားယောဂီတွေကတော့ အဲဒီထိနမိဒ္ဓကို တော်တော်လေး တွန်းလှန်ယူရပါတယ်။ ထိနမိဒ္ဓ တွန်းလှန်နိုင်လို့ ရှိရင်တော့ မကြာခင်ပဲ တရားတွေ တိုးတက်သွားပါ တယ်။ အဲဒါ မနိုင်သေးလို့ရှိရင် ဒီလိုပဲ တော်တော်နဲ့ မတိုးတက်နိုင်ပါဘူး။ ဒီတော့ မဖြိုဖျက်နိုင်တော့ ဘာဖြစ်လာလဲလို့ဆိုတော့

http://www.dhammadownload.com

"ဆဋ္ဌာ ဘီရု ပဝုစ္စတိ"တဲ့။ ၆ ခုမြောက် တပ်မတော်ကြီး တစ်ခု ဝင်လာတယ်။ အဲဒီ ၆ ခုမြောက်ဆိုတာ ကြောက်တာ ရွံ့တာပါပဲ။

တရားထူးက မရဘဲ ဖြစ်နေတော့ တောထဲက ကမ္မဋ္ဌာန်းဌာနမှာ ကြောက်ရွံ့မှုတွေ ဖြစ်နေတတ်ပါတယ်။ ထိနမိဒ္ဓ ဝင်ရောက်နှိပ်စက်တော့ တရားဟာ မထူးတော့ သူမှာက ကမ္မဋ္ဌာန်းဆရာကို တင်ပြစရာ အချက်အလက်က မရရှာဘူး။ မရတော့ ကမ္မဋ္ဌာန်းဆရာနဲ့ တွေ့ရမှာ ပထမဆုံး ကြောက်တာပဲ။ အခြား ကြိုးကြိုးစားစားနဲ့ အားထုတ်လို့ ထိနမိဒ္ဓတွေ လွန်မြောက်ပြီးတော့ တရားသဘောလေးတွေ အတွေ့ကောင်းပြီး ရှင်းရှင်းနဲ့ သွက်သွက် ပြောတတ်တဲ့ ပုဂ္ဂိုလ်မျိုးကိုလည်းပဲ တွေ့ဆုံရမှာ ကြောက်တယ်။ အဲဒီ အကြောက်တွေ စလာတော့တာပဲ။ ဒီမှာတော့ မသိဘူးပေါ့လေ။ မြန်မာပြည်မှာ အဲဒီလို ယောဂီမျိုးတွေ ကြုံရတဲ့အခါ ယောဂီကလည်း မျှားတော့ သူတို့ ရေသာခိုနေကြတယ်။ ၁ ရက်လောက်၊ ၂ ရက်လောက် မလာဘဲ သူတို့ နေကြတယ်။ ကမ္မဋ္ဌာန်းဆရာကတော့ သိတော့ သိနေပါတယ်။ အဲဒီလို နေရင်းက မေးမှာမြန်းမှာ ကြောက်တာနဲ့ နောက်ပိုင်းကနေပြီးတော့ လစ်သွားတဲ့ ယောဂီတွေလည်း ရှိပါတယ်။ အခု ဒီမှာကတော့ အဲဒီလို ထွက်ပြေးတဲ့ ယောဂီရှိတယ် ဆိုတာတော့ အခုထိ မကြားရသေးပါဘူး။ အဲဒီလို ထိနမိဒ္ဓ မှတ်လိုက်၊ အခြားပေါ်ရာမှတ်လိုက်ဆိုတော့ ထိနမိဒ္ဓ တော်တော်နဲ့ မကျော်နိုင်သေးတော့ ယောဂီက တရားအတွေ့ သိပ်ပြီးတော့ မထူးဘဲ ဖြစ်နေတယ်။

သတ္တမ မာရ်စစ်သည်

အဲဒီလို တရားအတွေ့မထူးတဲ့အခါမှာ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ စဉ်းစားမှုအမျိုးမျိုးတွေ ဝင်ပြီးတော့ မိမိကျင့်သုံးရတဲ့ တရားအပေါ်မှာလည်း ယုံမှားသံသယတွေ ဖြစ်လာတယ်။ ပြီးတော့ ကမ္မဋ္ဌာန်းဆရာတွေအပေါ်မှာရော ယုံမှားသံသယတွေ ဖြစ်လာတတ်တယ်။ နောက်အခြားအခြား ကြိုးစားအားထုတ်လို့ အတွေ့ထူးတဲ့ ယောဂီတွေအပေါ်မှာလည်းပဲ ယုံမှား သံသယတွေ အမျိုးမျိုးဖြစ်လာတတ်တာပါပဲ။ အဲဒီယုံမှားသံသယနဲ့ ပတ်သက်ပြီးတော့ တော်တော်လေး ကျယ်ကျယ် ပြန့်ပြန့် ဖြေရှင်းပြရမှာပါ။ အဲဒီ ယုံမှားသံသယ

http://www.dhammadownload.com

ဖြစ်လာတာဟာ "သတ္တမီ ဝိစိကိစ္ဆာ တေ"စကားအရ ခုနစ်ခုမြောက် တပ်မတော် ပဲ။ အဲဒါကတော့ အခြားမဟုတ်ဘူး၊ ဝိစိကိစ္ဆာပဲ။ ဒီဝိစိကိစ္ဆာ ကိုတော့ ယုံမှားသံသယလို့ ဒီလိုပဲ ရိုးရိုးပြန်ကြပါတယ်။ ဒါပေမဲ့ ဒီထဲမှာ ငုတ်နေတဲ့ အဓိပ္ပာယ်လေး ဖော်ထုတ်ရလို့ရှိရင် တော်တော်ဝိတ်ဝင်စားစရာ ကောင်းတဲ့ ပုဒ်ကလေးပါပဲ။ အဲဒီငုတ်နေတာလေး ဖော်ရတာပေါ့။ ကြိုးစားပြီးတော့ အားမထုတ်တဲ့ယောဂီမှာ ထိုနမိဒ္ဓတွေကလည်း ဝင်ရောက်နှိပ်စက်တော့ ရုပ်နာမ်သဘောမှန်က အစ မသိဘူးလေ။ နည်းမှန်ကိုလည်း စဉ်းစားလိုက်လို့ ရှိရင် သူ့မှာ "ဒီဟာ ဟုတ်လေသလား၊ မဟုတ်လေဘူးလား" လို့ ဟိုလိုလို ဒီလိုလို ယုံမှားသံသယတွေ ဖြစ်တော့တာပဲ။ စိတ်တွေ ပင်ပန်းတော့တာပဲ။ အားထုတ်နည်းအမှန်နဲ့ သဘောမှန်တွေကို စိစစ်လိုက်လို့ရှိရင် မမှီတော့ ပင်ပန်းသွားတယ်။ အဲဒီ ပင်ပန်းတာဟာ ဝိစိကိစ္ဆာပါပဲ။

ဟင်းလေးအိုးကြီးလို ဖြစ်သွားတယ်

အဲဒီလို သံသယတွေ ဖြစ်လာလို့ရှိရင် စိတ်ကလည်း မငြိမ်တော့ဘူး။ လှုပ်လှုပ်ရှားရှား ဖြစ်လာတာပဲ။ စိတ်ကို သူက မငြိမ်အောင် လုပ်ပေးတတ်တာမို့လို့ 'ကမ္မနရသာ'လို့ဆိုပါတယ်။ ဒီတော့ သဘောမှန်တစ်ခုခုပေါ်မှာ အတည်တကျ မရှိတော့ ဒါမှန်တယ်၊ မှားတယ်ဆိုတာ အတည်ပြု မဆုံးဖြတ်နိုင်တော့ဘူး။ သူ့ရဲ့အခြင်းအရာလေးက အတည်ပြု မဆုံးဖြတ်နိုင်တဲ့ အခြေအနေရောက်လာတာ။ အသိက မပိုင်သေးလို့ အတည်ပြု မဆုံးဖြတ်နိုင်ရင် ဟိုလိုလို ဒီလိုလိုနဲ့ အမျာကြီး သူက စဉ်းစားမှုတွေ ဝင်ပြီးတော့ နည်းအမျိုးမျိုးတွေ ယူတတ်တယ်။ မှန်တာရော၊ မှားတာရော အကုန်လုံးပါပဲ။ အဲဒါ 'အနေကံသ ဂဟပစ္စုပ္ပဒ္ဓာန'လို့ ကျမ်းဂန်များမှာ ပြထားတယ်။ 'အနေကံသ'ဆိုတာ တစ်မျိုးတည်း မဟုတ်ဘူး၊ အမျိုးမျိုးပဲ။ ဒီလိုလုပ်ကြည့်လိုက်၊ ဟိုလိုလုပ်ကြည့်လိုက်၊ ဟိုနည်း ကောင်းနိုးနိုး၊ ဒီနည်း ကောင်းနိုးနိုးပေါ့လေ။ အဲဒီလို အမျိုးမျိုးတွေလည်း လျှောက်ပြီးတော့ ယူတဲ့ အခြင်းအရာလေးတွေလည်း ဖြစ်တတ်တယ်။ ဘ၇ယ်ဟာရယ်လို့ အတည်တကျ မဟုတ်ဘူး။ နည်းမျိုးစုံ နေတာပေါ့။ ဘာနဲ့တူသလဲဆိုတော့ စိတ်ဟာ ဟိုလိုလိုဒီလိုလို နည်းမျိုးစုံရနေတော့ စုံနေတဲ့

http://www.dhammadownload.com

နည်းဟာလည်း သေသေချာချာ တရားအနှစ်သာရ မသိသေးဘူးဆိုရင် သိပ်ပြီးတော့ အရသာမတွေ့တဲ့ "ပရော်ပရီ"ဟင်းလေးအိုးကြီးလို ဖြစ်သွားတယ်။

ဆရာကောင်းကို မရမနေ ရှာဖွေပါ

အခုလိုဖြစ်ရတာဟာ အနီးဆုံးအကြောင်းကို ရှာလိုက်လို့ရှိရင် တကယ့်အမှန်တရားကို ရှာဖွေရာမှာ အားနည်းပြီးတော့ တကယ့်အမှန်တရားပေါ်မှာ မိမိရဲ့စိတ်ကို ဘာခေါ်မလဲ 'အိပ်ဂျက်စ်'မလုပ်ပေးလို့ 'အယောနိသော မနသိကာရ' ဆိုတဲ့ နှလုံးသွင်းနေရာမကျလို့ ဒီလိုဖြစ်ရတာတဲ့၊ ဒီလိုဆိုပါတယ်။ ဒီနေရာဌာနမှာ ဖြောင့်ဖြောင့်ကြီး ယုံမှားသံသယကင်းပြီးတော့ နည်းမှန်အတိုင်း ထိရောက်အောင် အားထုတ်နိုင်ရေးအတွက် ပထမဆုံး နည်းမှန်ကို ညွှန်ပြနိုင်တဲ့ ဆရာ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"လို့ ဆိုပါတယ်။ အားထုတ်နည်း အမှန်နဲ့ ကိုယ်ထဲက သဘောမှန်တွေကို သိဖို့ရန်အတွက် နည်းညွှန်ပြတဲ့ ဆရာကောင်း မရမနေ ရှာဖွေပါတဲ့။ ရှာဖွေရမယ်။ ဒီလိုဆိုထားတယ်။ နည်းမှန်ပြနိုင်တဲ့ ဆရာလည်း မတွေ့ဖူးသေးဘူး။ ဟိုလိုလို ဒီလိုလိုနဲ့ ဟိုစာအုပ်လေးကြည့် ဒီစာအုပ်လေးကြည့် မတောက်တခေါက် နည်းမကျဘဲနဲ့ ပြုလုပ်တဲ့အခါ ယုံမှားသံသယတွေ ဝင်ပြီးတော့ တရားနည်းလမ်း အမှန်ပေါ်တောင်မှ စိတ်ပျက်သွားတတ်တယ်။ ယုံမှားသံသယ ဖြစ်သွားတတ်တယ်။ အဲဒီလို ဆိုလို့ရှိရင် တကယ့်ကျင့်စဉ်အမှန် ရရှိနိုင်တဲ့ ပဋိပတ္တိလုပ်ငန်းကို အနှောင့်အယှက် ပြုတတ်တယ်လို့ ကျမ်းဂန်များမှာ ပြထားပါတယ်။ ပဋိပတ္တိ အန္တရာယကရ တရားတဲ့။ ပဋိပတ်လုပ်ငန်းကို ဟန့်တားတတ်တဲ့ အနှောင့်အယှက်ပြု တတ်တဲ့ တရားဆိုးလို့ ဒီလိုဆိုပါတယ်။

စိတ်၏ ကြောင့်တံသင်းတရား ၅ ပါး

အဲဒီလို စိတ်ဟာ နည်းမှန်ပေါ်နဲ့ နည်းမှန်အတိုင်း အားထုတ်လို့ တွေ့နိုင်တဲ့ အပေါ်မှာ အတည်တကျမရှိဘဲနဲ့ ဝေ့လည်လည်ဖြစ်ပြီးတော့ ဝိစိကိစ္ဆာတွေ ဖြစ်လာပြီ ဆိုလို့ရှိရင် စိတ်ဟာလည်း မနူးညံ့တော့ဘူး။ ကြမ်းလာတတ်

http://www.dhammadownload.com

တယ်။ အဲဒီလိုကြမ်းလာတဲ့အခါမှာ ကောဓ ခေါ်တဲ့ ဒေါသတွေလည်းပဲ ဖြစ်လာတတ်တယ်။ ယုံမှားမှာသက်သက်တင် မဟုတ်ဘူး။ ဒေါသတွေလည်း ပါလာတတ်တယ်။ အဲဒီလိုအပိုင်း ရောက်လာလို့ရှိရင် စိတ်ကို သူက ခက်ထန်အောင်၊ ကြမ်းတမ်းအောင် ပြုလုပ်ပေးတတ်တာမို့လို့ "စေတောခိလ"ခေါ်တဲ့ တရားဆိုးငါးမျိုးလည်း ဝင်လာတော့တာပဲ။ အဲဒီ စေတောခိလဆိုတာ စိတ်ရဲ့ ငြောင့်တံသင်းသဖွယ်ပေါ့လေ။ ပဋိပတ္တိလုပ်ငန်းကို ဟန့်တားတတ်တဲ့ တရားဆိုးတွေပေါ့။ အဲဒါတွေ ဝင်လာတယ်။ အဲဒီတရားငါးပါးကတော့ 'ဝုဒ္ဓေ ကခ်ံတိ' နည်းမှန်ညွှန်ပြတဲ့ ဘုရားအပေါ်မှာလည်း ယုံမှားသံသယတစ်မျိုးတဲ့၊ 'ဓမ္မေကခ်ံတိ' တရားတော်ပေါ် တရားနည်းလမ်းပေါ်မှာ ယုံမှားတာက တစ်မျိုး၊ "သံဃေ ကခ်ံတိ" မြတ်စွာဘုရား ဆိုဆုံးမတဲ့အတိုင်း ကိလေသာ တစ်စိတ်တစ်ပိုင်း ငြိမ်းသူ၊ တော်တော်ငြိမ်းသူ၊ လုံးဝငြိမ်းသူ သံဃာတော်အပေါ်မှာလည်းပဲ ယုံမှားသံသယဖြစ်လာတတ်တယ်တဲ့။ ပြီးတော့ မိမိကျင့်သုံးရတဲ့အကျင့်သိက္ခာပေါ်မှာလည်း ရှေးဦးစွာ ယုံမှားသံသယတွေဖြစ်ပြီးတော့ အခြားအခြားကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်များရဲ့ အကျင့်လုပ်ငန်းတွေအပေါ်မှာလည်း ယုံမှားသံသယ ဖြစ်လာတတ်တယ်။ ပြီးတော့ ကိုယ်ကနေရာမကျလို့ ကိုယ့်ဘက်က လိုမှန်းမသိဘဲနဲ့ ဆရာအပါအဝင်ပေါ့လေ။ မိမိနှင့်အတူ ကျင့်သုံးတဲ့ သီတင်းသုံးဖော်တွေအပေါ် 'သဗြဟ္မစာရီသု ကခ်ံတိ' ဆိုတဲ့အတိုင်း ယုံမှားသံသယ ဖြစ်လာတော့တယ်တဲ့။

ဝိစိကိစ္ဆာကို ပညာနဲ့သာ ကုသလို့ ရတယ်

အဲဒီလို အခြေအနေမျိုး ရောက်လာလို့ရှိရင် အချိန်မီ သတိရလို့ ပြုပြင်နိုင်သေးလို့ ရှိရင်တော့ နည်းနည်းတော်သေးတယ်။ သင့်တော်တဲ့နည်းနဲ့ မပြုပြင်နိုင်ဘူးဆိုရင်တော့ ဝိစိကိစ္ဆာဟာ အနက်တစ်မျိုး ပြောင်းသွားတယ်။ အဲဒီအနက်ကတော့ အခြား မဟုတ်ပါဘူး။ "ဝိ=ကင်းသော၊ စိကိစ္ဆာ= အသိပညာတည်းဟူသော ဆေးကုမှု" ဒီလိုဆိုထားပါတယ်။ "ကင်းကွာသော ပညာတည်းဟူသော ဆေးကုမှု၊ တစ်နည်းအားဖြင့် ပညာတည်းဟူသော ဆေးကုမှု ကင်းကွာသွားပြီတဲ့"။ ဝိစိကိစ္ဆာဟာ ပညာနဲ့သာ ကုသလို့ရတာ၊ တခြားဟာနဲ့

http://www.dhammadownload.com

ကုသလို့ မရဘူး။ ပထမဆုံး အကြမ်းစား မျှမျှတတ စဉ်းစားပြီးတော့ ဆင်ခြင်တုံနဲ့ ကုစားရမယ်။ နောက် လက်တွေ့ကျင့်သုံးပြီးတော့ သဘောမှန်တွေ အဆင့်ဆင့် အဆင့်ဆင့်သိအောင် ပြုလုပ်ခြင်းအားဖြင့် ကုစားပေးရမယ်။ အဲဒီလို အသိကင်းသွားပြီ ဆိုလို့ရှိရင်တော့ ကုစားလို့မရတော့ပါဘူး။ အဲဒီလို ပညာတည်းဟူသော ကုစားမှု ကင်းတာမို့လို့ သူ့ကို "ဝိဂတာ စိကိစ္ဆာ၊ ဝိဂတာ-ကင်းသော၊ စိကိစ္ဆာ-ပညာတည်းဟူသော ကုစားမှု၊ ဝိစိကိစ္ဆာ-ကင်းသော ပညာတည်းဟူသော ဆေးကုစားမှု၊ ပညာတည်းဟူသော ဆေးကုစားမှု ကင်းသွားပြီတဲ့။ ကုလို့မလွယ်တော့ဘူးတဲ့။ ဒီလိုဆိုပါတယ်။ အဲဒီလို သေချာတဲ့ ပညာတည်း ဟူသော ကုသမှုဆေးမျိုး ရဖို့ရာအတွက်ကတော့ သိပ်လိုတာမို့လို့ ဘုန်းကြီးများဟာ ယခု I.M.S သုံးလစခန်းမှာ ဗုဒ္ဓဟောမိန့်တဲ့အတိုင်း ဘုန်းကြီးတို့အနန္တ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ဩဝါဒအရ ဘုန်းကြီးများ ဉာဏ်မီသမျှ ဒေသနာနဲ့ကိုက်ညီအောင် သဒ္ဓါတရား နှိုးပေးတဲ့ အနေနဲ့ သင့်တော်တာလေးတွေ ဒီလိုပဲ ဟောဟောပေးနေရပါတယ်။

တရားနာရကျိုး ၅ မျိုး

အဲဒီလို ဟောကြားတဲ့ အချက်တွေကို မျှမျှတတ အင်မတန် ကျိုးနွံတဲ့ စိတ်ထားတွေ အခြေခံရှိပြီးတော့ နာကြားကြတော့ မသိသေးတဲ့ဟာတွေ သိရတယ်။ သိပြီးသား ကြားနာဖူးပြီးသားတွေလည်း ထပ်ပြီးတော့ ကြားဖူးရတယ်။ တချို့ယုံမှားသံသယဖြစ်နိုင်တဲ့အချက်တွေရှိလည်း ယုံမှားသံသယတွေ လည်း ကင်းသွားတယ်။ ပြီးတော့ တချို့တချို့ အချက်တွေမှာ အယူအဆ လွဲမှားတာရှိလည်း အယူအဆ တည့်သွားတယ်။ တရားနာရတဲ့အခါမှာလည်း စိတ်တွေကြည်တယ်။ အထူးအားဖြင့် ကိုယ်အားထုတ်လို့ တွေ့ကြုံချက်တွေနဲ့ ကိုက်ညီသွားပြီလို့ဆိုရင် ထူးထူးခြားခြားကြီးကို သဒ္ဓါတရားတွေလည်း လှိုက်လှိုက်လဲ့လဲ့ဖြစ်ပြီးတော့ ကြည်လင်လာတယ်။ အဲဒီအကျိုးငါးမျိုးလည်းပဲ ရရှိသွားနိုင်ပါတယ်။ အဲဒီအကျိုးငါးမျိုးရှေ့ရှုပြီးတော့ တတ်နိုင်သမျှ ဘုန်းကြီးတို့ တရားဟောရပါတယ်။

http://www.dhammadownload.com

စိတ်၏အနှောင်အဖွဲ့တရား ၅ ပါး

အဲဒီလို တရားနာကြားရလို့ပဲဖြစ်ဖြစ် ထိုက်တန်သမျှ အားထုတ်လို့ တရားသဘောတွေ တွေ့လို့ပဲဖြစ်ဖြစ် ခုနစိတ်ရဲ့ဥာဏ်သဖွယ်ဖြစ်တဲ့ စေတောခိလတရားတွေ လွန်သွားပြီးတဲ့နောက်ပိုင်းမှာ စိတ်ရဲ့အနှောင်အဖွဲ့ တရားတွေကိုလည်း ဖြတ်တောက်ပေးဖို့ သိပ်အရေးကြီးပါတယ်။ အခု ၇ ခုမြောက် သတ္တမ ဝိစိကိစ္ဆာစစ်တပ်နဲ့ပတ်သက်ပြီး ပြောဖို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် စေတောခိလ တရားငါးပါးနဲ့ဆက်စပ်နေတာဖြစ်လို့ စေတော ဝိနိဗန္ဓတရားကိုလည်း ဆက်ပြောမှ သင့်မယ်လို့ ထင်တာနဲ့မို့ အခုငါးမျိုး ဆက် ပြောရတာပါ။ အဲဒီငါးမျိုးကတော့ ပထမ ကာမဂုဏ်၌ ခင်မင်တွယ်တာမှု များခြင်းတဲ့။ မြင်ကောင်း၊ ကြားကောင်း၊ နံကောင်း၊ စားကောင်း၊ အထိတွေ့ကောင်းတွေကို အတွယ်အတာတွေ များတာ။ ဒါ ပထမဆုံး စိတ်ရဲ့ အနှောင်အဖွဲ့တရားပါပဲ။

ဒီတော့ ဒုတိယကတော့ မိမိကိုယ်ပေါ်မှာ တပ်မက်မှု၊ ခင်မင်တွယ်တာမှု အားကြီးခြင်းတဲ့။ တချို့ပုဂ္ဂိုလ်တွေဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို ချစ်တယ်၊ ခင်တွယ်တယ်၊ သိပ်ယုယတယ်၊ သိပ်ယုယလွန်းအားကြီးတော့ တချို့စွန့်စားပြီးတော့ အားထုတ်ရတဲ့အပိုင်း ရောက်လာလို့ရှိရင် မစွန့်စားချင်တော့ဘူး။ ညှာတယ်၊ နာမှာလည်း ကြောက်တယ်။ သေမှာလည်း ကြောက်တယ်။ အဲဒီတော့ ကိုယ့်ကိုခင်တွယ်မှု အကြီးအကျယ် ခင်တွယ်မှု စေတောဝိနိဗန္ဓတရားက ဖွဲ့ထုတ်ထားတော့ မစွန့်စားတော့တဲ့အပိုင်း ရောက်သွားတယ်။ တချို့ တချို့ ဘယ်လောက်များ ကိုယ့်ကိုယ်ကို ယုယသလဲဆိုရင် တရားနယ်ထဲ ယောဂီအဖြစ် ရောက်နေတာတောင်မှ မိတ်ကပ်လိမ်းနေကျပုဂ္ဂိုလ်၊ ဆံပင်သနေကျ ပုဂ္ဂိုလ် မလိမ်းရ၊ မသရတော့ ဘာလိုလိုနဲ့ တစ်ခုခုလိုနေပြီးတော့ တရားအားထုတ်လို့ မဖြောင့်တာလည်း ရှိတယ်။ အဲဒါဟာ ကိုယ့်ကိုယ်ကို တွယ်တာမှုများတယ်ဆိုတာ ပြပါတယ်။ ပြီးတော့ နောက်တစ်ခုက ကိုယ့်ကိုယ်ကို ခင်မင်တွယ်တာမှုတွေ မလောက်လို့ တခြားအပေါ်မှာလည်းပဲ ခင်မင်တွယ်တာမှုတွေ အားကြီးတာလည်း ရှိတယ်။ အဲဒါလည်းပဲ စိတ်ရဲ့အနှောင်အဖွဲ့တစ်ခုပဲ။ အခြားအရာပေါ်မှာ ခင်မင်တွယ်တာတယ်ဆိုတာကတော့ သိပြီးသားဖြစ်လို့

http://www.dhammadownload.com

ဘုန်းကြီးက ထပ်ပြီးတော့ မရှင်းတော့ပါဘူး။ ပြီးတော့ လေးခုမြောက်ကတော့ အလိုရှိတိုင်း ဝမ်းပိုက်ကားအောင်လို့ စားချင်တိုင်းစား၊ အဲဒီလို စားပြီးတော့ 'သေယျသုခ'ဆိုတဲ့ အိပ်ရာပေါ်မှာ အိပ်တာ။ တစ်ဖက် ညောင်းလို့ရှိရင် တစ်ဖက် ပြောင်းပြီးတော့ 'ပဿသုခ'ဆိုတာ ယူတာ။

မနက်မိုးလင်းတဲ့အခါလည်း ထချိန်မထဘဲနဲ့ အိပ်ရာပေါ်မှာလည်း ဒီလို မှိန်းပြီးတော့ ချမ်းသာယူနေတာမျိုးကလည်းပဲ တရားရဖို့ရန်အတွက် စိတ်ရဲ့ အနှောင့်အဖွဲ့ကြီးတစ်ခုပဲလို့ ဒီလိုဆိုပါတယ်။ ဘယ် တိုးတက်တော့မလဲ။ ထိန မိဒ္ဓ အားပေးတဲ့ အလုပ်တွေ သူက လုပ်နေတာကိုး။ တချို့လည်းပဲ ဒီဌာနက အစားအစာတွေ ဘာတွေ ကျွေးတော့ ကိုယ်အလေးချိန်တွေ ဘာတွေ တက် လာပြီးတော့ ထိခိုက်မှာ စိုးရိမ်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ပြီးတော့ နောက်ဆုံးကတော့ အခုလို သီလအကျင့် အစရှိတဲ့ အကျင့်ကျင့်ရတာဟာ ပန်းတိုင်ထားရမှာကတော့ ဆင်းရဲခပ်သိမ်းတို့ရဲ့ ငြိမ်းရာ ပန်းတိုင်ထားရမှာ။ အဲဒီလို ပန်းတိုင်ထားရမယ့် အစားနတ်ဘဝလောက်ရရင် တော်ပါပြီဆိုပြီး တော့ ဒီလောက်နဲ့ ကျေနပ်တင်းတိမ်နေတာ။ အဲဒီလောက်နဲ့ ကျေနပ် တင်းတိမ်နေလို့ရှိရင်လည်းပဲ ဆင်းရဲငြိမ်းရာသို့ မရောက်တော့ ဆင်းရဲနဲ့ပဲ တိုးနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မပြောပလောက်တဲ့ ချမ်းသာလေးကို မျှော်တဲ့သဘော ရှိတော့ အဲဒီ"စေတော ဝိနိဗန္ဓ"တရားက သူ့ကို တုတ်နှောင် ထားတာပဲ။ မရုန်းနိုင်တော့ဘူး။ မြတ်စွာဘုရားက စေတောခိလသုတ္တန်မှာ အတိအလင်း ဟောထားပါတယ်။ ဘိက္ခုတို့၊ ဘိက္ခု မည်တဲ့ ယောဂီဟာ အခု ပြောခဲ့တဲ့ စေတောခိလ တရားငါးပါးကို လည်းပဲ မပယ်နိုင်၊ စေတောဝိနိဗန္ဓ တရားကိုလည်းပဲ မဖြတ်တောက်နိုင်ဘူးဆိုရင် ဗုဒ္ဓသာသနာမှာ တိုးတက်ကြီး ပွားဖို့ အကြောင်းမရှိဘူးတဲ့။

ဆင်းရဲထဲမှာပဲ နစ်မွန်းမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒီတော့ အဲဒီ စေတောခိလ တရားငါးပါးနဲ့ စေတောဝိနိဗန္ဓတရားငါးပါးကို အတတ်နိုင်ဆုံး ပယ်ရှားဖြတ်တောက်နိုင်ကြပြီး ဆင်းရဲခပ်သိမ်းငြိမ်းရာရောက်တဲ့အထိ ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဒီနေ့ တရားအဆုံးသတ်လိုက်ပါတယ်။

သာဓု. . သာဓု. . သာဓု

http://www.dhammadownload.com

ကြက်ပေါက်တဲ့ ဥပမာ

စိတ်ကြည်လင်လာရင် ကြိုးစားတော့တာပဲ။

အရင်နေ့က ခုနစ်ခုမြောက် ဝိစိကိစ္ဆာအကြောင်းကို 'စေတောခိလ' တရားငါးပါး ပူးတွဲပြီးတော့ ပြောသွားပါတယ်။ ဒီလိုထည့်သွင်းပြီးတော့ ပြောရတာကတော့ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေမှာ အင်မတန် အရေးကြီးလွန်းလို့ ပြောရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားအပေါ် မှာပဲဖြစ်ဖြစ်၊ ပရိယတ်၊ ပဋိပတ်တရားအပေါ် မှာပဲဖြစ်ဖြစ်၊ ကိလေသာငြိမ်းတဲ့ အရိယာသံဃာတော်အပေါ် မှာပဲဖြစ်ဖြစ်၊ သီလ၊ သမာဓိ၊ ပညာခေါ်တဲ့ အကျင့်သိက္ခာအပေါ် မှာပဲဖြစ်ဖြစ်၊ မိမိရဲ့တရားကျင့်ဖော်ကျင့်ဖက် သဗြဟ္မစာရီ သီတင်းသုံးဖော်တွေပေါ် မှာပဲဖြစ်ဖြစ် ယုံမှားမှုတွေ၊ အမျက်ဒေါသတွေဖြစ်နေလို့ရှိရင် ဆူးတောထဲ ခလုတ်တောထဲ ခရီးသွားရတဲ့ ပုဂ္ဂိုလ်ဟာ အမြဲတမ်း အဲဒါတွေနဲ့ ထိပါးပြီးတော့ ကိုယ်မှာ ဒဏ်ရာတွေနဲ့ ထိပြီး ရှေ့ခရီးမဆက်လိုတော့ဘူး။ ဒီလိုပဲ ယုံမှားသံသယတွေ ဖြစ်နေမယ်၊ ဒေါသတွေဖြစ်နေမယ်ဆိုရင် စိတ်မှာ ဆူးစူးသလို စိတ်ခလုတ်တိုက်သလို တရားခရီးမရောက်တော့ဘူး။ အဲဒီလို မဖြစ်စေချင်တဲ့ စေတနာနဲ့ ဘုန်းကြီးက ထည့်သွင်းပြီးတော့ ပြောရပါတယ်။ ဒီတော့ ဝိစိကိစ္ဆာတွေလည်းပဲ ကင်းတန်သမျှ ကင်း၊ တရားကျင့်ဖော်ကျင့်ဖက်တွေပေါ် မှာလည်း အမျက်ဒေါသတွေ ကင်းရင် ထူးထူးခြားခြားကြီး စိတ်ဟာကြည်လင်လာတယ်။ ယုံမှားသံသယတွေ ကင်းသွားတော့ စိတ်မှာ ထူးထူးခြားခြားကြီး ကြည်လင်လာမှာပေါ့။ အဲဒီလို ကြည်လင်လာတဲ့အခါမှာ တရားစအားထုတ်ဖို့ စိတ်လေးတွေ ညွှတ်လာတယ်။ အာရမ္ဘဓာတု ဆိုတဲ့ အစပျိုးအားထုတ်မှုစိတ်ကလေးတွေ ညွှတ်လာတယ်။ ပြီးတော့ တစ်ဆင့်တိုးပြီးတော့ အားထုတ်ဖို့လည်းပဲ စိတ်ကလေး ညွှတ်လာတယ်။

အဆင့်ဆင့်တိုးပြီးတော့ စွဲစွဲမြဲမြဲ ကိုယ်နဲ့အသက် မငဲ့ကွက်ဘဲနဲ့ ကြိုးစားအားထုတ်လာဖို့ စိတ်ကလေးတွေ ညွှတ်လာတယ်။ အဲဒါ အကျိုးရှိတယ်။ သဒ္ဓါတရားဖြစ်လာတော့ စိတ်ဟာ ကြည်လင်လာတယ်ဆိုတာ လောကီဥပမာ အားဖြင့် ပြောရလို့ရှိရင် ဘုန်းကြီးတို့ နောက်ကျိနေတဲ့ ရေထဲ ကြည်လင်စေတတ်တဲ့ ကျောက်ချဉ်စတဲ့ ဓာတ်တစ်မျိုးမျိုးထည့်လိုက်လို့ရှိရင် အနယ်ထိုင်

http://www.dhammadownload.com

ပြီးတော့ ရေဟာ ကြည်တက်လာတာပဲ။ အဲဒီလိုမာတ် ရေထဲမှာ မရောက်သေးရင်တော့ လှုပ်ရှားပြီးတော့ ရေတွေဟာ အလကား သားနောက်နေတာပဲ။ အဲဒီလိုမာတ် ရေထဲ ရောက်သွားတာနဲ့ အနယ်တွေ ထိုင်ပြီးတော့ ရေဟာ ကြည်သွားတာပဲ။ ဒါလိုပါပဲ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ဂုဏ် မိမိကျင့်သုံးရတဲ့ တရားရဲ့ဂုဏ်ရည်တွေ မသိသေးဘူး ဆိုလို့ရှိရင် ယုံကြည်မှုက မရှိသေးတော့ စိတ်အစဉ်မှာ နောက်ကျိနေပါတယ်။ ဒီတော့ တစ်ဆင့်စကားပဲ ဖြစ်ဖြစ်၊ စာပေလေ့လာလို့ပဲ ဖြစ်ဖြစ်၊ တရားတွေကြားနာရလို့ပဲ ဖြစ်ဖြစ် သဒ္ဓါတရားလေးတွေ ဖြစ်သွားရင် စိတ်အစဉ် သဒ္ဓါတရားဝင်သွားတော့ နောက်ကျတဲ့ မာတ်တွေ ကင်းပြီးတော့ ကြည်လင်လာတယ်။ ဒါကြောင့်မို့လို့ စိတ်ကို ပထမ ကြည်လင်စေဖို့ရန် အခြေခံသဒ္ဓါတရားလေး ပထမရှိနှင့်နေဖို့ သိပ်အရေးကြီးပါတယ်။ အဲဒီလိုစိတ်က သဒ္ဓါဝင်လို့ ကြည်လင်ရင် ခုန စောစောပိုင်းက ပြောခဲ့တဲ့အတိုင်း အစပျိုး၍ကြိုးပမ်းအားထုတ်မှု၊ တစ်ဆင့် တိုးကြိုးပမ်းအားထုတ်မှု၊ အဆင့်ဆင့်တိုးပြီးတော့ နောက်ဆုံးပန်းတိုင်ရောက်တဲ့အထိ ကြိုးပမ်းအားထုတ်လိုတဲ့စိတ်တွေ ထူးထူးခြားခြားကြီး ဖြစ်ပေါ်လာတယ်။ သိပ်အဖိုးတန်တာ။

တရားထူး မလိုချင်ပေမယ့် တရားထူးရနိုင်သည့် ယောဂီ

သဒ္ဓါဖြစ်မှ ဆန္ဒဖြစ်တာ၊ သဒ္ဓါ မဖြစ်ရင် ဆန္ဒ မဖြစ်ဘူး။ အဲဒီဆန္ဒ ဦးစီးခေါင်းဆောင်ပြုပြီးတော့ အကြိုးအမှူးလုပ်ပြီးတော့ အားထုတ်တဲ့အပိုင်း ရောက်လာရင် သတိ၊ သမာဓိကလည်း ဖြစ်လာတော့တာပဲ။ အားထုတ်ဆဲ ကာလမှာလည်း စိတ်မာတ်က ခိုင်မာတယ်။ ဒီခိုင်မာတဲ့ စိတ်မာတ်ကို အကြောင်းပြုပြီးတော့ အားကိုးတစ်ခု ပြုပြီးတော့ အားထုတ်လို့ရှိရင်လည်း သတိ၊ သမာဓိတွေ ဖြစ်လာနိုင်တယ်။ တစ်ခါတစ်ခါမှာ "ဝီရိယရှိတဲ့ ပုဂ္ဂိုလ်မှာ ဘယ်အရာမျိုးမဆို ပြီးနိုင်တာပဲ" ဆိုပြီးတော့ ကိုယ့်လုံ့လ၊ ဝီရိယအားကိုးနဲ့ လုံ့လ၊ ဝီရိယ ဦးစီးခေါင်းဆောင်ပြုပြီးတော့ အားထုတ်ရင် သတိ၊ သမာဓိ ဖြစ်လာတယ်။ ပြီးတော့ အရာရာမှာ ထက်မြက်တဲ့ဉာဏ် အားကိုးတစ်ခုပြုပြီးတော့ အားထုတ်ပြန်လို့ရှိရင် သမာဓိ၊ ပညာတွေ ဖြစ်လာနိုင်တယ်။ နောက်

http://www.dhammadownload.com

ဒီကမှ တစ်ဆင့်တက်ပြီးတော့ ဝိပဿနာအခြေခံမှစပြီးတော့ တစ်ဆင့်ပြီး တစ်ဆင့် တက်သွားနိုင်တယ်။ အဲဒီတရားလေးမျိုးကို သူနေရာနဲ့သူ ဦးစီးခေါင်းဆောင် အဓိပတိ အကြီးအမှူးပြုပြီးတော့ အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်မှာ တရားထူးရပါစေ ဆိုတဲ့ ဣန္ဒာမျိုး၊ လိုအင်မျိုး မရှိပေမယ်လို့ (တရားထူးတွေက အလိုလို ဖြစ်လာနိုင်တယ်တဲ့၊ ဣန်းဂန်က ဒီအတိုင်း ပြထားပါတယ် တရားပေါ်မှာ ဣန္ဒာ မရှိပေမယ့်လို့) တရားထူးအလိုလိုရနိုင်တယ်ဆိုတဲ့ အကြောင်းနှင့် စပ်ပြီး မြတ်စွာဘုရားက လက်လှမ်းမီ အမျှားနားလည်နိုင်လောက်တဲ့ မွေးမြူရေး ဥပမာလေး ပေးထားပါတယ်။

ကြက်မကြီး ပြုလုပ်ရမယ့် ကိစ္စ ၃ ရပ်

အဲဒီဥပမာလေး ထည့်သွင်းပြီး ပြောပါမယ်။ ဥပမာပြုထားပုံကတော့ ကြက်မကြီးတစ်ကောင်ဟာ ကြက်ဥတွေ ရှစ်ဥ၊ ဆယ်ဥ စသည် ဥထားတယ်တဲ့။ ဥသာ ထားပြီးတော့ အဲဒီဥထဲက ကြက်သားလေးတွေ ပေါက်လာပါစေလို့ ဘယ်လောက်ပဲ မျှော်လင့်ပေမယ့်လို့ ကြက်ဥထဲက ကြက်သားလေးတွေ ပေါက်မလာနိုင်ပါဘူးတဲ့။ တဖြည်းဖြည်းသာ ကြက်ဥဟာ အပူ၊ အအေးဒဏ်တွေ ထိပါးလျက်ရှိပြီးတော့ ပေါက်ကွဲပုပ်သွားနိုင်တဲ့ အနေမျိုး ရောက်နိုင်ပါတယ်။ သူဥထားတဲ့ ကြက်ဥတွေပေါ်မှာ သူဆောင်ရွက်ရမဲ့ ကိစ္စ ၃ ရပ်ကို မှန်မှန်ဆောင်ရွက်နေလို့ရှိရင် ကြက်ဥလည်းပဲ မပုပ်ဘူးတဲ့။ ပြီးတော့ ကြက်ဥထဲက အစိုတွေလည်း တဖြည်းဖြည်း ခန်းခြောက်သွားနိုင်တယ်တဲ့။ ကြက်ဥခွံလည်း တဖြည်းဖြည်းပါးပြီးတော့ နောက်ဆုံးသီတင်းသုံးပတ်ပြည့်တဲ့အခါမှာ ကြက်ကလေးတွေ နှုတ်သီး၊ ခြေသည်း ရင့်ကျက်ပြီးတော့ ချမ်းချမ်းသာသာနဲ့ ပေါက်လာနိုင်ပါ တယ်တဲ့။ သူပြုလုပ်ရမဲ့ ကိစ္စ ၃ ရပ်ကတော့ ကြက်ဥပေါ်မှာ နည်းလမ်းမှန်စွာ ဝပ်ပေးမှုကတစ်ခု၊ ပြီးတော့ ကြက်အင့ွေးပေးမှုက တစ်ခုနဲ့ ကြက်အနုံပေးမှုကတစ်ခု အဲဒီသုံးမျိုးပါပဲ။ မှန်မှန်ဝပ်ပေးခြင်းအားဖြင့် ကြက်ဥမှာက သူရဲ့အင့ွေးရပြီးတော့ ပုပ်မသွားဘူးတဲ့။ အဲဒီ မပုပ်ဖို့ ပထမဆုံးကာကွယ်လိုက်တာပဲ။ အဲဒီလို နည်းလမ်းမှန်စွာ အမြဲဝပ်ပေးခြင်းဟာ ကြက်ဥ မပုပ်ခြင်းရဲ့ အကြောင်းပဲ။ အဲဒီတော့ သူကိုယ်က အပူငွေ့လေး ရနေတော့

http://www.dhammadownload.com

ကြက်ဥထဲမှာ ရှိတဲ့ အစိုင်ွေ့လေးတွေဟာ တစ်နေ့ထက် တစ်နေ့ခြောက် ခြောက်လာတော့တာပဲ။

တစ်ချိန်နဲ့တစ်ချိန် ခြောက်ခြောက်နေတော့တာပဲ။ အဲဒီလို တစ်သီတင်း က နှစ်သီတင်းစသည်ဖြစ်လာလို့ရှိရင် ကြက်ဥခွံဟာလည်း သူ့ရဲ့ကိုယ်က အပူငွေ့နဲ့ ထိရတော့ တဖြည်းဖြည်း ပါးပါးလာတယ်။ နောက် အထဲက ကြက် သားလေးဟာ ခြေသည်းလေးတွေ၊ နှုတ်သီးလေးတွေ တဖြည်းဖြည်း ရင့်လာ တယ်။ ဥခွံဟာလည်း ပါးနေတော့ အပြင်ကအရောင်ဟာ အတွင်းဝင်တော့ ကြက်ကလေးတွေမှာ အရောင်လင်းလာတယ်။ လင်းလာတဲ့အခါ ကြက် ကလေးတွေဟာ အထဲ ကျဉ်းကျဉ်း ကျပ်ကျပ်နေရတော့ သုံးသီတင်းပြည့်တဲ့ အခါကျတော့ သူတို့ကလည်း လှုပ်ရှားနိုင်ပြီ။ အားကလည်း ပြည့်လာပြီ။ ဒီ တော့ အပြင်ထွက်လိုရေးနဲ့ အားကလည်း ရှိလာတော့ နှုတ်သီးလေးနဲ့ပေါက်၊ ခြေထောက်လေးနဲ့လည်း ကန်တော့ တဖြည်းဖြည်း ကြက်ဥဟာ ကွဲပြီးတော့ ကြက်ကလေးတွေ ပေါက်လာတယ်။

ကြက်မကြီးရဲ့ သည်းခံပုံမျိုးကို နမူနာယူစေချင်

ဥပမာနဲ့ဥပမေယျ ညီကြည့်ကြစို့။ ကြက်မကြီး ဥပေါ်မှာ ဝပ်နေတာနဲ့ ယောဂီဟာ ကိုယ်ထဲစိုက်ပြီးတော့ ပေါ်ရာပေါ်ရာလေးတွေ ပေါ်ဆဲ လိုက်ပြီး တော့ အာတာပ လုံ့လ၊ ဝီရိယခေါ်တဲ့ အပူငွေ့နဲ့ ပြင်းပြင်းထန်ထန် စတင် အားထုတ်တာနဲ့ တူတယ်။ ထိုင်တဲ့အခါပဲဖြစ်ဖြစ်၊ စင်္ကြန်လျှောက်တဲ့အခါ ပဲဖြစ်ဖြစ်၊ အခြားအထွေထွေ အမူအရာကိုပဲဖြစ်ဖြစ် ပေါ်ရာပေါ်ရာလေးတွေ ကို ပေါ်ဆဲလိုက်ပြီးတော့ မလွတ်တမ်း စွဲမြဲစွာ ရှုနိုင်ရေးအတွက် တစေ ကြောင့်ကြထားတော့ စိတ်အစဉ်ဟာ အာတာပ ခေါ်တဲ့ လုံ့လ၊ ဝီရိယ အငွေ့ ဓာတ်၊ အပူဓာတ် ရနေတယ်။

သူကြက်မကြီးဟာ ဥပေါ်မှာ နည်းလမ်းကျစွာ ဝပ်ပေးလို့ သူ့ရဲ့ ကိုယ် ငွေ့ဟာ ကြက်ဥထဲရောက်နေတော့ အပြင်က ထိပါးတဲ့ဒဏ်လည်း ကာကွယ် ပြီးသား ဖြစ်သွားတယ်။ အပြင်က အပူဒဏ်ကြောင့်လည်း ကြက်ဥက ပုပ်ပြီး တော့ အဆံချောင်တာလည်း ဖြစ်မသွားတော့ဘူး။ ဒါလိုပဲ အမြဲတမ်း အပူ

http://www.dhammadownload.com

ဓာတ်ပေးနေတော့ စိတ်အစဉ်မှာ မကောင်းတဲ့စိတ် အပုပ်ဓာတ်တွေ မဝင်တော့ဘူး။ စိတ်ကလေးဟာ သန့်နေတယ်။ ရှင်းနေတယ်။ အဲဒီကြက်မကြီး စိတ်ဓာတ်မျိုးနဲ့ တစ်သားတည်းရှိတဲ့ ယောဂီ ဘယ်နှယောက်ရှိမလဲဆိုတာ ကိုယ့်ဟာကိုယ် တွက်ကြည့်ပေါ့။ ကြက်မကြီးဟာ အမြဲတမ်းပဲ ဒီမှာဝပ်နေတာ။ နည်းနည်းလေးမှ ရပ်လို့မရဘူး။ အစာတက်ရေတက်ပြီးတော့ မစင်ကျင်ကြီးတွေလည်း အောင့်ထားရတာ။ အတော့်ကို သည်းခံပြီးတော့ ဝပ်ရတာပါ။ ဒီလိုပြောတဲ့အတွက် အစာတက်ရေတက် မစင်ကျင်ကြီးတွေ မစွန့်ဘဲနဲ့ ဆင်းရဲခံပြီးတော့ အားထုတ်မယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ တန်သမျှ သည်းခံစိတ်ထားဖို့ ပြောလိုတာပါပဲ။ ကြက်မကြီးဟာ ဘယ်လောက်သည်းခံတယ် ဆိုတာလေး ပြောချင်တာပါ။ ကြက်မကြီးမှာ ရှိတဲ့ သည်းခံပုံမျိုး နမူနာယူစေချင်တဲ့ အနေနဲ့ ပြောတာပါ။

ယောဂီအဆံချောင်

ကြက်မကြီးဟာ ကြက်ဝပ်ကျင်းပေါ် ဝပ်ပြီးတော့ တစ်အောင့်လောက် ဝပ်လိုက်၊ တစ်နာရီ၊ နှစ်နာရီလောက်နေရင် ပြန်ဆင်းလိုက်၊ ပြန်ဝပ်လိုက်၊ နောက်တစ်ခါ ပြန်ဆင်းလိုက်၊ ပြန်ဝပ်လိုက်ဆိုရင် သူ့ရဲ့အငွေ့ ဟာ တစ်ဆက်တည်း ရမှာမဟုတ်ဘူး။ အနံ့လည်း ရမှာမဟုတ်ဘူး။ ဒီလိုပါပဲ ယောဂီဟာလည်း တစ်အောင့်လောက် ထိုင်လိုက်ပြင်လိုက်၊ ရွှေ့လိုက်ပြောင်းလိုက်၊ တော်ကြာနေ ထလိုက်၊ စကြံ်နလည်း ဟုတ်တိပတ်တိ မလျှောက်၊ အခြားအထွေထွေအမူအရာလည်း အထူးကြောင့်ကြထားပြီးတော့ မှတ်ဖို့ အပူတပြင်း အားမထုတ်ဘူးဆိုရင် စိတ်အစဉ်မှာ အာတာပ လုံ့လ ဝီရိယ အပူငွေ့ မဝင်တော့ ဘယ်လိုနေမလဲဆိုတာ စဉ်းစားကြည့်ပေါ့။ ခုန ကြက်ဥအဆံချောင်သလို၊ ကြက်ဥပုပ်သလို စိတ်တွေလည်းပဲ အဆံချောင် ဖြစ်တော့တာပဲ။ စိတ်တွေလည်း ကိလေသာဝင်ပြီးတော့ အပုပ်အဆွေးတွေ ဖြစ်နိုင်စရာရှိတယ်။ ကြက်မကြီး ကောင်းကောင်း ဝပ်ပြီးတော့ အငွေ့မပေးတတ်ရင် ကြက်ဥထဲက 'သန္ခေ'ပျက်ပြီး ကြက်ဥအဆံချောင်ဖြစ်သလို ထို့အတူပဲ ယောဂီဟာလည်း အာတာပလုံ့လ၊ ဝီရိယအဆက်ပြတ်ပြီဆိုရင် နဂိုက အစပျိုးထားတဲ့ ဝိပဿနာ

http://www.dhammadownload.com

လောက် ဝပ်ပေးတဲ့အခါကျတော့ ကြက်သားလေးတွေက နူတ်သီးလေးတွေ၊ ခြေသည်းလေးတွေ ရင့်လာတယ်။ ဥခွံလေးလည်း တဖြည်းဖြည်း ပါးလာတယ်။ အားထုတ်လို့ ဉာဏ်လေးတွေ အဆင့်ဆင့် အဆင့်ဆင့် တက်သွားတာနဲ့ အမျှပဲ သဒ္ဓါတရားကလည်း ဒိဂရီတက်သလိုပဲ ထက်ထက်မြက်မြက်နဲ့ တက်လာတာပဲ။ ထူးထူးခြားခြားကြီး ရင့်ကျက်လာတာပဲ။ နောက် ဝိပဿနာဉာဏ်တွေ တက်လာလို့ အငြိမ်းဓာတ်နိဗ္ဗာန်ကို အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုသိသွားပြီဆိုရင် အဲဒီလို သဒ္ဓါတရားမျိုး ဘယ်သူကဖျက်ဖျက် မပျက်တော့ဘူး။ ဝိရိယတွေ တော်တော် ကောင်းသွားပြီ။ သတိလည်း တော်တော်ကောင်း၊ သမာဓိလည်း တော်တော် ကောင်းပြီ။ စိတ်တွေလည်းပဲ ထူးထူးခြားခြား ကြည်လင်ပြီးတော့ ယောဂီမှာ အလွန်ချမ်းသာတဲ့ ချမ်းသာမှုမျိုး ရရှိသွားနိုင်တယ်။

အရှင်လတ်လတ် ဘဝများ ပြောင်းသွားလေသလား

အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ အငြိမ်းဓာတ်နိဗ္ဗာန် မျက်မှောက်ပြု သိသွားတဲ့အခါ မသိတဲ့ အဝိဇ္ဇာဥခွံဟာ တစ်ခါတည်း ပေါက်ကွဲပြီးတော့ ထူးထူးခြားခြားကြီး တရားဖြစ်လာတယ်။ ခုန ကြက်သားလေးတွေကလည်း သုံးသီတင်းပြည့်တဲ့အခါ ဥခွံက ပါးပြီး အလင်းရောင်အတွင်း ရောက်တဲ့အခါကျတော့ ကိုယ်ကလည်း ရင့်ကျက်နေလို့ တွန်းကန်လိုက်တဲ့အခါမှာ ဥကွဲပြီး ကြက်သားလေးတွေ ပေါက်လာသလို၊ ယောဂီဟာလည်း ဒီအတိုင်းပဲ ဘုရားကို ယုံကြည်တဲ့ ပုဂ္ဂိုလ်အနေနဲ့ ကြက်သားလေးသဖွယ် ပေါက်လာတာ။ ဘုရားရဲ့သာဝကအနေနဲ့ ပေါက်လာတာပဲ။ ကြက်သားလေးတွေဟာ ကျဉ်းကျဉ်းကျပ်ကျပ် နေရာကနေပြီး အလင်းရောင်တွေ ရ၊ လွတ်လွတ်လပ်လပ် ဖြစ်ပြီးတော့ ပျော်မြူးကာ ပြေးလိုက်လွှားလိုက် လုပ်နေတယ်။ သူ့ရဲ့မိခင်ကြီး ကျောပေါ်မှာတက်ကာ အမျိုးမျိုးပျော်မြူးနေတယ်။ ယောဂီဟာလည်းပဲ တရားထူးထူးခြားခြား ဖြစ်လာပြီဆိုရင် အင်မတန် ရွှင်ပျော်ကာ စိတ်တွေလည်း ထူးထူးခြားခြားကြီး ပြောင်းလဲသွားနိုင်တယ်။ အရှင်လတ်လတ် ဘဝများပြောင်းသွားသလား ထင်ရလောက်အောင် ဖြစ်သွားနိုင်တယ်။

http://www.dhammadownload.com

ဒါဟာ အရင်းစစ်လိုက်လို့ရှိရင် တရားထူးရပါစေဆိုတဲ့ မျှော်လင့်ချက် မရှိပေမယ့်လို့ နည်းလမ်းမှန်စွာ အားထုတ်လို့ပါပဲ။ ခုန ကြက်မကြီးဟာ ကြက်သားလေးတွေ ပေါက်လာပါစေဆိုတဲ့ 'ဣန္ဒာ'မရှိပေမယ့်လို့ ကြက်မကြီးပြုရမည့် လုပ်ငန်းကြီးသုံးရပ်ကို ပြည့်ပြည့်ဝဝ လုပ်ရလို့ရှိရင် "ပုပ်၊ ခြောက်၊ ပါး၊ ထက်, ရင့်စေလျက် ကြက်အမိ ပြုရန် ငါး"ဆိုတဲ့အတိုင်း ကြက်ဥကိုလည်း မပုပ်ရအောင် ထိန်းတယ်။ ပြီးတော့ အရည်တွေလည်း ခြောက်ခန်းအောင် လုပ်တယ်။ ဥခွံလည်း ပါးတယ်။ ပြီးတော့ နူတ်သီး၊ ခြေသည်းလေးတွေလည်း ရင့်တယ်။ တစ်ကိုယ်လုံး ရင့်စေပြီးတော့ နောက်ဆုံး ကြက်သားလေးတွေ ပေါက်လာတယ်။ ယောဂီဟာလည်း ဒီတိုင်းပါပဲ။ အမြဲတမ်း လုံ့လ၊ ဝီရိယ စိုက်နေလို့ရှိရင် စိတ်မပုပ်ဘူး။ စိတ်အဆံ မချောင်ဘူး။ နောက် တဏှာ အစိုဓာတ်တွေလည်း ခြောက်ခြောက်လာတယ် သိလာလို့ရှိရင် အဝိဇ္ဇာဥခွံတွေလည်း ပါးပါးလာတယ်။ တဖြည်းဖြည်း စိတ်ဓာတ်လေးတွေကလည်း ရင့်ကျက်တယ်။ ရင့်ကျက်လာပြီးတော့နောက် ထူးထူးခြားခြားဖြစ်ပြီးတဲ့ အနေမျိုးရောက်မှာပါပဲ။ အဲဒီအနေမျိုး ရောက်နိုင်လောကတ်တဲ့အထိ ကြိုးစားအားထုတ်နိုင်ကြလို့ ကြက်ဥအဆံချောင် မဖြစ်စေဘဲနဲ့ တကယ့်ပြည့်ဝတဲ့တရားတွေ ရင့်ကျက်တဲ့အထိ ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဒီနေ့တရား အဆုံးသတ်လိုက်ပါတယ်။

သာဓု. . . သာဓု. . . သာဓု။

အကြိတ်အနယ်

ကိလေသာမာရ် ခုနစ်ခုမြောက် ဝိစိကိစ္ဆာ အကြောင်း ဖြေရှင်းပြီးတော့ ပြခဲ့ပါပြီ။ အဲဒါနဲ့စပ်ပြီးတော့ စေတောခိလ တရားငါးပါး၊ စေတော ဝိနိဗန္ဓ တရားငါးပါးတွေလည်းပဲ ပြောပြီးခဲ့ပါပြီ။ ပိုပြီးတော့ ပေါ်လွင်အောင် ဆိုပြီး ကြက်ပေါက်တဲ့ ဥပမာနဲ့ မနေ့က ပြောခဲ့ပါတယ်။ ဘုန်းကြီးများ မြန်မာပြည်မှာဟောရင်တော့ အဲဒီကြက်ပေါက်ဥပမာနဲ့ ယှဉ်ဟောရင် အနည်းဆုံး နှစ်ရက်လောက်ဟောမှ သာပြီးတော့ ပြည့်စုံပါတယ်။ တစ်ခါ တစ်ခါမှာ ခုနစ်ရက်လောက်တောင် ဟောရပါတယ်။ မနေ့က ဘုန်းကြီးဟောချိန်မှာဆိုရင် အများ

http://www.dhammadownload.com

ဆုံး တွက်ကြည့်ရင် မိနစ် ၂၀ ပါပဲ။ မိနစ် ၂၀ ဆိုတော့ တချို့ဟာလေးတွေတော့ ကျန်သွားပါတယ်။ နောက်အကြောင်း ညီညွတ်တဲ့အခါမှပဲ အကျယ်ဟောဖို့ စိတ်ကူးထားပါတယ်။ ဘာဖြစ်လို့ ဝိစိကိစ္ဆာကို အချိန်ယူပြီးတော့ အကြိတ်အနယ် ဟောရသလဲဆိုတော့-

ဘုန်းကြီးရဲ့ ကိုယ်တွေ့လေး

ဘုန်းကြီးက ကိုယ်ချင်းစာအားကြီးလို့ပါပဲ။ ဘုန်းကြီးများ အသက် ၃၀ မပြည့်ခင်က ကျေးဇူးရှင်ဆရာတော်ဘုရားကြီးဆီမှာ ရိုးရိုးသားသားနဲ့ပဲ သွားပြီးတော့ တရားအားထုတ်ပါတယ်။ ဒါပေမဲ့ ဟိုထဲ ရောက်တဲ့အခါကျတော့ ရဟန်းတစ်ပါးနဲ့ ပတ်သက်ပြီးတော့ သူ့ကိုယ်ကျင့်သီလနဲ့ စပ်ပြီး မကျေနပ်ဘူး။ အခြားအခြား တချို့ယောဂီတွေမှာလည်း သွားတာ လာတာ၊ နေတာထိုင်တာ၊ ဆက်ဆံတာတွေက မယဉ်ကျေးတာတွေ တွေ့ရတော့ "ဘယ့်နှယ့်လဲ သူတို့ တရားက၊ တရားလည်း အားထုတ်ထားတယ်လို့ ဆိုတယ်၊ တရား အားထုတ် နေတဲ့ ယောဂီတွေလည်း ဖြစ်နေတယ်။ ကိုယ်ကျင့်သီလနဲ့ စပ်ပြီးတော့ အား ရဖွယ် မဟုတ်ပါလား။ ပြောတာဆိုတာတွေလည်း တယ်ပြီး မယဉ်ကျေးပါ လား"။ ပုဂ္ဂိုလ်တွေရဲ့အချိုးမကျမှု အကြောင်းပြုပြီးတော့ တရားပေါ်မှာ ဝေဖန် မှုတွေ ဘုန်းကြီးမှာ အများကြီး ဖြစ်ခဲ့တယ်။ ပတ်ဝန်းကျင်ပုဂ္ဂိုလ်တွေတင် မဟုတ်ဘူး။ ဆရာပေါ်တောင်မှ နည်းနည်းမကျေနပ်တဲ့ သဘောလေး၊ အားမရတဲ့သဘောလေး ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္မဋ္ဌာန်းဆရာက တစ်ခါ တစ်ခါ ဘုန်းကြီးတို့ ဆက်ဆံလို့ရှိရင် ခပ်မာမာလေး၊ ခပ်တည်တည်လေး ဆက်ဆံတယ်။ "ဘယ့်နှယ့်လဲ တရားအားထုတ်ရင် စိတ်လည်း ပြောင်းရမှာပဲ။ မျက်နှာကလည်း တယ်တင်းတာပဲ။ ပျော့ပျော့ပျောင်းပျောင်းလေးနဲ့ ဆက်ဆံသင့်တာပဲ။ ဘာဖြစ်လို့ မာမာဆက်ဆံသင့်သတုံး"တွေးပြီး ဘုန်းကြီးက ဆရာ့အပေါ်မှာလည်း အထင်တစ်မျိုး ဖြစ်ခဲ့ပါတယ်။ သို့သော် အဲဒီအဆင့်ရဲ့ ဟိုဘက်တော့ မကျော်ပါဘူး။ အဲဒီလို သံသယတွေ ဝင်ပြီး အမျိုးမျိုး

http://www.dhammadownload.com

ဝေဖန်နေတော့ ဘုန်းကြီးသီတင်း ၂ ပတ်လောက် အားထုတ်တဲ့ တရားအရှိန်ဟာ တစ်ခါတည်း ကျသွားတော့တာပဲ။ ဒေါင်းသွားတော့တာပဲ။ အဲဒီလိုအခါမှာ ဆရာ့ဆီ သွားသွားပြီး တရားလျှောက်ရတော့ တစ်နေ့လာလဲ ဒါ၊ တစ်နေ့လာလဲ ဒါ ဆိုတော့ ဆရာက အကြောင်းတွေ ရှာတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ တရားအနေနဲ့ အကြောင်းတွေ မြင်သွားပါတယ်။

အဲဒီတော့မှ ဆရာက လိမ်လိမ်မာမာနဲ့ ဘုန်းကြီးကို ကြိမ်းပါတယ်။ ကမ္မဋ္ဌာန်းဆရာဆိုတာမျိုးဟာ ယောဂီတွေပြောဆိုချက်ပေါ်မှာ မူတည်ပြီးတော့ မိမိကိုယ်တိုင် အားထုတ်ခဲ့တာနဲ့ စာတွေနဲ့ ၂ ခုပေါင်းစပ်ပြီးတော့ တရားအားထုတ်မှု ရှိမရှိဆိုတာ ခန့်မှန်းလို့ရပါတယ်။ သံသယတွေ ဝင်ပြီးတော့ ထိရောက်အောင် အားမထုတ်ဘူးဆိုရင် ဘာဝနာအရှိန်က ကျသွားတယ်။ ဘာနဲ့ တူသလဲဆိုတော့ ဟိုနားမှာ ရပ်ထားတဲ့ ကားကြီးတွေ သုံးလေးရက် ရပ်ထားတော့ ဘက်ထရီ ဒေါင်းသွားတာပဲ။ ဘက်ထရီ ဒေါင်းသွားလို့ ရှိရင် ကားက တော်တော်နဲ့ စက်နှိုးလို့ မရဘူး။ အဲဒီလို ဖြစ်သွားတယ်။ ဘုန်းကြီး တရားဘက်ထရီ ဒေါင်းသွားတာပါပဲ။ နောက်တော့ ဆရာက လိမ္မာပါးနပ်စွာနဲ့ကြိမ်းတော့ ဘုန်းကြီးကိုယ် ဘုန်းကြီး ပြန်ပြီးတော့ သုံးသပ်ပါတယ်။ ရိပ်သာလာပြီး တရားအားထုတ်တာမှာ သူများ အချိုးမကျတာတွေ ကြည့်ပြီး ဝေဖန်ဖို့လား?။ ယုံမှားသံသယဖြစ်ဖို့ လား?။ ဆရာပေါ်လဲပဲ မဟုတ်တဲ့ဟာလေးတွေနဲ့ မကျေနပ်ဖို့ လာတာလား?. ပြန်ပြီးတော့ ကိုယ့်ကိုယ်ကို မေးကြည့်ပါတယ်။ မေးကြည့်တော့ "ဟာ မဟုတ်ဘူး။ ဒီအတွက်လာတာ မဟုတ်ဘူး။ အဲဒီအတွက် လာတာ မဟုတ်ဘူး။" အဲဒီအတွက် လာတာ မဟုတ်ရင် ဘာလုပ်ဖို့တုံး"။ သံသရာတစ်လျှောက်လုံးမှာ ပါလာတဲ့ ကိလေသာတွေ ပယ်ရှင်းဖို့ရန်အတွက် စေတောခိလတရားငါးပါး၊ စေတောဝိနိဗန္ဓတရားငါးပါးတွေကို ပယ်ရှားဖြတ်တောက်ဖို့ရာအတွက် မြတ်စွာဘုရား ဟောကြားတဲ့ အတိုင်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအဆုံးအမကို ခံယူဖို့လာတာ၊ ဘာဖြစ်လို့ သူများ ဝေဖန်နေရသတုံး။ ကိုယ့်အကျိုးအတွက်ကို ပြီးစီးအောင် လုပ်ပေါ့။ ဒီနေ့က စလို့ မဝေဖန်တော့ဘူးလို့ စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

http://www.dhammadownload.com

ဘုန်းကြီးလို ဖြစ်မှာစိုးလို့

အဲဒီအခါမှာ ဘုန်းကြီးမှာ ဥပမာလေးတစ်ခုလည်းပဲ ထင်လာပါတယ်။ ထင်လာတဲ့ ဥပမာလေးက တော်တော်ကောင်းပါတယ်။ ဆရာသမားများ ဆုံးမချက်အရမှတ်သားထားတဲ့ ဥပမာပါ။ ရေလမ်းခရီးကို မလွဲသာလို့ သွားရတဲ့အခါ၊ ခရီးတော်တော်လေး ထွက်မိတော့ လေပြင်းမုန်တိုင်းတွေ တိုက်တယ်တဲ့။ အဲဒီအခါကျလို့ရှိရင် လှိုင်းတွေက ထလာတော့ လှေကို နိုင်အောင် ထိန်းရမှာ။ ကိုယ့်လှေကို အစစအရာရာ ဘယ်နေရာအပိုင်းတွေက လိုတယ်ဆိုတာ ကြည့်ပြီးတော့ ပြင်ဆင်မှုနဲ့ ထိန်းရမှာ။ အဲဒီလို ထိန်းရမယ့်အစား အနီးအပါးက လှေတွေကို လှမ်းလှမ်းပြီးတော့ ဟိုလှေက ဘယ်လို ဖြစ်တယ်၊ ရွက်က ဘယ်လို၊ ကြိုးက ဘယ်လို ဖြစ်နေတယ်။ မင်းတို့ ဘယ်လိုလုပ်။ လှမ်းပြီးတော့ စိမ်နေတယ်။ အခြားလှေတွေ လှမ်းပြီးတော့ စိမ်နေတော့ ကိုယ့်လှေမှာ လာကပ်တဲ့ဟာတွေ မစီမမံမိတော့ လှိုင်းလေပုတ်ပြီးတော့ ရေထဲမြုပ်ရတယ်တဲ့။

ဒီအခါမျိုးမှာ လောကဓံလှိုင်းထဲ ကြဲနေရတဲ့ ကိလေသာတွေထဲတော့ အနစ်မခံဘူး။ ကိုယ့်လှေကို နိုင်အောင်ထိန်းမယ် ဆိုပြီးတော့ ဆရာသမားများ ဆုံးမတဲ့အတိုင်း အားထုတ်ခဲ့ပါတယ်။ ဆရာ ညွှန်ကြားတဲ့အတိုင်း အားထုတ်လိုက်တာ ဆရာ့အကြိုက် ဖြစ်သွားတယ်။ ဘယ်လောက်အထိ အကြိုက်ဖြစ်သွားသလဲ ဆိုလို့ရှိရင် ဆရာက ဘုန်းကြီးကို မလွတ်ချင်နိုင်လောက်အောင် ဖြစ်သွားပါတယ်။ ဘုန်းကြီးမှာ လက်တွေ့ခံစားခဲ့တဲ့တရားမှာ အနှောင့်အယှက် ဖြစ်သွားတာတွေ ရှိလို့ ဘုန်းကြီးနဲ့ ပတ်သက်တဲ့ ယောဂီ တွေလည်း ဘုန်းကြီးလို အခက်အခဲမျိုး မတွေ့မကြုံကြပါစေနဲ့လို့ ဒီလို သဘောထားပြီးတော့ "ဒီသံသယဟာ တော်တော်ကြောက်စရာကောင်းတယ်။ ဒီသံသယကို ပယ်နိုင်မှ တော်ကာကျမယ်" ဆိုပြီးတော့ ဒီသံသယ ဝိစိကိစ္ဆာအကြောင်းနဲ့ ပတ်သက်ပြီး သုံးရက်လောက် ဘုန်းကြီး ပြောနေတာ။ နေ့တိုင်းနေ့တိုင်း ဒီဟာနဲ့ ပတ်သက်ပြီး ကြားနေရတော့ တချို့ယောဂီများကတော့ ငြီးငွေ့ကောင်း ငြီးငွေ့လိမ့်မယ်။ ဘယ်လိုပဲ ငြီးငွေ့သည်ဖြစ်စေ ဘုန်းကြီးကတော့ ပြောရမှာပဲ။

http://www.dhammadownload.com

မဆုံးနိုင်တဲ့ ပုံပြင်တစ်ပုဒ်

စောစောပိုင်းကတောင်မှ ဘုန်းကြီးဖတ်ဖူးတဲ့ ပုံပြင်လေးတစ်ခု သတိရသေးတယ်။ အဲဒါလေး နည်းနည်း အတိုချုပ်ပြီးတော့ ပြောပါရစေ။ ရှေးက ဘုရင်ကြီးတစ်ပါးဟာ ပုံပြင်သိပ်ကြိုက်တယ် ပြောတယ်။ ဘယ်ကပဲ လာပြော ပြော အကုန်လုံး လက်ခံတာပဲ။ တစ်တိုင်းပြည်လုံးက ပုဂ္ဂိုလ်တွေလာပြော၊ နောက်တော့ ပြောတဲ့ပုဂ္ဂိုလ်တွေက လက်မြှောက်ယူရတာပဲ။ စတိုရီက ကုန်သွားတာကိုး။ နောက်တော့ တိုင်းပြည် ကြေညာရတယ်။ "မဆုံးနိုင်တဲ့ ပုံပြင် ပြောနိုင်တဲ့ ပုဂ္ဂိုလ်များ လာခဲ့ကြစမ်းပါ။ မဆုံးနိုင်အောင် ပြောနိုင်လို့ရှိရင်တော့ သမီးနဲ့လည်း ပေးစားပြီးတော့ အိမ်ရှေ့ အရာထားမယ်။ ဥပရာဇာအရာ ထားမယ်"လို့ ဒီလိုအမိန့်ထုတ်ထားလိုက်ပါတယ်။ ပုံပြင်တွေ ဆုံးသွားရင်တော့ အသတ်ခံရမယ်လို့ ဘုရင်ကြီးက အမိန့်ထုတ်တယ်တဲ့။ ဒီတော့ သမီးလည်း လိုချင်၊ ဥပရာဇာ အိမ်ရှေ့အရာလည်း လိုချင်တော့ မတောက်တခေါက် ပုံပြင် ပြောတဲ့ပုဂ္ဂိုလ်တွေ သွားပြီးပြောတော့ ကြာတော့ ဆုံးသွားတယ်။ ဆုံးသွားတော့ သမီးလည်း မရ၊ အိမ်ရှေ့အရာ လည်း မရဘဲ အသတ်ခံရတယ်။ ခေါင်းဖြတ်ခံရတယ်။ နောက်နည်းနည်း ပါးနပ်တဲ့ သူတစ်ယောက် ပေါ်လာတယ်တဲ့။ ကျွန်တော်သွားမယ်ဆိုတော့ မင်း မသွားနဲ့လို့ အခြားပုဂ္ဂိုလ်တွေက တားသတဲ့။ အရင်က ပုဂ္ဂိုလ်တွေတော့ အသတ်ခံရတာပဲဆိုတော့ "အို ကိစ္စမရှိပါဘူး၊ သွားမယ်"ဆိုပြီး ဘုရင်ထဲ ရောက်သွားတဲ့အခါကျတော့ "ကဲ ပြောစမ်းပါ" ဆိုတော့ သူက စလိုက်တာက ဘုရင်ကြီးတစ်ဦးမှာတဲ့၊ အင်မတန်ကြီးကျယ်တဲ့ ဂိုဒေါင်ကြီးတစ်ခု ရှိတယ်တဲ့။ အဲဒီဂိုဒေါင်ကြီးထဲမှာ ဂျုံစပါးတွေက အပြည့်ထည့်ထားတာ ဘယ်လောက်ရှိတယ်ဆိုတာ မရေတွက်နိုင်ဘူးတဲ့။

ကြွက်တို့၊ နှံကောင်တို့ မစားရအောင် ဆိုပြီး အလုံပိတ်ထားတာတဲ့။ ဒါပေမဲ့လို့ တစ်နေရာမှာ အဲဒီ နှံကောင်လေး ဝင်နိုင်အောင် အပေါက်ကလေးတစ်ခုရှိတယ်တဲ့။ အဲဒီ ဂိုဒေါင်ကြီးအပေါ်က မိုးတိမ်တွေထဲမှာ နှံကောင်အုပ်ကြီးဟာ မဆုံးနိုင်ဘူးတဲ့။ ကျလာတယ်တဲ့။ ဒီတော့ တစ်ကောင်ပြီးတစ်ကောင် ပေါ့လေ။ အဲဒီအပေါက်ထဲ ဝင်ပြီးတော့ ဂျုံစပါးလေးတစ်စေ့ ယူသွားလိုက်တာ၊ တစ်ကောင်ချင်း တစ်ကောင်ချင်းဟာ မပြီးနိုင်ဘူးတဲ့။ တစ်နေ့လာလည်း

http://www.dhammadownload.com

ဒီလို တစ်နေ့လာလဲ ဒီလိုတဲ့။ ဟားဟား ဟား နောက်ဘုရင်ကြီးက နားထောင်ရတာ ငြီးငွေ့လာတော့ "ဟေ့ မင်းပုံပြင် မဆုံးသေးဘူးလားကွ"ဆိုတော့ "အစရှိသေးတယ်" ဆိုတော့"တော်ပြီ၊ တော်ပြီ"ဆိုပြီး သူ့ကတိအတိုင်း သမီးနဲ့ပေးစားပြီး အိမ်ရှေ့အရာထားမှ ပြီးသွားတော့တယ်ဆိုတာပဲ။ ဘုန်းကြီးလည်းပဲ IMS ရောက်တဲ့အချိန်က စပြီးတော့ တရားနယ်ထဲမှာ ကလျာဏမိတ္တဆိုတာ သိပ်အရေးကြီးတာမို့လို့ အဲဒီကလျာဏမိတ္တဆိုတဲ့ စကားလုံးကလေးကို မူတည်ပြီးတော့ တရားတွေကို သူနေရာနဲ့သူ ဟောခဲ့တာ တစ်လ ကျော်သွားပြီ။ ကလျာဏမိတ္တသရုပ် အခုအထိ မပေါ်သေးဘူး။ ဇာတ်လည်း မပေါင်းစပ်ရသေးဘူး။ အထဲထဲမှာ အဆာတွေထည့်နေတာ တော်တော်ကြာတယ်။ ဒီကြားထဲ ဝိစိကိစ္ဆာအကြောင်းရောက်တော့ ပိုပြီးတော့ ကြာသွားတာပေါ့။

ပညာ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

ဟိုမှာတော့ တစ်နေ့လာလည်း ဒါ၊ တစ်နေ့လာလည်း ဒါဆိုတော့ ငြီးငွေ့တယ်လေ၊ ယောဂီတွေကတော့ တစ်နေ့တစ်မျိုးဆိုတော့ ငြီးငွေ့ ဖွယ်ရာတော့ ရှိမယ်မထင်ပါဘူး။ ဒါပေမဲ့လို့ ဝိစိကိစ္ဆာအခန်းရောက်တဲ့အခါတော့ တော်တော်လေးတော့ ကြာသွားပါတယ်။ အရေးကြီးလို့ ပြောရတာပါ။ သည်းခံပြီး နားထောင်လို့ ဘုန်းကြီးက ပြောရတာပါ။ ဒီကနေပြီး သတိပေးပါတယ်။ အားပေးပါတယ်။ ကြိုးစားအားထုတ်လို့ တရားတွေ့လေး တွေ့ရှိသွားပြီ ဆိုရင် ကိုယ်ပိုင်ဉာဏ်လေးတွေ ဖြစ်လာတတ်တယ်။ ယထာသဘာဝ ပဋိဝေဓ လက္ခဏာ ပညာ၊ ပညာ၊ ပညာ သည်၊ ယထာသဘာဝ ပဋိဝေဓ လက္ခဏာ ကိုယ်စီလက္ခဏာနှင့် တူညီလက္ခဏာတို့ကို ပွင့်ပွင့်လင်းလင်းသိခြင်းလက္ခဏာ ရှိ၏တဲ့။ အခု တရားအားထုတ်လို့ ရရှိတဲ့ဉာဏ်ဟာ ကိုယ်စီကိုယ်စီ ရုပ်နာမ်တရားတွေ၊ သဘာဝလက္ခဏာတရားတွေကိုလည်း သိတယ်တဲ့။ အဲဒီသဘာဝ လက္ခဏာတွေ ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ သူ့သဘောအတိုင်း သူဖြစ်ပုံတွေရဲ့ တူညီလက္ခဏာတွေကိုလည်း သိတယ်တဲ့။ ပွင့်ပွင့်လင်းလင်း တစ်ခါတည်းသိသွားတာ။ အခု အားထုတ်နေတဲ့သူတွေလည်းပဲ သိနေသလောက် သိနေတာပါပဲ။ တချို့လည်းပဲ တော်တော်ကလေး တရားကောင်းနေကြတာပါပဲ။

http://www.dhammadownload.com

အဲဒီလို အသိဉာဏ်ကလေးတွေ အခြေခံက စပြီးတော့ တော်တော်ကလေး ရင့်ကျက်ပြီးတော့ ထူးထူးခြားခြားကြီး သိလာပြီဆိုရင် "ဝိသယော ဘာသရသာ ရှုကွင်းရှုကွက်အာရုံတွေကို သူက ထင်ရှားအောင် ပြတတ်တယ်"တဲ့။ အမှောင်ခန်းထဲမှာ အလင်း မလာလို့ရှိရင် ဘယ်နေရာ ဘာရှိတယ်ဆိုတာ မထင်ရှားဘူးပေါ့။ ပြီးတော့ တိုက်စရာ ခိုက်စရာတွေလည်းပဲ မမြင်ဘူးပေါ့။ မီးဖွင့်လိုက်ပြီဆိုရင် ထင်ရှားသွားတာပဲ။ တိုက်စရာ၊ ခိုက်စရာတွေကို ရှောင်တိမ်းပြီးတော့ သွားတော့တာပဲ။ ဒီလို အသိဉာဏ် ပွင့်လင်းလာလို့ရှိရင် အကုန်လုံး ရှင်းသွားတော့တာပဲ။ ရုပ်တွေ၊ နာမ်တွေ အဲဒီရုပ်တွေမှာလည်း သူသဘာဝ လက္ခဏာလေးတွေ၊ မာတာ၊ ပျော့တာ၊ ပူတာ၊ အေးတာ၊ တောင့်တာအမျိုးစုံ သဘောတွေ၊ နာမ်တွေမှာလည်း မြင်သိတာ၊ ကြားသိတာ၊ စားသိတာ၊ နံသိတာတွေ၊ မြင်တွေ့တာ၊ ကြားတွေ့တာ အဲဒါလေးတွေ ပေါ်ပေါ်ပြီး ပျောက်သွားတာ အကုန်လုံး ရှင်းလာတာ၊ သဘောမှန်တွေကို မီးမောင်းကြီး ထိုးပေးလိုက်သလို တစ်ခါတည်း ဒီမှာ ထိုးပြလိုက်တာ။ အဲဒီလို မီးမောင်းကြီး ထိုးပြသလို ရှင်းနေတော့ တွေဝေရွပ်ထွေးတာ မရှိတော့ဘူး။ အဲဒါ "အသမ္မောဟ ပစ္စုပ္ပဒ္ဓာနာ တွေဝေမှု၊ ရွပ်ထွေးမှု မရှိဘူး"တဲ့။ မရှိတဲ့အနေနဲ့ တစ်ခါတည်းကို ထင်လာနေတာ။ အဲဒီလို စိတ်ရဲ့တွေဝေ ရွပ်ထွေးမှု မှုန်မွှားမှု ကင်းသွားရင် သူမှာ ကိုယ်ပိုင်ဉာဏ် ရလာပြီ။

သဒ္ဓါ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

ကိုယ်ပိုင်ဉာဏ်ရလာတော့ ကိုယ်ပိုင်ဉာဏ်နဲ့ပဲ 'ဒါတွေဟာ အမှန်တွေပဲ။ ဒါ သဘာဝလက္ခဏာတွေလည်း မှန်တယ်။ ကိုယ်စီလက္ခဏာတွေလည်း မှန်တယ်။ တူညီလက္ခဏာတွေလည်း မှန်တယ်။ ရုပ်တွေ၊ နာမ်တွေ ကြောင်းကျိုးဆက်ပုံတွေ၊ မမြဲ ဆင်းရဲသဘောပဲဆိုတာတွေ သိပ်မှန်တယ်' ဆိုတာ အတည်ပြုတော့တာပဲ။ အဲဒီအတည်ပြု ဆုံးဖြတ်ချက်ကျသွားတာကို 'သဒ္ဓါ မိမောက္ခ'ခေါ်တယ်။ ကိုယ်တွေ့ဉာဏ်မြင် နဲ့ အတည်ပြု ဆုံးဖြတ်ချက် ကျသွားတာတဲ့။ သဒ္ဒဟန လက္ခဏာ၊ သဒ္ဓါ သဒ္ဓါ တရားဟာ ကိုယ်တိုင်လေ့လာလို့ တွေ့ရတဲ့ အမှန်တွေပေါ်မှာ အတည်ပြု ဆုံးဖြတ်ချက်ကျသွားတဲ့ သဒ္ဓါတရား

http://www.dhammadownload.com

ကိုယ်ပိုင်ဉာဏ် အမြင်မှန်မှ သဒ္ဓါတရားကလည်း မှန်မှာပဲ။ အဲဒါ ပညာနဲ့သဒ္ဓါ တရားနဲ့ဆက်သွယ်နေပုံပေါ့။ အဲဒီလို ကိုယ်ပိုင်ဉာဏ်နဲ့အတည်ပြု ဆုံးဖြတ်နိုင်ဖို့ သိပ်အရေးကြီးပါတယ်။ ဆရာက အပြောကောင်းလို့ 'ဖီလိုဆိုဖီက ဘယ်လိုဆိုတယ်။ ဘယ်ဆရာကြီးအဆိုက ဘယ်လိုဆိုတယ်။ ဂရိရှေးပညာရှင်ကြီးတွေအဆိုက ဘယ်လို၊ တခြားတခြား ဗုဒ္ဓဘာသာဝင်တွေရဲ့အဆိုက ဘယ်လို' ကျမ်းစုံအောင် ကြည့်ပြီးတော့ ပရိသတ်ထဲမှာ ပြောလို့ ကြားနာပြီးတော့ လက်ခံရတဲ့အနေမျိုး မဟုတ်ဘူး။ ကိုယ်တိုင် သိရတာ၊ ဆရာပြောလို့ သိရတာလည်း မဟုတ်ဘူး။ ကျမ်းစာအရ သိရတာလည်း မဟုတ်ဘူး။ ကိုယ်တိုင် အားထုတ်လို့ ကိုယ်ပိုင်ဉာဏ်နဲ့ အတည်ပြု ဆုံးဖြတ်ချက်ကျသွားတဲ့ဟာမှ တန်ဖိုးရှိတာ။

ဒါမှ ကိုယ့်အတွက်ပဲ။ အဲဒီသဘောတော့ နားလည်ဖို့ သိပ်အရေးကြီးတယ်။ လက်တွေ့တရားကို စာပေဆန်ဆန် လေ့လာလို့ မရပါဘူး။ အတွေးအခေါ်နဲ့ လေ့လာလို့မရပါဘူး။ စာနဲ့လက်တွေ့နဲ့ ဟပ်ပြပြီးတော့ အားထုတ်တတ်အောင် ပြောပြဖို့ သိပ်အရေးကြီးပါတယ်။ အဲဒီလို ကိုယ်ပိုင်ဉာဏ်တွေရှိလာလို့ အတည်ပြုဆုံးဖြတ်တဲ့အပိုင်း ရောက်သွားတဲ့အခါ သိပ်ကျေနပ်တာပဲ။ အားထုတ်တဲ့ပုဂ္ဂိုလ်တွေလည်းပဲ အားတက်သရောရှိရေးအတွက် အားပေးဖို့ အရေးကြီးပါတယ်။ သတိပဋ္ဌာန်လုပ်ငန်းဟာ တချို့အမြင်တော့ အင်မတန်ရိုးပြီးတော့ ကျဉ်းကျဉ်းမြောင်းမြောင်းလို့ ထင်ရပေမယ့်လို့ လုပ်တဲ့ပုဂ္ဂိုလ် အဖို့ရာ သတိ၊ သမာဓိတွေ အားကောင်းလာပြီဆိုလို့ရှိရင် အသိဉာဏ်တွေ သိပ်ကျယ်ပြန့်တာ။ အမြင်ကျယ်တာ။ အဲဒီလို အမြင်ကျယ်မှုတွေလည်း လက်တွေ့တရားက ရရှိလာပါလိမ့်မယ်။ စိတ်တွေလည်း ထူးထူးခြားခြားကို ကြည်ပြီးတော့ ရွှင်ပြီးတော့ကို ဖြစ်လာတော့တာပဲ။ အဲဒါ သဒ္ဓါတရားရဲ့ လုပ်ဆောင်ချက်ပါပဲ။ "ပသာဒနရသာ တကယ့်စစ်မှန်တဲ့ သဒ္ဓါတရားဟာ သူနဲ့ယှဉ်ဘက် နာမ်တရားတွေကို ကြည်အောင်၊ ရွှင်အောင်၊ သွက်အောင် သူက လုပ်ပေးတတ်တယ်"တဲ့။ အဲဒီလို ထူးခြားတဲ့ သဒ္ဓါတရားတွေ ဖြစ်လာတော့ တမင်ဆင်ခြင်လို့ပဲဖြစ်ဖြစ်၊ အမှတ်တမဲ့ပဲဖြစ်ဖြစ် မိမိရဲ့စိတ်အစဉ်ဟာ ညစ်ထေးအောင် လုပ်တတ်တဲ့ ကာမစ္ဆန္ဒ စတဲ့ နောက်ကျတဲ့ တရားတွေ ကင်းရှင်း

http://www.dhammadownload.com

နေတယ်။ "အကာလုသိယ ပစ္စုပဋ္ဌာနာ မနောက်ကျတဲ့အနေနဲ့ ထင်ဟပ်လာတယ်။" အဲဒါ သဒ္ဓါတရားရဲ့ ပစ္စုပဋ္ဌာန် ပဲ။ ဒီတော့ သဒ္ဓါတရားဟာ အပြောနဲ့ ပြီးရတာ မဟုတ်ဘူး။ အလုပ်လုပ်မှ ပြီးတာ၊ အလုပ်လုပ်မှ အသိဉာဏ်တွေ ဖြစ်ပြီးတော့ ကိုယ်ပိုင်ဉာဏ်နဲ့ အတည် ပြုဆုံးဖြတ်နိုင်တယ်ဆိုတာ ယောဂီများကိုယ်တွေ့နဲ့ တိုက်ပြီးတော့ သိနိုင်ဖို့ရန်အတွက် ဘုန်းကြီးက ကိုယ်တွေ့နဲ့ တိုက်ပြီးတော့ လေးလေးနက်နက် ဟောပါတယ်။

အင္ဂမ မာရ်စစ်သည်

ဒီနေ့ ရှစ်ခုမြောက် မက္ခ၊ ထမ္ဘခေါ်တဲ့ တရားအကြောင်း ပြောပါ့မယ်။ ဝိစိကိစ္ဆာခေါ်တဲ့ ယုံမှားသံသယတွေ ကျော်ပြီးတော့ တရားတွေ အားထုတ်လို့ ထိုက်တန်သမျှ တရားသဘောလေးတွေ တွေ့သွားရင် စိတ်ကြီးဝင်တတ်တယ်။ အဲဒါဟာ ထမ္ဘ ခေါ်တဲ့ မာနပါပဲ။ စိတ်ကြီးတွေ ဝင်ပြီးတော့ ပြုခဲ့တဲ့ ကျေးဇူးရှင်တွေကိုလည်း ချေဖျက်တတ်တဲ့သဘော၊ သူတစ်ပါးပြုဖူးတဲ့ ပြုထားတဲ့ ကျေးဇူးတွေကိုလည်းပဲ မဖော်ရအောင် ဖုံးဖိတဲ့သဘောလည်းပဲ အကြောင်းအားလျော်စွာ ဖြစ်တတ်တယ်။ အဲဒီထဲက ရှေးဦးစွာ မာနဖြစ်ပုံလေးတွေ ပြောပြီးတော့ နောက်အဆင့်ဆင့် မက္ခ၊ ထမ္ဘလေးတွေ ဆက်ပြီး ပြောပါ့မယ်။

မာန၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

ပထမဦးဆုံး မာနဖြစ်ပုံကတော့ တရားအားထုတ်တဲ့အခါ ထိုက်တန်သမျှ တရားသဘောလေးတွေ သိလာရင် "အောင်မယ်၊ ငါ တယ်ဟုတ်ပါလား။ ကြည့်စမ်း တရားသဘောလေးတွေ ဖြစ်လာလိုက်တာ ဆိုတာ ပထမတော့ ဦးရိုးပါပဲ။ ပီတိတွေ၊ ဘာတွေ ဖြစ်တာ၊ ဒီတရားမျိုး ငါ့မှာသာ ဖြစ်တာပါ။ သူများဖြစ်မှာမှ ဟုတ်ပါ့မလား။ ဆရာတွေလည်း တရားတော့ ပြနေတာပဲ။ ငါ့လိုအတွေ့ကောင်းတာ ဟုတ်မှဟုတ်ပါ့မလား။ အခြား အခြား ယောဂီတွေလည်း ငါ့လို ကြိုးကြိုးစားစား အားထုတ်တာ ဟုတ်ပါ့မလား။ ငါ့လို အတွေ့ရှင်းပါ့မလား" စသည်ဖြင့် ကိုယ်ရထားတဲ့ တရားလေးအကြောင်းပြုပြီးတော့

http://www.dhammadownload.com

စိတ်တွေ တက်ကြွပြီ။ မာန်မာနတွေ ဖြစ်တတ်တယ်။ မာနစွဲတစ်မျိုးပေါ့။ အထူးအားဖြင့် ရှုသိရတဲ့ အာရုံတို့ရဲ့ ဖြစ်ပေါ်ပြီး တစ်ခဏချင်း ပျောက်ကွယ်သွားပုံ တွေ့ရတဲ့အခါမျိုးမှာ ဝိပဿနုပက္ကိ လေသပိုင်း ရောက်တဲ့အခါမျိုးမှာ တရားမာန်တွေ အများကြီး တက်တတ်တယ်။ အဲဒါတွေ သိပ်အရေးကြီးပါတယ်။ မာနကို ကျမ်းဂန်များမှာ 'မာနော ဥန္နတိလက္ခဏော၊ အဟံကာရရသော။ ကေတုကမျတာပစ္စုပဋ္ဌာနော'လို့ ဆိုထားတယ်။ မာနော မာနဟာ၊ ဥန္နတိလက္ခဏော တက်ကြွခြင်း လက္ခဏာရှိတယ်တဲ့။ အလံဖျားဟာ တိုင်နဲ့ လေထဲ ထောက်ထားလို့ရှိရင် တက်ပြီးတော့ လွင့်နေတာပဲ။ ငါက ဘာလုပ်နိုင်တယ်။ ငါ အားထုတ်နိုင်တယ်။ ငါက သူများထက် သာတယ်။ ဒီပြင်နဲ့မတူဘူး စသည်ဖြင့် ဖြစ်လာတဲ့အခါကျတော့ တက်ကြွတဲ့သဘောတွေ ထင်ရှားတာပဲ။ အဲဒီလို ဖြစ်လာတော့ စိတ်ဟာ ဘာနဲ့တူသလဲဆိုတော့ မာတောင့်တောင့်ကြီး ဖြစ်လာတယ်။ မာတောင့်တောင့်ကြီး ကျောက်တိုင်ကြီး ထောင်ထားသလိုပေါ့လေ။ မာတောင့်တောင့်ကြီး ဖြစ်နေတယ်။

စပါးကြီးမွှေမျှား ထွန်တုံးကြီး မျိုထားရင် တောင့်တောင့်ကြီး ဖြစ်နေသလိုပေါ့လေ။ တောင့်တောင့်ကြီးဖြစ်နေတော့ ကိုယ်က အသာယူထားတော့ သူများအောက် မကျို့တော့ဘူး။ ဦးမကျိုးတော့ဘူး။ ခေါင်းထောင်ပြီးတော့ ရင်ကော့ပြီးတော့ တစ်ခါတည်း အသွင်တစ်မျိုး ဖြစ်သွားတယ်။ အဲဒီလိုဖြစ်ရင် သူ့ရဲ့စိတ်နေစိတ်ထားနဲ့ ကိုယ်အမူအရာဟာ မနူးညံ့တဲ့ အပိုင်း ရောက်သွားပြီ၊ မယဉ်ကျေးတဲ့အပိုင်း ရောက်သွားပြီ။ အဲဒီလို မနူးညံ့တဲ့ အပိုင်းရောက်လာရင် သူမှာက စိတ်တွေက ကြမ်းလာတော့ သူကစ်ဆူး ပြုတဲ့ ကျေးဇူးတွေလည်းပဲ နားမလည်ဘဲ ဖြစ်သွားတယ်။ ကျေးဇူးဆပ်ရမှန်းလည်း မသိဘဲ ဖြစ်သွားတယ်။ ကျေးဇူးလည်း နားမလည်၊ ကျေးဇူးအကြွေးကိုလည်းပဲ ဆပ်ရမှန်းမသိလို့ရှိရင်တော့ တင်ထားတဲ့ကျေးဇူးကိုတောင်မှ ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့သဘောတွေလည်း ပေါ်လာတတ်တယ်။ မကွဲတရားဆိုးကြီး ပေါ်လာတာ အင်မတန် ကြောက်စရာ ကောင်းတယ်။

http://www.dhammadownload.com

လူ့လောက ကျေးဇူးကန်းတတ်ကြ

အဲဒီမက္ခတရားကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်အနေနဲ့ ကျမ်းများမှာ ဒီလို ပြထားတယ်။ ပရဂုဏမက္ခနလက္ခဏော မက္ခောတဲ့။ မက္ခတရားဆိုးဟာ သူ တစ်ထူးပြုတဲ့ တရားဆိုးတွေကို ချေဖျက်ခြင်း၊ ဖျက်ဆီးခြင်း လက္ခဏာရှိတယ် တဲ့။ သူတစ်ထူးရဲ့ဂုဏ်တွေ နိမ့်ကျသွားအောင် တန်ဖိုးနည်းအောင် လုပ်တတ် တယ်လို့လည်း ဆိုပါတယ်။ တန်ဖိုးကျအောင် လုပ်တတ်တဲ့အပြင် နည်းနည်း လေးမှ တန်ဖိုးမထင်ရှားအောင် ဆိုပြီးတော့ တစ်နည်းနည်းနဲ့ ဖုံးလည်းဖုံးဖိ တတ်တယ်။

ဒီနေရာဌာနမှာ ကျမ်းဂန်ဆိုမိန့်ချက်တွေအရ လူတွေနဲ့ ရဟန်းတွေမှာ ဖြစ်တတ်တဲ့ မက္ခတရားအကြောင်းလေးတွေ နည်းနည်းခွဲပြီးတော့ ပြောပါ ရစေ။ ကျမ်းဂန်များမှာ ၂ မျိုးခွဲပြီးတော့ ပြပုံကတော့ လူဝတ်ကြောင် တစ် ယောက်ယောက် ဆင်းရဲလို့ ကြင်နာသနားတတ်တဲ့ တစ်ဦးဦးက အဲဒီ ဆင်းရဲ တဲ့ဘဝက နေပြီးတော့ အခြေအနေကောင်း မြင့်မားသွားအောင် ဆောင်ရွက် ပေးလိုက်တယ်။ နောက်တစ်ချိန်မှာ အခြေအနေကောင်း ရောက်သွားတော့ ပြုထားတဲ့ကျေးဇူးတွေ မေ့ပျောက်ပြီးတော့ "သင်က ကျွပ်ကို ဘာများ ပြုဖော် ရပါသတုံး" ဆိုပြီး ပြုထားတဲ့ ကျေးဇူးကို နားမလည်တဲ့အပြင် ချေဖျက်တဲ့ အပိုင်း ရောက်တာ။ ဒါဟာ လူတွေမှာ ဖြစ်တတ်တဲ့ ဟာတွေပေါ့။ ဖြစ်တတ်တဲ့ သဘာဝကတော့ ငယ်ရွယ်စဉ်ကာလ စပြီးတော့ မိဘတွေပြုတဲ့ မိဘကျေးဇူး၊ အတတ်ပညာပေးတဲ့ ဆရာသမားတွေ၊ မိတ်ကောင်းဆွေကောင်း စသည်ဖြင့် သူတစ်ပါးတို့က ပြုထားတဲ့ ကျေးဇူးတွေ သူသူကိုယ်ကိုယ် အနည်း အများ တော့ ရှိကြတာပါပဲ။ အဲဒီ ကျေးဇူးတွေကို ကျေးဇူးလို့ မထင်ဘဲနဲ့ "ငါ့မှာ သူတို့ ပြုထားတဲ့ကျေးဇူးတွေ ဘာရှိသတုံး"လို့ ဒီလိုအမျိုးမျိုး ထင်မှတ်ပြီး ကျေးဇူး ကန်းတာတွေ လောကမှာ ရှိပါတယ်။ ဒါ လူတွေမှာ ဖြစ်တတ်တဲ့ ကျေးဇူးကန်း ပုံလေးတွေပါပဲ။

သာသနာလောက ကျေးဇူးကန်းတတ်ကြ

ပြီးတော့ ရဟန်းတော်များမှာ ဖြစ်တတ်တဲ့ ကျေးဇူးကန်းပုံမျိုးကတော့ တချို့ရဟန်းတော်များ တရားနယ်ထဲမှာဆိုရင် ရဟန်းတော်နဲ့ တူတဲ့ ကမ္မဋ္ဌာန်း

http://www.dhammadownload.com

ဆရာများလည်း ဒီထဲ ထည့်သွင်းပြီးတော့ ယူရမှာပါပဲ။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ခပ်ငယ်ငယ်ရွယ်ရွယ်အခြေနေစဉ်ကာလထဲကစပြီး ဆရာဥပဇ္ဈာယ်များ ပစ္စည်းလေးပါးနဲ့ ခိုးမြှောက်တာမျိုး၊ စာပေပို့ချပြီးတော့ ထောက်ပံ့တာမျိုး၊ ကိုယ်နှုတ်စိတ်ထား ယဉ်ကျေးအောင်လို့ တရားနည်းလမ်းပြပြီး ထောက်ပံ့တာမျိုး အဲဒီလို ဆရာသမားများရဲ့အထောက်အပံ့ ယူပြီးတော့ ကြီးပွားသွားတဲ့ ရဟန်းအချို့၊ ရဟန်းမဟုတ်ပေမယ့်လို့ တရားနယ်ထဲက ကမ္မဋ္ဌာန်းဆရာတွေ၊ အဲဒီပုဂ္ဂိုလ်တွေကို အပြောကောင်းအပြကောင်းလို့ အများတကာ ကြည်ညိုကြတယ်။ မြတ်နိုးကြတယ်။ အစစအရာရာလည်းပဲ ပစ္စည်းလာဘ်လာဘတွေနဲ့ ပူဇော်ကြတယ်။ အဲဒီအခါကျတော့ စိတ်ကြီးတွေ ဝင်ပြီးတော့ ဆရာ့ကျေးဇူးတွေ မသိတော့ဘူး။ မေ့သွားပြီ။ နောင်အခါ ဆရာတွေက "သူဟာ ဘယ်အရွယ်က စပြီးတော့ သူ့ကို စာပေတွေ သင်ကြားပေးလိုက်တာပဲ။ တရားတွေ ပြလိုက်တာပဲ။ ဒီလို အခြေအနေ ရောက်ရတာဟာ ငါတို့ဆရာတွေရဲ့ကျေးဇူးပဲ" လို့ ပြောတဲ့အခါမှာ "အောင်မယ်၊ ဘာများ ကျေးဇူးပြုလို့တုံး၊ ကိုယ့်အစွမ်းနဲ့ကို ဖြစ်လာတာ" စသည်ဖြင့် မာနတွေ ထောင်လွှားပြီးတော့ ဒေါသတရားတွေနဲ့ ဆရာသမားတွေ ပြုထားတဲ့ ကျေးဇူးတွေ ချေဖျက်တတ်တယ်။ အဲဒါ ရဟန်းတော်များမှာ ဖြစ်တတ်တဲ့ မကွတရားဆိုး အကျဉ်းချုပ်ပါပဲ။

ရှေးဦးစွာ မိမိရဲ့ တန်ဖိုးတွေ ကျသွားတယ်

ဓမ္မမိသားစုထဲမှာ ဓမ္မသွေးစပ်ကြတဲ့ ပုဂ္ဂိုလ်ချင်း အကြောင်းအားလျော်စွာ အဖုအထစ်ပြဿနာလေးတွေကတော့ နည်းနည်းများများ ပေါ်တတ်ပါတယ်။ အဲဒီလို ပေါ်လာပြီဆိုရင် လောကီမိသားစုထဲမှာ တစ်ဦးဦးမှာ ပြဿနာတစ်ခု ပေါ်လာလို့ရှိရင် မိသားစုတွေ ဝိုင်းပြီးတော့ မေတ္တာကရုဏာကြီးမားစွာထားကာ ဖြေရှင်းနိုင်သေးရင် ဓမ္မနယ်ထဲမှာလည်း အမြော်အမြင်ကြီးမားစွာထားပြီးတော့ မေတ္တာ၊ ကရုဏာကြီးစွာ ထားပြီးတော့ ဖြေရှင်းနိုင်တဲ့ သူတော်ကောင်းစိတ်ဓာတ်မွေးဖို့ သိပ်အရေးကြီးပါတယ်။ အဲဒီလို သူတော်ကောင်းစိတ်ဓာတ် အခြေခံပြီးတော့ အကြောင်းအားလျော်စွာ ကြီးတဲ့ ပြဿနာ သေး၊ သေးတဲ့ပြဿနာလည်း ပပျောက်အောင် ဖြေရှင်းရမယ်။ အကူအညီ ပေးရမယ့်အစား တချို့တချို့ ပုဂ္ဂိုလ်များ မိမိမှာ ထိခိုက်လာမယ်။ သို့မဟုတ် မိမိနဲ့

http://www.dhammadownload.com

ပတ်သက်တဲ့တစ်စု ထိခိုက်လာမယ်ဆိုရင် တိုက်ခိုက်နည်းနဲ့ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်တဲ့နည်းနဲ့ပဲ ဖြစ်ဖြစ် ပတ်သက်ရာ ပုဂ္ဂိုလ်တွေရဲ့ ဂုဏ်သိက္ခာ နိမ့်ကျသွားအောင်လို့ ပြုတတ်တဲ့ အလေ့အထတွေ လောကမှာ ရှိပါတယ်။ တစ်ဖက်သား ပုဂ္ဂိုလ်ကတော့ တန်ဖိုးကျအောင် လုပ်ပေးမယ်လို့ ရှေးဦးစွာ မိမိမှာ တန်ဖိုးတွေ ကျသွားတဲ့အဖြစ်ကိုတော့ စဉ်းစားရပါတယ်။

ကျမ်းဂန်များမှာ ပြထားတာ မက္ခတရားဟာ ဘာနဲ့ တူသလဲဆိုတော့ သူတစ်ထူးကို မကျေနပ်မှု ဖြစ်ပြီးတော့ နစ်နာသွားအောင်လို့ မစင်နဲ့ ယူပြီးတော့ ပစ်လိုက်သလိုပဲ။

တစ်ဖက်သားပုဂ္ဂိုလ် မစင် စင်မှာက ဒုတိယပဲ။ ပထမကိုယ်က မစင်ကိုင်ရင် ကိုယ်မှာက ပထမဆုံး ပေရေလူးလဲသွားပြီ။ အနံ့အသက်တွေလည်း ဆိုးဝါးသွားပြီ။ ကိုယ်အရင် ခံရတာ။ ကိုယ်လည်းပဲ မသက်သာဘူး။ သူများအတွက်လည်း အကျိုးမရှိဘူး။ ဒီတော့ ကျေးဇူးဆိုတာမျိုးက ကြဲဖန်ပြီးတော့ တင်ရတယ်။ တကယ်လို့ မတင်သည့်တိုင်အောင်တောင်မှ ကျေးဇူးကန်းတဲ့ အနေမျိုး မရောက်ရအောင် သူတော်ကောင်းပီပီ ခွင့်လွှတ်သည်းခံတဲ့သဘောမျိုးတွေ ရှိဖို့ကတော့ သိပ်အရေးကြီးပါတယ်။ အပြင်လောကမှာပဲဖြစ်ဖြစ် အထူးအားဖြင့် တရားနယ်ထဲမှာဖြစ်ဖြစ် ဒီတရားတွေဟာ သိပ်ကောင်းတဲ့ တရားတွေပါ။ ဒီဟာတွေ ရှောင်နိုင်ရင် သိပ်ကောင်းတာပါပဲ။

အရိပ်နေနေ အခက်ချိုးချိုး မဖြစ်သင့်

ကျမ်းဂန်များမှာ ဥပဒေသလေး မှတ်သားစရာ ပြထားပါတယ်။ "ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။ န တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိပါပကော" တဲ့။ ခရီးသွားတဲ့အခါမှာ မောပန်းတော့ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကို တစ်အောင့်ဖြစ်ဖြစ် တော်တော်ကြာကြာ ဖြစ်ဖြစ် ခိုနားတယ်တဲ့။ ခရီးပန်းလို့ ခိုနားတဲ့အခါမှာ ဒီအပင်က အင်မတန် သာယာတဲ့အရိပ် ရတာပဲ။ ဒီအရိပ်ကို ကျေးဇူးတင်ရမှန်း မသိဘဲနဲ့ သစ်ပင်ရဲ့ အကိုင်းအခက်တွေ မချိုးရဘူးတဲ့။ တကယ်လို့ ချိုးမိလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ မိတ်ဆွေကို ပစ်မှားတဲ့ ယုတ်မာတဲ့ပုဂ္ဂိုလ် ဖြစ်တော့တာပဲတဲ့။

http://www.dhammadownload.com

ဒီသစ်ပင်နဲ့ ဥပမာပေးထားတာလေးတွေ တော်တော်မှတ်သားစရာကောင်းတယ်။ ဒီတော့ တစ်ဦးတစ်ယောက်နဲ့ ပတ်သက်လာလို့ရှိရင် နည်းနည်းပဲ ဖြစ်ဖြစ် များများပဲဖြစ်ဖြစ် ကိုယ့်ကျေးဇူးပြုဖူးပြီဆိုလို့ရှိရင် ပြုထားတဲ့ကျေးဇူးတွေကို သိပြီးတော့ အခုလောလောဆယ် ဆပ်ခွင့်မကြုံသေးတဲ့တိုင် အောင်တောင်မှ ကျေးဇူးသိတတ်တဲ့ တရားကတော့ လူတိုင်းလူတိုင်းမှာ ရှိထားရပါတယ်။ ရှိထားတော့ သူတော်ကောင်းတွေလည်းပဲ ဖြစ်နေတာပါပဲ။

ပုဂ္ဂိုလ်နဲ့ကျေးဇူးကို ခွဲခြားမြင်တတ်သော သားလိမ္မာ

ဒီနေရာဌာနမှာ ပုဂ္ဂိုလ်နဲ့ ကျေးဇူးကို ခွဲပြီးတော့ မြင်တတ်ဖို့ရန်အတွက် ကျေးဇူးသိတတ်ဘဲ့ သားတစ်ယောက်ရဲ့အကြောင်း ဝတ္ထုလေးနည်းနည်းအတိုချုပ်ပြီး ပြောပါရစေ။ မြို့တစ်မြို့မှာ မုဆိုးမ မိခင်ကြီးကို ပင်ပန်းကြီးစွာနဲ့ လုပ်ကျွေးနေတဲ့ အမျိုးသားလေးတစ်ယောက် ရှိပါတယ်တဲ့။ သူ့မိခင်ကြီးကတော့ မိခင်ပီပီ ဖတည်ကြည်ပါဘူး။ အခြားအမျိုးသားတွေနဲ့ တိတ်တိတ်ဖောက်ပြန်နေပါတယ်တဲ့။ သားက ရိုးရိုးသားသားနဲ့ ပင်ပန်းကြီးစွာ အမိကို လုပ်ကျွေးနေတယ်။ မအေက အိမ်မှာနေပြီးတော့ ဖောက်ပြန်နေတယ်ဆိုတော့ အနီးအပါးက သိကြတယ်။ ဒီတော့ သားကို အားနာတော့ မိခင်ကလည်းပဲ ပုန်းလျှိုးကွယ်လျှိုးပေါ့လေ။ အထင်ခံအမြင်ခံတော့ မဖောက်ပြန်ရဲဘူးပေါ့။ ဒါပေမယ်လို့ အနီးအပါးက သိကြတော့ ရိုးရိုးသားသားနဲ့လုပ်ကျွေးတဲ့သားကို အကြောင်းစုံ ပြောပြပါတယ်။

အဲဒီလို အိမ်နီးပါးတွေက သားကို တိုင်တဲ့အခါမှာ သားဖြစ်သူက ဘယ်လိုပြန်ပြောသတုံး။ "အမေ ပျော်သလိုသာ နေပါစေဗျာ။ အမေ စိတ်ပျော်လို့ရှိရင် တော်ပါပြီတဲ့။ ကျွန်တော့်အတွက်ကတော့ အမေ့ကို လုပ်ကျွေးဖို့ပါပဲ" တဲ့။ ဒီနေရာမှာ သားက ကျေးဇူးဆပ်စရာပုဂ္ဂိုလ်နဲ့ ကျေးဇူးဆိုတာ ခွဲပြီးတော့ မြင်လိုက်တယ်။ ဝတ္ထုကြောင်းမှာ မိခင်ယုတ်မာမှုကတော့ မိခင်ရဲ့တာဝန်ပါပဲ။ ပြုစုဖို့ကတော့ သားရဲ့တာဝန်ပဲလို့ဆိုလိုပါတယ်။ အဲဒီလို သဘောထားရှိတဲ့ မိခင်ကိုပြုစုရာမှာ မိခင်အနေနဲ့ သဘောထားပြီးတော့ သဘောထားဖို့မဟုတ်ပါဘူး။ ကျေးဇူးရှင်ဆိုတဲ့အနေနဲ့ ကျေးဇူးရှင်ဆိုရင် ကျေးဇူးကျွေးတွေ မကျန်ရအောင်လို့ ဆပ်ရမယ်ဆိုတဲ့အသိစိတ်နဲ့ သူ ဆောင်ရွက်နေတာပါ။ ဒီတော့

http://www.dhammadownload.com

ဒီဝတ္ထုကြောင်းအရဆိုလို့ရှိရင် သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ခုရောနောင်ပါ သံသရာရေးတွေကို မျှော်တွေးပြီးတော့ တင်နေတဲ့ ကျေးဇူးတွေကို ဆပ်သင့်တယ်ဆိုတာ ဒီမှာ မှတ်ချက် ရပါတယ်။ စာထဲမှာဆိုတာကတော့ ကျေးဇူးဆပ်ခံရတဲ့ သူဟာ ဘယ်လို ဂုဏ်အရည်အချင်းတွေရှိမှ ဆပ်ရမယ်ဆိုတာ ဒီလိုသတ်မှတ်ချက် မရှိပါဘူး။ မိမိအောက် အဆင့်နိမ့်တဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ တန်းတူပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်၊ ကိုယ့်ထက် အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ပြုတဲ့ကျေးဇူးသိနားလည်ပြီးတော့ ကျေးဇူးကျေးကို ဆပ်ဖို့ကတော့ ကျေးဇူးစားတဲ့ပုဂ္ဂိုလ်မှာ တာဝန်အမြဲတစေ ရှိပြီဆိုတာ နားလည်ရမှာပါပဲ။

အလွန်ရခဲတဲ့ ပုဂ္ဂိုလ် ၂ ဦး

ဒီနေရာဌာနမှာ ဒုလ္လဘ အလွန်ရခဲတဲ့ ပုဂ္ဂိုလ် ၂ ဦး၊ ရှားပါးတဲ့ ပုဂ္ဂိုလ် ၂ ဦး၊ အကျဉ်းချုပ်ပြီးတော့ ပြောပါရစေ။ ပထမပုဂ္ဂိုလ်ကတော့ ပုဗ္ဗကာရီတဲ့။ အကြောင်းအားလျော်စွာ မေတ္တာ၊ ကရုဏာ ထားပြီးတော့ အကူအညီပေးတာကို 'ကျေးဇူးပြုတာ'လို့ ခေါ်ပါတယ်။ ဒုတိယပုဂ္ဂိုလ်ကတော့ ပြုတဲ့ကျေးဇူးသိနားလည်ပြီးတော့ ကျေးဇူးပြုတာက ကတညူ ဖော်ကြူးထားတာက ကတဝေဒီတဲ့။ လောလောဆယ် မဆပ်နိုင်သေးတဲ့တိုင်အောင်တောင်မှ နောင်အခွင့် သင့်လို့ရှိရင် ကျေးဇူးတွေ ဆပ်ရမှာဆိုတာကို သိတာ၊ ကျေးဇူးကျေးတွေ တင်နေမှန်း သိတာ။ အဲဒီပုဂ္ဂိုလ်ဟာ လောကမှာ ဒုလ္လဘရဖို့ရန် ခဲယဉ်းတယ်တဲ့။ ရဖို့ရန် ခဲယဉ်းတယ်ဆိုတော့ ရှားပါးတဲ့ပစ္စည်းလို ဖြစ်သွားတာပေါ့။ ရှားပါးတဲ့ပစ္စည်းဆိုရင် တန်ဖိုးတွေ တက်သွားတာပဲ။ သိပ်ကောင်းတယ်။ "မြတ်စွာဘုရားဟာ တစ်ကမ္ဘာလုံးမှာ မေတ္တာ၊ကရုဏာထားပြီးတော့ ရှေးဦးစွာ ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်ကြီးပဲ"လို့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို သိနားလည်ပြီး မိမိတို့ကိုယ်တိုင်လည်း ကတညူ ကတဝေဒီ ပုဂ္ဂိုလ်အရာမှာ တည်ပြီး မာန၊ ထမ္ဘ၊ မက္ခခေါ်တဲ့ မာရ်စစ်သည်ဆယ်ပါးထဲက ရှစ်ခုမြောက် ဒီစစ်တပ်ကြီးကို ဖြိုဖျက်ခိုင်းကြလို့ တရားတွေ အဆင့်ဆင့်တက်ပြီး နောက်ဆုံး မာရ်စစ်သည်တွေကို နိုင်လောက်တဲ့အထိ ကြိုးစားအားထုတ်ပြီးတော့ ချမ်းသာစစ်၊ ချမ်းသာမှန်တွေ ရတဲ့အထိ နောက်ဆုံးအားထုတ်နိုင်ကြပါစေ။

http://www.dhammadownload.com

နဝမ မာရ်စစ်သည်

မာရ်စစ်သည် ၁၀ ပါးထဲက ၉ ခုမြောက်ဖြစ်တဲ့ 'လာဘသက္ကာယ သိလောက'ဆိုတဲ့အကြောင်း ဟောပါ့မယ်။ အဲဒီသုံးမျိုးထဲက 'လာဘ' ဆိုတာ မိမိအားထုတ်လို့ရတဲ့ တရားထူးရဲ့ အရှိန်ကြောင့်ပဲဖြစ်ဖြစ်၊ တရားသဘောလေးတွေ သူများတစ်ဆင့် ပြောပြလို့ပဲဖြစ်ဖြစ်၊ စာပေနဲ့တိုက်ဆိုင်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဟောပြလို့ပဲဖြစ်ဖြစ်၊ ဒီအကြောင်းတွေကြောင့် ဒကာ၊ ဒကာမတွေဆီက ရရှိတဲ့ ပစ္စည်းလေးပါးကို 'လာဘ'ခေါ်ပါတယ်။ ကောင်းကောင်းမွန်မွန်၊ မွန်မွန်မြတ်မြတ် ပြုလုပ်ပူဇော်တာကို 'သက္ကာယ'လို့ ခေါ်ပါတယ်။ 'ဒီပုဂ္ဂိုလ်က တရားထူးရထားတဲ့ ပုဂ္ဂိုလ်ပဲ။ တရားဟောလည်း ကောင်းတယ်။ တရားပြလည်း ကောင်းတယ်' စသည်ဖြင့် နာမည်ကျော်ကြားတာကို 'သိလောက'လို့ ခေါ်ပါတယ်။

အဲဒီသုံးမျိုးဟာ ရှေးဦးစွာတော့ တရားအားထုတ်လို့ တရားအခြေအနေကောင်းလာတဲ့ ပုဂ္ဂိုလ်များနဲ့ အသက်ဆိုင်ဆုံးပါပဲ။ ဘုန်းကြီးတို့ အခု တရားလာပြီး အားထုတ်ကြတဲ့ပုဂ္ဂိုလ်များဟာ ဘာရည်ရွယ်ချက်နဲ့ တရား လာပြီး အားထုတ်သလဲဆိုတာ ရည်ရွယ်ချက်ကို နားလည်ထားဖို့ အရေးကြီးပါတယ်။ ဘဝသစ်ရယ်လို့ ရလာပြီဆိုရင် ရှောင်တိမ်းလို့ မရနိုင်တဲ့ အိုရတဲ့၊ နာရတဲ့၊ သေရတဲ့ ဆင်းရဲ၊ စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ ဆင်းရဲ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲစသည်တွေ ကြုံနေရပါတယ်။ အဲဒီဆင်းရဲအစုရဲ့အဆုံးသတ်ကတော့ ရှိနိုင်ကောင်းရဲ့လို့ ရှိနိုင်တယ်လို့ဆိုတဲ့ အဲဒီဆင်းရဲတွေ ကင်းရာကင်းကြောင်းဖြစ်တဲ့ အကျင့်တွေဟာ ရှိကောင်းရဲ့ဆိုတဲ့ ယုံကြည်ချက်အပြည့်အဝ နဲ့ တချို့ရဟန်းအဖြစ် တချို့ယောဂီအဖြစ်နဲ့ ရောက်လာကြတယ်ဆိုတာတော့ သိနားလည်ထားဖို့ပါပဲ။

ပဗ္ဗဇိတ

အဲဒီလို ရည်ရွယ်ချက်ကောင်းကောင်းနဲ့ တရားနယ်ထဲ ရောက်လာတဲ့ ရဟန်းတော်များကိုတော့ 'သမဏ ပဗ္ဗဇိတ'လို့ခေါ်တာပေါ့။ လူများကိုလည်းပဲ ပဗ္ဗဇိတထဲ သွင်းရမှာပဲ။ 'ပဗ္ဗဇိတ'ရဲ့အဓိပ္ပာယ် ၂ မျိုးထွက်ပါတယ်။ ၂ မျိုး

http://www.dhammadownload.com

ထဲက ပထမအမျိုးအစားက လူမှုကိစ္စအဝဝတွေကို စွန့်ခွာပြီးတော့ အဿမ ခေါ်တဲ့ ရိပ်သာကျောင်းသင်္ခမ်းကျောင်းမှာ ကပ်နေသူလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ လူမှုကိစ္စတွေကို ဆိုတာကတော့ အရောင်းအဝယ် စီးပွားရေး ကိစ္စတွေ၊ လောကီပညာရေး ကိစ္စတွေ၊ ကာမဂုဏ်ကိစ္စတွေ၊ လူမှုရေးကိစ္စတွေ ဒါတွေ ပါပဲ။ အဲဒါတွေကို 'ပ' စွန့်ခဲ့ပြီးတော့တဲ့ +'ဝဇိတ'=သင်္ခမ်းကျောင်းမှာ ကပ် ရောက်နေထိုင်သူလို့ ခေါ်ပါတယ်။ အဲဒီ အဿမစကားအရ သာမန်ဆိုရင် တရားအားထုတ်ရာဌာနလို့ ဒီလိုပြန်မှာပါပဲ။ အမှန်ကတော့ ဒီထဲမှာ ငုတ်နေ တဲ့အဓိပ္ပာယ်က ကိလေသာအပူတွေကို ပြင်းပြင်းထန်ထန် ငြိမ်းသတ်ရာ ဌာန လို့ အဓိပ္ပာယ်ရပါတယ်။ ဘာဖြစ်လို့ ဒီကိလေသာတွေကို အပြင်းအထန်ငြိမ်း သတ်ရသတုံးဆိုတော့ လူတွေမှာ ခုနပြောခဲ့တဲ့ ဆင်းရဲတွေ မှန်သမျှဟာ အဲဒီ ကိလေသာတွေ အရင်းခံလို့ပါပဲ။ အဲဒီအရင်းခံဖြစ်တဲ့ ကိလေသာတွေကို ပယ် သတ်ဖို့ပါပဲ။ ဒီကိလေသာတွေက သူတို့ဖြစ်ဆဲမှာလည်းပဲ ကိလေသာမကင်း တဲ့ ပုဂ္ဂိုလ်ကို ကပ်ပြီးတော့ နှိပ်စက်တတ်တယ်။ မီးနဲ့တူတာမို့လို့ အမြဲတမ်း သူတို့က လောင်မြိုက်နေတယ်။

အကျင့် ၃ မျိုးနဲ့ကိလေသာ ၃ မျိုး

မီးဟာ လောင်စာတွေ လောင်မြိုက်နေတာ ဖြစ်လို့ ပူတယ်။ လောင်ပြီး တဲ့ နောက်ပိုင်းမှာလည်း လောင်စာတွေဟာ မြင်မကောင်းအောင် မည်းညစ် ပြီး ကျန်နေခဲ့တယ်။ ဒါလိုပဲ ကိလေသာတွေဟာလည်း သူတို့ဖြစ်တုန်းမှာ ပင်ပန်းဆင်းရဲ၊ ပူလောင်။ နောင်တစ်ချိန်မှာလည်း အပါယ်ဆင်းရဲက အစ ဆင်းရဲခြင်းအကြောင်း ဖြစ်သွားနိုင်တယ်။ အဲဒီကိလေသာတွေ ငြိမ်းဖို့ရန် အတွက် စစ်မှန်တဲ့ အကျင့်လမ်းကြောင်းကို ရှာလိုက်တဲ့ အခါကျတော့ သီလ၊ သမာဓိ၊ ပညာ ဒီအကျင့် ၃ မျိုး ထွက်လာပါတယ်။ အကျင့်သိက္ခာက သုံးမျိုးရှိ တော့ အဲဒီသုံးမျိုးကို လက်တွေ့ကျကျ ကျင့်သုံးခြင်းအားဖြင့် အပယ်ခံဖြစ်တဲ့ ကိလေသာဟာလည်း သုံးမျိုးခွဲရမှာပါပဲ။ အဲဒီကိလေသာသုံးမျိုးဆိုတာက တော့ (၁) ဝီတိက္ကမ ကိလေသာ၊ (၂) ပရိယုဌာန ကိလေသာ၊ (၃) အနုသယ ကိလေသာတို့ ဖြစ်ပါတယ်။ အဲဒီ ကိလေသာသုံးမျိုးထဲက ဝီတိက္ကမ ကိလေ

http://www.dhammadownload.com

သာကတော့ သတ်တဲ့အခါ၊ သူတစ်ပါးပစ္စည်း မတရားယူတဲ့အခါ၊ သူတစ်ပါး သားမယား ပြစ်မှားတဲ့အခါ၊ လိမ်ညာပြောတဲ့အခါမျိုးမှာ ထင်ရှားပါတယ်။ သူကတော့ ကြမ်းတမ်းပါတယ်။ လွန်ကျူးတဲ့အပိုင်း ရောက်သွားပါတယ်။ ဒုတိယ ပရိဇ္ဇာနကိလေသာကတော့ အဲဒီလို လွန်ကျူးတဲ့ အဆင့်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လို့ စိတ်ထဲမှာ ဖြစ်နေတာ။ သူများညှဉ်းဆဲ သတ်ဖြတ်လိုစိတ်တွေ ပေါက်နေတာ။ သူများပစ္စည်း မတရားယူလိုမှုတွေ ပေါက်နေတာ။ သူများလိမ်ချင်ညာချင်တာပေါ့လေ။ စိတ်နဲ့တွဲယှဉ်ပြီး ဖြစ်နေတဲ့ သောင်းကျန်းတဲ့ ကိလေသာတွေကို ပရိယုဋ္ဌာနကိလေသာ ခေါ်တာပါပဲ။

ကိလေသာ ၃ မျိုး၏ ဥပမာ ၂ ခု

နောက်ဆုံးအနုသယကိလေသာဆိုတာကတော့ ထင်ထင်ရှားရှားတော့ မဖြစ်သေးဘူးပေါ့။ အကြောင်းညီညွတ်ရင် ဖြစ်ဖို့အတွက် ငုတ်နေတဲ့မျိုးအနေနဲ့ ကိန်းနေတဲ့ ကိလေသာဓာတ်တစ်မျိုးပဲ။ အထင်ရှားဆုံး လောကီဥပမာနဲ့ ပြောရမယ်ဆိုရင် လူတစ်ယောက် အိပ်ပျော်နေတာနဲ့ တူပါတယ်။ အိပ်ပျော်နေတဲ့ကိလေသာမျိုးပေါ့လေ။ ပရိယုဋ္ဌာနကိလေသာကတော့ အိပ်ပျော်ရာကနေပြီး နိုးလာတယ်။ စိတ်ထဲမှာ နိုးကြားလာတဲ့ကိလေသာပဲ။ လူတစ်ယောက် အိပ်ပျော်နေရာက နိုးလာသလိုပေါ့။ ဝိတိက္ကမ ကိလေသာကတော့ နိုးလာပြီးတော့ ထ၊ ထပြီးတော့ ဟိုသွား ဒီသွား၊ ဟိုလုပ် ဒီလုပ် လျှောက်ပြီးတော့ အလုပ်လုပ်တဲ့လူနဲ့ တူပါတယ်။ တစ်နည်းအားဖြင့်လည်းပဲ အနုသယကိလေသာဆိုတာ မီးခြစ်မျှားမှာ ယမ်းထဲမှာ ရှိတဲ့မီးမျိုးနဲ့ တူပါတယ်။ ပရိယုဋ္ဌာနကိလေသာ ဆိုတာကတော့ မီးခြစ်လိုက်တဲ့အခါမှာ မီးခြစ်ဆံမှာ တောက်လာတဲ့ မီးတောက်နဲ့ တူပါတယ်။ အဲဒီမီးတောက် မငြိမ်းဘဲနဲ့ ဟိုပစ် ဒီပစ် လုပ်ရင်တော့ အခြားနေရာတွေလည်းပဲ မီးကူးလို့ သွားပါတယ်။ ဒီလိုပဲ စိတ်ထဲ ဖြစ်နေတဲ့ ကိလေသာ စိတ်ထဲတွင် ငြိမ်းအောင် မလုပ်နိုင်ဘူးဆိုရင်တော့ လောဘ၊ ဒေါသတွေ အပြင်းအထန်ဖြစ်ပြီး သတ်မှုတို့၊ ခိုးမှုတို့ စသည်တွေ ဖြစ်ပြီးတော့ အမျာမှာလည်း ထိခိုက်၊ အမျာမှာလည်း မသက်သာ၊ ကူးစက်တာတွေ ဖြစ်သွားနိုင်ပါတယ်။

http://www.dhammadownload.com

သီလပဗ္ဗဇိတ

အဲဒီကိလေသာသုံးဆင့်ကို အစဉ်အတိုင်း သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာနဲ့ ပယ်သတ်ရမှာပါ။ ဝိတိက္ကမ ကိလေသာကို သီလနဲ့ ပယ်သတ်ရမှာပါ။ ဒါတွေ မလုပ်ပါဘူး။ ဒါတွေ မပြောပါဘူးလို့ ဆောက်တည် စောင့်ထိန်းထားတဲ့အတိုင်း မကျိုးမပေါက်ရအောင် ထိန်းသိမ်း စောင့်ရှောက်လို့ရှိရင် သီလနဲ့ ကိလေသာတွေ ငြိမ်းသွားပါပြီ။ သီလနဲ့ ကိလေသာတွေကို နှင်ထုတ်လိုက်ပါပြီ။ လူကလည်းပဲ လူအလိုက်၊ ရှင်ရဟန်းလည်းပဲ ရှင်ရဟန်းအလိုက် ကိုယ့်သီလနဲ့ ကိုယ် ပြည့်စုံနေရင် အဲဒီသီလဟာ သီလပျက်လို့ ဖြစ်နိုင်တဲ့ ဝိတိက္ကမကိလေသာတွေကို ထွက်ခွာစေတော့တာပဲ။ နှင်ထုတ်လိုက်တော့တာပဲ။ အဲဒီလို ထွက်ခွာစေ၊ နှင်ထုတ်တဲ့ပုဂ္ဂိုလ်ကို ပါဠိလို 'ပဗ္ဗဇိတ' လို့ ခေါ်ပါတယ်။ သီလအကျင့်နဲ့ နှင်ထုတ်လိုက်တာမို့လို့ 'သီလပဗ္ဗဇိတ'လို့ ဆိုရပါတယ်။ သီလနဲ့ ဒီလိုအကြမ်းစား ကိလေသာကို နှင်ထုတ်နိုင်ရင်လည်းပဲ တော်တော်အကျိုးကျေးဇူးရှိလှပါပြီ။ ကိုယ်မှုလေးတွေလည်း စင်ကြယ်သန့်ရှင်း ယဉ်ကျေး၊ နှုတ်မှုလေးတွေလည်း စင်ကြယ်သန့်ရှင်း ယဉ်ကျေး။ ဒီလောက်ဆို တော်တော်ခိုးမွမ်းစရာကောင်းနေပြီ။ လူမှုချမ်းသာတွေ စွန့်ခွာခဲ့ရလို့ ဆုံးရှုံးနစ်နာသွားတဲ့ ချမ်းသာနေရာမှာ သီလပြည့်စုံလို့ ရရှိတဲ့ချမ်းသာ အစားရောက်လာတယ်။ အဲဒီလို အကြမ်းစား ကိလေသာကို အရပ်ထဲမှာ လည်း ပယ်လို့ မရဘူးလားလို့ ဆိုတော့ ရနိုင်ပါတယ်။

စိတ်သန့်ရှင်းဖို့ လိုသေးတယ်

ဒါပေမယ်လို့ အခုလို အဿမလို့ခေါ်တဲ့ ကိလေသာတွေကို ငြိမ်းသတ်ရာ ဌာနကို လာရောက်ပြီး ငြိမ်းသတ်တာလောက်တော့ ထိရောက်မယ် မထင်ဘူး။ မထိရောက်လို့လည်းပဲ ကိလေသာအကြမ်းစား ငြိမ်းသတ်ရာဌာန ရောက်လာကြတာပဲ။ ငါးပါးသီလလောက်ကတော့ လွယ်ပေမယ့်လို့ အာဇီဝဋ္ဌမက သီလတို့၊ ဥပေါသထအင်္ဂဂ်သီလတို့၊ ၁၀ ပါး သီလတို့ကတော့ တော်တော် မလွယ်တာပါ။ ရဟန်းတော်များအနေနဲ့ဆိုရင် အရပ်ထဲမှာ နေရင်တော့ သာပြီး မလွယ်တာပေါ့။ ဒါကြောင့် သန့်သန့် အဿမနေရာဌာနမှာ

http://www.dhammadownload.com

နေမှ ဒီသီလတွေလည်း ပြည့်စုံနိုင်ပါတယ်။ နေပြီးတော့ ဒီသီလတွေ ပြည့်စုံရင် အကြမ်းစား ကိလေသာတွေကို နှင်ထုတ်တဲ့ အခြေခံ ပဌဇ်တအစစ် ဖြစ်တော့ တာပါပဲ။ ဒီတော့ ဒီလိုရဟန်းဘဝမျိုး၊ ယောဂီဘဝမျိုး ခံယူထားတယ်ဆိုရင် အဲဒီဘဝနဲ့တန်တဲ့ အဿမနေရာမျိုးမှာ နေပြီးတော့ ကျင့်သုံးမှ သဘာဝကျပါ တယ်။ သီလနဲ့ ကိုယ်နဲ့နှုတ်ကို ထိန်းချုပ်လို့ ငြိမ်းသွားပေမယ့်လို့လည်း မပြီး သေးပါဘူး။ စိတ်ကိုလည်းပဲ ထိန်းဖို့လိုပါသေးတယ်။ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း မှာ ကိလေသာတွေ မပါအောင် သန့်ရှင်းနေအောင် ထိန်းချုပ်ဖို့လိုသေးတယ်။ အဲဒါကတော့ သမာဓိသိက္ခာပါပဲ။ သမာဓိသိက္ခာဆိုတာကတော့ အားလုံးသိ ကြတဲ့အတိုင်းပဲ။

သမာဓိပဌဇ်တ

ကိုယ်ထဲ စိတ်စိုက်ပြီးတော့ လက်ငင်းပေါ်တဲ့ အာရုံတိုင်း သိအောင် အမြဲတစေ ဖြောင့်မှန်စွာ ကြောင့်ကျစိုက်မှု သမ္မာဝါယာမမဂ္ဂင် ရှိနေရမယ်။ ဖြောင့်မှန်စွာ ကြောင့်ကျစိုက်ပေးသလောက် ဖြောင့်မှန်တဲ့ အမှတ်သတိလေး တွေလည်း ဖြစ်နေတယ်။ သမ္မာသတိတွေလည်း ဖြစ်ရတယ်။ စွဲမြဲစွာ ရှုမိရာ အာရုံပေါ်မှာ စူးခနဲ စိုက်ခနဲ ကပ်ခနဲ ကျသွားတဲ့ ဖြောင့်မှန်တဲ့ စိတ်ရဲ့စုစည်းမှု သမာဓိလေးတွေ ဖြစ်နေဖို့ လိုပါတယ်။ စက္ကန့်တိုင်း မလပ် ဖြစ်နေရမယ်။ စက္ကန့်တိုင်းမလပ် ဝီရိယ၊ သတိ၊ သမာဓိ ခေါ်တဲ့ သမာဓိခန္ဓ သမထတရားတွေ ဖြစ်နေရင် စိတ်ထဲ ဖြစ်နေတဲ့ ကိလေသာတွေကို ထိန်းချုပ်လိုက်ပါပြီ။ တကယ် လို့ အထူးကြောင့်ကျထားပြီးတော့ စွဲမြဲစွာမရှုရင် စိတ်ဟာ အစုအစည်း ပျက် ပြီးတော့ စိတ်ထဲမှာ လောဘ၊ ဒေါသတွေ ဝင်ပြီးတော့ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေမယ်။ အခုဒီသုံးမျိုးဖြစ်နေတော့ မသောင်းကျန်းတော့ဘူး။ စိတ်မှာ ကိလေသာတွေ မဖြစ်ရအောင် ထိန်းချုပ်ထားလိုက်တာ။ အဲဒါ သမာဓိ သိက္ခာနဲ့ ပရိယုဋ္ဌာန ကိလေသာတွေကို နှင်ထုတ်လိုက်တာပဲ။ အဲဒါ သမာဓိပဌဇ်တ ခေါ်တယ်။ အဲဒီလို ဝီရိယ၊ သတိ၊ သမာဓိ ခေါ်တဲ့ သမထအား တွေ အားကောင်းတဲ့အခါကျတော့ ချမ်းသာတာမျိုး ပေါ်လွင်လာပါတယ်။ ဝူပသမသုခတဲ့ ကိလေသာတွေ ငြိမ်ဝပ်သွားလို့ စိတ်တွေ ကြည်လင်ပြီးတော့

http://www.dhammadownload.com

ထူးထူးခြားခြား ချမ်းသာမှုလေး ပေါ်ထွက်လာတယ်။ အခု အားထုတ်လို့ အမှတ်အားလေး တော်တော်ကောင်းလာတဲ့အခါ ရာဂဝင်ပြီးတော့ စိတ်တွေ လှုပ်ရှားတာ မရှိဘူး။ ဒေါသဝင်ပြီးတော့ စိတ်တွေလှုပ်ရှားတာ မရှိဘူး။ အခြားအခြားကိလေသာတွေ ဝင်ပြီးတော့ စိတ်တွေ လှုပ်ရှားတာ မရှိဘူး။

ကိလေသာတွေ ငြိမ်ဝပ်ပြီးတော့ ချမ်းချမ်းသာသာ ဖြစ်နေတာလို့ ဒီလို ဆိုလိုပါတယ်။ အထူးအားဖြင့် ကာမဂုဏ်ကိစ္စ၊ ကာမဂုဏ်ချမ်းသာတွေ စွန့်ခဲ့ရလို့ ဆုံးရှုံးနစ်နာသွားတဲ့ နေရာမှာ ဝူပသမခေါ်တဲ့ သမထချမ်းသာ ရောက်လာပြီဆိုရင် ကာမဂုဏ်ချမ်းသာ လက်လွှတ်ရ ဆုံးရှုံးရကျိုးနပ်သွားပြီ။ ယှဉ်ကြည့်ပေါ့။

ပညာပဗ္ဓဇိတ

စိတ်ထဲ ငြိမ်းရုံနဲ့ မပြီးသေးပါဘူး။ ငုတ်နေတဲ့ မျိုးကိလေသာတွေကို အခြိန်ပိုင်း အပြတ်ရှင်းဖို့နဲ့ အခြိန်ပြည့် အပြတ်ရှင်းဖို့ရာ ပညာသိက္ခာကို ပြည့်စုံအောင် အားထုတ်ဖို့ လိုပါသေးတယ်။ သမာဓိတွေ အားကောင်းလို့ အခြေခံရုပ်နာမ်ပိုင်းခြားသိမှုကအစ အဆင့်ဆင့်ဉာဏ်လေးတွေ ဖြစ်လာရင် ကိလေသာတွေ အခြိန်ပိုင်း မျိုးပြုတ်သွားမယ်။ နောက် အရိယမဂ်ဉာဏ်ဖြစ်တဲ့အခါကျတော့ ဆိုင်ရာကိလေသာတွေ အခြိန်ပြည့် အပြတ်ရှင်းလိုက်တဲ့အခါမှာ မျိုးပြုတ်သွားမယ်။ အနည်းဆုံး သောတာပတ္တိမဂ်ဉာဏ် ဖြစ်သွားရင် အပါယ်နဲ့ စပ်တဲ့ ကိလေသာတွေ မျိုးပြုတ်သွားမယ်။ အဲဒီလိုအဆင့်ရောက်တဲ့အထိ ကြိုးစားအားထုတ်လို့ မျိုးကိလေသာတွေ တန်သလောက် ပြတ်သွားပြီဆိုရင် အဲဒီကိလေသာမျိုးကို ပညာ သိက္ခာနဲ့ နှင်ထုတ်နေတာ။ အဲဒါကို "ပညာပဗ္ဓဇိတ"လို့ ခေါ်ပါတယ်။ အဲဒီလို သီလ၊ သမာဓိ၊ ပညာအကျင့်နဲ့ ကိလေသာတွေကို နှင်ထုတ်ဖို့ရန် ပဗ္ဓဇိတအဖြစ် ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ခံယူထားတဲ့ ပုဂ္ဂိုလ်ဟာ ရဟန်းပဲ ဖြစ်ဖြစ်၊ လူဝတ်ကြောင် ယောဂီပဲဖြစ်ဖြစ် အားထုတ်ဆဲကာလမှာ ခုန လာဘ်လာဘတွေကို အလေးထားနေမယ်။ သူများပြုစုယုယနေတာတွေကို အလေးထားနေမယ်။ နာမည်ကြီးမှုကို အလေးထားနေမယ်။ ဘယ်လိုဖြစ်သွားနိုင်သတုံးဆိုတာ စဉ်းစားရပါတယ်။ အခုပြောခဲ့တဲ့ လာဘ

http://www.dhammadownload.com

သက္ကာယသိလောကဆိုတာ တရားသမားတွေကို အကြီးအကျယ် တရားထူး မရအောင်လို့ တိုက်ခိုက်နေတဲ့ တကယ့်အင်အားကောင်းတဲ့ တပ်မကြီးပဲဆိုတဲ့ အဖြစ်ကိုတော့ ဆက်လက်ပြီးတော့ ရှင်းပြဖို့ လိုပါသေးတယ်။ ဒါပေမဲ့လို့ ဒီနေ့ အချိန်ကျလာတာမို့လို့ နက်ဖန်မှပဲ ဆက်လက်ပြီးတော့ စာတွေ့နဲ့လက်တွေ့ နှစ်ခုပေါင်းစပ်ပြီး ပြောပြပါရစေတော့။ ဒီနေ့ ဒီလောက်နဲ့ပဲ ရပ်ကြပါစို့။

http://www.dhammadownload.com

သပ္ပါယ ၇ ပါး

ကိုးခုမြောက် မာရ်စစ်သည်နှင့် ရင်ဆိုင်နေရသူ

ဒီနေ့ မနေ့က ပြောလက်စရှိတဲ့ ၉ ခုမြောက် လာဘသက္ကာယ သိလောက ခေါ်တဲ့ မာရသေနအကြောင်း ဆက်လက်ပြီးတော့ ပြောပါဦးမယ်။ မနေ့က 'ပဗ္ဗဇိတ'ဆိုတဲ့ပုဒ်ရဲ့သရုပ်ကို ငုပ်နေတဲ့ အဓိပ္ပာယ်ဖော်ပြီးတော့ ရှင်းခဲ့ပါတယ်။ ဒီတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များဟာ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ပယ်ထုတ်ဖို့ရန်အတွက် သီလ၊ သမာဓိ၊ ပညာအကျင့်တရားတွေ ကျင့်သုံးဖို့ ဒီလိုအဿမ ခေါ်တဲ့ နေရာဌာန ရောက်နေကြသူများလို့ ဒီလို တွက်ထားဖို့ လိုပါတယ်။ ဒီတော့ ဒီရောက်လာပြီးမှ လိုအပ်တဲ့အစားအသောက် အဝတ်၊ နေရာထိုင်ခင်းနဲ့ ဆေးဝါး၊ ဓာတ်စာ ကိုယ့်မှာ ပြည့်စုံလို့ ရှိရင် ပြီးပါပြီ။ ဒါပေမဲ့လို့ အပိုတွေ လိုချင်တာ၊ အပိုတွေ ဝတ်ချင်တာ၊ အပိုတွေ စားချင် သောက်ချင်တာ၊ ချမ်းချမ်းသာသာနဲ့ ဇိမ်ရှိရှိ နေရာဌာနတွေမှာ နေချင်တာ၊ အခြားမလိုအပ်တဲ့ လူသုံးပစ္စည်းတွေ ရလိုတာ၊ ရလိုရေးအတွက် လုံးပမ်းရတာ။ "မိမိဟာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ပဲ၊ တရားရသူပဲ"လို့ ဒီလို နာမည်ကြီးချင်တာ၊ ထင်ပေါ်ချင်တာလေးတွေ ရှိနေလို့ရှိရင် အဲဒါ ၉ ခု မြောက် မာရသေနနဲ့ ရင်ဆိုင်နေရတာပါပဲ။

http://www.dhammadownload.com

အာဝါသသပ္ပါယ

တစ်ခုတော့ ရှိတယ်။ ဒီလိုတရားအားထုတ်ရာမှာ "သပ္ပါယကိရိယ သမွာဒေတိ"လို့ ကျမ်းဂန်များမှာ ဣန္ဒြေငါးပါးထက်ကြောင်း ၉ မျိုး ပြထား တဲ့ထဲက တစ်မျိုးတော့ ရှိပါတယ်။ သင့်တင့်လျောက်ပတ်အောင် ပြုခြင်းအား ဖြင့် ဘာဝနာပညာကို ပြီးပြည့်စုံစေရမယ်လို့ ပြပါတယ်။ အဲဒီ သပ္ပါယကိရိယာ ဆိုတဲ့စကားမှာ သပ္ပါယအရ ကျမ်းဂန်မှာ ခုနစ်မျိုး ပြထားပါတယ်။ အဲဒီ ခုနစ် မျိုးထဲက အာဝါသသပ္ပါယ-နေရာထိုင်ခင်း အဆင်ပြေ မျှတရမယ် တဲ့။ ဒီ ကမ္မဋ္ဌာန်းဌာနဟာ နေရာထိုင်ခင်းကတော့ အထူးပြောစရာ မရှိပါဘူး။ အင်မတန် ကောင်းပါတယ်။ ဒီနေရာဌာနမှာ အားထုတ်ကြည့်လို့ မဖြစ်သေး တဲ့ သမာဓိပညာတွေ ဖြစ်ပြီဆိုရင်တော့ အဲဒီဌာနဟာ ကိုယ့်အတွက် အာဝါသ သပ္ပါယ ဖြစ်တော့တာပဲ။

ဂေါစရသပ္ပါယ

ဒုတိယကတော့ ဂေါစရသပ္ပါယ၊ ဒါကတော့ ဆွမ်းခံစားတဲ့ ရဟန်းများ နဲ့ ပိုပြီးတော့သက်ဆိုင်ပါတယ်။ ဆွမ်းတစ်နေ့စာအတွက် သို့မဟုတ်တစ်နပ်စာ အတွက် အသွားအပြန် ဘာမှမကြာတဲ့ ဆွမ်းခံရွာက မနီးမဝေး ဖြစ်ရမယ်လို့ ဒီလိုဆိုလိုတာပါ။ လူများအတွက်ကတော့ စားရေး သောက်ရေးနဲ့ ပတ်သက် ပြီးတော့ အခြိန်မကုန်ဘဲနဲ့ ဖြစ်နိုင်တာမျိုးပေါ့။ အဲဒါဆိုရင် ဂေါစရ သပ္ပါယ အလိုလို ဖြစ်သွားတော့တာပဲ။ တစ်နည်းအားဖြင့် မကျက်စားသင့်တဲ့ နေရာ ဌာနမှာ မကျက်စားရဘူးတဲ့။ သွားသင့်တဲ့ နေရာဌာနမှာ သွားရမယ်တဲ့။ အဲဒါ လည်း ဂေါစရသပ္ပါယထဲမှာ အကြောင်းအားလျော်စွာ ထည့်သွင်းပြီး ယူနိုင် ပါတယ်။ ဥပမာ သမာဓိ ပျက်နိုင်လောက်တဲ့ နေရာဌာနမျိုးတွေ သွားရင် သမာဓိ ပျက်မယ်။ မရသေးတဲ့ သမာဓိလည်း မရဘူးဆိုရင် အဲဒီနေရာ မသွား ရဘူးတဲ့။ သင့်တော်တဲ့ သမာဓိ၊ ပညာဖြစ်နိုင်တဲ့ နေရာ သွားပါတဲ့။ ဆိုကြပါစို့၊ စကြံ်နလျှောက်တယ်ဆိုရင် ဒီအတွင်းမှာ လျှောက်လို့ရှိရင် လုံလောက်ပါ တယ်။ ဒါပေမဲ့လို့ ကျန်းမာရေးအရဆိုပြီးတော့ မော်တော်ကားလမ်းပေါ် ထွက်လျှောက်လို့ရှိရင် ဟိုကြည့်ရ ဒီကြည့်ရ၊ ဟိုရှောင်ရ ဒီရှောင်ရ ဆိုရင်

http://www.dhammadownload.com

ရထားတဲ့ သမာဓိတွေတောင် ပျက်ကုန်ပြီ။ အဲဒီလို ဂေါစရမျိုးကတော့ အဆင်မပြေဘူး။ အတွင်းမှာပဲ အာရုံနည်းတဲ့နေရာ လျှောက်တာ ကောင်းပါတယ်။

ဘဿသပ္ပါယ

နောက် တတိယကတော့ ဘဿသပ္ပါယတဲ့။ ဘဿသပ္ပါယဆိုတာ ပြောဆိုရေးနဲ့စပ်ပြီးတော့ ဖြစ်တဲ့သင့်လျော်မှု၊ ယောဂီဆိုလို့ရှိရင် မအပ်စပ်တဲ့ စကား မပြောရဘူး။ "မအပ်စပ်တဲ့စကား"ဆိုတာ အရပ်စကား၊ ရွာစကား၊ စျေးစကား၊ လောကီရေးနဲ့ ပတ်သက်တဲ့ စကားတွေဆိုရင် ရှောင်ရတာပဲ။ တရားနဲ့ပတ်သက်တဲ့စကားတောင်မှ အတိုင်းအတာ ရှိရတယ်။ ပြီးတော့ လည်းပဲ သင့်တော်တဲ့ တရားစကား နာကြားရတယ်တဲ့။ ဒီတရားနာကြားလို့ ကိုယ့်မှာ မဖြစ်သေးတဲ့ သမာဓိတွေလည်း ဖြစ်၊ ဖြစ်ပြီးသားတွေလည်း သာပြီးတော့ တိုးတက်လာတယ်ဆိုရင်တော့ ဒီစကားဟာ ကိုယ့်အတွက် အဆင်ပြေပါပြီ။

ယောဂီမှာ အကျိုးဖြစ်ထွန်းနိုင်တဲ့တရားစကားတောင်မှ အတိုင်းအတာ ရှိရမယ်လို့ ဆိုထားတော့ အတိုင်းအတာ ကျော်လွန်ရင် မကောင်းဘူးဆိုတာ နားလည်ထားဖို့ သိပ်အရေးကြီးပါတယ်။ တရားတွေ သိပ်ဟောဖို့ မကောင်းဘူး။ တရားတွေ သိပ်ပြီးတော့ ကြားနာတာမျိုး၊ တရားဆွေးနွေးတာမျိုး လိုအပ်တာထက် ပိုသွားရင် မကောင်းဘူး။ လိုအပ်တာထက် ပိုတဲ့အတွက် သစ်ပင်များ ရေနာနာလောင်းရင် မြေဩဇာများများ ကျွေးရင် သစ်ပင် မရှင်ဘဲနဲ့ သစ်ပင် မကြီးထွားဘဲနဲ့ သေသွားတာ။ လက်တွေ့ပြောရလို့ရှိရင် ဘုန်းကြီးအပေါ် က စာကြည့်ခန်းထဲ သစ်ပင်လေးတွေ ရှိပါတယ်။ ဘုန်းကြီးကပိုယက ရေချည်း နင်းလောင်းနေတော့ အရွက်တွေ ကြွေသွားပြီ။ ရေတွေများတော့ အမြစ်ထဲမှာ ရေဝပ်ကော့ အရွက်တွေ ကြွေသွားတာ။ တရားတွေ နင်းနာလို့ ရှိရင် ရပြီးသား သမာဓိ၊ ပညာတွေတောင် ပြန်ပြီးတော့ လျော့သွားနိုင်တယ်။ ဆွေးနွေးတာဆိုရင်၊ သာပြီးတော့ ဆိုးတာပေါ့။ မသိလို့ မေးတာတော့ ကိစ္စမရှိပါဘူး။ လိုအပ်တာထက် ပိုသွားတော့ မကောင်းဘူး။ တရားနဲ့ မပတ်သက်တဲ့ ဗဟုသုတတွေဆိုရင် ပိုမကောင်းဘူး။ အဲဒါတွေ သတိထားဖို့ သိပ်အရေးကြီးပါတယ်။

http://www.dhammadownload.com

ပုဂ္ဂလသပ္ပါယ

နောက်တစ်ခုက ပုဂ္ဂလသပ္ပါယတဲ့။ ပုဂ္ဂလသပ္ပါယဆိုတာက ကမ္မဋ္ဌာန်းဆရာတွေနဲ့ ပိုပြီးတော့ ပတ်သက်ပါတယ်။ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်တွေကို တပည့်လုပ်သူက ဒီပုဂ္ဂိုလ်ကို ဆရာအနေနဲ့ အားကိုးပြီးတော့ နည်းခံ အားထုတ်တဲ့အခါ မဖြစ်သေးတဲ့ သမာဓိပညာတွေ ဖြစ်လာမယ်။ ဖြစ်ပြီးသား သမာဓိ၊ ပညာ တွေလည်း တိုးတက်လာမယ်ဆိုရင်တော့ အဲဒီပုဂ္ဂလ သပ္ပါယဖြစ်ပါပြီ။ ဒီတော့ အချင်းချင်းနေတဲ့အခါမှာလည်း တစ်ဦးနဲ့ တစ်ဦး ညှာတာမှုရှိပြီးတော့ မိမိရဲ့သမာဓိ ပျက်စေတတ်တဲ့ အပြုအမူကြောင့် တစ်ဖက်သားပုဂ္ဂိုလ်တွေ သမာဓိ မပျက်ကြပါစေနဲ့ဆိုပြီးတော့ အထိုင်အထ၊ အသွားအလာ တံခါးပိတ်စသည် ညင်ညင်သာသာလေး ပြုလို့ရှိရင်လည်းပဲ အချင်းချင်း ပုဂ္ဂလသပ္ပါယဖြစ်နေတာပါပဲ။ ဒီနည်းနဲ့ စိတ်အနှောင့်အယှက်မဖြစ်တော့ တရားတွေလည်းပဲ တိုးတက်လာနိုင်ပါတယ်။

ဘောဇနသပ္ပါယ

ပြီးတော့ ဘောဇနသပ္ပါယဆိုတာ စားသောက်ရေး အဆင်ပြေတာပေါ့။ အဆင်ပြေတဲ့ အစားအစာတွေ ရနေလို့ရှိရင်၊ အင်အားပြည့်တင်းတဲ့ အစားအစာတွေ ရနေလို့ရှိရင်၊ ကိုယ်နဲ့သင့်မြတ်တဲ့ အစားအစာတွေ ရနေလို့ ရှိရင် အင်အားတွေ ပြည့်တင်းပြီး ကျန်းမာရေးတွေရပြီးတော့ တရားတွေ အားထုတ်နိုင်တယ်။ အဲဒါလည်း အရေးကြီးတာပါပဲ။ တစ်ခုတော့ ရှိပါတယ်။ လူတွေဟာ စိတ်ထားချင်းက မတူတော့ အကြိုက်ချင်းမတူတာလေးတွေ လည်း ရှိပါတယ်။ အများအတွက် ပေါင်းပြီးတော့ ချက်ထားတော့ ကိုယ်အလိုရှိတဲ့ အစာလေးတွေ ပါမလာဘူးဆိုရင် အဆင်သင့်ပြင်ထားတာ မတွေ့လို့ ရှိရင် စိတ်ထဲကတော့ ဘာလေး လိုသလို ဖြစ်တတ်တယ်။ အဲဒီလို လိုနေရင်လည်း တရားအားထုတ်တဲ့အခါ မဖြောင့်တာတွေ ရှိတတ်တယ်။ နေရာဌာနတိုင်း ရသမျှနဲ့ တင်းတိမ်မယ်လို့ ဒီလိုစိတ်ထားမျိုး ရှိလို့ရှိရင်တော့ အကုန်လုံး အဆင်ပြေသွားပါ တယ်။ ဒါပေမဲ့လို့ နဂိုကြိုက်တတ်တဲ့ဟာလေးတွေ မရရင် နည်းနည်းတော့ ထိခိုက်တတ်တယ်။ ရောင့်ရဲတဲ့စိတ်ရှိပေမယ့်လို့ တစ်ခါတစ်ခါမှာ လိုအပ်တာ

http://www.dhammadownload.com

လေးတွေ ဝန်မလေးလို့ရှိရင်တော့ ရထားရင် ကောင်းတာပဲ။ ရထားရင် တရားမှာတော့ အများကြီး အထောက်အကူ ပြုတယ်။

မာတိကာ မာတာဝတ္ထု

ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဘုရားလက်ထက်က တရားအားထုတ်နေတဲ့ ရဟန်း ၆ ကျိပ်ရဲ့စိတ်နေစိတ်ထားလေးတွေ ကြည့်ပြီးတော့မှ သူတို့အကြိုက် ပြင်ဆင်ထားတဲ့အတွက် တရားထူးရပုံလေးတွေ နည်းနည်း ပြောပါရစေဦး။ အဲဒီဒကာမကြီးရဲ့နာမည်ကတော့ 'မာတိကာ မာတာ" ခေါ်ပါ တယ်။ အဲဒီဒကာမကြီးဟာ အဲဒီရဟန်းများအတွက် စားရေး၊ သောက်ရေး အစစအရာရာ ပြည့်စုံအောင် ဆိုပြီးတော့ သူ့အသိနဲ့သူ သူများရဲ့စိတ်နေစိတ်ထား မသိခင်ကတော့ အများစာအနေနဲ့ စိမ်ထားတာ။ ရဟန်းတော်တွေလည်းပဲ ဒီဟာ ခံယူပြီးတော့ စားသုံးကြတာပါပဲ။ တစ်ချိန်မှာ ဒကာမကြီးက ရဟန်းတော်များထံမှတစ်ဆင့် တရားအားထုတ်တဲ့နည်းတွေ ရရှိပြီးတော့ အိမ်မှာပဲ ဝေယျာဝစ္စ ဆောင်ရွက်ရင်း တရားအားထုတ်တာ အနာဂါမ်အထိ ဖြစ်သွားတယ်။ အဘိညာဉ်ပါ ရသွားတာ။ သူတစ်ပါးရဲ့ စိတ်နေစိတ်ထားတွေ သိတာ။ ပြီးတော့ ဒိဗ္ဗသောတ ဒိဗ္ဗစက္ခုအဘိညာဉ်တွေ ရသွားတာ။ သာသနာအမှီပြုပြီးတော့ အိမ်မှာ အလုပ်ကိစ္စ ဆောင်ရွက်ရင်းက အားထုတ်တော့ တရားတွေက သိပ်ထူးတော့ မိမိမှာတောင်မှ ဒီလိုတရားတွေထူးနေရင် မိမိရဲ့ သားရဟန်းတွေမှာတော့ သိပ်ထူးမှာပဲလို့ သူ့အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါ ဟိုကိုယ်တော်မြတ်တွေ ဒီအတိုင်းပဲ ရှိသေးတယ်။ ဝိပဿနာဉာဏ် ဘာမှ မဖြစ်သေးဘူး။ ရှုမှတ်လို့လည်း ဘာမှ နေရာမကျသေးဘူး။ ဒီတော့ အကြောင်းတော့ရှိမှာပဲလို့ ကြည့်လိုက်တာ နေရာထိုင်ခင်း အဆင်ပြေရဲ့ လား။ တစ်ပါးနဲ့တစ်ပါး တည့်ကြရဲ့လားလို့ အကုန်လုံး လျှောက်ကြည့်တော့ ဒီဘောဇနသပ္ပါယ မဖြစ်တာလေးတွေ တွေ့တာကိုး။ ဒီတော့မှ ရဟန်းတော်များရဲ့အကြိုက်၊ အစပ်ကြိုက်တဲ့ပုဂ္ဂိုလ်အတွက် အစပ်ဖန်တီးထားတယ်။ အချိုကြိုက်တဲ့ ပုဂ္ဂိုလ်အတွက် အချိုဖန်တီးထားတယ်။ အချဉ်ကြိုက်တဲ့ပုဂ္ဂိုလ်အတွက် အချဉ်ဖန်တီးထားတယ်။ ကိုယ်တော်တွေ လာတဲ့အခါ ကျတော့ သူတို့အကြိုက် တွေ့

http://www.dhammadownload.com

သွားတော့ ဘုဉ်းပေးရတဲ့အခါမှာ စိတ်တွေ ကြည်ပြီးတော့ အားထုတ်လိုက်တဲ့ အခါ ပဋိသန္ဓိဒါ ပတ္တ ရဟန္တာတွေ ဖြစ်ဖြစ် သွားတယ်တဲ့။ သိပ်ကောင်းတာပဲ။

ခရုသွားနည်းကနေ မြင်းသွားနည်း သွားဖို့ လို

ဒီက ချက်ပြုတ်ရေးအဖွဲ့တွေကတော့ ဘယ်ပါဝါနဲ့ ချက်ပြုတ်ရေး စီစဉ်နေတယ်ဆိုတာတာ ဘုန်းကြီး မသိပါဘူး။ ဟိုး ဒကာမကြီးကတော့ ရဟန်းတော်တွေဆီက နည်းခံပြီးတော့ အိမ်မှာ လုပ်ရင်းကိုင်ရင်း တရားအားထုတ်တာ အနာဂါမ်အထိ ရသွားတာ၊ အဘိညာဉ်တွေပါ သွားရတာ။ ဒီက ချက်ပြုတ်ရေးအဖွဲ့ကတော့ ဟိုဒကာမကြီးလို တရားအားထုတ်သလား၊ မထုတ်ဘူးလား မသိရဘူး။ ဟိုဒကာမကြီးက ရဟန်းတော်တွေရဲ့ အရင်တရားထူးရတယ်။ ဒီမှာလည်း ဝေယျာဝစ္စနဲ့ တရားအားထုတ်သူ ဘယ်သူက တရားအရင်ရမလဲ ဆိုတာတော့ ဒါတော့ ယှဉ်ကြည့်ရမှာပဲ။ ဒါပေမဲ့ တချို့တချို့ ယောဂီတွေကတော့ ဘုန်းကြီးကပဲ ညှဉ်လို့လားတော့ မသိဘူး။ ခရုသွားနည်းနဲ့ တရားတွေ အားထုတ်နေတော့ တော်တော်နဲ့ အားမရဖွယ် ဖြစ်နေပါတယ်။ ဒီတော့ ခရုသွားနည်းက နေပြီးတော့ နှုန်းတင်ပေးဖို့ လိုပါတယ်။ ခရုသွားနည်းကနေ မြင်းသွားနည်း သွားဖို့ လိုပါတယ်။ ဒါပေမဲ့ နောက်တစ်လကျော်ကျော်တော့ ကျန်ပါသေးတယ်။ နောက်အများကြီး ကျန်ပါသေးတယ်။ တကယ်ရိုရိုသေသေနဲ့ ကြိုးစားအားထုတ်လို့ ရှိရင် တရားတွေ၊ ဉာဏ်တွေ ထူးနိုင်ပါတယ်။

လိုအပ်ချက်နဲ့ သင့်တော်ချက်ကို နားလည်ပြီး အလုပ်လုပ်မှ

ပြီးတော့ မာတိကာဒကာမကြီးဟာ ယောဂီများရဲ့လိုအပ်ချက်နဲ့ သင့်တော်ချက် ဒီ ၂ ချက်ကိုင်ပြီး အလုပ်လုပ်တယ်။ လိုလည်း လိုအပ်ရမယ်။ သင့်လည်း သင့်တော်ရမယ်။ အဲဒီ ၂ ချက်ကိုင်ပြီး လုပ်လို့ရှိရင် စားရေးသောက်ရေးမှာ အကုန်လုံး ပြည့်စုံပါတယ်။ တစ်ဆက်တည်းပဲ ဖြည့်စွက်ပြီးတော့ နည်းနည်း ပြောချင်ပါတယ်။ ဘုရားလက်ထက်တော်ကာလက အနာထပိဏ်သူဌေးနဲ့ ဝိသာခါဒကာမကြီးတို့ဟာ တရားကို တော်တော်လေး အားထုတ်ထားတော့ သာသနာရဲ့ အနှစ်သာရကောင်းကောင်း နားလည်နေကြ

http://www.dhammadownload.com

တယ်။ ဒီတော့ ရဟန်းတော်များရဲ့လိုအပ်ချက်နဲ့ သင့်တော်ချက် ဒီ ၂ ချက်ကိုင်ပြီး အလုပ်လုပ်တော့ ယောဂီရဟန်းတော်များ စိတ်တိုင်းကျဖြစ်တာချည်းပဲတဲ့။ သူတို့ရဲ့ သာသနာပြုပုံလေးတွေလည်း နည်းခိုးစရာလေးတွေပါပဲ။

ဥတုသပ္ပါယ

နောက် ၆ ခုမြောက် သပ္ပါယကတော့ ဥတုသပ္ပါယပါပဲ။ ဥတု သပ္ပါယကတော့ အသိဉာဏ်နဲ့အဆင်သင့်သလို ပြုပြင်နေလို့ရှိရင် ရပါတယ်။ အေးရင် နွေးထွေးအောင် လုပ်လို့ရတာပဲ။ ပူအိုက်လို့ရှိရင်လည်း အေးအောင်လုပ်လို့ ရပါတယ်။ အအေးလွန်နေမယ်ဆိုလို့ရှိရင် နေလို့ ထိုင်လို့က မဖြစ်တော့ စိတ်က မငြိမ်ဘူး။ အပူအအိုက် လွန်လို့ရှိရင်လည်းပဲ နေလို့ထိုင်လို့ အဆင်မပြေတော့ စိတ်က မငြိမ်ဘူး။ အပူအအေး မျှမျှတတ ဖြစ်ပြီးတော့ အားထုတ်ရတာ ကောင်းတယ်။ အဲဒါ ဥတုသပ္ပါယလို့ ခေါ်ပါတယ်။

ဣရိယာပထသပ္ပါယ

နောက်ဆုံးကတော့ ဣရိယာပထသပ္ပါယ သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုထ်လေးမျိုးထဲမှာ အားထုတ်စ ယောဂီမှာတော့ အိပ်မှတ်တာနဲ့ ရပ်မှတ်တာက မသင့်မြတ်သေးဘူး။ ထိုင်ပြီးတော့ မှတ်တာနဲ့ စက််န်လျှောက်မှတ်တာ သင့်မြတ်တယ်။ သမထယောဂီတွေမှာဆိုရင်တော့ ပထမဆုံး ထိုင်ပြီးတော့ မှတ်တာ သင့်မြတ်ပါတယ်။ နောက် တရားအခြေကျ သွားတဲ့အခါကျတော့ သမထယောဂီပဲဖြစ်ဖြစ်၊ ဝိပဿနာယောဂီပဲ ဖြစ်ဖြစ် သင့်သလို ဣရိယာပုတ်နဲ့ နေထိုင်ပြီး အားထုတ်လို့ဖြစ်ပါတယ်။ အားထုတ်စ ရပ်ပြီးတော့ အားထုတ်ရတာ မနိုင်ဘူး။ ကြာတော့ ညောင်းလာတာ၊ ခြေသလုံးတွေ တောင့်လာတာ၊ မနိုင်ဘူး။ ဒါကြောင့် မသင့်မြတ်ဘူး။ နောက်လှဲပြီးတော့ အားထုတ်ရတာ အိပ်ရာပေါ် မှာလည်း ကိုယ်ကြီးက ရောက်နေပြီ။ ဆန့်ဆန့်ကြီး ဖြစ်နေပြီ။ ခေါင်းကလည်း ခေါင်းအုံးပေါ် ရောက်နေပြီ။ မျက်စိကလည်း မှိတ်ထားပြီး သက်တောင့်သက်သာ မှတ်နေမယ်ဆိုရင်တော့ တစ်ခုပဲ လိုတော့တာပဲ။ အဲဒါ လိုတဲ့တစ်ခုကတော့ အခြားမဟုတ်ဘူး။ မကြာခင် အိပ်ပျော်သွား

http://www.dhammadownload.com

တာပဲ။ ထိနမိဒ္ဓအားပေးတဲ့ ဣရိယာပုထ်ကိုတော့ အစပိုင်းမှာ ရှောင်ရတယ်။ အဲဒီသပ္ပါယ ၇ မျိုးလည်းပဲ ဘယ်ဟာလိုသေးသလဲဆိုတာ စိစစ်ပြီးတော့ ဖြည့်ရမှာပါ။

ဆယ်ခုမြောက် မာရ်စစ်သည်

တရားအတွက် လိုတာ ဖြည့်တာကတော့ လာဘမဟုတ်ဘူး။ သက္ကာရလည်း မဟုတ်ပါဘူး။ နာမည်ကြီးချင်လို့ လုပ်တာလည်း မဟုတ်ပါဘူး။ ဒါကတော့ လာဘသက္ကာရသိလောကနဲ့ မသက်ဆိုင်ပါဘူး။ အဲဒီလို လိုအပ်တာထက် ပိုပြီးတော့ တမင်တကာ လာဘသက္ကာရသိလောကတွေ ဖြစ်စေမယ်။ ဖြစ်စေလို့ရရှိတဲ့ လာဘသက္ကာရသိလောကနဲ့လည်း ဝမ်းသာကျေနပ်ပြီး အလိုပြည့်နေမယ်ဆိုရင်တော့ နဝမ မာရ်စစ်တပ်ကြီးနဲ့တော့ တွေ့နေပြီ။ အဲဒါကြီးကို မဖြုံနှိုင်တော့ဘူး။ အဲဒီလောက်နဲ့ မတင်းတိမ်ဘဲနဲ့ မိမိ တမင်တကာ ကြိုးစားလို့ လာဘ်လာဘပစ္စည်းတွေ၊ သူများက ပူဇော်သမျှပြုတာတွေ၊ နာမည်လေး ဘာလေး ကြီးလာလို့ ပရိသတ်လေး ဘာလေး ဖြစ်လာရင် အခွေအရံ များလာရင်၊ တပည့်တွေ များလာရင် စိတ်ကြီးဝင်တယ် စိတ်ကြီးဝင်ပြီးတော့ မိမိ ကသာ လာဘ်လာဘ ပေါတယ်။ ဘုန်းကြီးတယ်။ တခြားပုဂ္ဂိုလ်တွေကတော့ ဘယ်လိုပဲဆိုတာ ကိုယ့်ကို ပင့်မြှောက်ပြီးတော့ သူများကို နှိမ့်ချတဲ့ သဘောလေးတွေ ဖြစ်လာတတ်တယ်။ အဲဒီအဆင့်ထိ သွားတော့တာပဲ။ ယောဂီတွေ ထဲမှာတော့ ဒါမျိုး ဖြစ်တာတော့ မရှိလှပါဘူး။ တရားချင်းပြိုင်လို့ ငါတရားက သာတယ်။ သူ့တရားက သာတယ်။ ညံ့တယ်။ ဒါလောက်ပါပဲ။ မတောက်တခေါက် ဘာမှ မပြည့်စုံသေးဘဲနဲ့ ကမ္မဋ္ဌာန်း ဆရာလုပ်ပြီးတော့ စာပေနဲ့လည်း မကိုက်ညီဘဲနဲ့ တရားတုတရားယောင်တွေပြပြီးတော့ မတရားတဲ့ အခွေအရံ ပရိသတ်တွေက များလာပြီးဆိုရင်တော့ အဲဒါသူများကို နှိမ့်ချပြီးတော့ ကိုယ့်ကို ပင့်မြှောက်တော့တာပဲ။ ဒါ ဒသမ တပ်မတော်ကြီး လာပြီးတော့ ရင်ဆိုင်နေရပြီ။

http://www.dhammadownload.com

လေ့လာရေးခရီးထွက်

အရင်စနေပတ်က ဟောသွားတဲ့ ဓမ္မစရိယ ကျင့်သုံးရတဲ့အတွက် ရရှိတဲ့ အကျိုးလေးတွေကို ဓမ္မပါလဝတ္ထုနဲ့ ဆက်စပ်ပြီး ရှင်းပြပါမယ်လို့ 'ပဋိညာဉ်' ပေးသွားပါတယ်။ အဲဒီ ပေးသွားတဲ့အတိုင်း ဒီနေ့ ဓမ္မပါလ ဇာတ်ကို အတိုချုပ်ပြီးတော့ ဟောပါမယ်။ ဇမ္ဗူဒိပ်ကျွန်းခေါ်တဲ့အိန္ဒိယနိုင်ငံမှာ ကာသိတိုင်း ဓမ္မပါလရွာက ဓမ္မပါလလုလင်အမျိုးသားဟာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသွားရောက်ပြီးတော့ ပညာသင်ကြားလို့ ဆရာကြီးရဲ့လက်ထောက် တပည့်အနေနဲ့ လောကီပညာတွေ ပို့ချပြီးတော့ နေပါတယ်။ ဒီဝတ္ထုကြောင်းဖြစ်ရခြင်းရဲ့ အကြောင်းကတော့ တစ်နေ့မှာ အဲဒီဆရာကြီးရဲ့ သားကြီးတစ်ယောက် သေဆုံးလို့ ပူဆွေးကြရတယ်။ အဲဒီအရေးနဲ့ ပတ်သက်ပြီးတော့ ပြောဆိုဆွေးနွေးရာကနေပြီးတော့ ဓမ္မပါလထံက သူတို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးတာ မရှိဘူးလို့ ဒီသတင်းကြားရလို့ ဆရာကြီးက ခေါ်ပြီးတော့ မေးပါတယ်။ အဲဒီလိုခေါ်မေးလို့ ဓမ္မပါလက ဆရာကြီးကို "သူတို့ အမျိုးအနွယ်ထဲ မှာ ခုနစ်ဆက်အထိ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြောင်း ပြောလို့ကြားရတော့ ဆရာကြီးသိပ်အံ့ဩသွားပါတယ်။ အဲဒီလို အံ့ဩဖွယ်အချက်ကို ဆရာကြီးသိရတော့ လက်တွေ့ကိုယ်တိုင်စုံစမ်းချင်တာနဲ့ တပည့်အနည်းငယ်နဲ့ ခရီးထွက်ပါတယ်။ အဲဒီလို ခရီးထွက်တဲ့အခါမှာ အိတ်ထဲမှာ ဆိတ်အရိုးတွေ ထည့်သွင်းပြီးတော့ ယူသွားပါတယ်တဲ့။

လက်ထောက်တပည့် ဓမ္မပါလ

အခုကာလ နိုင်ငံတွေမှာ တီထွင်ထားတဲ့ သိပ္ပံက ထွန်းကားနေပြီဆိုရင် အခြားနိုင်ငံတွေက ပညာရေးပိုင်းဆိုင်ရာက ဆရာကိုယ်တိုင်ပဲ ဖြစ်ဖြစ် သို့မဟုတ် စိတ်ချရတဲ့ ဆရာပဲဖြစ်ဖြစ် အဲဒီပညာရပ်ကို သေသေချာချာသိရအောင် လာပြီးတော့ လေ့လာတဲ့အနေမျိုးပေါ့လေ။ သို့သော် အခုခေတ်ကတော့ သိပ္ပံပညာအတွက် လာပြီးတော့ လေ့လာကြတာ။ ဟိုဟာကတော့ ဘာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေသလဲဆိုတော့ သိချင်လို့ လေ့လာရတဲ့ သဘောပါပဲ ဆိုကြပါစို့။ ဆေးပညာလောကမှာ ဆေးပညာတစ်ရပ်ကို တီထွင်

http://www.dhammadownload.com

လိုက်ပြီဆိုရင် ကမ္ဘာအရပ်ရပ်က ဆေးပညာရှင်တွေ လာရောက်သလိုပေါ့လေ။ လူကျန်းမာစေတတ်တဲ့ ဆေးတွေ၊ အသက်ရှည်စေတတ်တဲ့ဆေးတွေ၊ မသေစေတတ်တဲ့ဆေးတွေ လာရောက်လေ့လာသလိုပေါ့။ ဆရာကြီးလဲ သွားလေ့လာတာပါပဲ။ အဲဒီလို ခရီးထွက်ခါနီးမှာ ဆရာကြီးက သူ့လက်ထောက်တပည့်ဖြစ်သူ ဓမ္မပါလကို ခေါ်ပြီး ဒီယူနီဗာစီတီကြီးမှာ စာပေပညာ လေ့လာတဲ့တပည့်များကို သူ့ကိုယ်စား စာပေတွေ ပို့ချဖို့ရန် မှာကြားပြီးတော့ ခရီးထွက်သွားပါတယ်။ မကြာမီပဲ ဓမ္မပါလရွာ ဓမ္မပါလရဲ့အိမ်ကိုပဲ ဆိုက်ရောက်သွားပါတယ်တဲ့။ စာပေထဲမှာတော့ ဘယ်လောက်သွားရတယ် ဆိုတာတော့ မပါပါဘူး။

လက်ခုပ်လက်ဝါး ဘီးပြီး ရယ်တယ်တဲ့

အခုပြောတဲ့ တက္ကသိလဆိုတဲ့ နေရာဟာ ပါကစ္စတန်နယ်ထဲမှာ ရှိပါတယ်။ အခုကာသိတိုင်းဆိုတာကတော့ အိန္ဒိယဘီဟာနယ်ထဲမှာ ရှိပါတယ်။ မိုင်ပေါင်းတော်တော်လေး ဝေးပါတယ်။ ဟိုခေတ်ကတော့ ကုန်းလမ်းကနေ လာလိမ့်မယ် ထင်ပါတယ်။ အဲဒီလို ခရီးဆိုက် ရောက်ရှိလာတဲ့ တက္ကသိုလ်ဆရာကြီးအား ဓမ္မပါလ အိမ်သူအိမ်သားတွေက ဝတ္ထရားတွေ ကျေပွန်စွာနဲ့ ဧည့်ခံကြ၊ ကျွေးမွေးကြ၊ အစစအရာရာနေရာပေးကြ၊ နောက် စားဖွယ် သောက်ဖွယ်တွေ ကျွေးပေါ့။ လူမှုဝတ္ထရားတွေ ပြည့်စုံအောင် ဆောင်ရွက်ပေးပါတယ်။ အဲဒီလို ထမင်းသုံးဆောင်ပြီး ဧည့်သည်ဆရာကြီးနဲ့ အိမ်သားဖြစ်တဲ့ ဓမ္မပါလ ဖခင်ကြီးတို့စုပြီးတော့ အေးအေးဆေးဆေး စကားပြောဆိုတဲ့အခါမှာ ဆရာကြီးက ဓမ္မပါလရဲ့ဖခင် ပုဏ္ဏားကြီးကို "ဓမ္မပါလတော့ အခုကွယ်လွန်ပြီးဖြစ်ကြောင်း" စတင်ပြီး စကားပြောပါတယ်။ အဲဒီလိုပြောပြီးတော့ ဓမ္မပါလ မိသားစုကို ဟန်ဆောင်နှစ်သိမ့်ပါတယ်။ နှစ်သိမ့်ပုံကတော့ "ရုပ်၊ နာမ်၊ သခ်ါရ မှန်သမျှ မမြဲတဲ့တရားတွေချည်းပဲ။ ဒါကြောင့်မို့လို့ မစိုးရိမ်ပါနဲ့။ မပူဆွေးပါနဲ့" ဆိုပြီးတော့ ဟန်ဆောင်တရားချပါတယ်။ ယူနီဘာစီတီတစ်ခုက ဆရာကြီးတွေလည်း ညာသေးတာပဲပေါ့လေ။ အခုကာလက ဆရာကြီးတွေကတော့ ညာလား မညာလား မသိဘူး။ အဲဒီလို ဟန်ဆောင်နှစ်သိမ့်မှုတရား ကြားတဲ့

http://www.dhammadownload.com

အခါ ဓမ္မပါလရဲ့ဖခင် ပုဏ္ဏားကြီးက လက်ခုပ်လက်ဝါးတီးပြီးတော့ အင်မတန်ကို ပြုံးပြုံးပျပျ ရယ်မောပြီး အံ့သြသွားပါတယ်။

အဲဒါလေးကို သိပါရစေ ပြောပြစမ်းပါ

ဆရာကြီးက "ဘာကြောင့် ရယ်ပါသလဲ" လို့ အဲဒီလို မေးမြန်းတဲ့အခါ ပုဏ္ဏားကြီးက "ကျွန်တော့်သားဟာ မသေပါဘူး၊ ဆရာကြီး တခြားသူတစ်ယောက်ယောက် သေတာ ဖြစ်ပါလိမ့်မယ်" အဲဒီလို ပြောပြီးတဲ့အခါမှာ ဆရာကြီးက တစ်ဆင့်ယုံရအောင် ဆိုပြီးတော့ ဟန်ဆောင်တစ်ခု လုပ်ပြန်တယ်။ အဲဒါကတော့ အခြားမဟုတ်ပါဘူး။ သူ အသင့်ဆောင်ယူလာတဲ့ ဆိတ်ရိုးတွေကို ထုတ်ပြီးတော့ "ဟောဒါ သင့်သားရဲ့ အရိုးပါပဲ" ဆိုတော့ ဆရာကြီးကို ပြန်ပြီးတော့ "ဒီဟာ ကျုပ်သားရဲ့ အရိုးတွေ မဟုတ်ပါဘူးတဲ့၊ ဆိတ်ရိုးတွေ၊ ခွေးရိုးတွေပဲ ဖြစ်ပါလိမ့်မယ် ဆရာကြီး"လို့ ပုဏ္ဏားကြီးက ပြန်ပြီးတော့ ပြောပြန်တယ်။ "ကျွန်တော့် သားတော့ ဘယ်နည်းနဲ့မှ မသေပါဘူးဗျာ၊ ကျွန်တော်တို့ အမျိုးအနွယ်မှာ ဆိုရင် ဆွေခုနစ်ဆက်အထိ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတာ မရှိပါဘူး" ဆိုပြီး ခပ်တင်းတင်း ရဲရဲဝံ့ဝံ့ ပြောပြန်တယ်။ အဲဒီလို ဒုတိယ အကြိမ် အံ့သြစရာ ကြားပြန်တော့ ဆရာကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရခြင်းရဲ့ အကြောင်းတွေ သိချင်တာနဲ့မို့လို့ စပြီးတော့ ပုဏ္ဏားကြီးကို မေးခွန်းထုတ်ပါတယ်။

ကိ တေ ဝ တံ ကိ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော၊
အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
ကဿာ နု တုမ္ဟ ဒဟရာ နု မီယျ ရေ"

မြန်မာလိုတော့ "ပုဏ္ဏားကြီး . . . ဘယ်လိုအကျင့်မျိုးတွေကို ကျင့်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သင်တို့အမျိုးအနွယ်မှာ မသေရပါသတုံး။ အဲဒါကို သိပါရစေ ပြောပြစမ်းပါ"တဲ့။

http://www.dhammadownload.com

အသက်ငယ်ငယ်နဲ့ မသေရ

ဒီတော့ ဆရာကြီးတဲ့၊ ကျွန်တော်တို့အမျိုးမှာ တရားတွေ ကျင့်ကြပါတယ်တဲ့။ ခမဲ့ စရာမ= တရားတွေလည်း ကျင့်ကြပါတယ်။ မတရား မကျင့်ဘူးပေါ့။ နောက်တစ်ခု နု မုသာ ဘဏာမ= မမှန်မကန်တဲ့စကားလည်း မပြောကြဘူးတဲ့။ ပြောစရာရှိရင်လည်း မှန်မှန်ကန်ကန် ပြောတယ်။ ပြီးတော့ ရန်တိုက်တဲ့စကားလည်း မပြောဘူး။ ချိုချိုသာသာ ပြောတယ်။ ဒါတွေလည်း အကုန်လုံးပေါ့။ ပါပါနိ ကမ္မာနိ ပရိဝဇ္ဇေယျာမ =မကောင်းတဲ့ အမှုတွေကိုလည်း မပြုကြဘူးတဲ့။ အရိယာတို့ ရွှံမုန်းစက်ဆုတ်တဲ့ အကျင့်မှန်သမျှဆိုရင် ကျွန်တော်တို့ တစ်မျိုးလုံး ရှောင်ကြဉ်ကြပါတယ်တဲ့။

နောက် ဆက်လက်ပြီးတော့လည်း ပြောပါသေးတယ်။ ကျွန်ုပ်တို့ Theory အနေနဲ့ တရားမှန်သမျှကို နာယူပါတယ်။ "မသူတော်တရားတွေကိုလည်း နာယူပါတယ်။ သူတော်တရားတွေလည်း နာပါတယ်တဲ့၊ ဒါပေမဲ့ လို့ မသူတော်တရားတွေကိုတော့ လူမှုရေးအရ အားနာပါးနာနဲ့ မဆန့်ကျင်အောင် နာပေမယ်လို့ အဲဒီမသူတော်တရားအတိုင်းတော့ မကျင့်သုံးပါဘူးတဲ့။ သူတော်ကောင်းတရားတွေပဲ ကျင့်သုံးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးတွေမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါဘူးတဲ့။ အဲဒီခေတ်ထဲကိုက အိန္ဒိယမှာ အယူဝါဒ အမျိုးမျိုးတွေ ရှိပုံရပါတယ်။ ဒါပေမဲ့ ပုဏ္ဏားကြီးက ဉာဏ်ရှိတဲ့ ပုဏ္ဏားကြီးဆိုတော့ ဘယ်အယူဝါဒဟာ မှန်တယ်၊ အပြစ်ကင်းတယ်၊ ဘယ်အယူအဆဟာ အမှန်တကယ်တဲ့ မကောင်းဘူး၊ အပြစ်မကင်းဘူး၊ မမှန်ကန်အပြစ်မကင်းတဲ့ အယူဝါဒကို ရှောင်ရှားပြီးတော့ အပြစ်ကင်းမှန်ကန်တဲ့ အယူဝါဒကို ဆောင်ပြီးတော့ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းရမယ်ဆိုတဲ့ အချက်ကိုတော့ သူတို့ နားလည်တယ်။ ဒီအချက်ဟာ သိပ်အရေးကြီးတယ်။ ဒါပေမဲ့ ဒီပုဏ္ဏားကြီးမှာတော့ လူမှုရေးကျင့်ဝတ်တော့ ရှိပါတယ်။ လူမှုဆက်ဆံရေးကောင်းတယ်လို့ ဆိုရမှာပဲ။ လာသမျှပြောသမျှ အယူဝါဒတွေတော့ အားနာပါးနာနဲ့ နားထောင်တာလည်း ရှိမှာပါပဲ။ ကောင်းဆိုးမှန်မမှန် နားထောင်တာလည်း ရှိချင်ရှိမှာပေါ့။ တစ်နည်းနည်းတော့ ရှိမှာပဲ။ ဒါပေမဲ့ မကောင်းရင်

http://www.dhammadownload.com

သူရှောင်ကြဉ်တယ်၊ ရွှေးပြီးတော့ လက်ခံမကျင့်သုံးဘူးဆိုရင်တော့ ပုဏ္ဏားကြီးမှာ သို့မဟုတ် ပုဏ္ဏားကြီးမိသားစုမှာ ဝါဒဟင်းလေးအိုးကြီး ဖြစ်နေဖို့ကတော့ သေချာတာပဲ။

ဒီပုဏ္ဏားကြီးမိသားစုက အဲဒီဝါဒဟင်းလေးအိုးကြီးတော့ အဖြစ် မခံဘူး။

ပုဗ္ဗေဝဒါနာ သုမနာ ဘဝါမ၊
ဒဒမွိ ဝေ အတ္တာမနာ ဘဝါမ၊
ဒတွာ ပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊

တသ္မာဟိ အမ့်ဒဟရာ နမိယျရေ။ ပြီးတော့ ဆက်လက်ပြီးတော့ ပုဏ္ဏားကြီးက ဆရာကြီးကို တင်ပြပါသေးတယ်။ ဆရာကြီးတဲ့၊ ကျွန်တော်တို့ လျှစရာ တန်းစရာ ရှိလို့ရှိရင် မလျှခင်ကတည်းကိုက တင်ကြည့်ပြီးတော့ "မိမိတို့လျှရတော့မယ်။ ကိုယ်ပိုင်တဲ့ပစ္စည်းနဲ့ သူများကို အကူအညီပေးရတော့မယ်။ သူများအလိုဆန္ဒတွေ ဖြည့်ရတော့မယ်" လို့ လျှရမယ့်အရေးကို တွေးပြီးတော့ ဝမ်းသာကြတယ်တဲ့။ လျှဆဲကာလမှာလဲပဲ စိတ်တွေ ကြည်ကြည်လင်လင်နဲ့ လျှကြတယ်။ လျှပြီးတဲ့ နောက်ပိုင်း "ငါလျှရတာ မှားပြီ" ဆိုပြီးတော့ နောင်တ မပူပန်ကြဘူးတဲ့။ အဲဒီလိုအကြောင်းအချက်တွေအရ ကျွန်တော်တို့အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတာ မရှိပါဘူး ဆရာကြီး၊ ပြီးတော့ နောက်တစ်ခုလည်း ဆက်ပြီး ဖြေပြန်တယ်။ "ဆရာကြီး၊ သမဏ ခေါ်တဲ့ သူတော်၊ ဗြာဟ္မဏ ခေါ်တဲ့ သူမြတ်၊ ပြီးတော့ ခရီးသွားတွေ၊ ဆင်းရဲနွမ်းပါးတဲ့ ပုဂ္ဂိုလ်တွေ၊ ကောင်းစားတဲ့ပုဂ္ဂိုလ်တွေ လာရောက်ပြီး အလှူခံလို့ရှိရင် စားဖွယ်ရာသောက်ဖွယ်ရာတွေနဲ့ ကျေကျေနပ်နပ်ကြီး ဖြစ်အောင်လို့ သူတို့လျှဒါန်း ကူညီကြတယ်။ အဲဒီလို အကြောင်းတွေကြောင့်လဲပဲ ကျွန်တော်တို့ မိသားစုဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါဘူး။ ပြီးတော့ နောက်တစ်ခုလည်း တင်ပြပါသေးတယ်။

မယဉ္စ ဘရိယံ နာဂိက္ခ မာမ၊
အမှေ စ ဘရိယာ နာတိက္ကမန္တိ။

http://www.dhammadownload.com

အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊

တသ္မာ ဟိအမ့် ဒဟရာ နံ မိယျရေ့။ "ဆရာကြီး၊ ကျွန်တော်တို့ အမျိုးသားတွေ ဆိုင်ရာကလဲပဲ ကိုယ့်ဇနီးနဲ့သာ ကျေနပ်ပြီးတော့ ဇနီးမယားတွေဟာ ကိုယ့်လင်သားနဲ့ ကျေနပ်နေကြတယ်။ ကိုယ်ပိုင်တဲ့ဟာကို ကျော်ပြီး အခြားမှာ ကို မကျင့်ကြဘူး။ မြတ်သောအကျင့်ကို, သူတော်စင် သူတော်ကောင်းတွေ ချီးမွမ်းတဲ့အကျင့်ကို ကျင့်ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ် သေတာ မရှိပါဘူးလို့ တစ်ချက် တင်ပြပြန်တယ်"။

ပြီးတော့ ဆက်ပြီး တင်ပြပြန်တယ်။ "ဆရာကြီး၊ ကျွန်တော်တို့ဟာ ညှဉ်းဆဲသတ်ဖြတ်မှုမှလည်း ရှောင်ပါတယ်တဲ့။ သူပိုင်ပစ္စည်းကို မတရား ယူခြင်းမှလည်း ရှောင်ပါတယ်တဲ့။ ကုသိုလ်ပြုဖို့ မေ့လျော့ခြင်းအကြောင်း ဖြစ်တဲ့ မူးယစ်ဆေးဝါးတွေ သောက်ရှုခြင်းမှလည်း ရှောင်ပါတယ်တဲ့။ အဲဒီလိုဟာတွေ ရှောင်တဲ့အတွက်ကြောင့်လဲပဲ ကျွန်တော်တို့ အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပါဘူး။ ပြီးတော့လည်း နောက်ပြီး ဆက်တင်ပြပြန်တယ်။ "ဆရာကြီး၊ ကျွန်တော်တို့ အခုပြောခဲ့တဲ့ တရားတွေ ပြည့်ပြည့်စုံ စုံ ကျင့်သုံးရတယ်။ ကျွန်တော်တို့ဇနီးတွေဟာလည်း ပြည့်ပြည့်ဝဝ ကျင့်သုံးကြတယ်။ ကျွန်တော်တို့ဟာလည်း မြင့်မြတ်တဲ့တရားတွေ ရှိ၊ ဇနီးတွေမှာလည်း မြင့်မြတ်တဲ့ တရားတွေ ရှိလေတော့ နှစ်ဦးပေါင်း ရရှိတဲ့ အားတွေဟာ ပဋိသန္ဓေ ရရှိတဲ့ ကာလက စပြီးတော့ သန့်သန့်ရှင်းရှင်း မွေးဖွားလာတဲ့အခါ ဝေဒကျမ်းတတ် ခေတ်ပညာတတ် ပညာရှိတဲ့သူတော်ကောင်းလေးတွေ မွေးလာပါတယ်တဲ့။ အဲဒါကြောင့်မို့ ကျွန်တော်အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြပါဘူးတဲ့။

ဒီအချက်ဟာ လေးလေးနက်နက် စဉ်းစားရမယ့် အချက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းလူတိုင်းဟာ မိသားစုနဲ့ပေါ့လေ။ ချမ်းချမ်းသာသာနဲ့ ရွှင်ရွှင်ကြည်ကြည်နဲ့ နေချင်ကြတယ်။ ကိုယ့်သားတွေ သမီးတွေနဲ့ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး နေချင်ကြတာပဲ။ သားသမီးတွေ မွေးဖွားလာပြီဆိုရင် မိဘဖြစ်တဲ့ ပုဂ္ဂိုလ်တို့ဟာ ကိုယ့်သားသမီးတွေကို ငယ်ငယ်ရွယ်ရွယ်ကစပြီး သားလိမ္မာ သမီးလိမ္မာတွေ ဖြစ်စေချင်ကြပါ တယ်။ လိမ္မာတဲ့ သားသမီးတွေကို

http://www.dhammadownload.com

ကြည့်ချင်ကြတာပဲ။ သားသမီးတွေ ရပြီဆိုရင် မိဘတွေ ဘယ်လို ပြောမလဲ ဆိုတာကို မျှော်မှန်းကြမှာပါပဲ၊ ဒီအချက် လေးလေးနက်နက် စဉ်းစားဖို့ပါပဲ။ အဲဒီလို သားကောင်းသမီးကောင်းလေးတွေ ဖြစ်ရေးအတွက် လောကီ အတတ် ပညာတွေကိုလည်း သင်ပေးမယ်။ အဲဒီလို သင်ပေးတဲ့အခါမှာလဲပဲ ကိုယ်နှုတ်စိတ်ထားလေးတွေ ကောင်းအောင်ဆိုပြီးတော့ ကျင့်သုံးလို့ အကျိုး ရှိတဲ့တရားတွေ သင်ပြလို့ရှိရင် ကလေးတွေဟာ သူတော်ကောင်းအလေ့ ဓာတ်ကလေးတွေ ရသွားမှာပဲ။ သူတော်ကောင်းအငွေ့ဓာတ်လည်း ရပြီး သူ တော်ကောင်းအလေ့ဓာတ်လည်း ရပြီဆိုရင် ငယ်ငယ်ရွယ်ရွယ်က အလေ့ ကောင်းလေးတွေ ဖြစ်ပြီး တဖြည်းဖြည်း လူကြီးလူကောင်းတွေ ဖြစ်သွားနိုင် တယ်။ နိုင်ငံတော်ဝန်နဲ့ အများရဲ့အကျိုးကိုလည်းပဲ ထမ်းဆောင်မယ်၊ သိပ် ကောင်းတယ်၊ ပြီးတော့ ပုဏ္ဏားကြီးက ဆရာကြီးကို တင်ပြပြန်တယ်။ "ဆရာ ကြီးတဲ့၊ အမိအဖ ညီအစ်ကိုမောင်နှမ သားမယား ဆွေမျိုးဉာတိတွေအားလုံး ဟာ နောင်တမလွန်အရေး ငဲ့ပြီးတော့ မမှန်ကန်တဲ့ အပြုအမူတွေကို မတရား မပြုရဘူးတဲ့။

အားလုံးပဲ ဒီအကျင့်တွေ ကျင့်ကြပါတယ်။ ဒါကြောင့် သူတို့ အမျိုး အနွယ်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြဘူးတဲ့။ အစဉ်အဆက်ကောင်းတဲ့ တရားတွေ ရဖူးအောင် မျိုးဓာတ်တွေ ချထားခဲ့တယ် ဆိုတဲ့သဘောပါပဲ။ မျိုးဆက်တစ်စုတင် မဟုတ်ဘဲ မျိုးဆက်အဆက်ဆက်ဖြစ်သွားအောင် ဒီလို လုပ်တဲ့သဘောပါပဲ။ ပြီးတော့ နောက်ဆုံးတင်ပြတာကတော့ "ဆရာကြီးတဲ့၊ ကျွန်တော့်မိသားစုဆွေမျိုးစုတွေတင် ကွက်ပြီးတော့ သူတော်ကောင်းတရား တွေ ပြန့်ပွားအောင် လုပ်တာ မဟုတ်ပါဘူးတဲ့။ ကိုယ်အမှီပြုနေကြတဲ့ ကျေး ကျွန်တွေ၊ အမှုအလုပ်သမားတွေ၊ နောက်လိုက်နောက်သားတွေ၊ ကိုယ်နဲ့ အတူတကွနေရတာ ဖြစ်တော့ မိသားစုထဲမှာ ထည့်သွင်းပြီးတော့ နောက်ဘဝ ကောင်းစားရေး သူတို့အပေါ်မှာ ကြင်နာသနားပြီးတော့ ညွှန်ကြားပါတယ် တဲ့။ သူတို့တစ်တွေလဲပဲ ကျင့်ကြပါတယ်တဲ့။ ဒါကြောင့် ဒီတရားတွေ ပြန့်ပွားပြီး တော့ သူတို့အမျိုးအနွယ်မှာ ငယ်ငယ်ရွယ်ရွယ် မသေကြပါဘူးတဲ့။ "ဒီအကျင့် များဟာ ကျွန်တော်များ ငယ်ငယ်ရွယ်ရွယ်နဲ့မသေရခြင်းရဲ့ အကြောင်းရင်း

http://www.dhammadownload.com

တွေပါပဲလို့ ဓမ္မပါလဖခင် ပုဏ္ဏားကြီးက ဆရာကြီးကို ပြောပြတဲ့အခါမှာ သူတို့ဟာ စုံစမ်းလိုလို့ လာရတဲ့အကြောင်း ဓမ္မပါလဟာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ရှိတယ်ဆိုတဲ့အကြောင်း ပြောပြပြီး အဲဒီပုဏ္ဏားကြီး တင်ပြတဲ့ တရားတွေကို အားလုံးမှတ်သားရေးယူပြီးလို့ ထားပါတယ်လို့ ဆိုပါတယ်။

ပြီးတော့ ဆရာကြီးလုပ်သူဟာ ရုပ်ဓာတ်ရေးရာဆိုင်ရာ ဒါလေးတင်ကျွမ်းကျင်တာ မဟုတ်ဘူး။ ဒါလောက်ပင် တပည့်တွေကို ပို့ချတာမဟုတ်ဘူး။ တပည့်တွေကို စိတ်ဓာတ်ရေးရာမှာလည်းပဲ လူတွေမှာ တကယ်လိုအပ်တဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရခြင်းအကြောင်း၊ အဆင်းလှရခြင်းအကြောင်း၊ ကျန်းမာခြင်းရဲ့ အကြောင်းဖြစ်တဲ့ အချက်အလက်တွေကို ကိုယ်တိုင်ကိုယ်ကျ စုံစမ်းပြီးတော့ လေ့လာဖော်ရတယ်။ ဆရာကြီးလည်း တော်တော် ခိုးမွမ်းစရာကောင်းတယ်။ အခုကာလ ရုပ်ပိုင်းဆိုင်ရာ ပညာတွေလောက်သာ လေ့လာတာ များပြီးတော့ စိတ်ဓာတ်ဆိုင်ရာအတတ်ပညာလေ့လာမှုတွေ နည်းကြပါတယ်။ ဒါပေမဲ့ အမေရိကတိုင်းပြည်ကြီးကတော့ ရုပ်ဓာတ်ရေးရာမှာလည်းပဲ အစွမ်းကုန်လေ့လာသလို စိတ်ဓာတ်ရေးရာမှာလည်းပဲ တော်တော်ပဲ လေ့လာလိုက်စားကြပါတယ်။

အဲဒီလို ဆရာကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့မသေခြင်းရဲ့အကြောင်းတရားတွေကို မှတ်တမ်းပြုပြီးတော့ မေးတဲ့အခါ ပုဏ္ဏားကြီးက နောက်ဆုံးဂါထာ ၂ ခု နဲ့ မှတ်ချက်ချပါတယ်။ "ဆရာကြီးတဲ့၊ အဲဒီလို ကျင့်သုံးရတဲ့ တရားဟာ တရားကို တကယ်ရိုရိုသေသေ လိုက်နာတဲ့ ပုဂ္ဂိုလ်ကို တကယ်စောင့်ရှောက်ပါတယ် ဆရာကြီးတဲ့။ ပြီးတော့ တရားတော်ဟာ လက်တွေ့ပြည့်ပြည့်ဝဝကျင့်သုံးလို့ရှိရင် ချမ်းသာမှုအပြည့်ကို ဖြစ်စေနိုင်ပါတယ် ဆရာကြီးတဲ့။ ပြီးတော့ တရားကျင့်သုံးတဲ့ပုဂ္ဂိုလ်ဟာ မကောင်းတဲ့ ဒုဂ္ဂတိဘဝ မလာနိုင်ပါဘူးတဲ့။

ဤကား ကောင်းစွာကျင့်ရတဲ့ အကျိုးအာနိသင်တွေပါပဲတဲ့။ ကျွန်တော်ရဲ့သားဟာ လက်တွေ့တရားတွေ ကျင့်သုံးနေတာဖြစ်တော့ သူကျင့်သုံးတဲ့ တရား က သူ့ကို စောင့်ရှောက်နေမှာပါတဲ့။ ဥပမာ မိုးရွာတဲ့အခါမှာ လုံတဲ့ထီးကြီးဆောင်းထားသလို အစောင့်အရှောက်အကွယ်ရနေတဲ့သားဟာ ဘယ်

http://www.dhammadownload.com

နည်းနှင့်မှ မသေဘူးဆိုတာ သိပါတယ်တဲ့။ အခု ဆရာကြီး ယူလာခဲ့တဲ့ဟာ တွေကတော့ လူရိုး မဟုတ်ဘူး။ ဆိတ်ရိုးတွေပါပဲတဲ့။

အဲဒီဓမ္မပါလဝတ္ထုကြောင်းအရဆိုရင် ဘုန်းကြီးတို့တစ်တွေဟာတကယ့် လက်တွေ့ ဟုတ် မဟုတ်ဆိုတာ သိဖို့ရန်အတွက် တရားတွေ ကျင့်သုံးဖို့ အရေးကြီးပါတယ်။ လိုတဲ့ဟာတွေလည်း ဖြည့်၊ ဖြည့်ပြီးတာတွေလည်း အားရအောင် ပြည့်သည်ထက် ပြည့်သွားအောင် ကျင့်သုံးသွားမယ်ဆိုရင် အခုပြောခဲ့တဲ့ အကျိုးအာနိသင် ရဖို့ သေချာပါတယ်။ အဲဒီအပေါ်မှာ စိတ်ဓာတ်လည်းပဲ တိုးမြှင့်ပေး အသိဉာဏ်တွေလည်း ပွားများအောင် အဆင့်မြှင့်တဲ့ တရားတွေ အားထုတ်လိုက်ပြန်ပြီဆိုလို့ရှိရင်တော့ အထူး ပြောစရာ မရှိပါဘူး။ အဲဒီတော့ အခုပြောခဲ့တဲ့အချက်တွေ သိနားလည်ပြီးတော့ ဘုန်းကြီးတို့တစ်တွေဟာ ဓမ္မစရိယခေါ်တဲ့အခြေခံတရားတွေ ပြည့်စုံပြီးတော့ အဆင့်မြင့်သတိပဋ္ဌာန်တရားတွေအားထုတ်လို့ အဆင့်အဆင့် စိတ်ဓာတ်တွေမြင့်ပြီးတော့ ဝိပဿနာ ဉာဏ်တွေ တိုးတက်ပြီး နောက်ဆုံး ပြီးပြည့်စုံတဲ့အထိ ကြိုးစားကြပါစို့လို့ ကြိုးစားနိုင်ကြပါစေ။

သာဓု. . . . သာဓု. . . . . သာဓု။

နောက်ဆုံးမာရ်စစ်သည်

ဒီမာရသေနာ မာရ်စစ်သည် ၁၀ ပါးထဲက နောက်ဆုံး မိမိကိုယ်ကို ပင့်ပြီး သူများကိုနှိမ်တဲ့ အတ္တုက္ကံသန ပရဝမ္ဘန အကြောင်းကို အဆုံးသတ် ဟောပါမယ်။ မိမိကိုယ်ကို ပင့်တယ်ဆိုတာ ပင့်စရာအကြောင်းလေးတွေ ရှိလို့ ပင့်တာပါပဲ။ သူများကို နှိမ်တယ်ဆိုတာလည်း ကိုယ်ကို ပင့်မှတော့ သူများကို နှိမ်သလို ဖြစ်သွားတာပါပဲ။ ဒါတော့ သဘာဝပဲ။ ကိုယ်ကိုယ်ကို ပင့်ပုံလေး တွေနဲ့ သူများကို နှိမ်ပုံလေးတွေ မူလပဏ္ဏာသပါဠိတော် မဟာသာရောပမသုတ်ထဲက တချို့ အချက်အလက်တွေ နုတ်ပြီးတော့ ပြောပါမယ်။

မေ့လျော့သူ

အဲဒီ သုတ္တန်မှာ ရှေးဦးစွာ ပဌဇိတမည်တဲ့ ပုဂ္ဂိုလ်ဟာ ရဟန်းပဲ ဖြစ်ဖြစ်၊ ယောဂီပဲ ဖြစ်ဖြစ် ဇာတိ အစရှိတဲ့ဘေးတွေ အကျဉ်းကြပ်မိ နှိပ်စက်လို့ အဲဒီ

http://www.dhammadownload.com

ဘေးဒုက္ခတွေရဲ့ အဆုံးသတ်ရာတော့ ရှိလိမ့်မယ် ဆိုတဲ့ ရည်မှော်ချက်နဲ့ သာသနာနယ်ထဲမှာ တချို့ ရှင်ရဟန်းအဖြစ်၊ ယောဂီအဖြစ် ခံယူပြီးတော့ တရားကျင့်သုံးလေ့ရှိတယ်။ အဲဒီအခါမှာ တကယ်တရားတွေ ကျင့်သုံးရမယ့် အစား လာဘ်လာဘကို ဦးစားပေးပြီး ရရှိတဲ့လာဘ်လာဘနဲ့ ကျေနပ်ပြီး အလုပ်ပြည့်ပြီးနေတယ်။ ပြီးတော့ မိမိဟာ လာဘ်လာဘရွှင်သူ၊ ဘုန်းကြီးသူ၊ အခြားပုဂ္ဂိုလ်တွေကတော့ လာဘ်လာဘနည်းသူ၊ ဘုန်းကံနည်းပါးသူလို့ ဒီလို အထင်အမြင်သေးပြီး နေပါတယ်။ အဲဒီလိုနေလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ လာဘ်လာဘကိစ္စတွေနဲ့လာဘသက္ကာရသိလောကကိစ္စတွေနဲ့ နစ်မွန်းနေတော့တာပဲ။ မဇ္ဈတိပမဇ္ဈတိ - ယစ်မူးနေတာပဲ၊ ပမာဒံ အာပဇ္ဇတိ - လုပ်သင့်တဲ့ အလုပ်တွေ ဆက်လက်ပြီးလုပ်ဖို့ ပျက်ကွက်သွားပြီ။ ရှောင်သင့်တဲ့အချက်တွေ ရှောင်ဖို့ရန် ပျက်ကွက်သွားပြီ။ အဲဒီလိုနေတဲ့ပုဂ္ဂိုလ်ကို ပမတ္တပုဂ္ဂိုလ်လို့ ခေါ်တာပဲ။ ပမတ္တ ဆိုလို့ရှိရင် ခုန ဇာတိအစရှိတဲ့ ဘေးတွေက မလွတ်တော့ ဆင်းရဲစွာ နေရတယ်။ ကိုယ့်ကိုယ်ကို မြှောက်ပြီးသူများကို နှိမ်ပုံလေးတွေဟာ အဲဒီ လာဘ်လာဘက စတာပါပဲ။

အကိုင်းအခက်ယူသူ

ဒီနေရာဌာနမှာ ပိုပြီး နားရှင်းအောင် အနှစ်ရှိတဲ့ သစ်ပင်ကြီး တစ်ပင်နဲ့ သိက္ခာသုံးရပ်နဲ့ သိမ်းယူတဲ့ ဗြဟ္မစရိယ မြတ်စွာဘုရား သာသနာကို ယှဉ်ပြီး ကြည့်ကြပါစို့။ ဥပမာနဘက်က အကိုင်းအခက် သစ်ရွက်တွေရှိတဲ့ သစ်ပင်ကြီး၊ တခြားတစ်ဘက်က သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်နဲ့ သိမ်းယူအပ်တဲ့ ဗြဟ္မစရိယသာသနာတော် အဲဒါနဲ့ ယှဉ်ကြည့်ပါ။ အဲဒီသစ်ပင်ကြီးမှာ သာရ ခေါ်တဲ့ အနှစ်လည်း ရှိတယ်။ ဖဂ္ဂု ခေါ်တဲ့ အကာလည်း ရှိတယ်။ တစ ခေါ်တဲ့ အခွံလည်း ရှိတယ်။ ပပဋိက ခေါ်တဲ့ အပွေးလည်း ရှိတယ်။ ဒီ ၄ မျိုးကို မြင်အောင် ကြည့်တတ်ဖို့ပါပဲ။

ထို့အတူ ဗြဟ္မစရိယ ခေါ်တဲ့ သစ်ပင်ကြီးမှာလဲပဲ မဂ်ဖိုလ်ဉာဏ် သို့မဟုတ် အရဟတ္တဖိုလ်ပေါက် ရဟန္တာ ဖြစ်တဲ့အထိ နောက်ပြီး ဉာဏဒဿန အဘိညာဉ်တန်ခိုးတွေ တစ်နည်းအားဖြင့်လည်း ဝိပဿနာဉာဏ်တွေနဲ့

http://www.dhammadownload.com

အဘိညာဉ်တန်ခိုးတွေ တွဲပြီး ယူနိုင်ပါတယ်။ နောက် သမာဓိ၊ သီလ၊ ပစ္စည်းလာဘ်လာဘ အဲဒါတွေ တွဲပြီး ယူပါ။

အဲဒီသာသနာနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေဟာ တကယ် အနှစ်သာရကို နားလည်ပြီး တကယ်အနှစ်သာရ ရရှိရေးအတွက် အခုလို သီလသမာဓိပညာ အကျင့်တရားတွေကို ကျင့်သုံးရာမှာ ပစ္စည်းလာဘ်လာဘတွေနဲ့ မကင်း စကောင်းပါဘူး။ ဒါတော့ ရှိရမှာပါပဲ။ ဒါပေမဲ့ ပစ္စည်းလာဘ်လာဘတွေ များပြီး အဲဒါနဲ့ မက်မောပြီး နစ်မွန်းနေမယ်။ ပြီးတော့ အများတကာက ပူဇော်သက္ကာရ ပြုတဲ့ဟာကိုပဲ ကိုယ်က သာယာပြီး နေမယ်၊ အဲဒါနဲ့ နစ်မွန်းပြီး မေ့လျော့ ပေါ့ဆနေမယ်။ ဘယ်သူက အပြောကောင်းတာပဲ၊ အဟောကောင်းတာပဲ ဆိုပြီး အများခီးမွမ်းတာနဲ့မို့လို့ ကျေနပ်နေမယ်ဆိုရင်၊ ပြီးတော့ ကိုယ်ကိုယ်ကို ပင့်ပြီး သူများကို အထင်အမြင်သေးနေမယ်ဆိုရင် တော်တော် မကောင်းတာပါပဲ။ တကယ်လို့ ကိုယ့်ကိုယ်ကိုလဲ မပင့်, သူများကိုလဲ အထင်အမြင် မသေးဘဲနဲ့ ပစ္စည်းလာဘ်လာဘတွေနဲ့ ကျေနပ်နေမယ်ဆိုရင် သစ်ပင်က အနှစ်အသားကို လိုလို့ သွားရှာတဲ့အခါမှာ အနှစ်အသားကို မယူဘဲနဲ့ အကိုင်းအခက်ယူတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်။ အကိုင်းဟာ ဘာမှ အကျိုးမရှိဘဲ မကြာခင်မှာပဲ ပျက်စီးယိုးယွင်းသွားမယ့်ဟာပဲ။

အပွေးယူသူ

တချို့ကတော့ ပစ္စည်းလာဘ်လာဘကို သာသနာတော်မှာ သီလ၊ သမာဓိ၊ ပညာကျင့်သုံးရေးအတွက် တကယ်လိုအပ်တဲ့ အထောက်အပံ့ အနေနဲ့ လောက်သာ သုံးပြီး စိတ်နေစိတ်ထား ဘာမှ မပြောင်းဘူး။ သူများလည်း အထင်မသေးဘူး။ ကိုယ့်ကိုလည်း မမြှောက်ဘူး။ ဒီအထဲမှာလည်း မနစ်မွန်းဘူး။ ရဟန်းလည်း ရဟန်းအလိုက်၊ လူလည်း လူအလိုက် ကိုယ်ကျင့် သီလတွေ ကျင့်တယ်။

ကိုယ်ကျင့်သီလတွေ မိမိမှာပြည့်စုံလာရင် နည်းနည်း စိတ်ကြီးတွေ ဝင်တတ်တယ်။ သီလမရှိတဲ့ ပုဂ္ဂိုလ်တွေကို ရည်မွှောပြီး သူတို့က သီလမဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဒုဿီလတွေပဲ၊ ပါပဓမ္မတွေပဲ စသည်ဖြင့် အထင်အမြင်သေးတယ်။

http://www.dhammadownload.com

အဲဒီလို အထင်အမြင်သေးလို့ရှိရင် ဒသမ တပ်မတော်ကြီးနဲ့ ရင်ဆိုင်ရလေပြီ။ အဲဒီလို သီလအကြောင်းပြုပြီး ကိုယ်ကိုလည်း မမြင့်ဘူး၊ သူများလည်း အထင်အမြင်မသေးဘူး၊ သီလပြည့်စုံရင် ကျေတော့ ကျေနပ်တယ်။ ဒါပေမဲ့ ဒါလေးတွေနဲ့ မလောက်သေးဘူးဆိုပြီး စိတ်နေစိတ်ထားတွေ တိုးတက်ဖို့၊ အသိဉာဏ်တွေ ပွင့်လင်းဖို့ နောက်ဆုံး အရဟတ္တဖိုလ် ပေါက်ရောက်တဲ့အထိ မျှော်မှန်းပြီး ကျင့်သုံးလို့ရှိရင် သီလနဲ့ပတ်သက်ပြီး ဘဝင်မြင့်တာတွေ အတွေ့ကြုံသန ပရဝဏ္ဏန မာရသေနာမှ လွတ်သွားပါတယ်။ သီလလောက်နဲ့ ကျေနပ်နေတဲ့ ပုဂ္ဂိုလ်ဟာ သစ်ပင်ရဲ့ အနှစ်ကို ရှာတဲ့ ပုဂ္ဂိုလ်ဟာ အနှစ်ယူမယ့်အစား အပွေးလေးနဲ့ပဲ ကျေနပ်ပြီးနေတာနဲ့ တူပါတယ်။

အခေါက်ယူသူ

အဲဒီလို သီလလောက်နဲ့ မတင်းတိမ်ဘဲနဲ့ စိတ်နေစိတ်ထားတွေ တိုးမြှင့်ပေးတဲ့ သမာဓိတရားတွေ အားထုတ်ဖို့ လိုသေးတယ်၊ သမာဓိနဲ့ ပြည့်စုံဖို့လဲ လိုသေးတယ်၊ တကယ်အနှစ်သာရတွေ ရှာဖို့လိုသေးတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဆက်လက်ပြီး သာသနာထဲမှာ အနှစ်သာရရှာတဲ့အခါ သမာဓိ လုပ်ငန်းလုပ်လို့ နည်းနည်းစိတ်ကလေး ချမ်းသာလာတာတွေ တည်ငြိမ်လာတာတွေ ရလို့ ဒါဟာ သာသနာရဲ့ တကယ်အနှစ်သာရပဲလို့ ထင်မှတ်တတ်တယ်။ ဒီလောက်နဲ့ဆိုရင်တော့ ကျေနပ်လောက်ပါပြီ။ ဒါသိပ်ကောင်းတာပဲဆိုပြီး အနှစ်သာရ အစစ်မဟုတ်သေးတဲ့ဟာကို အနှစ်သာရအစစ်လို့ ယူဆလိုက်တာ အဲဒီလိုယူဆရုံတင် မကဘူး။ မိမိက စိတ်တည်ငြိမ်တဲ့ ပုဂ္ဂိုလ်၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်၊ သူများတွေက စိတ်အလဟဿ လေလွင့်ပြီးနေတဲ့ ပုဂ္ဂိုလ်ဆိုရင် ကိုယ်ကို ပင့်ပြီး သူများကို နှိမ့်တယ်။ အဲဒီထဲမှာပဲ နစ်မွန်းပြီး ရှောင်သင့်တဲ့ဟာတွေ ရှောင်ဖို့၊ ဆောင်သင့်တဲ့ဟာတွေ ဆောင်ဖို့ ပျက်ကွက်မှု ပမာဒတရားတွေ ဖြစ်ပြီး ဆင်းရဲစွာ နေရတော့တာပဲ။ အဲဒီပုဂ္ဂိုလ်ဟာ သမာဓိနဲ့ ပတ်သက်ပြီး ဒသမ မာရသေနာနဲ့ ကြုံနေတာ။ အဲဒါလောက်နဲ့ မတင်းတိမ်ဘဲ ရှေ့ဆက်ရဦးမယ်လို့ ထင်လို့ရှိရင် မာရသေနာ စစ်တပ်ရဲ့ အဝိုင်းမခံရဘူးပေါ့။

http://www.dhammadownload.com

အညှဉ်းမခံရဘူးပေါ့။ ဒါပေမဲ့ သမာဓိလောက်နဲ့ ကျေနပ်နေမယ်ဆိုရင် သစ်ပင်ရဲ့ အနှစ် ရှာပါတယ်။ အနှစ်မယူဘဲနဲ့ သစ်ခေါက်ယူပြီး ပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်။ သမာဓိဟာ သစ်ပင်ရဲ့ အခေါက်နဲ့ တူပါတယ်။ အခေါက်က ဘာလုပ်စရာတုံး၊ အိမ်တွေ ဆောက်ဖို့ ပစ္စည်းတွေ လုပ်လို့ မရဘူး။

အဘိညာဉ်ရ အရှင်ဒေဝဒတ်

အဲဒီမှာ သမာဓိ ဆိုတာကတော့ လောကီစျာန် သမာပတ်တွေကို ပြောတာပါပဲ၊ ရူပစျာန် ၄ ပါး၊ အရူပစျာန် ၄ ပါး၊ သမာပတ် ၈ ပါးကို ပြောတာပါ။ စျာန်လေးလောက်နဲ့ ကျေနပ်နေတဲ့ ပုဂ္ဂိုလ်ကို ပြောပါတယ်။ အဲဒီ လောကီစျာန်လောက်နဲ့ မကျေနပ်ဘဲ အဘိညာဉ်တွေ ရရင် ကောင်းမှာပဲဆိုပြီး ဆက်ပြီး အဘိညာဉ်ရရှိရေးအတွက် ကြိုးစားပါတယ်။ ကြိုးစားလို့ အဘိညာဉ်တရားတွေရရင် သာသနာမှာ ဒီအဘိညာဉ်ဥာဏ်ထူးတွေဟာ တကယ် အနှစ်သာရပဲ ဆိုပြီး ယူဆတယ်။ ကိုယ်က အဘိညာဉ်တွေ ရထားပြီးတော့ စိတ်ကြီးဝင်ပြီး သူများကို နှိမ့်တာ၊ ကိုယ်ကို မြှောက်ပင့်တာ၊ ဒီထဲမှာ နစ်မွန်းပြီး ပျော်နေတာ၊ ရှေ့ဆက်ပြီး လုပ်သင့်တဲ့အလုပ်တွေ လုပ်ဖို့ ပျက်ကွက်တာ၊ စိတ်ထားမမှန်မကန်ရှောင်ရှားရမယ့်ဟာတွေ ပျက်ကွက်တာ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆဖြစ်ပြီး တကယ်ခွမ်းသာစရာ မရပြန်ဘူး။ အဲဒီလို ဆိုလို့ရှိရင် အဘိညာဉ်နဲ့ ပတ်သက်ပြီး မာရ်စစ်သည်တွေ ဝိုင်းပြန်ပြီ၊ မိနေပြန်ပြီ၊ အဲဒီအဝိုင်းမခံရဘဲနဲ့ ဒီလောက်နဲ့ မကျေနပ်ဘဲ ရှေ့ဆက်လို့ ရှိရင်တော့ လွတ်သွားတာပေါ့လေ။

အဲဒီအဘိညာဉ်တွေ ရလို့ စိတ်ကြီးဝင်ပြီး ဒေဝဒတ် ပျက်စီးသွားတဲ့ သာဓကဟာ ထင်ရှားပါတယ်။ ဒေဝဒတ်ဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ပါဘူး။ အဘိညာဉ်ရထားတဲ့ ပုဂ္ဂိုလ်ပါပဲ။ ဒါပေမဲ့ ဝိပဿနာဉာဏ်တွေ ပြည့်စုံပြီး မဂ်ဖိုလ်ဉာဏ်ရတဲ့အထိ အားမထုတ်တော့ မြတ်စွာဘုရားပေါ်မှာလည်း စိတ်ထားတွေ ပြောင်း၊ သံဃာအသင်းလည်း ခွဲ၊ လောဟိတုပ္ပါဒက ကံတွေလည်း ထိုက်ပြီး ဒုက္ခတွေ ရောက်သွားတာ။ အဲဒါ သာဓကတွေပါပဲ။

http://www.dhammadownload.com

တန်ခိုး ၃ မျိုး

ဒီဟာနဲ့ပတ်သက်ပြီး အခုခေတ် တချို့တချို့ အဘိညာဉ်တွေ စိတ် ဝင်စားတဲ့ပုဂ္ဂိုလ်တွေလည်း တော်တော်များများ ရှိပါတယ်။ တစ်ဦးတစ်ယောက်က နည်းနည်းအုံ့သြဖွယ် ပြလိုက်လို့ရှိရင် ဟုတ်တာ မဟုတ်တာတွေ ထား။ တချို့က စိတ်ဝင်စားပြီး လိုက်သွားတာတွေ ရှိပါတယ်။ အများအားဖြင့်တော့ ဒီလို အံ့သြဖွယ်တွေ ပြလိုက်လို့ရှိရင် စိတ်ဝင်စားကြတာဟာ အခုခေတ်မှာသာ မဟုတ်ပါဘူး။ ဘုရားလက်ထက်ကလည်း ဒကာတစ်ဦးဟာ သဒ္ဓါတရားရှိပြီး ဉာဏ်အမြင်က မရှိတော့ မြတ်စွာဘုရားအား လျှောက်တယ်။ "မြတ်စွာဘုရား၊ တန်ခိုးအဘိညာဉ် ရှိတဲ့ ပုဂ္ဂိုလ်တွေ အနယ်နယ် အရပ်ရပ် လွှတ်ပြီး တန်ခိုးပြပြီး စည်းရုံးပါဘုရား" တဲ့။ သာသနာကြည်ညိုလာအောင် ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ များလာအောင်လို့ပါ ဘုရားတဲ့။ မြတ်စွာဘုရားက ပယ်ချတယ်။ သူက လည်းပဲ ထပ်လျှောက်တယ်။ သုံးကြိမ်သုံးခါ လျှောက်တော့ မြတ်စွာဘုရားက မိန့်ကြားရတယ်။ "ဒကာ၊ တန်ခိုးက သုံးမျိုးသုံးစား ရှိတယ်။ (၁) ဣဒ္ဓိပါဋိဟာရိယ= မြေလျှိုးမိုးပုံ့ တန်ခိုးအမျိုးမျိုးပြတာ တစ်မျိုး၊ (၂) အာဒေသနာပါဋိဟာရိယ= သူများရဲ့ စိတ်နေစိတ်ထားတွေကို သိပြီး 'သင်ဟာ ဘယ်လို စိတ်နေစိတ်ထားရှိတယ်။ ဘာတွေ ကြံနေတယ်လို့ တန်းပြောတာ။ စေတောပရိယဉာဏ်တွေပေါ့လေ၊ (၃) အနုသာသနီပါဋိဟာရိယ=သင့်စိတ်ဟာ မမြင့်မြတ်သေးဘူး၊ အထက်တန်း မကျသေးဘူး၊ ဒီလိုစိတ်ထားမျိုး မထား နဲ့၊ အဲဒီလို စိတ်ထားမျိုး ထား၊ အဲဒီလို စိတ်ထားမျိုးထားဖို့အတွက် အသိဉာဏ်တွေ ပွားဖို့အတွက် ကျင့်ကြံပါဆိုပြီး နည်းလမ်းတွေညွှန်ကြားတယ်။ အဲဒါ အနုသာသနပါဋိဟာရိယပါပဲ။ အဲဒီသုံးမျိုးထဲမှာ ဆိုလို့ရှိရင် အနုသာသနီပါဋိဟာရိယက အကောင်းဆုံးပဲ ဒကာ" လို့ ဒီလို တရားဟောပါတယ်။

အကောင်းဆုံး တန်ခိုး

တကယ်လို့ အဘိညာဉ်ကိုအသုံးပြုလိုက်မယ်ဆိုရင် သာသနာ ကြည်ညိုနေတဲ့ပုဂ္ဂိုလ်တွေအဖို့ကတော့ ဘာမှ ကိစ္စမရှိပါဘူး။ အကြည်ညို မပျက်ပါဘူး။ မကြည်ညိုတဲ့ပုဂ္ဂိုလ်တွေက "ဒီအဘိညာဉ်ဆိုတာ ဘာဆန်းတာမှ မဟုတ်ဘဲနဲ့၊

http://www.dhammadownload.com

လောကမှာ ဂန္ဓာရီအတတ်တွေဆိုတာလည်း ရှိတာပဲ၊ မဏိကာ အတတ်တွေ ဆိုတာလည်း ရှိတာပဲ၊ အဲဒီအတတ်မျိုးနဲ့ သူတို့ တန်ခိုးရှိကြတာ ဖြစ်ပါလိမ့်မယ်"လို့ တစ်မျိုး ထင်ကြလိမ့်မယ်။ အကောင်းဆုံးကတော့ အနုသာသနီ ပါဋိဟာရိယ အကောင်းဆုံးပဲ။ ဒီလို ကိုယ်အမူအရာတွေ ရှိစေ၊ ဒီလို ယဉ်ကျေးတဲ့ နှုတ်အမူအရာတွေ ရှိစေ၊ ဒီလို စိတ်နေစိတ်ထားတွေ ကျင့်၊ ဒီလို မှတ်၊ ဒီလိုမှတ်လို့ရှိရင် စိတ်တွေတည်ငြိမ်ပြီး အသိဉာဏ်တွေ တိုးလာမယ်။ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုပြီး ဆင်းရဲဒုက္ခတွေမှ လွတ်မြောက်ကြလိမ့်မယ်လို့ နည်းမှန်လမ်းမှန်တွေကို ညွှန်ကြားခြင်းအားဖြင့် တစ်ဖက်သား ပုဂ္ဂိုလ်တွေ ကိုယ့်ဘက်ပါလာအောင်,ချမ်းသာမှုတွေရအောင်လုပ်တာက အကောင်းဆုံးပဲလို့ မြတ်စွာဘုရား ရှင်းပြပါတယ်။ ရှင်းပြချက်တွေကတော့ တော်တော်များပါတယ်။ ဘုန်းကြီးက ချုံးပြီးတော့ ပြောရတာပါ။

အနှစ်ကို ယူပါ

သာသနာမှာ ဉာဏဒဿန ခေါ်တဲ့ ဉာဏ်အထူးများ မလိုအပ်ဘူးလားဆိုတော့ လိုအပ်ပါတယ်။ မရသေးလို့ရှိရင် ရအောင်လုပ်ဖို့ ထိုက်တန်ပါတယ်။ ဒါပေမဲ့လို့ အဲဒါသာ အနှစ်သာရဆိုတဲ့အနေနဲ့ ယူဆထားလို့ ရှိရင် သစ်ပင်ရဲ့အနှစ်သာရကို ရှာတဲ့ပုဂ္ဂိုလ်ဟာ အနှစ်မတွေ့ဘဲနဲ့ ဖဂ္ဂုခေါ်တဲ့ အကာနဲ့ ကျေနပ်ရလို့ရှိရင် အဲဒီအကာဟာ အိမ်တွေ ဆောက်လို့ မကောင်းဘူး။ ပစ္စည်းတွေ လုပ်လို့ မကောင်းလှဘူး။ အကာနဲ့ပဲ ပြီးရမယ်ဆိုရင် သာသနာတော်ကြီးနဲ့ တွေ့ကြုံရကျိုးမနပ်ဘူး။ အဲဒီတော့ နပ်ရေးအတွက် အနှစ်သာရ ရအောင်လုပ်ဖို့ လိုသေးတယ်။ အဲဒီ သာသနာရဲ့ အနှစ်သာရ ရရှိဖို့က တော့ ယောဂီတွေ အားထုတ်နေကြတဲ့ သတိပဋ္ဌာန်လမ်းစဉ်ပါပဲ။ အပွေးနဲ့ တူတဲ့ သီလနဲ့ ပြည့်စုံတယ်။ အခေါက်နဲ့တူတဲ့ ဝိရိယသတိ သမာဓိတွေနဲ့လည်း ပြည့်စုံနေကြပါတယ်။ ဒါနဲ့လည်း မကျေနပ်သေးဘူး။ အကာနဲ့တူတဲ့ ဝိပဿနာဉာဏ် အမြင်တွေလည်း အဆင့်ဆင့် အဆင့်ဆင့် ဖြစ်လာတယ်။ အဲဒါတွေ ဖြစ်လာလို့ နောက်ဆုံး ဖြစ်ပျက်မစပ် အငြိမ်းဓာတ် နိဗ္ဗာန်ကို အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုသွားပြီဆိုလိုရှိရင်တော့ တကယ်အနှစ်သာရ မဂ်ဖိုလ်

http://www.dhammadownload.com

ရသွားပြီ။ မဂ်ဖိုလ်ကိုရသွားရင် အခြိန်မရွေးဖိုလ်ကို ဝင်စားနိုင်တာပဲ။ အရိယာမဂ်နဲ့လည်း ကိလေသာကို ပယ်သတ်၊ ဖိုလ်လည်းပဲ ဝင်စားနိုင်ပြီ ဆိုလို့ရှိရင် အသမယ ဝိမောက္ခ-အခြိန်မရွေး ကိလေသာတွေက လွတ်မြောက်ပြီး ချမ်းချမ်းသာသာ နေနိုင်တဲ့အနေသာ အနှစ်သာရပဲ။ အဲဒီထက် ပြည့်စုံတဲ့ အနှစ်သာရကတော့ ရဟန္တာအဖြစ်တုပဲ၊ အကောင်းဆုံး အနှစ်သာရပေါ့လေ။ အဲဒီအနှစ်သာရ နားလည်ဖို့ အရေးကြီးပါတယ်။

အဲဒီလို မြတ်စွာဘုရားက ဥပမာန ဥပမေယျနဲ့ ယှဉ်ပြပြီး တရားအဆုံးသတ်တဲ့အခါမှာ "ဘိက္ခုတို့၊ ဒီ ငါဘုရားသာသနာဟာ လာဘသက္ကာရသိလောက အကျိုးရရုံမျှလည်း မဟုတ်ပါဘူး။ သီလအကျိုးအာနိသင် ရရုံမျှလည်း မဟုတ်ပါဘူး။ သမာဓိ အကျိုးအာနိသင် ရရုံမျှလည်း မဟုတ်ပါဘူး။ ဉာနဿနလို့ ခေါ်တဲ့ အဘိညာဉ်တန်ခိုး အကျိုးတွေ ရရုံမျှလည်း မဟုတ်ပါဘူး။ တကယ်စင်စစ်တော့ အသမယဝိမောက္ခ ခေါ်တဲ့ ကိလေသာတွေက လွတ်မြောက်ပြီး အခြိန်မရွေး တရားချမ်းသာနဲ့ နေနိုင်တာသာ တကယ့် အနှစ်သာရပဲ" ဒီလို မိန့်ကြားပါတယ်။

အဲဒီတကယ့်အနှစ်သာရတွေကို သိရှိပြီး ရဲရဲရင့်ရင့်နဲ့ ဒသမ မာရသေနာကို ကျော်လွန်နိုင်ကြပြီး ဒီဟာကို အောင်နိုင်တဲ့ပုဂ္ဂိုလ်မှသာ ချမ်းသာစစ် ရနိုင်တယ်ဆိုတဲ့ အချက်နဲ့ သတိပဋ္ဌာန်အကျင့်လမ်းစဉ်ကို ပြည့်ဝစွာ အားထုတ်နိုင်ကြပြီး အနည်းဆုံး ဒီဘဝမှာပဲ တစ်မဂ် တစ်ဖိုလ် ရရှိပြီး အသမယ ဝိမောက္ခ ခေါ်တဲ့ အနှစ်သာရ ရအောင် ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေ။

စျာန်ချမ်းသာများ

မာရ်စစ်သည် ၁၀ ပါးကို အကျဉ်းချုပ်ပြီးတော့ ဟောခဲ့ပါတယ်။ အဲဒီမာရ်စစ်သည် ၁၀ ပါးကို "န နံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတိ သုခံ"လို့ ကျမ်းဂန်များက ပြထားတယ်။ မရဲရင့်တဲ့ ပုဂ္ဂိုလ်ဟာ၊ သတ္တိကြောင်တဲ့ပုဂ္ဂိုလ်ဟာ အဲဒီမာရ်စစ်သည် ၁၀ ပါးကို မအောင်နိုင်ဘူးတဲ့။ ရဲရင့်တဲ့ ပုဂ္ဂိုလ်ဟာ အောင်နိုင်ပြီးတော့ ချမ်းသာရနိုင်တယ်ဆိုတဲ့ မိန့်ကြားချက်ရှိပါတယ်။ အဲဒီချမ်းသာဟာ ဘာချမ်းသာလဲဆိုတာ ဒီနေ့မိန့်ကြားပါမယ်။ ချမ်းသာရတယ်

http://www.dhammadownload.com

ဆိုတော့ နိဝရဏတရားတွေ ကင်းဝေးစင်ကြယ်သွားရင် ဝိဝေကဇသုခ ဆိုတာ ပထမဆုံး စရတာပါ။ ဒါတစ်နေ့က ဈာန်အကြောင်းတွေ ပြောတဲ့အခါ ပါသွားပါတယ်။ နောက် ဒုတိယဈာန် ရောက်တဲ့အခါကျတော့ သမာဓိဇသုခ ဆိုတဲ့ စိတ်တည်ငြိမ်မှု အားကောင်းလာလို့ ဖြစ်ပေါ်တဲ့ချမ်းသာ။ နောက် တတိယဈာန်ရောက်တဲ့အခါကျတော့ အပီတိကသုခဆိုတဲ့ ပီတိမပါဘဲ ဥပေက္ခာနဲ့တကွ ဖြစ်တဲ့ချမ်းသာ၊ နောက်စတုတ္ထဈာန် ရောက်တဲ့အခါကျတော့ ဥပေက္ခာပါရိသုဒ္ဓိသုခ၊ ဥပေက္ခာကြောင့် တည်ငြိမ်တဲ့ ငြိမ်သက်တဲ့ ဥပေက္ခာသဘောကြောင့် ဖြစ်တဲ့ချမ်းသာ။ အဲဒီချမ်းသာတွေဟာ ဈာန်ချမ်းသာတွေပါပဲ။ အဲဒီဈာန်ချမ်းသာတွေကို စကားတစ်လုံးတည်းနဲ့ ပေါင်းပြောလိုက်ရင် 'နေကွမ္မသုခ'ဆိုတာပေါ့လေ။ နေကွမ္မနဲ့ သုခ တွဲရမယ်။ အဲဒီနေကွမ္မသုခက တစ်ဆင့် နောက်နိဗ္ဗာန်ချမ်းသာဆိုတာ တွေ့သွားမှာပါပဲ။

နိဗ္ဗာန်အကြောင်းကို အရိယာများသာ ပိုင်နိုင်စွာ သိနိုင်ပါတယ်

အဲဒီ နိဗ္ဗာန်ချမ်းသာအထိ ရနိုင်တယ်လို့ ဒီလိုဆိုပါတယ်။ အဲဒီ နိဗ္ဗာန်တရားကို တချို့က ရုပ်ဝိသေသ = ရုပ်အထူး၊ နာမ်ဝိသေသ = နာမ် အထူးလို့ ဒီလိုလည်းပဲ ယူဆကြပါတယ်။ တချို့ကလည်းပဲ ခန္ဓာကိုယ်ထဲမှာ အနှစ်အမြုတေအားဖြင့် ခိုင်မြဲတဲ့နိစ္စတရားလို့ ဒီလိုလည်းပဲ ယူဆကြပါတယ်။ အဲဒီ ရုပ်နာမ်တရားတွေ ချုပ်ပျက်သွားတဲ့အခါမှာ အဲဒီအနှစ်အမြုတေအနေနဲ့ အဖတ်တင် ပြီးတော့ ကျန်နေခဲ့တဲ့ တည်ရှိနေတဲ့သဘောကိုပဲ နိဗ္ဗာန်လို့ ဒီလို ယူဆတာ။ တချို့ကလည်းပဲ နိဗ္ဗာန်မှာ ရုပ်နာမ်က မရှိတော့ ဝေဒယိတသုခ ခေါ်တဲ့ ခံစားခွင့်မရလို့ရှိရင် အဘယ်မှာ ချမ်းသာဖြစ်နိုင်ပါမလဲလို့ ဒီလိုလည်း ယုံမှားသံသယတန်းလန်းနဲ့ ယူဆကြတာလည်း ရှိပါတယ်။ အခုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ထင်ရာမြင်ရာ ပြောလည်း ပြောကြပါတယ်။ စာအုပ်စာတမ်းတွေ ရေးလည်းရေးကြပါတယ်။ အမှန်ကတော့ တစ်စုံတစ်ခုသော အာရုံရဲ့အကြောင်းကို အဲဒီအာရုံ ရရှိဖူးတဲ့ ပုဂ္ဂိုလ်ကပဲ ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရုံး ရှိပါတယ်။ ဒါလိုပဲ နိဗ္ဗာန်ရဲ့အကြောင်းကိုလည်း နိဗ္ဗာန်ကိုရပြီးတဲ့ အရိယာ ပုဂ္ဂိုလ်များသာ ပိုင်နိုင်စွာ သိမြင်နိုင်ပါတယ်။ ယခုခေတ် သာမန်

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေ အတွေးအမြင်အနေနဲ့ ကတော့ လေးနက်တဲ့နိဗ္ဗာန်ကို အမှန် ထိထိမိမိ မသိနိုင်ပါဘူး။

နိဗ္ဗာန်ဟာ ခန္ဓာကိုယ်ပြင်ပကပါ

ဒါပေမဲ့လို့ ကျမ်းဂန်လာ သာဓကယုတ္တိကို ခွိုန်ဆပြီးတော့ ဘုန်းကြီးတို့ ဉာဏ်အမြင်နဲ့ နည်းနည်းရှင်းပြလို့ရှိရင် နိဗ္ဗာန်ရဲ့အကြောင်းကို နည်းနည်းတော့ ရိပ်စားမိလာပါလိမ့်မယ်။ တရားပိုင်ပိုင်နိုင်နိုင် အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေကလည်း နိဗ္ဗာန်အကြောင်းကို ပိုင်ပိုင်နိုင်နိုင် သိပါလိမ့်မယ်။ ခုန ကိုယ်ထင်ရာကိုပြောကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ နိဗ္ဗာန်ကို ရုပ်ဝိသေသ၊ နာမ်ဝိသေသလို့ ဒီလို ပြောပါတယ်။ အမှန်ကတော့ အဲဒါလည်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိတ္တ၊ စေတသိက၊ ရူပ၊ နိဗ္ဗာန လို့ ပရမတ္ထတရား ၄ ပါး ရှိပါတယ်။ မျက်မှောက်သိနိုင်တဲ့ ပရမတ္ထတရား ၄ ပါးပဲ။ အဲဒီတရားလေးပါးမှာ စိတ်၊ စေတသိက်၊ ရုပ် ခေါ်တဲ့ ပရမတ္ထတရား သုံးပါးက သီးခြားဖြစ်ပါတယ်။ နိဗ္ဗာန်ဟာ သီးခြားပရမတ်တရားပါ။ ဒါကြောင့် ရုပ်နာမ်သခ်ါရနဲ့ လုံးဝဆက်သွယ်ခြင်း မရှိပါဘူး။ ဒီတော့ ရုပ်ဝိသေသ၊ နာမ်ဝိသေသလည်း မဟုတ်နိုင်ပါဘူး။ ပြီးတော့ ရုပ်နာမ်တွေချုပ်ပျောက်သွားတဲ့အခါ ကိုယ်တွင်းမှာ အနှစ် အမြုတေသဘောနဲ့ တည်ရှိနေတဲ့သဘောဟာ နိဗ္ဗာန်လို့ ဒီလိုယူဆပြီးတော့ ပြောဆိုတာလည်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင်တော့ အဘိဓမ္မာပါဠိတော်ထဲမှာ အဗျတ္တ=အတွင်းတရား၊ ဗဟိဒ္ဓ=အပြင်တရားလို့ ဒီလို ၂ မျိုးခွဲပြီးတော့ ပြရာမှာ ဗဟိဒ္ဓမမ္မ = အပြင်တရားလို့ ဒီလိုဟောကြားထားတဲ့အတွက် ဗဟိဒ္ဓတရားထဲမှာ ပါဝင်နေပါတယ်။

နိဗ္ဗာန်နဲ့ရှင်သာရိပုတ္တရာ

ခန္ဓာကိုယ်အတွင်းမှာ အနှစ်အမြုတေအဖြစ်နဲ့ တည်နေတဲ့ ဓာတ်တစ်မျိုးလည်း မဟုတ်ဘူးဆိုတာ ရှင်းပါတယ်။ ပြီးတော့ နိဗ္ဗာန်ဟာ ပုဂ္ဂိုလ်သတ္တဝါလို ခံစားတတ်တဲ့တရားမျိုးလည်း မဟုတ်ပါဘူး။ ရူပ၊ သဒ္ဒ အစရှိတဲ့ ကာမဂုဏ်အာရုံကို ခံစားအပ် ခံစားခံရတဲ့ တရားမျိုးလည်း မဟုတ်ပါဘူး။

http://www.dhammadownload.com

မဟုတ်တဲ့အတွက် နိဗ္ဗာန်မှာ ဝေဒယိတသုခ ဆိုတာ အလျင်းမရှိနိုင်ပါဘူး။ အဲဒီဝေဒယိတသုခထဲမှာလည်း မပါနိုင်ပါဘူး။ ဒါပေမဲ့လို့ ဝေဒယိတသုခ ထက် အဆပေါင်းများစွာ သာလွန်ကောင်းမြတ်တဲ့ အဝေဒယိတသုခ ခေါ်တဲ့ သန္တိသုခဆိုတာကတော့ တကယ်မှန်ပါတယ်။ အဲဒီ ဝေဒယိတသုခနဲ့ အဝေဒိယတ ခေါ်တဲ့ သန္တိသုခ၊ ဒီအကြောင်းနဲ့ စပ်ပြီးတော့ အခုမှ ငြင်းခုံကြတာ မဟုတ်ပါဘူး။ ဘုရားလက်ထက်တော်ကာလထဲကိုက ငြင်းခုံမှုလေးတွေ ရှိခဲ့ပါတယ်။ အဲဒီအကြောင်းအရာလေးတွေနဲ့ စပ်ပြီးတော့ ဘုရားလက်ထက်က အကြောင်းလေးနဲ့ ဆက်နွယ်ပြီးတော့ ဘုန်းကြီးက ရှင်းပြပါမယ်။ အဲဒီ နိဗ္ဗာန်နဲ့ ပတ်သက်ပြီး ဆွေးနွေးရာဌာနကတော့ ဇမ္မူဒိပ်ကျွန်း ရာဇဂြိုဟ်မြို့ "ကလန္ဒကနိဝါပ" ခေါ်တဲ့ ဝေဠုဝန်ကျောင်းပါပဲ။ နိဗ္ဗာန်အကြောင်းကို စတင်ပြီး ပြောကြားတဲ့ ပုဂ္ဂိုလ်ကတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးပါပဲ။ နိဗ္ဗာန်အကြောင်းအရာနဲ့စပ်တဲ့ တရားကိုကြားနာကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ရဟန်းပရိသတ်ပါပဲ။ လူပရိသတ်လည်း ပါပါလိမ့်မယ်။

ပဟေဠိဆန်တဲ့စကား

အဲဒီရဟန်းပရိသတ်ထဲက မကျေနပ်လို့ ထပြီး စောဒကတက်တဲ့ ပုဂ္ဂိုလ်ကတော့ ဥဒါယိတဲ့။ အဲဒီဥဒါယိဆိုတဲ့ ကိုယ်တော်ကြီးက ထပြီး ပြောပါတယ်။ ရှင်သာရိပုတ္တရာက သုခမိဒံ အာဝုသော နိဗ္ဗာနံ= ငါ့ရှင်တို့၊ ဟောဒီ နိဗ္ဗာန်ဟာ ချမ်းသာတယ်နော်။ ငါ့ရှင်တို့ ဟောဒီနိဗ္ဗာန်ဟာ ချမ်းသာတယ်နော် လို့ ဆိုပြီး ခွန်းဆင့်အာမေဍိတ်အနေနဲ့ တရားအစပျိုးပြီးတော့ ရဟန်းတော်တွေကို ဟောပါတယ်။ အဲဒီလို တရားအစပျိုးလိုက်တဲ့အခါ တရားနာပရိသတ် ထဲက ဥဒါယိခေါ်တဲ့ ရဟန်းတစ်ပါးက စပြီးတော့ ကိုယနေတ္တ အာဝုသော သာရိပုတ္တ သုခံ ယဒေတ္တ နတ္ထိ ဝေဒယိတံ၊ ငါ့ရှင်သာရိပုတ္တရာတဲ့၊ အဲဒီနိဗ္ဗာန်မှာ ခံစားမှု ဝေဒယိတ မရှိဘူးတဲ့။ တကယ်လို့ မရှိဘူးဆိုလို့ရှိရင် ချမ်းသာ ဖြစ်နိုင်ပါ့မလား။ ချမ်းသာဟာ ဘယ်မှာတုံးတဲ့၊ ဒီလိုဆိုတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက လွယ်လွယ်ပဲ ပြန်ပြီးဖြေလိုက်ပါတယ်။ အဲဒီ ခံစားမှုမရှိခြင်းသည်ပင် လျှင် နိဗ္ဗာန်ချမ်းသာပဲ ငါ့ရှင်တဲ့၊ ဒီလိုဆိုပါတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်

http://www.dhammadownload.com

မြတ်ကြီးက ဖြေတာကတော့ ကျဉ်းကျဉ်းလေးပဲ။ သူက ပဟေဠိ စကားထာ လည်း ဆန်တယ်။ ဒီတော့ ဘုန်းကြီးပရိသတ် ဘယ်လိုယူဆမလဲ။ ခံစားမှုမရှိ ခြင်းသည်ပင်လျှင် ချမ်းသာပဲတဲ့။ အဲဒီ အဖြေမပေးခင် ရှေးဦးစွာ ဝေဒယိတ သုခအကြောင်းလေး နည်းနည်းပြောပါရစေဦး။

ချမ်းသာ ၂ မျိုး

နောက်လည်း အကျယ်ချဲ့ပြီးတော့ ဆိုင်ရာအခန်းရောက်တော့ ပြောပါ ဦးမယ်။ ခံစားမှုဆိုတဲ့ ဝေဒယိတသုခဟာ ခံစား စံစားပြီးတော့ ကုန်ကုန်သွား တယ်။ အဲဒီလို ကုန်သွားတဲ့အတွက် အသစ်ရအောင်လို့ စုဆောင်းရှာဖွေရ တာ သက်သာရဲ့လားလို့ စဉ်းစားဖို့ပါပဲ။ ဒီတော့ အသစ်အသစ်ရအောင်လို့ ထူထောင်ရတဲ့ဒုက္ခဟာ တစ်ခဏလေးခံစားရတဲ့ သုခနဲ့ ယှဉ်ကြည့်လိုက်လို့ ရှိရင် အဆမတန် အင်မတန်ဆင်းရဲတယ်ဆိုတာ အကြမ်းစား တွေးကြည့်ဖို့ပါ ပဲ။ အဲဒီဒုက္ခနဲ့ထူထောင်ပြီးတဲ့နောက် ပေါ်ပေါက်လာတဲ့သုခလေးနဲ့ မတင်း တိမ်နိုင်ကြလို့ တချို့အပိုအမိုကြွေးတွေ ယူပြီးတော့ မတရား ခံစားမှုလေးတွေ ဖြစ်ကြတဲ့ပုဂ္ဂိုလ်တွေ တွက်ကြည့်ပါ။ နောက်ဘဝမှာ အဲဒီ မတရားကြွေးတွေ ဆပ်ရမှာတော့ မမြင်ရသေးလို့ ထားပါတော့။ ယခု မျက်မှောက်ဘဝမှာပဲ တစ်ခဏလေး အဲဒီဝေဒယိတသုခလေး ငှဲ့ပြီးတော့ မတရားလုပ်တဲ့အတွက် မတရားမှုတွေက ပေါ်ပေါက်တော့ ဆင်းရဲဒုက္ခရောက် ကြတာ တွေးကြည့်ပါ။ ဘယ်လောက် ဝမ်းနည်းစရာကောင်းသလဲဆိုတာ တွေးကြည့်ပါ။ အဲဒီလို ခံစားမှုသုခနဲ့ မရောတဲ့ သန္ဓိသုခသဘောဟာ ရုပ်နာမ် တရားတွေ ချုပ်ငြိမ်းပြီး အေးမြငြိမ်းချမ်းခြင်း သဘောပါပဲ။ ဒီစကားအရဆိုရင် ဒီထဲက ချမ်းသာ ၂ မျိုး ပေါ်ထွက်လာပြီ။ အဲဒီချမ်းသာ ၂ မျိုးဆိုတာ (၁) ဝေဒယိတသုခ တစ်မျိုးနဲ့ (၂) အဝေဒယိတသုခ ခေါ်တဲ့ သန္ဓိသုခ ဆိုတာ ၂ မျိုး ပေါ်ထွက်လာပါတယ်။

နိဗ္ဗာန်မှာ ပျော်စရာမရှိ

ဝေဒယိတသုခဆိုတာ အာရုံကောင်း ၆ ပါးနဲ့ တွေ့ထိရရှိတဲ့ ချမ်းသာမှု မျိုးကို ဝေဒယိတသုခ လို့ခေါ်ပါတယ်။ အဝေဒယိတ ခေါ်တဲ့ သန္ဓိသုခ ဆိုတာ ကတော့ အာရုံနဲ့ မထိတွေ့ရဘဲနဲ့ ငြိမ်းချမ်းတဲ့ ချမ်းသာကိုပြောပါတယ်။ အဲဒီ

http://www.dhammadownload.com

ဝေဒယိတသုခကို အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်များကတော့ နိဗ္ဗာန်မှာ ခံစားမှု မရှိတော့ နိဗ္ဗာန်ကို မကြိုက်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုအမြင်ကောင်းလေးတွေ မြင်ပြီးတော့ ချမ်းသာမှုဆိုတာဟာ မျက်စိရှုပ်ရှိမှ၊ မြင်စရာအဆင်းရုပ်ကလည်း ရှိပါမှ၊ မြင်သိတဲ့ နာမ်တရားလေးတွေလည်း ရှိပါမှ ဒါမှ မြင်ကောင်းချမ်းသာဆိုတဲ့ ဝေဒယိတသုခလေးတွေက ပေါ်ထွက်လာတာ။ ဒီတော့ နိဗ္ဗာန်မှာ မျက်စိရုပ်တွေလည်းပဲ မရှိဘူး။ မြင်စရာအဆင်းရုပ်သာယာစရာလည်း မရှိဘူး။ မြင်သိတဲ့သဘောလည်း မရှိဘူး။ ရုပ်နာမ်တွေ ချုပ် နေလို့ ခုနမြင်ကောင်းချမ်းသာ ဝေဒယိတသုခမရှိဘူး။ မရှိတော့ ဒီမှာ ဘာလုပ်စရာလိုလဲတဲ့။ ဒီနိဗ္ဗာန်ဟာ ချမ်းသာမှ မချမ်းသာဘဲ ဆိုပြီးတော့ ဥဒါယီ မထေရ်က အဲဒီလို ကန့်ကွက်တာ။ ထို့အတူပဲ သာယာစရာ အသံလေးတွေ နားထောင်ပြီးတော့ ဝေဒယိတသုခချမ်းသာလေး ကြိုက်နေတဲ့ ပုဂ္ဂိုလ်များကလည်း နိဗ္ဗာန်မှာ နား ရုပ်မရှိ၊ အသံရုပ်မရှိ၊ ကြားသိတဲ့ နာမ်တရား မရှိဆိုတော့ အဲဒီကြားသိချမ်းသာလေး သူဆုံးရှုံးသွားတော့ ခံစားမှုမရှိဘူး ဆိုတော့ ဘာလုပ်စရာလိုလဲ။

နိဗ္ဗာန်မှာ ရုပ်နာမ် မရှိပါ

သင်းပျံ့တဲ့အနံ့လေးတွေ ရှုရှိုက်ပြီးတော့ ချမ်းသာတတ်တဲ့ ပုဂ္ဂိုလ်တွေ အဖို့လည်း နိဗ္ဗာန်မှာ နှာခေါင်းမရှိ၊ ရှူစရာအနံ့မရှိ၊ ရှူသိတဲ့ စိတ်မရှိဆိုတော့ ရုပ်နာမ်တွေ ချုပ်နေတာ။ အဲဒီမွှေးကြိုင်တဲ့ ပုဂ္ဂိုလ်များအဖို့လည်း နိဗ္ဗာန်မှာ လျှာရိုး မရှိ၊ အရသာ မရှိ၊ အရသာသိစိတ် မရှိ၊ အကုန်လုံးချုပ်နေတာ။ အထိအတွေ့ကြိုက်နေတဲ့ ပုဂ္ဂိုလ်များအဖို့လည်း ရုပ်နာမ်မှာ ကိုယ်အကြည်ရုပ်၊ ကာယပသာဒ မရှိ၊ တွေ့ထိရတဲ့ ဖောဋ္ဌဗ္ဗအာရုံမရှိ၊ တွေ့ထိသိတာလည်း မရှိ။ မရှိတော့ အင်မတန် သာယာ နူးညံ့ခြင်းရှိတဲ့ လူလူချင်း ထိတွေ့တာစတဲ့ ချမ်းသာလေးတွေ မရှိဘူးပေါ့။ ခံစားမှုမရှိရင် ဘာလုပ်စရာလိုလဲ။ ဒီချမ်းသာဟာ ဘာ ကောင်းမှာလဲလို့ ဒီလိုဆိုလိုတယ်။ အထူးအားဖြင့် အလှကြိုက်တဲ့ အမျိုးသမီးများဆိုရင် နိဗ္ဗာန်မှာက အလှပြင်စရာပစ္စည်းတွေ ဘာမှမရှိဘူး။ ပေါင်ဒါတို့၊ ရေမွှေးတို့၊ မှန်တို့ ဘာမှမရှိဘူး။ အလှပြင်ဖို့လည်းပဲ မရှိဘူး။ နိဗ္ဗာန်

http://www.dhammadownload.com

ရောက်သွားလို့ရှိရင်တော့ ငါက အလှပြင်ပြီးချမ်းသာနေတာဖြစ်တော့ ဒီချမ်းသာတော့ ငါဆုံးတော့မှာပဲဆိုပြီး အဲဒီလို ပုဂ္ဂိုလ်မျိုးကလည်း ဒီချမ်းသာမျိုး မရှိလို့ ငါ ဒီနိဗ္ဗာန် ဘာလုပ်မှာလဲ ဆိုပြီးတော့ လုပ်တော့တာပဲ။ တချို့အလုပ်တွေ ပင်ပင်ပန်းပန်းလုပ်ပြီးတော့ အနားယူတဲ့အခါ Picnic တို့ သွားတဲ့အခါ သိပ်ပျော်တာပဲ။

နိဗ္ဗာန်ကို ကြောက်တယ်

ပြီးတော့ အဖော်အပေါင်းတွေနဲ့ အပျော်ခရီးထွက်ပြီးတော့ ရေကူးတာတို့၊ ကစားတာတို့ ရှိပြီးတော့ ချမ်းသာကို လိုချင်တဲ့ ပုဂ္ဂိုလ်များဟာ "နိဗ္ဗာန်မှာ အဲဒါတွေ ဘာမှမရှိဘူး။ ဘာမှမရှိဘူး"ဆိုတော့ သူတို့ကြိုက်တဲ့ဟာတွေ မရှိတော့ နိဗ္ဗာန်ဘာလုပ်စရာလဲလို့ ဒီလိုလည်း တွေးရင် တွေးမှာပဲ။ ဘုန်းကြီးတို့ ဌာနကတောင်မှ တချို့တချို့သွားတယ်လို့တောင် ကြားပါတယ်။ ယောဂီထဲကတော့ မဟုတ်ပါဘူး။ ဒီတော့ နိဗ္ဗာန်က ရုပ်နာမ်တွေ ချုပ်သွားတယ်ဆိုတော့ ဒါ သေတာပဲ။ သာမန်သေတာ မဟုတ်ဘူး။ အသေကြီး သေသွားတော့တာပဲ။ အသေကြီးသေသွားလို့ ရှိရင်တော့ ကိုယ်အလိုရှိတဲ့ဟာလေး တွေ့ရ မြင်ရ ကြားရ နံရ စားရ ထိရမှာ မဟုတ်ဘူး။ တကယ့်ချမ်းသာတွေက ဆုံးရှုံးသွားပြီ ဆိုပြီးတော့ အချို့ပုဂ္ဂိုလ်တွေက နိဗ္ဗာန်ကို ကြောက်တယ်။ တချို့ကလည်းပဲ နိဗ္ဗာန်ဆိုတာ အလကားပဲ မရှိဘူး။ အိပ်မက်ဆန်ဆန်ပြောတာလို့ ဒီလိုလည်းပဲ ငြင်းတာတွေ ရှိတာပဲ။ ဝေဒယိတသုခသာ တကယ့်ချမ်းသာပြီးတော့ အာရုံနဲ့ မထိတွေ့ရတဲ့ ချမ်းသာဟာ ဝေဒယိတသုခလောက် မကောင်းဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေကို ဘုန်းကြီးက လောကီနည်းလေး နည်းနည်းပြောမယ်။

အိပ်ပျော်နေတဲ့သူဌေးကြီး

လောကီအာရုံကာမဂုဏ်တွေပြည့်စုံတဲ့ သူဌေးကြီးတစ်ယောက် ရှိတယ်ဆိုကြပါစို့။ အဲဒီသူဌေးကြီးဟာ သူ့အိပ်ရာပေါ်မှာ အားရပါးရ နှစ်နှစ် ခြိုက်ခြိုက်အိပ်ပျော်နေတယ်။ အဲဒီအခါမှာ လောကီအာရုံ ကာမဂုဏ်တွေ မရှိပါဘူး။ နှစ်နှစ်ခြိုက်ခြိုက်နဲ့ တစ်ခါတည်း ဒီမှာ အိပ်ပျော်နေတာ။ အဲဒီ လောကီအာရုံကာမဂုဏ်တွေကို ပြင်ဆင်ပြီးတော့ အိမ်သူအိမ်သားတွေက သူ့ကို နိုး

http://www.dhammadownload.com

လာတဲ့အခါမှာ စားရအောင်ဆိုပြီး အသင့် ရှိနေပါတယ်။ ဟို ပုဂ္ဂိုလ်ကြီးက လည်း သူ့အိပ်ရာပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက်နဲ့ အိပ်ပျော်နေတုန်း ရှိနေပါသေး တယ်။ တစ်ယောက်ယောက်က သွားပြီးတော့ နှိုးလိုက်လို့ရှိရင် ပြုံးပြုံးလေးနဲ့ ခုန လောကီအာရုံကာမဂုဏ်တွေ ထပြီးသုံးဆောင်မလား၊ အအိပ်ဖျက်ရ မလားဆိုပြီးတော့ ကြိမ်းဝါးမလားဆိုတာ ပရိသတ် စဉ်းစားကြည့်ပေါ့။ အဲဒီပုဂ္ဂိုလ်ကြီးရဲ့နေရာမှာ နေကြည့်ပေါ့။ အဲဒီပုဂ္ဂိုလ်ကြီး အိပ်ပျော်နေတုန်းမှာ သိသာထင်ရှားတဲ့ခံစားမှုဆိုတာ အလျင်းမရှိပါဘူး။ အထဲမှာ မွှေးကြိုင်တဲ့အနံ့ တွေ ရှိနေပေမယ်လို့ သူမနံပါဘူး။ ရှုခင်းတွေလည်း ပဲ အခန်းထဲမှာ ရှိနေပေ မယ့် ဒါတွေမြင်ပြီးတော့ ချမ်းသာတာ မရှိပါဘူး။ သာယာချိုအေးတဲ့ အသံ လည်းပဲ မရှိပါဘူး။ စားသောက်တာ မရှိတာကတော့ သိပ်ထင်ရှားတယ်။ ဘယ်လောက်ပဲ အိစက်ညက်ညောတဲ့ အိပ်ရာပေါ်မှာ အိပ်နေရပေမယ်လို့ ဒီအိပ်ရာဟာ တယ်ချမ်းသာပါလားဆိုတာ ဒါလည်း သူမှာ မသိပါဘူး။ ဒီတော့ သိသာထင်ရှားတဲ့ ခံစားမှုဆိုတာ အလျင်းမရှိဘူးလို့ ထင်ရှားပါတယ်။

အဲဒီလို ခံစားမှုမပါတဲ့ အိပ်ပျော်နေတဲ့ချမ်းသာကိုပဲ တကယ့်ခံစားတဲ့ ချမ်းသာထက် သူပိုပြီးတော့ နှစ်ခြိုက်တယ်ဆိုတာ ထင်ရှားပါတယ်။ အဲဒီခံစား မှု မပါတဲ့အိပ်ပျော်နေတဲ့ ချမ်းသာကိုပဲ တကယ့်ချမ်းသာကြီးလို့ ထင်ပြီးတော့ အိပ်လို့ကောင်းလိုက်တာလို့ ဒီလိုတောင်မှ ခံစားကျူးတယ်။ အခုပရိသတ်ထဲက လည်း နှစ်နှစ်ခြိုက်ခြိုက်ကြီး နိုးလာတဲ့အခါမှာ အိပ်လို့ ကောင်းလိုက်လေခြင်း ဆိုတာ ဘယ်နှစ်ခါလောက် ခံစားကျူးဖူးကြသလဲ။ ကောင်းလိုက်တာကွာ ဆိုတဲ့ စကားထောက်လို့ရှိရင် သူမှာ အကောင်းရှိပြီ။ ဒါပေမဲ့လို့ အဲဒီ အကောင်းပြ စမ်းပါဆိုရင်တော့ခက်တယ်၊ မရှိဘူးလို့ ငြင်းမလား? အဲဒီ ချမ်းသာမျိုး ရှိပါ တယ်ဆိုရင် ရှင်းပြပါ။ ရှင်းပြလို့ မရ၊ ငြင်းလို့မရတဲ့ ချမ်းသာတစ်မျိုးတဲ့။ အဲဒါ ကို မနက်ဖြန်ကျမှ ဆက်ပြောပါ့မယ်။ ဒီနေ့တော့ ဒါပဲ။ တော်ကြဦးစို့။

× × ×

မနေ့က နိဗ္ဗာန်ချမ်းသာကို ဝေဒယိတသုခနဲ့ အဝေဒယိတသုခ သုခ ၂ မျိုး ရှေးဦးစွာပြောပြီး ကာမဂုဏ်ချမ်းသာကို ဝေဒယိတသုခခေါ်ပြီး အာရုံ ၆ ပါးမခံစားဘဲနဲ့ ငြိမ်းချမ်းတာကို အဝေဒယိတသုခ၊ သန္တိသုခလို့ ပြောပါ

http://www.dhammadownload.com

တယ်။ အဲဒီသန္တိသုခအမျိုးမျိုး ယူဆပုံတွေကို ယုတ္တိဗေဒ နည်းနဲ့ပြောခဲ့ပါ တယ်။ နည်းနည်းသိသာအောင်ဆိုပြီး လောကီဥပမာလေးလည်း ထည့်ပြော ခဲ့ပါတယ်။ အဲဒီစကားက မပြတ်သေးတော့ ဆက်ပြောရမှာ ဖြစ်ပါတယ်။ မနေ့က ဘုန်းကြီးက ပရိသတ်ကို ပြောခဲ့ပါတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ အခါ ဘာမှ ခံစားမှု မရှိပါဘူးလို့ အဲဒီလို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ ခုနက ကာမဂုဏ်တွေ ခံစားဖို့ရန် သွားနှိုးလို့ရှိရင် စိတ်ဆိုးလို့ ခြေ ထောက်နဲ့ ထကန်ရင်တောင် ကန်လိုက်မှာပါပဲ။ အဲဒီအခိုက်အတန့်မှာ သူ့ဘေး ကြီးဟာ သိသာထင်ရှားတဲ့ ခံစားမှုအလျင်းမပါဘဲနဲ့ ငြိမ်းချမ်းစွာ အိပ်ပျော် ချမ်းသာကို ပိုပြီးတော့ မြတ်နိုးတယ်ဆိုတာ ထင်ရှားပါတယ်။ အိပ်လို့ ကောင်း လိုက်တာဆိုတဲ့စကားထောက်လို့ရှိရင် သူမှာ အကောင်း ရှိနေပြီ။ တစ်ဦးတစ် ယောက်ဟာ ဒဏ်ရာအနာတရဖြစ်လို့ နာကျင်လှချည်ရဲ့လို့ ညည်းနေတယ်။ ညည်းညူပုံ ထောက်လို့ရှိရင် နာကျင်မှုရှိနေပြီဆိုတာ ထင်ရှားပါ တယ်။ ဒါလိုပဲ ကောင်းလိုက်တာဆိုတဲ့ စကားထောက်လို့ရှိရင် ဒါအကောင်း ရှိနေပြီ သေချာ ပါတယ်။ ဒီချမ်းသာကို ရှင်းပြစမ်းပါဆိုရင်လည်း ရှင်းပြလို့ မရပါဘူး။

အာရုံနဲ့ တဏှာ

ငြင်းလို့လည်း မရဘူး။ ဒီချမ်းသာဟာ အကောင်အထည်မပေါ် ပေမယ့် လို့ ရှိနေတယ်ဆိုတာ ယုတ္တိဗေဒနည်းနဲ့ သိရပါတယ်။ ဒီတော့ ဒီချမ်းသာဟာ အထင်အပြောသက်သက်နဲ့ ပြီးရတာမဟုတ်ဘူး။ မရှိတာလည်း မဟုတ်ဘူး ဆိုတာ အင်မတန်ထင်ရှားပြီ။ ဒဲ့ကြောင့် အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်ကြီးများ ဟာ ရုပ်နာမ်ခန္ဓာကို လေ့လာကြတော့ ဝန်ထုပ်ဝန်ပိုကြီးလိုသဘောထား မှတ် ထင်ကြလို့ ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းရန် နိဂ္ဂောဓသမာပတ် ဆိုတာ ဝင်စားကြပါတယ်။ အဲဒီလို နိဂ္ဂောဓသမာပတ် ဝင်စားရာက ထပြီဆိုရင် ဝမ်း သာဝမ်းမြောက်နဲ့ ဥဒါန်းတွေ ကျူးကြတယ်။ ဘုန်းကြီးက ပရိသတ်ကို မေးခွန်း ထုတ်ချင်ပါတယ်။ တကယ်လို့ အိပ်ပျော်ချမ်းသာဟာ မြတ်နိုးစရာပဲလို့ ထင် ရင် တစ်သက်လုံး အိပ်လို့ဖြစ်မယ်ဆိုရင် တစ်သက်လုံးအိပ်နိုင်မလားလို့ ဘုန်း ကြီးက မေးချင်ပါတယ်။ အဲဒီ အိပ်ပျော်ချမ်းသာ မကြိုက်သေးလို့ ရှိရင်တော့

http://www.dhammadownload.com

နိဗ္ဗာန်ချမ်းသာလည်း ကြိုက်သေးပုံမပေါ် ဘူး။ ကာမဂုဏ် ချမ်းသာတွေ ကြိုက်နေသေးတယ်လို့ ဝန်ခံရာ ရောက်ပါတယ်။ အဲဒီကာမဂုဏ်ပေါ်မှာ တွယ်တဲ့ တဏှာတွေပေါ့။ တဏှာ ကာမဂုဏာနိဒါန် ဆိုတာ သာယာတွယ်တာတတ်တဲ့ တဏှာဟာ ရှုပ၊ သဒ္ဒ အစရှိတဲ့ ကာမဂုဏ်အာရုံလျှင် အရင်းခံ ရှိတယ်တဲ့။ အဲဒီကာမဂုဏ်ကြောင့် ဒီတဏှာတွေ ဖြစ်လာတာပါပဲ။ အဲဒီသာယာမှုတဏှာတွေကြောင့် မဆုံးနိုင်တဲ့ဒုက္ခတွေ ဖြစ်တော့တာပဲ။

ဒုက္ခနဲ့ တဏှာ

ဒုက္ခံ တဏှာ နိဒါန် ဆိုတာ သတ္တဝါတွေ ကြုံတွေ့သမျှ ဆင်းရဲတွေဟာ အဲဒီ ကာမဂုဏ်အာရုံတွေကို ခုံမင်တွယ်တာမှု တဏှာ အရင်းခံပြီးတော့ ဖြစ်တာချည်းပဲတဲ့။ အခုလူ့လောကမှာ ပြဿနာအမျိုးမျိုးတွေ ဖြစ်နေတာ ဒီကာမဂုဏ်တွေနဲ့ ပတ်သက်ပြီး ဖြစ်နေတာပဲ၊ အခုမိသားစုမှာ ဆိုလို့ရှိရင် စားဝတ်နေရေးပြေလည်ဖို့ရန် သာသာတိုးတိုးလေး ဒီကာမဂုဏ်တွေ ရရှိဖို့ရန် အတွက် ပင်ပန်းခဲ့ပြီးတော့ အအေးလည်း မရှောင်၊ အပူလည်း မရှောင်ရ။ ဒိပြင် မှက်၊ ခြင်၊ ယင်တွေ အစရှိတဲ့ ဘေးရန်ဒုက္ခတွေ ရင်ဆိုင်ပြီး နေကြရတာဟာ ဒီကာမဂုဏ် ရရှိရေးအတွက်ကြောင့်ပဲ။ အမိနဲ့သား၊ ဖအေနဲ့သမီး၊ ညီအစ်ကို အချင်းချင်း၊ ညီမအချင်းချင်း၊ ဆွေမျိုးအချင်းချင်း၊ မိတ်ဆွေ အချင်းချင်းမတည့်ကြ၊ ရန်ဖြစ်ကြ၊ ဘုရင်အချင်းချင်း တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် စစ်တိုက်ခိုက်တာတွေ အများကြီးပါပဲ။ မဆုံးနိုင်ကြတဲ့ ဒုက္ခတွေပဲ။ ဒီဒုက္ခတွေ အရင်းစစ်လိုက်လို့ရှိရင် ဒီကာမဂုဏ်အာရုံတွေ အကြောင်းပြုပြီးတော့ ဖြစ်နေတဲ့ ဆင်းရဲတွေပဲ။ ရက်စက်မှုတွေလည်းပဲ ပေါ်တာပဲ။ ဟိုတစ်လောဆီက ဘုန်းကြီးတစ်ခု ကြားရပါတယ်။ မိခင်ဟာ သူသားလေးကို ရေထဲကို လှေနဲ့ခေါ်ပြီးတော့ လှေမှောက်သတ်ပစ်လိုက်တယ် ပြောတယ်။ ဒီလိုလုပ်ရတာဟာ ဒီ ကလေးနဲ့ ပတ်သက်ပြီးတော့ အာမခံကြေးအစိုးရဆီက ရလိုတဲ့အနေနဲ့ လုပ်လိုက်တာ။ ငွေသာ ရလိုတာပဲ။ ကာမဂုဏ်ခေါ်တဲ့ငွေသာ မက်နေတာပဲ။ သူ့ရင်သွေးသားသူငယ်လေး မညှာနိုင်ဘူး။ လှေမှောက်ပြီးတော့ သတ်လိုက်တာ။ အဲဒီလို ရက်စက်တဲ့အနေမျိုးလည်း ရောက်သွားနိုင်ပါတယ်။ လူကျင့်ဝတ်တွေ ဖျက်

http://www.dhammadownload.com

ပြီးတော့ လူသားမဆန်ဘဲနဲ့ ရက်စက်တဲ့အမှုတွေလည်း ကမ္ဘာပေါ်မှာ အများကြီး ရှိပါတယ်။

တစ်နေ့လုံး ကြည့်နေနိုင်မလား

ဒါဟာ ကာမဂုဏ်အရင်းခံပြီးဖြစ်တဲ့ကိစ္စတွေပါ။ ကာမဂုဏ်နဲ့ ပတ်သက်ပြီးတော့ လူတွေ တွေ့ကြုံ ဆင်းရဲတွေ့ကတော့ မဆုံးနိုင်ပါဘူး။ မဟာဒုက္ခကြီးပဲ၊ မြတ်စွာဘုရား ကိုယ်တိုင်လည်းပဲ မဟာဒုက္ခကြီးဆိုတာ အကျယ်တဝင့် ဟောပြောထားတဲ့အချက် ရှိပါတယ်။ အဲဒါတွေ ထုတ်ဖော်ပြောရရင် အများကြီး ကျယ်ပြန့်သွားမယ်။ နောက်ထပ်သုတ်တစ်သုတ် ဟောသလို ဖြစ်သွားမယ်။ အမြွက်ကလေးလောက်ပဲ ဘုန်းကြီးက သိသာရုံကလေး ပြောပါရစေတော့။ တရားသဖြင့် ရရှိတဲ့ ကိုယ့်ကာမဂုဏ်လေးနဲ့ ကိုယ် နေလိုတဲ့ ပုဂ္ဂိုလ်များဟာ လူချမ်းသာပဲ မဟုတ်လား? လူဖြစ်လာလို့ ရှိရင် ဒီချမ်းသာလေးနဲ့ နေလို့ ရှိရင် ကောင်းနေတာပဲလို့ ကာမဂုဏ်အစွဲလေး ရှိပြီးတော့ သူတို့က ပြောကြပါတယ်။ ဒီလိုဆိုရင် နိဗ္ဗာန်ဘာလုပ်ဖို့လဲလို့ ဒီလိုလည်းပဲ မေးကြပါတယ်။ မြင်ကောင်း၊ ကာမဂုဏ်ချမ်းသာတွေကို မနားတမ်း တစ်နေ့လုံး ကြည့်ပြီးတော့ အဲဒီချမ်းသာကို ယူမလားလို့ မေးချင်တယ်။ တစ်ဦးနဲ့တစ်ဦး မျက်ခြေမပြတ် ကြည့်ပြီးတော့ ချမ်းသာတဲ့ ပုဂ္ဂိုလ်ပေါ့လေ။ ဥပမာ အမျိုးသမီးနဲ့အမျိုးသား တစ်နေ့လုံး ကြည့်နိုင်မလား။ ကြည့်ပါများလို့ ရှိရင် ဒီပေါ်မှာ ငြီးငွေ့သွားပြီ။ ဒီအမြင်ကာမဂုဏ်အာရုံပေါ်မှာ တကယ့်ချမ်းသာစစ်မရှိဘူးဆိုတာ သက်သေပြနေပါတယ်။

ကြာတော့ ငြီးငွေ့သွားတယ်

ထို့အတူ သာယာချိုအေးတဲ့ အသံနားထောင်ပြီးတော့ နားချမ်းသာလိုတဲ့ ပုဂ္ဂိုလ်၊ စိတ်ချမ်းသာလိုတဲ့ ပုဂ္ဂိုလ်ဟာလည်း အဲဒီ သာယာချိုအေးတဲ့ သီချင်းသံလေးတွေ၊ ကိုယ်စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ရဲ့စကားပြောသံ၊ ရယ်သံတွေ ဘယ်လောက်များ ကြာကြာ နားထောင်နိုင်မလဲဆိုတာ စဉ်းစားကြည့်ပါ။ ကြာတော့ ငြီးငွေ့ပြီးတော့ သွားပြန်ပြီ။ အဲဒီထဲမှာ ချမ်းသာစစ် မရှိဘူးဆိုတာ

http://www.dhammadownload.com

ရှင်းနေတာပဲ။ ထို့အတူပဲ သင်းပုံ့မွှေးကြူတဲ့ ပန်းနံ့လေးတွေ၊ ရေမွှေးနံ့လေးတွေ၊ ပေါင်ဒါနံ့လေးတွေ ကြိုက်တဲ့ပုဂ္ဂိုလ်ဟာလည်း ဒီအနံ့ချည်းပဲ တာရှည်မခံနိုင်ဘူး။ ပြီးတော့ စားဖွယ် သောက်ဖွယ်နဲ့ ပတ်သက်ပြီးတော့ အရသာအမျိုးမျိုး ကြိုက်နေတဲ့ပုဂ္ဂိုလ်ကလည်း တစ်နေ့လည်း ဒီဟာပဲ၊ တစ်နေ့လည်း ဒီအစာပဲ၊ ဆိုတော့ ကြာတော့ ငြီးငွေ့သွားတယ်။ အထိအတွေ့ ကြိုက်နေတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ နုနုဖတ်ဖတ် အဝတ်ကလေးတွေ၊ လူအချင်းချင်း ထိတွေ့တာတွေ ဘယ်လောက်ပဲ ကောင်းတယ် ဆိုပေမယ့်လို့ ကြာတော့ ငြီးငွေ့သွားလိမ့်မယ်။ အနာမယူဘဲ အဲဒီချမ်းသာတွေကို ခံစားကြည့်စမ်းပါ ဆိုလို့ရှိရင်တော့ အားလုံး နိုး No လို့ ခေါင်းရမ်းကြမှာပါပဲ။ မခံစားလိုကြပါဘူး။ အဲဒီကာမဂုဏ်အာရုံ ၅ မျိုးကို ခံစားရာကနေပြီးတော့ သင့်တော်တဲ့အချိန်မှာ အနာယူရတယ်။

မသိသာတဲ့ ခံစားမှု

အနာယူနေတဲ့အခါမှာ အဲဒီကာမဂုဏ် အာရုံ ၅ မျိုးက အလျင်း လွတ်ပြီးတော့ သိသာထင်ရှားတဲ့ ခံစားမှု အလျင်း မရှိဘူး။ အဲဒီခံစားမှုလေးတော့ လူတိုင်းလူတိုင်းက မြတ်နိုးကြတယ်။ ဝေဒယိတသုခတော အဝေဒယိတံသုခံ သန္တံတရံ ပဏီတတရံ ဟောတိ။ အာရုံကောင်းတွေနဲ့ ထိတွေ့ပြီးတော့ ရရှိတဲ့ချမ်းသာမျိုးထက် အာရုံနဲ့ မထိတွေ့ဘဲနဲ့ အသားလွတ် ငြိမ်းချမ်းတဲ့ ချမ်းသာက သာပြီးတော့ မတုန်မလှုပ် ငြိမ်သက်တယ်။ သာပြီးတော့ မရောင့်ရဲနိုင်အောင် ကောင်းတယ်တဲ့။ ကျမ်းဂန်များမှာ ဒီအတိုင်း ပြထားတာပါပဲ။ အမှန်ကတော့ အိပ်ပျော်နေတဲ့အခါမှာ ခံစားမှု အလျင်းမရှိတာတော့ မဟုတ်ပါဘူး။ မသိသာတဲ့ ခံစားမှုတွေ ဖြစ်နေပါတယ်။ ဘဝင်စိတ်တွေ ဖြစ်နေပါတယ်။ သို့သော် မသိသာတဲ့ ခံစားမှုက သိသာထင်ရှားတဲ့ ခံစားမှုထက် သာပြီးတော့ ငြိမ်သက်တယ်ဆိုတာ ပေါ်လွင်စေချင်ပါတယ်။ ပြီးတော့လည်းပဲ နိဗ္ဗာန်အရသာကိုလည်း ခန့်မှန်းမျှော်မှန်းစေချင်လို့ ဘုန်းကြီးက ဒီဟာလေးကို ကျယ်ကျယ်ပြန့်ပြန့် ပြောနေတာပါ။

http://www.dhammadownload.com

နိရောဓသမာပတ်

အဝေဒယိတသုခခေါ်တဲ့ သန္တိသုခ နိဗ္ဗာန်ချမ်းသာဟာ အဲဒီအိပ်ပျော်ချမ်းသာထက် အဆပေါင်းများစွာ၊ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ သာလွန်ပါတယ်။ ရာပေါင်း၊ ထောင်ပေါင်းများစွာ ထားပါတော့။ ဆယ်ဆလောက်ပဲ တိုးမြင့်ယူကြည့်ပါ။ ဘယ်လောက်ချမ်းသာမလဲဆိုတာ ပရိသတ်ခန့်မှန်းနိုင်ပါတယ်။ ဒါကြောင့် နိရောဓသမာပတ် ဝင်စားကြတဲ့ အနာဂါမ်ရဟန္တာအရှင်မြတ်များဟာ သမာပတ်အတွင်းခံစားမှု လုံးဝမရှိဘူး။ စိတ်လည်း မရှိဘူး။ စေတသိက်နာမ် ဆိုတာလည်း မရှိဘူး။ ပြီးတော့ အချို့စိတ်ကြောင့် ဖြစ်တဲ့ရုပ်တွေလည်းပဲ အသစ်မဖြစ်ဘဲနဲ့ ရပ်စဲနေကြပါတယ်။ အဲဒီလို ရုပ်နာမ်အချို့ ချုပ်ငြိမ်းနေတဲ့ ချမ်းသာကိုပဲ အင်မတန်ချမ်းသာကြီးလို့ ဒီလို သဘောရပြီးတော့ နိရောဓသမာပတ် ခဏခဏ ဝင်စားကြပါတယ်။

အဲဒီလို ဝင်စားလို့ နိရောဓသမာပတ် ထပြီဆိုလို့ရှိရင် သူတို့ ဥဒါန်းကျူးကြတယ်။ အဲဒီ ဥဒါန်းကျူးပုံလေး ဘုန်းကြီးက ပြောပါ့မယ်။ ဥဒါန်းကျူးပုံကတော့

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓေသိတံ။

အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

ယတ္ထ-အကြင်နိဗ္ဗာန်၌။ ဒုက္ခံနိရုဇ္ဈတိ-ရုပ်နာမ်နဲ့ စပ်တဲ့ဆင်းရဲတွေ အကုန် ငြိမ်းနေတယ်တဲ့။

သမ္မာသမ္ဗုဒ္ဓ

ရုပ်၊ နာမ်နဲ့စပ်တဲ့ ဆင်းရဲတွေ အကုန်ငြိမ်းနေတယ်ဆိုတော့ ဆင်းရဲမရှိဘူးဆိုရင် လုံးဝချမ်းသာပေါ့။ ဒီသဘော ဆိုပါတယ်။ ပြီးတော့ ဆင်းရဲတွေမှန်သမျှ အလျင်းမရှိဘူးဆိုတော့ ဣဒံ နိဗ္ဗာနံ-ဤနိဗ္ဗာန်သည်။ သုသုခံ ဝတ-အချမ်းသာကြီး ချမ်းသာပေစွတကားတဲ့။ အင်မတန်ချမ်းသာတယ်။ သိပ်ချမ်းသာတယ်လို့ ဒီလိုခိုးကျူးကြတယ်။ အဲဒီသိပ်ချမ်းသာတဲ့ နိဗ္ဗာန်ကို ဘယ်ပုဂ္ဂိုလ် ထုတ်ဖော်သွားသလဲဆိုတော့ 'သမ္မာသမ္ဗုဒ္ဓ ဒေသိတ' မြတ်စွာဘုရားရှင် ကိုယ်တိုင် ထုတ်ဖော်ပြီးတော့ ဟောကြားသွားတဲ့ နိဗ္ဗာန်တဲ့။ အဲဒီမှာ သမ္မာ

http://www.dhammadownload.com

သမ္မဒ္ဒလို့ ဆိုထားပါတယ်။ အဲဒီနေရာဌာနမှာ ဗုဒ္ဓလို့ ရိုးရိုးမသုံးဘူး။ အခြားဗုဒ္ဓရဲ့ ပရိယာယ်တွေ မသုံးဘဲနဲ့ သမ္မာသမ္မဒ္ဒလို့ ထည့်ပြီးတော့ သုံးထားပုံထောက်လို့ရှိရင် ဒါထူးခြားတယ်လို့ ဆိုရပါတယ်။ ထူးခြားပုံကတော့ 'သမ္မာသမ္မဒ္ဒ' ဒီမှာ 'သမ္မာ' လည်း ပါတယ်။ 'သဲ'လည်း ပါတယ်။ 'ဗုဒ္ဓ' လည်း ပါတယ်။ သုံးမျိုးပဲ။ သမ္မာသမ္မဒ္ဒ မှန်စွာသိသူလို့ အဓိပ္ပာယ် ရတယ်။ မဖောက်မပြန် အမှန်အတိုင်း အကြောင်းကြောင့် ဖြစ်တဲ့ ရုပ်နာမ်သဘါရတရားတွေ အမှန်အတိုင်း ဖြစ်နေတဲ့ သဘောလက္ခဏာတွေကို သိသူ အသခ််တဟရားတို့ရဲ့ချမ်းသာကိုလည်းပဲ သေသေချာချာ သိတယ်။

မိုးပေါ်ကျ ဘုရား မဟုတ်

တချို့တချို့ ပုဂ္ဂိုလ်များကတော့ ဖြစ်နေတာက တခြား၊ သူတို့သိတာက တစ်မျိုး ဒီလိုလွဲမှားစွာ သူတို့ သိကြတယ်။ မြတ်စွာဘုရားကတော့ ဒီလို အလွဲအချော် မသိဘဲ အမှန်ကို သိနေတယ်လို့ ဒီလိုဟောထားပါတယ်။ အမှန်ကိုပဲ ဟောပါတယ်။ ပြီးတော့ သမ္မာသမ္မဒ္ဒဆိုတာ ကိုယ်တိုင်သိတာ။ မြတ်စွာဘုရားအလောင်းတော်ဟာ ကိုယ်တိုင်သိတာ၊ ဒီပင်္ကရာမြတ်စွာဘုရားထံမှောက်မှာ ဗျာဒိတ်ခံယူပြီးတဲ့ အချိန်ကစပြီးတော့ ဘုရားဖြစ်ကြောင်း ဒါန အစရှိတဲ့ ပါရမီကောင်းတွေကို အပြည့်ဆည်းပူးတော်မူပါတယ်။ ဘယ်တရားတွေဟာ ဘုရားဖြစ်ကြောင်း တရားတွေပဲဆိုတာ ကြံစည်တော်မူပြီးတော့ ဘဝပေါင်းများစွာ ပါရမီတော်တွေကို စူစမ်းရှာဖွေပြီးတော့ ဆည်းပူးခဲ့တဲ့ အဲဒီပါရမီအဟုန်ကြောင့် နောက်ဆုံးသဗ္ဗညုတဉာဏ်တော်ကြီးကို ရခဲ့တာပါ။ နောက်ဆုံး ကိုယ်တိုင်သိတာပါ။ ဘယ်သူကပြောပြလို့ သိတာမဟုတ်ပါဘူး။ ပါရမီမဖြည့်ရဘဲနဲ့ အလိုလို မိုးပေါ်ကပေးလို့ ဘုရားဖြစ်တာ မဟုတ်ပါဘူး။ ပါရမီတွေ ဖြည့်ပြီးတော့ ပါရမီတော် အဟုန်ကြောင့် ဖြစ်ပေါ်လာတဲ့ ဉာဏ်တော်ကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သမ္မဒ္ဒလို့ ခေါ်ပါတယ်။

သောကမရှိပါ

ပြီးတော့ နိဗ္ဗာန်မှာ ဂုဏ်တစ်မျိုး ရှိပါသေးတယ်။ အသောကံတဲ့။ အသောကံ ဆိုတာ ဝမ်းနည်း ပူဆွေးပူမရှိဘူး။ လူတွေဟာဆိုလို့ရှိရင် မိသားစု

http://www.dhammadownload.com

ထဲက တစ်ယောက်ယောက် ကွယ်လွန်လို့ ဝမ်းနည်းတာ ပူဆွေးတာ ဖြစ်ရတာ။ ပစ္စည်းတွေ ဆုံးရှုံးလို့၊ ရာထူးတွေကျလို့၊ အခြားအခြား ရောဂါတွေဖြစ်လို့ စသည့် ဝမ်းနည်းပူဆွေးစရာ အကြောင်းတွေနဲ့ ကြုံတွေ့ဆိုရင် ပူဆွေးမှုတွေ မဆုံးနိုင်အောင် ဖြစ်ရတာ တချို့လည်းပဲ ရူးနှမ်းသွားတဲ့ အထိ၊ တချို့လည်းပဲ သေတဲ့အထိတောင် ဖြစ်ရတာ။ နိဗ္ဗာန်မှာတော့ အဲဒီလို သောက ပူဆွေးမှုတွေ ဝမ်းနည်းမှုတွေ မရှိဘူးတဲ့။ သောကတွေ ကင်းနေတာ သိပ်ကောင်းတာ။

မြူမရိုပါ

ပြီးတော့ နိဗ္ဗာန်ရဲ့ ဂုဏ်တစ်မျိုး ပြပါသေးတယ်။ ဝိရဇံတဲ့။ ရဇ ဆိုတာက မြူတွေ၊ ဖုန်တွေပေါ့လေ။ အဲဒီမြူတွေ ဖုန်တွေနဲ့ တူတဲ့ ရာဂ၊ ဒေါသ အစရှိတဲ့ ကိလေသာတွေကို 'ရဇ'လို့ ခေါ်ပါတယ်။ အဲဒီမြူတွေ ကိုယ်ပေါ်မှာ ကျရောက်လို့ရှိရင် ညစ်ပတ်လာတာပဲ။ အဝတ်အစားတွေပေါ်မှာ ကျလို့ရှိရင် အဝတ်အစားတွေလည်း ညစ်ပတ်လာတာပဲ။ ပေရေလူးလဲပြီးတော့ မြင်မကောင်း၊ ရှုမကောင်း ဖြစ်နိုင်တာပဲ။ ဒါလိုပဲ ကာမဂုဏ်အာရုံတွေမဆုံးနိုင်တဲ့ လူမှုကိစ္စအဝဝတွေနဲ့ ပတ်သက်ပြီးတော့ လူတွေရဲ့စိတ်အစဉ်မှာ ရစရာ မရှိအောင် ရာဂတွေနဲ့ ပေလူးသွားတာ။ မကျေနပ်မှု ဒေါသတွေနဲ့ ပေလူးနေတာ၊ မိုက်မဲမှု မောဟတွေနဲ့ ပေလူးနေတာ။ မာနနဲ့ ပေလူးနေတာ၊ မနာလို ဝန်တိုမှု မျိုးစုံနေတာပါပဲ။ စိတ်အညစ်အကြေးတွေနဲ့ ပေလူးပြီးတော့ စိတ်ဟာ ဘယ်သန့်ရှင်းခွင့်ရတော့မလဲ။ သန့်ရှင်းဖို့ရာအတွက် အခွင့်အခါကြုံအောင် မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေမှာတော့ စိတ်အစဉ်ဟာ ရစရာမရှိလောက်အောင် ညစ်ပတ်နေတာပဲ။ နိဗ္ဗာန်မှာတော့လည်း ဒီညစ်ထေးတဲ့ဟာတွေ ဘာမှမရှိဘူး၊ သန့်စင်နေတာပဲ။

ဘေးရန်ကင်းတယ်

ပြီးတော့ ခေမံ တဲ့။ ခေမံ ဘေးရန် အမျိုးမျိုးတွေလည်း ကင်းပြီးတော့ အင်မတန်လုံခြုံတဲ့ နေရာဌာနတဲ့။ ဒီလို ဆိုပါတယ်။ လောကလူသားတွေမှာ ဘေးရန်တွေက တကယ်များတာပဲ။ သူခိုး၊ မားပြဘေးရန်၊ ရောဂါ ဘေးရန်

http://www.dhammadownload.com

ပြီးတော့ တောရိုင်းတိရစ္ဆာန် ဘေးရန် စုံနေတာပါပဲ။ အခုခေတ် သိပ္ပံပညာ တွေကလည်း ထွန်းကားသလောက် တစ်ဖက်ကလည်း လူတွေ အကျိုးရှိ သလောက် တစ်ဖက်ကလည်း ဘေးရန်တွေ တယ်များတာပဲ။ ဟိုက်ဒရိုဂျင်ဗုံး တို့ ဘာတို့ တီထွင်ကြတာ။ ပြီးတော့ ကမ္ဘာလောကကြီးကိုလည်း ကိုယ်နဲ့ မတည့်ဘူး ဆိုရင် ကောင်းကင်ကနေပြီးတော့ လေဆာရောင်ခြည်တွေ ပြပြီး တော့ မီးတောက်အောင် ကြဲကြတာ။ အင်မတန် ကြောက်စရာကောင်းတယ်။ ကမ္ဘာသူ ကမ္ဘာသားတွေဟာ ဒီလို လက်နက်ဆန်းတွေ တွေးပြီး ကြောက်နေ ကြတာ။

ဘေးရန်တွေ မကင်းကြဘူး။ တီထွင်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် အထူး ပြော စရာ မရှိတော့ဘူး။ နိဗ္ဗာန်မှာတော့ အသေးအဖွဲ့ ဘေးရန်တွေက စပြီးတော့ အင်မတန်ကြီးကျယ်တဲ့ ကြောက်စရာကောင်းတဲ့ ဘေးရန်တွေအထိ လုံးဝမရှိ ဘူးတဲ့။ အမြဲတမ်း လုံခြုံနေတာပဲ။ ကောင်းနေတယ်လို့ ဆိုရပါတယ်။ နိဗ္ဗာန် အကြောင်းတွေ ပြောစရာတွေကတော့ အများကြီး ရှိနေပါသေးတယ်။ ဒါပေမဲ့ အချိန်က ကျသွားပြီ။ ဒီတော့ နိဗ္ဗာန်မှာ ရုပ်နဲ့ နာမ်နဲ့ စပ်တဲ့ ဆင်းရဲ မရှိဘူး။ ချမ်းသာချည်းပဲ ဆိုတော့ ကာမဂုဏ်ချမ်းသာမျိုး မဟုတ်ဘူးဆိုတာ တော့ ရှင်းသွားပြီ။

အလိုလိုကောင်းနေတဲ့ ချမ်းသာ

ကာမဂုဏ်ချမ်းသာဟာ ဝေဒယိတသုခ၊ အဲဒီ ဝေဒယိတသုခ မဟုတ် ဘူး။ အဝေဒယိတသုခ သန္တိသုခဆိုတာ သိပ်ရှင်းတယ်။ အဲဒီ သန္တိသုခက အဗျာသေက သုခလို့လည်း ကျမ်းဂန်များက ပြထားပါတယ်။ အဗျာသေက သုခဆိုတာ ရာဂ ကိလေသာနဲ့ မရောဘဲနဲ့ အလိုလိုကောင်းနေတဲ့ ချမ်းသာပါ ပဲ။ ဥပမာအားဖြင့် ကာမဂုဏ်တပ်မက်တဲ့ ရာဂပါမှ ကောင်းမယ်။ အညီ အဖောက် သားတွေ ငါးတွေဟာ သူ့ချည်းသက်သက်ဆိုရင် ညီစို့စို့နဲ့ အနံ့ မကောင်းလို့ စားလို့မဖြစ်ဘူး။ ဒီတော့ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အမွှေး အကြိုင်တွေနဲ့ ထည့်ခတ်ပြီးတော့ ချက်လိုက်တဲ့အခါမှာ ထူးခြားတဲ့အနံ့ အရသာ ဖြစ်လာတယ်။ အဲဒီလို သူက ကောင်းတယ်။

http://www.dhammadownload.com

နိဗ္ဗာန်ကတော့ ဣဒီလို ရာဂစွက်ပြီး ကောင်းရတဲ့ အကောင်းမျိုး မဟုတ်ဘူး။ အသားလွတ် ရာဂမပါဘဲနဲ့ ကောင်းတဲ့အကောင်း။ အဲဒါ အဗျာသေက လို့လည်း ပြထားပါတယ်။ ဒီတော့ မကောင်းတဲ့ အရာတွေနဲ့လည်းပဲ မရောနှောဘဲ သန့်သန့်လေး ကောင်းတဲ့ချမ်းသာ တခြားဟာတွေနဲ့ မရောဘူး ဆိုတော့ အသမ္မိဿသုခလို့ ခေါ်တယ်။ ကာမဂုဏ်ချမ်းသာဆိုရင် ကောင်းတာတွေက ရောနေသေးတယ်။ ကောင်းတော့ကောင်းတယ်။ ဒါပေမဲ့ အခြားမကောင်းတာတွေနဲ့ ရောနေသေးတယ်။ နိဗ္ဗာန်ချမ်းသာကတော့ ဘာနဲ့မှ မရောဘူး။ အသားလွတ်ပဲ။ မကောင်းတာတွေလည်း မရောဘူး ဆိုတော့ ပရိသုဒ္ဓသုခ ဆိုတာပေါ့လေ။ သိပ်စင်ကြယ်သန့်ရှင်းတဲ့ ချမ်းသာတဲ့၊ သိပ်ကောင်းတာပဲ။ အဲဒီလိုလည်းပဲ ခိုးကျူးထားတာပဲ။ အဲဒီသန့်ရှင်းတဲ့ ချမ်းသာရရှိရေးအတွက် ရှေးဦးစွာ ကိုယ်နှုတ်စိတ်ထားလေးတွေ အညစ်အကြေး လေးတွေ ကင်းအောင် ဆိုပြီးတော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အကျင့်သိက္ခာတွေကို ကြိုကျင့်ရတာ ကြိုကျင့်မှ အညစ်အကြေးလေးတွေ ကင်းပြီးတော့ ကင်းဆဲကာလမှာလည်းပဲ ထိုက်တန်သမျှ ချမ်းသာလေးတွေ ရရှိပြီးတော့ နောက်အလျင်ပြည့်စုံသွားတဲ့အခါ ပရိသုဒ္ဓသုခကို တွေ့သွားမှာပါ။

သာဓု. . . သာဓု. . . သာဓု

×××××

http://www.dhammadownload.com

ကျန္ခြေ ထက်ကြောင်း တရား ၉ ပါး

တရားအားထုတ်တာဟာ

ဒီနေ့ နိဗ္ဗာန်အကြောင်းကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုတဲ့ အထိ ဆက်လက်ဟောဖို့ပါပဲ။ ဒါပေမဲ့လို့ အခုအခိုက်အတန့်မှာတော့ နိဗ္ဗာန်ဟာ တကယ်ရှိတဲ့ တရားပါဆိုတာ လောကီသာဓက ယုတ္တိ၊ ယုတ္တဇေဒနည်းနဲ့ ဖော်ပြရုံလောက်မျှ လုံလောက်သွားပါပြီ။ နောက်ပိုင်းကျမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုပုံလေးတွေကို ဆက်ဟောပါမယ်။ ဒီတော့ ဘာဟောမလဲ ဆိုတော့ နဂိုက ပထမစျာန်အကြောင်း ဟောခဲ့လို့ ဒုတိယစျာန် ဆက်ပြီး ဟောဖို့ပါပဲ။ ဒါပေမဲ့လို့ အခုစခန်းဟာ အခြိန်တစ်ဝက် ကျော်သွားပါပြီ။ တချို့ တချို့ ယောဂီများ ဉာဏ်အမြင်လေးတွေက အားနည်း နေတာရှိတော့ လိုအပ်တဲ့ အကြောင်းအရာလေးတွေ သိနားလည်သွားလို့ ရှိရင် တရားတွေ တိုးတက်ဖို့ မြော်မြင်မိတာနဲ့မို့လို့ ဒီနေ့ ကျန္ခြေထက်ကြောင်း ၉ ပါး ဟောပါမယ်။ ဝိပဿနာတရား အားထုတ်တယ် ဆိုတာ အမှန်ကတော့ မိမိရဲ့ နောက်နောင် ဖြစ်မဲ့ စိတ်အစဉ်မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာခေါ်တဲ့ ဒီတရားတွေ ကြီးစိုးနိုင်စွမ်း ရှိနိုင်လောက်တဲ့ အထိ ကျန္ခြေယကိစ္စ တပ်အောင်လို့ လုပ်ပေးတဲ့ သဘောမျိုးပါပဲ။ ဆိုလိုကာကတော့ သဒ္ဓါတရားတွေ ထူးထူးခြားခြား ထက်သန်အားကောင်းသွားပြီး စွဲမြဲသွားအောင် ဝီရိယ ဓာတ်တွေလည်းပဲ ပိုပြီးတော့ ခိုင်မြဲအောင် သတိတွေလည်း စွဲစွဲမြဲမြဲ ဖြစ်အောင် စိတ်စုစည်းမှု သမာဓိတွေလည်းပဲ မြဲခိုင်ပြီး နောက်ဆုံးအသိပညာတွေ ထက်ထက်မြက်မြက် ဖြစ်အောင်လို့ လုပ်တဲ့သဘောပါပဲ။

http://www.dhammadownload.com

အပျက်မြင်အောင်ရှု

အဲဒီလိုလုပ်ရာမှာ အကြောင်းမဲ့ မဟုတ်ပါဘူး။ အကြောင်းနဲ့ပါ။ အဲဒီကြီးစိုးနိုင်တဲ့ သဒ္ဓါအစရှိတဲ့ တရားတွေ ထက်သန် အားကောင်း ရှင်းလင်းပြတ်သားလာဖို့ရန် အကြောင်း ၉ ချက်ရှိတယ်တဲ့။ အဲဒီအကြောင်း ၉ မျိုးထဲက ပထမဆုံးအကြောင်းကတော့ "ဥပ္ပန္နုပ္ပန္နာနံ သခ်ီရာနံ ခယမေဝ ပဿတိ" ဒွါရ ၆ ပါးက အကြောင်းအားလျော်စွာ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော ရှုကွင်းရှုကွက် ရုပ်နာမ်အာရုံတို့ဟာ ပျက်သွားတာချည်း ပဲတဲ့။ အဲဒီအပျက်ကို မြင်အောင် ရှုရတယ်တဲ့။ မပျက်ခင်ကလည်းပဲ ဒီတရားတွေဟာ ပျက်တဲ့တရားတွေချည်းပဲလို့ ယုံကြည်ချက် ရှိထားရတယ်။ ခံယူချက် ရှိထားရတယ်။ နောင်တကယ်ရှုလို့ အပျက်တွေ့လို့ရှိရင် ထောက်ခံချက်ပေးတဲ့အနေနဲ့ ယုံကြည်ချက်လည်း ကျရတယ်။ ကိုယ်က မပျက်တဲ့ဘက်က အကြောင်းတွေရှာပြီး ခုခံ ကာကွယ်မနေရဘူးလို့ ဆိုလိုတယ်။ အဲဒါ ပထမဆုံး ကွန်ဒြေ ထက်ခြင်းရဲ့ အကြောင်း ပါပဲ။

ရိုရိုသေသေလုပ်ပါ

အဲဒီလို အပျက်ကို မြင်အောင်ရှုရာမှာ သက္ကစ္စကိရိယာရှိဖို့ အရေးကြီးပါတယ်။ "တတ္ထ စ သက္ကစ္စကိရိယာယ သမ္မာဒေတိ" ဆိုတာပေါ့လေ။ ရိုရိုသေသေ ပြုလုပ်ရမယ်တဲ့။ ရိုရိုသေသေ ပြုလုပ်ရမယ်ဆိုတာ အခုအားထုတ်နေတဲ့ တရားရဲ့အကျိုးကို သိပြီး ရှေးဦးစွာ တရားအပေါ်မှာ တန်ဖိုးထားစိတ်ရှိဖို့ လိုပါတယ်။

ဒီတရားအားထုတ်ခြင်းကြောင့် စိတ်စင်ကြယ်မှုကအစ အကျိုးတွေ အများကြီး ရတယ်ဆိုတာလေးတွေကိုပဲ ထိုက်တန်သမျှ ဆင်ခြင်ရပါတယ်။ အကျိုးသိတော့ ဒီပေါ်မှာ တန်ဖိုးထားတဲ့ စိတ်ရှိသွားရင် ရိုသေတဲ့ စိတ်ဟာ အလိုလို နိုးလာတော့တာပဲ။ သို့သော်လက်တွေ့ အားထုတ်တဲ့အခါမှာ ရိုသေဖို့ကတော့ လိုပါတယ်။ ရိုသေတယ်ဆိုတာ အထိုင်၊ အထ၊ အကွေး၊ အဆန့်၊ အလှုပ်အရှား အစရှိတဲ့ အမူအရာလေးတွေ ပြုတိုင်း ပြုတိုင်း ဖြည်းဖြည်းသာသာ လူမမာလေးလို လုပ်ရတာ။ ထလည်း ဖြည်းဖြည်းသာသာ၊ ထိုင်လည်း

http://www.dhammadownload.com

ဖြည်းဖြည်းသာသာ။ ဒါမှလည်းပဲ ဟိုက ဖြစ်ပျက်သွားတဲ့ သဘောတွေကို အကုန်လုံး ဒီက ရှုမှတ်မှုနဲ့ လိုက်မီမှာ။ ပြီးဗျင်းနဲ့ ထလိုက်လို့ရှိရင် ဘယ်မီတော့မလဲ။

ဆီခွက်နဲ့ တံတား

ကျမ်းဂန်များမှာ ရိုရိုသေသေပြုပုံ ဥပမာလေးတစ်ခု ပေးထားပါတယ်။ နှုတ်ခမ်းနဲ့ အမှု ပြည့်နေတဲ့ ဆီခွက်ကို တစ်နေရာမှ တစ်နေရာ ရွှေ့တော့မယ် အပြု ဖြည်းဖြည်းလေးကိုင်ပါ၊ ရွှေ့ပါတဲ့။ တစ်နည်းအားဖြင့် ခြေတစ်ဖဝါးစာ ရှိတဲ့တံတားကို လျှောက်တဲ့အခါ ဖြည်းဖြည်းလေး လျှောက်ပါတဲ့။ မရိုမသေနဲ့ သွားလုပ်လို့ မရပါဘူး။ မရိုမသေနဲ့ ဆီခွက်ရွှေ့ရင် ဆီဖိတ်သွားမှာ၊ မရိုမသေနဲ့ လျှောက်မယ်ဆိုရင် ချောက်ထဲကျသွားမှာ။

အဲဒီလို ဆီခွက်သယ်ယူတဲ့အခါနဲ့ တံတားလျှောက်တဲ့အခါမှာ ဖြည်းဖြည်းလေး လုပ်ရတဲ့ သဘောမျိုးကို သက္ကစ္စကိရိယာ ခေါ်ပါတယ်။ အဲဒီဥပမာ ၂ ခုထဲမှာ ပထမဆုံး ဥပမာက ဘုန်းကြီးအထင်နဲ့ ပေးတဲ့ ဥပမာ မဟုတ်ပါဘူး။ မြတ်စွာဘုရားကိုယ်တိုင် ပေးခဲ့တဲ့ ဥပမာပါ။ တစ်ချိန်မှာ မြတ်စွာဘုရား တောထဲ တရားအားထုတ်နေတုန်း ရဟန်းတော်များဟာ အထိုင်၊ အထ၊ အကွေး၊ အဆန့်၊ အလှုပ်အရှား ပြုကြည့်တဲ့အခါ မရိုမသေနဲ့ လုပ်ကြတယ်။ ဗြုန်းခနဲ ထိုင်၊ ဗြုန်းခနဲထ၊ ဗြုန်းခနဲဆန့်၊ ဗြုန်းခနဲ ကွေး။ မျက်စိကလည်း ကြည့်ချင်ရာကြည့် မရိုသေတဲ့ သဘောလေးတွေ ရှိနေတော့ တရားက မတက်နိုင်ဘူး။ မရိုသေလို့ တရားက မတက်တာဘဲ။ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာတွေ မတက်တာဘဲဆိုတာ မြင်တော်မူတော့ မြတ်စွာဘုရားက အဲဒီရဟန်းတော်တွေရှိရာ ကြွရောက်ပြီး ဒီဥပမာလေး ပေးပါတယ်။ ဥပမာကတော့ တော်တော် ကျယ်ပြန့်ပါတယ်။ ဘုန်းကြီးက လိုရင်းလောက်သာ ကောက်နုတ် ပြီး ပြောရတာပါ။ အဲဒီ ဥပမာလေး ပေးဟောလိုက်တဲ့အခါမှာ ရဟန်းတော်များ မျက်စိ အစရှိတဲ့ ဣန္ဒြေများ ထိန်းသိမ်းပြီးတော့ အထိုင်၊ အထ၊ အကွေး၊ အဆန့်၊ အလှုပ်အရှား၊ အစောင်းအငဲ့ အပြုအပြင်တွေ လူမမာလို ဖြည်းဖြည်းသာသာလေး ပြုလုပ်ပြီးတော့ တရားတွေ ထူးထူးခြားခြားကြီး တိုးတက်သွားတယ်။

http://www.dhammadownload.com

ဖြည်းသင့်ဖြည်း မြန်သင့်မြန်

ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ ယောဂီတွေလည်း အထိုင်၊ အထ၊ အကွေး၊ အဆန့်၊ အလှုပ်အရှားတွေမှာ ဖြည်းဖြည်းသာသာလေးလုပ်ပါ။ ဖြည်းလို့ ကတော့ ဘယ်လောက်ပဲ ဖြည်းဖြည်းပေါ့လေ။ ဖြည်းလေ တရားတွေ တက်လေပါပဲ။ ဒါမှလည်းပဲ ခုနကိုယ်ထဲက ရုပ်နာမ်တရားတွေ အပျက်ကိုမြင်အောင်ကြည့်လို့ရမှာ။ ဗြုန်းခနဲထိုင်၊ ဗြုန်းခနဲကွေး။ အမူအရာကြမ်းကြမ်းကြီး လုပ်နေတော့ ဘယ်အပျက် မြင်နိုင်ပါ့မလဲ။ မြင်လည်း အထင်လောက် နေမှာ။ ဘယ်အမြင်ရှိပါမလဲ။ အခုသက္ကစ္စကိရိယ ဆိုတဲ့ဟာ သိပ်သဘာဝကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လောကမှာ မြန်မြန် လုပ်သင့်တဲ့ နေရာမှာ ဖြည်းဖြည်းသွားလုပ်လို့ရှိရင် အကျိုး မရဘူး။ အကျိုး စီးပွားတောင် ပျက်စီးသွားနိုင်တယ်။ ဆိုကြပါစို့-မော်တော်ကားတွေ ရှူပ်ယှက်ခက်နေတဲ့လမ်း ဖြတ်ကူးတဲ့ လမ်းကူးတဲ့အခါ ဖြည်းဖြည်းလေး ခရုသွားသလို ကူးလို့မရပါဘူး။ ဒါကျတော့ သွက်သွက် သွားရတယ်။ ပြီးတော့ ဆေးရုံပေါ်က လူမမာတစ်ယောက် မြန်မြန်ထက်ထက်ကြီးကိုင်တွယ်လို့ရှိရင် ခဏလေး အသက်ထွက်သွားမှာ။ ဖြည်းဖြည်းလေး လဲရတယ်။ ဖြည်းဖြည်းလေး ယူရတယ်။ ဒါမှ လူမမာ သက်သာရာရမှာ။ ဒါမှ ကုသရေးမှာ အောင်မြင်နိုင်မှာပါပဲ။

နှေးနှေး လုပ်သင့်တဲ့နေရာ မြန်မြန်သွားလုပ်လို့ရှိရင် အကျိုးပျက်စီးတယ်။ ဖြည်းဖြည်းလုပ်သင့်တဲ့နေရာမှာ ဖြည်းဖြည်းပဲ လုပ်ရမှာပဲ။ အခု တရားအားထုတ်တဲ့ ယောဂီတွေဟာ ဆေးရုံပေါ်က လူမမာတွေလို့ သဘောထားပြီးတော့ ဖြည်းဖြည်းလေး လုပ်ရတယ်။ သီးသန့် တရားအားထုတ်တဲ့အချိန်မှာ ဆိုရင်တော့ ဖြည်းနိုင်သမျှ ဖြည်းဖို့ပါပဲ။ အများနဲ့ တရားအားထုတ်တဲ့အချိန်မှာတော့ မှန်တန်းလောက်ဆိုရင် တော်ပါပြီ၊ ဆိုကြပါစို့။ အစားအသောက်ဆီသွားတဲ့အခါ၊ ပြီးတော့ ရေမိုးချိုးတဲ့အခါ၊ မျက်နှာသစ်တဲ့အခါ၊ ဆရာတွေထံသွားတဲ့အခါ၊ တရားအစစ်ခံရတဲ့အခါ အဲဒါမျိုးကျတော့ မှန်တန်းလောက်ဆိုတော်ပါပြီ။ ကျန်တဲ့အချိန်ဆိုရင် ဖြည်းဖြည်းလေး လုပ်ရပါတယ်။

http://www.dhammadownload.com

တရစပ်မှတ်ပါ

ပြီးတော့ တတိယအကြောင်းက သာတစ္စကိရိယာယ သမ္မာဒေတိတ္ဝဲ။ သာတစ္စ ကိရိယဆိုတာ အမြဲမပြတ် တရစပ်ပေါ့လေ။ တစ်မှတ်နဲ့ တစ်မှတ် စပ်သွားရတယ်။ ထိုင်နေတဲ့အခါ ဖောင်းမှု ပိန်မှုကအစ ပေါ်တိုင်း အာရုံကို အမှတ်မလွတ်စေရဘူး။ ထိုင်ရာမှ ထတော့မယ်အပြုမှာလည်း ထချင်တဲ့ စိတ် ကလေးတွေက စပြီးတော့ လက်တစ်ခုချင်း တစ်ခုချင်း ရွှေ့တာတွေ ထောက် တာတွေ အကုန်လုံး ဖြစ်စဉ်နောက်ကို အမှတ်ပါသွားရတာပါပဲ။ မတ်တတ်ရပ် တဲ့အခါမှာလည်း အဝတ်အစားပြင်တာကအစ မှတ်ရတယ်။ နောက် ဘာမှ ပြုပြင်မှု မရှိတော့ဘူးဆိုရင် မတ်မတ်ရပ်ရာကနေပြီး သွားတော့မယ်အပြု ခြေထောက်စိတ်ကပ်ပြီးတော့ သွားချင်တဲ့စိတ်ကလေးတွေ၊ လှမ်းချင်တဲ့စိတ် ကလေးတွေက စပြီးတော့ တောက်လျှောက်အကုန်လုံး တရစပ် ရှုမှတ်တာ။ ကိလေသာ ဝင်ခွင့်မရအောင် ရှုမှတ်တာ အဲဒါကို သာတစ္စကိရိယ လို့ ခေါ်ပါတယ်။

လိုရင်းအချုပ်ကတော့ အိပ်ပျော်တဲ့အချိန်ကလွဲရင် သွားနေတုန်း၊ ရပ် နေတုန်း၊ ထိုင်နေတုန်း၊ အိပ်ရာပေါ် လဲ့တုန်း၊ ဣရိယာပုထ်ကြီး ၄ မျိုးမှာကော ကွေးတုန်း၊ ဆန့်တုန်း၊ စောင်းတုန်း၊ ငဲ့တုန်း၊ မျက်တောင်ခတ်တာ၊ မျက်လုံး ဖွင့်တာ၊ ပိတ်တာကအစ ပေါ်သမျှတွေ အကုန်လုံး တရစပ်ကို မှတ်နေရာမှာ အဲဒါ သာတစ္စကိရိယာလို့ ခေါ်ပါတယ်။ ရပ်နားခြင်း မရှိရဘူး။ ငေးမနေ ရဘူး။ တွေးမနေရဘူး။ မှိုင်မနေရဘူး။ တရစပ် သွားနေရတာ။

မီးပွတ်သမားလို

ကျမ်းဂန်များမှာတော့ မီးခြစ်မပေါ်ခင်က ထင်းခြောင်းတစ်ခုနဲ့ တစ်ခု။ ပွတ်ပြီးတော့ မီးလုပ်ရတယ်။ မီးမွှေးရတယ်။ ထင်းခြောင်းတစ်ခုနဲ့ တစ်ခု ပွတ် တဲ့အခါမှာ ပူလေလေ အားစိုက်ပွတ်ရလေလေပဲ။ မီးထွက်မှ မီးဖြစ်မှပဲ နားရ တော့တာပဲ။ မီးမထွက်မချင်းကတော့ ဒီလိုပဲ ပွတ်နေရတာပဲ။ မီးမထွက်ခင် နားလိုက်လို့ရှိရင် ပွတ်လို့ ပူနေတဲ့ဟာ ပြန်ပြန်အေးသွားတယ်။ တစ်ခါထပ် ပွတ်လိုက်၊ တစ်ခါနားလိုက်၊ တစ်ခါနားလိုက်ဆိုတော့ မီးက မဖြစ်ဘူး။ မီးမဖြစ်

http://www.dhammadownload.com

ဘူးဆိုတော့ မီးကိစ္စမဖြစ်ဘူးပေါ့။ အဲဒီလို ကျမ်းဂန်များမှာ ဥပမာလေး ရိုးရိုးပေးထားပါတယ်။

ပုတ်သင်ယောဂီ

အဲဒီလို အမြဲမပြတ် တရစပ်လုပ်ရမဲ့အစား ကြားထဲကြားထဲမှာ ငေးနေမယ်၊ တွေးနေမယ်၊ မှိုင်နေမယ် ဆိုလို့ရှိရင်တော့ ကျမ်းဂန်များမှာ ပုတ်သင်ညို့ ဥပမာနဲ့ ပေးထားတယ်။

ပုတ်သင်ညို့များဟာ သူ့ရဲ့ မိတ်ဖက်ပဲဖြစ်ဖြစ် အစာကိုပဲ ဖြစ်ဖြစ် ခပ်လှမ်းလှမ်းတွေ့လိုက်လို့ရှိရင် ဗျာတ်ဗျာတ်နဲ့ လာတော့တာပဲ။ တော်ကြာ နားနေနေလိုက် ဆက်တိုက်မသွားဘူး။ သူက ငေးလိုက် လူတွေခေါင်းညိတ်ပြလိုက် တော်တော်ကြာ သတိရ၊ သတိရရင် သွားလိုက်၊ နားနေလိုက်ပေါ့လေ။ သူ ရောက်လိုတဲ့ဆီကို သွားတဲ့အခါမျိုးမှာ တရစပ်မဟုတ်ဘူး။ လေးငါးထောက်လောက် နားပြီးတော့မှ ငေးပြီးမှ တွေးပြီးမှ ဒီမှာရောက်တယ်။ တစ်ခါ တလေသူ့အစာ အလှမ်းမီလေးပဲ အဲဒီအလှမ်းမီလေးတောင်မှ ငေးနေလိုက်သေးတယ်။ နောက်မှ အေးအေးဆေးဆေး လုပ်ပြီးမှ လှမ်းပြီး ဟတ်လိုက်တာပေါ့လေ။ အဲဒီလိုလုပ်တဲ့ ယောဂီကို ပုတ်သင်ယောဂီလို့ ခေါ်ပါတယ်။ အခု ဒီဌာနမှာတော့ အဲဒီ ပုတ်သင်ယောဂီတော့ ရှိမယ်မထင်ဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်။ တချို့ အတွေးဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေ တွေးနေတာ ပင်ပန်းပါတယ် ဆိုပြီးတော့ နားနားနေနေ နေတာလေးလေ၊ ပန်းပါတယ် ဆိုပြီး ပက်လက်လန်ပြီးတော့ အနားယူတာ အဲဒီလိုဆိုရင်တော့ ပုတ်သင်ယောဂီ ဖြစ်သွားတော့တာပါပဲ။ အဲဒီလို ပုတ်သင်ယောဂီ ဖြစ်မသွားဖို့က အရေးကြီးပါတယ်။

သူတို့ ၂-ပုဒ်ကြောင့် ဣန္ဒြေတွေ တက်လာ

ဒီတော့ အခုပြောခဲ့တဲ့ ဣန္ဒြေသက်ကြောင်း ၉ ပါးထဲမှာဆိုရင် ဖြစ်တိုင်း ရုပ်နာမ်တွေရဲ့အပျက်ကို မြင်အောင်ရှုရာမှာ သက္ကစ္စကိရိယာနဲ့ သာတစ္စကိရိယာ ဒီအင်္ဂါ ၂ ချက် လုံလောက်ရင် ယောဂီမှာ အများကြီး တိုးတက်ဖွယ်

http://www.dhammadownload.com

ရာ ရှိပါတယ်။ ရိုရိုသေသေပြုပြီးတော့ ပေါ်တဲ့အာရုံနဲ့ ရှုမှတ်တဲ့စိတ်နဲ့လည်း အနေအထားမှန်အောင် ပြီးတော့ သာတစ္စကိရိယာ အနေနဲ့ တစ်မှတ်နဲ့တစ်မှတ် ဆက်စပ်အောင် ရှုမှတ်ပါများလို့ရှိရင် နီဝရဏတရားတွေ ကင်းပြီးတော့ စိတ်တွေက ထူးထူးခြားခြားကြီး ကြည်လာတယ်၊ တည်လာတယ်၊ တယ်ဟုတ်ပါလား၊ တယ်နေရာကျပါလား ဆိုတာ လက်ခံလာတယ်၊ သဒ္ဓါတရားလေးတွေ နဂိုက တုံးနေရာကနေပြီး ထက်လာတာ၊ ထူးခြားတဲ့သဘောလေးတွေတွေ့လာတော့ စိတ်ကလည်းပဲ အားတက်လာတာ၊ တိုးပြီးတော့ အားထုတ်ချင်လာတာ၊ အားထုတ်ချင်လာတော့ တိုးပြီးတော့လည်း ဂရုစိုက်လာတယ်၊ 'ဟော' ဝိရိယလေးတွေ ကောင်းလာတယ်၊ ပိုပြီးတော့ ကြောင့်ကျစိုက်လာတော့ သတိကလည်းပဲ ပိုပြီးတော့ စွဲမြဲလာတယ်။

သတိပိုစွဲမြဲလာတော့ ရှုရာရှုရာ အာရုံလေးတွေပေါ်မှာ စိတ်ကလေးကလည်း ကပ်ခနဲ ကပ်ခနဲဆိုတော့ စိတ်ရဲ့စုစည်းမှု သမာဓိလေးတွေကလည်း ထူးထူးခြားခြား ဖြစ်လာတယ်။ နောက် အသိဉာဏ်လေးတွေ ဖြစ်သွားတဲ့အခါကျရင်တော့ အထူးပြောစရာ မရှိဘူး။ ရုပ်နာမ်တွေ သိလာတာ တယ်ဟုတ်ပါလား။ ကြောင်းကျိုးတွေ သိလာရင် 'ဟာ' တယ်ဟုတ်ပါလား တယ်မှန်ပါလား ဆိုတာ သဒ္ဓါတရားတွေ ဖြစ်လာတာ။ ရုပ်နာမ်တို့ရဲ့ မမြဲ ဆင်းရဲ သဘောပဲ ဆိုတာ သိလာရင် ဟာ- မမြဲတာ မှန်တယ်၊ ဆင်းရဲတာ သိပ်မှန်တယ်၊ သူ့သဘောအတိုင်း သူဖြစ်တာ သိပ်မှန်တယ်ဆိုတာ သိလာတယ်။ အထူးသဖြင့် ရိပ်ခနဲပေါ်ရိပ်ခနဲပျောက် 'ဥဒယဗ္ဗယ' ဉာဏ်ပိုင်းလောက်များ ရောက်သွားပြီဆိုရင် ထိုဉာဏ်ထက်သလောက် သဒ္ဓါတရားတွေကလည်း ထူးထူးခြားခြား ဖြစ်လာတယ်။ ဝိရိယတွေလည်း သိပ်ကောင်း၊ သတိတွေကလည်း ကောင်း၊ သမာဓိတွေကလည်း သိပ်ကောင်းလာတာ။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အာရုံနဲ့ မှတ်စိတ်တည့်အောင် ရိုရိုသေသေ မှတ်လို့ ဖြစ်တိုင်းဖြစ်တိုင်းဟာလေးတွေ တရစပ်မှတ်နေလို့ ဒီလို ထူးထူးခြားခြား ဖြစ်လာတယ်ဆိုတာ တကယ် ကြိုးကြိုးစားစား အားထုတ်တဲ့ယောဂီတွေမှာ သိပ်ရှင်းတယ်။

http://www.dhammadownload.com

ဓားသွေးတာလိုပါပဲ

ဒီသက္ကစ္စကိရိယာနဲ့ သာတစ္စကိရိယာ ဒီနှစ်မျိုးနဲ့ ပေါင်းစပ်ပြီးတော့ ဓားသွေးတဲ့ကိရိယာလေးနဲ့တင်ပြလို့ရှိရင် ပိုပြီးတော့ ရှင်းပါတယ်။ တုံးနေတဲ့ ဓားသွေးတဲ့အခါမှာ ကျောက်တုံးပေါ်မှာ ပထမဆုံးဓားသွားကို အနေအထားမှန်အောင် ထားရတာ။ အနေအထားမမှန်ဘဲနဲ့ ပွတ်တိုက်နေလို့ရှိရင် ဓားဟာ ထက်မလာပါဘူး။ အနေအထားမှန်အောင် ထားဖို့က ပထမဆုံး အရေးကြီးပါတယ်။ ဒီလိုပဲ ပင်တိုင်အာရုံက အစ ရှုမှတ်တဲ့ ပုဂ္ဂိုလ်ဟာ ပေါ်တဲ့အာရုံတွေကို ဒီက ရှုမှတ်တဲ့ စိတ်နဲ့ ခိုန်သားကိုက် ခွင်ကျ ဖြစ်ရတယ်။ အဲဒါ သက္ကစ္စကိရိယ ခေါ်တယ်။ ပေါ်တိုင်းပေါ်တိုင်း အာရုံလေးတွေကို မလွတ်တမ်းမှတ်တာက ဘာနဲ့တူလဲဆိုတော့ ခုနက သွေးနေတာနဲ့ တူတယ်။ ဆက်တိုက်ဆက်တိုက် သွေးနေတာ အဆက်မပြတ်သွေးနေတာနဲ့ တူတယ်။ ဒီကလည်း ပေါ်တိုင်းအာရုံကို အဆက်မပြတ် မှတ်နေတာ။ ဒီတော့ ဓားသွားလည်းပဲ ကျောက်တုံးပေါ်မှာ အနေအထားမှန်ပြီး ဆက်တိုက်လည်းပဲ ပွတ်တိုက်ပေးပြီဆိုရင် တုံးနေတဲ့ ဓားသွားဖုံးဟာ တဖြည်းဖြည်း ပါးပါး ပါးပါးပြီတော့ နောက် ဓားဟာ ထက်ပေါ်လာတယ်။ ဒီလိုပဲ ပေါ်တဲ့အာရုံနဲ့ ရှုမှတ်တဲ့စိတ်နဲ့လည်း အနေအထားမှန်တည့်နေမယ်။ ဆက်တိုက်လည်းပဲ မနေမနား ပွတ်တိုက်ပေးမယ်ဆိုရင် စိတ်တွေသန့်ရှင်းပြီးတော့ ဉာဏ်အမြင်တွေလည်းပဲ ပွင့်လာတယ်။ သဒ္ဓါတရားတွေလည်းပဲ ထူးထူးခြားခြား တက်လာတာ။ ဝီရိယ၊ သတိ၊ သမာဓိ ဒါတွေလည်း ထူးထူးခြားခြား ဖြစ်လာတာ။ အဲဒီသဘောမျိုးပဲ။ အချိန်ကျသွားပါပြီ။ ကျန်တဲ့ အချက်တွေတော့ နောက်နေ့မှဘဲ ဆက်ပြီးတော့ ဟောကြပါစို့။

သာဓု. . . သာဓု. . . သာဓု

သပ္ပါယ ၇ ပါး

မနေ့က ဣန္ဒြေထက်ကြောင်း တရား ၉ ပါး စဟောပါတယ်။ သုံးခု အထိပြီးသွားပါပြီ။ ဒီနေ့ဆက်လက်ပြီးတော့ ကျန်တဲ့အပိုင်းတွေ ဟောဖို့ပါပဲ။ လေးခုမြောက် အကြောင်းကတော့ သပ္ပါယ ကိရိယာယ သမ္မာဒေတိလို့ ဆို လိုပါ

http://www.dhammadownload.com

တယ်။ ရုပ်နာမ်သဒ္ဓါရတနာတို့ရဲ့ အပျက်ကို မြင်အောင်ရှုရာမှ သင့်တင့်လျောက်ပတ်တဲ့ သပ္ပါယ ၇ မျိုးကို ပြုခြင်းအားဖြင့် ဘာဝနာဉာဏ်ကို ပြီးပြည့်စုံရမယ်လို့ ဆိုပါတယ်။ အဲဒီ သပ္ပါယ ၇ မျိုးတော့ လွန်ခဲ့တဲ့ လေးရက်လောက်က ဟောခဲ့ပါပြီ။ ခေါင်းစဉ်လောက်ပဲ ဘုန်းကြီးက သိသာရုံ ပြန်ပြီးပြောပါမယ်။

အဲဒီ ၇ မျိုးကတော့ (၁) အာဝါသ သပ္ပါယ- နေရာထိုင်ခင်း အဆင်ပြေခြင်း၊ (၂) ဂေါစရ သပ္ပါယ- ရဟန်းတော်များဆိုရင် ဆွမ်းခံရာ အဆင်ပြေခြင်း၊ ပြီးတော့ မကျက်စားသင့်သောနေရာမှာ မကျက်စားခြင်း၊ ကျက်စားသင့်သောနေရာမှာ ကျက်စားခြင်း။ ပြီးတော့ ဘဿသပ္ပါယ-သင့်လျော်တဲ့ တရားစကား ကြားနာခြင်း၊ ဆွေးနွေးခြင်း။ ပုဂ္ဂလ သပ္ပါယ-အချင်းချင်းညီမျှခြင်း၊ ပုဂ္ဂိုလ်အချင်းချင်း အဆင်ပြေခြင်း၊ အထူးအားဖြင့် ကမ္မဋ္ဌာန်းဆရာနဲ့ပေါ့။ ဘောဇနသပ္ပါယ- အစားအသောက် အဆင်ပြေခြင်း။ ဥတုသပ္ပါယ - အပူအအေး ရာသီဥတု မျှတခြင်း။ နောက်ဣရိယာပထ သပ္ပါယ- သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုဒ်လေးမျိုး မျှတခြင်းဆိုတာ မျှတခြင်း ၇ မျိုး သင့်သလို အသုံးပြုလို့ရှိရင် နဂိုက မဖြစ်ဖူးသေးတဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတရားတွေ ထက်သန်အားကောင်းလာတတ်တယ်။ အထူးအားဖြင့် ဉာဏ်ပညာတွေ ထက်သန်အားကောင်းလာတတ်တယ်။

စကားနည်းကြပါ

အဲဒီခုနစ်မျိုးထဲမှာ ဘဿသပ္ပါယနဲ့ ပတ်သက်ပြီးတော့ နည်းနည်းပြောပြစရာ အထူးလေးရှိလို့ ထပ်ပြီးတော့ ပြောပါရစေဦး။

ဘဿသပ္ပါယကတော့ ကျမ်းဂန်များမှာ ယောဂီတွေနဲ့ အသက်ဆိုင်ဆုံးဖွင့်ထားတာကတော သပ္ပါယ ဓမ္မဿဝနလို့ ခေါ်ပါတယ်။ သင့်တော်တဲ့ တရား စကား ကြားနာခြင်းလို့ ခေါ်ပါတယ်။ ကြားနာခြင်းဆိုရင် ဆွေးနွေးခြင်းလည်း ဒီထဲမှာ ပါသွားပါတယ်။ ဒါလောက်ပဲ ဆိုပါတယ်။ အဲဒီရဲ့ ဆန့်ကျင်ဘက်ကတော့ အကြိတ်အနယ် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များဟာ သမာဓိ၊ ပညာရဲ့ဆန့်ကျင်ဘက် ဖီလာဖြစ်တဲ့ တိရစ္ဆာနကထာတွေကို မပြောရဘူး။

http://www.dhammadownload.com

ရပ်စကား၊ ရွာစကား၊ စျေးစကား၊ ဒါတွေလည်း မပြောရဘူး။ တရားနဲ့ ပတ်သက်တဲ့ကိစ္စတွေ ဖြစ်ပါစေ။ အတိုင်းအတာ ရှိရမယ်တဲ့။ ဒီလိုဆိုမိန့်ချက် ရှိပါတယ်။ လွန်သွားလို့ရှိရင် တရားမှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဟန့်တားတဲ့ သဘောပါပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက အကြိတ်အနယ် တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်များ တရားမှန်မှန်တက်ရေး အတွက် အင်မတန် သနားကြင်နာတော်မူပြီးတော့ 'အပ္ပကာသော ဘိက္ခဝေ ဟောထ ဘဿေ ပရိယန္တကာရိနော'လို့ဆိုတာ ရှိပါတယ်။ ဘိက္ခုတို့ -စကားပြောလို့ရှိရင် အမှတ် ကျဲတတ်လွန်း ကိလေသာဝင်တတ်လွန်းလို့ စကားနည်းကြပါတဲ့။

အတိုင်းအတာနဲ့ ပြောပါ

မလွဲသာလို့ရှိရင်တော့ တစ်ခါတစ်ရံတော့ ပြောရတာ ရှိတာပေါ့လေ။ အဲဒီလို ပြောခွင့်ကြုံပြီဆိုရင် "ဘဿေ ပရိယန္တကာရိနော"တဲ့ ပြောခွင့်ကြုံတဲ့ အခါမှာ အကန့်အသတ်လေး ထားပါ။ ယောဂီနဲ့ မအပ်စပ်တဲ့ စကား မပြော ပါနဲ့တဲ့။ အပ်စပ်တဲ့စကားပင် ဖြစ်ပါစေ၊ အတိုင်းအတာလေးရှိပါတယ်။ အဲဒီ လို အတိုင်းအတာနဲ့ ပြောတဲ့အခါမျိုးမှာလည်း အမှတ်လွတ်ပြီးတော့ ပြောရ မှာလားဆိုတော့ "ဘာသိတေ သမ္မဇနကာရီ ဟောတိ" ဆိုတာ ပြောတဲ့အခါ မှာလည်း ပြောမယ့်အချက်အလက်တွေ စဉ်းစားမှုကအစ ပြောမှုနဲ့ စပ်ပြီး တော့ အကုန်လုံး စိတ်အမူအရာ နှုတ်အမူအရာတွေ လိုက်မှတ်ပါတဲ့။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဗုဒ္ဓစာပေဗဟုသုတ ထိုက်သလောက် ရှိတဲ့ ပုဂ္ဂိုလ်များအဖို့ အထူးသတိထားစရာ အချက်လေးတွေပါပဲ။ ပြီးတော့ စာပေဗဟုသုတ ရှိပြီး တော့ ထိုက်တန်သမျှ တရားအလေ့အလာရှိတဲ့ ပုဂ္ဂိုလ်များဆိုရင် သာပြီးတော့ သတိထားစရာ ကောင်းပါတယ်။

ဒကာကြီးတစ်ယောက်

အဲဒီဟာနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးကိုယ်တွေ့အကြောင်းအရာ လေးတစ်ခု ပြောပါရစေ။ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ဘုန်းကြီးကြုံခဲ့တဲ့ အမျိုး သား ယောဂီကြီးတစ်ယောက်ပေါ့လေ။

http://www.dhammadownload.com

အဲဒီပုဂ္ဂိုလ်ကြီးဟာ အစိုးရဝန်ထမ်းက တော်တော်အရာကြီးတဲ့ အငြိမ်းစား လူကြီးတစ်ယောက်ပါပဲ။ သူက ဗုဒ္ဓစာပေလည်းပဲ ထိုက်တန်သမျှ အလေ့အလာ ရှိထားပါတယ်။ ပါဠိစာပေ တတ်တာတော့ မဟုတ်ပါဘူး။ နိဿယတို့ ဘာတို့ ဟိုစာဒီစာ ကြည့်တာပေါ့။ ထိုက်တန်သမျှလည်း တရား အလေ့အထ ရှိဖူးပါတယ်။ ဒါပေမဲ့လို့ သူဟာကတော့ မပြည့်စုံပါဘူး။ သူက ကမ္မဋ္ဌာန်း ဆရာကြီး လုပ်နေတာ။ နောက်လည်း ဒီပုဂ္ဂိုလ် ရိပ်သာရောက်လာပြီးတော့ ဘုန်းကြီးနဲ့ ပထမဆုံး တိုးတာပါပဲ။ ဒီနေ့လို ရိပ်သာစရောက်ပြီးတော့ ဘုန်းကြီးနဲ့ နောက်နေ့မှာ တွေ့ပါတယ်။ ဘုန်းကြီးက အခြားအခြားယောဂီ အားထုတ်ပုံတွေကို စာတွေ့နဲ့ လက်တွေ့ ၂ ခု ပေါင်းစပ်ပြီးတော့ ပြောကြားတဲ့ အလေ့အထ ရှိပါတယ်။ လက်တွေ့က ဒီလိုရှိတယ်။ စာတွေ့က ဒီလို ဆိုထားတယ် ဆိုတာပေါ့လေ။ ပါဠိလေးတွေ ထုတ်ထုတ်ပြီးတော့ ဘုန်းကြီးက ညွှန်ပြတာကိုး။ အဲဒီလို ညွှန်ပြတဲ့အခါ သူက ဘုန်းကြီး ညွှန်ပြတဲ့ပါဠိတွေ ဘယ်ကျမ်းက ပါတာလဲဘုရား၊ ဘယ်လိုမိန့်ဆိုတာလဲ ဘုရားဆိုတာ သူက အဓိပ္ပာယ်တွေလည်း ပြော၊ ကျမ်းညွှန်းတွေလည်း ပြောပြောသွားတယ်။ ဒီတော့ ဘုန်းကြီးက ဟန့်တားပါတယ်။

ဒကာကြီး အားထုတ်ဖို့ လာတယ်ဆိုရင် ဒီက ညွှန်ကြားတဲ့အတိုင်း အားထုတ်ပါလို့ ကိုယ်အလှည့်ကျမှပဲ ပြောတာပေါ့လို့ အခြားကိစ္စတွေ သူနဲ့ မဆိုင်တဲ့ ကိစ္စတွေ ဝင်ပြီး စွက်တော့ ဘုန်းကြီးက ဟန့်တားပါတယ်။ ဒါပေမဲ့ မရဘူး။ နောက်တစ်နေ့လည်း ဒီလိုပဲ။ နောက် ၄ ရက်မြောက်ရောက်တဲ့ အခါကျတော့ ဘုန်းကြီးက သူ့ကို ခပ်နာနာလေး ပြောပြီးတော့ တွယ်ရတော့ တာပဲ။ ဘုန်းကြီးက ဒီမှာ တွက်လိုက်ပါတယ်။ သူက တကယ်တရားလိုချင်လို့ လာတာ မဟုတ်ဘူး။ ဘုန်းကြီးတို့ ရိပ်သာလာပြီး သူဗဟုသုတတွေပြချင်လို့ လာတဲ့ ဒကာကြီးပဲလို့ တွက်လိုက်ပါတယ်။ ဒီတော့ သူ့ပြောရတယ်။ ဒကာကြီး လို့ ဒကာကြီးက တပည့်အဖြစ်နဲ့ လာတာလား၊ ဆရာအဖြစ်နဲ့ လာတာလား၊ ဘုန်းကြီးက တပည့်လား ဒကာကြီးက တပည့်လားလို့ မေးတာ။ တပည့်တော်က တပည့်ပေါ့ ဘုရားတဲ့။ တပည့်တော် ဒီမှာ အားထုတ်ချင်လို့ လာတာပဲတဲ့။ သူက ဒီလို ပြောတယ်။ ဒကာကြီး သုံးရက်ရှိပြီ ဘုန်းကြီး တားနေတာ။ ဒကာကြီးက လူကြီးလူကောင်းဆိုတော့ ဘုန်းကြီးက ယဉ်ယဉ်ကျေးကျေးနဲ့ တားနေတာ။

http://www.dhammadownload.com

သုံးရက်လုံးလုံး တားမရဘူး။ ဒကာကြီးက အခု ဘာနဲ့ တူသလဲဆိုတော့ သတိုးသား ဘိသိက်ဆရာနဲ့ တူနေပြီလို့ ပြောပါတယ်။ လက်ထပ်ပွဲတွေကျရင် ဘိသိက်ဆရာက လိုက်ပြီးတော့ ဘိသိက်ဆရာအနေနဲ့ ဆောင်ရွက်တယ်။ ဘိသိက်ဆရာနေရာက ဘိသိက်ဆရာလုပ်တာကတော့အများနေရာ အများအမြင်ကနေ ကြည့်တာ ကြည့်ကောင်းတယ်။ တစ်ချိန်မှာ အဲဒီဘိသိက်ဆရာကိုယ်တိုင် သတိုးသားဖြစ်သွားလို့ ဧည့်ခံပွဲအချိန် ပရိသတ်စုံတဲ့ အခါကျတော့ ဒီဘိသိက်ဆရာဟာ သတိုးသားနေရာမှာ မနေဘဲနဲ့ ဘိသိက်ဆရာနေရာက နေပြီး သွားပြီး ဘိသိက်မြောက်တယ်။ အများအမြင်အနေနဲ့တော့ သိပ်ခွကျသွားပြီပေါ့။ ဆိုလိုတဲ့သဘောကတော့ ကိုယ်က ဘိသိက်ဆရာ ဆိုရင်တော့ ဘိသိက်ဆရာ နေရာမှာနေ။ ကိုယ်က သတိုးသားဖြစ်တဲ့အခါ သတိုးသားနေရာမှာ ဂ္ဂန္ဒြေရရ ထိုင်နေပါလို့။ ဘိသိက်ဆရာထလုပ်တာ ရုပ်ဆိုးတယ်လို့ အဲဒီလိုပြောလိုက်တဲ့အခါကျတော့ ဒကာကြီး တော်တော်လေး နားလည်သွားပါတယ်။ နောက် မလုပ်တော့ပါဘူး ဘုရားတဲ့။ သူ ဝန်ခံသွားပါတယ်။

နောက်ပိုင်းတော့ တရား သိပ်ကောင်းသွားပါတယ်။ ဒါဟာ လောကမှာ ဖြစ်တတ်တဲ့ သဘာဝလေးတွေကို ဘုန်းကြီးက ပြောတာပါ။ ဒီမှာ အဲဒီလိုဖြစ်နေတယ်လို့ မဆိုလိုပါဘူး။ ပြီးတော့ ဒီယောဂီတွေလည်းပဲ တကယ့်တရားရလို့လို့ သဒ္ဓါဆန္ဒနဲ့ လာကြတဲ့ ယောဂီတွေဖြစ်လို့ ဘယ်နည်းနဲ့မှ ဒီအဖြစ်ကိုလည်း ခံမယ့်ယောဂီတွေ မရှိပါဘူး။ သတိုးသားနေရာမှာပဲ ကျကျနန ထိုင်နေမယ့် ယောဂီတွေချည်းပဲလို့ တွက်ထားပါတယ်။ ဒီလောက်ဆို တော်လောက်ပါပြီ။ ဒါကတော့ ပါဠိတော်တွေနဲ့ပတ်သက်ပြီးတော့ တချို့ လောကီ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ကြုံရတတ်ပါတယ်။ နောက် တရားအားထုတ်တဲ့အခါမှာ လောကီ ဗဟုသုတလေးတွေကို အသုံးချတတ်ပါတယ်။ အဲဒါတွေလည်းပဲ ခဏာရုပ်သိမ်းထားဖို့ပါပဲ။ ကျမ်းဂန်များမှာ ပြထားတယ်။ "ပညဝါသ ယထာမူဂေါ" ပညဝါ = ယောဂီပုဂ္ဂိုလ်က ဗဟုသုတ အတွေ့အကြုံ ဘယ်လောက်ပဲများစေကာမူ။ မူဂေါယထာ = စကား မပြောတတ်သော သူကဲ့သို့ ဖြစ်ရမယ်တဲ့။

http://www.dhammadownload.com

စကားမပြောတတ်တဲ့သူဟာ သူများခိုင်းတဲ့အလုပ် လုပ်တာပဲ။ သူကိုယ်တိုင် တီထွင်ပြီးတော့ ဘာမှလုပ်တတ်တဲ့ အလေ့အကျင့် မရှိဘူး။ အဲဒီလို သဘောမျိုး ထားရမယ် တဲ့။ ကျမ်းဂန်များမှာ ဒီအတိုင်း ပြထားပါတယ်။ ဒီနေရာဌာနမှာ ဘုန်းကြီးရဲ့သဘောထားလေး နည်းနည်း ပြောပါရစေ။ ဘုန်းကြီးရဲ့သဘောထားဟာ ငယ်ငယ်ကစပြီး အခုထိပဲ ကိစ္စတစ်ရပ် ဆောင်ရွက်ရာမှာ ကိုယ်မပိုင်သေးလို့ရှိရင် မကျွမ်းကျင်သေးလို့ရှိရင် အလည်လုပ်ပြီးတော့ ဝင်စွက်ဖက်တဲ့အလေ့ မရှိပါဘူး။ ကျွမ်းကျင်နိုင်နင်းပေမယ့်လို့ ကိုယ်နဲ့မသက်ဆိုင်ဘူးဆိုလို့ရှိရင်လည်းပဲ ဝင်ပြီး စွက်ဖက်လေ့မရှိပါဘူး။ သက်ဆိုင်ရာ ပုဂ္ဂိုလ်က လိုလားလို့ တောင်းဆိုတဲ့အခါမှ သင့်သလို အကူအညီ ပေးတတ်တဲ့ အကျင့်ရှိပါတယ်။

သမာဓိဖြစ်ကြောင်း နိမိတ်ကောင်း

၅ ခုမြောက် ဣန္ဒြေထက်ကြောင်းကတော့ "သမာဓိဿစ နိမိတ္တဂ္ဂါဟေန၊ သမာဓိဿ - ဝိပဿနာ ခဏိကသမာဓိ၏။ နိမိတ္တဂ္ဂါဟေနစ - နိမိတ်ကောင်း၊ အာရုံကောင်းနည်းကောင်းကို ယူခြင်း အသုံးပြုခြင်းဖြင့်လည်း၊ သမ္မာဒေတိ - ဘာဝနာဉာဏ် ပြီးစီး ပြည့်စုံစေရမယ်တဲ့။

ဘုန်းကြီးတို့ တရားအားထုတ်တဲ့အခါမှာ တစ်ခါတစ်ခါ ထိုင်လို့ကောင်းတာ ရှိသလို ထိုင်လို့မကောင်းတာလည်း ရှိတယ်။ မှတ်လို့ကောင်းတာရှိသလို မှတ်လို့မကောင်းတာလည်း ရှိတယ်။ မှတ်လို့မကောင်းတဲ့အခါ ကျရောက်ပြီဆိုရင် နဂိုက မှတ်လို့ကောင်းတဲ့ အခြေအနေတွေကို ပြန်ပြီးတော့ သုံးသပ်ကြည့်ရတယ်။ ဘယ်တုံးက ဘယ်နေရာဌာနမှာ ဘယ်လိုအာရုံယူပြီး အားထုတ်လို့ မဖြစ်သေးတဲ့ သမာဓိတွေ ထူးထူးခြားခြား ဖြစ်လာတယ်။ ဉာဏ်လေးတွေလည်း ထူးထူးခြားခြားပွင့်လာတယ်။ အဲဒီနည်းဟာ ကောင်းတယ်လို့တွေးပြီး နဂိုက အောင်မြင်တဲ့နည်း ပြန်ပြီးတော့ အသုံးပြုရတယ်။ ပြန်အသုံးပြုလိုက်လို့ရှိရင် မှတ်လို့ မကောင်းတာလေးတွေက ပြန်ကောင်းသွားတယ်။ အဲဒါဟာ ဣန္ဒြေထက်ခြင်းအကြောင်း ၉ ပါးထဲမှာ သူက ပါနေပါတယ်။

http://www.dhammadownload.com

ဗောဇ္ဈင် ပွားပါ

၆ ခုမြောက် ဣန္ဒြေထက်ကြောင်းကတော့ "ဗောဇ္ဈင်္ဂါနံစ အနူပဝတ္တန တာယစ၊ ဗောဇ္ဈင်္ဂါနံ=မဂ်ဉာဏ်၏အစိတ်အပိုင်း ဖြစ်ကုန်သော ဗောဇ္ဈင်တရား တို့ကို(ဝါ) သစ္စာ ၄ ပါး သိသူ၏အကြောင်းဖြစ်သော တရားတို့ကို၊ အနူပဝတ္တန တာယစ= သင့်လျော်သလို ဖြစ်ပွားစေခြင်းဖြင့်လည်း၊ သမ္မာ ဒေတိ = ဘာဝနာ ဉာဏ်ကို ပြီးပြည့်စုံစေရမယ်တဲ့။

ဒီမှာဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ တစ်ခါတစ်ခါ ယောဂီများ တရားဟာ အမှတ်မကောင်းလို့ဘဲဖြစ်ဖြစ် အမှတ်ကောင်းပေမယ်လို့ သူ့စိတ်ထဲမှာ အမှတ်မကောင်းဘူးလို့ ထင်လို့ပဲဖြစ်ဖြစ် စိတ်အားလေးတွေ လျော့နေတာ ရှိတတ်တယ်။ အဲဒီလျော့နေတဲ့ အခါမျိုးမှာ နှစ်သိမ့်အားရပီတိဖြစ် စေတတ်တဲ့ တရားတွေ နာကြားရတယ်။ ဝီရိယဖြစ်စေတတ်တဲ့ တရားတွေ နာကြားရတယ်။ အသိပညာဖြစ်ထွန်းစေနိုင်တဲ့ တရားတွေ ကြားနာရတယ်။ ကြားနာပြီးတော့ တကယ့်ကိုပဲ ရွှင်ရွှင်ကြည်ကြည်နဲ့ အထူးကြောင့်ကြထားပြီးတော့ ထင်းထင်းလင်းလင်း ရှုမှတ်ရမယ်။ အဲရှုမှတ်လို့ ရှိရင် ဘာဝနာဉာဏ်ဟာ ထူးထူးခြားခြား ဖြစ်လာတတ်တယ်။ ဒါက ဘာဝနာစိတ်တွေနည်းနည်း ရော့ရဲနေတဲ့ အခါမျိုးမှာ ပီတိသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်နဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုပြီး ဗောဇ္ဈင်သုံးမျိုးပွားပုံလေး အမြွက်ပါပဲ။

အေးအေးဆေးဆေးလေး

ပြီးတော့ တစ်ခါတစ်ခါ ယောဂီက တရားအတွေ့လေးတွေ ကောင်းပြီးတော့ စိတ်တွေက အင်မတန်တက်ကြွပြီး သွားတာမျိုးလည်း ရှိတယ်။ အဲဒီအခါမျိုးမှာ စိတ်က တက်ကြွလွန်းအားကြီးတော့ တရားမှတ်ရတာက တယ်ပြီးတော့ နေရာမကျလှဘူး။

အာရုံနဲ့ မှတ်စိတ်နဲ့ မတည့်လှဘူး။ ချော်နေတယ်။ တစ်ခါတစ်ခါလည်း ယောဂီက ပြုံးသလိုလို ရွှင်သလိုလိုမျိုးတွေလည်း ရှိတတ်တယ်။ တက်ကြွပြီးတော့ တရားတွေလည်း မမှတ်ဘဲနဲ့ ရှိနေတတ်တယ်။ အဲဒီအခါမျိုးမှာ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဆိုတဲ့ ဗောဇ္ဈင် ၃ ပါး ပွားပေးရမယ်တဲ့။ အေးအေးဆေး

http://www.dhammadownload.com

ဆေးလေးဖြစ်အောင် တရားလည်း ဟောပေးရတယ်။ မှတ်တဲ့အခါလည်း အေးအေးဆေးဆေးလေး မှတ်ရတယ်။ အာရုံသိပ်မများဘဲနဲ့ တည်တည်ငြိမ်ငြိမ်လေး သက်တောင့်သက်သာလေး မှတ်ရတယ်။ တစ်ခါတစ်ခါမှာ တရားက မှတ်တိုင်း ကြိုးစားတိုင်းလည်း ဖြစ်တာမဟုတ်ဘူး။ အေးလေ ရသလောက်ဆိုပြီးတော့ မျှမျှလေးပေါ့။ ဘက်မလိုက်ဘဲနဲ့ မှတ်ရတာလည်း ရှိတယ်။ အဲဒီလိုဆိုရင် မဖြစ်ဖူးသေးတဲ့ ပညာဘာဝနာများ ဖြစ်သွားတယ်၊ အခုပြောတဲ့ ဘာဝနာစိတ်ရဲ့ ရော့ရဲသွားတဲ့အခါလည်း ဘာဝနာစိတ် တက်ကြွတဲ့အခါမျိုးမှာ သင့်သလို ပြုပြင်မှုပေးဖို့ကတော့ ကမ္မဋ္ဌာန်းဆရာတွေအပေါ်မှာ အများကြီး တည်ပါတယ်။ ကမ္မဋ္ဌာန်းဆရာက ယောဂီရဲ့ အခြေအနေ ပြောဆိုတင်ပြချက်တွေကို ကြည့်ပြီးတော့ သင့်သလို ပြင်ပေးမှ ရပါတယ်။

ဖောက်ပြန်သောတိုးတက်ခြင်း

လွန်ခဲ့တဲ့ ရက်အနည်းငယ်ဆီကပဲ ယောဂီတစ်ဦးဟာ ကြိုးစားပမ်းစားလည်း အားထုတ်ပါတယ်။ ယောဂီတစ်ဦး မဟုတ်ပါဘူး။ တော်တော်လေးများပါတယ်။ စောစောပိုင်းက တရားတွေ တော်တော်လေး သွက်သွက် လက်လက်နဲ့ ရှင်းရှင်းလင်းလင်းနဲ့ပေါ့လေ။ နောက်ပိုင်းရောက်တဲ့ အခါကျတော့ သူ့စိတ်ထဲမှာ တရားတွေ ကျသွားတယ် ထင်နေတယ်။ နဂိုက ကောင်းနေတဲ့ တရားတွေက အခု မကောင်းတော့ဘူးတဲ့။ စိတ်ပျက်အားငယ်ပြီးတော့ သူလာလျှောက်သွားတယ်။

တစ်ခါတစ်ခါမှာ တစ်ဉာဏ်နဲ့ တစ်ဉာဏ် ကူးစမှာဆိုရင် ယောဂီဟာ နည်းနည်း ကသိကအောက်လေးတွေ ဖြစ်တတ်တယ်။ မှတ်မကောင်းသလိုလို ဘာလိုလို ဖြစ်တတ်တယ်။ ခါတိုင်းဆိုရင် စီးခနဲ စီးခနဲ ပီပီသသနဲ့ အင်မတန်မှတ်လို့ကောင်းတယ်။ တစ်ခါတစ်ခါ မကောင်းတော့ စိတ်ပျက်အားငယ်ပြီးတော့ တရားလျှောက်တာတွေ ကြားရတယ်။ တစ်ခါတလေ ဘုန်းကြီးကကြားဖူးနားဝရှိတဲ့ လောကီဥပမာလေးတွေနဲ့ ပြောပေးရတယ်။ အဲဒီအခါတုန်းက ကလေးငယ်တွေဟာလို့ နို့စိုကလေးတွေဟာ တစ်ရွာယ်နဲ့ တစ်ရွာယ် ပြောင်းခါနီးမှာ နောက်ဖေးသွားတယ်၊ မအီမသာဖြစ်တတ်တယ်လို့ ဒီလိုဖြစ်တတ်

http://www.dhammadownload.com

တာဟာ မိခင်အနေနဲ့ ကိုယ့်ရင်သားလေး ကြည့်ရတာ စိတ်မချမ်းသာဘူး။ ဒါပေမယ်လို့ ကောင်းတယ်။ အဲဒီလို မဖြစ်ရင် ကလေးဟာ ကျန်းမာရေးလည်း ချို့ယွင်းတတ်တယ်။ အရွယ်လည်းပဲ မကြီးထွားတတ်ဘူးလို့ ဒီလို စာက ဖတ်ဖူးတယ်။ သူများလည်း ပြောဖူးတယ်။

ဒီတော့ ကလေးကျန်းမာရေးနဲ့ ကလေးအရွယ် ကြီးထွားဖို့ရန် အတွက် ဒီလို ဖြစ်ပေးရတာဟာ ကောင်းတယ်လို့ ဒီလို အားပေးရတယ်။ ဖောက်ပြန်သော တိုးတက်ခြင်းလို့ ခေါ် ရမှာပေါ့လေ။ ဘုန်းကြီးက စာအုပ်ဖတ်ထားတာပါ။ ကလေးရဖူးလို့ ပြောတာ မဟုတ်ပါဘူး။ နောက် ရင်းနှီးတဲ့ ကလေးရဖူးတဲ့ မိခင်တွေကို မေးလို့ သိရတာပါ။ အဲဒီတော့ တစ်ခါတစ်ခါ ယောဂီများ ကြိုးစားပြီးတော့ မှတ်ရဲ့သားနဲ့ ခုလို ကောင်းရာကနေပြီးတော့ မကောင်းဘဲ ဖြစ်သွားရင် အားမငယ်နဲ့။ အဲဒီအခါမှာ ကလေးနောက်ဖေးကိန်း ဆိုက်နေပြီဆိုတာ အထူးမှတ်သွားတော့ ဆက်မှတ်သွားလို့ရှိရင် တရားတွေ ကောင်းလာတော့မှာ အားမငယ်ကြနဲ့။ ဒီနေ့ အချိန်ပြည့်သွားပါပြီ။ နောက်နေ့ကျမှာပဲ ကျန်တာတွေ ထပ်ပြီး ပြောကြပါစို့။

×××

ရက်စက်နိုင်ရမည်

ဒီနေ့ ဣန္ဒြေထက်ကြောင်း ၉ ပါးထဲက ကျန်တဲ့ ၃ ပိုင်း ဆက်ပြီးတော့ ပြောပါမယ်။

အဲဒီကိုးမျိုးထဲက ခုနစ်ခုမြောက် ဣန္ဒြေထက်မြက်ခြင်းအကြောင်း ကတော့ "ကာယေ စ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေတိ"။ တစ်နည်းအားဖြင့် ကိုယ်နဲ့ အသက်ကို နည်းနည်းလေးမှ ငဲ့ကွက်ညှာတာခြင်းမရှိဘဲ စွန့်စွန့် စားစားအားထုတ်ရမယ်လို့ ဆိုလိုပါတယ်။ ကိုယ်ပေါ်မှာ မငဲ့ရဘူး ဆိုတာက တော့ မိမိခန္ဓာကိုယ်ကြီးဟာ မစင်ကြယ်မသန့်ရှင်း ဘာမှ အားကိုးစရာ မကောင်းတဲ့ အနေနဲ့ အပြင်ပ၊ အသက်မဲ့၊ အပုပ်ကောင်ကြီးလို့ ထင်ရမယ်တဲ့။ ဒါမှလည်းပဲ မငဲ့မှာကိုး။ တကယ်လို့ အကောင်းလို့ ထင်နေရင် ငဲ့နေဦးမှာ။ အသက်ပေါ်တော့ မိမိရဲ့အကျိုးစီးပွားကို မလိုလားတဲ့ရန်သူလို သဘောထားရမယ်တဲ့။

http://www.dhammadownload.com

ရန်သူဟာ မိမိရဲ့အကျိုးစီးပွား မလိုဘူး။ မလိုလားတဲ့ ပုဂ္ဂိုလ်ကို ကိုယ်က ငဲ့နေလည်းပဲ သူ့အတွက်လည်းပဲ အကျိုးမရှိ။ ကိုယ့်မှာလည်းပဲ ဆင်းရဲမှာ။ အဲဒီလို ရုပ်သက်၊ နာမ်သက် ခေါ်တဲ့ အသက်ကလေးရှိနေလို့ ရုပ်ဓာတ်နာမ်ဓာတ်တွေဟာ အမြဲမပြတ် ရှင်သန်နေတာပဲ။ မြင်လိုက်၊ ကြားလိုက်၊ နံလိုက်၊ ထိလိုက်၊ သိလိုက် ဆိုတာတွေပေါ့လေ။ ဒီအသက် ဓာတ်လေး က ထိန်းပေးနေတာ။ ရုပ်သက်ကလည်း ရုပ်ကိုထိန်းပေးနေတယ်။ နာမ်သက် ကလည်း နာမ်ကို ထိန်းပေးနေတယ်။ သူတို့ ရှင်သန်နေသေးသရွေ့ အဲဒီရုပ်နာမ်ရှိထားတဲ့ ပုဂ္ဂိုလ်မှာ အမြဲတမ်းဆင်းရဲနေတာပဲ။ အခု လူတွေကြုံတွေ့နေရတာဟာ ရုပ်တွေ နာမ်တွေ ရှိနေလို့ ဒီဆင်းရဲတွေနဲ့ တွေ့ရတာပဲ။ တကယ်လို့ သာ ရုပ်နာမ်မရှိဘူးဆိုလို့ရှိရင် ဒီဆင်းရဲတွေဘယ်ကြုံရလိမ့်မလဲ။ အဲဒီဆင်းရဲတွေက ရှေးဘဝပေါင်းများစွာလည်းပဲ ကြုံခဲ့ပြီ။ ယခုလည်းပဲ ကြုံနေတာပဲ။ နောင်လည်းပဲ ဘဝတွေအပေါ်မှာ အပြစ်မမြင်တဲ့ အဝိဇ္ဇာနဲ့တဏှာ၊ အမိုက် ဓာတ်နဲ့ အမှောင်ဓာတ် ရှိနေသေးသရွေ့ ကံတွေပြုပြီးတော့ အဲဒီကံကမှ တစ်ခါ ဘဝတွေ ဖြစ်ကြဦးမှာ၊ မဆုံးနိုင်ဘူး။ ပြီးတော့ ဒီရှင်သန်တဲ့ အသက်ကလေး ရှိနေလို့ သူ့ကြောင့် ရုပ်နာမ်တွေကလည်း ရှင်သန်နေတော့ ရှင်သန်နေတဲ့ ရုပ်နာမ်နဲ့စပ်တဲ့ ဆင်းရဲတွေဟာ မိမိရဲ့အကျိုးစီးပွားမလိုလားတဲ့ ရန်သူလိုပဲ ဆိုတာပေါ့။ အဲဒီလို သဘောထားနိုင်မှ အသက်ပေါ်မှာ မငဲ့မှာပါ။

အချိန်မီ ထုတ်ယူ

ဒီစကားအရဆိုရင် လက်တွေ့ကျင့်သုံးရတဲ့ သတိပဋ္ဌာန်တရားဟာ တချို့အတွေးချော်တဲ့ ပုဂ္ဂိုလ်များအဖို့တော့ သို့မဟုတ် သဒ္ဓါအားနည်းတဲ့ ပုဂ္ဂိုလ်များအဖို့ကတော့ အပြစ်တင်ရင် တင်မယ်။ "ဘယ်နယ့်ဗျာ၊ ဒီ တရားကလည်းပဲ ရောဂါဖြစ်တဲ့လမ်း တွန်းပို့နေတာပဲ။ သေလမ်းတွန်းပို့နေတဲ့ အကျင့်ပဲ"ဆိုပြီးတော့ တချို့က အပြစ်တင်ကြမှာ။ အမှန်ကတော့ ဒီ ခန္ဓာကိုယ်ကြီးဟာ အသက်ရှင်တုန်းအခါမှာတော့ လောကအလိုက် အသုံးကျတယ်လို့ ဆိုပေမယ့်လို့ သေတဲ့အခါကျတော့ ဘာမှ အသုံးမကျတော့ဘူး။ ပစ်လိုက်ရတာပဲ။ ကွဲတတ်ရှတတ်တဲ့ပစ္စည်းများ၊ ကွဲလွယ်တဲ့ပစ္စည်းများ မကွဲခင်၊ မပျက်စီးခင်

http://www.dhammadownload.com

တော့ အသုံးချရတယ်။ ကွဲပြီး ပျက်စီးပြီးမှဆိုရင်တော့ ဘာမှ အသုံးချလို့ မဖြစ်တော့ဘူး။ အခုခန္ဓာကိုယ်ရထားတဲ့ပုဂ္ဂိုလ်များ အရွယ်က လည်း ကောင်းသေးတယ်။ ကျန်းမာရေးကလည်း ကောင်းသေးတယ်။ အရွယ်လွန်သွားပေမယ့်လို့ တရားအားထုတ်နိုင်လောက်အောင် ကျန်းမာရေး ရတယ်ဆိုလို့ရှိရင် ဒီခန္ဓာကိုယ်ကြီးရဲ့အာမခံချက် မရှိပုံတွေကို နားလည်ပြီးတော့ ဒီခန္ဓာကိုယ်ကြီးထဲက အချိန်မီအနှစ်သာရတွေ ထုတ်ယူထားမိဖို့ အတွက်ကတော့ သိပ်အရေးကြီးတယ်။

အမှိုက်ပုံကြီး

ခန္ဓာကိုယ်ကြီးဟာ တစ်နည်းအားဖြင့် အမှိုက်ပုံကြီးနဲ့လည်း တူတယ်။ လူတွေ အသုံးမဝင်တဲ့ပစ္စည်းအမျိုးမျိုးတွေကို တစ်နေရာမှာ သွားပြီးတော့ ပုံရတာ။ ကြာတော့ အဲဒီအပုံကြီးက အကြီးကြီးဖြစ်လာတယ်။ ဒီထဲမှာ ပစ္စည်းတွေ အစုံပဲ။ အဲဒီအမှိုက်ပုံကြီးကို အမြော်အမြင်မရှိတဲ့ ပုဂ္ဂိုလ်များ အသုံးမချတတ်လို့ရှိရင် မြေဩဇာလောက်ပဲဖြစ်တယ်။ အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်များကတော့ အဲဒီအမှိုက်ပုံကြီးထဲက အတိုအစ ပစ္စည်းလေးတွေ အများကြီးပဲ။ သံတို သံစတွေ၊ သံချောင်းတွေ၊ ဖန်ခွက်တွေပေါ့လေ။ အဲဒီပစ္စည်းတွေ ထုတ်ယူပြီးတော့ သန့်စင်အောင်လုပ်ပြီး လူသုံးပစ္စည်းတွေ ပြန်ထုတ်တယ်။ အမှိုက်ပုံကြီးထဲက ရွှေထုတ်တဲ့နည်း ဆိုတာပေါ့လေ။ အဲဒီလိုဆိုရင် ဟိုကမြေဩဇာလည်း မလျော့ဘူး။ မြေဩဇာအတွက်လည်း အကျိုးများ၊ ဒီထဲက အသုံးပြုလို့ဖြစ်နိုင်တဲ့ ပစ္စည်းတွေကိုလည်း ထုတ်ပြီးတော့ မျိုးတူတာ ပေါင်းစပ်ပြီးတော့ သန့်စင်ပြီး လူသုံးပစ္စည်းတွေ ထုတ်လို့ တချို့ဒီဟာနဲ့ ပတ်သက်ပြီးတော့ ပစ္စည်းချမ်းသာတဲ့ပုဂ္ဂိုလ်တွေ ကမ္ဘာမှာရှိတယ်လို့ ဆိုပါတယ်။ စက်ရုံကြီးတွေလည်း အကြီးကြီး တည်ထားတယ်လို့လည်း ဆိုပါတယ်။

အကောင်းဆုံးအရွယ်

ခန္ဓာကိုယ်အမှိုက်ပုံကြီးထဲက ထုတ်ရမယ့် အသုံးဝင်အဖိုးတန်တဲ့ ပစ္စည်းတွေကတော့ အခြားမဟုတ်ပါဘူး။ ရှေးဦးစွာ ကိုယ်မှု၊ နှုတ်မှုတွေ စင်ကြယ်စေ

http://www.dhammadownload.com

တဲ့ သီလအနှစ်သာရ၊ ဒီကမှတစ်ဆင့် တက်ပြီးတော့ အခုလို သတိပဋ္ဌာန် အဆင့်မြင့်တဲ့ တရားတွေ အားထုတ်ပြီးတော့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ တရားတွေ ထက်ထက်သန်သန် အားကောင်း၊ အားပြည့်ထွားတဲ့ အထိ ထုတ်ယူဖို့ပါပဲ။ အဲဒါတွေကမှ မိမိအတွက် တကယ် စိတ်ချရတဲ့ အနှစ်သာရတွေပါ။ အဲဒီလိုအခြေအနေကို နားလည်တဲ့ပုဂ္ဂိုလ်များဟာ ဘယ်အရွယ်မှာ ခန္ဓာကိုယ်အမှိုက်ပုံကြီးထဲက အနှစ်သာရတွေ ထုတ်ယူလို့ ကောင်းသတုံးဆိုတော့ ပထမအရွယ်မှာ အကောင်းဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပထမအရွယ်ကသွေးသားတွေကလည်း ခန္ဓာကိုယ်ထဲမှာ အသွားအလာမျှတတယ်။ ကျန်းမာရေးတွေကလည်း ရတယ်။ အင်အားတွေကလည်း ပြည့်နေတယ်။ အစစအရာရာ စိတ်တက်တက်ကြွကြွနဲ့ ဆောင်ရွက်လိုက်လို့ရှိရင် မိမိ ရည်ရွယ်ထားတဲ့ကိစ္စ မြန်မြန် ထမြောက်တတ်တယ်။ ဒါ့ကြောင့် ပထမအရွယ် အကောင်းဆုံးပဲ။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဇာတ်ကြောင်းလေးတစ်ခု ဘုန်းကြီး ပြောပါရစေ။ သံဝေဂ လည်းပဲဖြစ်၊ စိတ်အားလည်းပဲ တက်ကြွရေး အတွက်ပေါ့လေ။

ဘာလို့ ရဟန်းဝတ်လာရတာလဲ

ဘုရားလက်ထက်က အရှင်ရဋ္ဌပါလ ခေါ်တဲ့ သူဌေးသား ရဟန်းတစ်ပါး ရှိပါတယ်။ သူဟာ ပထမအရွယ်ပါပဲ။ ပစ္စည်းလည်း ချမ်းသာပါတယ်။ ဆွေမျိုးလည်းပဲ ကြီးပါတယ်။ အရွယ်ကလည်းပဲ ကောင်းတယ်။ ကျန်းမာရေးကလည်း ရတယ်။ ကာမဂုဏ်ချမ်းသာနဲ့ နေမယ်ဆိုလို့ရှိရင် အင်မတန့်ကို ချမ်းချမ်းသာသာနဲ့ နေနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ။ အဲဒီလို ရဟန်းအဖြစ်နဲ့ ဘုရင်တစ်ဦးရဲ့ဥယျာဉ်မှာ နေ့အခါ သီတင်းသုံးနေတုန်း ဘုရင်က ချဉ်းကပ်ပြီးတော့ မေးတယ်။ "အရှင်ဘုရား. . အရှင်ဘုရားဟာ ငယ်ငယ်ရွယ်ရွယ်လေးပဲ ကာမဂုဏ်နဲ့ နေနိုင်တဲ့အရွယ်ပဲ။ မိဘတွေလည်းပဲ ပစ္စည်းချမ်းသာ၊ အရှင်ဘုရားကလည်းပဲ ကျန်းမာရေးကောင်း၊ အရွယ်ကောင်းနေတာပဲ။ ဒီကာမဂုဏ်ချမ်းသာတွေ လက်လွှတ်ပြီးတော့ ဘာဖြစ်လို့ ရဟန်းဘဝကို ခံယူရပါသတုံးတဲ့။ ဒီလို တစ်ယောက်တည်း ပျင်းစရာကောင်းအောင် နေရတာ ဘာ

http://www.dhammadownload.com

များ အဓိပ္ပါယ်ရှိသတဲ့း" လို့ မေးပါတယ်။ အဲဒီလို ဘုရင်က မေးတော့ အရှင်ရဋ္ဌ ပါလမထေရ်က "ဗုဒ္ဓက ဓမ္မဒ္ဒေသတရားလေးပါး ဟောကြားထားတယ်။ တရားရည်ညွှန်းချက်ကြီး လေးမျိုး ပေါ့လေ။ အဲဒီဓမ္မဒ္ဒေသတရားလေးပါးကို အစဉ်အတိုင်း လေ့လာနှလုံးသွင်းမိတဲ့အခါမှာ သံဝေဂတွေ အကြီးအကျယ် ဖြစ်ပြီးတော့ ဒီလိုပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီးထဲက အနှစ်သာရဖြစ်တဲ့ တရားတွေ အချိန်မီ ထုတ်ယူဖို့ရန်အတွက် ပထမအရွယ်ဟာ အကောင်းဆုံး မို့လို့ အခု ကာမဂုဏ်ချမ်းသာတွေကို စွန့်လွှတ်ခဲ့ပြီးတော့ ရဟန်းဘဝ ခံယူရတယ်" ဆိုတဲ့ အကြောင်း အကျဉ်းချုပ်ဖြေပါတယ်။

အို-နာ-သေသို့

အဲဒီဓမ္မဒ္ဒေသတရားလေးပါးဆိုတာက "ဥပနီယတိ လောကော အဒ္ဓုဝေါ" တဲ့။

လောကော- သူရောကိုယ်ပါ သတ္တဝါအပေါင်းသည်။ အဒ္ဓုဝေါ-ဖြစ်ပေါ်ပြီးတော့ ပျက်ပျက် ပျက်ပျက်သွားတာမို့လို့ မတည်တဲ့၊ မခိုင်မြဲသည် ဖြစ်၍။ ဥပနီယတိ-အိုခြင်း၊ နာခြင်း၊ သေခြင်းသို့ ဆောင်ပို့ခံရ၏တဲ့။

ရထားတဲ့ ရုပ်နာမ်ခန္ဓာတွေဟာ ဒီအတိုင်း တည်နေတာ မဟုတ်ဘူး။ လူတိုင်းလူတိုင်းကတော့ ပျိုချင်ကြတယ်။ အိုအိုလာတာပဲ ဘာမှ မတတ်နိုင်ဘူး။ လူတိုင်းလူတိုင်းက မာချင်ကြတယ်။ ကျန်းမာချင်ကြတယ်။ နာလာတာပဲ။ ရောဂါအမျိုးမျိုးတွေ ဖြစ်လာတာပဲ။ လူတိုင်း လူတိုင်းဟာ ကိုယ့်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် အသက်ရှင်ပြီးတော့ နေချင်ကြတယ်။ ဒါပေမယ်လို့ အကြောင်းတစ်ခုခုကြောင့် သေရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အိုတတ်၊ နာတတ်၊ သေတတ်တဲ့ ဓာတ်တွေက ခန္ဓာကိုယ်ထဲမှာ အပြည့်ပါလာတာ။ အမြဲမပြတ်ဖြစ်ပြီးတော့ အမြဲမပြတ် ပျက်နေတာ။ မြင်ပြီးတော့ ပျောက်သွား၊ ကြားပြီးတော့ ပျောက်သွား၊ ဘာမှ တည်တဲ့ခိုင်မြဲမှု မရှိဘူး။ တစ်နေ့ထက် တစ်နေ့ အိုနေတာ၊ တစ်နေ့ထက်တစ်နေ့လည်း ကျန်းမာရေးတွေ ချို့တဲ့နေတာ။ အဲ-နောက်ဆုံး သေရမှာပဲ။ တည်တဲ့ခြင်း၊ မြဲခြင်း မရှိတဲ့အတွက် အို၊ နာ၊ သေခြင်း အဲဒီသုံးမျိုးသို့ မောင်းပို့ခံနေရတယ်တဲ့။ အင်မတန် ကြောက်စရာ ကောင်းတဲ့ တရားတွေလို့ ဆိုတာပေါ့။

http://www.dhammadownload.com

အားနွဲ့လှချေပါတကား

ဒီတော့ ပျိုချင်ပေမယ့်လို့ အိုလာတာ၊ မာချင်ပေမယ့်လို့ နာလာတာ၊ ရှင်ချင်ပေမယ့်လို့ သေနေတာ။ အဲဒါတွေအတွက် ဘယ်သူကမှ တာဝန်မခံနိုင်ဘူး။ ဒီဟာတွေအတွက် အာမခံပါတယ်ဆိုတဲ့ အာမခံမယ့်ပုဂ္ဂိုလ် အခုအထိ တစ်ဦးမှ မပေါ်သေးဘူး။ ပျိုလိုတဲ့ပုဂ္ဂိုလ်တွေက အိုလာတဲ့အခါ ပျိုအောင်တော့ လုပ်ကြတာပဲ။ ဒါပေမယ်လို့ မတတ်နိုင်ဘူး။ နာနေတဲ့အခါမှာလည်း မာအောင်ဆိုပြီး ကျန်းမာအောင်ဆိုပြီး လုပ်ကြတာပဲ။ အသက်လည်းပဲ ရှင်ချင်ကြတာပဲ။ တချို့လည်းပဲ သေပြီးသားပုဂ္ဂိုလ်တောင်မှ အသက်ပြန်သွင်းဝင်ရအောင် ကြိုးစားကြတယ်လို့ ဆိုပါတယ်။ အခုအထိတော့ ဘယ်သူမှ အာမခံနိုင်သေးဘူး။ အဲဒီတော့ အာမခံချက် မရှိတဲ့အတွက် ဒီဟာတွေ လုံခြုံအောင်လို့ စောင့်ရှောက်တဲ့ပုဂ္ဂိုလ် မရှိတဲ့ "အတာဏော လောကော အနဘိဿရော" ဆိုတာပေါ့လေ။ ဒါ ဒုတိယ ဓမ္မဒ္ဒေသတရားပါပဲ။ ဒါသတ္တဝါတွေရဲ့ အားနည်းချက်ပဲ။ မအို၊ မနာ၊ မသေရအောင်လို့ အာမခံသူ မရှိတော့ ခိုကိုးရာမဲ့နေတယ်လို့ ဆိုလိုပါတယ်။ အခုထိ အများစုသတ္တဝါတွေဟာ ခိုကိုးရာမဲ့နေတာ ကြည့်ပေါ့။ ဘယ်လောက်ထိ ခိုကိုးရာမဲ့နေသလဲဆိုတာ ကိုယ့်ကိုယ်တိုင်ကိုပဲ ကြည့်ပေါ့လေ။ တကယ်တရားတွေ အားထုတ်လို့ တစ်ခဏချင်း တစ်ပျက်တည်း ပျက်နေတာလေးတွေ တွေ့သွားတဲ့အခါကျမှ ဟာ-ဒီတရားတွေဟာ အသေချည်း သေနေတာပဲလေ။ အားကိုးစရာ မဟုတ်တဲ့တရားတွေပဲ၊ အဲဒီလို ကောင်းကောင်းနားလည်လာလို့ရှိရင် တကယ့်ကိုပဲ ဒီရုပ်နာမ်ခန္ဓာကြီးဟာ အားကိုးရာမဲ့တယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ကို မြင်လာမှာ။ အခုတော့ သံဝေဂဉာဏ်ပေါ့လေ။ အဲဒီအဆင့်မရောက်ခင် သံဝေဂဉာဏ်ယူကြတာပေါ့။

ကိုယ်ပိုင်ဥစ္စာ မရှိပါ

ဒီတော့ နောက်ဆုံးကျလို့ရှိရင် ကိုယ်ပိုင်ဥစ္စာဆိုတာ ဘာမှမရှိဘူး။ အိုနာသေရေး ပုက္ခဘေးတွေမကင်းတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်ရှင်တုန်း ကာလမှာ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ကြားပြီးတော့ ပစ္စည်းတွေ ရှာဖွေလို့

http://www.dhammadownload.com

စားဝတ်နေရေးပြေလည်နေတယ်။ တချို့လည်းပဲ တော်တော်ပြေလည်တယ်။ တော်တော်ချမ်းသာတယ်။ ဒါပေမယ်လို့ ကိုယ်ပိုင်ဥစ္စာဆိုတာ မရှိပါဘူး။ ကိုယ်တိုင် ရှာဖွေထားလို့ ဒီပစ္စည်းတွေ သူပိုင်နေတယ်လို့ ဆိုပေမယ့်လို့ အကြောင်းအားလျော်စွာပဲ ပျက်စီးသွားလို့ရှိရင် မပိုင်တာတွေရှိတယ်။ သေမှ မဟုတ်ဘူး။ မသေခင်လည်းဘဲ မပိုင်တာရှိတယ်။ မီးလောင်လို့ ပျက်စီးသွားတာ ရှိတယ်။ ပြီးတော့ ပုဂ္ဂိုလ်တစ်စုက နိုင်ထက်စီးနင်းပြုလုပ်လို့ ပျက်စီးသွားတာလည်း ရှိတယ်။ ကိုယ်ပိုင်ဥစ္စာဆိုတာ ဘာမှ မရှိဘူး။ သေတဲ့အခါဆိုလို့ ရှိရင်လည်းပဲ ဘာမှမရှိဘူး။ ဒါလည်းပဲ သတ္တဝါတွေ အားနည်းချက် တစ်မျိုးပဲ။

အဲဒါ "အဿကော လောကော သဒ္ဓံ ပဟာယ ဂမနီယံ" တဲ့။

လောကော=သူရောကိုယ်ပါ သတ္တဝါအပေါင်းသည်၊ အဿကော=ကိုယ်ပိုင်ဥစ္စာဆိုတာ ဘာမှမရှိတဲ့။ သဒ္ဓံ ပဟာယဂမနီယံ= အသက်ရှင်ဆဲကာလမှာ ရှာဖွေထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ၊ ဆွေတွေ၊ မျိုးတွေ အကုန်လုံးစွန့်ပြီးတော့ သွားရမှာချည်းပဲတဲ့။

အဲဒါ တတိယ ဓမ္မုဒ္ဒေသတရားပါပဲ။

အနုဂါမိကဥစ္စာ

ဘာမှယူလို့ မရဘူးလားဆိုတော့ ယူလို့ရတဲ့ ဟာတွေတော့ ရှိပါတယ်။ အဲဒီယူလို့ရတဲ့ဥစ္စာကတော့ 'အနုဂါမိကဥစ္စာ'လို့ ခေါ်ပါတယ်။ 'အနုဂါမိကဥစ္စာ'ဆိုတာ မသေခင်ကာလမှာ စေတနာသဒ္ဓါတရားကောင်းကောင်းနဲ့ တတ်နိုင်သမျှ လှူဒါန်းရတာ။ ဆေးရုံတို့၊ စာသင်ကျောင်းတို့၊ မီးဘေး ရေဘေး သင့်တဲ့ ပုဂ္ဂိုလ်တွေ လှူရတာ၊ ကူညီရတာ။ ပြီးတော့ မိသားစုကို စိတ်ကောင်းနှလုံးကောင်းနဲ့ ထောက်ပံ့ရတာ။ ဆွေတွေ မျိုးတွေ ထောက်ပံ့ရတာ။ ဆင်းရဲတဲ့ ပုဂ္ဂိုလ်တွေ ထောက်ပံ့ရတာ။ ကိုယ်ကျင့်သီလတွေ ပြည့်စုံတာ။ ဒီကမှ တစ်ဆင့် ဆက်ပြီးတော့ စိတ်ဓာတ်တွေ တိုးမြှင့်ပေးတာ။ သမာဓိ၊ ဘာဝနာ အားထုတ်တာ။ ပြီးတော့ ရုပ်နာမ်ပိုင်းခြားသိမှုကအစ အမှန်တရားတွေကို အဆင့်ဆင့် အဆင့်ဆင့် သိမြင်ပြီးတော့ နောက်ဆုံး အသိပညာထူးတွေရတဲ့ အထိပါပဲ။ အဲဒီလို အားထုတ်လို့ရရှိထားတဲ့ ဒါန အစရှိတဲ့ ကုသိုလ်တွေက

http://www.dhammadownload.com

တော့ ကိုယ့်နောက်ပါမှာ။ အဲဒါတွေကို "အနုဂါမိက ဥစ္စာ"လို့ ခေါ်ပါတယ်။ ကိုယ်နဲ့မကွာ ထပ်ချပ်ပါတဲ့ ဥစ္စာတဲ့။ လူသွားလို့ရှိရင် အရိပ် ထားခဲ့လို့ မရဘူး။ လူသွားတာနဲ့ လူလှုပ်ရှားတာနဲ့ပဲ အရိပ်ကလည်း တစ်ခါ တည်း ပါသွားတာပဲ။ အဲဒါကတော့ စိတ်ချရတယ်။ အနုဂါမိကဓန-အနုဂါမိက ဥစ္စာဆိုလို့ အခြား ဥစ္စာလည်းပဲ လူတွေမှာ ရှိပါတယ်။ ဗဟုသုတဖြစ်ဖို့ ဘုန်းကြီးက ပြောပြပါ ဦးမယ်။

ဥစ္စာ(၃)မျိုး

အဲဒီဥစ္စာတွေကတော့ တခြားမဟုတ်ပါဘူး။ ထာဝရဥစ္စာ၊ ထာဝရ ဓန ဆိုတာဖြစ်ပါတယ်။ ဒါတွေက တည်တံ့ခိုင်မြဲတဲ့ ပစ္စည်းတွေပေါ့လေ။ ရွှေလို့ ပြောင်းလို့မရနိုင်တဲ့ပစ္စည်းတွေပေါ့လေ။ မြေယာတို့၊ လယ်ယာတို့၊ တိုက်တာ အဆောက်အဦးတွေပါပဲ။ ဇင်္ဂမဥစ္စာဆိုတာကတော့ ရွှေလို့ ပြောင်းလို့ရတဲ့ ပစ္စည်းတွေပေါ့လေ။ အိမ်သုံးပစ္စည်းတွေ အကုန်လုံးအစုံပေါ့။ ဒါ လူတွေမှာ ရှိရပါတယ်။ ထာဝရဥစ္စာလည်း ရှိရပါတယ်။ ဇင်္ဂမ ဥစ္စာလည်း ရှိရပါတယ်။ ပြီးတော့ အဂ်ိသမဥစ္စာဆိုတာက အဂ်ါခြေလက်နဲ့ တူတဲ့ အတတ်ပညာ အမျိုးမျိုးတွေပေါ့လေ။ အခုကာလလူတွေ တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာတွေပေါ့။ ဝိဇ္ဇာအတတ်၊ သိပ္ပံအတတ်၊ လက်မှုအတတ်၊ စက်မှုအတတ်တို့ စုံနေတာ ပါပဲ။ လူမှာ လက်ခြေအင်္ဂါ စုံနေလို့ရှိရင် စုံနေတဲ့အင်္ဂါကို သူ့နေရာနဲ့သူ အသုံးချလို့ရတယ်။ လက်ခြေ အင်္ဂါပြတ်နေပြီဆိုလို့ရှိရင်တော့ အသုံးပြုစရာ မရှိတော့ ခက်တာပေါ့။ ဒီတော့ အင်္ဂါစုံရတယ်။ ဒီလိုပဲ လူရယ်လို့ဖြစ်လာပြီ ဆိုလို့ရှိရင် အတတ်ပညာကတော့ တတ်သင့်တတ်ထိုက်တဲ့ဟာ တတ်ရတယ်။ အဲဒါ အဂ်ိသမဥစ္စာခေါ်တယ်။ လက်ခြေအင်္ဂါနဲ့ တူတဲ့ ဥစ္စာတွေတဲ့။ အဲဒါကတော့ အသက်ရှင်ဆဲကာလမှာ အသုံးကျပါတယ်။ ရှင်ဆဲကာလမှာတောင်မှ စိတ်မချရသေးပါဘူး။ အတတ်ပညာတွေ ဘယ်လောက်ပဲ တတ်ထား တတ်ထား အိုမင်းမစွမ်းဖြစ်တဲ့အခါကျတော့ မေ့သွားတာပဲ။ ဆိုင်ရာ အာဏာပိုင်တွေက ဒီအတတ်ပညာ အသုံးမချရဘူးလို့ တားမြစ်ထားလို့ရှိရင်လည်း ဒီအတတ်ပညာက အသုံးမဝင်ဘူး။ သေတဲ့အခါမှာသာ မဟုတ်ဘူး။ အသက်

http://www.dhammadownload.com

ရှင်ဆဲ ကာလမှာလည်း အားကိုးရတာ မဟုတ်ဘူး။ အကုန်လုံး ဒါတွေဟာ ကိုယ်ပိုင်ဥစ္စာ ဘာမှမဟုတ်ဘူး။ အကုန်လုံး ထားခဲ့ရမှာပဲ။ ယူလို့ ရတာက တော့ 'အနုဂါမိကဥစ္စာ' တစ်ခုပါပဲ။

တဏှာကျွန်ချည်းပါတကား

ဒီလိုသဘောမပေါက်သေးတဲ့ ပုဂ္ဂိုလ်များကတော့ ကာမဂုဏ်အာရုံနယ်ထဲမှာ တစ်မျိုးပြီးတစ်မျိုး အကောင်းတွေကို လိုချင်ကြတယ်။ ရတာလေးတွေနဲ့ပဲ မတင်းတိမ်နိုင်ဘူး။ အပိုအမိုတွေလဲပဲ လိုအပ်တာမဟုတ်ဘဲ ရှာဖွေကြတယ်။ ဒီတော့ မတင်းတိမ်နိုင်တော့ ဘာဖြစ်သတုံးလို့ဆိုတော့ အမြဲတမ်း လိုနေတာပဲ။

"ဦနော လောကော အတိတ္တော တဏှာ ဒါသော"

လောကော = သူရောကိုယ်ပါ သတ္တဝါအပေါင်းသည်၊ အတိတ္တော= ရသမျှ လိုအပ်သမျှလေးနဲ့ မတင်းတိမ် မရောင့်ရဲနိုင်သည်ဖြစ်၍၊ ဦနော-အမြဲတမ်းလိုလိုနေတယ်တဲ့။

ခြင်းတောင်းနဲ့ ရေခပ်သလိုပေါ့လေ။ ဘယ်လာ ရေပါလိမ့်မလဲ။ အဲဒီလိုဖြစ်နေတယ်။ မရောင့်ရဲနိုင်ဘူးဆိုရင် အမြဲတမ်းလိုနေတာပဲ။ လိုနေတော့ အဲဒီ လိုတဲ့ဟာကို ဖြည့်လိုတဲ့ တဏှာ ပေါ်တာပဲ။ နည်းနည်းလို နည်းနည်းဖြည့်တာပဲ။ များများလို များများဖြည့်တာပဲ။ ဒီတော့ မရောင့်ရဲနိုင်တော့ လိုတာတွေ ဖြည့်လိုတဲ့တဏှာ ပေါ်နေတော့ အဲဒီတဏှာရဲ့ကျွန် အမြဲတမ်းခံနေရတာပဲ။ ဘေးရန်တွေ တောထဲမှာ အပူအချမ်းတွေ့လည်းပဲ ဘာမှမတွက်နိုင်ဘူး။ ဒီတော့ သတ္တဝါတွေဟာ တဏှာကျွန် အမြဲတမ်းဖြစ်နေတာပဲ။ တဏှာ ဒါသောတဲ့။ တဏှာကျွန်ကြီးပဲတဲ့။ တဏှာကျွန်အဖြစ်က မလွတ်သမျှတော့ ဘယ်နည်းနဲ့မှ ချမ်းသာ မတွေ့နိုင်-တဲ့။ အဲဒါ နောက်ဆုံး စတုတ္ထ ဓမ္မဒ္ဒေသ တစ်ခုပါပဲ။

ချမ်းသာတွေ ပြန်ပေးပါ

ရောင့်ရဲတဲ့သဘောဟာ သိပ်ကောင်းတယ်။ "သန္တုဋ္ဌိ ပရမံ ဓနံ"လို့ ဆိုထားတယ်။ ရောင့်ရဲခြင်းဟာ အမြတ်ဆုံး ပစ္စည်းပါပဲတဲ့။ ဒီဟာနဲ့ ပတ်သက်

http://www.dhammadownload.com

ပြီးတော့ အတိုချုပ်ပြီး ခြင်းတောင်းလုပ်သမားအကြောင်းလေး နည်းနည်း ပြောပါရစေ။ ဆင်းရဲသားတစ်ယောက်ဟာ ခြင်းတောင်းရက်ပြီး အသက်မွေး မြူနေတယ်။ ရသမျှလေးနဲ့ သူ တင်းတိမ်ရောင့်ရဲတယ်။ သူ့လုပ်ငန်းခွင်မှာ လည်း သီချင်းလေးတကျော်ကျော်နဲ့ အေးအေးဆေးဆေး ချမ်းချမ်းသာသာ နေတယ်။ ညလည်းပဲ ချမ်းချမ်းသာသာ အိပ်ရတယ်။ ဘာမှလည်း သူခိုးတွေ ဘာတွေ မကြောက်ရဘူး။ သူဌေးကြီးတစ်ယောက်က သူ့သနားတာနဲ့မို့လို့ ငွေတစ်ရာ မစတယ်။ ငွေတစ်ရာပေးတော့ သူတဲလေးကလည်း မလုံတလုံဆို တော့ ဒီငွေတစ်ရာ လုံခြုံအောင် ထိန်းသိမ်းဖို့ မလွယ်ဘူး။ ငွေတစ်ရာဝင်တဲ့ အချိန်က စပြီးတော့ ဒီငွေတစ်ရာ ဘယ်သူများလာယူမလဲ စသည်နဲ့ပေါ့ ပူပန် ရတယ်။ ပူပန်ရတော့ သူ့လုပ်ငန်းခွင်မှာ သီချင်းလည်း မဆိုနိုင်တော့ဘူး။ ညလည်းပဲ မအိပ်နိုင်တော့ဘူးတဲ့။ စောစောက ငွေတစ်ရာ မရခင်ကဆိုရင် ချမ်းချမ်းသာသာနေရတယ်။ သီချင်းလေး တကျော်ကျော်နဲ့ ကောင်းကောင်း မွန်မွန် အိပ်ရတယ်။ ဒီငွေဝင်တဲ့အချိန်ကစပြီး ငါချမ်းသာတွေ ပျောက်သွား တာပဲ။ ဒီငွေတစ်ရာတော့ မကောင်းဘူးဆိုပြီးတော့ ဒီငွေတစ်ရာယူပြီး သူဌေး ကြီးကို ပြန်အပ်တယ်။ "သူဌေးကြီး၊ ကျွန်တော့်ချမ်းသာတွေ ပြန်ပေးပါဗျာ။ သူဌေးကြီး မစထားတဲ့ ငွေတစ်ရာပြန်ယူပါတော့"လို့ ဆိုတယ်။ ဒီမှာ သူ့ဘဝ လေးနဲ့သူ ရောင့်ရဲတာ အင်မတန်ချမ်းသာတယ်။ အထူးအားဖြင့် တရားနယ် ထဲကဆိုရင် ရောင့်ရဲတာ သိပ်ကောင်းပါတယ်။ ရောင့်ရဲလေလေ ပိုပြီးတော့ ချမ်းသာလေလေပဲ။ တဏှာကျွန် မခံရလေလေပဲ။

အချိန်ရှိခိုက် လုံ့လစိုက်

ဒီလိုပြောတဲ့အတွက် ဗုဒ္ဓတရားတော်က လူတွေဆင်းရဲအောင် လုပ်တာ တော့ မဟုတ်ပါဘူး။ စောစောက ပြောခဲ့တဲ့ ထာဝရပစ္စည်း ဇင်္ဂမပစ္စည်းနဲ့ အင်္ဂသမ ပစ္စည်းတွေကိုတော့ တရားသဖြင့် ရှာဖွေပါ။ ဒါပေမယ်လို့ အပိုအမို တွေ ရအောင် ကြိုးစားပြီး တဏှာကျွန်ခံရတာမျိုးတော့ မကောင်းဘူးပေါ့။ တဏှာ ကျွန်ခံရလို့ ရှိရင် ဆင်းရဲမှာပေါ့။ ရောင့်ရဲလို့ရှိရင် ချမ်းသာတဲ့အတွက် ရောင့်ရဲနိုင်ဖို့ရာအတွက် ဟောကြားတဲ့တရားပါပဲ။

http://www.dhammadownload.com

အဲဒီလို ရဋ္ဌပါလမထေရ်က ဘုရင်ကို ဓမ္မဒ္ဒေသတရားလေးပါး သတိထားမိတဲ့အတွက် အရွယ်ကောင်းတုန်းကပဲ ရဟန်းဘဝခံယူပြီးတော့ ပျက်စီးတတ်တဲ့ခန္ဓာကိုယ်ကြီးထဲက အနှစ်သာရတွေ အချိန်မီထုတ်ယူဖို့ရန် ကြိုးစားရတယ်ဆိုတဲ့အကြောင်း ဖြေရှင်းပြပါတယ်။ အဲဒီ သာဓကလေး ထောက်ပြီးတော့ ဘုန်းကြီးတို့တစ်တွေရဲ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေရဲ့ ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီးဟာ ဘာမှမကြာဘူး။ သွားရတော့မယ်။ ပစ်လိုက်ရတော့မှာပဲ။ ဒီတော့ ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီးထဲက အချိန်မီ သီလ၊ သမာဓိ၊ ပညာ အနှစ်သာရတွေ ထုတ်ယူမိဖို့ရာအတွက် အချိန်ရှိခိုက် လုံ့လစိုက် ဆိုတဲ့ အတိုင်း ကြိုးစားအားထုတ်ကြရန် သံဝေဂဖြစ်စရာလေး ဘုန်းကြီးက တိုက်တွန်းပြောကြားပါတယ်။ အချိန်လည်းပြည့်သွားပါပြီ။ တော်ကြပါစို့။

×××

နတ်ပြည်

လွန်ခဲ့တဲ့ သီတင်းပတ်တွေက သီလကထာအထိ အကျဉ်းချုပ်ပြီး ဟောခဲ့ပြီးပါပြီ။ ဒီနေ့ သီလပြည့်စုံခြင်းကြောင့် ရနိုင်တဲ့အကျိုးကို ပြောပါမယ်။ အဲဒီ အကျိုးဟာ ပြောပလောက်တဲ့အကျိုး မဟုတ်ပါဘူး။ တကယ့်ချမ်းသာ အစစ် မဟုတ်သေးပါဘူး။ ရှင်ရဟန်းဘဝရောက်ရတာဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာတော့ အလွတ်လပ်ဆုံး၊ အချမ်းသာဆုံးပဲ ဆိုတာလို့ ဆက် ဟောရမှာပဲ။ ထူးခြားတာကတော့ ဒီနေ့ ပဗ္ဗဇ္ဇ မင်္ဂလာ၊ ဥပသမ္ပဒမင်္ဂလာပွဲနဲ့ အခုဟောမဲ့ တရားနဲ့က ဘယ်လိုဘယ်လို သွားပြီးတော့ တိုက်ဆိုင်နေမှန်း မသိဘူး။ တော်တော့်ကို တိုက်ဆိုင်နေတယ်။ ဝမ်းသာရတာပါပဲ။

လူလည်းပဲ လူ့အလိုက်၊ ရဟန်းလည်းပဲ ရဟန်းအလိုက် ဆောက်တည်စောင့်ထိန်းထားတဲ့ သီလတွေ မပျက်ပြယ် စင်ကြယ်ရင် အဲဒီသီလ အမှီပြုပြီးတော့ ကာမဂုဏ်တွေ ပြည့်စုံတဲ့ နတ်ဘဝ ရတတ်တယ်ဆိုတာကို သိစေလိုလို့ မြတ်စွာဘုရားက သီလကထာရဲ့ အခြားမဲ့မှာ 'သဂ္ဂ ကထာ'ပေါ့လေ။ ဆက်ပြီးတော့ ဟောပါတယ်။ အဲဒီနတ်ပြည်ဆိုတာ ဣဋ္ဌ-လိုအပ်ပါတယ်တဲ့။ ကန္တ-နှစ်သက်ဖွယ်လည်း ဖြစ်ပါတယ်တဲ့။ မနာပ-မြတ်နိုးဖွယ်လည်းဖြစ်ပါတယ်တဲ့။

http://www.dhammadownload.com

အဲဒီနတ်ပြည်မှာ အမြဲတမ်း နတ်စည်းစိမ်ချမ်းသာတွေနဲ့ ပျော်မြူးပြီး စည်းစိမ်ချမ်းသာအမျိုးမျိုးတွေလည်းပဲ ရနိုင်ပါတယ်တဲ့။ အောက်ဆုံး နတ်ပြည်တောင်မှ လူ့သက်တမ်းနဲ့ဆိုရင် သက်တမ်း ကိုးသန်းတဲ့။ ဒီလောက်အထိ ရှည်ရှည်နေရတယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရားဒေသနာတွေထဲမှာ ပါပါ တယ်။ အဲဒီအကျိုးတွေ ရနိုင်တယ်လို့ ဆိုပါတယ်။

ကလေးကို မုန့်ပေးပြီး

အဲဒီလို သီလရဲ့အကျိုးအာနိသင် နတ်စည်းစိမ်ချမ်းသာတွေကို ဟောမယ်ဆိုရင် မြတ်စွာဘုရားများရဲ့ ခံတွင်းတော် မဆုံးသလောက် ဖြစ်ပါတယ်တဲ့။ မြတ်စွာဘုရားတောင် ဟောလို့မကုန်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ရှိတာကြောင့် ဘုန်းကြီးဟောလို့လည်းပဲ ဒီစခန်းကုန်သွားတဲ့အထိပြီးမှာ မဟုတ်ဘူး။ ဒီတော့ ရပ်တန်းက ရပ်လိုက်ရတယ်။ ဒို့ပြင်လည်း ဟောစရာတွေက အများကြီးရှိပါသေးတယ်။ ဒါကြောင့် ဒီနေ့ သီလကြောင့် ရရှိတဲ့ နတ်ဘဝ သို့မဟုတ် လူ့ဘဝဟာ ဘယ်လောက်အထိ ချမ်းသာသလဲဆိုတာ စိစစ်ကြည့်ကြရမယ်။

ဒါပေမဲ့ သတ္တဝါတွေဆိုတာ အကျိုးတွေ မသိရဘူးဆိုရင် ပြောဆို ဆုံးမတဲ့ဟာကို လိုက်နာဖို့ တယ်မလွယ်လှဘူး။ ဒီတော့ မြတ်စွာဘုရားက လူမမယ် ကလေးတွေကို ကစားစရာလေးတွေ၊ စားစရာလေးတွေ ပေးပြီး ဖြားယောင်းသွေးဆောင်သလိုပေါ့လေ။ သီလတွေ ပြည့်စုံအောင် လုပ်ကြ၊ သီလတွေ ပြည့်စုံကြလို့ရှိရင် ဒီလိုကာမဂုဏ်တွေ ပေါတဲ့ အမြဲတမ်း ပျော်မြူးပြီးတော့ စိတ်၏ချမ်းသာတွေနဲ့ ပြည့်စုံတဲ့နတ်ဘဝဆိုတာ ရတတ်တယ်ဆိုတာပေါ့လေ။ နတ်ဘဝနဲ့စပ်တဲ့တရားနဲ့ ဖြားယောင်းသွေးဆောင်ပြီးတော့ ပေးရပါတယ်။

အဲဒီလို သွေးဆောင်ပြီး တစ်ဖန် မဂ်လာပွဲတော် အခမ်းအနားအတွက် ဆန်းဆန်းပြားပြား အဆင်တန်ဆာဆင်မြန်းထားတဲ့ဆင်ကြီးကို လှလှပပ ဆင်ပြီးမှ နှာမောင်းကြီး ဖြတ်လိုက်သလို။ ထို့အတူ ဒီကာမဂုဏ်ပေါတဲ့ နတ်ပြည်လောကဆိုတာ အနိစ္စ-မမြဲပါဘူး။ အဓုဝ- မခိုင်ခံ့ပါဘူး။ အဲဒီလို မမြဲ၊ မခိုင်ခံ့တဲ့ နတ်ပြည်လောကမျိုးမှာ လိုလားတပ်မက်တဲ့ ဆန္ဒရာဂ မပြုထိုက်ပါဘူး။ ပယ်ထိုက်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်တွေကို ပြချင်လို့ ကာမဂုဏ်ရဲ့ အပြစ်တွေကိုလည်းပဲ မြတ်စွာဘုရားက ဆက်လက်ပြီးတော့ မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com

ကာမဂုဏ်

ကာမဂုဏ်ချမ်းသာတွေဟာ "အပွသာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဇတ္ထ ဘိယျော"။ ကာမဂုဏ်တွေဟာ သာယာဖွယ်လေးက နည်းနည်းလေးပါတဲ့။ ဗဟုဒုက္ခာဆိုတာ ဆင်းရဲတွေက များတယ်တဲ့။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေက ကြုံရတယ်တဲ့။ ပြီးတော့ ပင်ပန်းမှုတွေကလည်း များပါတယ်တဲ့။ ဒီထဲမှာ အပြစ်အနာအဆာတွေကလည်းပဲ အလွန်များပါတယ်တဲ့။ ဒီတော့ မြတ်စွာဘုရားက သီလကြောင့် ရရှိတဲ့အကျိုး စည်းစိမ်ချမ်းသာတွေပေါ်မှာ အာဒီနဝ-အပြစ်တွေ၊ ညစ်နွမ်းမှုတွေ၊ အဆင့်နိမ့်ကျမှုတွေကို ဖော်ပြလေ့ ရှိပါတယ်။

ပြိ တ္တာ နဲ့တူတယ်

သတ္တဝါတွေဟာ ခုနပြောခဲ့တဲ့ အပြစ်အနာအဆာတွေ၊ မသတီစရာတွေနဲ့ သံသရာခရီးတစ်လျှောက်မှာ ရုပ်ဓာတ်နာမ်ဓာတ်တွေ ဆက်စပ်ပြီးဖြစ်နေတဲ့သံသရာမှာ ညစ်နွမ်းနေတာပဲ။ နှိပ်စက်ခံရတာပဲ။ ပူပန် ဆင်းရဲနေတာပဲ။ ဒါတွေ မမြင်ကြလို့ပါ။ နတ်ပြည်လောကဟာ ကာမဂုဏ် အပျော်တွေ အမြဲတမ်းရှိနေတယ်ဆိုပေမယ်လို့ သူတို့ မဝနိုင်ကြဘူး။ တစ်မျိုးပြီး တစ်မျိုး ကာမဂုဏ်ပွက်ထဲ နစ်နေတာပဲ။ တချို့တချို့ နတ်တွေဆိုလို့ရှိရင် ကာမဂုဏ် အပျော်ကြူးပြီး စားသင့်တဲ့အချိန်မှာ မစားလို့ သေသွားတာတွေလည်း ရှိတယ်။ တစ်ဦးနဲ့တစ်ဦး မနာလို ဝန်တိုမှုတွေ ဖြစ်ပြီး ဒေါသတွေ ဖြစ်ပြီး သေသွားတာတွေလည်း ရှိတယ်။ နတ်ဘဝဆိုတာ အင်မတန်ကြောက်စရာကောင်းတယ်။ ဒီတော့ မြတ်စွာဘုရားက အဲဒီလို ခံစားလို့ မဝနိုင်တဲ့နတ်ဘဝဟာ ပြိတ္တာဘဝနဲ့တူတယ်လို့ ဒီလိုလည်းပဲ မိန့်ကြားပါတယ်။ ပြိတ္တာတွေဟာ ဘယ်လောက်ပဲ စားရစားရ မဝနိုင်ဘူး။ ဒီအမေရိကတိုင်းပြည်ကြီးဟာလည်း ရုပ်ဝတ္ထုတွေ အင်မတန်ကြွယ်ဝတယ်။ လောကနတ်ပြည်ကြီးလို့ ဆိုရမှာပါပဲ။ ဒါပေမယ်လို့ တိုင်းသူပြည်သားတွေကတော့ ရုပ်ဝတ္ထုတွေ ကြွယ်ဝသလောက် အပျော်တွေများသလောက် ဝသလား၊ မဝသလား ဆိုတာလည်း အမေရိကန်တွေ အသိဆုံးနေမှာပဲ။ သံဝေဂရသလား မရဘူးလား ဆိုတာလည်း အသိဆုံး

http://www.dhammadownload.com

ပါပဲ။ သံဝေဂတွေဖြစ်ပြီးတော့ တကယ့်ချမ်းသာကြီး ထွက်ရာ လမ်းရှာသလား၊ မရှာဘူးလား ဆိုတာလည်းပဲ အသိဆုံးပါပဲ။ ဘုန်းကြီးတို့ အခု တရားအလှေ့ အလာရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ကာမဂုဏ်အာရုံတွေဟာ ဘာမှမဟုတ်ဘူးဆိုတာ နားလည်ပြီးတော့ ကာမဂုဏ်က ထွက်ပြီးတော့ ချမ်းသာလမ်းရှာနေကြတာ။ သိပ်ဝမ်းသာစရာကောင်းတယ်။ ဒါ ဘုရားအလိုတော်ကျပဲ။

ခဏခဏ ဥပုသ်ကျိုးတယ်

နတ်ပြည်လောကမှာ တရားထူးမရသေးတဲ့နတ်တွေဆိုရင် သေတဲ့အခါမှာ များသောအားဖြင့် မကောင်းတဲ့ဘဝကိုသာ လားကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူပြည်လောကက ပြုလုပ်သွားခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်လောကမှာ သူတို့အပျော်ကြူးတော့ နောက်ထပ်ကုသိုလ်အသစ်တွေ ထပ်ပြီးတော့ မဖြစ်ဘူး။ နည်းတယ်။ ဥပမာ- ဘာနဲ့တူသလဲဆိုတော့ အရွယ်ကောင်းစဉ်က အလုပ်ကြိုးစားလို့ စီးပွားတွေ တော်တော်ဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းနဲ့ ခန့်ခန့်ငြားငြားနဲ့ ဇိမ်ခံပြီးတော့ နေတဲ့ ပုဂ္ဂိုလ်များလိုပဲ။ နောက်ထပ်ဝင်ငွေက မရှိတော့ အရင်က စုဆောင်းထားတဲ့ဟာတွေလည်းပဲ စားလို့ကုန်သွားတဲ့အခါ ငွေလည်း ကုန်ရော လူကလည်း အိုသွား၊ အလုပ်ကလည်း မလုပ်နိုင်တော့ဘူးဆိုတော့ ပြတ်ငတ်သွားသလိုပဲ။ ဒီသဘောမျိုးပဲ။ ကုသိုလ်တွေကုန်သွားတော့ နောက်ထပ်ကုသိုလ်တွေ အကျိုးဆက်ဖို့ရန် မမြင်တော့ အပါယ်လားကြတာတွေ များတယ်။

နတ်ပြည်လောကမှာ အထက်တန်းစားကုသိုလ် မဆိုထားနဲ့၊ အငယ်စားဒါနကုသိုလ်ကိုတောင်မှ အလျှုခံပုဂ္ဂိုလ်ကောင်း မရှိလို့ ပြုခွင့်မရလှပါဘူး။ ငါးပါးသီလတော့ ပြည့်စုံတာလေးတွေ ရှိပါတယ်။ ဒါပေမယ်လို့ ဥပုသ်သီတင်းသီလဆောက်တည်ဖို့ဆိုတာ သိပ်မလွယ်ဘူး။ သိကြားမင်း တစ်ခါတစ်ခါ ဥပုသ်ဆောက်တည်ဖို့ဆိုရင် နတ်သမီးတွေက ဝန်းကျင်မှာဝိုင်းပြီး အလှတွေပြကြလို့ ပွတ်သီးပွတ်သပ်တွေ လုပ်ကြတော့ ခဏခဏ ဥပုသ်ကျိုးတယ်တဲ့။ လူပြည်လောက ဆင်းပြီးတော့ ဥပုသ်စောင့်ရတယ်။ သမာဓိ ဘာဝနာ၊ ပညာဘာဝနာကတော့ ဆိတ်ငြိမ်ရာမဟုတ်တော့ တော်တော်ခက်ပါတယ်။

http://www.dhammadownload.com

အထက်တန်းစားကုသိုလ်တွေ ပြုဖို့ဆိုတာကတော့ သိပ်မလွယ်ဘူး။ အဲဒါတွေ အခြေခံ နားလည်ထားဖို့ သိပ်အရေးကြီးပါတယ်။

နတ်ပြည်က ကုသိုလ်

ဒေဝလောကမှာ ကုသိုလ်ရခွင့် ၂ ချက်ပဲ ရှိတယ်။ သုဓမ္မာဇရုပ်ကြီးမှာ တရားနာရတဲ့ ကုသိုလ်တစ်ခုနဲ့ စူဠမဏိစေတီမှာ စေတီပုံတော်ပေါ် ဂုဏ်တော်တွေ ထည့်သွင်းပြီးတော့ အာရုံပြုရတဲ့ကုသိုလ်၊ အဲဒီနှစ်ခုပဲ ရှိတယ်။ အဲဒီကုသိုလ်ကလည်း ဘာမှပြောပလောက်တဲ့ကုသိုလ် မဟုတ်ဘူး။ အင်မတန် အားနည်းတဲ့ ကုသိုလ်ပါပဲ။

အခု အမေရိကတိုင်းပြည်ကြီး လူဦးရေ အများကြီးပါပဲ။ ခုလို တရားနာရတဲ့ ပုဂ္ဂိုလ်၊ အထူးအားဖြင့် တရားထိုင်တဲ့ ပုဂ္ဂိုလ်တွက်ကြည့်ရင် အင်မတန်နည်းသလိုနေမှာပါပဲ။ နတ်ပြည်လောကမှာလည်း ဒီလို နည်းပါလိမ့်မယ်နဲ့တူတယ်။ ဒါကြောင့် အဂုံလိမာလမထေရ်ကြီးက တရားရပြီးတဲ့ နောက်ပိုင်းမှာ သူက သံဝေဂအနေနဲ့ မှတ်ချက်ချတယ်။ 'သံကိလိဿန္တိ ဝတ ဘော သတ္တာ' တဲ့။ သတ္တဝါတွေဟာ ကိလေသာတွေနဲ့ ပင်ပန်းဆင်းရဲပြီးတော့ အနှိပ်စက်ခံနေရတာချည်းပဲနော်တဲ့။ ဒီလို သံဝေဂယူပါတယ်။ အဲဒီလို မြတ်စွာဘုရားက ကာမဂုဏ်အာရုံတွေပေါ်မှာ အပြစ်အနာအဆာတွေ ဖော်ပြခြိမ်းခြောက်ပြီးတော့ အဲဒီကာမဂုဏ်တွေက လွတ်မြောက်ရာနယ်ဖြစ်တဲ့ ရဟန်းဘဝမျိုးရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးကျူးတော်မူပါတယ်။

ပဗ္ဗဇ္ဇာ

လူဘဝဆိုရင်လည်းပဲ သားမယား မိသားစုကိစ္စ၊ စီးပွားရေးကိစ္စ၊ အခြားလူမှုရေးကိစ္စ၊ ကာမဂုဏ်ကိစ္စဆိုတာပေါ့လေ။ အဲဒီကိစ္စတွေက ရှုပ်ယှက်ခတ်နေတော့ လူဘဝအဖြစ်နဲ့နေရတာဟာ အင်မတန် ကျဉ်းမြောင်း ကျပ်တည်းတယ်တဲ့။ ပဗ္ဗဇ္ဇာဘဝက လွတ်လပ်တယ်တဲ့။ ဒီလိုယှဉ်ပြီးတော့လည်း ပြပါတယ်။ ကာမဂုဏ်က ထွက်မြောက်မှုရဲ့ အကျိုးအာနိသင်တွေကို ပြတယ်။ ပဗ္ဗဇ္ဇာရဲ့ အကျိုးအာနိသင်တွေ ပြတယ်။ ဗုဒ္ဓသာသနာမှာ အခုခေတ်တော့

http://www.dhammadownload.com

ရသေ့ဘဝ၊ သီလရှင်ဘဝ၊ ယောဂီဘဝလည်းပဲ ပဋ္ဌာထဲမှာ ထည့်နိုင်တယ်။ အမျိုးသားများလည်းပဲ ရသေ့ဘဝ၊ သူတော်ဘဝ၊ သာမဏေဘဝ၊ ရဟန်းဘဝ ပေါ့လေ။ အဲဒါတွေ ပဋ္ဌာလို့ ခေါ်ပါတယ်။

ပဋ္ဌာဆိုတာဟာ "ပဋ္ဌာ သဋ္ဌကိစ္စစာဂေန ဝိဓာနေန အဿမန္တရ ဂမနေ"လို့ ကျမ်းဂန်များမှာ ပြထားတယ်။ ပဋ္ဌာဆိုတာ လူမှုကိစ္စအဝဝတွေကို စွန့်ထားခြင်း အစီအစဉ်အရ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာအပူတွေကို အပြင်းအထန်ငြိမ်းသတ်ရာ ဌာနမှာ ကပ်ရောက် နေထိုင်ခြင်းလို့ ဒီလို အနက်ဖော်ထားပါတယ်။ အမျိုးသမီးတွေဆိုလို့ရှိရင် ခုနပြောတဲ့အတိုင်း ယောဂီအဖြစ်၊ သီလရှင်အဖြစ်၊ အမျိုးသားတွေ ဆိုရင်လည်း ယောဂီအဖြစ်၊ ရသေ့အဖြစ်၊ သာမဏေအဖြစ်၊ ရဟန်းအဖြစ်ပေါ့လေ။ ခံယူခြင်း၊ ခံယူပြီးတော့ ကိလေသာအပူတွေ အပြင်းအထန်ငြိမ်းသတ်ရာဌာန ကမ္မဋ္ဌာန်းကျောင်းမှာ ကပ်ရောက်နေထိုင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

အသွင်ဆောင်နဲ့ အကျင့်ဆောင်

အဲဒီ ပဋ္ဌာကလည်း ၂-ပိုင်းရှိပါတယ်။ အသွင်သက်သက် ဆောင်တဲ့ ပဋ္ဌာနဲ့ အကျင့်ဆောင်တဲ့ ပဋ္ဌာဆိုပြီး ၂-ပိုင်းရှိပါတယ်။ ယောဂီ အသွင်၊ သီလရှင်အသွင်၊ ရဟန်းအသွင်လောက်ဆောင်ပြီးတော့ အကျင့်မပါလို့ရှိရင် ဒါကို အသွင်ဆောင်သက်သက် ပဋ္ဌာ ခေါ်ပါတယ်။ မြင့်မြတ်တဲ့ အသွင်ဆောင်ထားလို့ရှိရင် ယုတ်ညံ့တဲ့အကျင့် ရှောင်ပြီးတော့ မြင့်မြတ်တဲ့အကျင့်ကျင့်တာ။ ဒါကို အကျင့်ဆောင် ပဋ္ဌာ ခေါ်ပါတယ်။ အဲဒီအသွင်ဆောင် ပဋ္ဌာကတော့ သီလတောင်မှ မရှိဘူးဆိုရင်၊ သီလတောင်မှ မကျင့်နိုင်ဘူးဆိုရင် အသက်မပါတဲ့ ပဋ္ဌာ ခေါ်ပါတယ်။ သာသနာတော်မှာ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ဝိနယ ခေါ်တဲ့ သီလဟာ သာသနာတော်ရဲ့ အသက်ပဲ။ သာသနာ့ဘောင်ဝင်လာတယ်ဆိုကတည်းက သာသနာ့ဝန်ထမ်းပီပီပေါ့လေ။ ယောဂီကလည်း ယောဂီ၊ သီလရှင်ကလည်း သီလရှင်ပေါ့လေ။ စောင့်စည်းရမဲ့စောင့်ထိန်းရတဲ့သီလတွေပါလာရတယ်။ စောင့်လည်း စောင့်စည်းရတယ်။ အဲဒီလို ပါမလာဘူးဆိုရင်တော့ အသေမွေးတဲ့ရှင်အဖြစ် ပဋ္ဌာလို့ ခေါ်ပါ

http://www.dhammadownload.com

တယ်။ အရှင်မွေးတာ မဟုတ်ဘူးပေါ့လေ။ အသေမွေးပါပဲ။ အဲဒီ အသေမွေးကတော့ လူမှုကိစ္စတွေ ကာမဂုဏ်ချမ်းသာတွေ စွန့်ရက်ကျိုးမနပ်ဘူး။ အဲဒါတွေလည်း ဆုံးသွားတာပဲ။ ပြီးတော့ သမဏသုခခေါ်တဲ့ ရဟန်းချမ်းသာ၊ ပဗ္ဗဇ္ဇာချမ်းသာလည်း မရဘူး။ ချမ်းသာ ၂-မျိုး လက်လွတ်သွားတယ်။

ရှင်သန်ဖို့ရာ

အသေလေး မွေးလာလို့ရှိရင် အဲဒီအသေမွေးကလေးကို ရှင်အောင်လုပ်လို့ မရနိုင်သလို ထို့အတူပဲ ယောဂီဖြစ်စ၊ ရဟန်းဖြစ်စ၊ သီလရှင် ဖြစ်စ ကတည်းကိုက သာသနာရဲ့အသက် သီလမပါဘူးဆိုလို့ရှိရင် သမာဓိ၊ ပညာတရားတွေနဲ့ မိမိဘဝတိုးတက်အောင်၊ မြင့်မြတ်အောင်၊ ရှင်သန်အောင် မလုပ်နိုင်တော့ဘူး။ ဘာမှလည်း အကျိုးမရနိုင်တော့ဘူး။ ဒီတော့ မြင့်မြတ်တဲ့ အသွင်ဆောင်ထားတော့ အခြေခံဖြစ်တဲ့ သာသနာတော်ရဲ့အသက် အရှင်မွေးအနေနဲ့ ပါလာပြီဆိုရင် စိတ်ဓာတ်တွေလည်း တိုးမြှင့်ပေးတဲ့အနေနဲ့ သမာဓိ သိက္ခာတွေလည်းပဲ ကျင့်ပြီး ရုပ်နာမ်ပိုင်းခြားသိမှုကအစ ပညာသိက္ခာတွေလည်း ကျင့်လို့ အဆင့်ဆင့်ပြည့်စုံသွားပြီ။ သီလ၊ သမာဓိ၊ ပညာ တွေနဲ့ ရှင်ရဟန်းဘဝဟာ၊ ယောဂီဘဝဟာ အမြဲတမ်းရှင်သန်နေတယ်။ ဖွံ့ဖွံ့ဖြိုးဖြိုး တိုးတိုးတက်တက်နဲ့ ကျက်သရေမင်္ဂလာတွေ ရှိနေတယ်။

လူမှုကိစ္စတွေကို စွန့်ထားခဲ့ပြီး လောဘ၊ ဒေါသ အစရှိတဲ့ ဘဝ အဆင့်အတန်းနိမ့်စေတတ်တဲ့ ကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်ရာ ဖြစ်တဲ့ဌာနမှာ ယောဂီ၊ သီလရှင်၊ ရဟန်းအဖြစ် ပဗ္ဗဇ္ဇာအဖြစ် ခံယူပြီး မြတ်စွာဘုရားအလိုကျအတိုင်း အရှင်မွေးပြီး အမြဲတမ်းရှင်သန်ဖို့ရာ သီလ၊ သမာဓိ၊ ပညာအကျင့်တရားတွေ ကျင့်တယ်။ ကျင့်တော့ အကြမ်း၊ အလတ်၊ အနုကိလေသာ တွေကို ပယ်ထုတ်တဲ့အနေ ရောက်နေတာ။ ဒီတော့ ပဗ္ဗဇ္ဇာဟာ အဓိပ္ပာယ်တစ်မျိုး တိုးလာတယ်။ ပဗ္ဗဇ္ဇာ-သီလ၊ သမာဓိ၊ ပညာအကျင့် တရားဖြင့် ကိလေသာတွေကို ပယ်ထုတ်ခြင်း ဆိုတာပေါ့လေ။ ပယ်ထုတ်တော့ အပူတွေငြိမ်းတော့ အေးတာပေါ့။ နှိပ်စက်တတ်တဲ့ ကိလေသာတွေ ကိုယ့်မှာ ကင်းနေတော့ နေရထိုင်ရတာ ချမ်းသာတာပေါ့။ အဲဒါ သမဏသုခ ဆိုတာ ရလာ

http://www.dhammadownload.com

တာပဲ။ အဲဒီရလာတဲ့ သမဏသုခဟာ ကာမဂုဏ်ချမ်းသာထက် အဆပေါင်း များစွာသာတယ်ဆိုတာ ကိုယ်တိုင်ကိုယ်ကျသိလာတယ်။ ကာမဂုဏ်ချမ်းသာ ကို စွန့်လွှတ်ရကျိုးနပ်ပြီ။ ဒီချမ်းသာမှ တကယ့်ချမ်းသာပဲ။ အဲဒီချမ်းသာမှ လက်မလွှတ်တော့ဘဲနဲ့ ဆက်လက်ပြီးတော့ကျင့်သုံးသွားရင် အပါယ်လေးပါး အပါအဝင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်လောက် တဲ့အထိ အကျိုးကျေးဇူးတွေ ရရှိသွားနိုင်တယ်။ အဲဒီ အကျိုးကျေးဇူးတွေကို မြတ်စွာဘုရားက ဖော်ပြတယ်။ ကျင့်သုံးလို့ ရဟန်းဘဝ ခံယူရတဲ့ အကျိုးလေးတွေ ရရှိပြီဆိုရင်တော့ အဲဒီပဋ္ဌာဟာ ကောင်းကျိုးချမ်းသာဖြစ်စေတဲ့ မင်္ဂလာ ဖြစ်တော့တာပဲ။ ပဋ္ဌာနဲ့ မင်္ဂလာ ပေါင်းစပ်လိုက်တဲ့အခါကျတော့ ပဋ္ဌာန မင်္ဂလာတဲ့။ သိပ်ကောင်းတယ်။

ရခဲ၊ ရှားပါး

အဲဒီလို ကျက်သရေမင်္ဂလာနဲ့ပြည့်စုံတဲ့ ရှင်ရဟန်းဘဝမျိုးကို 'ပဋိဇီတဘာဝေါ ဒုလ္လဘော"လို့ မိန့်ကြားထားပါတယ်။ ပဋိဇီတဘာဝေါ- လူမှုကိစ္စကို စွန့်ထားပြီးတော့ ကိလေသာအပူတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာန ကမ္မဋ္ဌာန်းကျောင်း ကပ်ရောက်ပြီးတော့ သီလ၊ သမာဓိ၊ ပညာအကျင့်တရားဖြင့် ကိလေသာကို ပယ်ထုတ်သော ရဟန်းဘဝမျိုး၊ ရဟန်းအဖြစ်မျိုးကို ဒုလ္လဘော- ခဲယဉ်းစွာ ရအပ်၏။ ဒုလ္လဘဖြစ်တယ်တဲ့။ ရခဲတဲ့ပစ္စည်းဆိုရင် လောကမှာ ရှားပါးပြီ။ ရှားပါးတဲ့ပစ္စည်းဟာ တန်ဖိုးတွေ တက်လာပြီ။ အဲဒီလိုရခဲရှားပါးပြီးတော့ တန်ဖိုးတက်တဲ့ဘဝမျိုးကို ရဟန်းဆိုလို့ရှိရင် သမဏပဋ္ဌာ ခေါ်တာပေါ့။ သီလရှင်ဆိုရင် သီလရှင်ပဋ္ဌာ-ပရိဗ္ဗာဇိကာ ပဋ္ဌာပေါ့။ ယောဂီဆိုရင် ယောဂီပဋ္ဌာပေါ့။ သူ့အတိုင်းအတာနဲ့ သူပေါ့လေ။ ပဋ္ဌာ မင်္ဂလာတွေ ဖြစ်ကြတာပဲ။ ဒီတော့ အဲဒီလို မင်္ဂလာအဖြစ် ကိုယ်တိုင်ခံယူတဲ့ပုဂ္ဂိုလ်တွေလည်း အကျိုးရှိ၊ အားပေးတဲ့ပုဂ္ဂိုလ်တွေလည်းပဲ အကျိုးရှိပေါ့လေ။ အဲဒီလို အကျိုးရှိသွားလို့ရှိရင် သီလ၊ သမာဓိ၊ ပညာတရားနဲ့ ရှင်သန်ကြီးထွားပြီးတော့ ချမ်းသာမှုတွေ အများကြီးရသွားမှာပါပဲ။ အဲဒီလို ချမ်းသာမှုတွေ ရနိုင်လောက်တဲ့အထိ ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေ။ အနည်းဆုံး အပါယ် ၄

http://www.dhammadownload.com

ပါးက လွတ်မြောက်နိုင်လောက်အောင် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။ ကာမဂုဏ်က ထွက်ကာ ပဗ္ဗဇ္ဇာအဖြစ် ခံယူရကျိုးနပ်ပြီးတော့ ကာမဂုဏ်ချမ်းသာကို စွန့်ရကျိုးနပ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းလိုက်ပါတယ်။

×××

လွှမ်းမိုးပယ်ရမည်

သောကြာနေ့က ဣန္ဒြေထက်ကြောင်း ၉-ပါးထဲက ၇-ခုမြောက် "ကာယေ စ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေတိ" ဆိုတာ ကိုယ်နဲ့ အသက်မငဲ့ကွက် ရက်စက်နိုင်ရမည်လို့ ဆိုလိုပါတယ်။ အဲဒီ အကြောင်းလေးတွေ ပြောပြီးပါပြီ။ ဒီနေ့ ကျန်တဲ့ဣန္ဒြေထက်ကြောင်းနှစ်ပါး ဆက်ပြီး ပြောရမှာပါပဲ။ ရှစ်ခုမြောက် အကြောင်းကတော့ "တတ္ထစ အဘိဘုယျ နေက္ခမ္မေနတဲ့၊ တတ္ထ=ထိုသို့ ကိုယ်နဲ့ အသက်မငဲ့မကင်းဘဲနဲ့ စွန့်စားအားထုတ်ရာ၌၊ ဥပ္ပန္နုပ္ပန္နံ ဒုက္ခံ = မလွဲမကင်းသာတဲ့ အနေအားဖြင့် ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲမှု၊ မခံသာမှု အမျိုးမျိုးကို၊ နေက္ခမ္မေန=အဓက်အခဲတွေ့လို့ တွန့်ဆုတ်သွားသော။ ကောသဇ္ဇ တရားမှ လွတ်မြောက်သော နိက္ကမတု ဝီရိယတ်ဖြင့်။ အဘိဘူယျ= လွှမ်းမိုး၍။ သမ္မာဒေတိ= ပြီးပြည့်စုံစေရမယ်တဲ့။ "ရှုစဉ် ပေါ်ရိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုး ပယ်ရမယ်တဲ့" တရားရှုတုန်းအခါမှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို နိက္ကမ = အာရမ္ဘတုနဲ့ ဝီရိယတ်နဲ့ ပယ်ရမယ်လို့ ဒီလို ဆိုပါတယ်။

ကိုယ်ငြိမ်မှ စိတ်ငြိမ်တယ်

တရားအားထုတ်တဲ့အခါမှာ ရိုးရိုးသက်သောင့်သက်သာ နေရတာလောက်တော့ မချမ်းသာဘူးဆိုတာ နားလည်ပါတယ်။ အခု တစ်နာရီလောက် ထိုင်တဲ့အခါ ထိုင်ပြီး မကြာခင် စိတ်ရော၊ ကိုယ်ရော နှစ်မျိုးလုံး ချုပ်တည်းပြီး နေရတော့ ပထမဆုံး စိတ်ကျဉ်းကျပ်လာတယ်။ ဖောင်းမှု၊ ပိန်မှုကအစ ပေါ်တိုင်း အာရုံကို မလွတ်တမ်း မှတ်နိုင်ရေးအတွက် ကြောင့်ကြစိုက်ရတော့ အဲဒီကြောင့်ကြစိုက်မှုကြောင့် တစ်ကိုယ်လုံးဟာလဲ ပူပြီးတော့ မခံသာမှုတွေလည်းပဲ စပြီးတော့ ဖြစ်တယ်။စိတ်ဆင်းရဲတော့ ကိုယ်လည်း ဆင်းရဲပြီ၊ ကိုယ်ဆင်းရဲ

http://www.dhammadownload.com

ပြီဆိုရင်လဲ ဒီဆင်းရဲဒဏ်ကို သည်းမခံရင် စိတ်ဆင်းရဲက တစ်ခါ ထပ်ဖြစ်ပြန်ပြီ။ ကိုယ်ဆင်းရဲရော၊ စိတ်ဆင်းရဲရော တစ်ခါတည်း ဒီမှာ တွေ့ကြုံနေရတာပဲ။ ဒီမှာကတော့ ကိုယ်ဆင်းရဲကို ရည်ရွယ်ပြီးတော့ ပြောပါတယ်။ သည်းမခံနိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ နည်းနည်းလေး မခံသာမှု ဖြစ်တာနဲ့ ရွှေ့လိုက်၊ ပြင်လိုက်၊ ပြောင်းလိုက်ဆိုရင် ကျရိယာပုထိုက မခိုင်တော့ဘူး။ ငြိမ်ငြိမ်ထိုင်မှ စိတ်က ငြိမ်မှာ။ ပထမဆုံး ကိုယ်ငြိမ်မှ စိတ်က ငြိမ်တာ။ ကိုယ်မငြိမ်ရင် စိတ် မငြိမ်ဘူး။ ဒီတော့ ကိုယ်ငြိမ်ငြိမ်ထိုင်ဖို့အတွက် ကိုယ်ထဲက မခံသာမှုတွေ ဖြစ်ပေါ်လာရင် သည်းခံပြီးမှတ်ရတယ်ဆိုတာ သိစေချင်လို့ ရှစ်ခုမြောက် ဣန္ဒြေထက်ကြောင်းကို ကျမ်းဂန်များမှာ ပြရပါတယ်။

လောဘ၊ ဒေါသ၊ မောဟ

အဲဒီလို အခါမျိုးမှာ သည်းခံစိတ်မရှိတဲ့ ပုဂ္ဂိုလ်များက အဲဒီ ဖြစ်ပေါ်လာတဲ့ မခံသာမှုအပေါ်မှာ ပဋိယ-ခေါ်တဲ့ ဒေါသ ဖြစ်သလို ငါ အရင်က ကောင်းနေသားပဲ၊ အခုတော့ ဆိုးလာပြီ ဆိုပြီးတော့ ဒေါသ ဖြစ်သလို၊ အဆိုးတွေတွေ့တော့ အကောင်းမျှော်တဲ့ လောဘလည်း ဖြစ်တယ်။ ပြင်လိုက်ရင်တော့ သက်သာမှာပဲဆိုပြီး ဒီသက်သာမှုကို လိုလားပြီးတော့ ခဏခဏ ရွှေ့ပြင်ပြောင်း နေတာကိုး။ ဒေါသလဲ ဖြစ်သေးတယ်။ လောဘလဲ ဖြစ်သေးတယ်။ အဲဒီ အခိုက်အတန့်မှာ မခံသာမှုကအစ ပေါ်ရာလေးတွေ မမှတ်ဘူး ဆိုရင် မောဟလဲ ဖြစ်သေးတာပဲ။ အများကြီးပဲ ဖြစ်သွားတာပဲ။ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ဝင်သွားတော့တာပဲ။ အဲဒါ အရင်းစစ်လိုက်လို့ရှိရင် သည်းမခံနိုင်လို့ ဒီလို ဖြစ်တယ်ဆိုတာ ဒီမှာ သွားပြီးတော့ ကောက်ချက် ကျပါတယ်။

ရှေးကလည်း ဖြစ်ခဲ့လုပါပြီ

အဲဒီလို သည်းခံစိတ်မထားဘဲနဲ့ ခဏခဏ ရွှေ့ပြင် ပြောင်းနေတော့ တကယ် ရှုသိရမယ့် ဒုက္ခဝေဒနာကို ပြုပြင်မှု ကျရိယာပုထိုက ဖုံးလွှမ်းသွားတော့ ဒုက္ခဝေဒနာရယ်လို့ မသိတော့ဘူး။ ဒီပေါ်မှာ ဉာဏ်မဖြစ်တော့ဘူး။ အဲဒီလို ဉာဏ်မဖြစ်တာကိုပဲ ကျမ်းဂန်များမှာ ဒုက္ခကို ကျရိယာပထက ဖုံးတယ်

http://www.dhammadownload.com

လို့ ဆိုရိုးပြုပါတယ်။ သူက ဖုံးထားတော့ ဉာဏ်က မလာတော့ဘူးပေါ့။ ဒါ သိပ်သဘာဝကျတယ်။ ဒီလို ဒုက္ခဝေဒနာလေးတွေ ကိုယ်ထဲက ဖြစ်လာတာ ကို ရှုသိနေရတာ ကောင်းတာပဲ။ ပြီးတော့ ဒီလို ရိုးရိုးဖြစ်နေကျ ဒုက္ခ ဝေဒနာ လေးတွေဟာလဲ အခုမှ ဖြစ်တာ မဟုတ်ပါဘူး။ ကိုယ့်ဘဝ တစ်လျှောက်မှာ ဒါတွေ ဖြစ်ခဲ့ပါပြီ။ ဒါပေမယ်လို့ မိမိတို့ရဲ့စိတ်က အခြားအခြား အာရုံတွေ ပေါ်မှာ ရောက်နေတော့ ကိုယ်ထဲက မခံသာမှုကို အာရုံမပြု၊ သတိမပြုမိ တော့ မသိဘူး။ အခု ကိုယ်ထဲ စိတ်ရောက်လာတဲ့ အခါကျတော့ ကိုယ်ထဲက အမှန်ရှိနေတဲ့ဟာလေးတွေကိုသိလာတာပဲ။ ဒီလို အသိလေးတွေဖြစ်တာဟာ အင်မတန် ကောင်းတာပဲ။

သာပြီး သည်းခံရမှာ

ကိုယ်စိတ်ဝင်စားတဲ့ အလုပ်ကို စူးစိုက်ပြီးတော့ လုပ်နေတဲ့အခါမျိုးမှာ လဲပဲ ရိုးရိုးမခံသာမှုဝေဒနာလေးတွေက ဖြစ်နေတာပဲ။ ဒါပေမယ်လို့ ဟိုမှာ စိတ်ကအပြည့်စိုက်ထားတော့ အဲဒီဝေဒနာပေါ် စိတ်က မရောက်တော့ မသိ ဘူး။ ဆိုကြပါစို့။ ချက်(စ်)ထိုး ဝါသနာပါတဲ့ ပုဂ္ဂိုလ်ဟာ ဟိုမှာ သူများ အကျပ် ကိုင်ဖို့ သူများရဲ့အကျပ်ကိုင်မှာကိုလည်း ဘယ်လိုရှောင်ရ၊ တိမ်းရမယ်ဆိုတဲ့ အကွက် ကြည့်နေတော့ စိတ်က ဟိုမှာအပြည့်ရောက်နေတယ်။ စိတ်က ဟိုမှာ အပြည့် ရောက်နေတော့ အကြောကြီးထိုင်နေတာ ညောင်းမှန်းလည်း မသိဘူး။ ပူမှန်း၊ နာမှန်း၊ ယားမှန်းလည်း မသိဘူး။ ယားလည်းပဲ ကုတ်ဖို့ အချိန်မရဘူး။ အဲဒီလိုကိစ္စတွေတောင်မှ စိတ်ဝင်စားပြီးနေတဲ့အခါ ဝေဒနာတွေ ပေါ်ပေမယ် လို့ သည်းခံနိုင်စိတ်ရှိရင် စိတ်မြင့်မြတ်အောင် အသိဉာဏ်တွေလည်း ပွား အောင် ကြိုးစားတဲ့အခါမျိုးမှာ သာပြီးတော့တောင် သည်းခံစိတ် ရှိရမှာ။

မျက်မှန် ဒီဂရီ ပါဝါကြောင့်

ဒီလို ကိုယ်ထဲကမခံသာမှုလေးတွေကို သိလာတာဟာ ကိုယ်ထဲမှာ စိတ် အစုအစည်းများလို့ သိလာတာပဲ။ နည်းနည်းအစုအစည်းများရင် နည်းနည်း သိလာတယ်။ များများအစုအစည်းများရင် များများ သိလာတာပဲ။ တော်တော် ကြီးကို စိတ်စုစည်းမိရင် တော်တော်ကြီးကို သိလာတာပဲ။ ဝေဒနာလေး

http://www.dhammadownload.com

မပြင်းထန်တာလေးကိုပဲ ပြင်းပြင်းထန်ထန် ထင်ရလောက်အောင် ပီပီသသ တွေ့လာတယ်။ ဥပမာအားဖြင့် ဘာနဲ့ တူသလဲဆိုရင် မျက်စိမှုန်တဲ့ ပုဂ္ဂိုလ်ဟာ မျက်မှန်မပါဘဲ ကြည့်ရင် မြင်ရတဲ့ အရာလေးတွေက မှုန်မှုန်မှားမှား၊ မသဲကွဲဘူး။ မျက်မှန်တပ်ပြီးကြည့်တော့ ပီသလာတယ်။ ဒီလိုပီသလာတာဟာ နဂိုမြင်ကွင်းက ထူးထူးခြားခြားကြီး ကြည်လာတာ မဟုတ်ပါဘူး။ မျက်မှန်ပါဝါကြောင့် ပီပီသသ တွေ့လာတဲ့ သဘောပါ။ တစ်ခါ မိုက်ကရိုစကုပ်တို့ မဂ္ဂနစ်ဖိုင်းတို့နဲ့ ကြည့်လိုက်လို့ရှိရင် ချဲ့ပြီးတော့ သိလာတာ။ သိပ်ထူးခြားတာ၊ စိတ်အားလေးတွေ ရှိလာပြီဆိုရင် နည်းနည်း မခံသာမူလေးဟာ ကြီးကြီးကျယ်ကျယ် ထင်ပြီးတော့ ဒီလိုပဲ သည်းမခံနိုင်လို့ ပြောင်းလိုက်တဲ့အခါ ဝေဒနာလေးတွေ ပျောက်သွားတယ်။ မရှိတော့ဘူး။ ဒီတော့ ဒါဟာ တရားကြောင့်ဖြစ်တဲ့ ဝေဒနာဆိုတာ သိပ်ရှင်းတယ်။ မျက်မှန်ချွတ်လိုက်တဲ့အခါ၊ မဂ္ဂနစ်ဖိုင်း၊ မိုက်ကရိုစကုပ်နဲ့ မကြည့်တဲ့အခါတွေမှာ ဘာမှ မပီသတော့ဘူး။ ဒီတော့ တရားတန်ခိုးကြောင့် နဂိုက မပီသတဲ့ ဟာတွေ၊ ပီသလာတာဟာ ကောင်းတယ်။ ဝေဒနာတွေ မှတ်ရတာ ကောင်းတယ်လို့ ကိုယ့်ကိုယ်ကို အားပေးပြီးတော့ ဇွဲရှိရတယ်။

ဇွဲမွေးနည်း

ဇွဲမရှိတဲ့ သတ္တိမရှိတဲ့ ပုဂ္ဂိုလ်များကတော့ တစ်ခါလောက် ဒုက္ခဝေဒနာတွေ့ပြီးပြီဆိုရင် ပြန်ထိုင်ဖို့ဝေးလို့ ထိုင်ရမဲ့နေရာတောင်မှ ပြန်မကြည့်နိုင်လောက်အောင် ဖြစ်သွားတတ်တယ်။ ဒီလောက်ထိ စိတ်ကုန်သွားတယ်။ အဲဒီလိုတော့ မဖြစ်စေရဘူး။ သည်းခံစိတ် ရှိပြီးတော့ ဇွဲ၊ ဝီရိယ၊ သတ္တိ မွေးရမယ်။ အဲဒီလို သတ္တိမွေးတယ်ဆိုတာ ဒီ ဝေဒနာကို စိုက်စိုက်ပြီး ရှုဖို့ပါပဲ။ စိုက်ရှုတိုင်း၊ ရှုတိုင်း အလွန်နာလာလို့ ရှိရင် နည်းနည်းလေး လျော့ရှုလိုက်၊ တစ်ခါတစ်ခါ စိုက်ရှုလိုက်၊ တစ်ခါတစ်ခါ လျှော့ရှုလိုက်၊ အဲဒီလို သုံးလေးခါလုပ်လို့မှ မသက်သာဘူး ဆိုရင် သူ့ကိုလွှတ်ထားပြီးတော့ ကိုယ့်မှတ်မြဲ ဖောင်းမှု၊ ပိန်မှု အစရှိတဲ့ အာရုံကို ခါတိုင်းစူးစိုက်နေကျထက် ပိုပြီးတော့ စူးစိုက်ရတယ်။ စိုက်မှတ်လိုက်၊ လွှဲမှတ်လိုက်၊ လျှော့မှတ်လိုက်၊ လွှဲမှတ်လိုက်နဲ့ ဒီလို လုပ်ရတယ်။ ဒီလို လုပ်ပါ

http://www.dhammadownload.com

များလို့ရှိရင် သည်းခံစိတ်တွေလဲ အားကောင်းလာမယ်။ ဇွဲလဲ ပိုပြီးတော့ အားရှိလာမယ်။ အဲဒီလို ဇွဲမွေးပေးရပါတယ်။

အစာအိမ်ရောဂါနဲ့ ရှုမှတ်မှု

ဝေဒနာကြုံရတဲ့ ဉာဏ်ပိုင်း ရောက်လာလို့ရှိရင် တရားကြောင့်ပေါ်တဲ့ ဝေဒနာတင်မဟုတ်ဘူး။ နဂို ငုတ်နေတဲ့ ငယ်ငယ်က ဝေဒနာတွေတောင်မှ ပြန်ပြီးတော့ ပေါ်လာတတ်တယ်။ ဆရာဝန်တွေကလို့ မပျောက်နိုင်တဲ့ ရောဂါတွေလည်းပဲ ဒီအခါမှာ ပြင်းပြင်းပြပြကြီး ပြန်ပေါ်လာတတ်တယ်။ အဲဒီလို ပေါ်တာဟာ ကိုယ့်အတွက်တော့ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ဇွဲရှိရှိနဲ့ အားထုတ်ရင် အဲဒီ ဝေဒနာတွေကို ကျော်လွန်ပြီးတော့ ဆေး မစားရဘဲနဲ့တောင်မှ ရောဂါတွေ ပျောက်သွားတာရှိတယ်။ အဲဒီ တရားအားထုတ်လို့ ရောဂါပျောက်သွားတဲ့ အကြောင်းအရာတွေထဲမှာ တစ်ခု၊ နှစ်ခုလောက် ဘုန်းကြီးက ထုတ်ပြပါရစေ။ အဲဒီထဲက အစာအိမ်ရောဂါရှိတဲ့ ဒကာကြီးတစ်ယောက်၊ နှစ်ပေါင်း ၂၀-ကျော်လောက်ထဲကိုက သူ့မှာ အစာအိမ်ရောဂါ ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့၁၅-နှစ်လောက်က ဆရာဝန်သွားပြီးတော့ ပြတော့ ဆရာဝန်က ခွဲရမယ်လို့ အကြံပေးပါတယ်။ ဒါပေမယ်လို့ သူက ခွဲတုန်းအခါမှာ သေသွားလို့ရှိရင် ဘယ့်နယ်လုပ်မလဲဆိုပြီး ကြောက်တာနဲ့ မခွဲခင် ရိပ်သာလာပြီးတော့ အားထုတ်ပါတယ်။ အားထုတ်တဲ့အခါကျတော့ စောစောပိုင်းက ရိုးရိုးဝေဒနာပေါ်ပြီးနောက် ဆိုင်ရာဉာဏ်၊ ဝေဒနာပေါ်တဲ့ ဉာဏ်ရောက်တဲ့အခါကျတော့ သူ့ရောဂါ တစ်ခါတည်း အကြီးအကျယ်ထလာတာပဲ။ မနေနိုင် မထိုင်နိုင်အောင် ဖြစ်လာတော့တာပဲ။ အဲဒီလို မနေနိုင် မထိုင်နိုင် ဖြစ်လာတဲ့အခါမှာ ဘုန်းကြီးကို လာပြီးတော့ လျှောက်လို့ ဘုန်းကြီး က အကြံပေးတဲ့အတိုင်း ဆက်လက်ပြီးတော့ အားထုတ်တဲ့အခါမှာ ရောဂါတွေ ပျောက်သွားပါတယ်။ အဲဒီပျောက်ပုံလေးတော့ နောက်ဆက်ပြောပါမယ်။

နာလဲ နာတယ်၊ ကောင်းလဲ ကောင်းတယ်

အဲဒီလို ဘုန်းကြီး လာပြီးလျှောက်တဲ့အခါ ဘုန်းကြီးက သူနဲ့ မဆန့်ကျင်ပါဘူး။ ပြန်ရင် ပြန်နိုင်ပါတယ်လို့ ခွင့်ပြုပါတယ်။ ဒါပေမယ်လို့ တစ်မျိုး လုပ်

http://www.dhammadownload.com

ကြည့်သေးတာပေါ့။ စတုမဓု သွားရှာပြီး စမ်းကြည့်သေးတာပေါ့လို့ ပြောတယ်။ သူ ချက်ချင်း စတုမဓုသွားရှာပြီး နှစ်နာရီခြား စတုမဓုကို လက်ဖက်ရည်ဖွန်းလေးနဲ့ နှစ်ဖွန်းလောက် စားစား စားစားပြီး အားထုတ်တော့ သူကလည်း ပဲ စွန့်စားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီရောဂါနဲ့ သေချင်လည်း သေမှာပဲ။ မသေခင်လေးတော့ မတော်လို့ အပါယ်ကျသွားလို့ရှိရင်ဆိုးရချည်ရဲ့။ ဒီရောဂါ ဝေဒနာကတော့ ဘာမှ မဖြစ်လောက်ဘူးဆိုပြီးတော့ စတုမဓု စားရင်းက သူ့ဖွဲနဲ့ အားထုတ်တာ တစ်ခါတစ်ခါ ဝေဒနာက နိုင်လိုက်၊ တစ်ခါတစ်ခါ သူက နိုင်လိုက်နဲ့၊ နောက်တော့ တဖြည်းဖြည်း စိတ်က ထက်သန်လာတယ်။ ဝီရိယ ကောင်းလာတယ်။ ဖွဲက အားရှိလာတယ်။ မှတ်ပါများတဲ့အခါကျတော့ ဗိုက်က နာတယ်ဆိုတဲ့ အနေမျိုး မဟုတ်တော့ဘူး။ နာတာနဲ့ သိတာ၊ ဒါပဲ ရှိတော့တယ်။ စိုက်စိုက်ပြီးတော့ မှတ်နေတော့ ချက်တိုင်း ချက်တိုင်း သိနေတာကိုး။ သိနေတော့ သမာဓိကလည်း ကောင်းလာပြီ။ ဉာဏ်အားကလည်း ကောင်းလာပြီ။ မှတ်လေလေ ပိုပြီးတော့ ခုနခွဲရမယ့်နေရာက သိပ်သည်းပြီးတော့ မာကျစ်ပြီးတော့ ဖြစ်လာလေလေ မှတ်နေရတာ။ နာလည်း နာတယ်၊ ကောင်းလည်း ကောင်းတယ်။ တစ်ကိုယ်လုံးလည်း တစ်ခါတည်း ပူရှိန်းပြီးတော့ ချွေးတွေကလည်း ကျလာတာပဲ။ အဲ နောက်ဆုံးအဆင့် ရောက်တဲ့အခါကျတော့ ဖောင်းခနဲဆို ကွဲသွားတာ အသံတောင်မြည်သေးတယ်တဲ့။ သူ့ရောဂါလုံးကြီး ပေါက်ပြီးတော့ ပြည်တွေ ထွက်လာပြီဆိုပြီး သူ့လက်နဲ့တောင် ဆီးခံလိုက်သေးတယ်တဲ့။ အဲဒီတော့မှ ရှိန်းရှိန်း ရှိန်းရှိန်းနဲ့ အခိုးတွေထွက် ချွေးတွေထွက်ပြီးတော့ တစ်ခါတည်း သူဝတ်ထားတဲ့အဝတ်လည်း ချွေးတွေနဲ့ စိုရွှဲပြီးတော့ သွားတယ်။ ဗိုက်စမ်းကြည့်လိုက်တဲ့အခါကျတော့ ခုန အလုံးကြီးဘာမှ မရှိတော့ဘူးတဲ့။ နေရထိုင်ရတာကို တစ်ခါတည်း ချမ်းသာသွားတယ်တဲ့။

တရားတန်ခိုးကြောင့်

နောက်တရားအားထုတ်ပြီး သူနေရာ သူမြို့ ပြန်သွားတဲ့အခါ ဘုန်းကြီးက မပြန်ခင်လေး မှာလိုက်ပါတယ်။ ဟိုရောက်ရင် ဆရာဝန် သွားပြစမ်းပါလို့၊ ဆရာဝန်က ဘာပြောသလဲဆိုတာလည်း ဘုန်းကြီးဆီ လှမ်းပြီးတော့ စာရေး

http://www.dhammadownload.com

လိုက်ပါလို့။ ပြန်သွားပြီး သူ ခရီးရောက်မဆိုက်ဘဲ ဆရာဝန်သွားပြတဲ့အခါကျ တော့ ထုံးစံအတိုင်း ဆရာဝန်က စမ်းကြည့်တဲ့အခါ သူမှာ ဘာရောဂါမှ မရှိ တော့ဘူးပေါ့။ ပျောက်သွားပြီဆိုတော့ ဆရာဝန်က ဘယ်လိုပျောက်သွားသတုံး တဲ့။ ဘယ်ဆရာနဲ့ ကုသလဲတဲ့။ ဘယ်ဆရာနဲ့မှ ကုတာ မဟုတ်ဘူး။ တရားသွား အားထုတ်တဲ့အခါ တရားအားထုတ်ရင်းကပဲ တရားတန်ခိုးနဲ့ ပျောက်သွား တယ်ဆိုတာ ရှင်းပြပါတယ်။ အခုအထိ အဲဒီ ဒကာကြီးဟာ ကျန်းမာလျက် ပါပဲ။ နဂိုက ရောဂါကြောင့် မတည့်တဲ့အစားအစာတွေ ရှောင်ထားရတာ အခု ဘာစားစား တည့်နေတာပဲ။ ပေါင်ချိန်တွေလည်း တိုးလာပြီး အင်မတန် ချမ်းသာနေပါတယ်။

နာတာရှည်ယောဂီ

အဲဒီဒေါက်တာလည်း နောက်ဆုံး သူကိုယ်တိုင်လည်းပဲ ဝင်တရားအား ထုတ်တဲ့အဆင့် ရောက်သွားတော့တာပဲ။ ဒီပြင် တရားအားထုတ်လို့ ရောဂါ ပျောက်သွားတာတွေလည်း အများကြီး ရှိပါသေးတယ်။ အဆုတ်နာရောဂါ ပျောက်သွားတာတွေ၊ နှလုံးရောဂါ သက်သာပြီးတော့ အခုထိ မခွဲစိပ်ရဘဲနဲ့ သက်သာနေတာတွေ၊ ပြီးတော့ အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ကင်ဆာ ရောဂါတွေ၊ တချို့ ခေါင်းကိုက်ရောဂါ စွဲတာတွေ အများကြီးပါပဲ။ စိတ်ဝင်စား စရာ ကောင်းပါတယ်။ ဘုန်းကြီးက အဲဒါတွေ လျှောက်ပြောရင် ကုန်နိုင်မှာ မဟုတ်တော့ဘူး။ ဒီတော့ ဒီတရားအားထုတ်လို့ရှိရင် တရားကြောင့် ဖြစ် ပေါ်တဲ့ ဝေဒနာတင် မဟုတ်ဘဲနဲ့ နဂိုက ငုတ်နေတဲ့ ဝေဒနာတွေ၊ ဆေးကုလို့မရတဲ့ ရောဂါဝေဒနာတွေလည်း ပျောက်သွားတတ်တယ်လို့ ဘုန်းကြီးက ပြောတာ ပါပဲ။

တစ်ခုတော့ ဘုန်းကြီးစိတ်ထဲမှာ သံသယ ဖြစ်နေတယ်။ သတိပဋ္ဌာန် တန်ခိုးနဲ့ ရောဂါဝေဒနာအမျိုးမျိုးတွေ ပျောက်နိုင်တယ်ဆိုတာတော့ ဟုတ် တယ်။ 'ခရီးနစ်' ရောဂါသည်တွေပေါ့လေ။ ထူးထူးခြားခြား ပျောက်သွားတာ ဟုတ်တယ်။ 'ခရီးနစ်' ယောဂီ (နာတာရှည်ယောဂီ) တွေ သတိပဋ္ဌာန်တရားနဲ့ ပျောက်မှ ပျောက်ပါ့မလားဆိုတာ တစ်ခါတစ်ခါ သံသယ ဖြစ်ဖြစ်နေတယ်။

http://www.dhammadownload.com

ဘယ်လို ပျောက်သလဲ၊ ဘာကြောင့် ပျောက်သလဲဆိုတဲ့ အကြောင်းကိုတော့ ဗောဇ္ဈင်တရားကို ဟောတဲ့ အခါမျိုးကျမှ စာတွေ့နဲ့ လက်တွေ့ ယှဉ်ပြီးတော့ ပြပါဦးမယ်။ ဒီနေ့တော့ ဒါပဲ တော်ကြပါစို့။

တောင်းဆိုကြလို့

ကွန်ရှေ့ထက်ကြောင်း ၉-ပါးထဲက ၈-ခုမြောက် "ရှုစဉ်ပေါ်ရိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးပယ်ရမည်" ဆိုတာ တရားရှုတဲ့အခါ မခံသာမှုတွေ ပေါ်လာလို့ရှိရင် ဝီရိယနှုန်း အဆင့်ဆင့် တင်ပြီးတော့ နိုင်နင်းအောင် ရှုမှတ်ပြီး ဝေဒနာတွေကို သိအောင် ကြိုးစားရမယ်။ လွန်မြောက်အောင် ကြိုးစားရမယ်ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီးတော့ သည်းခံမှတ်လို့ရှိရင် ရောဂါတွေ ပျောက်သွားတတ်တယ် ဆိုတာကို ပျောက်သွားတဲ့ရောဂါရှင်တွေထဲက မနေ့က အစာအိမ်ရောဂါ ပျောက်သွားတဲ့ ပုဂ္ဂိုလ်ရဲ့ သာဓကနဲ့ ပြောခဲ့ပါတယ်။ ဒီလောက်ဆို လုံလောက်ပြီလို့ ဘုန်းကြီးလည်း ကြေညာပြီး ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားအကြောင်း မသိဖူးတဲ့ ပုဂ္ဂိုလ်မှာတော့ သိပ်ထူးဆန်းပေမယ်လို့ ဘုန်းကြီးတို့ အနေနဲ့ ကတော့ သိပ်မထူးဆန်းလှပါဘူး။ ဒါပေမယ်လို့ ဒီတရားအားထုတ်လို့ တခြားရောဂါရှင်တွေ ရောဂါပျောက်ပုံကိုလည်း ဆက်လက်ပြီးတော့ နာလိုတယ်လို့ တောင်းဆိုကြတာနဲ့မို့ ဒီနေ့ တခြားရောဂါတွေပျောက်ပုံ သာဓကလေးတွေကိုလည်း တစ်ခုချင်း၊ တစ်ခုချင်း ရှင်းပြဖို့ စီစဉ်ထားပါတယ်။

တစ်လမ်းသွား

ရောဂါပျောက်ပုံတွေက အကုန်လုံး တင်ပြရမယ်ဆိုရင်တော့ ဒီစခန်းပြီးဆုံးတဲ့အထိ အဲဒီ ဝတ္ထုကြောင်းနဲ့ပဲ အဆုံးသတ်ရတော့မှာပဲ။ ဒီတော့ အဲဒီအထဲက တစ်ခုကောင်းနှစ်ခုကောင်းလောက်ပဲ ပြောဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီပျောက်သွားတဲ့ရောဂါရှင်တွေထဲက အဆုတ်ရောဂါရှင် ဒကာကြီး တစ်ယောက် ပျောက်ပုံ ရှေးဦးစွာ ပြောပါမယ်။ အဲဒီ ဒကာကြီးဟာ နှစ်ပေါင်းတော်တော်ကြာကတည်းကိုက အဲဒီ အဆုတ်ရောဂါ စွဲကပ်ပြီးတော့ သူ မြစ်ဝကျွန်းပေါ် ဆေးရုံကြီးတွေမှာလည်း တက်ရောက်အကုသခံပါတယ်။ မပျောက်

http://www.dhammadownload.com

ပါဘူး။ ပြီးတော့ ရန်ကုန်အဆုတ်ရောဂါကုဆေးရုံကြီးလည်း တက်ရောက်အကူသခံတယ်။ မပျောက်ပါဘူး။ ပြီးတော့ တိုင်းရင်းကုသရေးနဲ့လည်းပဲ ကုသတယ်။ နောက်ဆုံး သူမှာ တစ်လမ်းပဲ ရှိပါတော့တယ်။ အဲဒီ တစ်လမ်းက တော့ အခြား မဟုတ်ပါဘူး။ သေဖို့ တစ်လမ်းပါပဲ။ ဒီတော့ တစ်လမ်းသွားဖြစ်နေပြီ။ အားကိုးစရာတော့ ရှာမှပဲဆိုပြီးတော့ တစ်နေ့မှာ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာကို ရောဂါကင်းတဲ့အသွင်ဆောင်ပြီးတော့ ဟန်ဆောင်ပြီးတော့ပေါ့လေ။ ယောဂီအဖြစ် ဝင်လာပါတယ်။

သနားသွားတယ်

အဲဒီလိုရောက်လာပြီး တရားအားထုတ်လို့ သီတင်း ၂ ပတ်လောက်အနေမှာ သူက ရောဂါကင်းတဲ့အနေနဲ့ ရှိပြီးတော့ တိတ်တိတ် ဝင်လာပေမယ့်လို့ ဝေဒနာခန်း ရောက်တဲ့အခါကျတော့ တရားဝေဒနာနဲ့ သူ မပျောက်နိုင်တဲ့ တီဘီဝေဒနာနဲ့ပေါင်းစပ်ပြီးတော့ ဝေဒနာတွေ တစ်ခါတည်းကို အကြီးအကျယ်ပေါ်လာတာပဲ။ ဘယ်လောက်အထိ ပေါ်လာလဲဆိုရင် ညပိုင်းမှာ အိပ်မရလောက်အောင်ပဲ ချောင်းဆိုးတယ်။ အဲဒီလို ချောင်းဆိုးသံတွေကို ဘုန်းကြီးရဲ့ ကျောင်းထဲကနေ ကြားနေတော့ ရိုးရိုးအောက်မေ့လို့ ဘုန်းကြီးက ချောင်းဆိုးပျောက်ဆေးတွေကို ပေးမယ်လို့။ ဗမာလိုတော့ လျက်ဆားတို့ပေါ့လေ။ သွားပြီးတံခါးဖွင့်လိုက်တဲ့အခါကျတော့ ဟိုမှာ ဘုန်းကြီးကို စကားမပြောအားသေးဘူး။ မောနေတယ်။ "ဒကာကြီး ဆေးလေး စားမလား" ဆိုတော့ စကားမပြောနိုင်ဘူး။ မနည်းသတိဆောင်ပြီးတော့စကားပြောတယ်။ "တပည့်တော်ဟာ တီဘီရောဂါရှင်ပါ။ ရောဂါကင်းတဲ့အနေနဲ့ ဝင်လာတာ။ အခုတော့ ရောဂါက ဖော်ထုတ်နေပြီ။ ရောဂါရှင်ဖြစ်ကြောင်း ဖော်ထုတ်နေပြီ" တဲ့။ တော်တော်ဆိုးတဲ့ရောဂါပါ။ သူ့ရဲ့ရှေ့မှာလည်းပဲ ထွေးခံထဲမှာ သွေးတွေတော်တော်များများ ပါနေတာတွေ့တယ်။ အဲဒီတော့မှ ကိုယ်လည်း နည်းနည်းတော့ စိတ်ထဲဖြစ်သွားတယ်။ "ဟာ တီဘီပိုးတွေတော့ ကိုယ်ထဲ ရောက်ကုန်ပြီ"လို့ စိတ်လည်းပဲ အားတင်းပြီး သူ့ကို နှစ်သိမ့်ပါတယ်။ သူက ဘာပြောလဲဆိုတော့ ဒီရောဂါဟာ ကူးစက်ရောဂါပါတဲ့။ အရှင်ဘုရားတို့ ဆက်လက်ခွင့်ပြုလို့ရှိရင်

http://www.dhammadownload.com

လည်း တပည့်တော် အားထုတ်ရမှာပဲ။ ဆက်လက်ခွင့်မပြုလို့ရှိရင်လည်း ပြန်ရမှာပါပဲ။ တပည့်တော် သေလမ်းတစ်လမ်းပဲ ရှိပါတော့တယ်တဲ့။ သနားသွားတယ်။ ဒီတော့မှ မကူးစက်ရအောင် သင့်တော်တဲ့နည်းနဲ့ ပြုလုပ် ဆောင်ရွက်ပေးတယ်။ သူလည်းပဲ ဆက်တရားအားထုတ်တဲ့အခါ တစ်လကျော်ကျော်လေး လောက်မှာ ဒီတီဘီရောဂါ တစ်ခါတည်း အလျင်းပျောက်သွားတယ်။

ဦးပဉ္စင်းကြီးအပြော

ရောဂါတွေလည်းပဲ ပျောက်ပြီး ရိပ်သာက ပြန်ပြီးတော့ သွား၊ နောက် သုံးနှစ်လောက်အနေမှာ ဘုန်းကြီးလုပ်ပြီးတော့ ရိပ်သာ ပြန်ရောက်လာပြန် တယ်။ အဲဒီအခါကျတော့ ကြည့်ရတာ ဝဝဖြိုးဖြိုးပါပဲ။ ဆွမ်းလည်းပဲ ကိုယ် တိုင် ခံစားနိုင်တယ်ဆိုတဲ့ အကြောင်း၊ ချောင်းလည်းပဲ ပြန်ပြီးတော့ မဆိုးတော့ ဘူးဆိုတဲ့ အကြောင်း၊ စားနိုင်သောက်နိုင်တယ်ဆိုတဲ့ အကြောင်း ပြောတယ်။ "ဘယ်လိုတုံး ဦးပဉ္စင်းကြီး ချောင်းဆိုး တစ်ခါတစ်ခါ လာသေးသလား" ဆိုတော့ "တရားမမှတ်ရင်တော့ လည်ချောင်းထဲက နည်းနည်း ယားကျိယားကျိ ဖြစ်တယ် ဘုရား။ မှတ်လိုက်ရင်တော့ အဲဒီ ယားကျိ၊ ယားကျိ မရှိတော့ဘူး" တဲ့။ အခုတော့ တရားလက်မလွှတ်ဘူးတဲ့။ တရားဟာ သိပ်ကောင်းတဲ့ တရားပဲ တဲ့။ ဆေးလည်း ဖြစ်တာပဲ။ ဆရာဝန်တွေကုလို့ မပျောက်နိုင်တဲ့ ရောဂါ၊ တရားဆေးနဲ့ပဲ ပျောက်သွားတာတဲ့။ တပည့်တော် လူဖြစ်ရကျိုးနပ်ပါပြီတဲ့။ ဦးပဉ္စင်းကြီးက ပြောပါတယ်။

ကိုယ်သာပန်းစေ၊ စိတ်မနွမ်းစေနဲ့

ပြီးတော့ အူထုံးတဲ့ရောဂါရှင် ဆရာဝန်ကြီးတစ်ယောက် အကြောင်းကို ဆက်လက်ပြောပါဦးမယ်။ အဲဒီ ဆရာဝန်ကြီးဟာ တရားအားထုတ်ဖို့ ဝါသနာမပါပါဘူး။ နောက်ပိုင်းကျမှ မဟာစည်ဆရာတော်ဘုရားကြီးကို ကြည်ညိုပြီးတော့ အိမ်မှာ အားထုတ်ရင်းနဲ့ တရားသဘောလေးတွေ ထိုက်တန်သမျှ တွေ့သွားပါတယ်။ သဒ္ဓါတရားတွေ တော်တော်ရှိသွားပါတယ်။ တစ်ချိန်မှာ အဲဒီ ဆရာဝန်ကြီး ဝိုက်နာတယ်ဆိုပြီး ဆေးရုံတင်ရတယ်။ ဟိုရောက်စမ်းသပ်ကြည့်

http://www.dhammadownload.com

တဲ့အခါမှာ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေက အူထုံးပြီးတော့ ခေါက်ဝင်သွားတယ်တဲ့။ အူတွေချပ်သွားတယ်။ ခွဲစိတ်မှဖြစ်မှာပဲ။ မခွဲစိတ်ရင်တော့ မကြာခင် သေနိုင်တယ်လို့ ဆိုပါတယ်။ နောက် ခွဲစိတ်ဖို့ သူတို့ ပြင်ဆင်ကြပါတယ်။ အဲဒီလို သတင်းကြားတော့ ဘုန်းကြီးနဲ့ တခြားနာယကတစ်ပါး ဆေးရုံ အမြန်ကြွပြီးတော့ လူနာ နှစ်သိမ့်ပါတယ်။ လူနာကတော့ သိပ် စကားမပြောနိုင်ပါဘူး။ ဟုတ်တယ်၊ မဟုတ်ဘူး ဒါလောက်ပါပဲ။ ပြီးတော့ ဘုန်းကြီးတို့လည်း ဘုရားဟောဒေသနာအတိုင်း နှစ်သိမ့်အားပေးတာပေါ့လေ။ အားပေးပြီးတော့ နောက်ဆုံး ဘုန်းကြီးက "ဒကာကြီး၊ ဒကာကြီးလည်း တရားအားထုတ်တာပဲ။ ကိုယ်သာ ပန်းစေ။ စိတ် မနွမ်းစေနဲ့။ ခန္ဓာကိုယ် ရှိရင် ခန္ဓာကိုယ်နဲ့ စပ်တဲ့ ဆင်းရဲကတော့ ကြုံရမှာပဲ။ သတိလက်လွတ်လို့ ရှိရင် ကိုယ်နာရော၊ စိတ်နာရော ၂ မျိုးစလုံး ခံရတယ်။ သတိရှိနေလို့ရှိရင် ကိုယ်သာ နာပြီး စိတ်မနာဘူး။ ဒီတော့ အခုအခါမှာဆိုရင် ရှုမှတ်ဖို့ အလုပ်ပဲ ရှိတော့တယ်။ ရှုမှတ်မှုပဲ အားကိုးပါ။ ကိုယ်သာ ပန်းစေ၊ စိတ်မနွမ်းစေနဲ့"လို့ ဒီလို အားပေးပြီးတော့ ဆင်းလာတယ်။ ဘယ်သူနဲ့မှ သူစကားမပြောဘဲနဲ့ တစ်ခါတည်း ခုတင်ပေါ်မှာပဲ တရားပဲ အားထုတ်တော့တာပဲ။ အဲဒီလို ပြန်လာပြီး နောက်နေ့ သတင်းကြားတာပါပဲ။ နဂိုက ခွဲစိပ်ဖို့ရန် ပြင်ဆင်ထားတဲ့ ဆရာဝန်တွေဟာ ခွဲစိပ်ချိန် ရောက်တဲ့အခါကျတော့ လာရောက်ပြီးတော့ လူနာခေါ်တဲ့အခါ လူနာက နေကောင်းနေတာ တွေ့ရတယ်။ သေချာ စမ်းသပ်ကြည့်တဲ့အခါကျတော့ ခုနခေါက်နေတဲ့အူတွေဟာ သူနဂိုအနေအတိုင်း ပြန်ပြီးတော့ အံ့သြဖွယ်စွာ ရောက်သွားတယ်။ ဒီတော့ ဆေးရုံက ချက်ချင်းဆင်းပြီးတော့ အိမ်ပြန်ရောက်။ ကျန်းကျန်းမာမာနဲ့ပဲ သူ ဆေးတွေလိုက်ပြီးတော့ ကုနေတာပဲ။

သေတဲ့ပုဂ္ဂိုလ် စာရင်းသွင်းပြီ

နောက်တစ်ခုကတော့ နှလုံးရောဂါရှင် အမျိုးသမီးတစ်ယောက်ပါပဲ။ ဘုန်းကြီးများနဲ့ အင်မတန် ရင်းနှီးပါတယ်။ တစ်ချိန်မှာ ဘုန်းကြီးဆီ ရောက်လာပါတယ်။ ဆရာဝန်ဆီ သွားပြတဲ့အခါကျတော့ ဆရာဝန်က ဘယ်နေ့ခွဲမယ်ဆိုတာ ရက်ချိန်းပေးလိုက်ပါတယ်တဲ့။ မခွဲခင်လေး ဆရာတော်များကို

http://www.dhammadownload.com

လာရောက်ပြီး ကန်တော့ပါတယ်တဲ့။ ဒါပေမဲ့ ပေးလိုက်တဲ့ ရက်ချိန်းက ၁၀-ရက်လောက်နေမှ ဒီဆေးရုံတက်ပြီးတော့ ကုသခံရမှာကိုး။ သူလည်းပဲ ခွဲစိပ်ခံရမယ်ဆိုတော့ တော်တော်လေးကို စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်နေပါတယ်။ ဒီတော့ ဘုန်းကြီးက နှစ်သိမ့်ပါတယ်။ နဂိုက ထိုက်သလောက်တော့ တရားအားထုတ်ဖူးပါတယ်။ ဒါပေမဲ့လို့ သိပ်ကျေနပ်အားရဖွယ်တော့ မရှိသေးပါဘူး။ "တပည့်တော် ခွဲစိပ်ကုသခံတုန်း ဘယ်လိုနှလုံးသွင်းရမလဲ ဘုရားတဲ့"။ ဒီတော့ ဘုန်းကြီးက ဆယ်ရက်လောက်လည်း စောင့်နေရမှာ ဆိုတော့ "ကဲ ရိပ်သာ လာခဲ့၊ ဒီနေ့ပဲ လာခဲ့"လို့ ပြောတဲ့အခါ ချက်ချင်းပဲ သူ လာခဲ့ပါတယ်။ ရောက်လာပြီးတော့ 'မရဏာဿတိ' သေခြင်းတရားကို ကျပ်ကျပ်ဆင်ခြင် ခိုင်းပြီးတော့ "ကြိုးစားပြီး အားထုတ်စမ်းပါ။ တစ်နေ့နေ့တော့ သေရမှာပဲ။ ဒီရောဂါနဲ့လည်း သေနိုင်တာပဲ။ သေတဲ့ပုဂ္ဂိုလ် စာရင်းသွင်းပြီး စွန့်စား အားထုတ်စမ်းပါ"လို့ပြောပြီး မရဏာဿတိကမ္မဋ္ဌာန်းကိုလည်း သင်ပြပေးတယ်။ နောက် ရောဂါဝေဒနာပြင်းထန်လာလို့ရှိရင် ဝိရိယနှုန်းတင်ပြီးတော့ အားထုတ်ပုံလေးတွေ ပြောပြပါတယ်။ ပြောတဲ့အတိုင်းပဲ သူ အားထုတ်လို့ ငါးရက်မြောက်မှာ သူ့နှလုံးဟာ အလွန်တင်းမာပြီးတော့ အသက်ရှူကျပ်လာတယ်။ သေလောက်မတတ် ဖြစ်နေတယ်။ ဒါပေမယ်လို့ သေရမယ့်အတူတူတော့ မထူးဘူးဆိုပြီး ဖိမှတ်တော့ အမှတ်က နိုင်သွားတယ်။ အမှတ်က နိုင်သွားတော့ နှလုံးဟာ ဖောင်းခနဲ ပေါက်ထွက်သွားတယ်။ အဲဒီတော့မှ အသက်ရှူတွေ ချောင်ပြီး နေလို့ထိုင်လို့ ကောင်းသွားတယ်။ နောက် ဆရာဝန်ချိန်းထားတဲ့အတိုင်း ဆယ်ရက်နေတော့ သွားပြတဲ့အခါ ထုံးစံအတိုင်း ဆရာဝန်တွေ စမ်းသပ်တော့ ခွဲစိပ်ဖို့ မလိုပါဘူးလို့ ပြောလိုက်ပါတယ်။ အခုအထိ အဲဒီ ဒကာမကြီးဟာ အသက်ရှင်နေတုန်းပါပဲ။ ဘုန်းကြီး အခု အမေရိကကို လာခါနီးတောင်မှ ကျန်းကျန်းမာမာနဲ့ လာပြီး ကန်တော့ပါသေးတယ်။

စေတီနားက ခြေသံလို

ပြီးတော့ နောက်တစ်ခုက နှစ်ပေါင်း နှစ်ဆယ်ကျော်လောက် သွေးတိုးရောဂါရှိတဲ့ ဒကာမကြီး တစ်ယောက်ရဲ့ သွေးတိုးရောဂါ အလျဉ်းပျောက်သွား

http://www.dhammadownload.com

ပုံလေးတွေကို ပြောပါရစေဦး။ အဲဒီ ရောဂါရှိလို့ ဆရာဝန်ဆီလည်းပဲ မကြာခဏသွားနေရတာ ပိုက်ဆံတွေလည်း ကုန်လှပြီ။ ဒီတော့ ဘုန်းကြီးက စောစောတည်းက တိုက်တွန်းနေပါတယ်။ "ဒကာမကြီး တရားအားထုတ်၊ တရားအားထုတ်လို့ရှိရင် ရောဂါနဲ့သေသွားရင်တောင်မှ ဒကာမကြီးအတွက် နောက်ဘဝအတွက် ကျေးဇူးရှိလိမ့်မယ်"လို့ တိုက်တွန်းပါတယ်။ ဒါပေမဲ့လို့ သူက အကြောင်းအမျိုးမျိုးပြပြီးတော့ ဆရာဝန်အားကိုးနဲ့ ဆရာဝန်ဆီချည်းပဲ သွားနေတာပဲ။ အဲဒီဒကာမကြီးက အခြားတော့ မဟုတ်ပါဘူး။ ရိပ်သာထဲမှာ နေတဲ့အမှုထမ်းမိသားစုပါပဲ။ ဒီတော့ သူ့ကို ခပ်နာနာလေးပြောရတယ်။ "ဒကာမကြီးတို့ ရိပ်သာထဲနေပြီးတော့ အခြားအခြား အဝေးကလာပြီး အားထုတ်တာတရားတွေ တွေ့ရတယ်။ နိုင်ငံခြားက၊ တောင်မှ လာပြီး အားထုတ်ကြတယ်။ ရိပ်သာထဲနေပြီးတော့ တရားတောင် အားထုတ်ဖော်မရဘူးလို့။ ဒကာမကြီးတို့က ဘာနဲ့တူသလဲဆိုတော့ စေတီအနီးအပါး ဘုရားအခြေမှာ ရှိတဲ့ ခြင်္သေ့ကြီးတွေလို ဖြစ်နေတယ်လို့။ ခြင်္သေ့ကြီးတွေဟာ ဦးလှည့်မထားဘူး။ ဘုရားကျောပေးထားတယ်"လို့ခပ်နာနာပြောလိုက်တော့မှ "တပည့်တော်အားထုတ်ပါတော့မယ်ဘုရား"ဆိုပြီး ဝင်အားထုတ်ပါတယ်။

အို- သေချင်သေပါစေ

နောက် ဝေဒနာခန်းရောက်တဲ့အခါကျတော့ တရားကြောင့် ဖြစ်တဲ့ဝေဒနာနဲ့သူ့သွေးတိုးကြောင့်ဖြစ်တဲ့ဝေဒနာဟာ အကြီးအကျယ်မခံသာအောင် ဖြစ်တော့တာပဲ။ အဲဒီအခါမျိုးမှာ ကောင်းကောင်းလည်း မစားနိုင်၊ ကောင်းကောင်းလည်း မအိပ်နိုင်တော့ သူသားသမီးတွေက မအေကို လာပြီးခေါ်တယ်။ သားသမီးတွေက တစ်ဖက်ဆွဲပေါ့လေ။ ဘုန်းကြီးကလည်းပဲ တစ်ဖက်က ဆွဲပေါ့လေ။ လွန်ဆွဲသလိုဖြစ်နေရာက နောက်ဆုံး ဘုန်းကြီးဘက်က နိုင်သွားပါတယ်။ နောက်ဆုံး ဘုန်းကြီးအလိုလိုက်ပြီး အဲ သေရင် သေပါစေတော့ဆိုပြီး ဆက်ပြီးအားထုတ်တာ အမှတ်က နိုင်သွားတော့ တစ်ခါတည်း ဦးနှောက်ကြောတွေ ပြတ်သွားမလား ထင်ရတယ်တဲ့။ အို- သေချင် သေပါစေ၊ သေတာ မြတ်တယ် ဆိုပြီး ဖိအားထုတ်တာ ကိုယ်ထဲကအပူခိုးတွေ အကြီးအကျယ် ထွက်တယ်။ ချွေးတွေလည်း တစ်ခါတည်း ထွက်လာတော့တာ ပဲတဲ့။ အမှတ်

http://www.dhammadownload.com

တွေကလည်း နိုင်နင်းတော့ တစ်ခါတည်း ခုန သွေးတိုးရောဂါ ပျောက်သွားတယ်။ အခုအထိပဲ ဒီဒကာမကြီးက အသက်ရှင်နေပါတယ်။ သွေးတိုးရောဂါ နောက်ထပ် ပြန်ပြီးတော့ မလာတော့ပါဘူး။

အလုံးကြီး ပေါက်ကွဲသွားတယ်

နောက်တစ်ခုကတော့ အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ရောဂါမျိုးနဲ့ တူပါတယ်။ ဘာရောဂါဆိုတာတော့ ဘုန်းကြီးက မသိပါဘူး။ ဗိုက်ထဲမှာအလုံးကြီး ရှိတယ်လို့ ဆိုတာပါပဲ။ ဆရာဝန်ကို သွားပြတဲ့ အခါကျတော့ ဆရာဝန်က ခွဲစိပ်ကုသခံဖို့ အကြံပေးလိုက်ပါတယ်။ နောက် ဒကာမကြီးက ခွဲစိပ်ခံရမှာလည်းပဲ ကြောက်တယ် ထင်ပါရဲ့။ သေရမှာလည်းပဲ ကြောက်တယ်နဲ့ တူပါတယ်။ ဆရာဝန်ကလည်း သူ့သားချင်းထဲက ဆရာဝန်ဆိုတော့ မင်းတို့ အခွဲအစိပ်တော့ ငါမခံဘူးကွာတဲ့။ ရိပ်သာသွားပြီးတော့ တရားနဲ့သေမယ်ဆိုပြီး ရိပ်သာ ရောက်လာပါတယ်။ ရိပ်သာရောက်တဲ့အခါကျတော့ ထုံးစံအတိုင်း တရား အားထုတ်လို့ ဝေဒနာခန်းရောက်တဲ့အခါကျတော့ ခုနစောစောပိုင်းက ပြောသလိုပဲ တရားဝေဒနာနဲ့ သူ့ရှိတဲ့ဝေဒနာ ပူးပေါင်းပြီးတော့ သူ့ကို နှိပ်စက်တော့တာပဲ။ အလွန်ဆိုးတယ်လို့ ပြောတာပါပဲ။ ဘုန်းကြီးက သူ့ကို အားပေးပြီး မှတ်ခိုင်းတော့ အမှတ်က နိုင်သွားတယ်။ အမှတ်က နိုင်သွားတဲ့ အပိုင်းမှာ ခုန အလုံးကြီး ခွဲစိပ်ရမယ်ဆိုတဲ့ အလုံးကြီးဟာ တစ်ခါတည်း အသဲမြည်ပြီးတော့ ပေါက်ကွဲသွားတယ်လို့ ပြောတယ်။ အဲဒီ ပေါက်ကွဲပြီးတဲ့အချိန်က စပြီးတော့ ဒကာမကြီးဟာ သုံးလေးရက်လောက် အဝတ်ခဏခဏလဲနေရတယ်တဲ့။ အဲဒီကစပြီးတော့ အဲဒီ ဒကာမကြီးဟာ အခု ကျန်းကျန်းမာမာ ကြည်ကြည်လင်လင် ဝဝဖြိုးဖြိုးပါပဲ။ အခုထိ အသက်ရှင်လျက်ပါပဲ။ ကောင်းနေပါတယ်။

လည်ပင်းက အကျိတ်

ပြီးတော့ နောက်ဆုံး တစ်ခုပဲ ပြောပါရစေတော့။ နောက်ဆုံးကတော့ ဘုန်းကြီးတို့ ဆေးကုသရေးဆိုင်ရာက စစ္စတာ ဆရာမကြီးတစ်ယောက်ပါပဲ။ အဲဒီဆရာမကြီးဟာ တစ်နေ့ထက် တစ်နေ့ စားလို့မကောင်း အိပ်လို့မကောင်း

http://www.dhammadownload.com

ဖြစ်ပြီးတော့ သူလည်ချောင်းဟာ အသက်ရှူလို့လည်း နေရာမကျ စကား ပြောရတာလည်း သိပ်မကောင်းလှ။ တံတွေးတွေ မျိုရတာလည်း ခပ်ကျပ်ကျပ် ဖြစ်နေတယ်။ သံသယဖြစ်လာတာနဲ့ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေထံ ပြတဲ့ အခါကျတော့ ကင်ဆာလို့ ဆရာဝန်ကြီးတွေက ယူဆပါတယ်။ ကင်ဆာ က ဒုတိယအဆင့်လောက်များ ရောက်နေလား မသိဘူး။ သူလည်ပင်းမှာတော့ အကျိတ်တွေ့တယ်လို့ ပြောပါတယ်။ အဲဒီက အသားစလေးယူပြီးတော့ ဆေး သိပ္ပံနည်းအရ စမ်းသပ်ဖို့ သူ့ကို တောင်းဆိုပါတယ်။ ဒါပေမဲ့ ဆရာမကြီးက လက်မခံပါဘူး။ သူတို့ အကုအသမခံဘဲနဲ့ တရားနဲ့ပဲ ကုသမယ် ဆိုပြီးတော့ တရားအားထုတ်ဖို့ ရိပ်သာရောက်လာပါတယ်။ သူက နဂို ကတည်းကလည်း တရားအားထုတ်တဲ့အလေ့အထ ရှိပါတယ်။ အဲဒီလို တရားအားထုတ်တဲ့အခါ မှာ အမှတ်ကနိုင်နင်းလာတော့ သူ့ကိုယ်ထဲက အပူတွေ အများကြီးထွက်တယ် လို့ ပြောပါတယ်။ ပြီးတော့ အင်မတန့်ကို ဆိုးဝါးတဲ့အနှံ့အသက်တွေလည်းပဲ ထွက်ထွက်လာတယ်လို့ ဆိုပါတယ်။ မှတ်လေလေ ပိုပြီးတော့ အပူတွေ ချွေး တွေ ထွက်လေ အနှံ့အသက်တွေကလည်း ထွက်လေ၊ နောက်မှတ်ပါများလို့ နိုင်နင်းသွားတဲ့အခါ အနှံ့အသက်တွေတော့ မရှိတော့ဘူးတဲ့။ အပူတွေ၊ ချွေး တွေတော့ထွက်သေးတယ်။ အဲဒီလိုမှတ်ရင်းကလည်း သူလည်ပင်းက အကျိတ် လေးဟာ တဖြည်းဖြည်းသေးပြီးတော့ အခုမရှိသလောက် ဖြစ်သွားပါတယ်။ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး ဖြစ်သွားပါတယ်။

ပြောပုံပါတယ်

အခုပြောခဲ့တဲ့ ဝေဒနာရှင်တွေဟာ ဘုန်းကြီးတာဝန်ယူပြီးတော့ စစ်ရလို့ ပျောက်သွားတဲ့ ဝေဒနာရှင်တွေပါ။ အခြားအခြားကမ္မဋ္ဌာန်းဆရာတွေနဲ့ စစ်ပြီး ပျောက်သွားတဲ့ ဝေဒနာရှင်တွေလည်းပဲ အများကြီး ရှိပါတယ်။ ဘုန်းကြီးမှာ လည်း ဒီပြင်အကြောင်းအရာနဲ့ ရောဂါတွေ ပျောက်တာလည်း ရှိပါတယ်။ ဒါပေမဲ့ ဒါလောက်ဆိုရင်တော့ လုံလောက်ပါပြီ။ ဘုန်းကြီးပြောချင်တာက ဒီတရားအားထုတ်လို့ရှိရင် ရောဂါပျောက်ရမယ်ဆိုတဲ့ အာမခံချက်တော့ ဘုန်းကြီးတို့မှာ မရှိပါဘူး။ သို့သော် စွန့်စားပြီး အားထုတ်လို့ရှိရင်တော့ တရား

http://www.dhammadownload.com

က နိုင်နင်းသွားလို့ရှိရင် နဂိုက ဆေးကုလို့ မပျောက်နိုင်တဲ့ ရောဂါတွေတောင် ပျောက်တတ်တယ်။ ပျောက်နိုင်တယ်ဆိုတာတော့ ဘုန်းကြီး ပြောဝံ့ပါတယ်။

ရောဂါတွေထဲမှာ ကင်ဆာရောဂါဟာ အဆိုးဆုံးပဲ။ ကုသလို့ မရနိုင်တဲ့ အပိုင်း ရောက်သွားသည့် တိုင်အောင်တောင်မှ ဒီရောဂါရှင်ဟာ အင်မတန်ကို ပင်ပန်းဆင်းရဲတယ်။ ညည်းညူရတယ်လို့ ဆိုပါတယ်။ တရားလေး အခံရှိသွား ရင် မညည်းညူရဘဲနဲ့ ညင်ညင်သာသာလေး အသက်ထွက်သွားနိုင်ပါတယ်။ အင်မတန် ကောင်းပါတယ်။ ကိုယ့်စိတ်ကိုလည်း ထိန်းချုပ်ပြီးတော့ ကောင်း ကောင်းလေး သေသွားနိုင်ပါတယ်။ ဒီလောက်ထိ အကျိုးရှိပါတယ်။

ဘယ်လို ပျောက်ရသလဲ၊ ဘာကြောင့် ပျောက်ရသလဲ ဆိုတဲ့ အချက်ကို တော့ နောက်ဗောဇ္ဈင်တရားတွေ ဟောတဲ့အခါမှာ စာတွေ့နဲ့ လက်တွေ့ ပေါင်းစပ်ပြီးတော့ ဖြေရှင်းပြပါမယ်။ ဒီနေ့တော့ ဒါလောက်နဲ့ပဲ တော်ကြပါစို့။

သာဓု. . . သာဓု. . . သာဓု။

လမ်းဆုံးမရောက် လက်မမြောက်

မနေ့က ဣန္ဒြေထက်ကြောင်း ကိုးပါးထဲက ရှစ်ခုမြောက်အကြောင်း၊ တရားအားထုတ်လို့ ရောဂါပျောက်ပုံတွေကို သာဓကတွေနဲ့ အတူ နောက်ဆုံး ရှင်းခဲ့ပါပြီ။ ဒီနေ့ ကိုးခုမြောက် ဣန္ဒြေထက်ကြောင်း ဆက်လက်ပြီး ဟောပါ မယ်။ အဲဒါကတော့ "အန္တရာစ အဗျောသာ နေန"၊ အန္တရာ=မိမိရည်မှန်းတဲ့ ဘာဝနာပြီးဆုံးမှုရဲ့ ခုလတ်ကြားကာလ၌၊ အဗျောသာနေနစ=မိမိရဲ့အားထုတ် မှုလုပ်ငန်းကနေပြီးတော့ မတွန့်ဆုတ်ဘဲ ရှေ့ဆက်လက်ခြင်းအားဖြင့်လည်း၊ သမ္မာဒေတိ=ဘာဝနာဉာဏ် ပြီးပြည့်စုံစေနိုင်ပါတယ်တဲ့။ တရားလမ်းဆုံး မရောက်ဘဲနဲ့ လက်မြောက် အရှုံးပေးပြီးတော့ တရားဌာနက ထွက်မသွားရ ဘူး။ တရားလုပ်ငန်းက စွန့်ခွာမသွားရဘူးလို့ ဆိုလိုပါတယ်။

ရည်ရွယ်ချက်

အခု တရားဌာနမှာ ယောဂီအဖြစ်နဲ့ ဝင်ရောက်ပြီးတော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ရပ်ကို အားထုတ်နေကြတဲ့ သူများဟာ ဘာရည်ရွယ်ချက်နဲ့

http://www.dhammadownload.com

လာကြသလဲဆိုတာ မေးဖို့လိုပါတယ်။ တရားအားထုတ်ရခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း နားလည်ဖို့ လိုပါတယ်။ ရည်ရွယ်ချက်တော့ ရှိတယ်။ ဘယ်လောက် အတိုင်းအတာအထိ ရည်ရွယ်ချက်ထားသလဲဆိုတာလည်းပဲ ကိုယ့်အခြေအနေကိုယ် ပြန်တွက်ကြည့်ဖို့ လိုပါတယ်။ လူရယ်လို့ ဖြစ်လာပြီ ဆိုရင် အကြောင်းကြောင့် အကျိုးဖြစ်ပုံလေးတွေ ကုသိုလ်က်၊ အကုသိုလ်က်တို့ရဲ့ အကျိုးပေးဟန် တွေ့ရသဖြင့် ကောင်းရင်စံ၊ ဆိုးရင် ခံရမှာပဲ ဆိုတဲ့ အခြေခံအသိ ရှိတဲ့ပုဂ္ဂိုလ်များဟာ မိမိအတွက် အသက်ရှင်ဆဲကာလမှာလည်း လူ့အဆင့်အတန်းတွေ မှီပြီးတော့ လူ့အဆင့်အတန်းတွေ မြင့်မားပြီး နောင်ဘဝမှာ အထူးအားဖြင့် ဆိုးတဲ့ဘဝမျိုးတွေ ရှောင်နိုင်၊ တိမ်းနိုင်၊ လွတ်နိုင်အောင် အနည်းဆုံး အပါယ် ၄-ပါးက လွတ်မြောက်နိုင်အောင် မိမိမှာ တရား ပြည့်စုံထားဖို့ လိုတယ်။ အဲဒါတော့ လူတိုင်းမှာ ရည်ရွယ်ချက် ရှိသင့်ပါတယ်။

တည့်၊ မတည့် အစာ

ဒီတော့ အခုလိုအဆင့်မြင့်တဲ့တရားတွေ အားထုတ်သူတွေဟာ အခြေခံ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'ရှိခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေလို့ ဘုန်းကြီးက ဒီအတိုင်းပဲ ယုံကြည်ထားပါတယ်။ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'ဆိုတာ မိမိပြုထားတဲ့ ကုသိုလ်က်၊ အကုသိုလ်က်သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်။ ကောင်းတာတွေ ပြုလို့ရှိရင် ကောင်းကျိုးတွေ ရတယ်။ ကောင်းတဲ့ ကိုယ်နှုတ်စိတ်ထား အပြုအမူလေးတွေ ဖြစ်လို့ရှိရင် သန့်ရှင်းတဲ့အပြုအမူလေးတွေဖြစ်လို့ရှိရင် ယခုဘဝမှာလည်း ခြီးမွမ်းဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံပြီးတော့ နောက်ဘဝမှာလည်း နိဗ္ဗာန်အထိ ကောင်းကျိုးတွေ ရတယ်။ မကောင်းတဲ့ ကိုယ်၊ နှုတ်၊ စိတ်ထား အပြုအမူတွေ၊ မသန့်ရှင်းတဲ့ မတရားတဲ့ ကိုယ်၊ နှုတ်၊ စိတ်ထား အပြုအမူတွေ ဖြစ်လို့ရှိရင် ယခုဘဝမှာလည်း ကဲ့ရဲ့စရာတွေ ဖြစ်ပေါ်ပြီးတော့ နောင်ဘဝလည်း မကောင်းဘူးဆိုတဲ့ အခြေခံအသိလေးတော့ ရှိထားရပါတယ်။

ကုသိုလ်က်၊ အကုသိုလ်က်တွေက အစားအစာနဲ့ တူပါတယ်။ အစားအစာတွေဟာ မိမိနဲ့ တည့်တဲ့ဟာ ရှိတယ်။ မတည့်တဲ့ဟာ ရှိတယ်။ အဆိပ်ပါတဲ့အစာဆိုရင် လုံးဝကို မတည့်ဘူး။ ဒီတော့ တည့်တဲ့အစာကို ချိန်ဆပြီးတော့

http://www.dhammadownload.com

အချိန်အဆ မှန်မှန် စားလို့ရှိရင် အဆင်ပြေတယ်။ အင်အားတွေ ပြည့်တင်းပြီးတော့ ကျန်းမာရေးတွေ ရတယ်။ အဆင့်ဆင့်အဆက်ဆက်လည်း အကျိုးတွေကို ရသွားနိုင်တယ်။ ဒီလိုအကျိုးတွေကို ရသွားရတာဟာ ဘယ်သူကမှ လုပ်ပေးလို့ မဟုတ်ဘူး။ တည့်တဲ့ အစာထဲမှာ လူကို အကျိုးပြုတဲ့ ဓာတ်တွေ ပါလာလို့ပဲ အဲဒီအကျိုးပြုတဲ့ဓာတ်တွေ ကိုယ်ထဲရောက်အောင် ပြုလုပ်ပေးလို့ပဲ ကောင်းကျိုးတွေ ရတာ။ ဒါလိုပဲ ကုသိုလ်ဆိုတာ သန့်ရှင်းတဲ့အပြုအမူတွေချည်း ရှိတာပဲ။ သန့်ရှင်းတဲ့ အပြုအမူတွေဆိုတော့ ကောင်းကျိုးတွေ အလိုလို ရလာတယ်။ မတည့်တဲ့ အစာစားလို့ရှိရင် ဥပမာ အဆိပ်ပါတဲ့ အစာသွားစားလို့ရှိရင် ချက်ချင်းပဲ ဒုက္ခရောက်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအစာထဲမှာ မိမိနဲ့ မသင့်မြတ်တဲ့ ဒုက္ခဖြစ်စေတဲ့ ဓာတ်တွေ ပါလာလို့ပဲ။ အဲဒီလို ဆိုးပြစ်နဲ့ ပတ်သက်လို့ ဖြစ်ရလို့ရှိရင် ဒီထဲမှာ မကောင်းတဲ့ဓာတ်တွေ ပါလို့ဆိုတာ သိပ်ရှင်းတယ်။ ဒီတော့ မိမိနဲ့ တည့်၊ မတည့် သိနားလည်ပြီးတော့ တည့်တဲ့အစာတွေကို ဆောင်ရတယ်။ မတည့်တဲ့ အစာတွေကို ရှောင်ရတယ်။ ရုပ်ဝတ္ထုမှာတောင်မှ ဒီလိုသတ္တိရှိနေသေးရင် နာမ်သဘောနဲ့ စပ်ပြီး ဖြစ်ရတဲ့ အပြုအမူတွေဟာ ဆိုလို့ရှိရင် ဘယ်လောက်ကောင်းကျိုး၊ ဆိုးပြစ်တွေ ပေးမလဲ ဆိုတာကို ချိန်ပြီးတော့ ကြည့်ရပါတယ်။ ချိန်ပြီးတော့ သိလို့ရှိရင် အဲဒီအသိလေးဟာ အဲဒီပုဂ္ဂိုလ်အတွက် အခြေခံတော်တော်လေး လုံလောက်သွားပါပြီ။

ဒါနနဲ့ သီလ မစွမ်းနိုင်

အဲဒီလို အသိဉာဏ်အခြေခံပြီးတော့ မတော်တာတွေ ရှောင်ရှားရမယ်ဆိုတာက ဒုစရိုက်တရားတွေ ရှောင်လိုက်တာပဲ။ ရှောင်လိုက်တော့ ကိုယ်၊ နှုတ်၊ စိတ်ထား အပြုအမူလေးတွေက သန့်ရှင်းသွားတယ်။ အဲဒီလို ရှောင်ကြဉ်ရတဲ့အခါမှာ လုံလဝီရိယ သိပ်မပါလှပါဘူး။ စာနာစိတ်ထားပြီးတော့ ညာညာတာတာနဲ့ ရှောင်ရတဲ့ သဘောပါပဲ။ အသိဉာဏ် အခြေခံပြီးတော့ စာနာတဲ့ ကြင်နာတဲ့ သဘောနဲ့ ရှောင်ကြဉ်ရတာပါပဲ။ စိတ်နေစိတ်ထားက ဘာမှ မယူးခြားသေးဘူး။ သူ့ထက် အဆင့်နိမ့်တဲ့ဒါနကုသိုလ်ကတော့ ကုသိုလ်ထဲက ဆို ပိုပြီး အဆင့်အတန်း နိမ့်ပါသေးတယ်။ ဒီတော့ စိတ်နေ စိတ်ထား မြင့်မား

http://www.dhammadownload.com

အောင်လို့ ဒါနကုသိုလ်နဲ့ သီလကုသိုလ်က မတတ်နိုင်သေးပါဘူး။ စိတ်နေ စိတ်ထားကို မြှင့်တင်ပေးဖို့ ဒီကမ္မတစ်ဆင့် ဆက်ပြီးတော့ သဘော မှန်တွေကို သိတဲ့ဉာဏ်တွေ အခြေခံက စပြီးတော့ အဆင့်ဆင့် အဆင့်ဆင့် မြင့်တက်သွား အောင် မြှင့်တင်ပေးဖို့ လိုပါတယ်။

ဘာဝနာ

လှူဒါန်းပြီးတော့ သီလသက်သက် ပြည့်စုံရုံမျှ ရှိတဲ့ပုဂ္ဂိုလ်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ မကင်းသေးပါဘူး။ စိတ်ထဲ ဖြစ်နေ တဲ့ ကိလေသာတွေ မျိုးအနေနဲ့ ကိန်းနေတဲ့ ကိလေသာတွေ မကင်းသေးပါ ဘူး။ စာနာစိတ် ထားပြီးတော့ ကြမ်းတမ်းတဲ့ ကိုယ်၊ နှုတ်၊ အပြုအမူတွေက ရှောင်ကြဉ်နိုင်ပေမယ်လို့ စိတ်တော့ ထိန်းလို့မရဘူး။ ဒေါသဖြစ်စရာ၊ မျက် စရာ၊ မုန်းစရာနဲ့တွေ့လို့ရှိရင် ဒေါသတွေ ဖြစ်ပြီးတော့ သတ်ဖြတ်ချင်တဲ့ စိတ် တွေ ပေါက်တယ်။ သူပိုင်ပစ္စည်းကိုလည်း မတရား ရလိုစိတ်တွေ ရှိတယ်။ ကိုယ်မပိုင်တဲ့ ကာမကိစ္စတွေမှာ မှောက်မှောက်မှားမှား ပြုတတ်တဲ့ စိတ်တွေ လည်း ရှိတတ်တာပဲ။ လိမ်ချင်၊ ညာချင်၊ ကောက်ချင်တဲ့ စိတ်ထားတွေလည်း ရှိတတ်တာပဲ။ အဲဒီလို စိတ်ထားတွေဟာ ကလေးဆန်တဲ့ စိတ်ထား၊ မသန့်ရှင်း တဲ့ စိတ်ထား၊ နိမ့်ကျတဲ့ စိတ်ထားတွေပဲ။ ဒီ စိတ်ထားကို မြှင့်တင်ပေးဖို့၊ စိတ်ကို နိမ့်ကျစေတတ်တဲ့ မသန့်ရှင်းစေတတ်တဲ့ လောဘ၊ ဒေါသဓာတ်တွေ ကင်း အောင် လုပ်ပေးဖို့လို ပါတယ်။ ဒီထဲကနေပြီးတော့ တစ်ဆင့် အမှန်တရား တွေကို သိတဲ့ဉာဏ်တွေကို အခြေခံကစပြီးတော့ မြင့်မားသွားအောင်၊ ပွား အောင် လုပ်ပေးဖို့ လိုတယ်။ အဲဒါကို ဘာဝနာလို့ ခေါ်ပါတယ်။ "အဓိကုသလံ ဘာဝေတီတိ ဘာဝနာ" လို့ ခေါ်တယ်။ အဓိကုသလံ-သာမန် ကုသိုလ်ထက် လွန်ကဲသော ကုသိုလ်ကို၊ ဘာဝေတီတိ - ဖြစ်ပွားစေ ပြည့်စုံစေတတ်သော ကြောင့် ဘာဝနာ မည်တယ်တဲ့။ 'ဘာဝနာ' လုပ်ရမယ်။

သမထအစွမ်း

အဲဒီဘာဝနာကလည်းပဲ သမထဘာဝနာနဲ့ ဝိပဿနာဘာဝနာလို့ နှစ်မျိုး ရှိပါတယ်။ သမထ ဘာဝနာဆိုတာက စိတ်တည်ငြိမ်ရုံမျှပေါ့လေ။ စိတ်

http://www.dhammadownload.com

စုစည်းမှု ရရုံမျှ ပြုလုပ်ရတဲ့ ဘာဝနာကိုတော့ သမထ ဘာဝနာ ခေါ်ပါတယ်။ အဲဒါက အခြားအခြား ဟိန္ဒူဘာသာဝင်တွေမှာလည်း ရှိပါတယ်။ ဒါပေမယ့်လို့ တကယ့် ရုပ်နာမ် အမှန်တရားတွေကိုတော့ သမထသက်သက်နဲ့ မသိပါဘူး။ အကျိုးမများဘူးလားဆိုတော့ အကျိုးများပါတယ်။ စိတ်ထဲမှာ ဖြစ်နိုင်တဲ့ ကိလေသာတွေကို သူက ထိန်းချုပ်ပေးတော့ စိတ်ကလေး တွေတော့ သန့်ရှင်းနေပါတယ်။ ဒါပေမယ့်လို့ ဉာဏ်မဖြစ်သေးဘူး။ အမှန်မမြင်သေးဘူးဆိုလို့ ရှိရင်လည်း အသိဉာဏ်က မဖြစ်တော့ အပါယ်လေးပါး အပါအဝင် သံသရာဝဋ်ဆင်းရဲက မလွတ်နိုင်သေးဘူး။

သူတိုနှစ်ဦး မခေကြပါ

သမထ ဘာဝနာ အားထုတ်လို့ သမာပတ် ၈-ပါး၊ ဒီကမှ တစ်ဆင့် ဆက်ပြီးတော့ အဘိညာဉ် ထူးခြားတဲ့ ဉာဏ်တွေ ရထားပေမယ်လို့ အမှန်တရားကို မတွေ့သေးရင်တော့ မြတ်စွာဘုရား အလိုတော်ကျက အရှုံးပဲ ရှိပါသေးတယ် ဆိုတဲ့ သာဓကလေးကို ပြောပါရစေ။ မြတ်စွာဘုရားဟာ ဘုရား ဖြစ်ပြီးပြီးချင်း ၄၉-ရက် အခု ဗုဒ္ဓဂယာခေါ်တဲ့ နေရာမှာ သီတင်းသုံးပြီးတော့ ဘယ်ပုဂ္ဂိုလ်ကို ရှေးဦးစွာ တရားဟောရပါ့မလဲလို့ ကြည့်တော်မူပါတယ်။ အဲဒီအချိန်က လူတွေမှာ လောဘ၊ ဒေါသ၊ ကိလေသာတွေ ထူပြောတော့ အင်မတန် လေးနက်တဲ့ အမှန်တရား ဟောကြားလိုက်လို့ရှိရင် လက်ခံနိုင်တဲ့ အခြေအနေရှိမှ ရှိပါ့မလားလို့ မြတ်စွာဘုရားက ကြည့်တော်မူပါတယ်။ မြင်တော်မူပါတယ်။ ဒီတော့ နောက်ဆုံး သူတရားကို လက်ခံနိုင်လောက်တဲ့ ပုဂ္ဂိုလ်ကြီး ၂-ဦး သွားတွေ့တယ်။ အဲဒီ ပုဂ္ဂိုလ်တွေကတော့ အခြားမဟုတ်ပါဘူး။ တောထွက်လာတဲ့ အခါ အမှန်တရားကို ရှာဖွေရင်းက အဲဒီပုဂ္ဂိုလ်တွေဆီမှာ အမှန်တရားရလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လောကီ သမာဓိ ဘာဝနာတွေကို နည်းခံခဲ့ဖူးပါတယ်။ အာဠာရနဲ့ ဥဒကရသေ့ကြီး ၂ ပါးပါပဲ။ အဲဒီပုဂ္ဂိုလ်ကြီး ၂ ဦးဟာ တစ်ဦးက သမာပတ် ၇ ပါး ရရှိပြီးတော့ အခြားတစ်ဦးက သမာပတ် ၈ ပါးလုံး ရရှိပါတယ်။ သမထဘက်က ပေါက်ရောက်နေတဲ့ ပုဂ္ဂိုလ်တွေပါ။ သိပ်ခေတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ အဲဒီပုဂ္ဂိုလ်တွေကို အမှန်တရား ဟောကြားဖို့

http://www.dhammadownload.com

မြတ်စွာဘုရား ရည်ရွယ်တော်မူပါတယ်။ အဲဒီမှာ မြတ်စွာဘုရား ဒီ ပုဂ္ဂိုလ်ကြီး ၂ ဦးကို ရွေးချယ်ရတာဟာ သူတို့ဟာ သမထနဲ့ ကိလေသာတွေကို ဝိက္ခမ္ဘနပဟာန် အနေနဲ့ ပယ်ထားလို့ တော်တော်လေး ဝေးကွာနေတယ်။ ရုတ်တရက် တရားဟောလိုက်လို့ရှိရင် တရားမြန်မြန် သဘောပေါက်နိုင်တယ်။ အမှန်တရားတွေ ချက်ချင်းသိနိုင်တယ်။ ဒါကြောင့်မို့လို့ အဲဒီပုဂ္ဂိုလ်နှစ်ဦးကို ရွေးချယ်ရတာပဲ။ အဲဒီ ပုဂ္ဂိုလ်ကြီး ၂ ဦးထဲက တစ်ဦးက လွန်ခဲ့တဲ့ ခုနစ်ရက် လောက်ကတည်းက ကွယ်လွန်နှင့်ပြီးတော့ တစ်ဦးကတော့ တစ်ရက်စောပြီးတော့ ကွယ်လွန်သွားပါတယ်။ သူတို့ရဲ့သမာပတ်တန်ခိုးနဲ့ ရုပ်မရှိတဲ့ နာမ်သက်သက် ဘုံမှာ သွားပြီးတော့ ဖြစ်တယ်။ ဒီတော့ မြတ်စွာဘုရားက "မဟာဇာနိယော ဝတဘော အာဠာရော ဥဒကော" အာဠာရ နဲ့ ဥဒက ရသေ့ကြီး ၂ ပါးဟာ ဆုံးရှုံးခြင်းကြီးမက ဆုံးရှုံးပြီတဲ့။ နစ်နာခြင်းကြီးမက နစ်နာသွားပြီတဲ့။ ဒီလို မြတ်စွာဘုရားက သံဝေဂ ယူတော်မူပါတယ်။

ဘာလို့ ဆုံးရှုံးရတာလဲ

အဲဒီအချိန်က အာဠာရနဲ့ ဥဒကရသေ့ကြီး ၂ ဦးတို့ဟာ သမထ ဘာဝနာတရားတွေကို ဌာနကြီးဖွင့်ပြီးတော့ ပြနေတာပဲ။ တပည့်တွေလည်း အများကြီးပဲ။ အဲဒီတော့ ဒီလိုဆရာကြီးတွေ ကွယ်လွန်သွားရာမှာ ဘာဖြစ်လို့ အကြီးအကျယ် ဆုံးရှုံးတယ်လို့ မြတ်စွာဘုရားက မိန့်ကြားရသလဲ ဆိုတာကို ပရိသတ်စဉ်းစားဖို့ပါပဲ။ သူတို့ဖြစ်တဲ့ဘုံက ရုပ်အလျင်း မရှိဘူးလေ။ မျက်စိ မရှိဘူး။ နားမရှိဘူး။ ဒီပြင် ရုပ်တွေလည်း မရှိဘူး။ မျက်စိမရှိတော့ ဘုရားလည်း မဖူးနိုင်ဘူးပေါ့။ နားမရှိတော့ တရားလည်း မကြားနိုင်ဘူးပေါ့။ လုပ်နည်း အမှန်တွေ ကြားနာရမှ ကျင့်နည်းအမှန်တွေကို ပြနိုင်တဲ့ပုဂ္ဂိုလ်ကို ဖူးတွေ့ရမှ၊ ကြားနာရမှ သဒ္ဓါတရားတွေဖြစ်ပြီးတော့ အမှန်တရားရအောင် တရားအားထုတ်ဖြစ်မှာပဲ။ ဘုရားလည်း မဖူးရဘူး။ တရားလည်း မနာကြားရဘူးဆိုတော့ သူတို့မှာ အမှန်တရားတွေရဖို့ ဘယ်အားထုတ်နိုင်တော့မလဲ၊ ဒါကြောင့်မို့လို့ ဆုံးရှုံးသွားတယ်လို့ မြတ်စွာဘုရားက အမိန့်ရှိတာပါ။ ပြီးတော့ သမထဘက်က

http://www.dhammadownload.com

ဘယ်လောက်ပဲ ပေါက်ရောက်အောင် အားထုတ်ပေမဲ့လို့ အမှန်တရား မသိသေးဘူးဆိုရင်တော့ မပြည့်စုံသေးဘူးဆိုတာ သိရပါတယ်။

အစွဲပြုတ်ဖို့

ဒီတော့ ပြည့်စုံအောင် ဘာလုပ်ရမလဲဆိုတော့ သမထဘာဝနာနည်းနဲ့ စိတ်ဓာတ်ကို တိုးမြှင့်ပေးလို့ တော်တော်လေး စင်ကြယ်တဲ့နောက်ပိုင်းမှာ အဲဒီထဲက အသိဉာဏ်တွေ ပေါ်ထွက်အောင် လုပ်ဖို့ အရေးကြီးပါတယ်။ ပညာဘာဝနာ၊ ဝိပဿနာ ဘာဝနာ အားထုတ်ဖို့ လိုပါတယ်။ သမထဘာဝနာသက်သက်ကတော့ စိတ်ထိန်းချုပ်ရုံပါပဲ။ အသိဉာဏ် အမှန်မမြင်ပါဘူး။ တကယ်အရှိ ရုပ်နာမ်အမှန်လည်း မသိဘူး။ မသိတော့ ပုဂ္ဂိုလ်သတ္တဝါ အစွဲလည်း မကင်းသေးဘူး။ ရုပ်နာမ်တရားတို့ရဲ့ ကြောင်းကျိုးဆက်ပုံလည်း မသိဘူး။ မသိတော့ ယုံမှားသံသယအမျိုးမျိုးတွေ ဖြစ်ပြီးတော့ အကြောင်းမဲ့ ဖြစ်တယ် ဆိုတဲ့အယူအဆမျိုးတွေ၊ ပြီးတော့ တစ်ဦးဦးက ဖန်ဆင်းလို့ ဖြစ်တယ်ဆိုတဲ့အယူအဆမျိုးတွေ ဒါတွေလည်း ဖြစ်နိုင်တာပဲ။ မမြဲမှု မသိသေးဘူးဆိုရင် မြဲတယ်ဆိုတဲ့ အစွဲတွေ မကျွတ်သေးဘူး။ ဆင်းရဲပုံ မသိသေးဘူးဆိုရင်တော့ ကောင်းစားချမ်းသာတယ်ဆိုတဲ့ အစွဲတွေ မကျွတ်သေးဘူး။ သူသဘော အတိုင်း သူ ရုပ်နာမ်လေးသပ်သပ် မတွေ့သေးဘူးဆိုရင် အတ္တစွဲ တွေလည်း မကင်းသေးဘူး။ ဒီကမ္မတစ်ဆင့် ဆက်ပြီးတော့ နောက်ဆုံး ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ကို မတွေ့သေးဘူးဆိုရင် တကယ့် ချမ်းသာစစ် ချမ်းသာမှန် သန္တိသုခလည်းပဲ မသိသေးပါဘူး။ မသိနိုင်ပါဘူး။ အဲဒီလို ရုပ်နာမ်အခြေခံ ပိုင်းခြားသိမှုကအစ နောက်ဆုံးရုပ်နာမ်ဆင်းရဲတို့ရဲ့ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သိဖို့ရန်အတွက် ဝိပဿနာ ဘာဝနာ၊ ပညာဘာဝနာ အားထုတ်ရမယ်တဲ့။ အဲဒါ လိုပါတယ်။

ရှေ့ဆက်သွားပါ

အနည်းဆုံး အဲဒီ ရုပ်နာမ်ဓမ္မချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုဖို့ ဆိုတဲ့ ရည်ရွယ်ချက်ထားရပါတယ်။

http://www.dhammadownload.com

အဲဒီ ရည်ရွယ်ချက်မြောက်ရေးအတွက် 'အာရမ္ဘ ဓာတု" အစပျိုး၍ ကြိုးပမ်းအားထုတ်မှုဝီရိယလေး ပျိုးခဲ့ရပါတယ်။ နောက် အခက်အခဲလေးတွေ တွေ့လာပြီဆိုရင် ကောသဇ္ဇခေါ်တဲ့ အပျင်းတရားကြောင့် လုပ်ငန်းပျက်ကွက်တတ်တယ်။ အဲဒီအခါကျလို့ရှိရင် အဲဒီ ကောသဇ္ဇက လွတ်မြောက်တဲ့အထိ တစ်ဆင့်တိုး၍ ကြိုးပမ်းအားထုတ်မှုလို့ ခေါ်တဲ့ "နိက္ကမဓာတု"၊ နောက် ကိုယ်မှန်းထားတဲ့ ရုပ်နာမ်ဆင်းရဲတို့ရဲ့ ငြိမ်းရာနိဗ္ဗာန်မရောက်မချင်း အဆင့်ဆင့် အဆင့်ဆင့်မြှင့်တင်ပေးတဲ့ 'ပရက္ကမ ဓာတု' ဇွဲရှိရမှာပဲ။ အဲဒီ ဝီရိယဓာတ် ၃ မျိုးထားပြီးတော့ ရည်မှန်းတဲ့ပန်းတိုင်ရောက်တဲ့အထိ ပညာဘာဝနာ ပြီးစီးဖို့ရန် ခုလတ်မှာ၊ ကြားထဲမှာ ရပ်မထားနဲ့။ ရှေ့ဆက်သွားပါတဲ့။ အဲဒီလို ဆက်သွားလို့ရှိရင် ပန်းတိုင် မရောက်မချင်း အားထုတ်တော့ နောက်ဆုံးပန်းတိုင်ရောက်သွားမှာပေါ့။ ရည်မှန်းတဲ့ ဘာဝနာအကျိုး ပြီးစီးမှာပေါ့။ နောက်ဆုံးပြီးသွားလို့ရှိရင် ဒီအငြိမ်းဓာတ်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မြင်လိုက်တော့ သဒ္ဓါတရားတွေလည်း ထူးထူးခြားခြား ထက်သန်လာမယ်။ ဝီရိယတွေလည်း ထူးထူးခြားခြား ထက်သန်လာမယ်။ သတိ၊ သမာဓိ ဒါတွေလည်းပဲ ထူးထူးခြားခြား ထက်သန်လာမယ်။ နောက် ပညာတွေလည်း ထူးထူးခြားခြား ထက်သန်လာမယ်။ အဲဒါ နောက်ဆုံး ဣန္ဒြေထက်ခြင်း ၉-ခုမြောက် အကြောင်းပါပဲ။

အခုပြောခဲ့တဲ့ သဒ္ဓါအစရှိတဲ့ ဣန္ဒြေထက်ကြောင်း ကိုးပါးကို တစ်ခုချင်းတစ်ခုချင်း ပြန်သုံးသပ်ကြည့်ကြပေါ့။ မိမိမှာ ဉာဏ်မတိုးတက်သေးဘူး ထင်လို့ရှိရင် တစ်ခုချင်း ပြန်သုံးသပ်ကြည့်တဲ့အခါမှာ လိုတဲ့ဟာတွေကို ဖြည့်လိုက်ရင် အသိပညာတွေလည်း တိုးတက်လာမှာပဲ။ သဒ္ဓါ အစရှိတဲ့ ဣန္ဒြေလည်း ကောင်းလာမှာပဲ။ ဒီတော့ ဉာဏ်နဲ့နဲ့တဲ့အခါမှာ တရားမတက်ဘူးလို့ ထင်တဲ့အခါမှာ လိုတဲ့အချက်ကလေးတွေ ပြန်သုံးသပ်ပြီးတော့ ဖြည့်ပါတဲ့။ ဖြည့်ပြီးတော့ အားထုတ်လို့ရှိရင် ခုန သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ခေါ်တဲ့ ကြီးစိုးမှုဣန္ဒြေတွေ ထက်သန်အားကောင်းလာမယ်လို့ ကျမ်းဂန်များက ဒီအတိုင်း ပြထားပါတယ်။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

သာဓု. . . . . သာဓု. . . . . သာဓု. . . . . ။

http://www.dhammadownload.com

ရဟန်းဘဝက လာတဲ့ နတ်သားရဲ့မေးခွန်း

ဒီနေ့ မနေ့က ပြောခဲ့တဲ့ ကျွန်ုပ်ထက်ကြောင်း ကိုးပါးထဲက နောက်ဆုံး ကိုးခုမြောက် ကျွန်ုပ်ထက်ကြောင်းကို ပြောပါမယ်။ လမ်းဆုံးမရောက် လက်မမြောက် တောက်လျှောက်သွားရမည် ဆိုတာလို ကိုယ့်ရည်မှန်းချက် ပန်းတိုင် မရောက်မချင်း တောက်လျှောက် ပရက္ကမ ဝီရိယ အဆင့်ဆင့်နဲ့ သွားရမယ်။ သွားပုံလေးတွေကို ရှေးက ဝတ္ထုကြောင်းလေးနဲ့ တန်ဆာဆင်ပြီးတော့ ရှင်းပြ ပါရစေ။

ဗုဒ္ဓမြတ်စွာဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး တော်မူတုန်း ညသန်းခေါင်ယံအခါမှာ နတ်သားတစ်ဦးက နတ်သမီးအပေါင်း ခြံရံပြီးတော့ မြတ်စွာဘုရားထံ လာတယ်။ လူ့ပြည်လောက ရဟန်းဘဝနဲ့ နေစဉ်က တရားအားထုတ်လို့ တရားထူး မရပုံလေးတွေ၊ ဆက်လက်ပြီးတော့ တရားဘယ်လို ကျင့်သုံးရမယ်ဆိုတာကို မြတ်စွာဘုရားအား လျှောက်ထားပုံ၊ မြတ်စွာဘုရားက ဆက်လက်ပြီးတော့ အလုပ်ပေးတရား ညွှန်ကြားပုံလေး ပါပဲ။ အဲဒါကတော့ သံယုတ္တနိကာယ်၊ ဒေဝတာ သံယုတ်၊ အစ္ဆရာဂဏာ သုတ္တန် လေးနဲ့ ပြောမှာပါ။ မြတ်စွာဘုရားထံမှောက် ရောက်ရှိပြီးတော့ မြတ်စွာဘုရား ကို လျှောက်ထားပါတယ်။

"အစ္ဆရာဂဏာသယုံဌ်၊ ပိသာစဂဏာ သေဝိတံ၊
ဝနန္တံ့ မောဟနံ နာမ၊ ကထံ ယာတြာ ဘဝိဿတိ"

အဓိပ္ပာယ်ကတော့ မြတ်စွာဘုရား၊ သူရောက်ရာဖြစ်တဲ့ နတ်ပြည် လောကကြီးဟာ နတ်သမီးအပေါင်းနဲ့ ဆူညံလှပါတယ်တဲ့။ သူက နတ်သမီး တွေကို နတ်သမီးလို့ မယူဆဘူး။ ပိသာစ-ဆိုတော့ ပြိတ္တာမတွေလို့ ယူဆ တယ်။ ပြိတ္တာမတွေနဲ့ ပြည့်နှက်နေပါတယ်။ ပြိတ္တာမတွေရဲ့ ပျော်မြူးရာဌာနလို့ ဆိုလိုတာပေါ့လေ။ ဒီလို တင်ပြလျှောက်ထားပါတယ်။ နတ်သမီးတွေ တီးကြ၊ မှုတ်ကြ၊ သီချင်းဆိုကြ ဆူညံနေတော့ တရားသမား ဆိုရင် ဒီအသံကြောင့် တရားထဲမှာ စိတ်ဘယ်ဝင်စားနိုင်တော့မလဲ။

http://www.dhammadownload.com

ထွက်ပေါက်

တွေ့ပေါ့ပေါ့။ စိတ်ရှုပ်ထွေးပြီပေါ့။ ကာမဂုဏ် အာရုံတွေက ဝိုင်းရံပြီဆိုတော့ သူ အများကြီး စိတ်ရှုပ်ထွေးသွားတယ်။ ဒါကြောင့် "မောဟနံ နာမ" ဆိုတာ အများကြီး စိတ်ရှုပ်ထွေးစေပါတယ်ဘုရားတဲ့။ အရင်ကဆို လူပြည်လောက ကုသိုလ်ရေးမှာ ဝါသနာပါတဲ့ ပုဂ္ဂိုလ်များ နတ်ပြည်လောက ရောက်လာရင် အဲဒီကုသိုလ်တွေမေ့လျော့အောင်ပဲ ကာမဂုဏ်နဲ့ မူးမေ့ပြီးတော့ သွားနိုင်လောက်ပါတယ်တဲ့။ မောဟန ဆိုတာ တွေဝေစေတယ်။ ကုသိုလ် မေ့စေတယ်။ စိတ်ရှုပ်ထွေးစေတယ်တဲ့။ အဲဒီလို တင်ပြပါတယ်။ စိတ်လှုပ်ရှားစရာ ကာမဂုဏ်အာရုံနဲ့ မူးမေ့စရာဌာနထဲမှာ နေတယ်ဆိုတော့ သူကတော့ တော်တော်လေး အကျဉ်းအကျပ်မိနေတာပဲ။ အကျဉ်းအကျပ်မိနေတော့ ထွက်ပေါက် မတွေ့လို့ရှိရင် ထွက်ပေါက်ရှာပြီး လွတ်အောင်ပြေးရင်တော့ တော်တာပေါ့။ အဲဒီအကျဉ်းအကျပ်မိတဲ့ဟာကိုပဲ အကောင်းထင်ပြီး နစ်မြုပ်သွားလို့ရှိရင် ထွက်ပေါက်မရှိတော့ ဆင်းရဲတွေနဲ့ပဲ ကြုံမှာပေါ့။ ဒါပေမယ်လို့ သူကတော့ ထွက်ပေါက်ရှာတယ်။ ထွက်ပေါက် မတွေ့တော့ မြတ်စွာဘုရား သွားမေးတယ်။ အဲဒါ နတ်ပြည်လောက ရောက်လိုတဲ့ပုဂ္ဂိုလ်များ သတိထားဖို့ပဲ။ ဟိုရောက်မှ ကာမဂုဏ်တောထဲရောက်ပြီးတော့ ထွက်ပေါက် မတွေ့လို့ ရှိရင်တော့ အထက်တန်းကျတဲ့ကုသိုလ်တွေကို ပွားခွင့်မရဘူး။ နတ်ပြည်လောကကို ဉာဏ်ထူးမရှိလို့ လောလောဆယ်မမြင်ရဘူး ထားပါတော့။ အခု ကာမဂုဏ်ပေါတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ အင်မတန်ကြွယ်ဝတဲ့ အမေရိက တိုင်းပြည်ကြီးလို ကာမဂုဏ်လိုက်စားတဲ့တိုင်းပြည်တွေကိုပဲ ကြည့်ပေါ့။ ဘယ်လောက် ကာမဂုဏ်လိုက်စားတဲ့ ပုဂ္ဂိုလ်တွေ များသလဲ ဆိုတာ။ ပြီးတော့ ဒီ ကာမဂုဏ်တောထဲမှာနေတဲ့ပုဂ္ဂိုလ်တွေဟာ အမှန်တရားကို မတွေ့နိုင်လောက်အောင် အဲဒီ ကာမဂုဏ်တွေနဲ့ မူးမေ့ပြီးတော့ ဒီထဲမှာ နစ်မွန်းနေတာပဲ ကြည့်ပေါ့။

နတ်သားရဲ့ရဟန်းဘဝက

လူလောကမှာ ဒီလောက် ကာမဂုဏ်တွေ များနေလို့ရှိရင် နတ်လောကမှာ ဘယ်လောက်များနေမလဲဆိုတာ ခိုင်းဆကြည့်ဖို့ပါပဲ။ အဲဒါလေးကို နည်း

http://www.dhammadownload.com

နည်းလေး တိုးခဲ့ပြီး ပြောပါရစေ။ အခု ပြောတဲ့ မြတ်စွာဘုရားကို လျှောက်ထားတဲ့နတ်သားဟာ လူပြည်လောက နေစဉ်ကာလက မြတ်စွာဘုရား သာသနာမှာ ရဟန်းပြုပြီးတော့ ဆရာသမား ဝတ်ကြီးဝတ်ငယ်တွေ သီတင်းသုံးဖော်အပေါ်မှာ ဝတ်ကြီးဝတ်ငယ်တွေ ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်ပြီးတော့ ငါးဝါပြည့်မြောက်တဲ့အခါ သီတင်းကျွတ်လို့ ပဝါရဏာပြုပြီး ဝိနည်း အခြေခံတွေကိုလည်း လေ့လာပြီးတော့ ဝိနည်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သင်ကြားပြီးတော့ စိတ်ကြိုက်ကမ္မဋ္ဌာန်းယူပြီး တောထဲသွားပြီး တရားအားထုတ်တဲ့ ယောဂီပါ။ သူဟာ ဝါရိတ္တသီလခေါ်တဲ့ တားမြစ်ချက်တွေလည်း ပဲ ရှောင်ပြီးတော့ သီလနဲ့ပြည့်စုံပြီး ရဟန်းဝတ္တရား၊ ဆရာသမားအပေါ်၊ အချင်းချင်းအပေါ်ပြုရတဲ့ ဝတ္တရားတွေ ကျေကျေပွန်ပွန်နဲ့ ဖြည့်ကျင့်တယ်။ ဒါဟာ သာသနာမှာ အင်မတန်အရေးကြီးတဲ့ကိစ္စပဲ။ ပြီးတော့ ငါးဝါမပြည့်သေးခင်၊ ဝိနည်းမတတ်သေးခင် ဆရာနဲ့ ကင်းကွာမနေရဘူးလို့ ပြတယ်။ အဲဒီနည်းယူပြီးတော့ ဘုန်းကြီးတို့လူလောကမှာလည်း ဒီလိုတရားတွေ အားထုတ်ပြီဆိုရင် အချင်းချင်းအပေါ်မှာ ဝတ္တရားဆိုတာ ရှိရပါတယ်။ ပြီးတော့ တရားအားထုတ်မှုနဲ့ ပတ်သက်ပြီးတော့ အခြေခံရှုမှတ်ပုံကအစ မပြည့်သေးလို့ ရှိရင်လဲ မပြည့်စုံသေးပါဘူး။ အထူးအားဖြင့် လူတွေမှာ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလဆောက်တည် စောင့်ထိန်းထားတဲ့ သီလတွေ မပြည့်စုံလို့ရှိရင် တရားအားထုတ်လို့ မဖြစ်ဘူး။ ဒါလေးတွေကို နားလည်ဖို့ပါပဲ။ သူမှာက အခြေခံတွေ ပြည့်စုံသွားတယ်ဆိုတာကို စာကပြပါတယ်။ ပြီးတော့ သူမှာ ထူးခြားတဲ့ ဂုဏ်လေးတစ်ခု ရှိပါတယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အတုယူစရာပဲ။

နွားမကြီးနဲ့ သားလေး

ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ်ပေါ့လေ ပေါ့ပါးသော အသက်မွေးမှု ရှိတယ်တဲ့။ ပေါ့ပါးသော အသက်မွေးမှုဆိုတာ ဒီလိုတရားအားထုတ်ခြင်းကြောင့် ရနိုင်တဲ့ အကျိုးတွေကိုသာ ရှေးရှုတယ်။ တရားရရင် ပြီးပြီ။ ဒီပြင်ဟာတွေ အရေးမကြီးဘူးဆိုတဲ့စိတ်ထား အဲဒီစိတ်ထား၊ ရှိထားတော့ မလိုအပ်တဲ့ဟာတွေ မသုံးဘူး။ အပွကိစ္စ-ကိစ္စလည်း နည်းပါးတယ်။ ဟိုဟာ လုပ်ချင်၊ ဒီဟာ

http://www.dhammadownload.com

လုပ်ချင်တာမျိုးတွေ မရှိဘူး။ အကျိုးစီးပွားကို ရှေးရှုပြီးတော့ ကိစ္စတွေ နည်းပါးတာ။ အဲဒီလို နည်းပါးတာကို ပေါ့ပါးသော အသက်မွေးမှု ရှိတယ်လို့ ဆိုပါတယ်။ တရားအားထုတ်သူမှာ ဒီဟာ သိပ်အရေးကြီးပါတယ်။ အမျှားနဲ့ အားထုတ်တဲ့အခါ မလွှဲသာလို့ တာဝန်ကိစ္စတွေ ပေါ် ပေါက်လာပြီဆိုရင် ယောဂီဟာ နွားမိခင်ကြီးလို သဘောထားပြီးတော့ အလုပ်လုပ်ရပါတယ်။ နွားမိခင်ဟာ အချိန်တန်ကျတော့ စားကျက်မြက်ခင်းမှာ ဆင်းပြီးတော့ မြက်စားရတယ်။ အစာနဲ့ မကင်းနိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတော့ အစာစားရမှာပေါ့။ အစာမစားရင် မရပ်တည်နိုင်ဘူး။

ဒါပေမယ်လို့ သူသားလေးဟာ ငယ်ငယ်လေးဆိုတော့ သားကို စိတ်မချဘူး။ သားကိုခေါ်ပြီး မြက်သွားစားဖို့ ဆိုတာကလည်း အခက်ကြုံနေတယ်။ ဘယ်ဟာမှ လွှတ်ထားလို့ မဖြစ်ဘူး။ ဒီတော့ နွားမိခင်ကြီးဟာ သားကို စောင့်ရှောက်ရင်းက မလွှဲမကင်းသာတဲ့ မြက်စားရပြီ ဆိုလို့ရှိရင် မြက်လည်းစား သားလည်းကြည့်တဲ့နည်းနဲ့ လုပ်ရသလို ယောဂီဟာလည်း ဆရာသမားကိစ္စဖြစ်ဖြစ်၊ အမျှားကိစ္စဖြစ်ဖြစ် တာဝန်ကိစ္စတွေ ပေါ် ပေါက်လာလို့ ဆောင်ရွက်ရလို့ရှိရင် နွားသားလေးနဲ့တူတဲ့ တရားကိုလည်း ပြန်ကြည့်ရတယ်။ နွားမိခင်ကြီး မြက်စားရာက သားပြန်ကြည့်သလိုပေါ့။ တာဝန်တစ်ရပ် ဆောင်ရွက်နေတုန်းမှာ အမှတ်လည်း မလွတ်ရဘူး။ အမှတ်လည်း မှတ်နေရတယ်။ တာဝန်တစ်ရပ်လည်း ပြီးအောင် ဆောင်ရွက်ရတယ်။ ဒီတော့ နွားမကြီး မြက်စား သားကြည့်တဲ့နည်းနဲ့ လုပ်ရမယ်တဲ့။ အမှတ်လွတ်ပြီးတော့ မလုပ်ရဘူး။ ဒီလိုဆိုလိုတာပေါ့။ တကယ် တရားရလိုတဲ့ ပုဂ္ဂိုလ်ဟာ အချိန်ကိုလည်းပဲ ကန့်သတ်ဖို့ လိုပါတယ်။

ဝိပဿနာ သူရဲကောင်း

အဲဒီ ရဟန်းတော်ဟာ အချိန်ကို သူက အိပ်ချိန် မထားဘူး။ နေ့ဘက်ကတော့ တရားအမှတ်နဲ့ပဲ နေရတယ်ဆိုတာ အများသိပြီးသားပါပဲ။ ညဘက်ကို သုံးပိုင်း ပိုင်းလိုက်တယ်။ ပထမယာမ်ပိုင်း အားထုတ်နေတယ်။ နေ့လိုပဲ ဒါပေမဲ့ တစ်နေ့လုံးလည်း အားထုတ်ရတယ်။ ညဦးပိုင်းလည်း အားထုတ်ရတယ်ဆို

http://www.dhammadownload.com

တော့ ညအလယ်ပိုင်းမှာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်တော့ သက်သာရာရစေဆိုတဲ့အနေနဲ့ အပန်းဖြေတဲ့အနေမျိုးနဲ့ မြတ်စွာဘုရားက အိပ်ချိန် ခွင့်ပြုထားပါတယ်။ အဲဒီအိပ်ချိန်ရောက်တာတောင်မှ ရဟန်းဟာ ပမာဒပျက်ကွက်မှုကြောင့် ကိလေသာတွေ ဝင်မှာစိုးလို့ ခုတင်ကို ခေါက်ပြီးတော့ နေ့ရော၊ ညရော အစာနည်းနည်းလေးနဲ့ တရားအားထုတ်တယ်လို့ ဒီလိုရှိပါတယ်။ တရားနှလုံးအမြဲသွင်းနေတာပေါ့လေ။ ပေါ်တိုင်းပေါ်တိုင်း အာရုံတွေကို မလွတ်ရအောင် အမြဲမှတ်နေတော့တာပဲ။ ဒီလိုထုတ်ပြောရတာကတော့ ယောဂီတွေကို အိပ်ရာတွေ ခေါက်ထားဖို့၊ အစာငတ်ခံဖို့ ပြောလိုတာ မဟုတ်ပါဘူး။ ဒီရဟန်းဟာ တရားရရင် တော်ပြီ။ တရားရလို့ကတော့ ဘယ်လိုပဲဖြစ်ဖြစ် အားထုတ်မယ်ဆိုတဲ့ စိတ် တင်းတင်းရင်းရင်း အားထုတ်ပုံလေး ဘုန်းကြီးကဖော်တာပါ။ ဘုန်းကြီးတို့ကတော့ ဘုရားညွှန်ကြားတာထက်တော့ ပိုမပြောပါဘူး။ ညသုံးယာမ်ထဲက တစ်ယာမ်မှာ ပင်ပန်းမှုသက်သာအောင် အိပ်ရမယ်ဆိုတော့ နာရီပိုင်း ပိုင်းလိုက်ရင် ၄ နာရီပါပဲ။ ၄ နာရီအိပ်ရင် အိပ်ရေးဝပါတယ်။ အိပ်ရေးဝအောင် အိပ်ကြပါ။ အိပ်ရေးဝမှ အလုပ်လုပ်လို့ကောင်းတယ်။ ဒါပေမဲ့လို့ သတ်မှတ်ထားတဲ့ အချိန်ထက် မပိုစေနဲ့။ ပြီးတော့လည်းပဲ အစာနည်းနည်း စားရမယ်ဆိုတာတော့ မဟုတ်ပါဘူး။ ဝအောင်စား ဒါပေမယ်လို့ ဗိုက်တင်းပြီး ငိုက်မျဉ်းအောင် မစားနဲ့။ တရားအနှောင့်အယှက် ပြုအောင် မစားနဲ့။ ဒါဆို တော်ပါပြီ။ အဲဒီလိုအားထုတ်နေတဲ့အခါ ရဟန်းမှာ သူ့ရဲ့ ဝမ်းဗိုက်အတွင်းက အစာအာဟာရက နည်းတော့၊ မလုံလောက်တော့ အစာအိမ်နံရံချင်း တစ်ခုနဲ့တစ်ခုပွတ်တော့ လေတွေထပြီး ပွလာတာပေါ့။ အဲဒီလေတွေဟာ ဘယ်လောက်အထိ ပွလာလဲဆိုရင် ဒီလေတွေက မားလိုပဲ ထက်တယ်တဲ့။ အင်မတန်ထက်တဲ့မားနဲ့ လှီးလိုက်လို့ရှိရင် ပြတ်သွားသလို သူ့ရဲ့ကိုယ်တွင်းမှာ အစာကနည်းတော့ မားလိုထက်တဲ့လေတွေ ဖြစ်ပေါ်ပြီးတော့ အသက်သေအောင် ပြုလုပ်စစ်လိုက်တယ်။ အဲဒီလေက ဖြတ်လို့ အဲဒီရဟန်းဟာ ပျံတော်မူသွားတယ်လို့ ဆိုလိုပါတယ်။ သူဟာ ကိလေသာ မာရ်စစ် နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေရင်းကပဲ ကျဆုံးသွားတဲ့ ဝိပဿနာသူရဲကောင်းတစ်ပါးလို့ ဆိုရမှာပေါ့လေ။

http://www.dhammadownload.com

ရဟန်းလိုပဲ ထင်နေသေးတယ်

ဘယ်ပုဂ္ဂိုလ်မဆိုပေါ့ ရဟန်းဖြစ်ဖြစ်၊ ယောဂီဖြစ်ဖြစ် စကြံသွားနေတုန်း၊ ပြီးတော့ မှီပြီး ထိုင်ပြီးနေတုန်း၊ ပြီးတော့ ပရိသတ်အလယ်မှာ တရား ဟောနေတုန်း သေသွားလို့ ရှိရင် တိုက်ပွဲမှာ သေတဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်။ တိုက်ပွဲမှာ ကျဆုံးတဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်။ အဲဒီ ရဟန်းဟာ စကြံလျှောက်နေတုန်း အား က ပြတ်ပြီးတော့ လဲပြီး သေသွားတာကိုး။ ဒါပေမယ်လို့ သူဝိပဿနာဉာဏ်က အရဟတ္တဖိုလ်ပေါက်ရောက်နိုင်လောက်အောင် မထက်သန်သေးတော့ ရဟန္တာမဖြစ်သေးဘဲနဲ့ အဲဒီတာဝတိံသာနတ်ပြည်ရဲ့ဘုံဗိမာန် တံခါးဝမှာ ဒီက အိပ်ပျော်ပြီးတော့ နိုးလာသလို နတ်သား သွားဖြစ်ပါတယ်။ သူ့ရဲ့အဆင်းတွေ ကလည်း ရွှေရောင်တွေလို ဝါဝါဝင်းဝင်းနဲ့ အင်မတန်ကို ချောမောလှပတယ်လို့ စာအဆိုကလည်း ရှိပါတယ်။ တရားနဲ့သေသွားလို့ရှိရင်တော့ တရားမရ သေးတောင်မှ နတ်ပြည်ရောက်ဖို့ကတော့ သေချာပါတယ်။ ဒီတော့ နတ်ဘုံဗိမာန်အတွင်းက နတ်သမီးပေါင်းတစ်ထောင်ဟာ သူ့ကို တွေ့တော့ " ဟာ ငါတို့ရဲ့နတ်ဗိမာန် အရှင်သခင် နတ်သားတော့ ရောက်လာပြီ။ သွားရောက်ပြီးတော့ သူ့ကို ဖျော်ဖြေကြစို့" ဆိုပြီး နတ်တူရိယာတွေ ယူပြီးတော့ အဲဒီ နတ်သားကို ဝိုင်းရံကြပါတယ်တဲ့။ နတ်သားက အဲဒီအထိ လူပြည်က သေပြီး နတ်ပြည်ရောက်မှန်း မသိသေးဘူးတဲ့။ သေတယ် ဆိုတာကလည်း ဘာမှ ထူးဆန်းတာမှ မဟုတ်ဘဲ။ စိတ်ကလေး ဖတ်ခနဲ ဖြစ်ပြီး နောက်တစ်စိတ် ဖြစ်လာသလိုပဲ။ ဘာမှကြာတာ မဟုတ်ဘူး။ လက်ဖျစ်တစ်တွက်လောက်တောင် ကြာမှာ မဟုတ်ဘူး။ သူကိုယ်သူ ရဟန်းပဲ ထင်နေသေးတယ်တဲ့။ အဲဒီလို သူ ဝိုင်းရံထားတဲ့ နတ်သမီးတွေကို ကျောင်းအနီးအပါးလာကြတဲ့ အမျိုးသမီးတွေလို့ သူစိတ်ထဲ ထင်ပြီး ရှက်တာနဲ့မို့လို့ သူပခုံးပေါ်တင်ထားတဲ့ နတ်ဝတ်တန်ဆာကို သင်္ကန်း ထင်ပြီး နည်းနည်းရှက်သလိုလို ပြုံးပြီး သူတို့ကိုလည်း မကြည့်ဘဲနဲ့ စက္ခုန္ဒြေချပြီး နေလိုက်တယ် ဆိုတာပဲ။ အဲဒီ အမူအရာကြည့်ပြီးတော့ နတ်သမီးတွေက ရဟန်းနတ်သားပဲဆိုတာ တစ်ထစ်ချ တွက်လိုက်တယ်တဲ့။ သူမှာက ရဟန်းအမူအရာ ရှိနေတာကို။

http://www.dhammadownload.com

နတ်သားဖြစ်နေပါလား

ဒီတော့ နတ်သမီးတွေက ပြောပါတယ်။ "အရှင်နတ်သား၊ ဒီဟာ လူ့ပြည်လောက မဟုတ်ဘူး။ နတ်ပြည်လောကပါ။ သင်တရားအားထုတ်တဲ့ အခွိုန် မဟုတ်ဘူး။ နတ်စည်းစိမ်ချမ်းသာတွေကို ခံစားဖို့ပဲ"လို့ ဒီလို ဝိုင်းပြီး ပြောကြပါတယ်။ ဒါပေမဲ့ ဒီနတ်သားကတော့ ဘာမှ ဂရုမစိုက်ဘဲ ဒီအတိုင်းပဲ နေတာပါပဲတဲ့။ ဒီတော့ နတ်သမီးတွေက သူ့ကိုယ်သူ နတ်သားမှန်း မသိသေးဘူး၊ မရိပ်မိသေးဘူး အထင်ရောက်ပြီးတော့ နတ်တူရိယာတွေ အတီးအမှုတ်တွေ တီးကြ၊ မှုတ်ကြ၊ ကကြ၊ သီချင်းဆိုကြပေါ့လေ။ အဲဒီလို ပြုတာတောင်မှ ကိုယ်တော်မြတ်က လှည့်ပြီးမကြည့်ဘူးတဲ့။ ဒီတော့ နတ်သမီးတွေက ဘာလုပ်ရလဲဆိုတော့ နတ်ဘုံဗိမာန်ထဲက ကိုယ်လုံးပေါ်မှန်အကြီးကြီး သွားယူပြီးတော့ သူ့ရှေ့ ထောင်ပြလိုက်ရတယ်ဆိုပဲ။ အဲဒီတော့မှ မှန်ထဲမှာ သူ့အရိပ် ထင်ပြီး မြင်တော့မှ သြော် - ငါ ရဟန်း မဟုတ်တော့ပါလား၊ နတ်သား ဖြစ်နေပါလား ဆိုပြီးတော့ အဲဒီတော့မှ သူ နတ်သားမှန်း သိတော့တယ်ဆိုပဲ။ ဒီတော့ သမဏ နတ်သားက စဉ်းစားတယ်။ ငါဟာတဲ့ ဒီလိုဌာနမျိုး တောင့်တပြီးတော့ ရဟန်းတရားကို အားထုတ်တာ မဟုတ်ဘူးတဲ့။ အမြင့်မြတ်ဆုံး အရဟတ္တဖိုလ် ပေါက်အောင် ရည်မှော်ပြီးတော့ တရားအားထုတ်တာတဲ့။ တရားလက်စကလည်း ပါသွားတော့ ဒီကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေပေါ်မှာ သာယာမှု မဖြစ်ပေါ်ဘူး။ အဲဒီဟာတွေနဲ့ပဲ သူ စိတ်ပျက်ပြီးတော့ နေတာပေါ့လေ။

ဘုရားပွင့်ဖို့ ခဲယဉ်းတယ်

လူ့ပြည်လောကက တရားမှတ်ပြီး နတ်ပြည်လောက ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ တရားအထုံ တရားစိတ်လေး မပျောက်ပုံပေါ့။ တရား အလေ့အလာ မပါရင်တော့ အကြိုက်ဖြစ်သွားမှာပေါ့။ နတ်သမီးတွေကလည်း တစ်ထောင်၊ ဒီဘုံဗိမာန်ကြီးကလည်း အင်မတန် ခမ်းနားတော့ သိပ်ပျော်မှာပဲ။ အခုတော့ သူ့ခမျာ မပျော်နိုင်ရှာဘူး။ အဲဒီဟာ စဉ်းစားပေါ့။ ဒီတော့ သူက မိမိဟာတဲ့ ရွှေတံဆိပ်ချန်ပီယံ ရရှိရေးအတွက် လက်ဝှေ့ပွဲမှာ ဝင်ထိုးတာတဲ့။

http://www.dhammadownload.com

ရွှေတံဆိပ် ချန်ပီယံမရဘဲ ဟင်းရွက်လက်တစ်ဆုပ်သာ ရတဲ့ ငါဘဝပါလား ဆိုပြီး ဘဝအပေါ် မှာလည်း အတော်ရွံမုန်း စက်ဆုပ်သွားတယ်။ တရား လက်စက မပျောက်သေးတော့ သူက ဆက်လက်ပြီးစဉ်းစားတယ်။ ဒီလို နတ် ပြည်စည်းစိမ်ဆိုတာ ရလွယ်ပါတယ်တဲ့။ "သင်္ဂသမ္မတ္တိ နာမ သုလဘာ" တဲ့။ ဘာမှ ခဲယဉ်းတာမှ မဟုတ်ဘဲ။ 'ဒုဒ္ဒါနံ ပါတုဘာဝေါ ဒုလ္လဘော" တဲ့ မြတ်စွာ ဘုရားများ ပွင့်တော်မူရာကာလ ကြုံကြိုက်ရတာက ရခဲပါတယ်တဲ့။ ရှားပါးပါ တယ်တဲ့။ ဒီတော့ အဲဒီလို စဉ်းစားပြီးတော့ သူက နတ်ဘုံဗိမာန်ထဲ မဝင်သေး ဘဲ၊ သီလမပျက်စီးသေးဘဲ နတ်သမီးအပေါင်း ခြံရံပြီးတော့ မြတ်စွာဘုရားဆီ လာရောက်ပြီး ခုန ပြောခဲ့တဲ့အတိုင်း ဂါထာလေးနဲ့ မြတ်စွာဘုရားကို လျှောက် ထားတာပါ။ အဲဒီ နတ်ဘုံဗိမာန်ထဲ မဝင်တာ သိကြလား။ ဝင်လိုက်လို့ ရှိရင် တော့ သူ့သီလတွေ ပျက်သွားမှာပေါ့။ သီလမပျက်ခင် သီလအခြေတည် ပြီး အသိဉာဏ်တွေ ပေါ် ထွက်အောင် လုပ်ဦးမယ်။ တရားကို သိပ်အလေးပေး တာ အလွန်တော်တယ် ခေါ် ရမှာပါပဲ။ သီလပျက်စရာ ရှိတာတောင်မှ အလွန် ကြီးကို စောင့်စည်း စိတ်ချုပ်တည်းပြီးတော့မှ တရားရရေး ရှေးရှုတယ်ဆိုတာ နည်းယူစရာ ဘယ်လောက်ကောင်းလဲ။ အမျိုးသမီးတွေဘက်က ကြည့်လို့ ရှိရင် အင်မတန်ချောလှတဲ့ နတ်သမီးတွေ ဖြစ်ပါလျက်ကယ်နဲ့ ဒီ နတ်သားက ဘီလူးမတွေ ဆိုပြီး ပြောတာ တော်တော်နာစရာကောင်းတယ်။ ဘာဖြစ်လို့ ဒီလို ပြောရသလဲဆိုတာတော့ နောက်နေ့မှပဲ ဆက်ပြီး ပြောရသေးတာပေါ့။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

သာဓု. . သာဓု. . သာဓု။

ဘီလူးမတွေ

သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ် အစ္ဆရာဂဏ သုတ္တန် ထုတ်ပြီး တော့ သမဏနတ်သားအကြောင်း ထည့်သွင်းပြီး ကျမ်းဂန်ရှိတဲ့အတိုင်း ဘုန်းကြီးများ ပြောသွားပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ လူပြည်လောက နေစဉ် ကာလက ရဟန်းဘဝနဲ့ အရဟတ္တဖိုလ်ပေါက်ရောက်ရေး ရှေးရှုပြီးတော့ ဘဝ အပြတ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြင်းပြင်းထန်ထန် အားထုတ်လို့ အစာ ပြတ်တာ

http://www.dhammadownload.com

နဲ့မို့လို့ ရည်မှန်းတဲ့ ပန်းတိုင်မရောက်ဘဲနဲ့ နတ်ပြည်ရောက်သွားတာ ရည်ရွယ်တာကတော့ အရဟတ္တဖိုလ်ပေါက်ပဲ။ ဒါပေမဲ့ သူရတာကတော့ ကာမဂုဏ် ပေါတဲ့နေရာဌာနရတယ်ဆိုတော့ သူ့အထင်နဲ့ မကိုက်ရင် သူ့စိတ်ထဲမှာတော့ နည်းနည်းလေးမှ ကျေနပ်မှာ မဟုတ်ပါဘူး။ အရဟတ္တဖိုလ်ပေါက် မရသမျှတော့ အခြားလောကီ စည်းစိမ်ချမ်းသာတွေအပေါ် အထင်တစ်မျိုး ဖြစ်မှာပါပဲ။ ဒါသေချာပါတယ်။ ဥပမာအားဖြင့် ဒေါ်လာတစ်ထောင် ရလိုတဲ့ ပုဂ္ဂိုလ်ဟာ ဒေါ်လာတစ်ထောင်ရရှိရေးအတွက် သူမှာ အရည်အချင်းလည်း ရှိနေပါတယ်။ ရှိတဲ့အလျောက်လည်းပဲ ဒေါ်လာတစ်ထောင်ရရှိဖို့ ကြိုးစားတယ်။ ဒါပေမဲ့လို့ အကြောင်းအားလျော်စွာ သူတာဝန်တစ်ရပ် မပြည့်လို့ ဒေါ်လာတစ် ထောင်မရပဲ တစ်ရာလောက် ငါးဆယ်လောက်သာ ရတယ်ဆိုရင် နည်းနည်းမှ ကျေနပ်မှာ မဟုတ်ဘူး။ ဒီလို မကျေနပ်တာဟာ သူ လုပ်အားပေးသလောက် ရရှိတဲ့ ဒေါ်လာတစ်ရာနဲ့ ငါးဆယ်အပေါ်မှာ အထင်အမြင်သေးတာ မဟုတ်ပါဘူး။ သူက မျှော်မှန်းထားတာ တစ်ထောင် မျှော်မှန်းထားတာ သူ့အရည်အချင်းကလည်း သူက နားလည်ထားတယ်။ နားလည်ထားတော့ ဒီလောက်ရတဲ့အပေါ်မှာ အထင်မြင်သေးတာ မဟုတ်ဘဲနဲ့ သူ့ကိုယ်သူ မကျေနပ်တာ၊ အားမရတာ အဲဒီလိုအနေနဲ့ ပြောတာပါ။ ဒါကြောင့်မို့လို့ ဒီလောက် ချောမောလှပတဲ့ နတ်သမီးတွေဆိုတဲ့ အနေနဲ့ မဟုတ်ဘဲ ဘီလူးမတွေလို့ ဒီလို သူ့စိတ်ထဲမှာ ထင်တဲ့အတိုင်း ပြောတာပါ။

အနှောင့်အယှက်

ဒီလောက် ပျော်စရာကောင်းတဲ့ နတ်ပြည်ကြီးကိုလည်းပဲ တရားသမားတွေအနေနဲ့ဆိုရင် အင်မတန်စိတ်တွေဝေ ရှုပ်ထွေးစရာကောင်းတယ်။ နန္ဒဝန်လို့ ဒီလိုမသုံးဘဲနဲ့ "မောဟန" လို့ ဒီလိုပြောင်းပြန်သုံးတာဟာ သဘာဝ ကျပါတယ်။ ပြီးတော့ တရားအလေးပြုတဲ့ပုဂ္ဂိုလ်ဟာ ဆူတာ ညံတာတွေ၊ လောကီလူမှုကိစ္စတွေ ရှုပ်ရှက်ခပ်နေတဲ့နေရာ ရောက်သွားမယ်ဆိုရင် သူ့ရဲ့ စိတ်ထားဘယ်လိုဖြစ်သွားမယ်ဆိုတာ တရား အတော်လေး အခြေကျကျ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေ စာနာ စဉ်းစားကြည့်လို့ရှိရင် ဒီဟာကို ကောင်းကောင်း

http://www.dhammadownload.com

သဘောပေါက်ပါတယ်။ အဲဒါတွေ မဆိုထားနဲ့။ အခု တရား ထိုင်တဲ့ ဓမ္မာရုံ အတွင်းမှာပဲ ကိုယ်က ရိုရိုသေသေနဲ့ ပေါ်ရာလေးတွေပေါ်ဆဲ လိုက်ပြီး တော့ ရှုမှတ်လို့ စိတ်တည်ငြိမ်မှုရတဲ့အခါ ဘေးက ကိုယ့်အနီးအပါးကအသံလေး တွေ၊ အဝတ်သံလေးတွေ၊ ခြေသံလေးတွေ ဒီလောက်ကြားရင်လည်း ဘယ် လောက် အနှောင့်အယှက် ဖြစ်သလဲလို့ တွေးကြည့်။ ချက်ချင်းပဲ သူ မကျေနပ် ဖြစ်သွားတာပဲ။ ဟိုပုဂ္ဂိုလ်က အရဟတ္တဖိုလ်ပေါက် ရရှိရေးအတွက် ရည်မှော်ပြီးတော့ တရားအားထုတ်တာပါ။ အခုဘုန်းကြီးတို့ယောဂီတွေက အဲဒီ လောက် ရည်မှန်းတဲ့ ပုဂ္ဂိုလ်ပါရင်လည်း ပါမှာပါပဲ။ ဗဟုသုတအဖြစ်အနေနဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ပါရင်လည်း ပါမှာပါပဲ။ ဒါပေမဲ့လို့ နားလည် မှုချင်း တူတာကတော့ စိတ်တည်ငြိမ်မှုနဲ့ ကိုယ်ထဲက အမှန်တရားတွေ သိမှု ပညာတရားတွေ ဖြစ်ရေးမှာ ဆိတ်ငြိမ်မှုဟာ တကယ်လိုအပ်တယ်ဆိုတဲ့ အသိ ချင်းကတော့ တူလိမ့်မယ်။ ဘုန်းကြီးဟာ အခု ယောဂီတွေ တရားစစ်နေတာ သိပါတယ်။ ယောဂီတွေ ပြောပြကြပါတယ်။ သူတို့ အိပ်ခန်းထဲမှာ ထိုင်ပါရစေ တဲ့။ ဘာဖြစ်လို့တုံးဆိုတော့ အသံမြည်လို့ပါတဲ့။ ဒီနေ့တောင် ယောဂီ တစ် ယောက် ဘုန်းကြီးကို လျှောက်ပါသေးတယ်။ နည်းနည်း အသံလေးတွေက မြည်တယ်တဲ့။ သူနေရာ ထိုင်ပါရစေတဲ့။ ဘုန်းကြီးက သူနေရာ ထိုင်ပါလို့တော့ မပြောပါဘူး။ သမာဓိ၊ ပညာဖြစ်တဲ့ နေရာဟာ အဆင်ပြေတာပဲလို့ သင့်တော် လိုအပ်သလို ထိုင်နိုင်ပါတယ်လို့ ဒီလိုပဲ ဖြေလိုက်ပါတယ်။ တချို့အမှတ် ကောင်းတဲ့ယောဂီတွေဆိုရင် သူ့ နေရာသူ ထိုင်ချင်ကြတယ်။ ဒါပေမဲ့ စံပြ အနေနဲ့ ဒီမှာပဲ လာပြီးတော့ ထိုင်ပါလို့ ဘုန်းကြီးက သူတို့ကို အားပေးရတယ်။ အဲဒီလိုတောင် ရှိပါတယ်။ ဒီလောက် ကြမ်းနင်းသံလေးတွေတောင် ဘုန်းကြီး ဆီလာပြီး တောင်းဆိုကြတာ ရှိပါတယ်။ ဘာမှ ပြင်းထန်တဲ့အသံ မဟုတ်ပါ ဘူး။

ဘေးလွတ်ရာ လမ်းစဉ်

သူဟာ လူပြည်ကနေပြီးတော့ နတ်ပြည်ရောက်ကာ ဘဝခြားသွားတယ် ဆိုပေမယ်လို့ ဒီကစုတိစိတ်ကလေး ဖြစ်ပြီး ပျက်သွားတာနဲ့ပဲ ဟိုမှာ ပဋိသန္ဓေ

http://www.dhammadownload.com

ဆိုတာ ဖြစ်တာပဲ။ စက္ကန့်ပိုင်းကလေး ရောက်သွားတော့တာပဲ။ ပြီးတော့ သူဟာ အရိယာမဂ်ဖြစ်ပြီး တကယ်ကိန်းသေ ဖိုလ်အကျိုးပေးနိုင်တဲ့ တရားအပေါ်မှာ စိတ်အမြဲတမ်း ညွှတ်ကိုင်းပြီးထားတာဖြစ်တော့ သူထင်တဲ့အတိုင်းမဖြစ်တော့ နတ်သမီးတွေရဲ့အလို မလိုက်နိုင်ဘူး။ အလိုမလိုက်နိုင်တော့ သူတို့ကို လူမှုရေးအရ ချိုချိုသာသာ ပြောမနေနိုင်တော့ဘူး။ ဘီလူးမ တစ်စုပဲလို့ ဒီလိုပဲ ပြောတယ်။ အင်မတန် ပျော်စရာကောင်းတဲ့ နန္ဒဝန် ဥယျာဉ်ကြီးကလည်း စိတ်ကို တွေဝေစေတတ်တဲ့ တရားအနှောင့်အယှက်ပေးတတ်တဲ့ 'မောဟန'ပဲလို့ ဒီလိုပြောတာ သိပ်သဘာဝကျပါတယ်။ အမှန်ကတော့ ဒီလိုပြောရတာဟာ ဘုံဌာနကိုလည်းပဲ နှိမ့်ချတာ မဟုတ်ပါဘူး။ အဲဒီဘုံဌာနမှာ ရောက်နှင့်နေတဲ့နတ်သမီးတွေကိုလည်းပဲ နှိမ်ချတာ မဟုတ်ပါဘူး။ တရားကို အလေးပြုတော့ ကိုယ့်ကို ကိုယ်လေးစားတဲ့အနေနဲ့ သူတို့ အလိုမလိုက်ချင်လို့ ပြောတယ်ဆိုတာ ကျမ်းဂန်များမှာ ဖြေရှင်းထားပါတယ်။ အဲဒီလို အကျဉ်းအကျပ်မိနေတော့ မြတ်စွာဘုရားကို လျှောက်ထားပါတယ်။ "ကထံ ယာတြာ ဘဝိဿတိ"။ ဘေးလွတ်ကင်းရာအကျင့်လမ်းစဉ် အမှန်က ဘာပါလဲတဲ့။ ဒီဘေးလွတ်ကင်းရာနေရာကို တပည့်တော်ရောက်လိုပါတယ်ဘုရားလို့ ဆိုပါတယ်။ ဆိုလိုတာကတော့ သူမှန်းတာက ရဟန္တာဖြစ်တဲ့အထိ မှန်းတာပဲ။ အဲဒီ အရဟတ္တမဂ်ရဲ့ အနီးဆုံးအကြောင်းဖြစ်တဲ့ ဝိပဿနာတရား ဟောပြတော်မူပါလို့ ဒီလို မြတ်စွာဘုရားကို လျှောက်ထားတဲ့သဘောပါ။

သီလ စဟောမှာပဲ

အဲဒီအခါမှာ မြတ်စွာဘုရားက ဩော် ဒီနတ်သားဟာ ကိလေသာတွေ အတော်ခေါင်းပါးအောင် ကိလေသာတွေ ပြုတ်သွားအောင် တကယ် အားထုတ်လိုတဲ့ နတ်သားပဲ။ သူ့ရဲ့အခြေအနေ ဘယ်လိုနေပါလိမ့်လို့ ဆင်ခြင်ကြည့်တဲ့အခါမှာ မိမိရဲ့သာသနာတော်မှာရဟန်းအဖြစ်ခံယူပြီးတော့ အကျင့်လွန်လို့ နတ်ပြည်လောကမှာ ဖြစ်သွားတဲ့ နတ်သားပဲ။ ယနေ့အထိလည်းပဲ သူမှာ ဘီလတွေမပျက်စီးသေးဘဲနဲ့ ဒီကိုရောက်လာတာပဲလို့ ဆင်ခြင်မိတော်မူပါတယ်။

http://www.dhammadownload.com

ဒီတော့ မြတ်စွာဘုရားက "ဥဇုကော နာမ သော မင်္ဂါ အဘယာ နာမ သာ ဒိသာ" ဆိုတဲ့ အလုပ်ပေးတရား ဆက်ပြီးတော့ ပေးပါတယ်။ နတ်သား၊ သင် လူပြည်လောကမှာ ရဟန်းဘဝနဲ့နေစဉ်က ငါဘုရားညွှန်ကြားတဲ့အတိုင်း အားထုတ်တဲ့ အကျင့်လမ်းစဉ်သာ သင့်အတွက် ဘေးကင်းရာဌာန ရောက်ဖို့ လမ်းဖြောင့်ကြီးပဲတဲ့။ ဒီလမ်းဖြောင့်ကြီးအတိုင်း လျှောက်လို့ရှိရင် ဘေးကင်းတဲ့ 'အဘယ' ခေါ်တဲ့ နိဗ္ဗာန် ဧကန်မုချရောက်မှာပဲ ဆိုတာ ပထမ စပြီး တရားပေးပါတယ်။ ဒီနေရာဌာနမှာ မြတ်စွာဘုရား တရားပေးပုံက တစ်မူထူးခြားနေပါတယ်။ တကယ်လို့ လူပြည်လောကက တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်ကို မြတ်စွာဘုရားထံမှောက် ချဉ်းကပ်ရင် သီလစဟောမှာပဲ။ နောက် သမာဓိကျင့်ဖို့ နောက် ပညာကျင့်ဖို့ဟောမှာပဲ။ အခြေခံအနေနဲ့ဆိုရင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ရှိဖို့ဆိုတာ ဒီလို စဟောတယ်။

အခုဒီမှာ နတ်သားကို ဟောတာ သင်လူပြည်လောက အားထုတ်စဉ်က အားထုတ်ခဲ့တဲ့ အကျင့်လမ်းစဉ်ပဲဆိုတာ တိုတိုလေးနဲ့ ပြောတာ သိပ် ထူးဆန်းတာပေါ့။ သဘောကတော့ မြတ်စွာဘုရားတို့မည်သည်မှာ တရားအလေ့အကျင့် မရှိဖူးသေးတဲ့ ပုဂ္ဂိုလ်ကို ပန်းခိုသင်တဲ့အခါ စုတ်တံတောင်မှ မကိုင်တတ်သေးတဲ့ပုဂ္ဂိုလ်ကို ပထမဆုံး ပန်းခိုကားချပ်နောက်ခံကိုပြရတယ်။ ဒါမှ သဘာဝကျတာ။ မြတ်စွာဘုရားဟာလဲ ဒီအတိုင်းပဲ ဘာမှ အားမထုတ်သေးတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ ခုနပြောတဲ့အတိုင်းပဲ ပထမ သီလပြည့်စုံအောင် လုပ်၊ စိတ်တည်ငြိမ်အောင် သမာဓိကျင့်၊ နောက်မှ ပညာဘာဝနာကျင့် ဒီလို အဆင့်ဆင့်ကျင့်သုံးခြင်းကြောင့် ရနိုင်တဲ့အကျိုးတွေကို သိနားလည်တဲ့ ကမ္မ ဿကတာ သမ္မာဒိဋ္ဌိ ရှိပါလို့ အခြေခံဟောပြောလေ့ ရှိတယ်။ အခု ဒီရဟန်း ကတော့ တကယ်လက်တွေ့ မြတ်စွာဘုရားဆိုဆုံးမတဲ့အတိုင်း အားထုတ်တဲ့ ကာရကပုဂ္ဂိုလ် ဖြစ်နေတော့ အရဟတ္တဖိုလ်ရခြင်းရဲ့ အနီးဆုံးအကြောင်း ဝိပဿနာတရားကိုပဲ ဆက်လက်ပြီးတော့ ဟောတာပါပဲ။

မဂ္ဂင်ရထားကြီး

ဒီနေ့ မြတ်စွာဘုရားဟောတဲ့ တရားဒေသနာလေးကိုပဲ ချုပ်ပြီးတော့ ပြောပါရစေ။ နောက်နေ့ကျမှ လုပ်ငန်းစဉ်တွေ တစ်ခုချင်း တစ်ခုချင်း ထည့်သွင်းပြီးတော့ ရှင်းပါမယ်။

http://www.dhammadownload.com

မြတ်စွာဘုရားဆက်ပြီး အမိန့်ရှိပါတယ်။ "ရထော အကူဇနာ နာမ ဓမ္မ စက္ကေဟိ သံယုတော" တဲ့။ နတ်သား၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားဟာ ဘေးမဲ့ရာ နိဗ္ဗာန်ကို သွားဖို့ရာ ရထားကြီးပါတဲ့။ အဲဒီရထားကြီးဟာ အသံမမြည်ဘူးတဲ့။ လောကမှာ ရထားတွေ မော်တော်ကားတွေဆိုတာ တန်သလောက်ပဲ စီးလို့ရ တာ။ ဝင်ရိုးမှာ ဆီမရှိရင် အသံမြည်တယ်။ လူတွေများများ တက်စီးရင်လည်း တကျိကျိနဲ့ အသံမြည်နေတာပဲ။ အခု ငါဘုရားတည်ထောင်ထားတဲ့ မဂ္ဂင် ရှစ်ပါးရထားကြီးကတော့ ဘယ်လောက်ပဲစီးစီး အသံမမြည်ဘူးတဲ့။ တရား တစ်ပွဲတစ်ပွဲမှာဆိုရင် ထောင်နဲ့သောင်းနဲ့ သိန်းနဲ့သန်းနဲ့ ကုဋေနဲ့ ချီပြီးတော့ ကျွတ်တန်း ရသွားတာ။ ဒီမဂ္ဂင်ရထားကြီးပေါ်မှာပဲ တက်စီးတာ အသံမြည် တယ် မရှိဘူးတဲ့။ အဲဒီလို မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ရထားကြီးနဲ့ ဥပမာ ပေးပါတယ်။

ဘီး ၂ ဘီး

ပြီးတော့ အဲဒီမဂ်ရထားမှာလည်း ဘီးနှစ်ဘီး ရှိပါတယ်တဲ့။ ဟိုခေတ်က တော့ ရထားတွေမှာ အများအားဖြင့် ဘီးနှစ်ဘီးပဲ ရှိပါတယ်။ ဘုရင်တွေသုံး တဲ့ စစ်ရထားတွေမှာလည်း ဘီးနှစ်ဘီးပဲ ရှိပါတယ်။ အဲဒီမဂ်ရထားမှာတော့ တခြားမဟုတ်ပါဘူး။ ကာယိက ဝီရိယတစ်မျိုးနဲ့ စေတသိက ဝီရိယတစ်မျိုး ပါပဲ။ ကာယိက ဝီရိယဆိုတာက သွား၊ ရပ်၊ ထိုင်၊ လျောင်း ကွရိယာပုတ် လေးမျိုးစလုံး၊ ကွရိယာပုတ်အသေးစားလေးတွေကို ဖြစ်စေနိုင်တဲ့ အမူအရာ တွေကို ဖြစ်စေနိုင်တဲ့ ရိုးရိုးဝီရိယကို ကာယိက ဝီရိယ လို့ ခေါ်ပါတယ်။ ပြီးတော့ မိမိစိတ်အစဉ်မှာ ကိလေသာတွေ မဝင်အောင်လို့ ကိုယ်ထဲက ပေါ် သမျှတွေ ပေါ်ဆဲပေါ်ဆဲမှာ တစေ့ရှုနေအတွက် အမြဲမပြတ် ကြောင့်ကြစိုက် နေတဲ့ဝီရိယကို စေတသိက ဝီရိယလို့ ခေါ်ပါတယ်။ ကာယိက ဝီရိယက ဘီး တစ်ဘီး၊ စေတသိက ဝီရိယက ဘီးတစ်ဘီး ဘီးနှစ်ဘီး တပ်ဆင်ထားတယ်။ ရထားတို့မည်သည်မှာ ဘီးပါမှ လည်မယ်၊ လည်မှလည်း လိုတဲ့ခရီးကို မောင်း လို့ ရပါတယ်။ ဝီရိယဘီးနှစ်ဘီးလည်းပဲ တပ်ပြလိုက်ပါတယ်။

http://www.dhammadownload.com

ဘီး ၂ ဘီးလည်ပုံ

သိသာရုံ ပုံစံထုတ်ရရင် ဆိုကြပါစို့။ စကြိုလျှောက်တဲ့အခါ ကြွတဲ့ အမူအရာလေးတွေ၊ လှမ်းတဲ့အမူအရာလေးတွေ၊ ချတဲ့အမူအရာလေးတွေကို ဖြစ်စေနိုင်တာဟာ ကာယိက ဝီရိယပဲ။ ဒီကြွမှု၊ လှမ်းမှု၊ ချမှုခေါ်တဲ့ အမူအရာလေးတွေကို ပထမဆုံးဖြစ်စေတဲ့ ဝီရိယက ကာယိက ဝီရိယလို့ ခေါ်တယ်။ ကြွချင်တဲ့စိတ်ကလေးတွေကအစ ကာယိကဝီရိယကြောင့် အဆင့်ဆင့် ဖြစ်ပေါ်လာတဲ့ ကြွရုပ်အမူအရာ လှမ်းရုပ် ချရုပ်အမူအရာလေးတွေကို အမြဲ မပြတ် စွဲမြဲစွာ ရှုမှတ်နိုင်အောင်လို့ စိတ်အားစိုက်တဲ့သဘောကို စေတသိကဝီရိယခေါ်တယ်။ စိတ်အစဉ်မှာ အညစ်အကြေးတွေ မဝင်စေရဘူးဆိုတဲ့ အနေနဲ့ အထူးပြင်ဆင်ပြီးတော့ ကြောင့်ကြစိုက်နေတာကို စေတသိကဝီရိယလို့ခေါ်တယ်။ ကာယိက ဝီရိယကလည်း တစ်ဘီးလည်နေပြီ၊ စေတသိက ဝီရိယလည်း တစ်ဘီးလည်နေပြီ၊ ကာယိက ဝီရိယ တစ်ဘီးက ဘာလို့ပြောရသလဲဆိုတော့ အပျင်းထူတဲ့ပုဂ္ဂိုလ် လမ်းမလျှောက်ဘူး။ မထိုင်ဘူး။ ဒီအမူအရာတွေမပေါ်ဘူး။ ဝီရိယရှိမှ ဒီအမူအရာလေးတွေ ဖြစ်နိုင်တာပဲ။ အဲဒီတော့ စိတ်တွေမြင့်မြတ်ပြီး အသိဉာဏ်တွေဖြစ်ဖို့ဆိုတာ နောက်ပိုင်းက ပေါ်တိုင်း အာရုံတွေ မပြတ်တန်းကြောင့်ကြစိုက်မှပဲ ပျင်းလို့မရဘူး။ အဲဒီဝီရိယက တွဲလျက်ပါနေရတယ်။ ဒီဘီးနှစ်ဘီးတပ်ထားတော့ ခုန မဂ္ဂင်ရှစ်ပါး ရထားဟာ အမြဲတစေ လိမ့်နေတာပဲ။ သူ အားကောင်းရင် အားကောင်းသလောက် သွက်နေတာပဲ။ ဒါကို ဆိုလိုပါတယ်။

နောက်မှီ

ပြီးတော့ ရထားမှာ အင်္ဂါတွေ ရှိပါတယ်။ အထူးအားဖြင့် တစ်ဖက်ရန်သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါမျိုးမှာ ရထားပေါ်တက်စီးပြီးတော့ တိုက်ခိုက်တဲ့စစ်သားတွေမှာ ရထားအပြေးမြန်သလောက် နောက်လန်မကျရအောင် ဆိုပြီးတော့ 'အပါလမွော' ခေါ်တဲ့ မှီခုံ ရှိရပါတယ်။ အခု ကာလမော်တော်ကားတွေမှာပါတဲ့ ကူရှင်တွေလိုပေါ့။ အဲဒါကို ဘာနဲ့ ဥပမာ ပေးထားသလဲဆိုတော့ 'ဟိရီ'နဲ့ ပေးထားတယ်။ 'ဟိရီ တဿ အပါလမွော' တဲ့၊

http://www.dhammadownload.com

ဟိရီ-ဒုစရိုက်တရားမှ ရှက်ခြင်း၊ ကြောက်ခြင်း၊ ကိလေသာတွေဝင်မှာ အမှတ်လွတ်မှာ ရှက်ခြင်း ကြောက်ခြင်းသည်၊ တဿ-ထိုမဂ်ရထား၏၊ အပါလမ္ဗော- မှီပြင်ပဲ မှီခုံပဲတဲ့။ ဒါလည်းပဲ သိပ်အရေးကြီးပါတယ်။ အဲဒီလို မြတ်စွာဘုရားက ဥပမာနဲ့ တင်စားပြီးတော့ ဟောပါတယ်။

အကာအရံ

ပြီးတော့ ရထားရဲ့အင်္ဂါဖြစ်တာတွေ ရှိပါသေးတယ်။ "သတျဿ ပရိဝါရဏံ" ဆိုတာပေါ့လေ။ သတိ - စွဲမြဲစွာ ရှုမှတ်မှုသည်၊ အဿ - ထိုရထား၏၊ ပရိဝါရဏံ - အကာပဲတဲ့။ ဟိုတုန်းက ရန်သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါမှာ တစ်ဖက်ကပစ်လိုက်ခတ်လိုက်တဲ့ မြားတို့၊ လှံတို့ မစူးဝင်ရအောင် ဆိုပြီးတော့ ခြသေ့်ရေ၊ နွားရေ၊ ကျွဲရေ စသည့် သားရေတွေနဲ့ ကာထားရပါတယ်။ ဒီလို ကာထားရင် မြားတွေ မထိုးဖောက်နိုင်ဘူးပေါ့။ အခုခေတ်ကားတွေမှာ ဘော်ဒီဆိုတာ ရှိပါတယ်။ မိုးရွာတဲ့အခါ နှင်းကျတဲ့အခါ လေအေး လေပူတိုက်တဲ့အခါမှာ သက်သာရာရအောင် ဆိုပြီးတော့ အကာအရံ ရှိတယ်။ အဲဒီ အကာအရံအတွင်းက ဝင်ထိုင်လိုက်သွားလို့ရှိရင် သက်သောင့်သက်သာလေးပဲ။ ကိုယ့်အိမ်မှာ ကိုယ်ထိုင်လိုက်သွားသလိုပဲ။ အင်မတန်သက်သာတယ်။ ဒီလိုပဲ အမြဲမပြတ် ရှုမှတ်နေရင် ကိလေသာအပူဒဏ် အနှောင့်အယှက်တွေ ကင်းပြီးတော့ နေလို့ မြတ်စွာဘုရားက သတိကို ရထားရဲ့ အကာအနေနဲ့ တင်စားပြီးတော့ သရုပ်ပေါ်အောင် မိန့်ကြားထားပါတယ်။

ရထားထိန်း

ရထားမှာ အစိတ်အပိုင်းတွေ ပြည့်စုံပေမဲ့လို့ ဘယ်လောက်ပဲ ခိုင်ခံ့ပေမယ်လို့ လိုတဲ့ခရီးရောက်ဖို့ဆိုတာ မောင်းသူရှိမှလည်းပဲ ဖြစ်ပါတယ်။ ကားဟာလည်းပဲ ဘယ်လောက်ပဲ ကောင်းပေမယ်လို့ မောင်းသူမရှိဘူးဆိုရင် ဒီကားဟာ မရွှေ့လျားတော့ လိုတဲ့ဆီ မရောက်သလိုပေါ့။ ဒါလိုပဲ မြတ်စွာဘုရားက မောင်းတဲ့ပုဂ္ဂိုလ် ဒီမှာ ပြပါတယ်။ ဓမ္မာဟံ သာရထိ ဗြူမိ သမ္မာဒိဋ္ဌိ ပုရေဇဝံ တဲ့။ ဝိပဿနာ သမ္မာဒိဋ္ဌိရှေ့သွားတဲ့ လောကုတ္တရာ သမ္မာဒိဋ္ဌိ ဖြစ်မှ လိုတဲ့ခရီး ရောက်တာ။ သူကမှ ကိလေသာကို အပြတ်ရှင်းနိုင်တာ။ အပြတ်

http://www.dhammadownload.com

ရှင်းပြီးရင် ဘေးမဲ့နိဗ္ဗာန်ကို တစ်ခါတည်း ရောက်သွားတော့တာပဲ။ ဒီတော့ ဝိပဿနာ သမ္မာဒိဋ္ဌိ ရှေ့သွားရှိတဲ့ ပုဗ္ဗင်္ဂမက် ရှေ့သွားရှိတဲ့ လောကုတ္တရာ တရားကိုတော့ ရထားထိန်းလို့ ငါဘုရား ဟောတယ်လို့ ဒီလို မိန့်ကြားပါတယ်။

နတ်သမီးဟာ နတ်သမီးပါပဲ

"ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနသ္မေဝ သန္တိကေ" တဲ့

မြတ်စွာဘုရားက ဒေသနာ အဆုံးသတ်ပါတယ်။ အဲဒီလို အစိတ်အပိုင်းတွေ ပြည့်စုံပြီးတော့ တက်မောင်းတဲ့ ပုဂ္ဂိုလ်ပါတဲ့ ယာဉ်မျိုးကို အမျိုးသမီးမှာပဲ ဖြစ်ဖြစ်၊ အမျိုးသားမှာပဲ ဖြစ်ဖြစ် ရှိထား၊ ပိုင်ထားရင် အဲဒီယာဉ်နဲ့ လိုတဲ့ဆီသွားနိုင်သလိုပေါ့။ ဒီယာဉ်ပိုင်ထားပြီဆိုရင် ဘေးမဲ့တဲ့ နိဗ္ဗာန်ရောက်ဖို့ပါပဲလို့ မြတ်စွာဘုရား မိန့်ကြားပါတယ်။ ဒီမှာ အတူထားပါတယ်။ ဒီယာဉ်ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ယောကျ်ားသာ ပိုင်ရမယ် မပါပါဘူး။ မိန်းမလည်း ပိုင်နိုင်တယ် ပြောပါတယ်။ ပြီးတော့ "ယဿ ဧတာဒိသံ ယာနံ ဣတ္ထိယာ ပုရိသဿဝါ" တဲ့၊ မိန်းမနဲ့ ယောကျ်ား ဒီမှာ ပြောရာမှာ မိန်းမရှေ့တန်းထုတ်ပြီး မိန့်ကြားတယ်။ ဒါလဲ ထူးတာပဲ။ မြတ်စွာဘုရားက ယာဉ်ပိုင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ အတန်းအစား မခွဲပါဘူး။ လူ့ပြည်လောကမှာ ရဟန္တာဖြစ်ရေးအတွက် ရည်မှော်ပြီးတော့ အထက်တန်းစား အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ နတ်ပြည်ရောက်သွားတော့ သမဏနတ်သားအနေနဲ့ အင်မတန် ချောမောလှပတဲ့ နတ်သမီးတွေ အင်မတန်ပျော်စရာကောင်းတဲ့နတ်ပြည်ကြီးကို တွေ့နေရပေမယ့်လို့ ရည်ရွယ်ချက်မမြောက်တော့ တရားကို အလေးပြုတဲ့အနေနဲ့ နတ်သမီးတွေကို ပြိတ္တာမတွေ၊ ဘီလူးမတွေလို့ ဒီလိုခေါ်တာပါ။ အမှန်ကတော့ ဒီလိုခေါ်တဲ့အတွက် ချောမောလှပတဲ့ နတ်သမီးတွေဟာ ပြိတ္တာမတွေလည်း ဖြစ်မသွားပါဘူး။ ဘီလူးမတွေလည်း ဖြစ်မသွားပါဘူး။ နတ်သမီးဟာ နတ်သမီးပါပဲ။ ပြီးတော့ သူတို့ဟာ ဒီလိုအပြောခံရတဲ့အတွက် စိတ်ဆိုးတယ်ဆိုတာလည်း မပြဘူး။ မပြတဲ့အပြင် မြတ်စွာဘုရားဆီ နတ်သားလာတဲ့အခါ နတ်သမီး

http://www.dhammadownload.com

တွေ အကုန်လုံး နတ်သားနဲ့ ပါလာတယ်တဲ့။ ကျေကျေနပ်နပ်ပဲ နာကြတယ်တဲ့။ အဲဒီလို ဆိုမိန့်ချက် ရှိပါတယ်။ အချိန်က ကျသွားတော့ ဘုန်းကြီးက ဆက်လက်ပြီးတော့ ရှင်းဖို့ အချိန်မလုံလောက်တော့ပါဘူး။ ဒီလောက်ပဲ တော်ကြပါစို့။

သာဓု. . . . . သာဓု. . . . . သာဓု။

http://www.dhammadownload.com

သုဘာသိတဝါစာ

အဋ္ဌကထာဖွင့်ဆိုချက်နဲ့ လက်တွေ့ ပေါင်းစပ်ပြီး ဖြေရှင်းပြဖို့ရာ မနေ့က ကတိပြုခဲ့ပါတယ်။ ဒါပေမဲ့လို့ အကြောင်းအားလျော်စွာ ဒီနေ့ အခြားတရားလေး ထည့်သွင်းပြီးတော့ ပြောလိုပါတယ်။ အဲဒါကတော့ 'သုဘာသိတ' ဆိုတာပါပဲ။ သုဘာသိတ = ကောင်းသောစကားဆိုတာ ဘာလဲ ဆိုတဲ့ခေါင်းစဉ်နဲ့ မြတ်စွာဘုရား ဟောမိန့်ချက် မူတည်ပြီးတော့ ရှင်းလင်းပြပါ့မယ်။ ကောင်းသောစကားဆိုတာ ဝစီဒုစရိုက်အပြစ် မဖြစ်ဘဲနဲ့ အပြစ်ကင်းတဲ့ စကားကို "သုဘာသိတဝါစာ" လို့ ခေါ်ပါတယ်။ သုဘာသိတ ခေါ်တဲ့ စကားစုမှာ သုဘာသိတဝါစာအရ အဂ်ါလေးပါးလို့ ဆိုရိုးရှိခဲ့ပါတယ်။ အဂ်ါလေးပါး အစိတ်အပိုင်းလေးပါးနဲ့ ပြည့်စုံလို့ရှိရင် သုဘာသိတဝါစာ ဖြစ်ပါတယ်။ မြတ်စွာဘုရားကိုယ်တိုင်လည်း သံယုတ္တနိကာယ်ငါးခုမြောက် သုဘာသိတ သုတ္တံဆိုတာ သီးခြားဟောထားပါတယ်။ ဟောထားပုံကတော့ -

'စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ' ဘိက္ခုတို့ အဂ်ါ ၄-ရပ်နဲ့ ပြည့်စုံတဲ့ စကားဟာ အဲဒီ အဂ်ါလေးရပ်နဲ့ ပြည့်စုံခြင်းကြောင့် ကောင်းသောစကား ဖြစ်တယ်တဲ့။ ကောင်းသောစကားဆိုတော့ သူနဲ့ ဆန့်ကျင်ဘက် အပြစ်တွေနဲ့ယှဉ်ကြည့်မှ ကောင်းသောစကားရဲ့ သရုပ်ပေါ် မှာပါ။ ကောင်းသောစကားဆိုတာ ဘယ်လိုဟာတုံး။ 'နော ဒုဗ္ဘာသိတာ' တဲ့။ မကောင်းပြောတာ မဟုတ်ဘူးတဲ့။ ပြီးတော့ 'အနဝဇ္ဇာစ' တဲ့။ အပြစ်လည်း ကင်းတယ်တဲ့။ 'အနနုဝဇ္ဇာစ ဝိညူနံ' ပညာရှိသူတော်ကောင်းတွေ

http://www.dhammadownload.com

မစွပ်စွဲဘူးတဲ့။ အပြစ်လည်း မတင်ဘူးတဲ့။ သုဘာသိတာဆိုတာ အဲဒီလိုစကား မျိုးပါပဲ။

စကားအရာ အင်္ဂါ ၄ ပါး

'ကုဓ ဘိက္ခဝေ ဘိက္ခု သုဘာသိတံယေဝ ဘာသတိ၊ နောဒုဗ္ဘာသိတံ' တဲ့။ အင်္ဂါလေးချက်ထဲက ပထမအချက်ကတော့ ဘိက္ခုတို့တဲ့ ဤသာသနာတော်က ဘိက္ခုအမည်ခံပုဂ္ဂိုလ်ဟာ တကယ်ရဟန်းပဲ ဖြစ်ဖြစ်၊ ယောဂီပဲ ဖြစ်ဖြစ်၊ ဒီသာသနာတော်မှာ မြတ်စွာဘုရား ဆိုဆုံးမတဲ့အတိုင်း ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်ပေါ့။ "သုဘာသိတံယေဝ ဘာသတိ" ကောင်းတဲ့ စကားကိုသာ ပြောတယ်တဲ့။ "နော ဒုဗ္ဘာသိတံ" တဲ့။ မကောင်းတဲ့စကား မပြောတဲ့။ "ဓမ္မ မေဝ ဘာသတိ၊ နော အဓမ္မံ"တဲ့။ တရားသောစကားကိုသာ ပြောတယ်တဲ့။ မတရားသောစကားကို မပြောတဲ့။ ဒါ ဒုတိယ အင်္ဂါပါ။ "ပိယံယေဝ ဘာ သတိ၊ နော အပ္ပိယံ" တဲ့။ ချစ်ဖွယ် သာယာနာပျော်ဖွယ်စကားကိုသာ ပြောတယ်တဲ့။ မုန်းစရာစကားကို မပြောပါဘူးတဲ့။ "သစ္စံယေဝ ဘာသတိ၊ နော အလိကံ" မှန်တဲ့စကားကိုသာ ပြောတယ်တဲ့။ ချို့ယွင်းတဲ့စကား မပြောပါဘူးတဲ့။ ဘိက္ခုတို့ ယခုပြောခဲ့တဲ့အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့စကားဟာ သုဘာသိတ ဖြစ်ပြီ။ သုဘာသိတဆိုရင် ဒုဗ္ဘာသိတ မဟုတ်။ အနဝဇ္ဇ အပြစ်ကင်းပြီ။ ပညာရှိသူတော်ကောင်းတွေရဲ့အကဲ့ရဲ့က လွတ်ပြီတဲ့။ သုဘာသိတဝါစာ - ကောင်းသောစကားက အင်္ဂါတစ်ရပ်၊ ဓမ္မ - တရားသောစကားက ဒုတိယ အင်္ဂါတစ်ရပ်၊ ပိယ - ချစ်ဖွယ်စကားက တတိယ အင်္ဂါ၊ သစ္စ - အမှန်စကားက စတုတ္ထအင်္ဂါ တစ်ရပ်လေးပါးပါပဲ။

အင်္ဂါလေးပါး အဓိပ္ပာယ်

အဲဒီလေးမျိုးထဲက သူအချင်းချင်း မတဲ့အောင်လို့ ရန်တိုက်ပေးတဲ့ ပိသုဏဝါစာဆိုတာ အားလုံးပရိသတ် နားလည်ကြပါတယ်။ ဘုန်းကြီးလည်း ဟောခဲ့ပါတယ်။ အဲဒီလို ပိသုဏဝါစာမျိုး မပြောဆိုဘဲနဲ့ ကွဲပြားနေတဲ့ သူအချင်းချင်း၊ စိတ်ဝမ်းကွဲနေတဲ့ပုဂ္ဂိုလ်များကို ညီညွတ်အောင်၊ ညီညွတ်သူများ

http://www.dhammadownload.com

လည်း ပိုမိုပြီးတော့ ညီညွတ်သွားအောင် ပြောဆို စေ့စပ်ပေးတဲ့စကားကို ကျမ်းဂန်များက 'သုဘာသိတ' လို့ ဆိုပါတယ်။ မြတ်စွာဘုရားဟာ အဲဒီလို စကားမျိုး အမြဲတမ်းပြောလေ့ရှိပါတယ်။ မြတ်စွာဘုရားရဲ့ စကားကို တကယ် လိုက်နာနေတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ဒီအတိုင်းပါပဲ။ ဝိသုဏာဝါစာက ရှောင်ရှားပြီးတော့ ကောင်းတဲ့ စကားတွေ ဆိုပါတယ်။

ပြီးတော့ ဒုတိယအင်္ဂါရပ်မှာ "သမ္မပ္ပလာပ" အနက်အဓိပ္ပာယ်ကင်းမဲ့တဲ့စကား၊ စကားအဖျင်းကို မဆိုဘဲနဲ့ အဖြစ်အပျက် အကြောင်းအရာမှန်ပြီးတော့ သဘာဝမှန်ကို ပြောဆိုခြင်းဟာ ဓမ္မ -တရားသောစကား ဖြစ်ပါတယ်တဲ့။

ပြီးတော့ တတိယအင်္ဂါရပ်မှာ "ဖရုသဝါစာ" ဆဲရေးတဲ့စကား၊ မောင်းမဲတဲ့စကား၊ ကျိန်ဆဲတဲ့ စကား၊ ကြမ်းတမ်းတဲ့ စကားကို မဆိုဘဲနဲ့၊ သာယာပေပြစ်ပြီး နှစ်လိုဖွယ်ပြောဆိုတဲ့စကားမျိုးကို ပိယ - ချစ်ဖွယ်စကားလို့ ဆိုပါတယ်။

နောက်ဆုံး အင်္ဂါရပ်မှာ မုသာဝါဒ လိမ်ပြောခဲ့တဲ့စကားကို မဆိုပါနဲ့။ ပြောစရာရှိရင် အမှန်အတိုင်း ပြောတဲ့စကားဟာ သစ္စာစကားပါပဲ။ ကျမ်းဂန်အရှိအတိုင်း ကျင့်သုံးရင် ကျင့်သုံးသလောက် ကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေမှာ အကျိုးကျေးဇူး အင်မတန်ရှိနိုင်တဲ့ အင်္ဂါရပ်လေးပါးနဲ့ ပြည့်စုံတဲ့စကား ပြောဆိုတတ်ဖို့ သိပ်အရေးကြီးပါတယ်။

ပရိသတ်အသိပါပဲ

ဘုန်းကြီးတို့ မြန်မာပြည်မှ မလာခင်ကတည်းကိုက လွန်ခဲ့တဲ့ ၂ နှစ် ကျော်ကျော် I.M.S တရားလာပြဖို့ရန် ဒီက အယ်လင် (Allan) နဲ့ ဆက်သွယ်ပြီးတော့ အစီအစဉ်တွေ လုပ်ပါတယ်။ အမှန်ကတော့ ဘုန်းကြီးများအနေနဲ့က အမျိုးမျိုး ငြင်းဆန်ပါတယ်။ ဒါပေမဲ့လို့ အကြောင်းအားလျော်စွာ နောက်ပိုင်းမှာ မငြင်းဆန်ထိုက်တာနဲ့မို့လို့ကတိပြုပြီးတော့ ဓမ္မဂုဏ်ရည်ပြတဲ့အနေနဲ့ ဒီမှာ လာရောက်တယ်။ သတိပဋ္ဌာန်ဒေသနာနဲ့အကိုက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒအရ ယောဂီများ တရားဆန္ဒ ပြည့်ဝအောင် ဆိုပြီး

http://www.dhammadownload.com

တော့ အကူအညီ ပေးနေပါတယ်။ ဒီတော့ ဓမ္မဂုဏ်ရည်ပြအနေနဲ့ ဒီလာ ရောက်ပြီးတော့ တရားပြရာမှာ ဒီက ယောဂီတွေကို တရားဟောခြင်း၊ တရား ပြခြင်း၊ ဆွေးနွေးခြင်း စသည်တွေ ပြုလုပ်ပေးတာဟာ ခုနက အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ "သုဘာသိတ" ဖြစ်မဖြစ်ဆိုတာကို ပရိသတ်အသိပါပဲ။ ဒါက ဓမ္မ ရေးနဲ့ပတ်သက်ပြီးတော့ပါ။ ဒီစကားအရဆိုလို့ရှိရင် ဓမ္မရေးသာမက လောက ရေးမှာလည်းပဲ အများအကျိုးရှိအောင် နည်းညွှန်နိုင်တဲ့ အပြောအဆိုကောင်း ပုဂ္ဂိုလ်များရဲ့ ဟောပြောချက်ကိုလည်းပဲ သုဘာသိတထဲမှာ ထည့်သွင်းနိုင်ပါ တယ်။ ဒီပြင် ပြောစရာတွေလည်းပဲ အများကြီးတော့ ရှိပါတယ်။

တရားဟော တရားပြတာ သုဘာသိတ

အခုလို ဓမ္မဂုဏ်ရည်ပြတဲ့အနေနဲ့ ဒီကယောဂီများကို တရားဟောပြော ကမ္မဋ္ဌာန်းတရားတွေပြနေတာ ခုနက သုဘာသိတဆိုတာ ဒုဇ္ဈာသိတ မဟုတ် ဘူး။ အနဝဇ္ဇ အပြစ်ကင်းတယ်။ အပြစ်ကင်းတယ်ဆိုလည်း သုဘာသိတ အလိုလိုဖြစ်တော့တာပဲ။ ဘာလို့လဲဆိုတော့ မိမိရော သူတစ်ပါးပါ အသက် ရှင်ဆဲကာလမှာပဲ အကျိုးကျေးဇူး ပြုနိုင်တယ်။ ဖြစ်နိုင်တယ်။ ပြီးတော့ ကိုယ် နှုတ်စိတ်ထားတွေ ယဉ်ကျေးပြီးတော့ အနည်းဆုံးတစ်မင်္ဂတစ်ဖိုလ် ရသွားရင် အပါယ်လေးပါးက အစ လွတ်မြောက်သွားစေနိုင်တယ်။ ဒါကြောင့် ဒီစကား ဟာ အပြစ်ကင်းတာမို့လို့ သုဘာသိတဖြစ်တယ်ဆိုတာ မြတ်စွာဘုရားရဲ့ မိန့်မှာချက်အရ အင်မတန် ရှင်းပါတယ်။ ဒီတော့ အပြစ်ကင်းတယ်ဆိုလို့ ရှိရင် မျှမျှတတ စိစစ်တတ်တဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ခံရတဲ့ စကားမျိုး လား၊ ချီးမွမ်းခံရတဲ့ စကားမျိုးလားဆိုတာ စိစစ်ဖို့ပါပဲ။ တကယ် စိတ်ကောင်း နှလုံးကောင်းနဲ့ အားထုတ်နေကြတဲ့ယောဂီတွေ ရှိပါတယ်။ ဒီဌာနနဲ့ ပတ်သက် တဲ့ ကူညီအားပေးနေတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒါတွေဟာ တကယ် ကုသိုလ် လိုချင်လို့ စိတ်ကောင်း နှလုံးကောင်းနဲ့ လာရောက်ပြီးတော့ စိတ်ဓာတ်ဖွံ့ဖြိုး အသိမှန်တွေ တိုးရေးကိစ္စမှာ ကူညီအားပေးနေကြတာ။ အဲဒီတော့ စိစစ်လိုက် လို့ရှိရင် "သုဘာသိတ"လည်း ဖြစ်တယ်ဆိုတာ အင်မတန် ရှင်းပါတယ်။

http://www.dhammadownload.com

ဘုန်းကြီး ကျေနပ်ပြီ

ဓမ္မ-တရားသော စကားဆိုတာလည်း အင်မတန်ရှင်းပါတယ်။ ပိယ-ချစ်ဖွယ်စကား ပြောတာကတော့ ကြမ်းပေမဲ့လို့ စေတနာက မကြမ်းဘူး ဆိုလို့ ရှိရင် ချစ်ဖွယ်စကားလို့ ဆိုပါတယ်။ တချို့တချို့လူများ နားဝင်အောင် စကား တန်ဆာဆင်ပြီးတော့ ပြောပေမဲ့လို့ စေတနာက မဟန်ဘူး ဆိုလို့ရှိရင်လည်း ဒီစကားဟာ 'သုဘာသိတ'ထဲ မထည့်ပါဘူး။ စကား ပြေပြေပြစ်ပြစ် မပြော တတ်ပေမဲ့လို့ အနက်အဓိပ္ပာယ်ရှိတယ်။ အကျိုးရှိတယ် ဆိုရင်တော့ သုဘာ သိတထဲ ပါပါတယ်။ ဓမ္မထဲ ပါပါတယ်။ ပြီးတော့ သစ္စာထဲလည်း အလိုလိုပါ သွားတာပဲ။ အဲဒီ အင်္ဂါလေးရပ်နဲ့ ပြည့်စုံပြီဆိုရင် ဘုန်းကြီးကတော့ အများ ကြိုက်ကြိုက် မကြိုက်ကြိုက် ဟောတဲ့အလေ့ ရှိခဲ့ပါတယ်။ အကြိုက် သက် သက်ကို ကြည့်ပြီးတော့ မဟောလိုပါဘူး။ မဟောတတ်ပါဘူး။ မဟောခဲ့ပါ ဘူး။ သင့်တော်ပြီးတော့ အကျိုးရှိတဲ့ဟာကိုပဲ ရွေးချယ်ပြီးတော့ ဟောခဲ့ပါ တယ်။ အခုလည်းပဲ ဒီအတိုင်းပါပဲ သင့်တော် အကျိုးရှိဆိုတာပဲ ရွေးချယ်ပြီး ဟောနေတာပါပဲ။ သင့်တော် အကျိုးရှိ အပြစ်ကင်းတဲ့ စကားကို ပြောလို့ရှိရင် ညွှန်ကြားလို့ရှိရင် တကယ့်လူကောင်းသူကောင်း ပညာရှိတွေရဲ့ အကဲ့ရဲ့လွတ် တယ်။ အဲဒီလောက် အမြတ်ရလို့ရှိရင် ဘုန်းကြီး ကျေနပ်ပြီ။ ဒါ လိုရင်းပါပဲ။

အများကြိုက်ကို မလုပ်ဘူး

ဒီမှာ အထူးယောဂီအဖြစ်နဲ့ တချို့ကြိုးကြိုးစားစား အားထုတ်တဲ့ ယောဂီ၊ ဗိုလ်ယောဂီတွေလည်း ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ အမှန်သိရေး သူတို့အကျိုးရှိရေးအတွက်ကိုပဲ ရှေ့ရှုရပါတယ်။ အဲဒီတော့ သူတို့အမှန်လမ်း ကြောင်း တက်ပြီးတော့ အကျိုးကျေးဇူးရှိဖို့ အဓိကထားပြီးတော့ ဆောင်ရွက် နေတယ်ဆိုတာလည်းပဲ နားလည်ဖို့ပါပဲ။ အဲဒီလို ကိုင်တွယ်ရာမှာ တစ်ခါ တစ်ခါလည်းပဲ အကျိုးလေးတွေ ပြပြီးတော့ ညင်ညင်သာသာနဲ့ ကိုင်တွယ်ရ တာမျိုးလဲ ရှိပါတယ်။ တစ်ခါတစ်ခါလည်းပဲ ယောဂီရဲ့ချို့ယွင်းချက်ကလေး တွေ ဖော်ပြပြီးတော့ ခပ်တင်းတင်းမာမာလေးကိုင်တွယ်ရတာမျိုးလည်း ရှိ ပါတယ်။ တချို့ယောဂီတွေဆိုလို့ရှိရင် ငုတ်နေတော့ ပေါ်သွားအောင် လုပ်

http://www.dhammadownload.com

ရတယ်။ ဥပမာအားဖြင့် ရောဂါပျောက်အောင်လို့ ဆေးပေးရာမှာ ဆေးက မထိတော့ ရောဂါကြွဆေးတွေ တိုက်ပြီးတော့မှ ဆေးသစ်တိုက်ရတဲ့နည်းမျိုး လုပ်ရတာလည်း ရှိပါတယ်။ အဲဒီယောဂီတွေကတော့ ဘုန်းကြီး ဘယ်လို လုပ်လိုက်တယ်ဆိုတာ သူတို့သိပါလိမ့်မယ်။ တချို့တချို့ယောဂီများကို ချော့ပြီး ခြောက်ပြီးတော့ ဟောတဲ့နည်းရော၊ နည်းနည်း ခပ်နှိမ်နှိမ် ခပ်တင်းတင်း ဟောတဲ့နည်းရော နည်းနှစ်မျိုးလုံး သုံးပြီး ဟောရတာမျိုးလည်း ရှိပါတယ်။ တစ်ခါတစ်ခါ ယောဂီက မကြိုက်ပေမယ်လို့ ယောဂီနဲ့ ဆန့်ကျင်ပြီးတော့ ဘုန်းကြီးက အကျိုးရှိအောင် သင့်တော်သလို လုပ်ရတာတွေလည်း အများကြီး ရှိပါတယ်။ တရားပြတဲ့အခါမှာရော တရားဟောတဲ့အခါမှာရော ဒီအတိုင်းပါပဲ။ ဒါပေမဲ့လို့ ဘုန်းကြီးမှာတော့ ယောဂီတွေအပေါ်မှာ မေတ္တာ၊ ကရုဏာအပြည့်ရှိတယ်ဆိုတာ ယုံစေချင်တယ်။ ဒီစကားအရဆိုရင် ဘုန်းကြီးဟာ အများကြိုက်ကို မလုပ်ဘူး။ အကျိုးရှိသည့်သင့်တော်တာ လုပ်တယ် ဆိုတာ ပရိသတ် နားလည်သွားပါပြီ။ အများကြိုက်ဆိုတာကတော့ ဘုရားတောင်မှ အများကြိုက် မရပါဘူး။

အကဲ့ရဲ့သန်တဲ့ အတုလ

ဒီဟာနဲ့ပတ်သက်ပြီးတော့ ဝတ္ထုကြောင်းလေးနည်းနည်းထုတ်ချင် တာ။ တစ်ချိန်မှာ အတုလ ဆိုတဲ့ ဒကာတစ်ဦးက မြတ်စွာဘုရားထံမှောက် ရောက်သွားပါတယ်။ ဘာကိစ္စ ရောက်လာသလဲလို့ မြတ်စွာဘုရားက မေးတဲ့အခါ တရားနာဖို့လာတဲ့အကြောင်း လျှောက်တယ်။ ဒီအခါ မြတ်စွာဘုရားက "တရားကော နာခဲ့ရသလား"လို့ မေးတော်မူပါတယ်။ ဒီတော့ အတုလ ဒကာက "မှန်ပါ တပည့်တော် အရှင်ရေဝတဆီ သွားတာ။ အရှင်ရေဝတက စကားမပြောဘူးတဲ့၊ တရားမဟောဘူးတဲ့။ စိတ်ဆိုးပြီးတော့ အရှင်သာရိပုတ္တရာဆီ သွားပါတယ်"တဲ့။ သာရိပုတ္တရာဆီ ရောက်တော့ သာရိပုတ္တရာက ဉာဏ်ကြီးတော့ အင်မတန် လေးနက်တဲ့ အဘိဓမ္မာတရားတွေ ဟောလိုက်တာ အကြာကြီးပဲ။ ဒါနဲ့ စိတ်ဆိုးပြီးတော့ ထလာခဲ့ပြန်ရော။ တစ်ခါ အရှင်အာနန္ဒာဆီ သွားပြန်ရော အရှင်ရေဝတက မဟောလို့ စိတ်ဆိုးတယ်။ အရှင်သာရိပုတ္တရာ

http://www.dhammadownload.com

ကိုယ်တော်မြတ်ကြီးကတော့ တရားအရှည်ကြီး ဟောလို့ စိတ်ဆိုးတယ် ဆို တော့ အရှင်အာနန္ဒာက အတိုင်းအတာနဲ့ ဟောလိုက်တယ်။ အတိုင်းအတာ နဲ့ ဟောပြန်တော့လည်း ဒီဒကာက စိတ်ဆိုးပြန်ရောတဲ့။ တရား ဒီလောက် ကတ်ကတ်သတ်သတ် ခြစ်ခြစ်ချုပ်ချုပ် အတိုင်းအတာနဲ့ ဟောရမလား ဆို ပြီးတော့ အလိုမကျ ဖြစ်ပြီး ထပြန်ရောတဲ့။ တရား ကပ်စေးနဲ့တယ်လို့ ဆိုတာ ပေါ့လေ။ တကယ်တော့လည်း မဟုတ်ပါဘူး။ သူ့စိတ်ထဲမှာ ထင်သွားတာ။ နောက်ဆုံးဘုရားဆီ ရောက်တဲ့အခါကျတော့ ဘုရားကို အဲဒီအကြောင်းတွေ လျှောက်ပြတော့ ဟာငါဘုရားကိုလည်း ဒီလိုပဲ အပြစ်တင်ကြတာပဲတဲ့။ ဒီလို မကြိုက်လို့ရှိရင် အပြစ်တင်တယ်ဆိုတာ ကမ္ဘာ့ဓမ္မတာကြီးပဲတဲ့။ သူတို့ ကြိုက်တာ မကြိုက်တာ လိုရင်း မဟုတ်ဘူး။ အကျိုးရှိပြီးတော့ သင့်တော်တာသာ အခြေအနေကြည့်ပြီးတော့ ဟောရတာပဲတဲ့။ ဒီကဲ့ရဲ့ခိုးမွမ်းဆိုတာ မကင်း စကောင်းတဲ့အရာပဲတဲ့ မြတ်စွာဘုရားက ပြန်ဟောပါတယ်။ ဒီပြင် ဟောတဲ့ အချက်ကလေးတွေလည်း ရှိပါတယ်။

လျှာပေါ်ကဓား

အဲဒါနဲ့ စပ်ပြီးတော့ ဘုန်းကြီးက ကျမ်းဂန်ဆိုမိန့်ချက်ကလေး တစ်ခု သတိရပါတယ်။ အဲဒီအကြောင်းအရာကတော့ တခြားမဟုတ်ပါဘူး။ ဒီ မွေး ဖွားလာတဲ့ပုဂ္ဂိုလ်မှာ ပြောစရာရှိရင် ပြောရတော့မှာပဲ။ အဲဒီလိုပြောရတဲ့အခါ မှာ လျှာမှာ ဓားတပ်ထားလို့ရှိရင် ကိုယ့်မှာလည်းပဲ ကုသိုလ်မဖြစ်၊ ကုသိုလ် တွေကိုလည်းပဲ ဖြတ်တောက်ပစ်ရာရောက်ပြီးတော့ သူများလည်း မသက် သာဘူးတဲ့။ အဲဒီလို လျှာမှာ ဓားတပ်ထားတဲ့ အဖြစ်မျိုးကိုတော့ ရှောင်ရမယ် တဲ့။ အဲဒီလို လျှာကြမ်းလို့ လျှာမှာ ဓားတပ်ထားသလို ဖြစ်လို့ အသက်ရှင်ဆဲ ကာလမှာလည်း နှုတ်ကြောင့် ဒုက္ခရောက်တာတွေ အများကြီး ရှိပါတယ်။ ပြီးတော့ ဘဝတစ်လျှောက်မှာလည်း ဆင်းရဲဒုက္ခတွေ အများကြီးရောက်တာ ပဲ။ ဒါကြောင့် 'ဒုဇ္ဇာသိတ' စကားမျိုးပြောတဲ့ပုဂ္ဂိုလ်ဟာ လျှာမှာ ဓားတပ်ထား တာမျိုးဖြစ်တော့ အဲဒီဓားက သူ့ကို ခုတ်တော့တာပဲ။ သံသရာ တစ်လျှောက် လုံး ဆင်းရဲဒုက္ခတွေ ရောက်တယ်လို့ ပြောလိုတာပါပဲ။

http://www.dhammadownload.com

တစ်တီတူးနဲ့ ဥသြ

ဒီဟာနဲ့ပတ်သက်ပြီးတော့ ဝတ္ထုကြောင်းလေးတစ်ခု အမြဲသတိရပြီးတော့ အမြဲလည်း နှလုံးသွင်းပါတယ်။ ဘုရားအလောင်း ဘုရင်ဟာ မိမိရဲ့ မယ်တော်က အင်မတန်လည်း ဒေါသကြီးတယ်။ ကြမ်းလည်း ကြမ်းတယ်။ သူများကို ငေါက်ငမ်းဆဲရေးလုပ်တယ်တဲ့။ အမျိုးမျိုး ဘုရားလောင်းက ဆုံးမတယ်။ နည်းအမျိုးမျိုးနဲ့လည်း ဆုံးမတယ်ပေါ့။ မရဘူး။ အဲနောက်ဆုံး သူ ဥယျာဉ်ထွက်တဲ့အခါ ခရီးအကြားမှာ တစ်တီတူး ခေါ်တဲ့ငှက်က မြည်တွန်တော့ အဲဒီငှက်ရဲ့အသံက အင်မတန်နားကြားပြင်းကပ်တယ်။ နားထဲဆိုးဝါးတယ်တဲ့။လမ်းလျှောက်သွားတဲ့ပုဂ္ဂိုလ်တွေမှာ နားပိတ်ထားရလောက်အောင်တယ်ဆိုးတဲ့ငှက်ပဲ။ အကောင်လေးက လှသားပဲ။ အသံကတော့ အင်မတန်ဆိုးပါတယ်။ နောက် ဥယျာဉ်ထဲ ရောက်လို့ ပန်းပင်တွေ၊ သစ်ပင်တွေ ဟိုဟို ဒီဒီလိုက်ကြည့်တဲ့အခါ ဥသြငှက်မြည်သံကြားတော့ အမယ်လေး ဥသြလေး အသံချိုလိုက်တာ။ ဒီအသံကြားရတာ စိတ်ချမ်းသာလိုက်တာဆိုပြီး ဥသြငှက်ကလေးကို အများက ဝိုင်းပြီး ချီးကျူးကြတယ်တဲ့။ အင်း အချက်တော့ ရပြီ။ မိခင်တော့ ဆုံးမရဦးမှာပဲ ဆိုပြီးတော့ အလောင်းတော်ဘုရင်က မှတ်သားပြီးတော့ မယ်တော်ကိုပြောတယ်။ "မယ်တော်၊ မယ်တော်အမြင်ပဲ လမ်းမှာ တစ်တီတူးငှက်အသံက ဆိုးဝါးလွန်းတော့ လူတွေနားပိတ်ထားတာ မယ်တော်ကြားရဲ့လား။ ငှက်ကလေးက လှပေမယ်လို့ အသံက ဆိုးလွန်းတော့ အများက မချီးမွမ်းကြဘူး။ ဥသြငှက်ဟာ မည်းနက်အသွင်ဆိုးပေမယ် လို့ သူ့အသံလေးက သာယာချိုအေးတယ်။ ဒီအချက်ကလေးကိုယူပြီးတော့ အများနဲ့ ဆက်ဆံပြောဆိုတဲ့အခါမှာ ဒေါသမကြီး မကြမ်းတမ်းဘဲနဲ့ ချိုချိုသာသာနဲ့ ဆက်ဆံဖို့ ကောင်းတယ်လို့ ဆုံးမလိုက်တဲ့အခါမှာ မယ်တော်လည်းပဲ ရှောင်ကြဉ်ပြီးတော့ ကောင်းသွားတယ်လို့ ဆိုပါတယ်။ အဲဒီဝတ္ထုကြောင်းလေး ဘုန်းကြီးက သဘောပေါက်နားလည်ထားတော့ အမြဲတမ်းစကားပြောတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ တရားဟောတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ တရားပြတဲ့အခါမှာပဲ ဖြစ်ဖြစ် အတတ်နိုင်ဆုံး ထိန်းချုပ်ပြီးတော့ လက်တွေ့အသုံးချလေ့ရှိ ပါတယ်။

http://www.dhammadownload.com

အချိန်ကျသွားပြီ။ ဒီနေ့ "သုဘာသိတဝါစာ" ဆိုတာ အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ စကားပဲဆိုတဲ့အကြောင်း ဖြေရှင်းပြပြီးပါပြီ။ အဲဒီအတိုင်း ပရိသတ်တတ်နိုင်သမျှ ကျင့်သုံးနိုင်ကြလို့ နောက်ဆုံး ရုပ်နာမ်တရားတွေ ချုပ်ငြိမ်းရာ ဖြစ်တဲ့နိဗ္ဗာန်ကို ကိုယ်တိုင် ဆိုက်ရောက်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီနေ့ တရား အဆုံးသတ်လိုက်ပါတယ်။

သာဓု. . . . . သာဓု. . . . . သာဓု။

http://www.dhammadownload.com

လူမှုရေးကျင့်ဝတ်

ဝါရှင်တန် ဒီစီက အငြိမ်းစားကာနယ် ဦးချစ်မြင့်မိသားစုက သူ့ သားဒေါက်တာ မောင်အောင်မြင့် ရဟန်းခံကိစ္စနဲ့ တိုက်ဆိုင်၊ ဘုန်းကြီးကလည်း နိဂ္ဂမ္မအာနိသံသ ဟောဖို့လည်းပဲ တိုက်ဆိုင်နေတာနဲ့ ဘုန်းကြီး ရည်ရွယ်ထားတာကတော့ ဓမ္မစရိယာဆိုတဲ့ အကြောင်းအရာလေး ပြောပြီးရင် တရားရေးရာနဲ့ပတ်သက်တဲ့ ကျင့်ဝတ်ပြီးရင် လူမှုရေးကျင့်ဝတ်ဆက်ပြီးတော့ ပြောမယ်လို့ ရည်ရွယ်ချက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီစနေနေ့က လူမှုရေးကျင့်ဝတ် မဟောနိုင်ခဲ့ပါဘူး။ ဒီနေ့ ဆက်လက်ပြီးတော့ အဲဒီ လူမှုရေးကျင့်ဝတ်တွေ ပြောပါမယ်။

လူမှုရေးကျင့်ဝတ်ဆိုတာကတော့ မိဘများက သားသမီးများ အပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ သားသမီးများကလည်းပဲ မိဘများအပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ လင်ယောကျ်ားများက ဇနီးအပေါ်မှာ ထားရမည့်ကျင့်ဝတ်၊ ဇနီးကလည်းပဲ တံ့ပြန်ပြီးတော့ လင်ယောကျ်ားအပေါ်မှာထားရမည့်ကျင့်ဝတ်၊ မိတ်ဆွေအချင်းချင်း ကျင့်ဝတ်၊ ဆရာနဲ့ ဒကာကျင့်ဝတ် စသည်ပေါ့လေ။ အဲဒါလေးတွေ မသွားခင် တတ်နိုင်သမျှ ဟောသွားမယ်လို့ နဂိုက အစီအစဉ်ရှိခဲ့ပါတယ်။ အဲဒီတရားမဟောခင် ရှေးဦးစွာ ဘုန်းကြီးက ပရိသတ်ကို မေးချင်တာ လူလောကမှာ ငြဟ္မာကြီးတွေ တွေ့ကြဖူးသလားလို့ မေးချင်ပါတယ်။ ဘုန်းကြီးက ငြဟ္မာကြီးတွေ ပြရင် ကြည့်ချင်ကြသလား? ကြည့်လိုကြသလား? ဒါပေမဲ့ ဘုန်းကြီးမှာတော့ ပြနိုင်တဲ့ တန်ခိုးမရှိဘူးဆိုတာ ယုံထားရမယ်။

http://www.dhammadownload.com

မိုးပြဟ္မာကြီးတွေ ခေါ်ပြီးတော့ မပြနိုင်ပေမဲ့လို့ ကမ္ဘာမြေကြီးပေါ်မှာ ရှိတဲ့ ပြဟ္မာကြီးတွေတော့ ဘုန်းကြီးမှာ ပြနိုင်စွမ်း ရှိပါတယ်။ ဘုန်းကြီးကို ယုံလား? မယုံရင်တော့ အခုကတည်းက မပြဖို့ပဲ။ ယုံရင်တော့ အခု ပြဟ္မာအကြောင်း ဆက်ဟောဖို့ပဲ။ ဘယ်လိုတုံး၊ ယုံရင် လက်ညှိုးထောင် ကြပေါ့လေ။ လက်ညှိုးထောင်တော့ မြင်ချင်တယ်ဆိုတဲ့ဆန္ဒကို ပြတာပဲ။ အဲဒီတော့ ဘုန်းကြီးက ဘယ်လိုလုပ်ပြရမလဲ။ ပြဟ္မာဆိုတာ အခြား မဟုတ်ပါဘူး။ မိဘများပါပဲ။ တွေ့ပြီလား? ဒီလိုဆိုရင်တော့ အားလုံး ပရိသတ်တွေဟာ ပြဟ္မာတွေ တွေ့ဖူးပါပြီ။ တွေ့ဖူးပြီဆိုတော့ ဘုန်းကြီး ဆက်ပြဖို့ လိုသေးသလား? ဘာကြောင့် ပြဟ္မာတွေလို့ ဆိုရသလဲ? ဘယ်လို ပြဟ္မာတွေ ဖြစ်နေကြတယ် ဆိုတာတော့ ပရိသတ်သိဖို့ လိုပါလိမ့်မယ်။ ဘုန်းကြီးတို့ထေရဝါဒ ဗုဒ္ဓသာသနာမှာ "မာတာ ပိတုဥပဋ္ဌာနံ မင်္ဂလံ" ဆိုထားတယ်။ မိဘကို လုပ်ကျွေး ပြုစုခြင်းဟာ အလွန်မွန်မြတ်တဲ့ ကောင်းမှုဖြစ်လို့ ကောင်းကျိုးချမ်းသာ ဖြစ်စေနိုင်တဲ့ မင်္ဂလာလို့ ဒီလို ဟောမိန့်ချက် ရှိပါတယ်။ ဒီမှာ ဘာဖြစ်လို့ မိဘတွေကို လုပ်ကျွေးရသလဲ ဆိုတာ အကြောင်း ၂ ချက် ရှိပါတယ်။ အဲဒီ အကြောင်း ၂ ချက်ထဲက ပထမ ဆုံးအကြောင်းကတော့ မိမိတို့အပေါ်မှာ တင်ရှိနေတဲ့ မိဘကျေးဇူးတွေ အလွန်များတာဟာ အကြောင်းတစ်ချက်ပါပဲ။ ဒုတိယအကြောင်းကတော့ ဂုဏ်ကြီးမားလှတဲ့ မိဘများကို လုပ်ကျွေးပြုစုခြင်းအားဖြင့် အလွန် အကျိုးကြီးတယ်ဆိုတာ အကြောင်းတစ်ချက်ပါပဲ။ မိဘနှစ်ပါးဟာ မိမိတို့အပေါ် တကယ် လုပ်ကျွေး ပြုစုလိုက်တဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်များ ဖြစ်တယ်လို့ ဒီလိုဆိုပါတယ်။ ဂုဏ်ကျေးဇူးကြီးမားပုံ ဆက်ပြီး ရှင်းပြပါ့မယ်။

ပြဟ္မဝိဟာရ လေးပါး

မိုးပြဟ္မာများမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာခေါ်တဲ့ ပြဟ္မစိုရ်တရား၊ ဘာဝနာလေးပါး မကင်းကွာဘူး။ အမြဲရှိကြတယ်။ အဲဒီ ပြဟ္မစိုရ်တရားလေးပါးထဲက မေတ္တာဆိုတာ အားလုံးသတ္တဝါတွေအပေါ်မှာ သူတို့ရဲ့ အကျိုးစီးပွားကို လိုလားတဲ့ စိတ်ဓာတ်တွေ ဖြန့်ပြီးတော့ ပွားပြီးတော့ နေတာဟာ မေတ္တာလို့ ခေါ်ပါတယ်။ သတ္တဝါအများ ကောင်းစား ချမ်းသာစေချင်တဲ့ စိတ်ဓာတ်ကို ခေါ်ပါတယ်။

http://www.dhammadownload.com

ကရုဏာဆိုတာကတော့ ဆင်းရဲဒုက္ခရောက်နေတဲ့သတ္တဝါတွေ လက်ရှိခံစားနေရတဲ့ဆင်းရဲဒုက္ခမှရော အဆင့်ဆင့် အဆက်ဆက် ကြုံရမယ့်ဆင်းရဲဒုက္ခမှရော လွတ်မြောက်စေချင်တဲ့သဘော၊ အဲဒီဆင်းရဲဒုက္ခတွေကို ပယ်နုတ်ပေးချင်တဲ့ သဘောထားလေး၊ စိတ်ထားလေးကို ကရုဏာလို့ ခေါ်ပါတယ်။ ဗြဟ္မာတွေက အဲဒီစိတ်ဓာတ်တွေ အမြဲဖြန့်ပြီး နေကြပါတယ်။ ပြီးတော့ သတ္တဝါတွေ အစစအရာရာ ပြည့်စုံနေတာကို တွေ့မြင်ပြီးတော့ သိမြင်ပြီးတော့ ဝမ်းသာဝမ်းမြောက်ဖြစ်နေတာကို မုဒိတာလို့ ခေါ်ပါတယ်။ ဗြဟ္မာတွေဟာ အားလုံးသတ္တဝါတွေအပေါ် သူတို့ပြည့်စုံမှု အာရုံပြုပြီးတော့ ဝမ်းသာတဲ့ မုဒိတာတရားတွေ ပွားပြီးတော့ နေပါတယ်။ ဒီလို ကြောင့်ကြထားပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပွားပေမယ်လို့ အမှန်ကတော့ သတ္တဝါတွေဟာ ကိုယ့်ကံနဲ့ကိုယ် လာကြတာ။ ကောင်းကံကြောင့် ကောင်းကျိုးတွေရကြ၊ ဆိုးကံကြောင့် ဆိုးပြစ်တွေ ရကြတာ။ ဘယ်လောက်ပဲ တောင့်တတယ် ဆိုပေမယ်လို့ တောင့်တတဲ့အတိုင်း မဖြစ်ဘူး။ အဲဒီလိုမဖြစ်တဲ့အချက်တွေ အပေါ်မှာ သူ့ကံနဲ့သူပဲ ဒီလိုဖြစ်ရတာပါပဲ။ ဒါကတော့ မလွဲဘူးဆိုပြီးတော့ စိတ်သက်တောင့်သက်သာ လျစ်လျူရှုတဲ့သဘော မျှရှုတဲ့သဘောလေးတွေ အဲဒါဥပေက္ခာလို့ခေါ်ပါတယ်။ အဲဒီဥပေက္ခာ ဗြဟ္မာစိုရ်တရားတွေလည်း သတ္တဝါတွေအပေါ်မှာ အမြဲတမ်း ပွားနေပါတယ်။

မေတ္တာမိုးစွေ

အဲဒီ မိုးဗြဟ္မာကြီးများလို မိဘများဟာလည်း သားသမီးတွေအပေါ်မှာ အဲဒီဘာဝနာလေးပါး မစွန့်ခွာဘဲနဲ့ အမြဲဖြစ်ပွားပြီးတော့ နေထိုင်ကြပါတယ်တဲ့။ အမျိုးသားနဲ့ အမျိုးသမီး အိမ်ထောင်ကျလို့ သားသမီးရလိုတဲ့သဘော၊ သားသမီးချစ်ခင်တဲ့ စိတ်ဓာတ်တွေဆိုတာ သားသမီး မရခင်ထဲကိုက ထိုက်တန်သမျှရှိကြပါလိမ့်မယ်။ ပတ်ဝန်းကျင်မိဘများသားသမီးအပေါ်မှာ ချစ်ခင်ကြတဲ့ဟာလေးတွေ တွေ့ပြီးတော့ သူတို့လည်းပဲ သားသမီးရချင်ရှာမယ်။ အဲဒီလိုနေရင်းက မိခင်မှာ သားကိုယ်ဝန်လေး ရှိလာပြီလို့ ဆိုကြပါစို့။ အဲဒီ့ပို ကိုယ်ဝန်ရှိနေစဉ်မှာ မိဘနှစ်ပါးဟာ အထူးအားဖြင့် မိခင်မှာ

http://www.dhammadownload.com

ဒီသားကလေး ဘယ်အခါ အင်္ဂါခြေလက် ပြည့်ပြည့်စုံစုံနဲ့ ကျန်းကျန်းမာမာနဲ့ မွေးဖွားလာပါ့မလဲဆိုတာ မေတ္တာစိတ် တကယ်ရှိနေပါတယ်။ မိခင်မှာ ရှိသလို ဖခင်မှာလည်း တကယ်ရှိနေပါတယ်။ အဲဒီလို အင်္ဂါခြေလက်စုံစုံညီညီနဲ့ ကျန်းကျန်းမာမာနဲ့ မွေးဖွားလာတဲ့သားသမီးကို တွေ့ရပြီဆိုရင် မိခင် ဘယ်လိုဖြစ်သွားမလဲ သိပ်ကို ဝမ်းသာနေမှာပဲ။ မြင်ရတာ အင်မတန်ချမ်းသာနေမှာပဲ။ ဖခင်လည်းပဲ ထိုနည်းလည်းကောင်း နေမှာပါပဲ။

မိဘများဟာ ဗြဟ္မာကြီးတွေ

ပက်လက်အိပ်တတ်ရဲ့ နုနယ်တဲ့ကလေးအရွယ်မှာ အရွယ်ကငယ်လွန်းတော့ ပိုးကောင်မွားကောင်တွေပေါ့လေ။ ခြင်တို့ ဘာတို့ ကိုက်ခဲလို့ပဲ ဖြစ်ဖြစ်၊ ပြီးတော့ အအိပ်အနေ ဆင်းရဲလို့ပဲဖြစ်ဖြစ် ကလေးလေးက ငိုကြွေးလိုက်တဲ့အခါ အဲဒီအသံကြားရင် မိဘများမှာ သနားကရုဏာ စိတ်တွေ ဖြစ်ရတယ်။ အထူးအားဖြင့် မိခင်မှာ သနားကရုဏာစိတ်တွေ ဖြစ်ရတယ်။ တော်တော်လေး ကြီးထွားလာလို့ ပေါ့ပျော့ရွှင်ရွှင်နဲ့ ပြေးနိုင်၊ လွှားနိုင်၊ ကစားနိုင်တဲ့အရွယ် ရောက်လာပြီဆိုရင် သားသမီးကို ကြည့်နေရတဲ့ မိဘများရဲ့ စိတ်မှာ သိပ်ဝမ်းသာတာပဲ။ ငါ့သားလေးဟာ ငါ့သမီးလေးဟာ ကျန်းမာရေးတွေကောင်းတယ်။ ပြေးနိုင်တယ်၊ လွှားနိုင်တယ်၊ ကစားနိုင်တယ်၊ အိပ်နိုင်တယ်။ ပြီးတော့ တိတိတာတာနဲ့ ချစ်ဖွယ်စကားတွေလည်း ပြောတတ်တယ်။ ထိုက်တန်သမျှ လူမှုဆက်ဆံရေးလည်း ကောင်းတယ် ဆိုတာပေါ့လေ။ ကလေးရဲ့ ပြည့်စုံမှုလေးတွေ တွေ့ပြီဆိုရင် အင်မတန် ဝမ်းသာကြတယ်။ အဲဒီအခါမှာ မုဒိတာတရားတွေပွားကြတယ်။ နောက်ကျောင်းထားချိန် ကျောင်းထားဖို့ရန် သူတို့စိမ်ကိန်းတွေချရတာ၊ကြီးလာလို့ရှိရင် အတတ်ပညာတွေတတ်ပြီးတော့ စားဝတ်နေရေး ပြေလည်ကြပါစေဆိုတဲ့ မေတ္တာ၊ အတတ်ပညာ မတတ်ဘူးဆိုလို့ရှိရင် စားဝတ်နေရေးအတွက် သူတို့ခက်မယ်၊ မဆင်းရဲကြပါစေနဲ့ လူလောကကြီးနဲ့လဲပဲ ဆက်ဆံနိုင်ကြပါစေဆိုပြီး အဲဒီလို မဆင်းရဲစေချင်တဲ့ကရုဏာတရားတွေလည်း တဖွားဖွား ဖြစ်နေကြတယ်။

http://www.dhammadownload.com

နောက် မေတ္တာ၊ ကရုဏာထားပြီးတော့ မိဘများ ကြိုးစားပေးလို့ သားသမီးတွေ ပညာတွေလည်းပဲ စုံလာပြီ၊ သူတို့စီးပွားရေးနဲ့ သူဖြစ်လာပြီ၊ အိမ်ထောင်တွေဘာတွေ ကျလာပြီဆိုတော့ သူအတွက်နဲ့ ငါတော့ အေးရပြီ။ ဘာမှ မကြောင့်ကြရတော့ဘူးဆိုပြီးတော့ အဲဒီလို သူ့ခြေထောက်နဲ့ သူ ရပ်တည်တဲ့ အပိုင်းရောက်တဲ့အခါမျိုးမှာ မိဘနှစ်ဦးဟာ စိတ်အေးရတယ်။ စိတ်ကလေး အမျှထားနိုင်တယ်။ အဲဒါ ဥပေက္ခာ ခေါ်ပါတယ်။ အဲဒီလိုနည်းအား ဖြင့် သားသမီးများရဲ့အရွယ်အလိုက်ပေါ့လေ။ သားသမီးများအပေါ်မှာ ဗြဟ္မဝိဟာရ တရားလေးပါး ဖြစ်ပွားလျက်နေတဲ့အတွက် မိဘများဟာ ဗြဟ္မာကြီးတွေနဲ့ တူတယ်လို့ မြတ်စွာဘုရား မိန့်ကြားပါတယ်။ "ဗြဟ္မာတိ မာတာ ပိတရော" တဲ့။ ဗြဟ္မာဆိုတာ မိဘများပါပဲလို့ ဒီလို ဗုဒ္ဓကိုယ်တိုင် မိန့်ကြားခဲ့ပါတယ်။ အခုပြောပြီးတဲ့စကားအရဆိုရင် ဘုန်းကြီးတို့ပရိသတ် ဗြဟ္မာကြီးတွေ တွေ့ရပြီနော်။ ဘာကြောင့် ဗြဟ္မာလို့ခေါ်တယ်ဆိုတာလဲနားလည်ကြပြီနော်။ အခု ဗြဟ္မာတွေကို ပြလိုက်တာဟာ ဘုန်းကြီးက တန်ခိုးနဲ့ ပြလိုက်တာလား၊ လူလောကမှာ ရှိနေတဲ့သဘာဝတွေအတိုင်း ပြလိုက်တာလား၊ ဒါကြောင့်မို့လို့ ခုန ဘုန်းကြီးဝန်ခံခဲ့ပါတယ်။ ဘုန်းကြီး တကယ့်ဗြဟ္မာတွေပြဖို့ တန်ခိုး မရှိဘူးဆိုတာ အခုပရိသတ် နားလည်သွားပါပြီ။ ဒီလို ဗြဟ္မာကြီးတွေနဲ့တူတဲ့ မိဘနှစ်ဦးဟာ ကျေးဇူးကြီးသလား၊ ကျေးဇူးရှိသလား ဆိုတာ ဘုန်းကြီးတို့ ပရိသတ် နားလည်ပြီးသားပါ။

မိဘများဟာ ရှေးဦးဆရာ

ပြီးတော့ တစ်ဆင့်ဆက်ပြီးတော့ ဘုန်းကြီးတို့ ပရိသတ်ကို မေးရဦးမယ်။ အခု အရွယ်အသီးသီး ရှိကြပါတယ်။ မိမိတို့ ရှေးဦးဆရာဟာ ဘယ်သူလဲဆိုတာ မေးရင် ဘယ်သူလို့ လက်ညှိုးထိုးပြမလဲ?

အများစုအနေနဲ့ကတော့ ပြောကြပါတယ်။ လောကီပညာ လောကရေးမှာပဲဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ် ဒီပုဂ္ဂိုလ်ဒီပုဂ္ဂိုလ်ကြီးဟာ မိမိတို့ရဲ့ ရှေးဦးဆရာပါပဲဆိုတာ ပြောကြပါတယ်။ ဒါမှန်မမှန် ကြည့်ကြစို့။ မိဘတို့ဟာ သား

http://www.dhammadownload.com

သမီးတွေ အလွန်ငယ်တဲ့အရွယ်ကစပြီးတော့ ဒါ ဘာခေါ်တယ်၊ ဘယ်လို ပြောရတယ်၊ ဒါကတော့ အဖေ ခေါ်တယ်၊ အမေ ခေါ်တယ်။ ဦးလေး ခေါ်တယ်။ အဘိုး ခေါ်တယ်၊ အဘွားခေါ်တယ် စသည်ဆိုတာ ပြောတတ်ဆိုတတ်အောင် သင်ပေးကြပါတယ်။ ဒါမိုးကောင်းကင် ခေါ်တယ်။ ကြယ်တွေ၊ လတွေ၊ နေတွေ၊ ကမ္ဘာမြေကြီးတွေ၊ သစ်ပင်တွေ ခေါ်တယ်။ ဒါသားကောင်တွေ ခေါ်တယ်။ ကလေး လက်လှမ်းမီသမျှတွေ ကလေးသိနားလည်ရအောင် ဆိုပြီးတော့ ပထမဆုံး ကမ္ဘာနဲ့ ကမ္ဘာကြီးအကြောင်း နိုင်သမျှ သင်ပြတယ်။ ပြီးတော့ နေတတ်၊ ထိုင်တတ်၊ စားတတ်၊ သောက်တတ်အောင် ကလေးအရွယ်အလိုက်ပေါ့လေ။ သူနေရာနဲ့သူ သူ့အခြိန်အခါနဲ့သူ စည်းကမ်းတကျ သင်ပေးပါတယ်။ မိဘများဟာ စည်းကမ်းရှိရင် ရှိသလောက် ကလေးတွေမှာလည်း ဒီသင်ခန်းစာကလေးတွေ ရတော့တာပဲ။ ရတော့ ကလေးတွေဟာ နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ်၊ စားတတ်၊ သောက်တတ် အချို့းတကျ နေတတ်တယ်။ အဲဒီလို သင်ပေးနေရင်းက တစ်ခါတစ်ခါမှာ ကလေးက အလိုမကျဖြစ်ပြီးတော့ စိတ်ဆိုးရင် တုံ့ပြန်တဲ့အခါ ပါးစပ်က ပြောချင်ရာလည်းပြောမယ်။ လက်ကလည်းပဲ ရောက်ချင်ရာလည်းရောက်မယ်။ ဒါပေမဲ့လို့ မိဘဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ အထူးအားဖြင့် မိခင်ဟာ ကလေးစိတ်ဆိုးလို့ တုံ့ပြန်တဲ့အချက်ဟာ အင်မတန်ကို အရသာရှိတာ ဘာမှ သည်းမခံနိုင်တဲ့ သဘော မရှိဘူး။ ခွင့်ပြုပြီး ကျေနပ်နေတာပဲ။ မိခင်ရဲ့ မေတ္တာ၊ ကရုဏာ ဘယ်လောက်ကြီးမားသလဲ ချိန်ဆကြည့်ပါ။ ပြီးတော့ မစင်ကျင်ကြီးက အစပြုရတာတွေပါပေါ့လေ။ တကယ်လို့သာ ကမ္ဘာပေါ်မှာ မိဘနှစ်ဦး မရှိဘူးဆိုလို့ရှိရင် အထူးအားဖြင့် မိခင်မရှိဘူးဆိုလို့ရှိရင် ယဉ်ကျေးတဲ့လူသားတွေနဲ့ သာယာစိုပြည်မှာ မဟုတ်ဘူး။ ပြီးတော့ တာဝန်တွေ နားလည်ပြီးတော့ လူမှုရေး ကျင့်ဝတ်တွေသိပြီးတော့ တိုင်းပြည်တာဝန်တွေ ကမ္ဘာ့တာဝန်တွေနဲ့ နေနိုင်ကြမှာ မဟုတ်ပါဘူး။ ဒီတော့ မိခင်တွေက တာဝန်သိသိနဲ့ မွေးထုတ်ပေးလိုက်လို့ ကမ္ဘာလောကကြီးမှာ သတ္တဝါတွေနဲ့ ပြည့်စုံပြီးတော့ သာယာ စိုပြည်နေတာ။ ပြီးတော့ သားသမီးတွေကို ဒါက ပြုသင့်တယ်၊ ဒါက မသင့်ဘူး။ ဘယ်လူနဲ့ ပေါင်းသင့်တယ်၊ ဘယ်လူနဲ့ မပေါင်းသင့်ဘူး စသည်များကို နားလည်အောင်

http://www.dhammadownload.com

သင်ကြားပေးပါတယ်။ နောက်မှ တခြားဆရာများက ဒီလောကမှာ တတ်သင့်တတ်ထိုက်တဲ့ တခြားပညာတွေကို သင်ပေးကြတာပါ။ အဲဒီလိုနည်းအားဖြင့် အခြားဆရာများထက် ရှေးကျတဲ့ဆရာဖြစ်တဲ့ မိဘများဟာ လက်ဦးဆရာဖြစ်တယ်လို့ ဘုန်းကြီးကပြောတာပါ။ ဒါကြောင့် မြတ်စွာဘုရားက "ပုဗ္ဗာစရိယာ ဝုစ္စရေ" လို့ မိဘများဟာ ရှေးဦးဆရာများလို့ ဆိုရပါတယ်လို့ ဒီလို မိန့်ကြားပါတယ်။ အဲဒီတော့ အဲဒီလို ကျေးဇူးဂုဏ်ရှိရတာဟာ ကျေးဇူးအလွန်များတဲ့အဖြစ်ကြောင့်ပဲ။ မိဘတို့ဟာ မိမိတို့ရဲ့ သားသမီးများ အသက်ရှည်ရန် နည်းအမျိုးမျိုးနဲ့ ပြုစုစောင့်ရှောက်ကြတယ်။

မကြေသေးဘူး အနှစ် ၁၀၀

အထူးအားဖြင့် မိခင်ဟာဆိုလို့ရှိရင် မိမိရဲ့သွေးဓာတ်ကဖြစ်ပေါ်လာတဲ့ နို့ရည်တိုက်ကျွေးပြီးတော့ ကြီးပွားအောင် စောင့်ရှောက် မွေးမြူခဲ့ပါတယ်။ ပြီးတော့ သားသမီးများကို သူတို့ရဲ့ဟတ်ဝန်းကျင်ကအစ လောကကြီးရဲ့ အကြောင်းအရာတွေ သိကြရအောင် မြင်ကြရအောင် ဆိုပြီးတော့ မိဘတွေ မီသမျှ ပြကြတယ်။ ဒီလောက် ကျေးဇူးကြီးမားတဲ့အတွက်ကြောင့်လည်း လောကီနည်းနဲ့ ကျေးဇူးတွေဆပ်ကြပေမယ်လို့ ဘယ်နည်းနဲ့မှ ဆပ်လို့ မကုန်ကြောင်းကို မြတ်စွာဘုရားဟောခဲ့ပါတယ်။ မိဘကျေးဇူးကို ကျေလည်အောင် ဆပ်မယ်လို့ ဒီလိုရည်မှော်ချက်နဲ့ လက်ယာ ပခုံးပေါ်မှာ မိခင်ကိုတင်၊ လက်ဝဲပခုံးပေါ်မှာ ဖခင်ကိုတင်ပြီးတော့ အမိနဲ့အဖကို အသက် ၁၀၀ ရှည်တဲ့ ပုဂ္ဂိုလ်ဟာ အသက် ၁၀၀ ပတ်လုံး ပြုစုကျွေးမွေးပေမယ့်လို့ ကျေးဇူးတွေ ဆပ်လို့ မကုန်နိုင်ပါဘူးတဲ့။ ဒီလို မြတ်စွာဘုရား မိန့်ကြားပါတယ်။

မိကို လက်ယာ၊ ဖကို လက်ဝဲ

အဲဒီအချက်မှာ မိခင်ကို လက်ယာပခုံးပေါ်မှာတင်၊ ဖခင်ကို လက်ဝဲပခုံးပေါ်မှာတင်ဆိုတဲ့ နေရာမှာ နည်းနည်းထူးဆန်းတယ်။ လက်ယာဟာ တော်တော်အရေးပါတဲ့အပိုင်းပဲ။ အလွန်အရေးပါလွန်းလို့ မိခင်ကို လက်ယာပခုံးပေါ်မှာ တင်ရတာပဲ။ အဲဒီဟာကို ထောက်လို့ရှိရင် မိခင်ဟာ ဖခင်ထက်သာပြီးတော့ ကျေးဇူးရှိတယ်ဆိုတဲ့ သဘောဟာ ထင်ရှားပါတယ်။

http://www.dhammadownload.com

ပြီးတော့ နောက်တစ်ချက်လည်း ရှိသေးတယ်။ အနန္တရိယကံကြီးငါးပါး ဆိုတာ ရှိပါတယ်။ သေရင်မုချ မကောင်းကျိုးရနိုင်တဲ့ကံကြီး။ အမိ သတ်တာ၊ အဖသတ်တာ၊ ရဟန္တာသတ်တာ၊ ဘုရားကို သွေးစိမ်းတည်အောင် လုပ်တာ၊ ညီညွတ်နေတဲ့ သံဃာတွေ ကွဲပြားအောင်လုပ်တာ အဲဒီ ကံကြီး ၅ ပါးထဲက မိဘနှစ်ဦးသတ်တဲ့ပုဂ္ဂိုလ်ဟာ မိဘနှစ်ဦးက အကျင့်သီလချင်း တူမျှနေရင် ဘယ်ကံက အကျိုးပေးသတုံးဆိုတော့ မိခင်သတ်တဲ့ကံက အရင်အကျိုးပေး ပါတယ်လို့ အဲဒီလိုတောင် ဆိုမိန့်ချက် ရှိပါတယ်။ အခု အသက်တစ်ရာပတ်လုံး ခုနပြောတဲ့နည်းအရ ကျေးဇူးဆပ်ပေမယ့်လို့ ကျေးဇူးတွေ မကျေနိုင်ကြောင်း ပြပြီးတဲ့အပေါ်မှာ ဓမ္မကြောင်းအနေအားဖြင့် မိဘနှစ်ဦးကို ပြုစုဖို့ ဆက်ပြီး ပြောပါဦးမယ်။

အချိန်တော့ ကျသွားပါပြီ။ ဒါပေမဲ့လို့ မိဘကျေးဇူးပြုပုံကို တစ်ထိုင်တည်း အပြတ်ဟောလိုတာကြောင့် အဲဒါပြီးတဲ့အထိ ဟောပါဦးမယ်။

ကျေးဇူးကျေဖို့

သဒ္ဓါအစရှိတဲ့ သူတော်ကောင်းတရားများမရှိသေးတဲ့မိဘများကို သဒ္ဓါရှိသွားအောင်၊ အမှန်တရားတွေအပေါ်မှာ ယုံကြည်မှုတွေ ရသွားအောင်၊ ကိုယ်ကျင့်သီလတွေ ပြည့်စုံအောင်၊ ပြီးတော့ ဓမ္မရေးနဲ့ ပတ်သက်ပြီးတော့ အသိအလိမ္မာဉာဏ်ပညာတွေလည်း ရရှိသွားအောင် ပြုပြင်ပေးခြင်းအားဖြင့်သာ မိဘကျေးဇူး ကျေရာရောက်ကြောင်းကို မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်မှာ အတိအလင်း မိန့်ကြားခဲ့ပါတယ်။ ထိုမျှလောက် ကျေးဇူးကြီး၊ ဂုဏ်ကြီးတဲ့အတွက် မိဘများကို အရိုအသေပေးရမယ်၊ ရှိခိုးရမယ်၊ ထမင်း၊ အဖျော်၊ အဝတ်အစား၊ အိပ်ရာ နေရာပေးခြင်း၊ အိုမင်းမစွမ်းဖြစ်ရင်လည်း ရေချိုးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း အစရှိတဲ့ဝတ္တရားများနဲ့ ကောင်းစွာ ပြုစုရပါတယ်။ အဲဒီလို ပြုလုပ်ခြင်းအားဖြင့် ဝတ္တရားကျေပွန်ခြင်းအားဖြင့် ရနိုင်တဲ့အကျိုးတွေကတော့ ယခုဘဝမှာပဲ ပညာရှိ သူတော်ကောင်းများရဲ့အချီးမွမ်းခံရတယ်။ နောင်ဘဝတွေမှာလည်း နတ်ပြည်မှာ ပျော်မွေ့ရတယ်လို့လည်းပဲ မြတ်စွာဘုရားက မိန့်ကြားပါတယ်။ ဆိုလိုတာကတော့ မိဘတွေ

http://www.dhammadownload.com

ပြုစုရတဲ့အတွက် ဆုံးရှုံးနစ်နာမသွားပါဘူး။ အကျိုးကျေးဇူးတွေ ရှိပါတယ်လို့ ပြောလိုရင်းပါပဲ။ တာဝန်သိတဲ့ မိဘများနဲ့ ပတ်သက်ပြီးတော့ နောင်တ မဖြစ်ဖို့ရန်အတွက် လူသားပီသတဲ့ပုဂ္ဂိုလ်တွေမှာ သားသမီးတွေမှာ နောင်တ မဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။ ဘာဖြစ်လို့ ဒီဟာပြောရသလဲဆိုတော့ မိဘများကို ပစ်ထားတဲ့သားသမီးအချို့လည်း ရှိတတ်ပါတယ်။ ပစ်ထားရုံသာ မဟုတ်ဘဲနဲ့ ဒီထက်တိုးပြီး ကျေးဇူးကန်းနေတဲ့ သားသမီးတွေလည်း ရှိနေလို့ ဘုန်းကြီးက ပြောရတာပါ။ တချို့သားသမီးတွေဆိုရင် မိဘဆိုတာ ဘာကျေးဇူးတင်ဖို့ လိုသတုံး။ သူတို့အချင်းချင်း မနေနိုင်လို့ ယူရင်းကနေပြီးတော့ မွေးဖွားလာတာပဲ၊ ဘာကျေးဇူးတင်ရမှာလဲ ဆိုပြီး အဲဒီလိုအခြေအနေတောင် အချို့ကမ္ဘာအရပ်ရပ်က မိသားစုတွေမှာ ရှိကြပါတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကတော့ နောင်တစ်ချိန်မှာ ပူပန်မှုနောင်တတွေ ရတတ်တယ်။ ဒါပေမဲ့လို့ နောင်တ ရတဲ့အချိန်မှာ မိဘများက လူပြည်မှာ မရှိတော့လို့ နောင်တသာ အဖတ်တင်ပြီးတော့ တစ်သက်လုံး စိတ်မချမ်းမသာ ဖြစ်နေရတတ်တယ်။ ပိုပြီးတော့ ထင်ရှားအောင်လို့ ဗုဒ္ဓလက်ထက်က သာဓကလေးတစ်ခု ထုတ်ပြီး ပြောပါရစေ။

အဇာတသတ်မင်းသား ဝတ္ထု

အဇာတသတ်မင်းဟာ ဒေဝဒတ်နဲ့ပူးပေါင်းမိလို့ ခမည်းတော် သူတော်ကောင်း ကျောင်းဒကာ ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်း အကျဉ်းချထားပါတယ်။ သူဟာ စိတ်ရိုင်းတွေ ဝင်ပြီးတော့ ဖခင်ခြေဖဝါးကို မား‌နဲ့ မွှန်းတဲ့အထိ ရက်စက်တဲ့အနေ ရောက်ခဲ့ပါတယ်။ နောင်အခါမှာ မိမိသားတော်လေး မွေးဖွားတာကို ကြားရတဲ့အခါ ရိုးတွင်းချင်ဆီအထိ စိမ့်ပြီးတော့ မိမိသားလေး အပေါ်မှာ အလွန်ပီတိတွေဖြစ်ပြီး မေတ္တာဓာတ်ပေါ်လာတယ်လို့ ဆိုပါတယ်။ အဲဒီအခါမှာ စာနာစိတ်ကလေး သူ့မှာ နည်းနည်းဝင်သွားပြီး ညောင့်ခ်ခမည်းတော်လည်း ငှ်ကို ဒီလိုချစ်မှာပဲဆိုတာ သတိရသွားပါတယ်။ အဲဒီလို သတိရတဲ့အခါမှာ မယ်တော်မိဖုရားကြီးကိုမေးတော့ မယ်တော်မိဖုရားကြီးက ဘယ့်နှယ်ပြောပါလိမ့်သား‌ရယ်၊ သားတော်ငယ်ငယ်က ဘယ်လိုဖခင်က သားအပေါ် ချစ်ခဲ့တယ်ဆိုတာ ရှင်းလင်းပြပါတယ်။ တစ်ချိန်မှာ သားတော်ရဲ့ လက်ညှိုး

http://www.dhammadownload.com

အင်မတန်ကိုက်ခဲတဲ့ရောဂါတစ်မျိုး ဝင်လို့ သားတော်ရဲ့ ခမည်းတော်ဟာ အဲဒီလက်ညှိုးကို ပါးစပ်ထဲ ထည့်ပြီးငုံထားရှာပါတယ်။ ပါးစပ်ထဲမှာ ပြည်က ပေါက်သွားတော့ ထွေးပစ်လို့ရှိရင် သားတော်လေး အိပ်ရာက နိုးသွားမှာစိုးလို့ ဆင်းဆင်းရဲရဲဖြစ်မှာစိုးလို့ ပြည်တွေတောင် မထွေးထုတ်ဘဲ ဝမ်းထဲမျိုချလိုက်တယ်။ ဒီလောက် သားကို ချစ်ရှာတယ်ဆိုပြီး မယ်တော်မိဖုရားကြီး ပြောပြလို့ သူနားလည်ရတယ်။ အဲဒီလောက် သားအပေါ်မှာ ချစ်ရှာတာလို့ ပြောမှ သူနောင်တရပြီး ခမည်းတော်ကိုလွတ်စေလို့အမိန့်ချမှတ်လိုက်တယ်။ ဒါပေမဲ့လို့ အခါက နှောင်းသွားပါပြီ။ ခမည်းတော် နတ်ရွာစံသွားရှာပြီတဲ့။ ဒီအခါကျမှ နောင်တဆိုတာ ဖြစ်ရတယ်။ အဲဒီနောင်တကြီးဟာ တစ်သက်လုံး သူနဲ့ထပ်ချပ်မကွာ လိုက်ပါပြီးတော့ အမြဲတမ်း နှိပ်စက်တော့တာပဲ။

အခုခေတ်သားသမီးတွေလည်း ကျေးဇူးရှင်မိဘတွေကို ကိုယ်ကတတ်နိုင်တဲ့အခါမှာ ပြုစုရမယ့်အစား မေ့လျော့ပြီးတော့ ကျေးဇူးကန်းပြီးတော့ အမှတ်တမဲ့နေရလို့ မိဘတွေ အခြေဆိုးအနေဆိုးဖြစ်ပြီး ဆင်းဆင်းရဲရဲနဲ့ ကွယ်လွန်ရှာပြီ ဆိုလို့ရှိရင် သြော် ငါ့မိဘများ ငါတို့ တတ်နိုင်လျက်နဲ့ မပြုစုလိုက်ရလေခြင်းဆိုပြီးတော့ နောင်တမဖြစ်ဖို့အတွက် သိပ်အရေးကြီးပါတယ်။ ဂုဏ်ကို သိသူမှာ ဂုဏ်လာတာပဲ၊ ကျေးဇူးရောက်လာတာပဲ။ ဘုရားရှင်ကတော့ မိဘများရဲ့ဂုဏ်ကျေးဇူးကို အထူးမြှောက်စားပြီး ဟောခဲ့ပါတယ်။ မိဘတွေ လုပ်ကျွေးရလို့ ဘေးရန်ကင်းရုံတွေ၊ အကျိုးခံစားရပုံတွေ ဟောကြားခဲ့တာ ဇာတ်တော်များမှာလည်း အတော်များများ တွေ့ရပါတယ်။ အဲဒါတွေထုတ်ဖော်ပြောမယ်ဆိုရင် အများကြီးရှိပါတယ်။ ပြီးတော့ အခြားပညာရှင်ကြီးများကလည်း မိဘရဲ့ဂုဏ်ကျေးဇူးတွေကိုအထူးမြှောက်စားပြီးတော့ ရေးကြတာတွေ အများကြီးရှိပါတယ်။ အခုခေတ်ကတော့ အမှန်အပေါ်မှာ ယုံကြည်သူလည်း နည်းပါး၊ အမှန်ကိုပယ်ချင်တဲ့ပုဂ္ဂိုလ်က အတော်များများဖြစ်နေတော့ မိဘဂုဏ်ကျေးဇူးကိုတောင်မှ နားလည်ဖို့ တယ်မလွယ်လှပါဘူး။

ရုပ်ဝတ္ထုကို အားပေးနေတဲ့ ခေတ်ကာလကြီးထဲမှာ နာမ်ဓာတ်ရဲ့ သတ္တိအရှိန်အဝါ အာနုဘော်ကို အသိအမှတ်မပြုလိုကြပါဘူး။ ဒီလိုနဲ့ပဲ မိဘဆရာ

http://www.dhammadownload.com

များသာမက တကယ့်ကိုးကွယ်သင့်တဲ့အမှန်တွေကိုတောင်မှ တကယ့် စေတနာ ကိုတောင်မှ စေတနာမျှသာ ဘာမှအကျိုးမရှိတဲ့အနေမျိုးပေါ့လေ။ ဘာသိ ဘာသာ အဲဒီလိုနဲ့ပဲ အချိန်ကုန်သွားတာတွေ များပါတယ်။ အဲဒီအတိုင်းဆို လို့ရှိရင် တစ်ဖက်စွန်းသို့ လွန်ကျွံပြီးတော့ သွားတော့တာပဲ။ အဲဒီပုဂ္ဂိုလ်များရဲ့ သဘာဝအတိုင်း ဖြစ်သွားတော့တာပါပဲ။ ဆိုလိုတဲ့သဘောကတော့ မိဘများ အပေါ်မှာ ပြုရမဲ့စေတနာလောက်သာ ရှိပြီးတော့ လက်တွေ့မပါဘဲနဲ့ ဒီ အတိုင်း ဖြစ်သွားလို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေဟာ တစ်ဖက်စွန်းရောက်သွားပြီလို့ ဆိုလိုပါတယ်။ အထူးအားဖြင့် မိဘများ ဘာကျေးဇူးတင်စရာရှိလဲလို့ မိဘရဲ့ ကျေးဇူးကန်းတဲ့အနေရောက်သွားလို့ ရှိရင်တော့ ဟိုဘက်တစ်ဖက်စွန်းကို အများကြီး ရောက်သွားတာပေါ့။ ဘယ်ကိစ္စမျိုးမဆို ၂ ဖက် မျှမျှတတ ဖြစ် အောင် အလယ်အလတ်ကနေပြီးတော့ ချိန်ဆတတ်ဖို့ အရေးကြီးပါတယ်။

သဒ္ဓါ ပညာညီဖို့

အဲဒီလို ကြည့်ရာမှာ ယုံကြည်မှု သဒ္ဓါတရားနဲ့ ပညာမျှပြီး ကြည့်တတ်ဖို့ သဒ္ဓါလည်း မလွန်အောင်၊ ပညာလည်း မလွန်အောင် မျှမျှတတ ပဲ့ကိုင်ပေးဖို့ လိုပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ တစ်ဖက်စွန်း မရောက်ရအောင် မျှမျှတတ မဟုတ်ဘဲနဲ့ ဖြစ်သွားရင် ဂုဏ်ကျေးဇူးဟာလည်းပဲ အပြစ်ဖြစ်၊ အပြစ်တွေက လည်း ဂုဏ်ကျေးဇူးဖြစ်ပြီးတော့ လူ့ကျင့်ဝတ်တွေလည်း ပျက်သွားမှာပါ။ မြစ်ထဲက ရေတွေဟာ မြစ်ထဲမှာ စီးဆင်းနေသမျှ ချိုတယ်။ ဒါပေမဲ့ သမုဒ္ဒရာ ထဲ ရောက်သွားရင်တော့ သောက်မရဘဲ ငန်သွားပါတယ်။ ဒီလိုပဲ ဂုဏ်များဟာ လည်း ဂုဏ်ကို နားလည်တဲ့ပုဂ္ဂိုလ်များမှာ တကယ်ပဲ ဂုဏ်ဖြစ်ပေါ်လာပါ တယ်။ ဂုဏ်ကျေးဇူးနားမလည်တဲ့ ပုဂ္ဂိုလ်များကတော့ မြစ်ထဲမှာ စီးဆင်းနေ တဲ့ရေချိုတွေဟာ သမုဒ္ဒရာထဲရောက်ရင် အငန်နဲ့ရောတော့ သောက်မရဖြစ် သလို အဲဒီလိုဖြစ်တတ်တဲ့ သဘောလေးတွေလည်း လောကမှာ အများကြီး ရှိပါတယ်။ ဆိုလိုတာကတော့ သားသမီး လိမ္မာသူတွေမှာဆိုရင် ဂုဏ်ကျေးဇူး သိနားလည်တော့ အဲဒီဂုဏ်ကျေးဇူးရဲ့အကျိုးကို ရနိုင်တယ်။ သားမိုက်သမီးမိုက် တွေမှာတော့ ဂုဏ်ကျေးဇူးက အပြစ်တွေ ဖြစ်ပြီး ရေငန်နဲ့ ရောလိုက်တဲ့ အခါ

http://www.dhammadownload.com

အပြစ်တွေဖြစ်တော့ သောက်မရဖြစ်သလို လိမ္မာသူနဲ့ မိုက်တဲ့သူဟာ အမြင်ချင်းကွာခြားပုံ အကျိုးရပုံတွေကို တင်စားပြီးတော့ ပြောတာပါ။

အခုပြောခဲ့တဲ့စကားအစဉ်အတိုင်း မိဘတွေဟာ ဗြဟ္မာကြီးနဲ့ တူပုံ၊ လက်ဦးဆရာနဲ့တူပုံ၊ ကျေးဇူးကြီးမားပုံ၊ ကျေးဇူးသိပြီးတော့ ကျေးဇူးဆပ် တတ်ရင် အကျိုးရရှိပုံ အဲဒါတွေကို မြတ်စွာဘုရားဟောမိန့်တဲ့အတိုင်း အကျဉ်းချုံးပြီးတော့ ပြောပြီးပါပြီ။ ဒီနေ့ ဒီမျှငေ့ာက်နဲ့ပဲ အဆုံးသတ်ကြပါစို့။

သာဓု. . . . . သာဓု. . . . . သာဓု။

http://www.dhammadownload.com

နိဗ္ဗာန်ရောက်ကြောင်း ယာဉ်ရထားကောင်း

တကယ်ကျင့်တဲ့ နတ်သားပဲ

ဒီနေ့ လွန်ခဲ့တဲ့ရက်အနည်းငယ်က ဟောလက်စဖြစ်တဲ့ အစ္ဆရာဂဏသုတ္တန်ကို စာတွေ့နဲ့ လက်တွေ့ နှစ်ခုပေါင်းစပ်ပြီး ဆက်ဟောပြဖို့ပါပဲ။ ဒီသုတ်ဟာ ယောဂီတွေအတွက် သိပ်ပြီးအကျိုးများတဲ့ အသုံးဝင်တဲ့ သုတ်ပါ။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်တွေ တိုတိုနဲ့ရှင်းရှင်းနဲ့ ပြတော်မူပြီးတော့ သိသာထင်ရှားတဲ့ လောကီဥပမာလေးနဲ့ မြတ်စွာဘုရားက မိန့်ကြားပါတယ်။ ဒီသုတ်ကို 'နိဗ္ဗာန်ရောက်ကြောင်း ယာဉ်ရထား ကောင်း' လို့ ဒီလို အမည်တပ်လို့ရှိရင် သိပ်ဆီလျော်ပါတယ်။ အဲဒီသုတ်ကို ဒီနေ့ ဆက်လက်ပြီး ဟောပါမယ်။

မြတ်စွာဘုရားကို နတ်သားက "ဘေးလွတ်ဘေးကင်းရာဌာနကို ဘယ်ပုံ ဘယ်နည်းအားဖြင့် ရောက်နိုင်ပါမလဲ။ အဲဒီဘေးကင်းရာဌာနကို ညွှန်ကြားပါဘုရား။ အရဟတ္တဖိုလ်ပေါက်ရောက်တဲ့အထိ တရားနည်းလမ်းတွေ ညွှန်ကြားတော်မူပါ" လို့ ဆိုလိုပါတယ်။ ဒီအခါမှာ မြတ်စွာဘုရားက "ညော့် ဒီနတ်သားဟာ အလွန်ကြိုးကိုပဲ ကိလေသာတွေ ခေါင်းပါးလိုတဲ့ဆန္ဒ ပြင်းပြတယ်။ ကိလေသာခေါင်းပါးရေးအတွက်လည်း တကယ်ကျင့်တဲ့နတ်သားပဲဆိုတာ သိမြင်တော့ သူ့ရဲ့အခြေအနေ ဘယ်လိုနေမတုံး" လို့ ဆင်ခြင်ကြည့်တဲ့အခါမှာ မိမိရဲ့သာသနာမှာ ရဟန်းအဖြစ် ခံယူပြီးတော့ သစ္စာရဒ္ဓဝီရိယ ဆိုတာပေါ့လေ။ တကယ့်ကို လုံ့လဝီရိယ ထားပြီးတော့ ကျင့်သုံးလို့ တရားထူးမရသေးဘဲ

http://www.dhammadownload.com

နဲ့ နတ်ပြည်မှာ လာဖြစ်ရတယ်ဆိုတဲ့အကြောင်း သိမြင်တော်မူပါတယ်။ ပြီးတော့ သီလတွေလဲ ပြည့်စုံနေသေးတော့ ဘယ်ကစပြီးတော့ တရားပြရမယ် ဆိုတာကို မြတ်စွာဘုရား သိမြင်တော်မူပါတယ်။

သီလကို စဟောကြတယ်

ဘုရားရှင်တို့မည်သည်မှာ ဘာဝနာတရား အားမထုတ်ဖူးသေးတဲ့ တပည့် အသစ်ကို ရှေးဦးစွာ သီလကစပြီးတော့ ဟောလေ့ဟောထရှိပါတယ်။ သီလကနေပြီးတော့ နောက်စိတ်တည်ငြိမ်အောင် သမာဓိလုပ်ငန်းတွေကို ဟောပါတယ်။ အဲဒီလို သီလအခြေခံ တည်ပြီးတော့ သမာဓိ တရားတွေကို ပွားဖို့ရာ ဟောတဲ့အခါ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးပေးဟန်တွေ့ရ သဖြင့် ကောင်းရင်စံ ဆိုးရင်ခံရမှာပဲဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အခြေခံ အသိဉာဏ်လေးဖြောင့်အောင်လည်း လုပ်ပေးလေ့ ရှိပါတယ်။ ဆိုလိုတာက တော့ ပဌမ သီလယူ၊ နောက် စိတ်တည်ငြိမ်အောင် လုပ်တဲ့နည်းတွေဟော၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိလည်း ဟော၊ အဲဒီလို ရှေ့ပိုင်းအကျင့်တွေ ဟောလေ့ ဟောထရှိပါတယ်။ အဲဒီအချက် ဘုန်းကြီးတို့ တော်တော်သတိထားရမှာပါ။

လေထဲမှာ ပန်းချီဆွဲလို့မရ

ထင်ရှားတဲ့ဥပမာလေး ပြထားပါတယ်။ ပန်းချီအတတ်တွေကို သင်ပြတဲ့ ဆရာဟာ ကျောင်းသားသစ်၊ ဘာမှအလေ့အကျင့် မရှိသေးတဲ့ တပည့်သစ် ရောက်လာပြီဆိုရင် ရှေးဦးစွာ ပန်းချီကားချပ်ကြီးကို ပြရတယ်။ ပိတ်ကားကြီး ဖြစ်ဖြစ်၊ နံရံဖြစ်ဖြစ် ပြရတယ်။ ဖရိန်(frame)ထဲမှာ အဝတ်ဖြစ်ဖြစ်၊ သစ်သား ဖြစ်ဖြစ် ကားချပ်ကြီး ထောင်ရတယ်။ ပြီးမှ အခြေခံပန်းချီ သင်ပေးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပန်းချီဆေးရုပ်ဟာ လေထဲမှာ ရေးလို့မရဘူး။ လေထဲမှာ ပန်းချီဆေးရုပ်ထင်အောင် ရေးလို့ မဖြစ်ပါဘူး။ သူ့ရဲ့ တည်ရာအခံဖြစ်တဲ့ ပန်းချီကားချပ်ကြီးပေါ် မှာသာ ရေးလို့ ဖြစ်ပါတယ်။ အဲဒီအပေါ် မှာသာ သင်ပြလို့ ဖြစ်ပါတယ်။ ဒါလိုပဲ တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ အခြေခံသီလ ဘာမှမရှိသေးဘဲနဲ့ ကံကံ၏အကျိုးမှ မယုံကြည်သေးဘဲနဲ့ တရားအားထုတ်လို့

http://www.dhammadownload.com

မဖြစ်ပါဘူး။ ဒါကြောင့် ခုန ရှေ့ပိုင်းသီလ၊ ဒီကမ္ဘာတစ်ဆင့် ဆက်ပြီးတော့ သမာဓိလုပ်ငန်းတွေ ကံကံ၏အကျိုးတွေကိုယုံကြည်သိမြင်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိတွေကို ရှေးဦးစွာ မြတ်စွာဘုရားက ညွှန်ကြားရတာပါ။ ပန်းချီကားချပ်ကြီးကို ရှေးဦးစွာ အမာခံထောင်ပြတဲ့အနေပါပဲ။ အဲဒီ သဘာဝကိုကြည့်ပါ။ အခုကာလ တချို့တချို့ ကမ္မဋ္ဌာန်းဌာနတွေဆိုရင် တရားအားထုတ်ရေးလောက်သာ အလေးထားပြီးတော့ သီလတွေကို ဘာမှဂရုမစိုက်ဘဲနဲ့ ဖြစ်နေတာတွေလည်း ရှိပါတယ်။ ပြီးတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ နားမလည်ဘဲနဲ့လည်းပဲ လုပ်နေကြတာလည်း ရှိပါတယ်။ ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ လေထဲမှာ အရုပ်ရေးလို့ ပန်းချီရုပ် မထင်သလိုပေါ့လေ။ အချိန်သာ ကုန်သွားမယ်။ လိုအပ်တဲ့ ပန်းချီဆေးရုပ်တော့ တင်ပြလို့ မရဘူး။ ပန်းချီဆေးရုပ်လည်း မထင်နိုင်ဘူး။

ကာရက ပုဂ္ဂိုလ်

အခုဒီနတ်သားကတော့ ကာရက ပုဂ္ဂိုလ်တဲ့။ ကာရကပုဂ္ဂိုလ်ဆိုတာ ဝိပဿနာအလုပ်ကို တကယ်လုပ်တဲ့ပုဂ္ဂိုလ် ဆိုတာပေါ့။ မြတ်စွာဘုရားရဲ့ ဩဝါဒကို လက်တွေ့ကျကျ ခံယူပြီးတော့ သီလ၊ သမာဓိ၊ ပညာ ခေါ်တဲ့ မဂ္ဂင် ၈ ပါး အကျင့်လမ်းကြောင်းကို ကြိုးစားပမ်းစားနဲ့ ဖြောင့်ဖြောင့်ကြီး လျှောက်နေတဲ့ပုဂ္ဂိုလ်တဲ့။ တကယ့်ကာရကပုဂ္ဂိုလ်ဆိုတော့ သူဟာ စာသမားသက်သက် မဟုတ်ဘူး။ အတွေးသမားသက်သက်မဟုတ်ဘူး။ အငေးသမားသက်သက် မဟုတ်ဘူး။ တကယ်ယုံယုံကြည်ကြည်နဲ့ ရိုရိုသေသေနဲ့ စေ့စေ့စပ်စပ်နဲ့ အားထုတ်နေတဲ့ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ ဒီတော့ သူဟာ ဝိပဿနာတရားတွေ အားထုတ်ထားလို့ တော်တော်လေးအခြေကျနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ မြတ်စွာဘုရားက သုညတ ဝိပဿနာတရားကိုပဲ စပြီးတော့ ဟောပါတယ်။

ဇီးရိုး

သုညတ ဝိပဿနာဆိုတာ တရားအားထုတ်လို့ ဝိပဿနာဉာဏ်တွေ တော်တော် ရင့်ကျက်လာရင် မမြဲပုံလေးတွေကို သိနေတော့ မြဲတယ်ဆိုတဲ့

http://www.dhammadownload.com

အဖြစ်က ကင်းဆိတ်နေတယ်။ ဆင်းရဲပုံလေးတွေ သိနေတော့ ကောင်းစား ချမ်းသာတယ်ဆိုတဲ့အနေက ကင်းဆိတ်နေတယ်။ သူသဘောအတိုင်း သူဖြစ် နေတာလေးတွေကို သိနေတော့ အလိုအတိုင်း မဖြစ်တဲ့ အတွက်က ကင်းဆိတ် နေတယ်။ ဒီပြင် နိစ္စ၊ သုခ၊ အတ္တ ဘာမှ မရှိဘူး။ 'ဇီးရိုး'ပဲ။ ရှိတာကတော့ သဘောလေးသက်သက်ပဲ။ ရှုစရာလေးကလည်း သဘောလေး၊ ရှုတာလေး ကလည်း သဘောလေးပဲ။ အဲဒီလို သိမြင်တဲ့ ဝိပဿနာဉာဏ်ကို သုညတ ဝိပဿနာဉာဏ်လို့ ခေါ်တယ်။ မြတ်စွာဘုရားက အဲဒီ သုညတဝိပဿနာ ဉာဏ်က စ ဟောတာပါ။ အဲဒီ သုညတဝိပဿနာဟာ 'သဏ္ဌ၊ သုခုမ' တဲ့။ သဏ္ဌဆိုတာ နူးညံ့တာ၊ သုခုမဆိုတာ သိမ်မွေ့တာ ချောညက်နေတာ။ နုနု ကလေး ချောချောညက်ညက်ကလေး ဖြစ်နေတာတဲ့။ ဝိပဿနာက ဒါက ဘယ်လိုလဲဆိုတော့ ဝိပဿနာဉာဏ် အလယ်ပိုင်းလောက်ပေါ့လေ။

ဖွာတာတာ ဟာကျဲကျဲ

အထူးအားဖြင့် ဘင်္ဂဉာဏ်ပိုင်းလောက်ရောက်လာလို့ရှိရင် လက်၊ ခြေ၊ ခေါင်း၊ ပုံသဏ္ဌာန်တွေကင်း၊ ပုံသဏ္ဌာန်တွေဆိုတာလည်း ဘာမှ မရှိတော့ဘူး။ ပြီးတော့ ပေါ်လာတဲ့အာရုံရဲ့ အစ၊ အလယ်၊ အဆုံး သုံးပိုင်းထဲကဆိုရင် အဆုံး ပိုင်းပဲ ထင်နေတာပဲ။ အစပိုင်းနဲ့ အလယ်ပိုင်း မထင်ဘူး။ တရိပ်ရိပ်နဲ့ကုန်ဆုံး ပျောက်ပျက်နေတာ။ အင်မတန်လည်း သွက်နေတာ။ ပြီးတော့ ထိုင်နေ သလား၊ ရပ်နေသလားဆိုတာလည်း မရှိဘူး။ အဲဒီကစပြီးတော့ ပုံသဏ္ဌာန် တွေ ကင်းပြီး မမြဲပုံတွေ ဆင်းရဲပုံတွေ သူသဘောတိုင်း သူဖြစ်ပုံလေးတွေ သိပ်ရှင်းတယ်။ ဝိပဿနာဉာဏ်ကလည်း ထူးထူးခြားခြားကြီး ထက်လာတော့ ရှုစရာအာရုံလေးတွေဟာ အလိုက်သင့်ပဲ ပေါ်ပေါ်ပေါ်ပေါ်နေတယ်။ ပေါ် တိုင်း အာရုံလေးတွေ အဆို့နဲ့လိုက်ပြီး မှတ်ရတော့ ထောက်တောက်တောက် ထစ်တစ်တစ်ကြီး ဖြစ်နေတယ်။ ဒီတော့ ယောဂီက အဆိုမထည့်ဘဲနဲ့ အသာ ကလေး စိတ်ကလေးနဲ့ပဲ စိုက်ကြည့်နေတာ။ အဲဒီကစပြီးတော့ သိမ်မွေ့စ ချောညက်စ ပြုတော့တာပဲ။ အဲဒီထက်ကို ပိုပြီးတော့ နူးညံ့ချောညက်တယ်လို့ ဒီလိုဆိုလိုပါတယ်။ အဲဒီ သိမ်မွေ့နူးညံ့စဖြစ်တဲ့ ဉာဏ်ပိုင်း အစရောက်လာပြီ

http://www.dhammadownload.com

ဆိုရင် တော်တော်များများ ယောဂီတွေဟာ လက်၊ ခြေ၊ ခေါင်းပုံသဏ္ဌာန်တွေ ပျောက်ပြီးတော့ ရှုစရာအာရုံရဲ့ အစ အလယ် ဒီနှစ်ပိုင်းလည်းပျောက်၊ နောက်ဆုံး တရိပ်ရိပ်နဲ့ ကုန်ဆုံးပျောက်ပျက်နေတဲ့ အပိုင်းလေးလောက်သာ တွေ့တာ နောက်ဆုံးအပိုင်းဆိုတာကလည်း မရှိသလို ဖြစ်နေတော့ မရှိတာတွေ မှတ်နေရသလိုပဲ။ မရှိတာတွေ မှတ်နေရတော့ ဖွာတာတာ၊ ဟာကျဲကျဲကြီး ဖြစ်နေတယ်။ ယောဂီမှာ အရင်ကရှုမှတ်ရတာက စည်းစည်းလုံးလုံးရှိတယ်။ အရသာရှိတယ်။ အခုတော့ ဖွာတာတာ ဟာကျဲကျဲကြီး ဖြစ်နေပြီ။ သူတရားတွေတော့ ကျကုန်ပါပြီ ဆိုပြီးတော့ စိတ်ပျက်အားငယ်မှုလေးတွေလည်းပဲ ဖြစ်တတ်တယ်။ အမှန်ကတော့ ဒီအပိုင်းဟာ အင်မတန်သန့်ရှင်းတဲ့အပိုင်းပဲ။ ရှေ့ဝိပဿနာဉာဏ်တွေက လက်၊ ခြေ၊ ခေါင်းပုံသဏ္ဌာန်နဲ့ တွဲပြီးတော့ သဘောတရားလေးတွေကို သိနေ တာ။ အမြဲဆင်းရဲသဘောပဲဆိုတာကို သိနေတာ။ ဒီအပိုင်းက ပညတ်တွေ ကင်းသွားတာ။ သဏ္ဌာန် ပညတ်၊ ပုံသဏ္ဌာန်ပညတ်၊ အဆိုပညတ်တွေလည်း ကင်းပြီးတော့ သဘောသက်သက်လေးပဲ သိတာ။ ဒီအပိုင်းက သိပ်သန့်ရှင်းတဲ့ အပိုင်းပဲ။

ပရမတ်ပေါ်တော့ ပညတ်ငုတ်

ရှေ့ပိုင်း ဝိပဿနာဉာဏ်တွေက အရှုခံအာရုံရဲ့ ပျက်ပုံလောက်ကိုသာ သိတာ။ ရှုသိတဲ့ အာရမ္မဏ်က ဝိပဿနာစိတ်ရဲ့ပျက်ပုံကို မသိဘူး။ ဒီတော့ အရှုခံလောက် ပျက်ပုံ သိပြီးတော့ ရှုသိတဲ့စိတ်ကလေးရဲ့ပျက်ပုံ မသိသေးတော့ အနိစ္စာနုပဿနာဉာဏ်ဟာ သိခါပတ္တာခေါင်ထိပ် မရောက်သေးဘူး။ ဒီအပိုင်း ရောက်လာတဲ့အခါကျတော့ အနိစ္စာနုပဿနာဟာ ခေါင်ထိပ်ရောက်လာတယ်။ ရောက်ပုံကတော့ ပေါ်လာတဲ့အာရုံလေးကို ရှုလိုက်လို့ရှိရင် အဲဒီ အာရုံလေးပါပျက်သွားတာကို သိတာ။ အဲဒီအာရုံကို ရှုသိတဲ့ စိတ်ကလေးပါ ပျက်သွားတာကို သိတယ်။ မူလ ပေါ်လာတဲ့ အာရုံရဲ့ ပျက်ပုံလောက်ကို သိသိသွားတာက ရိုးရိုးဝိပဿနာ ခေါ်တယ်။ နောက်ထပ်တစ်ဆင့် ထပ်ဆင့် သိလိုက်တာလေးက ဝိပဿနာလေးပါ ပျက်သွားတာကို သိလိုက်တာလေးက 'ပဋိဝိပဿနာ'ခေါ်တယ်။ အရှုခံလည်း ပျက်ပြီး ရှုသိတဲ့ စိတ်ကလေးကလည်း

http://www.dhammadownload.com

ပျက် ပျက်ပျက်ပျက်သွားတာကို တွေ့တော့ အနိစ္စာနုပဿနာဉာဏ်က ဒီမှာ ခေါင်ထိပ်ရောက်လာတာ။ တော်တော်ကို ကောင်းလာတာ။ ဘယ်အပေါ်မှာမှ မြတယ်ဆိုတဲ့ အစွဲဟာ မရှိတော့ တော်တော်ကြီးကို သိမ်မွေ့စ ပြုလာတာ။ ဒီအခါမှာ ရှုစရာလေးကလည်း သဘောသက်သက် ရှုသိတဲ့စိတ်ကလေးက လည်း သဘောသက်သက်ဆိုတော့ လက်၊ ခြေ၊ ခေါင်း ပုံသဏ္ဌာန်တွေ ကင်းပြီး တော့ သန့်သန့်ရှင်းရှင်းလေး ဖြစ်နေတာ။ ပရမတ်ပေါ်တော့ ပညတ်တွေ ငုတ်သွားတယ်လို့ ကျမ်းဂန်များမှာ ဒီလိုဆိုရိုး ရှိပါတယ်။

ဖောင်း၊ ပိန်၊ ထိုင်၊ ထိပါ ပျောက်

လက်၊ ခြေ၊ ခေါင်းပုံသဏ္ဌာန်တွေ့ပြီးတော့ ထိုင်တဲ့ဟာတွေ၊ ထတဲ့ ဟန်တွေ၊ အာကာရ ပညတ်တွေ မရှိတော့ဘူး။ ဒီလို ပုံသဏ္ဌာန်နဲ့ အခြင်းအရာ ပျောက်တဲ့အပိုင်းရောက်လာတဲ့အခါ လက်တို့၊ ခြေတို့၊ ကိုယ်တို့၊ ခေါင်းတို့မှ ရှိသေးရဲ့လားဆိုပြီးတော့ မျက်စိဖွင့်ကြည့်တာလည်း ရှိတယ်။ ထိုင်နေတာ ဟုတ်မှဟုတ်ရဲ့လား ဆိုပြီးတော့ ကိုယ်လှုပ်ကြည့်တာလည်းပဲ ရှိတယ်။ ပွတ်သပ်ကြည့်တာလည်းပဲ ရှိတယ်။ ဖွင့်ကြည့်မှတော့ တွေ့ရောပေါ့။ ပွတ်ကြည့်မှတော့ ထင်ရောပေါ့။ အဲဒါ တချို့ရုတ်တရက်ပုံသဏ္ဌာန်တွေ ပျောက်သွားတော့ ကြောက်ပြီးတော့ ဣရိယာပုတ်တွေကိုလည်းပဲ ဖျက်ပစ်တတ်တယ်တဲ့။ အဲဒါမျိုးကတော့ မလုပ်ရဘူး။ ဆက်ပြီးတော့သာ မှတ်မြဲ မှတ်ရတယ်။ အဲဒီမှန်မှားမှားလေးတွေလည်း တရိပ်ရိပ်နဲ့ ကုန်ဆုံး ပျောက်ပျက်တာလေးတွေကိုလည်း ဆက်မှတ်ရတယ်။ ဆက်မှတ်လို့ရှိရင် နောက်တော့ အာရုံနဲ့ အသိဟာတွဲလျက်တွဲလျက် သွက်သွက်ကလေး သွားပြီးတော့ မှတ်လို့ကောင်းတာလေးတွေကိုလည်း သိလာတယ်။ ဒီအပိုင်းကတော့ သိမ်မွေ့စဖြစ်တဲ့ အပိုင်းလေး ရှိပါသေးတယ်။ အဲဒီလို ဆက်ပြီးတော့ အားထုတ်သွားတဲ့အခါ တစ်ဆင့်ထက်တစ်ဆင့် သိမ်မွေ့နူးညံ့ချောညက်ပြီးတော့ လာတယ်။ အသိလေးတွေကလည်း ထူးထူးခြားခြား တစ်ခါတည်း ဖြစ်လာတာပဲ။ အဲဒီတော့ နူးညံ့ချောညက်သလောက် အသက်ရှူတွေကလည်း တဖြည်းဖြည်းသိမ်မွေ့သိမ်မွေ့သွားတယ်။ နောက် ပိန်တာလေး ပျောက်သွား၊ ဖောင်းတာလေး ပျောက်သွား၊ ထိုင်တာ ထိတာလောက် မှတ်ရတာ။ တစ်ခါတစ်ခါ ထိုင်တာပါ ပျောက်သွား ထိတာပါ

http://www.dhammadownload.com

ပျောက်သွား။ တစ်ခါတစ်ခါ ထိုင်ထိပါ ပျောက်သွားတော့ အသိကလေးသာ ကျန်၊ သိပ်သိမ်မွေ့တာ ဒီအပိုင်းကတော့။

ဆဋ္ဌဂုံပေကွာ

"အလွန်သိမ်မွေ့လွန်းအားကြီးတော့ ယောဂီဟာ အသက်တွေလည်း ရှူရမှန်း မသိတော့ဘူး။ အမှန်ကလည်းပဲ ရှူလည်းမရှူတော့ပါဘူး။ စတုတ္ထ စျာန်ရောက်လို့ရှိရင် အဲဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဘုန်းကြီးပြောပါ့မယ်။ အဲဒီလို လွတ်သိမ်မွေ့တဲ့အပိုင်း ရောက်သွားတော့ ယောဂီက အင်း အသက်ရှူရပ်လို့ရှိရင် သေတတ်တာပဲ။ မဖြစ်သေးပါဘူးဆိုပြီး အသက်တော့ ပြန်ရှူရမှာပဲဆိုပြီး ကြောက်ပြီးတော့ တရားလွတ်လိုက်တာလည်း ရှိတယ်။ အသက်ပြန်ရှူတာလည်း ရှိတယ်။ အမှန်ကတော့ တရားသဘာဝပဲ။ တော်တော်ကြီးသိမ်မွေ့တဲ့အပိုင်းရောက်လာတာ လွတ်လိုက်တာတို့ ပြန်ရှူတာတို့ မလုပ်ရဘူး။ တော်တော်ကြီး သိမ်မွေ့သွားတဲ့အပိုင်း ရောက်လာရင် ယောဂီဟာ ဒွါရ ၆ ပါးက ထင်လာတဲ့အာရုံ ၆ ပါးနဲ့စပ်ပြီးတော့ စိတ်ပျက်မုန်းစရာနဲ့ တွေ့လည်းပဲ ဒေါမနဿ၊ ဒေါသလည်း မဖြစ်တော့ဘူး။ ချစ်စရာနဲ့ တွေ့လည်းပဲ ဝမ်းသာဝမ်းမြောက်နဲ့ ချစ်မှုဆိုတာလည်း မဖြစ်ဘူး။ အလယ်အလတ် 'ဥပေက္ခကော ဝိဟရတိ' ဆိုတဲ့အတိုင်း အလယ်အလတ်ရှိနိုင်တယ်။ ဘာဖြစ်လို့ အလယ်အလတ်ရှိနိုင်သလဲဆိုတော့ သတိက သိပ်ကောင်းလာတော့ ပေါ်ရာလေးတွေ တစ်ကုန်တည်းကုန် တစ်ပျောက်တည်း ပျောက်လိုက်တာကိုသိတဲ့ 'သမ္မဇညဉ'ခေါ်တဲ့အသိကလည်း ပါနေတယ်။ သတိနဲ့ပညာက အမြဲတမ်းပါနေတော့ တကယ်တမ်း ရှုမိတဲ့အာရုံပေါ်မှာရော ရှုသိတဲ့ စိတ်ကလေးအပေါ်မှာရော သိမ်မွေ့တဲ့ တဏှာလေးတောင်မှ မဖြစ်တော့ဘူး။ အခြားဒေါသ အစရှိတဲ့ဟာတွေဆို အထူးပြောစရာ မရှိတော့ဘူး။ အဲဒီအခါမျိုး မှာ 'ဆဋ္ဌဂုံပေကွာ' ဖြစ်ပေါ်လာပါတယ်။

ဒီလမ်းစဉ်အတိုင်း သွားပါ

အဲဒီ ဆဋ္ဌဂုံပေကွာပိုင်းရောက်တဲ့အခါ အဲဒီယောဂီကို ရဟန္တာလို့ တောင်မှ ရဟန္တာရဲ့စိတ်နဲ့တောင်မှ မခြားပါဘူးလို့တောင် ဂုဏ်တင်ချီးကျူး

http://www.dhammadownload.com

ထားတယ်။ သို့သော် ကိလေသာ ကုန်လို့ ရဟန္တာလို့ ဆိုတာ မဟုတ်ပါဘူး။ အဲဒီအခိုက်အတန့်လေးမှာ ရဟန္တာ စိတ်ဓာတ်နဲ့ညီမျှနေတာမို့လို့ ရဟန္တာစိတ်နဲ့တူတယ်လို့ ဒီလိုဂုဏ်တင် ခိုးကျူးထားတယ်။ အဲဒီအပိုင်းအထိ ရောက်သွားတယ်လို့ ဆိုလိုတယ်။ အဲဒီလို အခြေအနေရှိနေတဲ့ ဝိပဿနာဟာ ဘယ်အထိ သွားရမလဲဆိုတော့ "အရဟတ္တမဂ္ဂပဒဋ္ဌာန်၊ အရဟတ္တမဂ် ရနိုင်တဲ့ အနီးဆုံး အကြောင်းပဲ"တဲ့။ ဒီလို ခိုးကျူးထားပါတယ်။ အဲဒီလို 'ကာရက' လက်တွေ့ အားထုတ်ပြီးတော့ တကယ်ကြိုးစားတဲ့ယောဂီအား အရဟတ္တမဂ်ရဲ့ အကြောင်းရင်းဖြစ်တဲ့ နူးညံ့သိမ်မွေ့ချောညက်တဲ့ သုညတ ဝိပဿနာကို မြတ်စွာဘုရားတို့က ဟောလေ့ဟောထရှိပါတယ်။ ဒီတော့ မြတ်စွာဘုရားက ဒီနတ်သားဟာ တကယ့်အလုပ်လုပ်တဲ့ နတ်သား၊ သီလလည်းပဲ မပျက်သေးဘူး။ သူမှာ လောကုတ္တရာမဂ်တစ်ခုခု မရသေးတာ တစ်ခုပဲ။ ဝိပဿနာကတော့ တကယ် သိမ်မွေ့တဲ့သုညတဝိပဿနာအဆင့်ရောက်တဲ့အထိ အလေ့အကျင့်ရှိပြီးသားပဲလို့ မြင်တော်မူပြီးတော့ 'ဥဇုကော နာမ သော မဂ္ဂေါ' နတ်သား၊ သင် လူပြည်လောကမှာ နေ့စဉ် အားထုတ်ခဲ့တဲ့ အကျင့်လမ်းစဉ်ဟာ အဖြောင့်ပါပဲတဲ့။ အဲဒီလမ်းစဉ်အတိုင်း သွားပါတဲ့။ ဒီတရားကို စဟောပါတယ်။

ဒီနေ့ဒါပဲ တော်ကြဦးစို့။ မနက်ဖြန်ကျမှ ဆက်ဟောကြရအောင် အချိန်ကျသွားပါပြီ။

သာဓု. . . သာဓု. . . သာဓု။

http://www.dhammadownload.com

ကာယဝင်္ကံ = ကိုယ်အကောက် ၃ ပါး

မနေ့က မြတ်စွာဘုရား ဥဇုကော နာမ သော မဂ္ဂေါ အဘယာ နာမ သာ ဒိသာ ၊နတ်သား သင်လူပြည်လောကမှာ သင်ရဟန်းဘဝနဲ့ နေစဉ်က အားထုတ်ခဲ့တဲ့ အကျင့်လမ်းစဉ်ဟာ ဖြောင့်မှန်တဲ့ အကျင့်လမ်းစဉ်ပါပဲတဲ့။ အဲဒါကို ဒီနေ့ပြောပါမယ်။ ဒီမှာ 'သော မဂ္ဂေါ'ထိုအကျင့်လမ်းစဉ်ဆိုတာ လူ့ဘဝက အကျင့်မဂ်ကို ညွှန်ကြားတာ။ အဲဒီအကျင့်မဂ်မှာ သူရဲ့ဂုဏ် အရည်အသွေးက ဘာရှိသတုံးဆိုတော့ 'ဥဇုက' တဲ့ ။ 'ဥဇုက' ဆိုတာ ဖြောင့်တယ်၊ မှန်တယ်ပေါ့။ ကောက်ကောက်ကွေ့ကွေ့ မရှိဘူး ဆိုတဲ့ အဓိပ္ပာယ်တဲ့။ ဘယ်ဟာတွေက ကောက်ကောက်ကွေ့ကွေ့တရားတွေလဲဆိုတာ နည်းနည်းသရုပ်ထုတ်ပြီးတော့ ပြောပါမယ်။ အဲဒီ မဂ္ဂင် ၈ ပါး အကျင့်တရား ဖြောင့်မှန်တဲ့ဂုဏ် ရှိပုံ ရှင်းမပြခင် ရှေးဦးစွာ ဒုစရိုက် ၁၀ ပါး ပြောပါရစေ။ လူတွေမှာ ဆိုးဝါးတဲ့ ကိုယ်အမူအယာ၊ နှုတ်အမူအယာ၊ စိတ်နေစိတ်ထားပေါ့လေ။ ဒုစရိုတတရားတွေ ရှိနေရင် သူတော်ကောင်းတွေအမြင်နဲ့ကတော့ မဖြောင့်မှန်ဘူးလို့ မြင်ပါတယ်။ စာနာညှာတာစိတ်နဲ့ ဆင်ခြင်တရားမရှိဘူးဆိုရင် သတ္တဝါတွေကို ညှဉ်းဆဲသတ်ဖြတ်တယ်။ ဒေါသအလိုလိုက်ပြီးတော့ ညှဉ်းဆဲသတ်ဖြတ်တယ်။ အဲဒီလိုဆိုလို့ရှိရင် ကိုယ်အမူအရာဟာ မဖြောင့်မှန်တော့ဘူး။ မသန့်ရှင်းတော့ဘူး။ ပြီးတော့ သူတစ်ပါးပိုင်တဲ့ ပစ္စည်းကို မတရားရယူလိုတဲ့ လောဘနဲ့ ခိုးမယ်၊ တိုက်မယ်၊ မတရားယူမယ်ဆိုလို့ရှိရင်လည်း ဒါ သူတော်

http://www.dhammadownload.com

ကောင်းတွေ အမြင်နဲ့ မဖြောင့်ဘူး။ ကိုယ်မပိုင်တဲ့ ကာမကိစ္စတွေမှာ မှောက်မှောက်မှားမှားပြုကျင့်မယ် ဆိုလို့ရှိရင်လည်းပဲ ဒါလည်းပဲ မဖြောင့်မှန်ဘူး။ အဲဒါ 'ကာယဝက်'လို့ ဆိုပါတယ်။ ကိုယ်မဖြောင့်ခြင်းတဲ့။ ကိုယ်အမူအရာ မဖြောင့်ခြင်းပေါ့။ အချုပ်ကတော့ ကာယဒုစရိုက် ၃ ပါးဟာ ကာယဝက် ၃ ပါးလို့ ခေါ်ပါတယ်။

နှုတ်အကောက်နဲ့ စိတ်အကောက်

ပြီးတော့ ဝစီဝက် တရားဆိုတာ ဝစီဒုစရိုက် ၄ ပါးပါပဲ။ အဲဒီ ဝစီ ဒုစရိုက် ၄ ပါးကလည်း မမှန်တာ ပြောတာ၊ ရန်တိုက်စကားပြောတာ၊ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းပျပျ ပြောတာ ပြီးတော့ အကျိုးမရှိတဲ့စကားတွေ ပြောတာတွေပဲ။ အဲဒီစကားတွေ ပြောနေလို့ရှိရင် နှုတ်ဟာ မဖြောင့်မှန်တော့ဘူး။ ကောက်ကောက်ကွေ့ကွေ့တွေ ဖြစ်နေတော့တာပဲ။ အဲဒါ ဝစီဝက်တရား ၄ ပါးလို့ ခေါ်ပါတယ်။

ပြီးတော့ မနောဝက်တရားဆိုတာ စိတ်အကောက်တရားတွေပေါ့။ စိတ်အကောက်တရားဆိုတာ မနောဒုစရိုက် ၃ ပါးနဲ့ နီဝရဏအစရှိတဲ့ စိတ်ထဲဖြစ်နေတဲ့ ကိလေသာတွေပါပဲ။ ဒါစိတ်အကောက်တရားတွေ ခေါ်ပါတယ်။ မနော ဒုစရိုက် ၃ ပါးဆိုတာ သူပိုင်ပစ္စည်းကို ရလိုတဲ့ သဘော၊ သူပိုင်ပစ္စည်းကို အပိုင် စီးလိုတဲ့သဘော၊ ပြီးတော့ သူတစ်ထူး သေပျက်စေလိုတဲ့ သဘောဗျာပါဒ၊ ကောင်းတာ ပြုရင် ကောင်းကျိုးမရ ဆိုးတာပြုရင် ဆိုးပြစ်မရ ပြုသမျှတွေ အလကားပဲလို့ အယူအဆ မမှန်တာ လွဲမှားတာပေါ့လေ။ အဲဒါ မနောကံ ၃ ပါး ခေါ်ပါတယ်။ အဲဒီ မနောကံ ၃ ပါးဖြစ်နေရင် စိတ်ဟာ မဖြောင့်ဘူးပေါ့။ ပြီးတော့ အလကားနေရင် မိမိရဲ့ စိတ်အစဉ်မှာ ကာမဆွဆွ အစရှိတဲ့ နီဝရဏတရားတွေ လွှမ်းမိုးခံရရင် ဖြစ်နေလို့ရှိရင်လည်း စိတ်ထားမဖြောင့်ဘူး။ အဲဒီလိုစိတ်ထဲမှာဖြစ်တဲ့ ကိလေသာတွေ မှန်သမျှ မနောဝက် ခေါ်တာပါပဲ။ အချုပ်ကတော့ မနောဒုစရိုက် ၃ ပါးနဲ့ စိတ်ထဲဖြစ်နေတဲ့ ကိလေသာတွေ မှန်သမျှ အကုန်လုံး မနောဝက်တရားတွေပဲ။ အဲဒီတော့ လမ်းဆိုး လမ်းကောက်တွေပေါ့။

http://www.dhammadownload.com

ကိုယ့်ကိုယ်ကို အပြစ်တင်တယ်

ဒုစရိုက်တရား ရှိနေတဲ့ပုဂ္ဂိုလ်တွေဟာ လမ်းဆိုးလမ်းကောက်တွေ လျှောက်နေတာပဲ။ လမ်းဆိုး လမ်းကောက်တွေ လျှောက်နေတော့ လက်ငင်းပဲ ကြောက်စရာဘေးတွေ မကင်းဘဲ ဖြစ်နေတယ်။ မကင်းပုံ ကတော့ ကိုယ်က မတရားတာတွေ ပြုလုပ်၊ မတရားတာတွေပြော၊ မတရားတဲ့စိတ်နေစိတ်ထားတွေ ရှိနေရင် ကိုယ့်အပြစ်ကိုယ် အေးအေးဆေးဆေးမစဉ်းစားမိသေးရင် သိပ်မသိသေးဘူးပေါ့။ အေးအေးဆေးဆေး မျှမျှတတနဲ့ စဉ်းစားကြည့်တဲ့အခါ မိမိရဲ့ကိုယ်၊ နှုတ်၊ စိတ်ထားမဖြောင့်ပုံ ကောက်ကွေ့ပုံတွေကို တွေ့ရရင် အားမရဘူး။ မိမိဟာ တယ်ညံ့တဲ့လူပဲ။ ကိုယ့်ကိုကိုယ် စွပ်စွဲတယ်။ အထူးအားဖြင့် သေခါနီးကာလမှာ လမ်းကောက်လိုက်နေတဲ့ ပုဂ္ဂိုလ်တွေ သေမဲ့အခြေအနေဆိုးဆိုးဝါးဝါး မြင်လာရင် သိပ်ဝမ်းနည်းတာပဲ။ အော်ဟစ်ပြီး သေရတယ်။ ငါမှားလိုက်လေခြင်း၊ လူပြည်လောကမှာ အသက်ကလေးက တိုတိုလေး နေရတာ သန့်သန့်ရှင်းရှင်းနဲ့ မနေခဲ့မိဘူး။ ကိုယ်အမူအရာတွေ စင်ကြယ်အောင်၊ နှုတ်အမူအရာတွေ စင်ကြယ်အောင်၊ စိတ်နေစိတ်ထားတွေလည်း မြင့်မြတ်အထက်တန်းကျအောင် မနေတတ်ခဲ့မိတာ မှားလိုက်လေခြင်းလို့ ကိုယ့်ကိုယ်ကို အပြစ်တင်တယ်။ ချက်ချင်းဘေးဆိုက်လာတာ ဘာဖြစ်လို့လဲဆိုတော့ လမ်းကောက်လိုက်လို့ပဲ။ အဲဒီလမ်းကောက်လိုက်တဲ့အခါ ကိုယ့်ကိုယ်ကို အပြစ်တင်တဲ့ အတ္တာနုဝါဒဘေးဆိုတာ ဆိုက်တယ်။

ပရာနု ဝါဒဘေး

ပညာရှိ သူတော်ကောင်းတွေရဲ့ အထင်အမြင်သေးခံရတယ်။ လောကမှာ လူဖြစ်ရှုံးနေတဲ့ပုဂ္ဂိုလ် အကျည်းတန်ညစ်ပတ်နေတဲ့ပုဂ္ဂိုလ်ကို လူကောင်း သူကောင်းတွေက အဖက်မလုပ် အသိအမှတ် မလုပ်တော့ဘူး။ ထို့အတူပဲ လူကောင်းသူကောင်းတွေရဲ့ အသိအမှတ်ပြုမခံရတော့ အထင်အမြင်သေးခြင်းလည်း ခံရတော့တာပဲ။ အဲဒီဘေးတစ်ခုလည်းပဲ မကင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက အဲဒီခုန ဒုစရိုက်လမ်းကောက်တွေ လိုက်တာကိုး။

http://www.dhammadownload.com

ဒဏ္ဍာဘေး

ပြီးတော့ အစိုးရဥပဒေက ခွင့်မပြုတဲ့ ကိုယ် နှုတ်အပြုအမူတွေ ကျူးလွန်မိခဲ့ရင်လည်းပဲ ဆိုင်ရာအာဏာပိုင်တွေက အရေးယူတော့တာပဲ။ အဲဒီလို အရေးယူတဲ့အခါမှာ ထောင်ကျနိုင်လောက်တဲ့ အမှုဆိုရင် ထောင်ကျမှာပဲ။ ပြီးတော့ သေစားသေစေလောက်တဲ့ အမှုဆိုရင်လည်း သေစား သေရမှာပဲ။ အဲဒါ လည်း မသက်သာဘူး။ အဲဒီဘေးတွေ ဆိုက်တော့တာပဲ။ ဒါ ဒဏ္ဍာဘေး ခေါ် တယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းကောက်လိုက်မိတာကိုး။ အခုကာလ ဆိုးတေနေတဲ့လူတွေ ကြည့်ပေါ့။ ရာဇဝတ်မှုတွေ တစ်မျိုးပြီးတစ်မျိုး ကျူးလွန်နေတာ။ တချို့ လူသတ်မှုတွေဆိုရင် ထပ်ခါထပ်ခါ ကျူးလွန်နေတာ။ အဲ နောက်ဆုံးအစိုးရက အရေးယူတဲ့အခါကျတော့ သူတို့ဘာမှ မတတ်နိုင်ဘူး။ အဲဒီဘေးတွေလည်း ဆိုက်တော့တာပဲ။ သူတစ်ဦးတင်မဟုတ်ပါဘူး။ သူ့သက် ဆိုင်ရာပုဂ္ဂိုလ်တွေလည်း စိတ်မချမ်းမသာ ဖြစ်တော့တာပဲ။ ဒီတော့ လမ်း ကောက်လိုက်လို့ရှိရင် ဘယ်လောက်အပြစ်တွေ ရသလဲဆိုတာ တွေးရတာပေါ့။ တချို့တချို့ ဥပဒေကို ပုန်းကွယ်ပြီးတော့ ချိုးဖောက်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ အစိုးရက သိလို့အရေးယူတဲ့အခါမျိုးမှာ အစိုးရ ဥပဒေက လူမှုအခွင့်အရေး အပြည့်ပေးထားတာကို အဲဒါအခြေတည်ပြီးတော့ အလွန်လိမ္မာပါးနပ်တဲ့ ရှေ့နေတွေနဲ့ ဥပဒေကလွတ်အောင်၊ အပြစ်ဒဏ် မခံရအောင် ရှောင်လွှဲလိုက် လို့ လွတ်သွားတာမျိုးတွေလည်း ရှိတော့ ရှိတတ်တာပါပဲ။

ဒုဂ္ဂတိဘေး

ဒါပေမဲ့လို့ ကိုယ်လုပ်ထားတဲ့ ဒုစရိုက်တရားတွေက မကောင်းတာ လုပ် မကောင်းကျိုးရဆိုတဲ့အတိုင်း နောင်တမလွန်အရေး တွေးလိုက်လို့ရှိရင် မသက်သာဘူး။ ဒီဒုဂ္ဂတိဘေးကိုတော့ ရှောင်လို့မရဘူး။ ကိုယ့်ကိုကိုယ် အပြစ် တင်တဲ့ဘေးနဲ့ ဒုဂ္ဂတိဘေးတော့ ရှောင်လို့မရဘူး။ လိမ္မာပါးနပ်လို့ ပညာရှိ သူတော်ကောင်းတွေ မသိရအောင် ပုန်းကွယ်ပြီးတော့ လုပ်တယ်။ ပုန်းကွယ် ပြီးတော့ ဥပဒေချိုးဖောက်တယ်။ အဲဒီနှစ်ခုက လွတ်နိုင်တယ်လို့ ဆိုပေမယ့်လို့ အတ္တာနုဝါဒဘေးကြီးက မကင်းသလို ဒုဂ္ဂတိဘေးကြီးကလည်း မကင်းဘူး။

http://www.dhammadownload.com

အဲဒီကြောက်စရာဘေးကြီးကလည်း ဆိုက်လာတော့တာပဲ။ ဘာလို့လဲဆိုတော့ အင်မတန်ကောက်ကွေ့တဲ့လမ်းကို လိုက်လို့တဲ့။ ဒုစရိုက်တရားတွေ ပြုကျင့်လို့တဲ့ ဒါပါပဲ။ လမ်းကောက် လမ်းရှုပ်လိုက်လို့ ရှိရင်တော့ ကြောက်စရာကောင်းတဲ့ ဘေးရန်တွေနဲ့ ညှဉ်းပန်းမှုအမျိုးမျိုးတွေနဲ့ တွေ့ဖို့ကတော့ သေချာတာပဲ။ ရှောင်လို့ တိမ်းလို့ မရဘူး။

အပြုဖြောင့်၊ အပြောဖြောင့်

မဂ္ဂင် ၈ ပါးမှာတော့ အဲဒီအကောက်အကွေ့ ဘာမှမရှိဘူး။ အကောက်အကွေ့မရှိပုံကတော့ မဂ္ဂင် ၈ ပါးထဲမှာ သီလမဂ္ဂင်လည်း ပါနေတယ်။ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်တွေလည်း ပါနေတယ်။ သီလမဂ္ဂင်ကတော့ 'သမ္မာဝါစာ' ဖြောင့်မှန်စွာ ပြောခြင်း၊ စကားပြောစရာရှိလို့ ရှိရင်လည်း မှန်မှန်ကန်ကန်ပြောလို့၊ စေ့စပ်ရေး စကားတွေ ပြောလို့၊ ချို့ချို့သာသာ ယဉ်ယဉ်ကျေးကျေး ပြောလို့၊ အကျိုးရှိတဲ့စကားတွေ ပြောလို့၊ အဲဒီလို ပြောနေလို့ရှိရင် ဒါ ကောက်ကောက်ကွေ့ကွေ့ ပြောတဲ့ ဝစီဒုစရိုက် ၃ ပါးက ကင်းပြီးတော့ နှုတ်အပြောအဆိုဟာ ဖြောင့်နေတာပဲ။ ဖြောင့်နေတော့ နှုတ်နဲ့ ပတ်သက်တဲ့ ကြောက်စရာဘေးတွေ အလိုလို ကင်းသွားတယ်။ ပြီးတော့ သမ္မာကမ္မန္တ သီလမဂ္ဂင်လည်း ပါနေတယ်။ သတ်မှုမှ ခိုးမှုမှ ကိုယ်မပိုင်တဲ့ မိစ္ဆာစာရအမှုမှ ရှောင်ကြဉ်တယ်။ ကောက်ကွေ့တဲ့ဟာတွေက ရှောင်ကြဉ်တော့ ဖြောင့်မှန်တဲ့ ကိုယ်အမူအရာလေးတွေ ကောင်းနေတာပဲ။ အဲဒါ သမ္မာကမ္မန္တပဲ။ ဒီဖြောင့်မှန်တဲ့ ကိုယ်အမူအရာ ရှိနေသရွေ့ ကောက်ကောက်ကွေ့ကွေ့ ကိုယ်အမူအရာမကောင်းရင် ဖြစ်နိုင်တဲ့ စောစောက ပြောခဲ့တဲ့ဘေးတွေဟာ ကင်းသွားတော့တာပဲ။ ပြီးတော့ မတရားအသက်မွေးမှုတွေလည်း ရှောင်နေတော့ကာပဲ။ မတရားအသက်မွေးမှုတွေ ရှောင်နေတော့ သမ္မာအာဇီဝဆိုတဲ့ ဖြောင့်မှန်တဲ့ အသက်မွေးမှုတွေလည်း ရှိနေတာပဲ။ တကယ်လို့ အဲဒီလိုဖြောင့်မှန်တဲ့ အသက်မွေးမှုမရှိဘူးဆိုရင် ကိုယ့်ကိုယ်ကိုလည်းပဲ အပြစ်တင်မယ်။ သူများကလည်း အပြစ်တင်မှာပဲ။ အစိုးရ ခွင့်မပြုတဲ့ မမှန်တဲ့ အသက်မွေးမှုရှိရင်လည်းပဲ ဥပဒေနဲ့ အရေးယူခံရမှာပဲ။ နောက်ဘဝလည်းပဲ မသက်သာဘူး။ အခု မဂ္ဂင် ၈ ပါးထဲမှာ ဖြောင့်

http://www.dhammadownload.com

မှန်တဲ့အသက်မွေးမှုတွေရှိနေတော့ ကောက်ကွေ့တဲ့အသက်မွေးမှုကင်းတော့ ဘေးရန်တွေ အလိုလို ကင်းသွားတာ။ ပြီးတော့ မဂ္ဂင်၈ ပါးထဲမှာ သီလမဂ္ဂင်တွေ ပြည့်စုံနေရင် 'ကာယဝင်္က' ဆိုတာ ကိုယ်ကောက်ကျစ်မှုတွေ ကင်းသွားတယ်။ အဲဒါ 'ဥဇုက' ဖြစ်တာ။ ဖြောင့်မှန်တဲ့ အကျင့်လမ်းစဉ်ဆိုတာ ဒါပြောတာပဲ။ အဲဒီလိုဆိုရင် အကြမ်းစား အတွင်းရန် ကိလေသာတွေလဲပဲ ငြိမ်းသွားတော့တာပဲ။ ဒါတွေ မငြိမ်းရင် ဘေးရန်ဟာမယ်။ ဒါတွေငြိမ်းသွားတော့ ဘေးရန်တွေလည်း အလိုလို ကင်းသွားတော့တာပဲ။ ဘေးတွေလည်း အလိုလိုကင်းသွားတယ်။ ရန်အေးလို့ရှိရင် ဘေးမရှိတော့ဘူး။

စိတ်အဖြောင့်

ပြီးတော့ မဂ္ဂင် ၈ ပါးမှာ သမာဓိကဲ့သို့ခေါ်တဲ့ သမာဓိ မဂ္ဂင်တွေလည်း ပါနေတယ်။ သမာဓိ မဂ္ဂင်တွေက မှန်စွာကြောင့်ကြစိုက်တာ မှန်စွာ အမှတ်ရတာနဲ့ မှန်စွာ စူးစိုက်တာတွေပဲ။ လက်တွေ့ပြောရလို့ရှိရင် ဝမ်းဗိုက်ကို စိတ်စိုက်ထားတယ်။ ဟိုက ဖောင်းတက်လာတာလေးနဲ့ ရှုမှတ်တာလေးနဲ့ တည့်တည့်သွားအောင် အဲဒီအပေါ်မှာ စိတ်ကလေး စူးစိုက်ပြီးတော့ ကျသွားအောင် ဖြောင့်မှန်စွာ ကြောင့်ကြစိုက်ပေးတဲ့သဘောလေး ပါနေတယ်။ ရှုကွင်းရှုကွက်မှာ စိတ်ကလေးရောက်သွားအောင် ဖြောင့်မှန်စွာ တွန်းပို့တဲ့သဘော၊ အားစိုက်တဲ့ သဘောပါတယ်။ အဲဒါကို သမ္မာဝါယာမ မဂ္ဂင် ခေါ်တယ်။ အဲဒီ မဂ္ဂင်ရှိနေရင် ကိလေသာလက်မခံ ပယ်လှန်လိုက်ပြီ။ ထက်ထက်သန်သန် ကြောင့်ကြစိုက်ပေးနေတော့ အဲဒီ အာရုံလေးတွေကို မလွတ်တမ်း ဖြောင့်မှန်စွာ မှတ်နိုင်လာတယ်။ သမ္မာသတိမဂ္ဂင်တွေ ဖြစ်လာတယ်။ အဲဒီ မဂ္ဂင်လေး ဖြစ်လာရင် စိတ်အစဉ် ကိလေသာမဝင်ရအောင် သူက ပိတ်ဆို့ပေးလိုက်တယ်။ စွဲမြဲစွာ ရှုမိရာ အာရုံပေါ်မှာ စူးခနဲ၊ စိုက်ခနဲ၊ ကပ်ခနဲ ကျသွားတယ်။ စိတ်ကလေး စုစည်းမိသွားတယ်။ အဲဒါဟာ 'သမ္မာ သမာဓိ မဂ္ဂင်'ပဲ။ သူ ဖြစ်လာတဲ့အခါမှာ စိတ်ဟာ ပြန့်ကျဲပြီးတော့ အခြေအနေတွေ ပျက်စီးသွားတာ မရှိဘူး။ ဟိုရောက်ဒီရောက်နဲ့ ယောက်ယက်ခပ်တာ မရှိဘူး။ ပူပန်တာမျိုးလည်း မရှိဘူး။ ငြိမ်းပြီးတော့ ဒီထဲမှာ တစ်ခါတည်း ဝပ်ကျသွားတာပဲ။ ဒီတော့

http://www.dhammadownload.com

ဖြောင့်မှန်တဲ့ ဗားစိုက်မှု၊ ဖြောင့်မှန်တဲ့ အမှတ်ရမှုနဲ့ ဖြောင့်မှန်တဲ့ စူးစိုက်တည်ကြည်မှု ရှိနေရင် မနောဝင်္ကခေါ်တဲ့ မနောဒုစရိုက်တရားတွေ အဲဒါတွေ ကင်းနေတော့တာပဲ။ အဲဒါတွေကင်းနေရင် စိတ်ကလေးတွေကြည်ပြီးတော့ ထူးထူးခြားခြား တည်နေတာပဲ။ အခု မဂ္ဂင် ၈ ပါးမှာ ဒီသမာဓိ မဂ္ဂင်တွေ ပါ ပါတယ်။ စိတ်ကလေး အကောက်အကွေ့ ဘာမှ မရှိတော့ဘူး။

လမ်းဖြောင့်

အဲဒီ သမာဓိကွန္ဒခေါ်တဲ့ သမာဓိတရားတွေ စက္ကန့်တိုင်း ပြည့်စုံနေရင် ဥပမာအားဖြင့် တစ်မိနစ်ဆိုရင် စက္ကန့်ပေါင်း ၆၀။ တစ်မိနစ် စက္ကန့်တိုင်း ပြည့်ဝစွာ မှတ်နိုင်ရင် အကြိမ်ပေါင်း ၆၀ ပဲ။ မနောဝင်္က တရားတွေ ကင်းသွားတာ။ စိတ်ဓာတ်တွေ ဖြောင့်မှန်လာတာ။ တစ်နာရီဆိုလို့ရှိရင် စက္ကန့်ပေါင်း ၃၆၀၀ ပဲ။ တစ်နာရီကနေ နှစ်နာရီ၊ သုံးနာရီ ဒါတွေ တွက်ကြည့်ပေါ့လေ။ မနောဝင်္ကတွေ ကင်းပြီးတော့ စိတ်ဓာတ်ကလေးတွေဟာ ဘယ်လောက် ဖြောင့်ဖြူးနေသလဲဆိုတာ တွက်ကြည့်ပေါ့။ အဲဒါ လမ်းမှန်လျှောက်နေတာပဲ။ လမ်းဖြောင့်လျှောက်နေတာပဲ။

ပြီးတော့ အာရုံနဲ့ မှတ်စိတ်နဲ့ ခိုင်္ဂတည့်နေတာ သမ္မာသင်္ကပ္ပခေါ်တဲ့ ရွှယ်စူးချက်က ပါနေတော့ အမြဲတမ်း ရှုတာလေးနဲ့ ရှုစရာလေးနဲ့ တည့်တည့်နေတာ။ ရုပ်နာမ်တွေအပေါ်မှာ တည့်ကျသွားလို့ရှိရင် ရုပ်ရယ် နာမ်ရယ် ပိုင်းခြားသိလာတယ်။ အကြောင်းနဲ့ အကျိုးအပေါ်မှာ ရှုမှတ်တဲ့စိတ်ကလေး ရွှယ်စူးချက်မှန်လို့ တည့်ကျနေရင် ကြောင်းကျိုးတွေကို သိလာတာပဲ။ ကြောင်းကျိုးဆက်တရားတွေ မမြဲပုံ၊ ဆင်းရဲပုံ၊ သူ့သဘောအတိုင်း သူဖြစ်ပုံတွေကို သိလာတာပဲ။ ဒီနည်းနဲ့ပဲ ပညာမဂ္ဂင်တွေ ဖြစ်လာတာ။ အာရုံနဲ့ မှတ်စိတ်နဲ့ ရွှယ်စူးချက်တည့်သလောက် အသိပညာတွေ ဖြစ်လာပြီဆိုရင် ခုန မနောဝင်္က ရဲ့ မျိုး ကောက်ကွေ့ဖို့ရန်အတွက် မျိုးအနေနဲ့ ကိန်းနေတဲ့ အင်မတန်နုနယ်တဲ့ အနုသယ ကိလေသာတွေ အကောက်ဓာတ်ရဲ့မျိုးတွေပါ တစ်ခါတည်း ကင်းသွားတာ။ သိပ်ကို ဖြောင့်စင်းသွားတာ။ တစ်ချက်သိရင် တစ်ချက်မျိုးတွေ ကုန်သွားတာ။ နှစ်ချက်သိရင် နှစ်ချက်မျိုးတွေကုန်သွားတာ။ အရိယမဂ်ဖြစ်တဲ့

http://www.dhammadownload.com

အခါမှာတော့ အပြတ်ကုန်သွားတာပေါ့။ အခု ဝိပဿနာ အခိုက်အတန့်မှာတော့ အခွံန်ပိုင်းအခွံန်ပိုင်းလေးတွေ ပြတ်နေတာပေါ့။ အဲဒီမဂ္ဂင်၈ပါး အကျင့်တရားမှာ ကာယဒုစရိုက် အစရှိတဲ့ အကောက်တရားတွေ လုံးဝမရှိတာ။ ဖြောင့်နေတာပဲ။ အဲဒီဖြောင့်နေတဲ့ အကျင့်ဟာ ဥဇုက ဖြောင့်မှန်တဲ့ အကျင့်ပဲ။ အဲဒီ မဂ္ဂင် ၈ ပါးဟာ ဖြောင့်မှန်တဲ့အကျင့်ပဲ။ အဲဒီဘေးကင်းတဲ့ နယ်ဆီ ဖြောင့်ဖြောင့်ရောက်ဖို့အတွက် အဲဒီအကျင့်ပဲတဲ့။ မြတ်စွာဘုရားက ညွှန်ကြားတာဟာ ဒါကို ရည်ရွယ်ပြီးတော့ ညွှန်ကြားတာပဲ။ ဒီနေ့ ဒါပဲ တော်ကြဦးစို့။ မနက်ဖြန်ကျမှ ဘေးကင်းပုံလေးတွေ ဆက်ပြောရဦးမယ်။

သာဓု. . . . . သာဓု. . . . . သာဓု။

http://www.dhammadownload.com

ဘေးကင်းရာ နိဗ္ဗာန်

မနေ့က လမ်းကောက် လမ်းဆိုးလိုက်တဲ့အတွက် ဘေးမကင်းတဲ့ဆီ ရောက်ပုံနဲ့ လမ်းဖြောင့်လိုက်လို့ရှိရင် ဘေးကင်းတဲ့ဆီရောက်ပုံ မနေ့က နှစ်ပိုင်း သတ်မှတ်ပြီးတော့ ပြောပါတယ်။ ဒါပေမဲ့ နောက်ဆုံးအပိုင်း ကျန်နေပါတယ်။ လမ်းဖြောင့်လမ်းမှန်လိုက်ရင် ဘေးကင်းတဲ့ဆီ ရောက်နိုင်တယ်ဆိုတာကို ဒီနေ့ဆက်ပြီး ပြောပါ့မယ်။ "ဉဇုကော နာမ သော မဂ္ဂေါ အဘယာ နာမ သာဒိသာ"။ သာဒိသာ - ထိုအရပ်သည်၊ အဘယာ- ဘေးကင်းရာရာ အရပ်ပဲလို့ မြတ်စွာဘုရားက ညွှန်ကြားလိုက်ပါတယ်။ အဲဒီမှာ ဘေးကင်းရာ အရပ်ဆိုတာ ဘေးကင်းရာ နိဗ္ဗာန်ကို ရည်ရွယ်ပြီးတော့ မိန့်ကြားပါတယ်။ ဘေးမရှိရာအရပ် အဲဒီအရပ်ရောက်သူအား ဘေးမရှိခြင်းရဲ့အကြောင်းတရား ဖြစ်တာမို့လို့ နိဗ္ဗာန်ကို ဒီနေရာဌာနမှာ 'အဘယာ'လို့ဆိုထားပါတယ်။ "အဘယာ နာမ သာဒိသာတိ နိဗ္ဗာနံ သန္ဓာယ အာဟ။ တသ္မိံ ဟိ ကိဉ္စိ ဘယံ နတ္ထိ။ တံဝါ ပတ္တာသ ဘယံ နတ္ထိ တိ အဘယာ နာမ သာဒိ သာတိ ဝုတ္တံ" လို့ ကျမ်းဂန်များမှာ မိန့်ကြားပါတယ်။ ၎င်းနိဗ္ဗာန်မှာ တစ်စုံတစ်ရာ ကြောက်ဖွယ်ရာ မရှိတဲ့အကြောက်တွေ ကင်းနေတယ်။ လူတွေဟာ ဆိုလို့ ရှိရင် အကြောင်းအမျိုးမျိုးကြောင့် အင်မတန် ကြောက်ကြတယ်။ အဲဒီ နိဗ္ဗာန်ရောက်သွားရင်တော့ ကြောက်စရာ ဘာမှ မလိုတော့ဘူး။ "တံ ဝါ ပတ္တာသ ဘယံ နတ္ထိတိ အဘယာ နာမ သာဒိသာ" တဲ့။ တစ်နည်း အဲဒီ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်အား ဘေးတွေလုံးဝကင်းခြင်းရဲ့အကြောင်းဖြစ်တာမို့လို့ အဘယာလို့ ကျမ်းဂန်များမှာ ပြထားပါတယ်။ အဲဒီဟာကို ဆက်ပြီးတော့ ဘာဘေးတွေ ကင်းသတုံးဆိုတာကို နားလည်ဖို့ အရေးကြီးပါတယ်။

http://www.dhammadownload.com

ဘေးတွေ

မနေ့က ပြောခဲ့ပါတယ်။ မဂ္ဂင် ၈-ပါးထဲမှာ သီလမဂ္ဂင်၊ သမာဓိ မဂ္ဂင်၊ ပညာမဂ္ဂင်အားဖြင့် သုံးပုံ ပုံလိုက်လို့ရှိရင် သုံးပိုင်းပဲ ရှိတော့တာပဲ။ သီလမဂ္ဂင်တွေ ပြည့်စုံရင် အတ္ထာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍာဘေးတွေ ကင်းတာ။ ဒါတွေကင်းတာ သေချာတာပဲ။ သီလပြည့်စုံနေလို့ရှိရင် ဒုဂ္ဂတိဘေး ဆိုတာလည်း ကင်းသွားတာပဲ။ အဲဒီအပေါ်မှာ သမာဓိ၊ ပညာဆိုင်ရာ တရားတွေကလည်း ပါနေတာဖြစ်တော့ စိတ်ထဲမှာ ဖြစ်နိုင်တဲ့ ကိလေသာတွေ မျိုးအနေနဲ့ ကိန်းနေတဲ့ ကိလေသာတွေလဲ အခုလက်ငင်းပဲ ကင်းနေတာ ကြည့်ပေါ့။ အဲဒါ အဘယလို့ ခေါ်တယ်။ အတ္ထာနုဝါဒ အစရှိတဲ့ဘေးမျိုးတွေ၊ ဝဋ် ဆင်းရဲဘေးတွေ အဲဒီဘေးတွေ လုံးဝကင်းနေလို့ အဘယာလို့ ဒီလိုလည်း တစ်နည်း ဆိုနိုင်ပါတယ်။ တကယ့်အချိန်ပြည့် ဘေးကင်းတဲ့ နိဗ္ဗာန်ရရှိရေးအတွက် ရှေးဦးစွာ အချိန်ပိုင်းအချိန်ပိုင်းတွေ ဘေးကင်းဖို့ လိုပါတယ်။ တစ်ချီတည်းနဲ့ ဘာမှ မလုပ်ပဲနဲ့ ဘေးကင်းတဲ့ နိဗ္ဗာန်တန်းရောက်မသွားနိုင်ပါဘူး။ ရှေးဦးစွာ အဲဒီဘေးကင်းတဲ့နိဗ္ဗာန် ဖြောင့်ဖြောင့်ကြီးရောက်ရေးအတွက် လောကီ သီလ၊ သမာဓိ၊ ပညာအကျင့်တရားတွေကို ကျင့်ရတယ်။ အဲဒါတွေကျင့်တော့ 'ဝဋ္ဋ ဘယ' ဆိုတဲ့ အမြဲမပြတ် လည်ပတ်နိုင်တဲ့ ကြောက်ဖွယ်ရာ ကောင်းတဲ့ဘေးတွေ အခိုက်အတန့် အချိန်ပိုင်း အချိန်ပိုင်းလေး ကင်းသွားတယ်။ ကင်းသွားပုံ ဒီနေ့ လုပ်ငန်းစဉ်နဲ့ဆက်ပြီး ပြောပါ့မယ်။

ကိလေသဝဋ်

အခုရှိထားတဲ့ရုပ်နာမ်ခေါ်တဲ့ဘဝဟာ ကာမာဝစရကုသိုလ်ကံကြောင့်ပဲ။ ရှေးဘဝက ကုသိုလ်တွေပြုခဲ့လို့ ယခု လူဘဝ ရရှိတာ။ အဲဒီ ကုသိုလ်တွေ ပြုရတာလည်းပဲ အခုလို ရုပ်နာမ်ဘဝရဲ့ ရုပ်နာမ်ဘဝတွေ အပေါ်မှာ စွဲလမ်းလို့၊ သာယာလို့၊ တဏှာဥပါဒါန်တွေဖြစ်လို့ပဲ။ သာယာ စွဲလမ်းတယ်ဆိုတာလည်း ရုပ်နာမ်တွေရဲ့အပြစ်ကို မမြင်လို့ဘဲ။ ရုပ်နာမ်တွေဟာ ဘာမှ အားကိုးလောက်တဲ့တရားတွေ မဟုတ်ဘူး။ ဖြစ်ပြီးတော့ ပျက်စီးသွားတဲ့ တရားတွေပဲ။ ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲတဲ့တရားတွေပဲ၊ ကိုယ့်အလိုအတိုင်း ဘာမှဖြစ်

http://www.dhammadownload.com

တာ မဟုတ်ဘူးလို့ အမှန်အတိုင်း မမြင်တဲ့ 'အဝိဇ္ဇာ'။ အမှန်အတိုင်း မမြင်တဲ့ အပြင် ဒါတွေကို မြဲတယ်၊ ကောင်းစား ချမ်းသာတယ်၊ ဘာမဆို ကိုယ့်အလို အတိုင်း ဖြစ်တာပဲလို့ ပြောင်းပြန် ဆန့်ကျင်ဘက်မြင်တဲ့ 'အဝိဇ္ဇာ'။ အဲဒီ အဝိဇ္ဇာ ၂ ခု အရင်းခံတာပဲ။ ဒီတော့ ဘဝတွေ အပေါ်မှာ အမှန်အတိုင်းမမြင်၊ အလွဲတွေ လျှောက်မြင်တော့ ကောင်းနိုးရာရာ သာယာတာပဲ။ တောင့်တတာပဲ။ တဏှာ ဖြစ်တော့တာပဲ။ ကောင်းတာလေးတွေကို တောင့်တ၊ မြင်ချင်၊ စားချင်၊ နံချင်၊ ကြားချင်၊ ထိချင်၊ သိချင်တော့တာပဲ။ အဲဒီ အာရုံလေးတွေရပြီဆိုရင် သာယာပြီးတော့ စွဲလမ်းထားတယ်။ ငါကပဲ ခံစားတာပဲ စသည်ဖြင့် ငါလေး တစ်ကောင်အနေနဲ့ ဒီလို စွဲလမ်းပြန်တယ်။

မသိရင်တွယ်၊ သိရင်ပြယ်

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ရှေးက ကိလေသဝဋ်ကို အကြောင်းခံပြီးတော့ ကမ္မဝဋ်ဖြစ်တယ်။ အဲဒီ ကမ္မဝဋ်ကမှ တစ်ခါ အခုလို လူဘဝ ဝိပါကဝဋ်တွေ ဖြစ်ရတာ အကျိုးတရားတွေ ပေါ်ရတာ။ အခု အရိယာမဂ်ရဲ့ ရှေ့ပြေး ပုဗ္ဗဘာဂမဂ်တွေကို ပွားနေတဲ့အခါ စောစောပိုင်းက ပြောခဲ့တဲ့အတိုင်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ၃ ရပ်လုံး ပါနေတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ခေါ်တဲ့ အကြောင်း ကိလေသာဝဋ်ဘေးတွေ ငြိမ်းနေတယ်။ ပေါ်ရာ ပေါ်ရာလေးတွေ ပေါ်ဆဲ လိုက်ပြီး အထူးကြောင့်ကြထား ရှူတော့ ရှူရာမှာ စိတ်ကလေး စိုက်ကျပြီး ချိန်သားကိုက်ပြီးနေရင် သဘောမှန်လေးတွေကို သိနေတာပဲ။ ဒုက္ခသစ္စာ ထိုက်ပဲ့ တရားလေးတွေကို သိနေတာပဲ။ သိတော့ မသိပျောက်သွားပြီ။ မသိ မရှိတော့ဘူး။ ဒါ ကိလေသာဝဋ်ဘေးတွေ ငြိမ်းသွားတာ။ မသိ ရင် တွယ်နိုင်တယ်။ အခု အမှန်အတိုင်း သိသိသွားတော့ ပြယ်ပြယ်သွားတယ်။ ရုပ်နာမ်အနေနဲ့ သိလိုက် ပြယ်သွားလိုက်၊ အကြောင်းအကျိုးအနေနဲ့ သိလိုက် ပြယ်သွားလိုက်။ အထူးအားဖြင့် မမြဲဆင်းရဲသဘောပဲဆိုတာ သိရင် ပြယ် ပြယ် ပြယ်ပြယ်သွားတာ။ သိနေတယ်ဆိုတာ မသိပျောက်နေတာပဲ။ "ဝိဇ္ဇုပ္ပါဒါ အဝိဇ္ဇာ နိရောဓော-အသိဉာဏ် ဝိဇ္ဇာအလင်းရောင်လာတော့ အဝိဇ္ဇာ အမှောင် ပျောက်သွားတယ်။ အလင်းရောက်တော့ အမှောင်အလိုလို ပျောက်

http://www.dhammadownload.com

သွားသလို ဖြစ်ခွင့်မရဘူး။ ဖြစ်ခွင့်မရတော့ မသိလို့တွယ်တဲ့တဏှာကို သိတော့ ပြယ်သွားတယ်။ တဏှာလဲ ပေါ်မလာဘူး။ တဏှာပေါ်ရင် သာယာပြီးတော့ စွဲလမ်းတဲ့ တဏှာဥပါဒါနဲ့ မြင်မှားထင်မှားပြီးတော့ စွဲလမ်းတဲ့ ဒိဋ္ဌဥပါဒါန် ဖြစ်နိုင်တယ်။ အဲဒီ ဥပါဒါန်လဲ မပေါ်တော့ဘူး။ ဒီနည်းနဲ့ပဲ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကိလေသဝဋ်ဘေးတွေ ကင်းနေတာ။ အဲဒါ အဘယာပဲ။ အခ်ိန်တိုင်း အခ်ိန်တိုင်း အဘယလေးတွေ ဖြစ်နေတာ။ ဘေးကင်းရာဆိုတာ ဒါပြောတာပဲ။

အကြောင်းကို ပယ်ရမယ်

အခု ရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ ရှုမှတ်လို့ တစ်ချက် သိသွားရင် တစ်ချက် အဲဒီ အဘယဒိသာထဲ တစ်ကြိမ်ရောက်သွားတာပဲ။ ဆယ်ချက် ရှုရင် ဆယ်ချက်ရောက်သွားတာပဲ။ တစ်နာရီရှုရင်တစ်နာရီ ရောက်နေတာပဲ။ တစ်နေ့လုံး ရှုရင် တစ်နေ့လုံးရောက်နေတာပဲ။ တကယ့်ကို ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကြောက်စရာဘေးတွေက လွတ်တဲ့ နေရာဌာနကို ဆိုက်ရောက်နေတာ။ ဆိုက်ရောက်မှ အလိုလိုကိစ္စ ပြီးစီးနေတာ။ ဒီတော့ ရှုတိုင်း ရှုတိုင်း ကိလေသာ ဝဋ်ကြောက်ဖွယ်ရာ ဘေးကင်းပြီဆိုရင် ကိလေသာဝဋ် ရှိပါမှ ကမ္မဝဋ်လာတာကိုး၊ အကုသိုလ်ကံတွေ ဖြစ်နိုင်တယ်။ ပြီးတော့ ဝဋ္ဋဂါမိဓေါ်တဲ့ ဝဋ်လည်စေတတ်တဲ့ ဘဝဖြစ်စေတတ်တဲ့ ကုသိုလ်ကံတွေ လာနိုင်တယ်။ အခု ဒီမှာ ကိလေသာဝဋ် မရှိတော့ ကမ္မဝဋ်ဘေးလဲ မရောက်တော့ဘူး။ အဲဒီ ဘေးကင်းတဲ့ ဆီလည်း အလိုလို ရောက်နေတယ်။ ကမ္မဝဋ်ရှိပါမှ ဝိပါကဝဋ်လည်း လာတာ ကမ္မဝဋ်မရှိဘူးဆိုရင် ဝိပါကဝဋ်လည်းပဲ မလာတော့ဘူး။ ဝိပါကဝဋ်ဘေးလည်း ကင်းနေတာပဲ။ ဒီနည်းနဲ့ပဲ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဝဋ်ဆင်းရဲ ၃ ပါး ဘေးတွေကင်းရာဌာနကို မှတ်ချက်တိုင်း မှတ်ချက်တိုင်း ရောက်နေတာ။ ပြီးတော့ အိုနာသေရေး ဒုက္ခဘေးတွေ မကင်းတဲ့ ယခုလို အကျိုးဝိပါကဝဋ်ဘေးခေါ်တဲ့ ရုပ်နာမ်ခန္ဓာကြီး ရှေ့ဆက်ပြီးတော့ မဖြစ်လိုလို့ရှိရင် ဒီရုပ်နာမ်ခန္ဓာကြီးကို ပယ်လို့တော့ မရဘူး။ ဖြစ်နေပြီပဲ။ ပယ်လည်း မပယ်ထိုက်ဘူး။ ဒီတော့ အလားတူ ဆင်းရဲတွေနဲ့ မကင်းတဲ့ အကျိုးတရား မလိုချင်ရင် အဲဒီအကျိုးတရားကို ဖြစ်စေနိုင်တဲ့ အကြောင်းကို

http://www.dhammadownload.com

ပယ်ဖို့ပဲ ရှိတော့တယ်။ သူတို့ရဲ့အကြောင်းတွေက ဘာတွေလဲဆိုတော့ ခုနက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကံတွေပဲ။ အဲဒါတွေ မဖြစ်အောင် လုပ်ဖို့ပဲ။

ဒုက္ခဖြစ်ခြင်းရဲ့အကြောင်းတရားတွေကို ပယ်လိုလို့ရှိရင် အကျိုးတရားကိုပဲ ရှုကွင်းရှုကွက် အာရုံအနေနဲ့ အသုံးချရဦးမှာပဲ။ ပေါ်ရာ ပေါ်ရာလေးတွေကို ပေါ်ဆဲလိုက်ပြီးတော့ ရှုရတာပဲ။ မဂ္ဂင် ၈ ပါး အကျင့်တရားတွေ ဒီပေါ်မှာ ပွားရတာပဲ။ ပွားတော့ အမှန်သိလို့ရှိရင် တောင့်တမှု တဏှာလည်း မရှိ။ ပြီးတော့ စွဲလမ်းမှု ဥပါဒါန်လည်း မရှိဘူး။ အဲဒီတော့ အကျိုးတွေကို ရှုကွင်းအနေနဲ့ အသုံးချပြီး အကျိုးတွေကို ရှုမှတ်တယ်။ အကျိုးတရားတွေကို ရှုမှတ်တယ်လို့ ခေါ်ပါတယ်။ အကျိုးရှုမှတ်တော့ အကြောင်းတွေ အလိုလိုသေနေတာပဲ။ သေတယ်ဆိုတာက ဖြစ်ပြီးသား သေတာ မဟုတ်ဘူး ဖြစ်ခွင့်မရတာ။ "အကျိုးရှုမှတ်၊ အကြောင်းသတ်၊ မစပ်သံ့သရာ" တဲ့။ သံ့သရာလည်း မစပ်တော့ဘူး။ ကိလေသာဝဋ်က ပြတ်ပြီးတော့ ဟိုဘက်ဝဋ် ၃ ပါးတစ်ခါတည်း ပြတ်သွားတာ၊ မစပ်တော့ဘူး၊ သိပ်ရှင်းတယ်။ ဒီနည်းအတိုင်း ရှုလို့ ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြည့်စုံလာတဲ့အခါ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ကို အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုသိသွားတာ။ အဲဒီအခါတော့ မဂ်လေးပါးနဲ့ အဆင့်ဆင့် အဆင့်ဆင့် ကိလေသာတွေ ပျက်သွားတာ။ တစ်နည်းအားဖြင့်လည်းပဲ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေ ပြတ်ငြိမ်းပြီးတော့ တကယ့် အေးချမ်းတဲ့ 'အဘယဒိသာ' ဆိုတာကို ဆိုက်သွားမှာ။

လုံခြုံတဲ့ နေရာ

သောတာပတ္တိ မဂ္ဂင် ၈ ပါးနဲ့ မျက်မှောက်ပြုသိသွားရင် အပါယ်နဲ့စပ်တဲ့ ကိလေသာဝဋ်ကင်းပြီး အပါယ်ပဋိသန္ဓေ ဖြစ်စေနိုင်တဲ့ ကမ္မဝဋ်လည်း ကင်းသွားတော့တာပဲ။ ပြီးတော့ အပါယ်မှာ ဖြစ်နိုင်တဲ့ ဝိပါကဝဋ် ပဋိသန္ဓေလည်း ငြိမ်းသွားတာပဲ။ အဲဒီလောက် ငြိမ်းရင်ပဲ တော်တော်လေး ချမ်းသာသွားပါပြီ။ ခဏ်ပြီးတော့ အားထုတ်လို့ အထက်မဂ်တရားတွေ ပြည့်သွားပြီး နောက်ဆုံး အရဟတ္တမဂ်နဲ့ ကိလေသာတွေ မှန်သမျှ အကုန်လုံး ဖြတ်လိုက်ပြီဆိုရင် ကမ္မဝဋ်ဘေးလည်း မရှိတော့ဘူး။ ဝိပါကဝဋ်ဘေးလည်း မရှိတော့ဘူး။ နောက်ဆုံး ပရိနိဗ္ဗာန်စံပြီး လုံးဝဘေးကင်းတဲ့ နိဗ္ဗာန်ကို တစ်ခါတည်း ဆိုက်သွားတယ်။

http://www.dhammadownload.com

အနည်းဆုံး သောတာပတ္တိမဂ်လောက် ရရင်ပဲ လမ်းမှားမလိုက် အဲဒီလမ်းမှား လမ်းကောက်တွေကို သောတာပတ္တိမဂ်က ပယ်လိုက်ပါတယ်။ လမ်းကောက် လိုက်မှ ကြုံနိုင်တဲ့ ကြောက်ဖွယ်ရာရန်တွေ ဘေးတွေလည်းပဲ အလိုလို ငြိမ်း သွားတော့တာပါပဲ။ အထူး ငြိမ်းနေဖို့ မလိုပါဘူး။

ကန္တာရနဲ့ ယာဉ်

ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ "ဧသ မဂ္ဂေါ" ဤသောတာပတ္တိမဂ်သည်၊ အဋ္ဌင်္ဂိ က် - အင်္ဂါ ၈-ပါးရှိသော၊ မိစ္ဆာမဂ္ဂ - လမ်းမှားလမ်းကောက်ကို။ ပဇဟတိ - ပယ်လိုက်တော့၏။ "အင်္ဂါ ၈-ပါး မဂ်လမ်းမှား၊ ပယ်ရှားသုတ်သင်သည်"တဲ့။ လမ်းမှား မလိုက်တော့ဘူးဆိုတော့ လမ်းမှားလိုက်တဲ့အခါမှာ ကိုယ်တွင်း ရန် တွေ ဒုစရိတ ရန်တွေလည်း မရှိတော့ဘူး။ ပျောက်အေးသွားပြီ။ ရန်မကင်းမှ ဘေး တွေ့မှာကိုး၊ အတ္တာနုဝါဒ အစရှိတဲ့ ကြောက်ဖွယ်ရာဘေးတွေလည်း မလာ တော့ဘူး။ ဒါကြောင့်မို့လို့ သဗ္ဗဝေရဘယာနီ -အလုံးစုံသောရန် အလုံးစုံ သော ဘေးတို့ကို၊ ဝူပသမေတိ - ငြိမ်းအောင် လုပ်ပေးပါတယ်တဲ့။ အဲဒီ သောတာ ပတ္တိမဂ်က အင်မတန် ကောင်းတယ်။ ဒီလို သောတာပတ္တိမဂ်မှ မရသေးတဲ့ ကိလေသာထူပြောတဲ့ ပုထုဇဉ်မှန်သမျှဟာ ဘာနဲ့တူသလဲဆိုတော့ အင်မတန် ပူပြင်းခြောက်သွေ့တဲ့ ဘေးရန်တွေမကင်းတဲ့ သဲကန္တာရထဲမှာ သွားနေတဲ့ ခရီးသည်တွေလိုပဲ။ ဒီတော့ အင်မတန် ကြောက်ဖွယ်ရာ ကောင်းတဲ့ သဲကန္တာ ရကြီးကို ချမ်းချမ်းသာသာနဲ့ ဖြတ်သန်းသွားနိုင်ဖို့ရန် ယာဉ်ကောင်းလိုသလို ထို့အတူပဲ သံသရာတည်းဟူသော ကန္တာရကြီးကို ဖြတ်သန်းကူးဖို့ရန်အတွက် ချမ်းချမ်းသာသာနဲ့ ဘေးရန်ကင်းတဲ့ နေရာကို ရောက်ဖို့ရန်အတွက် ယာဉ်လို တယ်။ အဲဒီရထားယာဉ်ကို မြတ်စွာဘုရားက "ရထော အကူဇနော နာမ" စသည်ပေါ့လေ မိန့်ကြားပါတယ်။ အသံတိတ် မဂ်ရထားယာဉ်ကြီးတဲ့။ ဒီမှာ ငါဘုရား အဆင်သင့် ဖန်တီးထားတယ်တဲ့။ ကျန်တဲ့ အစိတ်အပိုင်းတွေတော့ နောက်နေ့မှပဲ ဆက်ကြတာပေါ့။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

သာဓု. . . . . သာဓု. . . . . သာဓု. . . ။

http://www.dhammadownload.com

နိဗ္ဗာန်ခရီး ရထားကြီး တရားတော်

အသံမမြည်တဲ့ ရထား

မြတ်စွာဘုရားက သံသရာတည်းဟူသော ခရီးခက်ခဲကြီးကို ကျော်လွန်ပြီးတော့ ဘေးကင်းတဲ့ နိဗ္ဗာန်ရောက်ရှိရေးအတွက် ကိုယ်တိုင်ဖန်တီးထားတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အသံမမြည်တဲ့ ရထားကြီးပဲလို့ တင်စားပြီး နတ်သားကို မိန့်ကြားခဲ့ပါတယ်။ အဲဒီအကြောင်းကို ဒီနေ့ဆက်ပြီးတော့ ဟောရမယ်။

" ရထော အကူဇနော နာမ " ဒီမှာရထားဆိုတာ ယာဉ်ရထား ပြောပါတယ်။ ဒီနေရာဌာနမှာ ယာဉ်ရထားနဲ့ တူတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ရယူပါတယ်။ ဒီမှာ ပကတိယာဉ်ရထားများကတော့ ဝင်ရိုးမှာ ဆီမထည့်ရင် အသံမြည်တတ်တယ်။ ပြီးတော့ လူတွေများများ စီးရင်လည်းပဲ အသံမြည်တတ်တယ်။ အခုဒီမဂ်ရထားကတော့ ဘယ်လောက်ပဲ ဝေနေယျ သတ္တဝါတွေ စီးစီး အဲဒီလို အသံမမြည်ဘူးတဲ့။ ဒါမှန်တယ်၊ တစ်ကြိမ်တည်းနဲ့ပဲ မြတ်စွာဘုရား တရားကြားနာရလို့ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရား ပြည့်စုံစွာ ကျင့်တဲ့ ပုဂ္ဂိုလ်တွေ ထောင်နဲ့ သောင်းနဲ့ သန်းနဲ့ ကုဋေနဲ့ ချီပြီး အကျွတ်တရား ရသွားကြတာ၊ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရား ယာဉ်ရထားကြီးကို တက်စီးလို့ ဒီရထားကြီးဟာ မဆုံဘူးလည်း မရှိဘူး။ ဘယ်လောက်ပဲများများ မြည်တာလည်း မရှိဘူး။ အဲဒါ ထူးခြားတယ်။

http://www.dhammadownload.com

တက်စီးသူတွေရဲ့ အသံတွေ

မဂ္ဂင်ယာဉ်ရထားကြီးက အသံမမြည်ပေမဲ့လို့ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဖြစ်ပွားစေခြင်းအားဖြင့် ကျင့်သုံးတဲ့၊ လိုက်နာတဲ့၊ တက်စီးတဲ့ အခုတရားအားထုတ်ဆဲ ပုဂ္ဂိုလ်များနဲ့ အားထုတ်လို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်များကတော့ ဒီယာဉ်ရထားရဲ့ ကျေးဇူးဂုဏ်တွေကို နားလည်တော့ ခီးကျူးကြတယ်။ ယာဉ်ရထားကြီးက အသံမမြည်ပေမဲ့လို့ တက်စီးကြတဲ့သူတွေကတော့ အသံမြည်ထွက်လာတာပဲ။ ဟာ၊ သိပ်ကောင်းတဲ့ ယာဉ်ရထားကြီးပဲ ဒီရထားကြီး စီးရတဲ့အတွက်၊ မဂ္ဂင်ရှစ်ပါး ကျင့်သုံးရတဲ့အတွက် မိမိတို့စိတ်မှာ ထူးထူးခြားခြားကြီး ကြည်လင်လာတယ်၊ အသိဉာဏ်တွေလည်းပဲ တိုးပွားလာတယ်။ လောကဓံ ဒဏ်တွေလည်းပဲ ခံနိုင်ရည်ရှိတယ် စသည်ဖြင့် ခီးကျူးကြတယ်။

ဥဒါန်းကျူးကြတယ်

ရဟန္တာထေရာထေရီမကြီး တို့များဟာ နိရောဓ သမာပတ် ဝင်စားရာက ထတဲ့အခါ ပြီးတော့ ဖလသမာပတ်ဝင်စားရာက ထတဲ့အခါ အထူးအားဖြင့် ပရိနိဗ္ဗာန် စံခါနီးကြတဲ့အခါတွေမှာ ဥဒါန်းတွေကျူးကြတယ်။ လောက လူထုံးစံအရ နီးစပ်ရာ ပုဂ္ဂိုလ်တွေ ကွယ်လွန်တော့မယ်ဆိုရင် ကွယ်လွန်ဖို့ သေချာနေလို့ရှိရင် သက်ဆိုင်ရာ ကျန်ရစ်သူတွေဟာ သိပ်ဝမ်းနည်းတာ၊ ခွဲခွာသွားရမယ့် ပုဂ္ဂိုလ်ကလည်း ဝမ်းနည်းမှာပဲ၊ ဒါပေမဲ့လို့ ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲ သူတွေကတော့ ဝမ်းမနည်းဘူး။ သိပ်ချမ်းသာတာ၊ "ဒီခန္ဓာကြီးတော့ ဇာတ်သိမ်းရတော့မယ်၊ တကယ့်အေးငြိမ်းတဲ့ဆီ ရောက်ရတော့မယ်" လို့ ပရိနိဗ္ဗာန်စံခါနီးမှာ ဥဒါန်းတွေ ကျူးကြတယ်။ သိပ်ကောင်းတဲ့ချမ်းသာပဲဆိုပြီးတော့ပေါ့လေ။ အဲဒါ နောက်ဆုံး အဘယဒိသာပေါ့လေ။ အိုနာသေရေးဒုက္ခဘေးတွေ မလိုက်နိုင်တဲ့ ဘေးရန်ကင်းတဲ့ချမ်းသာ ရောက်ပြီဆိုရင် ဥဒါန်းတွေ ကျူးကြတာ။ ဒါဟာ တက်စီးတဲ့ ပုဂ္ဂိုလ်တွေမှာ အသံမြည်တယ်ဆိုတဲ့ သဘောပေါ့။

http://www.dhammadownload.com

တစ်မယ်ကောင်း ချမ်းသာ

ဒီနေရာဌာနမှာ ခဏ့်ထွင်ပြီး ပြောချင်ပါတယ်။ ဒါပေမဲ့ ခဏ့်ထွင်ပြောရင် မဆုံးနိုင်ပါဘူး။ ဒါကြောင့် သဘောလေးလောက်ပဲ ပြောပါမယ်။ ရဟန္တာမို့လို့ သူတို့ရဲ့ အဆင့်က မြင့်တဲ့အတွက် အခု ပုဂ္ဂိုလ်တွေအနေနဲ့ စဉ်းစားလို့မရလို့ သူတို့ရဲ့အခြေအနေ မသိတာထားပါတော့။ အခု တရား ကျကျနန အားထုတ်နေတဲ့ပုဂ္ဂိုလ်များမှာ နိဝရဏတရားတွေ ကင်းဝေးစင်ကြယ်ပြီး အခြေခံ ရုပ်နာမ် ပိုင်းခြားမှုက အစ အသိဉာဏ်လေးတွေ တစ်ဆင့်ထက်တစ်ဆင့် ဖြစ်လာပြီးတော့ ဥဒယဗ္ဗယဉာဏ်ပိုင်းလောက် ရောက်လာရင်ပဲ သိပ်ကောင်းတာပဲ၊ အဲဒီမှာ တစ်ခါတည်း မြည်ထွက်လာတာပဲ။ အဲဒီ အသံမြည်ပုံလေးကိုတော့ ဘုန်းကြီးက နည်းနည်းဆက်ပြီး အကျဉ်းချုံး ပြောပါမယ်။

မြတ်စွာဘုရား ဟောကြားပါတယ်။

"သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။

အမာနုသိ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော"တဲ့။

သုညဂါရံ ပဝိဋ္ဌဿဆိုတာ လူသူဆိတ်တဲ့ ကမ္မဋ္ဌာန်းဌာနမျိုး ဝင်ရောက်ချဉ်းကပ်ပြီးတော့ သန္တစိတ္တဿ ဘိက္ခုနော တဲ့။ လောကီအာရုံ ကာမဂုဏ်တွေနဲ့ စိတ်လှုပ်ရှားခြင်း မရှိဘဲနဲ့ အခုလို ဝိပဿနာ ဈာန်နဲ့ ရှုမှတ်တဲ့ ပုဂ္ဂိုလ်မှာ ပေါ်တိုင်းပေါ်တိုင်း အာရုံကို စိတ်အားစိုက် ချိန်သားကိုက်ပြီး စွဲစွဲမြဲမြဲ ရှုမှတ်နေတဲ့ပုဂ္ဂိုလ်မှာ နိဝရဏတရားတွေ ကင်းဝေးစင်ကြယ်လာမှာပါပဲ။ ဒါသေချာတယ်။ နောက် ပဌမဈာန်ကနေပြီးတော့ ဒုတိယဈာန်၊ ဒုတိယဈာန် ဆိုလို့ ရှိရင် အလင်းရောင်၊ ပီတိ၊ ပဿဒ္ဓိ အစရှိတဲ့ တရားအရသာတွေ တွေ့လာတဲ့အခါ "အမာနုသိ ရတိ ဟောတိ" ရုပ်နာမ်အဖြစ်အပျက်တွေ ကျကျနန မြင်လာတော့ လူကာမဂုဏ် ချမ်းသာ၊ နတ်ကာမဂုဏ် ချမ်းသာ၊ လက်လှမ်းမီတဲ့ ချမ်းသာမျိုး အပေါ်မျိုးတဲ့ တစ်မယ်ကောင်း မပစ်ရက်နိုင်တဲ့ ချမ်းသာမျိုး တစ်ခါတည်း ပေါ်ထွက်လာတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ကောင်းနဲ့ အသိဉာဏ် ဒီမှာ တိုးတက်လာတာကိုး၊ ဝိပဿနာဈာန်နဲ့ အားထုတ်နေတော့ တိုးတက်လာတာ၊ အဲဒီလို အကျိုးရှိပါတယ်။

http://www.dhammadownload.com

ချီးမွမ်းသံတွေ

အဲဒီအခါမှာ ဟာ သိပ်ကောင်းတဲ့ တရားပဲ။ ဒီတရားတွေကို အခုမှ တွေ့ရတာ၊ အသိနောက်ကျလိုက်လေခြင်းလို့ စိတ်ဖြစ်တယ်။ သူများလည်းပဲ ဟောချင်ပြောချင် တိုက်တွန်းချင်တဲ့စိတ်တွေ အများကြီး ဖြစ်လာတာပဲ။ သာသနာပြုချင်တဲ့စိတ်တွေ အများကြီး ဖြစ်လာတာ။ ဒါမြည်လာတာပဲ။ မဂ္ဂင်ရှစ်ပါး အကျင့်တရားလမ်းစဉ်ပေါ်မှာ ဖြစ်ပွားစေတဲ့ အနေအားဖြင့် တက်စီးတဲ့ပုဂ္ဂိုလ်မှာ မြည်လာတာ၊ ဒါတကယ့် အရိယာမဂ်မဟုတ်သေးဘူး။ ပုဗ္ဗဘာဂ မဂ်လောက်ပဲ ရှိသေးတယ်။ ပုဗ္ဗဘာဂ အခိုက်အတန့်မှာကိုပဲ ဘယ်လောက် အသံတွေ မြည်လာတယ်ဆိုတော့ ကြည့်ပေါ့။ ကောင်းကောင်း ကျင့်သုံးတဲ့ ပုဂ္ဂိုလ်များမှာတော့ ကျင့်သုံးမှုရဲ့အကျိုးက ပေါ်ထွက်လာတော့ ချီးမွမ်းသံတွေ ချီးကျူးသံတွေ ဖြစ်ပွားလာကြတယ်။

ညည်းသံတွေ

ကျင့်သုံးမှုနေရာ မကျလို့ရှိရင်တော့ သူတို့ညည်းကြတယ်။ သံသယစိတ်တွေနဲ့လည်း တွေးကြတယ်။ "တယ်ဆိုးတဲ့ အလုပ်ပဲ၊ တယ်ပင်ပန်းတဲ့ အလုပ်ပဲ" လို့ ညည်းကြတယ်။ ဒါပေမဲ့ တက်စီးလို့ ထွက်လာတာတော့ မဟုတ်ပါဘူး။ သူတို့ကတော့ ကောင်းကောင်း မကျင့်သုံးတဲ့အတွက်ညည်းသံတွေ ဖြစ်နေတာ၊ အဲဒါမျိုးလည်း ကြားရပါတယ်။

အချို့လည်း ရိုးရိုးသားသား အားထုတ်နေကြပါတယ်။ ဒါပေမဲ့လို့ အကြောင်းအားလျော်စွာ ဉာဏ်က နုံလို့၊ ဝိရိယကလည်း မပြည့်စုံဘူး။ စိတ်စုစည်းမှု သမာဓိအားကလည်း မကောင်းလို့ တရားအတက်နှေးနေတာလေးတွေလည်း ရှိပါတယ်။ အတက်နှေးတော့ သူတို့ ညည်းတယ်။ သူတို့ကတော့ ခရုသွားပဲ သွားနေရပါတယ်တဲ့။ အခု စခန်းကလည်းပဲ ပြီးတော့မယ်။ ဒီအတိုင်းဆို ဖြစ်မှဖြစ်ပါ့မလားဆိုပြီးတော့ စိတ်ဓာတ်တွေ ကျနေတယ်။ ဒီတော့ ဘုန်းကြီးများက အားပေးရပါတယ်။ စိတ်ဓာတ်တွေ မကျပါနဲ့။ တရားမျက်စိလည်တာလည်းပဲ ကောင်းပါတယ်လို့ ဘာဖြစ်လို့လဲဆိုတော့ ဆန်ခံတဲ့ ဖိုးသူတော်ဟာ အရပ်ထဲမှာ ဆန်ခံတော့ ဟိုလမ်း ဒီလမ်းလျှောက်ပြီး သွားသွားနေ

http://www.dhammadownload.com

ရင်း မျက်စိလည်တော့ ဖိုးသူတော် ဆန်အလှူခံတာပဲဆိုပြီးတော့ လောင်းကြတော့ ဆန်တွေများများ ရဖို့ပဲ။ ဒီမှာ သူတို့ညည်းလာတယ်ဆိုတာ မယုံကြည်လို့တော့ မဟုတ်ပါဘူး။ စခန်းက သိမ်းခါနီးဆိုတော့ သူတို့ကိုယ်သူတို့ တရားသိပ်မဟန်ဘူး ထင်ပြီးတော့ ညည်းလာတာပါ။

ကာယိက ဝိရိယ

ခုနက အသံမမြည်တဲ့ မဂ္ဂင်ရထားကြီးဟာ ဘီးလည်း ပါရဦးမယ်။ ဘီး ၂- ခု တပ်ဆင်ထားတဲ့"ဓမ္မစက္ကေဟိ သံယုတ္တော" ဆိုတာပေါ့လေ။ "ဓမ္မစက္က ဆိုတာ ကာယိကဝိရိယတစ်မျိုးနဲ့ စေတသိကဝိရိယတစ်မျိုး။ အဲဒီ ဝိရိယ နှစ်မျိုးကိုပဲ ဓမ္မစက္ကလို့ဆိုထားပါတယ်။ "ဓမ္မ စက္ကေဟိ "ဆိုတဲ့စကားစုမှာ ဓမ္မ ဆိုတာကတော့ သူတော်ကောင်းများ ကျင့်ရိုးတရားကို ပြောပါတယ်။ အခု တရားနယ်ထဲ ရောက်လာပြီဆိုရင် သွား၊ ရပ်၊ ထိုင်၊ လျောင်း ကျရိယာပုထ်လေးမျိုး မျှမျှတတ နေရမှာပဲ။ ဒါမှ ကျန်းမာရေးလည်း ရတယ်၊ ကျရိယာပုထ်လေးမျိုးကို ဖြစ်စေနိုင်တဲ့ ကာယိက ဝိရိယ မရှိဘဲနဲ့ ထိုင်ရုံသာထိုင်ပြီးတော့ အခြားကျရိယာပုထ်တွေ မရှိ။ စကြိန်လျှောက်ရုံသာလျှောက်ပြီးတော့ အခြားထိုင်တဲ့ ကျရိယာပုထ်လည်း မဖြစ် စသည်ပေါ့လေ။ တစ်ခုခုက ချို့ယွင်းနေရင် ဒါတရားမှာ ထိခိုက်နိုင်တာပဲ။ ပြီးတော့လည်းပဲ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကျရိယာပုထ်ကို ဖြစ်စေဖို့ရန် ဝိရိယမစိုက်ဘူးဆိုလို့ရှိရင်၊ ဒီကျရိယာပုထ်တွေက ဖြစ်ပေါ်မလာဘူး။ ပျင်းနေတာ အဲဒီလိုအနေမျိုး မဟုတ်ဘဲနဲ့ ကြောင့်ကြစိုက်တဲ့ အနေအထားရှိနေတာ။ ပျင်းရိတဲ့ အနေအထားမျိုးက ကင်းလွတ်ပြီးတော့၊ ကောင်းတဲ့အနေအထားလေးပေါ့လေ။ ခုန ကာယိက ဝိရိယ အနေအထားလေး ရှိတာ၊ အဲဒီလိုရှိရမှာ ဒါပထမဆုံး ကာယိကဝိရိယ ရှိပုံပဲ။

စေတသိက ဝိရိယ

စေတသိက ဝိရိယကတော့ ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်း ရှေးက ပြုသွား ရှေးကဖြစ်သွား နောက်ကနေလိုက်ပြီးတော့ အမြဲတစေ စွဲမြဲစွာ ရှုပြီးတော့ ကြောင့်ကြစိုက်ရတာ ဘယ်နေရာလေးမှ အလပ်မရှိအောင်၊ ပေါ်တိုင်း

http://www.dhammadownload.com

မလွတ်အောင် မှတ်မယ် ကြောင့်ကြစိုက်မယ်လို့၊ စိတ်ကြောင့်ကြစိုက်မှုလေး ပါတယ်။ အဲဒီလို ကြောင့်ကြစိုက်မှုလေး ရှိနေတော့ တကယ်လို့ အပျင်းထူနေရင် ကိလေသာတွေ လက်ခံတဲ့အနေနဲ့ ဖြစ်နေတယ်။

အခုဒီမှာ ကြောင့်ကြစိုက်ပြီးတော့ ကိလေသာ လက်မခံ ပယ်လှန်လိုက်ပြီး ဒီတော့ ကာယိကဝီရိယဘီးတစ်ခုရော၊ စေတသိကဝီရိယဘီး တစ်ခုရော ဘီးနှစ်ခု အချိုးကျ လည်နေတာပဲ။ ယာဉ်ရထားကြီးမှာ ဘီးလည်နေလို့ ရှိရင် ကိုယ်လိုတဲ့ဆီ ရောက်တော့တာပဲ။ ဘီးမလည်ဘူးဆိုရင်တော့ မရောက်နိုင်ဘူး။ ဒီတော့ ဒီယာဉ်ရထားမှာ ဘီးနှစ်ဘီး တပ်ထားပါတယ်တဲ့။ မြတ်စွာဘုရားက ဟောပါတယ်။

ဝီရိယ (၂)ထပ်

နေရာဌာနတိုင်းမှာ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်ဟာ ရဲရင့်တယ်။ အခက်အခဲနဲ့ တွေ့လည်းပဲ နောက်တွန့်မသွားဘူး။ ဒါကြောင့် ဝီရိယဟာ ရဲရင့်သူရဲ့အဖြစ်လို့ ဒီလိုကျမ်းဂန်များမှာ ပြထားတယ်။ တရားအားထုတ်သူတွေဟာ ဆရာတွေက တိုက်တွန်းပေးမှပဲ စကြံ်နှလျှောက်ချင် ကြတာ။ စကြံ်နှလျှောက်ရမှာ သူတို့ဝန်လေးကြတယ်။ ပင်ပန်းမှာ သူတို့ ကြောက်ကြတယ်။ ဒါ မရဲရင့်တဲ့သဘောပဲ။ အမှန်က စကြံ်နှလျှောက်ရေးမှာ ပင်ပန်းမှာ မကြောက်ရဘူး။ သတ္တိရှိရတယ်။ သတ္တိရှိမှ စကြံ်နှလျှောက်ခြင်းဖြင့် ပထမဆုံး ဝီရိယဖြစ်လာမယ်။ ကြွတိုင်း၊ လှမ်းတိုင်း၊ ချတိုင်း၊ မလွတ်အောင် မှတ်နိုင်ရေးအတွက် အမြဲတမ်း ကြောင့်ကြစိုက်တဲ့ ဝီရိယပေါ့လေ။ နောက်ထပ် ဝီရိယတစ်ခု တိုးလာတယ်။ ဝီရိယ ၂ထပ် ၂ထပ် ပါနေတယ်။ စကြံ်နှလျှောက်တာ ဝီရိယသိပ်ကောင်းတာပဲ။ သူက ရဲရင့်မှုတွေ သတ္တိတွေ သွေးပေးနေတာ။ အင်မတန်ကောင်းတယ်။ ဒါကြောင့် စကြံ်နှလျှောက် မပျင်းဖို့အတွက် အရေးကြီးပါတယ်။ စကြံ်နှလျှောက် မပျင်းတော့ ကာယိကဝီရိယကော စေတသိကဝီရိယကော ဒီဘီးနှစ်ဘီးဟာ လည်နေတာပဲ၊ လည်နေရင် ဒီယာဉ်ရထားဟာ ကိုယ်လိုတဲ့ဆီ တက်နေတာပဲ။ အဘယဒိသာဆိုတဲ့ ဘေးကင်းတဲ့ဆီ တစ်ခါတည်း ရွေးရှုပြီးတော့ တက်နေတာပဲ။

http://www.dhammadownload.com

ကိုယ့်ကိုယ်ကို မေးပါ

တချို့ ယောဂီများကတော့ ကာယိကဝိရိယဘီးတစ်ဘီးနဲ့ စေတသိက ဝီရိယဘီးတစ်ဘီး အထူးအားဖြင့် စေတသိက ဝီရိယပေါ့လေ။ ကောင်း ကောင်း မလည်လို့ ပေါ်တိုင်းအာရုံကို မလွတ်တမ်း မှတ်နိုင်ရေးအတွက် တစေ ကြောင့်ကြထားတဲ့ စက္ကန့်တိုင်းမလပ် ကြောင့်ကြထားတဲ့ ဝီရိယနည်းတဲ့ အတွက် ကိလေသာ လက်ခံတယ်။ စိတ်အစဉ် ကိလေသာတွေ ဝင်ဝင်နေ တော့ တရားက တော်တော်နဲ့ နေရာမကျဘူး။ လိုတဲ့ဆီ မရောက်နိုင်ဘူး ဖြစ် နေတယ်။ စက္ကန့်တိုင်းမလပ် စေတသိက ဝီရိယရှိပြီဆိုရင် ဉာဏ်တွေက တိုး တက်နေတာပဲ။ ကိလေသာလက်မခံ ပယ်လှန်တယ်၊ သတိကလည်း ပေါ်လာ တော့တာပဲ။ သမာဓိလည်း ဖြစ်လာတယ်။ သမာဓိ ဖြစ်လာရင် ဉာဏ်လည်း ပွင့်လာတော့တာပဲ။ မြန်မြန်ခရီးရောက်တယ်။ ရပ်နား၊ ရပ်နား ပြတ်ခြား၊ ပြတ်ခြား ဖြစ်ပြီး ဝီရိယတွေ မတက်ဘူးဆိုရင်တော့ တရားက တော်တော်နဲ့ကို မတက်ဘူး။ ဒီတော့ ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ မေးဖို့ လိုအပ်ပါတယ်။ ကာယိကဝိရိယဘီးကော စေတသိကဝီရိယဘီးကော ပုံမှန် လည်ရဲ့လားလို့ ကိုယ့်ဟာကိုယ် ပြန်ပြီး သုံးသပ်ကြည့်ရင် ရှင်းပါတယ်။

ချမ်းသာစွာ နေရသူ

အဲဒီလို ဝီရိယနှစ်မျိုးရှိတဲ့ ပုဂ္ဂိုလ်၊ အထူးအားဖြင့် စေတသိက ဝီရိယ တော်တော်လေး အဆင့်ဆင့် ထက်သန်အားကောင်းလာတဲ့ ပုဂ္ဂိုလ်ကို အာရဒ္ဓ ဝီရိယလို့ ခေါ်ပါတယ်။ အာရဒ္ဓဝီရိယရှိတဲ့ပုဂ္ဂိုလ်ဟာ ဘာအကျိုးရှိသတုံး ဆို တော့ "အာရဒ္ဓဝီရိယော ခေါ ဘိက္ခဝေ သုခံ ဝိဟရတိ - အာရဒ္ဓဝီရိယ ရှိတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာစွာ နေရတယ်"တဲ့။ ချမ်းသာစွာ နေရတယ်ဆိုတာ ဘာတုံး ဆိုတော့ "ဝိဝိတ္တော ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ"တဲ့။ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိသာဝိတက် ခေါ်တဲ့ ဆိုးဝါးတဲ့အကြံဆိုးတွေက ကင်း လွတ်ပြီး နေတာ၊ ဒါ ချမ်းသာစွာ နေရတယ် ပြောတာပဲ။ ကာမဝိတက်လည်း မရှိဘူး။ ဗျာပါဒဝိတက်လည်း မရှိဘူး။ ဝိဟိသာဝိတက်လည်း မရှိဘူး။ အဲဒါ တွေ ကင်းပြီးတော့ ချမ်းမြေ့စွာ နေရတာ ဟုတ်တယ်လေ။ သူ့ဝီရိယ အဆင့်

http://www.dhammadownload.com

ဆင့် တက်လာတော့ ပဂ္ဂဟိတဝီရိယ ဖြစ်နေပြီ။ ရပ်နေတာလည်း မဟုတ်ဘူး။ အောက်ကျသွားတာလည်းမဟုတ်ဘူး။ နောက် တဖြည်းဖြည်း မဂ်ခြေစိုက်သွားတဲ့အထိ ပရိပုဏ္ဏဝီရိယ ဖြစ်လာမှာတဲ့။ ဒီအခါကျရင် သိပ်ချမ်းသာမှာ။

နစ်တစ်ရာနဲ့ တစ်ရက်တာ

ဒါကြောင့် သကတ္ထံ ပရိပူရေတိတဲ့ မိမိရဲ့အကျိုးစီးပွားအစစ်အမှန် ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ၊ မဂ္ဂင် ၈ ပါး အကျင့်တရားကိုလည်း ဖြည့်ပြီးသွားတယ်တဲ့။ ဝိရိယနှစ်ဘီးလည်တဲ့ ပုဂ္ဂိုလ်တဲ့၊ ဒီအကျိုးတွေ အမြန်ရမှာ သေချာတယ်။ ဝိရိယရဲ့အကြောင်းတွေတော့ ခဏကျူးလို့ မကုန်နိုင်ပါဘူး။ လိုရင်းလောက် ပြောပြီးတော့ ဒီနေ့ တရားသိမ်းရတော့မယ်။ မြတ်စွာဘုရားက တိုတိုနဲ့ နားလည်အောင်ဆိုပြီးတော့ အမိန့်ရှိတယ်။ ဒီလို ဝိရိယမျိုး မရှိဘဲ အသက်တစ်ရာ ရှင်နေရတာထက် ဒီလို ဝိရိယထားပြီး တစ်ရက်လေးမျှ အသက်ရှင်ရတာက သာလွန်ပြီးတော့ မြင့်မြတ်ပါတယ်လို့ ဒီလိုချုပ်ပြီးတော့ ဟောပါတယ်။

ဒီတော့ အခုပြောခဲ့တဲ့ ဝိရိယရဲ့အကျိုးတွေကို နားလည်ပြီးတော့ ကာယိက ဝိရိယ၊ စေတသိက ဝိရိယရှိတာ ဒီမဂ်ရထားကြီး အဘယဒိသာ ရွှေ့ရှုပြီးတော့ကာ ပုံမှန် ခြိတက်နိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ ဆိုပြီး ဒီနေ့ တရား အဆုံးသတ်လိုက်ပါတယ်။

သာဓု. . . သာဓု. . . သာဓု။

နောက်မှီ

နိဗ္ဗာန်သွားရာ ရထားမှာ ဘီး ၂ ဘီး ရှိသလို ထို့အတူ နောက်မှီ ကူရှင် ရှိရပုံကို ဒီနေ့ပြောပါမယ်။ မနေ့က ဘီး ၂ ဘီးအကြောင်း ပြောပြီးတော့ ဒီနေ့ ကူရှင်အကြောင်း ပြောပါမယ်။ အဲဒီကူရှင်ဟာ ဘာနဲ့ တူသလဲဆိုတာ မြတ်စွာဘုရားက နှိုင်းယှဉ်ပြီးတော့ မိန့်ကြားပါလိမ့်မယ်။ မြတ်စွာဘုရားက ဟောထားပါတယ်။ "ဟိရီ တဿ အပါလမွော"တဲ့။ ဟိရီ - ဒုစရိုက်တရားမှ ရှက်ခြင်း ကြောက်ခြင်းသည် (၀၀) အကုသိုလ်ဖြစ်ခြင်းမှ ရှက်ခြင်း ကြောက်ခြင်းသည်။ တဿ=ထိုနိဗ္ဗာန်သွားရာ မဂ်ရထား၏။ အပါလမွော=မှီရာပဲတဲ့။ မှီခုံပဲတဲ့။ အခုကာလဆိုရင် ကူရှင်လို့ ခေါ်ရမှာပေါ့။ အဲဒီလို မိန့်ကြားတယ်။ စာကတော့

http://www.dhammadownload.com

'ဟိရီ' တစ်မျိုးပဲ ပြောပါတယ်။ ဒါပေမဲ့လို့ အရှက်ယူလိုက်လို့ရှိရင် အကြောက်ကလည်း မကင်းစကောင်းတာမို့လို့ 'ဩတ္တပ္ပ'လည်း ပါသွားတယ်။ ဟိရီဩတ္တပ္ပ နှစ်မျိုးစလုံး ယူရမယ်လို့ ဆိုလိုပါတယ်။ ဒီဟိရီဩတ္တပ္ပအကြောင်းကတော့ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ပြောစရာရှိပါတယ်။ အကုန်လုံးညွှန်ကြားချက်တွေ ပြောပြရမယ်ဆိုရင် တစ်ရက်နဲ့တော့ ပြီးချင်မှ ပြီးမှာပါ။ ဒီတော့ အနှစ်သာရလောက်ပဲ ချုံးပြီးတော့ ပြောပါရစေတော့။

နောက်မှီရှိရင်

ရိုးရိုးသုံးစွဲနေကျ ယာဉ်ရထားများမှာ အဲဒီယာဉ်ရထား စီးနင်းလိုက်ပါတဲ့ပုဂ္ဂိုလ်များ မကျရအောင် နောက်မှီကူရှင်ဆိုတာ ရှိရပါတယ်။ မှီပြင် မရှိဘဲနဲ့ ခရီးသွားရင် အနှောင့်အယှက် အန္တရာယ်တွေ ဖြစ်နိုင်ပါတယ်။ နောက်လည်း လန့်ကျနိုင်တယ်။ တစ်စုံတစ်ရာ(Accident)ဖြစ်သွားရင်လည်း အသက်အန္တရာယ်ဖြစ်သွားတဲ့အထိလည်းစိုးရိမ်ရပါတယ်။ နောက်ကမှီခုံလေးကောင်းလို့ရှိရင် ကိုယ့်အိမ်က ကုလားထိုင်လေးမှာ ချမ်းချမ်းသာသာနေရသလိုပါပဲ။ ကိုယ်လိုတဲ့ခရီးကို ချမ်းချမ်းသာသာလေးနဲ့စီးပြီး ရောက်နိုင်ပါတယ်။ ထို့အတူ ဘေးကင်းရာ နိဗ္ဗာန်သို့ မဂ်ရထားကြီးနဲ့ ရွှေ့ရှုသွားတဲ့ ယောဂီ ပုဂ္ဂိုလ်များမှာ အရှက်အကြောက် နှစ်တန်ခေါ်တဲ့ အမှီခံကောင်းဖို့ အရေးကြီးပါတယ်။ နောက်မှီအခံကောင်းရင် ကောင်းသလောက် ဘေးရန်တွေ ကင်းပြီး ချမ်းချမ်းသာသာနဲ့ ရောက်နိုင်ပါတယ်။ အဲဒီ ဟိရီဩတ္တပ္ပ မကောင်းမှု အကုသိုလ်ဒုစရိုက်တွေမှ ရှောင်တာ။ အဲဒါတွေပြုရမှာ ရှက်တာ ကြောက်တာလို့ အဓိပ္ပာယ် ပြောသွားပါပြီ။

ရှက်တတ်သူများ

အဲဒီနှစ်မျိုးထဲက ဟိရီခေါ်တဲ့တရားဟာ မိမိရဲ့ဂုဏ်သိက္ခာ ငဲ့ပြီးတော့ ရှက်တဲ့သဘော ထင်ရှားသလို၊ ဩတ္တပ္ပဆိုတဲ့တရားဟာလဲ မိဘ၊ ဆရာသမား၊ ဆွေမျိုးဉာတိ လူကြီးလူကောင်းတွေကို ငဲ့ကွက်ပြီးတော့ ကြောက်တဲ့ သဘော ထင်ရှားပါတယ်။ မိမိဂုဏ်သိက္ခာငဲ့ပြီးတော့ မကောင်းမှုအကုသိုလ်မှ ရှက်လို့ ရှောင်တဲ့သဘောကတော့ ဆိုကြပါစို့။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး

http://www.dhammadownload.com

တစ်ယောက်ဟာ စာနာညှာတာစိတ်ကင်းပြီးတော့ ညှဉ်းဆဲ သတ်ဖြတ်မှု ဒီလို အလုပ်မျိုးလုပ်မိရင် ငါလို အမျိုးကောင်းသား၊ အမျိုးကောင်းသမီး တစ် ယောက်ဟာ မလုပ်ထိုက်ဘူး။ အဲဒီလို ကိုယ့်အမျိုးဂုဏ် ကိုယ့်ရဲ့သိက္ခာဂုဏ်ကို ငဲ့ပြီး ရှောင်လိုက်တယ်။ အဲဒါ ဟိရီ ဖြစ်သွားတာပဲ။ ပြီးတော့ ဗဟုသုတရှိတဲ့ ပညာရှိ ပုဂ္ဂိုလ်တွေဟာ မိမိရဲ့ပညာဂုဏ်ငဲ့ပြီး ရှက်ပြီး အကုသိုလ် မလုပ်တာ လည်းပဲ ရှိတယ်။ မိမိလို ပညာရှိသူတစ်ယောက်က လိမ်ညာနေမယ်ဆိုရင် မတော်ဘူးလို့တွေးပြီး ကိုယ့်ရှိတဲ့ ပညာဂုဏ်သိက္ခာကို ငဲ့ပြီး လိမ်ညာတဲ့ အလုပ် တွေ အကုသိုလ်အလုပ်တွေ ရှောင်ကြဉ်တတ်ပါတယ်။ ပြီးတော့ အရွယ်ဂုဏ် သိက္ခာကို လိုက်ပြီး ရှက်ပြီးတော့လည်း ရှောင်ကြဉ်ကြပါတယ်။ မိမိလို အရွယ် ကြီးတဲ့ အဘိုးကြီးအဘွားကြီးက မမှန်တာတွေ မတော်တာတွေ ပြုနေမယ်ဆို ရင် ဒါမသင့်ဘူး။ ဒီအရွယ်ကြီးနဲ့ ဒီလိုမတော်မသင့်တဲ့အလုပ်နဲ့က မအပ်စပ် ဘူး ဆိုပြီး ကိုယ့်အရွယ်ဂုဏ်ကိုငဲ့ပြီး၊ ရှက်ပြီး ရှောင်ကြဉ်လို့ရှိရင်လဲ ဟိရိတရား တွေ ဖြစ်တတ်ပါတယ်။ မိမိရဲ့ ရဲရင့်တဲ့ သတ္တိဂုဏ်ကိုငဲ့ပြီးတော့လဲ မတော်တာ တွေ ပြုရမှာ ရှက်တတ်ပါတယ်။ မိမိလို့ ရဲရင့်တဲ့ပုဂ္ဂိုလ် တစ်ဦးက မတော်တာ တွေပြုရင် မတော်ဘူး၊ မသင့်ဘူး၊ မတော်တာတွေ ပြုတယ်ဆိုတာ သတ္တိညံ့တဲ့ ပုဂ္ဂိုလ်တွေသာ ပြုတာ၊ ရဲရင့်သတ္တိရှိတဲ့ ပုဂ္ဂိုလ်တွေ မပြုဘူး ဆိုပြီးတော့လည်း ရှက်ပြီး အကုသိုလ်တွေ မဖြစ်ဘဲလည်း ကင်းဝေးတတ်ပါတယ်။

ကြောက်တတ်သူ

သြတ္တပ္ပခေါ် တဲ့အကြောက်တရားကတော့ မိမိဟာ မတော် မသင့်တဲ့ ကိုယ်နှုတ်အပြုအမူ၊ မတရားတဲ့အပြုအမူ ပြုရင် မိမိရဲ့ ဆွေမျိုး ဉာတိ မိတ်ဆွေ တွေတော့ အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မှာပဲ။ ဘယ်သူ့သားတော့ ဘယ်သူ့သမီးတော့ ဘယ်လိုတဲ့ဆိုတာပေါ့ လေ။ သားသမီးတွေတင် မဟုတ် ဘဲနဲ့ မိဘတွေပါ လူကြီးဆွေမျိုးတွေပါ တစ်ခါတည်း ဒီမှာ ထိခိုက်လာတယ်။ အဲဒီတော့ မိမိမတော်တာ ပြုလုပ်လို့ရှိရင် မိဘ၊ ဆွေမျိုး၊ ဉာတိ စတဲ့ ဒါတွေကို ထိခိုက်မှာ ကြောက်ပြီးတော့ ရှောင်တတ်လာတယ်။ အခြား အခြားမိတ်ဆွေ သူငယ်ချင်းတွေဂုဏ်တွေငဲ့ပြီးတော့ ရှက်တတ်တာ။ အထူးအားဖြင့် မကောင်း

http://www.dhammadownload.com

မှုပြုတယ်ဆိုတာ ဖုံးကွယ်ရာ မရှိဘူး။ လူတွေက မမြင်ပေမဲ့လို့ သူတစ်ထူးရဲ့ စိတ်နေစိတ်ထားနဲ့ အဝေးကနေပြီး မြင်နိုင် ကြားနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ သူတစ်ထူးရဲ့စိတ်ကို သိနိုင်တဲ့ ပုဂ္ဂိုလ်တွေက နားလည်ကြတယ်။ ဘယ်ပုဂ္ဂိုလ်တော့ ဘယ် အမျိုးသမီးတော့ မတော်တာတွေပြုနေတာပဲဆိုတာ သူတို့နားလည်ကြတယ်။ ဒီတော့ သူတစ်ထူးရဲ့စိတ်ကို နားလည်ကြတဲ့ပုဂ္ဂိုလ်တွေကို ငဲ့ပြီးတော့ ကြောက်ပြီးတော့ ရှောင်ကြတယ်။ အဲဒီအခါမှာ သြတ္တပ္ပ ဖြစ်တတ်ပါတယ်။

ကမ္ဘာစောင့်တရား ၂ ပါး

ဒီဟိရီသြတ္တပ္ပတရားနှစ်ပါးဟာ တော်တော်များများ ပုဂ္ဂိုလ်တွေက အလေး မထားသလောက် ကမ္ဘာလောကကြီးမှာ မလိုအပ်တဲ့ဟာတွေ ဖြစ်နေတာ ထင်ရှားပါတယ်။ အလေးထားတဲ့ပုဂ္ဂိုလ်များကတော့ ဒီဟိရီသြတ္တပ္ပတရားကို ဒီကမ္ဘာသူကမ္ဘာသားတွေကို အနှောင့်အယှက်ဘေးရန်တွေ မရောက်အောင် စောင့်ရှောက်ကာကွယ်ထားတဲ့ လောကပါလ တရားနှစ်ပါး လို့ ဒီလို ကျမ်းဂန်များက ပြထားပါတယ်။

ဒီလောကပါလ တရားနှစ်ပါးရှိတဲ့အတွက် ဖအေနဲ့သမီး၊ မအေနဲ့ သား၊ နှမနဲ့ မောင် စသည်ဖြင့် ခြားခြားနားနား ဖြစ်နေကြတာ။ သန့်သန့်ကလေး ဖြစ်နေကြတာ။ တကယ်လို့သာ ဒီတရားနှစ်ပါး လောကမှာ ပျောက်ကွယ်သွားလို့ ရှိရင် ဘာနဲ့တူသလဲလို့ဆိုတော့ တိရစ္ဆာန်တွေနဲ့ ဘာမှ မခြားတော့ဘူး။ တိရစ္ဆာန်တွေဟာဆိုရင် ဖအေရယ်၊ မအေရယ်၊ မောင်ရယ်၊ နှမရယ် ဒီလို မရှိပါဘူး။ ဒီလိုပဲ ရောရောနှောနှော နေကြတာပဲ။ အဲဒီလို ဖြစ်သွားနိုင်တယ်။ ဒီတရားနှစ်ပါးလောကမှာ ထွန်းကားတာဟာ ခုနကပြောခဲ့တဲ့ဟာတွေ ဖအေနဲ့ သမီး၊ မအေနဲ့ သား၊ မောင်နဲ့ နှမ ဆက်ဆံမှုမျိုးက ရှင်းရှင်းကလေးသန့်သန့်ကလေးဖြစ်အောင် သူက စောင့်ရှောက်ကာကွယ်ပေးထားတယ်။ ကမ္ဘာစောင့်တရားလို့ ခေါ်ပါတယ်။

ဖြူစင်တဲ့ တရား ၂ ပါး

တစ်နည်းအားဖြင့်လည်းပဲ ကမ္ဘာသူကမ္ဘာသားတွေ အပြစ်လွတ်ကင်းသန့်ရှင်းအောင် ဖြူစင်အောင် ပြုလုပ်တတ်တဲ့ တရားမို့လို့ "သုက္ကမွှ" လို့လဲပဲ

http://www.dhammadownload.com

ကျမ်းဂန်များမှာ ပြပါတယ်။ အဲဒါရဲ့ ဆန့်ကျင်ဘက် မရှက်ခြင်း၊ မကြောက်ခြင်းတရားကိုတော့ 'ကဏှမမွ' မည်းတဲ့တရား လို့ ခေါ်ပါတယ်။ ကဏှမမွ= အမည်းရောင်ရှိတဲ့တရားပေါ့လေ။ အမည်းရောင်အခံရှိထားရင် အပူတွေကို သူက စုပ်ယူတတ်တယ်။ နေပူထဲမှာ အမည်းရောင် ဝတ်သွားလို့ ရှိရင် ပိုပြီးတော့ အပူဒဏ်ခံရတယ်။ နေပူထဲ အဖြူရောင် ဝတ်သွားလို့ ရှိရင် အဲဒီအဖြူက ကန်ထုတ်တယ်။ အဲဒီသဘောတရားကို သိနားလည်ထားတဲ့ ပုဂ္ဂိုလ်များဟာ အဟိရိက အနောတ္တပ္ပ ခေါ်တဲ့ အမည်းခံထားလို့ ရှိရင် အကုသိုလ် အပူတွေကို ကိလေသာအပူတွေ စုပ်ပြီးတော့ မသက်သာဘူး။ ဟိရီသြတ္တပ္ပအဖြူရောင် ခံထားပြီဆိုရင် မတော်တာတွေ ပြုရမှာ ရွံမုန်း၊ စက်ဆုပ်၊ မတော်တာတွေ ပြုရမှာ ကြောက်၊ ကိုယ့်ဂုဏ်သိက္ခာလည်း ငဲ့၊ အများရဲ့သိက္ခာကိုလည်း ငဲ့ပြီး ရှက်ကြောက်ပြီဆိုရင် အဖြူခံထားတော့ အကုသိုလ်မလုပ်ဖြစ်ဘူး။ ဒီတော့ ကိလေသာအပူတွေလည်းပဲ မဝင်ဘူး။ အဖြူရောင်က အပူဒဏ်ကို ကန်ထုတ်တယ် ဆိုတာပေါ့လေ။ ဒီသဘောလေးနဲ့ ယှဉ်ကြည့်ပေါ့။ သိပ်ကောင်းတယ်။

သံလုံး ၂ လုံး

ကျမ်းဂန်များမှာ ဥပမာလေး ပေးထားတဲ့ဟာ ဟိရီသြတ္တပ္ပ အတွက် တော်တော်ကလေးအထောက်အကူရပြီးတော့ အသိအမြင်ရှင်းပါတယ်။ အဲဒီ ဥပမာကတော့ တခြား မဟုတ်ပါဘူး။ 'အယောဂုဠ'ခေါ်တဲ့ သံလုံးနှစ်လုံး ရှိတယ်။ အဲဒီသံလုံးနှစ်လုံးထဲက တစ်လုံးက အေးပြီးတော့ မစင်တွေ လူးနေတယ်တဲ့။ တခြားတစ်လုံးကတော့ ပူပြင်းတယ်တဲ့။ လိမ္မာတဲ့လူကတော့ အေးနေတဲ့ သံလုံးကို မစင်တွေ လူးနေတဲ့အတွက် စက်ဆုပ်လို့ မကိုင်ဘူးတဲ့။ ပူတဲ့သံလုံးကို ပူမှာ ကြောက်လို့ မကိုင်ဘူးတဲ့။ အဲဒီနှစ်မျိုးထဲက ပေနေတဲ့သံလုံးကိုတော့ မစင်လူးတော့ ရွံမုန်းစက်ဆုပ်လို့မကိုင်တာနဲ့ မိမိဂုဏ်သိက္ခာကို ငဲ့ပြီးတော့ ဟိရီတရား ဝင်ရောက်ပြီးတော့ မကောင်းမှုမပြုတာနဲ့ တူတယ်။ ပူနေတဲ့ သံလုံးကို ပူမှာ ကြောက်လို့ မကိုင်တာနဲ့ မိဘ၊ ဆွေမျိုး၊ ဉာတိတွေ ဂုဏ်သိက္ခာကိုငဲ့ပြီးတော့အကုသိုလ်မပြု မိမိကိုယ်တိုင်လည်းပဲ လူဖြစ်ရှုံးပြီး အပါယ်ကျမှာ ကြောက်လို့ မကောင်းမှု မပြုတာနဲ့ တူတယ်။ ဟိရီသြတ္တပ္ပအစစ်က

http://www.dhammadownload.com

တော့ မကောင်းမှု ဒုစရိုက်တရားတွေက အကုသိုလ်ဖြစ်မှာ ရှက်တာ၊ ကြောက်တာ ဒါအစစ်ပါပဲ။

အရှက်အတု

အစစ်ရှိသလို အတုတွေလည်း ရှိတတ်ပါတယ်။ အဲဒီအတုတွေက ဘာတွေလဲဆိုတော့ နည်းနည်းထပ်ပြီး ရှင်းပါမယ်။ အဲဒါတွေကတော့ ငါးပါးသီလနဲ့နေရမှာ ရှက်တာ၊ ဥပုသ်သီလနဲ့ နေရမှာရှက်တာ။ ဆောက်တည်ရမှာ ရှက်တာ။ အဲဒါမျိုးက ဟိရီအတုပဲ။ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေ လေးစားဖို့ ရှက်တာ၊ ပြီးတော့ အများပရိသတ်အလယ်မှာ စကားပြောရမှာ၊ တရားဟောရမှာရှက်တာ၊ ဒါလဲ ဟိရီအတုပါပဲ။ တခို့ အလုပ်မရှိဘဲနဲ့ ငတ်မှာပြတ်မှာကို ရှက်ရမဲ့အစား အောက်တန်းကျတဲ့ အလုပ်တွေကို ငွေရလို့ အသက်မွေးဝမ်းကျောင်း မှန်ကန်တဲ့ အလုပ်တွေကို လုပ်ရမှာ ရှက်တာ၊ ဒါတွေလည်းပဲ ဟိရီအတုထဲ ပါပါတယ်။

မရှက်သင့်တဲ့ ၄ ဌာန

မကင်းစကောင်းတဲ့အနေနဲ့ လောကသားတွေမှာ မရှက်ရမယ့် အချက် ၄ မျိုးတော့ ရှိပါတယ်။ အဲဒါတွေကတော့ ရှက်နေလို့ မဖြစ်ဘူး။ လောကသားတွေအတွက် လောကီအကျိုးစီးပွားသက်သက်ကို ဖော်ပြတဲ့ နိတိကျမ်းတွေမှာ အရောင်းအဝယ် အတိုးအပွား ဖြစ်စေနိုင်တဲ့ ကိစ္စတွေ ရှက်နေလို့ မဖြစ်ဘူး။ ရဲရဲတင်းတင်းပဲ ရောင်းရတယ်။ ဝယ်ရတယ်။ အတိုးအရင်း အပွားတွေ ချရတယ်။ ရှက်နေလို့ရှိရင် စီးပွားမဖြစ်ဘူး။ ပြီးတော့ ဆရာသမားတွေထံ ချဉ်းကပ်ပြီး အတတ်ပညာသင်ရမှာ မရှက်ရဘူး။ ရှက်နေရင် ဘယ်ပညာ ရလိမ့်မလဲ။ ပြီးတော့ အစားအစာစားတဲ့အခါ မရှက်ရဘူး။ ရှက်ရင် ငတ်မှာပဲ။ ပြီးတော့ ဇနီး၊ ခင်ပွန်းအချင်းချင်း ရင်းရင်းနှီးနှီး ပျော်မွေ့တဲ့အခါမျိုးမှာလည်း မရှက်ရဘူး။ အဲဒီအခါမျိုးမှာ အရှက်ကို ပယ်ထားရတယ်လို့ နိတိကျမ်းဂန်များမှာ ပြထားပါတယ်။ အဲဒီအရှက်မရှိမှုမျိုးမှာတော့ ကုသိုလ်ဖြစ်မဖြစ် ဆိုတာ လိုရင်း မဟုတ်ပါဘူး။ မိမိရဲ့အကျိုးရှိမည့်အရာမှာ မရှက်ရလို့ ပြောလိုရင်းဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီတော့ ဩဇာပွတ်အစစ်ရှိသလို ဩဇာပွတ်အတုလည်းပဲ ရှိရပါတယ်။ မလွဲမကင်းသာလို့ လူမှုကိစ္စပြဿနာတွေပေါ်တဲ့အခါ ရုံးတွေသွားရင် တရားသူကြီးတွေနဲ့ တွေ့ရမှာ ကြောက်တာဟာ ဩဇာပွတ်အတုပဲ။ တချို့ တောသူတောင်သားတွေ သင်္ဘော် ရထား အစရှိတဲ့ ယာဉ်တွေနဲ့ ခရီးသွားတဲ့အခါ အများကြားထဲမှာ အိမ်သာမသွားဝံ့တာ ကြောက်တာဟာ ဩဇာပွတ် အတုပါ။ တချို့လူကိုပဲဖြစ်ဖြစ်၊ ခွေး အစရှိတဲ့ တိရစ္ဆာန်ကိုပဲ ဖြစ်ဖြစ် ကြောက်တာ၊ တချို့ မရောက်ဖူးတဲ့အရပ်ကို သွားရမှာ ကြောက်တာ၊ တချို့ အတွေ့အကြုံမရှိတဲ့ ယောကျ်ားနဲ့မိန်းမ အရေးရောက်လာပြီဆိုရင် ကြောက်ကြောက်ရွံ့ရွံ့ဖြစ်တာ၊ ပြီးတော့ မိဘဆရာသမားတွေရှေ့မှာ သွားလာရမှာ၊ နေထိုင်ရမှာ အနီးအနားထိုင်ပြီး စကားပြောရမှာ ကြောက်တာ။ တချို့ ယောဂီများ ကမ္မဋ္ဌာန်း ဆရာဆီလာပြီးတော့ တရားစစ်ခံရမှာ ကြောက်တာ။ သွားနုတ်ခါနီး သွားဆရာဝန်ဆီသွားတော့ သွားနုတ်တော့မယ်အပြု ကြောက်တာ ဒါတွေလဲ ဩဇာပွတ် အတုထဲလည်းမှာ ပါပါတယ်။ အမှန်က ဟိရီဩတ္တပ္ပအစစ်ကိုနားလည်ဖို့ အရေးကြီးပါတယ်။

အရှက်အကြောက်အစစ်

အစစ်ဆိုတာ အင်မတန်ကြမ်းတမ်းတဲ့ ဒုစရိုက်တွေ ရွံ့မုန်းစက်ဆုပ်တာကြောက်တာမျိုး၊ အကုသိုလ်ဖြစ်မှာ ကြောက်တာမျိုး အထူးအားဖြင့် ယောဂီများ မိမိရဲ့စိတ်အစဉ်ကိလေသာတွေ ဝင်မှာ ကြောက်တာမျိုးပေါ့လေ။ အမှတ်တွေလွတ်သွားရင် ကိလေသာတွေဝင်တော့မှာဆိုပြီးတော့ ဝင်လာမဲ့ ကိလေသာကို ရွံ့မုန်းစက်ဆုပ်တာ ဝင်လာပြီဆိုရင်လည်း အဲဒါတွေ ရွံ့မုန်း စက်ဆုပ်တာ။" ကိလေသာတွေ ဝင်လာလို့ရှိရင် ကြမ်းကြမ်းတမ်းတမ်းတွေ ဖြစ်တော့မှာပဲ။ ကြမ်းကြမ်းတမ်းတမ်းတွေ ဖြစ်ရင်တော့ အပါယ်ငရဲကျတဲ့အထိ ဆင်းရဲဒုက္ခရောက်တော့မှာပဲ"ဆိုပြီး ကြောက်တာ အဲဒါတွေက ဟိရီ ဩတ္တပ္ပအစစ်တွေပါပဲ။ အဲဒီရှက်မှုနဲ့ ကြောက်မှုနှစ်မျိုး ယောဂီမှာ ဖြစ်လာရင် ပိုပြီးတော့ ဂရုစိုက်တာပဲ။ ပိုပြီးတော့ ဝိရိယတွေ ရှိတာပဲ။ ဝိရိယရှိရင် သတိကလည်း ထူးထူးခြားခြားကြီး ကောင်းလာတာပဲ။ သတိကောင်းလာတော့ စိတ်စုစည်းမှု

http://www.dhammadownload.com

တွေရရှိပြီးတော့ အသိဉာဏ်တွေလည်းပဲ တစ်ဆင့်ပြီးတစ်ဆင့် ပွင့်သွားတော့တာပဲ။ ဒီတော့ ဟိရီသြတ္တပ္ပတရားဟာ ဘေးမဲ့ရာ နိဗ္ဗာန်သို့ ရောက်လိုတဲ့ ပုဂ္ဂိုလ်များ၊ တကယ်ချမ်းသာအစစ်အမှန်လိုလားတဲ့ ပုဂ္ဂိုလ်များအတွက် သိပ်ပြီးတော့ အရေးပါတဲ့ တရားနှစ်ပါးပါ။

ဟိရီသြတ္တပ္ပတရား များလေလေ၊ အမှတ်လွတ်ရမှာ ရှက်လေလေကြောက်လေလေ၊ ပိုပြီးတော့ ဂရုစိုက်လေလေ၊ သတိ၊ သမာဓိ၊ ပညာတွေလည်း ထူးထူးခြားခြား ဖြစ်လာလေလေပဲ။ ဟိရီသြတ္တပ္ပ မဲ့ရင်တော့ ခုနနောက်မှီမရှိဘဲနဲ့ယာဉ်စီးသွားရင်တော့ပြုတ်ကျနိုင်တာပဲ။ အသက် အန္တရာယ်ဖြစ်တဲ့အထိလည်း ဖြစ်နိုင်တာပါပဲ။ ဒဏ်ရာအနာတရလည်း ဖြစ်နိုင်တာပဲ ခုနနောက်မှီလေးနဲ့ ခရီးသွားရင် ချမ်းချမ်းသာသာလေးနဲ့ ရောက်သွားနိုင်တယ်။ အဲဒီလို မြတ်စွာဘုရားက ဟိရီသြတ္တပ္ပကို ယာဉ်ရထားရဲ့နောက်မှီအနေနဲ့ တင်စားပြီးတော့ မိန့်ကြားထားပါတယ်။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

သာဓု. . သာဓု. . သာဓု

အကာအကွယ်

ဒီနေ့ခရီးမထွက်ခင် အစမသတ်သေးတဲ့ တရားကို ဆက်လက်ပြီးတော့ ဟောပါမယ်။ ရထားများဆိုရင် ပြည့်စုံရမဲ့အင်္ဂါရုပ်တွေကို ရှေ့က ပြောခဲ့ပါတယ်။ တကယ်အရေးပါတဲ့ အင်္ဂါတစ်ရပ်အနေနဲ့ မင်္ဂလရထားမှာ သတိဟာ 'ပရိဝါရဏ' အရံအတားပဲ အကာအကွယ်လို့ တင်စားပြီးတော့ မိန့်ကြားထားတဲ့အချက်ကို လက်တွေ့နဲ့ပေါင်းစပ်ပြီးတော့ ဒီနေ့ ဖြေရှင်းပါ့မယ်။ တစ်နေရာမှ တစ်နေရာ အကြောင်းရှိလို့ သွားတဲ့အခါပဲ ဖြစ်ဖြစ် အထူးအားဖြင့် ရန်သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရတဲ့ စစ်သုံးယာဉ်တွေပဲ ဖြစ်ဖြစ် လုံလုံခြုံခြုံ ကာကွယ်ဖို့ အရေးကြီးပါတယ်။ တချို့ သံချပ်ကာကားကြီးတွေဆိုရင် သိပ်အရေးကြီးပါတယ်။ သေနတ်ဒဏ်၊ ဗုံးဒဏ်၊ အမြောက်ဒဏ်၊ ရန်သူတွေ ပစ်ခတ်တဲ့ဒဏ်ခံနိုင်အောင်ဘိုပြီးတော့ အမာခံအနေနဲ့ ချိတက်ရပါတယ်။ ဒီကအမာခံကောင်းရင် ကောင်းသလောက် တစ်ဖက်ရန်သူတွေပစ်ခတ်လိုက်တဲ့အခါမှာ မထိခိုက်

http://www.dhammadownload.com

ဘူး။ ဒါလိုပဲ ဘဝအဆက်ဆက်က ကိုယ့်ကို အပေါ်စီး အနိုင်ကျင့်လာတဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေကို ပြန်ပြီးတော့ ယှဉ်ပြိုင် တိုက်ခိုက်ရာမှာလည်း အဲဒီကိလေသာရဲ့ ဒဏ်အကာအကွယ်အနေနဲ့ သတိ ဟာ သိပ်အရေးပါတယ်။ သတိရှိရင် ရှိသလောက် ကိလေသာဒဏ် ခံနိုင် တယ်။ ဒီနေ့ အဲဒီသတိဟာ အကာအကွယ်ပဲဆိုတာ ပြောပါ့မယ်။

မရှုရင် ကိလေဝင်

ဒီကိလေသာတွေက ဘယ်နေရာဌာနမှာ ဘာတွေနဲ့ ဆက်စပ်ပြီးတော့ ဖြစ်နေသတုံးဆိုတော့ ဒွါရ ၆ ပါးမှာ ထင်ဟပ်လာတဲ့ အာရုံ ၆ ပါးနဲ့ စပ်ပြီးတော့ ကိလေသာတွေ ဖြစ်နေပါတယ်။ "မရှုလျှင် ကိလေဝင်၊ ရှုလျှင် ကိလေစင်" ဆိုတာ သတိမထားလို့ ရှိရင် စိတ်အစဉ်မှာ ကိလေသာတွေ ဝင်လာတာပဲ။ သတိထားလို့ရှိရင် ကိလေသာတွေ ဝင်မလာဘူး။ အကာအကွယ် ပေးထား တာပဲ။ မြင်ရာကနေပြီးတော့ ကိလေသာဖြစ်ပုံကတော့ မြင်တဲ့အခိုက်အတန့် မှာ ထင်ရှားတဲ့ဖြစ်ခိုက် ရုပ်၊ နာမ်တရားတွေ သူတို့ဖြစ်ဆဲ လိုက်ပြီးတော့ စွဲမြဲ စွာ မရှုရင် မြင်ရတဲ့အာရုံကို ချစ်စရာလို့ ထင်ရင် လောဘ ဖြစ်တယ်။ မုန်းစရာ ထင်ရင်လည်း ဒေါသဖြစ်တယ်။ အဲဒီအခိုက်အတန့်မှာ ထင်ရှားတဲ့ ရုပ်၊ နာမ် တရားတို့ရဲ့သဘောမှန်ကို အမှန်အတိုင်း မသိလို့ရှိရင် ထိရောက်အောင် မသိ လို့ ရှိရင် မောဟဖြစ်တယ်။ တစ်နည်းနည်းနဲ့တော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတစ်ခုခုကတော့ ဝင်သွားတာပဲ။ ဘာဖြစ်လို့ ဝင်သလဲ ဆိုတော့ သတိနဲ့ အစောင့်အရှောက် အကာအကွယ် မပေးလို့ပါပဲ။ "မရှုလျှင် ကိလေဝင် " ဆိုတာ ဒါကို ပြောတာပါပဲ။

တစ်ချက်မှတ် တစ်ချက်ချမ်းသာ

ရှုလျှင် ကိလေစင် ဆိုတာတော့ သတိထားတော့ မိမိရဲ့စိတ်လည်းပဲ ဟိုရောက်ဒီရောက်နဲ့ မလေလွင့်တော့ဘူး။ သတိထားရတဲ့အကျိုးကလည်း ကိလေသာ မဝင်တော့ဘူး။ စိတ်သန့်ရှင်းတာပေါ့။ အဲဒီတော့ ဒီအချိန်လေး ကို စိတ်သန့်သန့်ရှင်းရှင်းဖြစ်အောင် အသုံးချရာရောက်တယ်။ စိတ်မလေလွင့်

http://www.dhammadownload.com

အောင် အချိန်ကို အကျိုးရှိစွာနဲ့ အသုံးချရာ ရောက်တယ်။ သတိထားရတာ အင်မတန်ကောင်းတယ်။ အဲဒီလို မြင်မှုနဲ့ စပ်လို့ သတိထားတတ်ပြီဆိုရင် လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေးတွေ စိတ်အစဉ် မဝင် ရောက်တော့ စိတ်တွေ သန့်ရှင်းသွားတယ်။ ကြည်လင်သွားတယ်။ လက်ငင်း အကျိုးတစ်ခါ တည်းရလာတာ သိပ်ကောင်းတယ်။ ကြည်လင်သွားတော့ စိတ်လည်းချမ်းသာ လာတာပါပဲ။ တစ်ချက်မှတ် တစ်ချက်ချမ်းသာ၊ နှစ်ချက်မှတ်နှစ်ချက်ချမ်းသာ၊ တစ်မိနစ်မှတ် တစ်မိနစ်အချိန်အတွင်းမှာ ချမ်းသာနေမှာပဲ။ အဲဒီချမ်းသာ လက်ငင်းအကျိုးရလာတာပဲ။ သန့်ရှင်းကြည်လင်ချမ်းသာတဲ့ အကျိုးလက်ငင်း ရတာပဲ။ အင်မတန်ကောင်းတယ်။ ယာဉ်များ စီးသွားတဲ့အခါကျတော့ ဒီက အကာအကွယ်က လုံနေပြီ။ အင်မတန်အေးချမ်းတဲ့အခါမှာ လေလေးတောင်မှ မဝင်တော့ဘူး။ မိုးရွာတဲ့အခါမှာ နှင်းကျတဲ့အခါမှာလည်းပဲ မိုးတို့ရေတို့လည်း မဝင်တော့ဘူးဆိုရင် ဒီအပေါ်မှာ လိုက်ပါသွားတဲ့ ပုဂ္ဂိုလ်တွေဟာ ချမ်းသာနေသလို့ပေါ့။ အလွန်ကြီးကို ချမ်းသာနေတာပဲ။ ဒီတော့ သတိက စိတ်ချမ်းသာအောင် စိတ်သန့်ရှင်းအောင် အကာအကွယ်ပေးနေတယ်ဆိုတာ သိပ်ထင်ရှားတာပဲ။

မရှိ မဖြစ်

မြင်တဲ့အခါမှာ မရှုရင် ကိလေသာဝင်ပုံ ရှုလို့ရှိရင် ကိလေသာစင်ပုံရှင်းသလို ထို့အတူ ကြားဆဲခဏ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ သိဆဲ၊ ဖောင်းဆဲ၊ ပိန်ဆဲ၊ ထိုင်ဆဲ၊ ကွေးဆဲ၊ ဆန့်ဆဲ၊ စောင်းဆဲ၊ ငဲ့ဆဲ၊ ကြွဆဲ၊ လှမ်းဆဲ၊ ချဆဲ ဒီလိုအခါမျိုးတွေမှာလည်း ခုန စွဲမြဲတဲ့ သတိလေးရှိနေရင် သတိမထားလို့ဖြစ်နိုင်တဲ့ ကိလေသာတွေဟာ ဖြစ်မလာတော့ဘူး။ စိတ်အစဉ်မှာ မဝင်လာတော့ဘူး။ အဲဒါတွေလည်းပဲ ချဲ့ထွင်ပြီးတော့ သိဖို့ လိုပါတယ်။ ဘေးကင်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ မဂ်ရထားကြီးနဲ့ ရှေ့ရှုပြီးတော့ သွားရာမှာ ဒီသတိဟာ မရှိမဖြစ် အရေးပါတဲ့ တရားဆိုတာ တကယ်အရေးကြီးတဲ့ မဂ္ဂင်၈ ပါးရဲ့အစိတ်အပိုင်းတစ်ရပ် ဆိုတာ နာ·လည်ထားဖို့ပါပဲ။ သတိက နေရာဌာနတိုင်းမှာ အရေးပါပါတယ်။

http://www.dhammadownload.com

ဆားနဲ့ သတိ

အထင်ရှားဆုံးဥပမာနဲ့ ပြောရရင် နေ့စဉ် ဘုန်းကြီးတို့ စားနေတဲ့ ထမင်းတို့ ဟင်းတို့မှာ အထူးသဖြင့် ဟင်းမှာပေါ့လေ ဆားမပါရင် မပြီးဘူး။ ဆားပါမှ အရသာရှိတာ၊ ဆားမပါတဲ့ဟင်း စားရလို့ရှိရင် ပေါ့ပျက်ပျက်နဲ့ပဲ။ အလောတော် ဆားပါလာပြီဆိုရင် စားရတာ ထူးထူးခြားခြား အရသာရှိတယ်။ သတိမပါတဲ့ ကိစ္စမှာဆိုရင် ဘယ်ကိစ္စမျိုးမဆို လောကီကိစ္စပဲဖြစ်ဖြစ် ဓမ္မကိစ္စပဲဖြစ်ဖြစ် ပေါ့ပျက်ပျက်ကြီးပဲ။ အဲဒါလေးလည်းပဲ နှိုင်းယှဉ်ပြီး ကြည့်ဖို့လိုပါတယ်။ ဒီတော့ ဆားဟာ ဟင်းမှာ တကယ့်အရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ပါဝင်နေတယ်ဆိုတာလည်း ရှင်းပါတယ်။ ဆားဆိုတဲ့ အရာဟာ ဈေးပေါပေါနဲ့ ရနေတော့ တန်ဖိုးမထားတတ်တဲ့ပုဂ္ဂိုလ်တွေအဖို့ရာမှာ တန်ဖိုးမရှိလှပါဘူး။ အရေးမပါလှဘူးလို့ ဆိုပေမယ့်လို့ ဆားပါရမဲ့ ကိစ္စတွေမှာ၊ ဆားပါမှပြီးနိုင်မဲ့ ကိစ္စတွေမှာဆိုရင် ဆားတကယ်အရေးပါကြောင်း ကောင်းကောင်းနားလည်လာတာ။ ဒါလိုပဲ ကြုံတွေ့ရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ ကိလေသာတွေ ကင်းရှင်းပြီးတော့ ကြည်ကြည်လင်လင်နဲ့ ချမ်းချမ်းသာသာဖြစ်ရေး အလေးမထားတတ်တဲ့ပုဂ္ဂိုလ်တွေအဖို့ရာတော့ သတိဟာ ဘာမှ အရေးမပါလှပါဘူး။ ဈေးပေါပေါပဲ လို့ ဒီလို ထင်ပေမဲ့လို့ သတိရဲ့ အကျိုးကို လက်တွေ့နားလည်တဲ့ ပုဂ္ဂိုလ်များမှာ သတိအပေါ် သိပ်တန်ဖိုးထားတာ။ သတိမပါရင် ဘဝဟာ ပေါ့ပျက်ပျက်ကြီးပဲဆိုတာ ကောင်းကောင်းကြီး နားလည်လာတာ။

လေနဲ့ သတိ

လေနဲ့ သတိ၊ တစ်နည်းအားဖြင့် သတိဟာ မရှိမဖြစ် လတ်ဆတ်သန့်ရှင်းတဲ့ လေလိုပဲ။ လေနဲ့လည်း တူပါတယ်။ အသက်ရှူရ ရှိုက်ရမှ နေလို့ထိုင်လို့ ကောင်းတဲ့ ပုဂ္ဂိုလ်များ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာရှိနိုင်တဲ့ ပုဂ္ဂိုလ်များဟာ ညစ်ညမ်းတဲ့လေတွေ ရှူရှိုက်ရပြီဆိုရင် ခေါင်းမူးဝေပြီးတော့ ချက်ချင်းပဲ လဲသွားနိုင်တယ်။ သေရင်လည်း သေသွားနိုင်တယ်။ ဒီတော့ သန့်ရှင်းလတ်ဆတ်တဲ့ လေရှူရှိုက်မှ မမူးဝေဘဲနဲ့ ကျန်းကျန်းမာမာ ဖြစ်နိုင်တယ်။ ဒီတော့ သန့်ရှင်း

http://www.dhammadownload.com

တဲ့ လေဟာ သိပ်အရေးပါတယ်ဆိုတာ အင်မတန် ထင်ရှားတယ်။ သန့်ရှင်းတဲ့ လေကို အလျင်းမရှူရရင် ညစ်ညမ်းတဲ့လေတွေကိုလည်း ရှူရ ရှိုက်ရပြီဆိုလို့ ရှိရင်တော့ ဘယ်နည်းနဲ့မှ လူဟာ အသက်မဆက်နိုင်တော့ဘူး။ ဒီလိုပဲ သတိဟာလည်း လူတွေမှာ လိုအပ်တဲ့လေလို ဖြစ်နေတာ။ တကယ့်လန်းဆန်း သန့်ရှင်းတဲ့ လေလို ဖြစ်နေတာ။ မရှိမဖြစ်ဘူး။ သတိမရှိရင် ဘဝအခါခါ သေနေတာပဲ။ လောလောဆယ် ဘဝမှာလည်း သေနေတာပဲ။ သေတာနဲ့ အတူတူပါပဲ။ သိပ် အရေးကြီးပါတယ်။ အဲဒါနဲ့လည်း နှိုင်းယှဉ်ကြည့်ဖို့ပါပဲ။

အသေနဲ့ တူတယ်

လေရှူမှု အသက်ဆက်နိုင်တဲ့ပုဂ္ဂိုလ်တွေဟာ လေမရှူဘဲနဲ့ ရပ်ထားရင် ချက်ချင်းသေနိုင်သလို ထို့အတူပဲ သတိမထားတတ်တဲ့ ပုဂ္ဂိုလ်များကတော့ သေတာနဲ့ အတူတူပဲ ဆိုတဲ့ စကားစုမှာ ဒွါရ ၆ ပါးမှာ ဖြစ်ပျက်တဲ့ ကြုံတွေ့ရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ ကိလေသာတွေ အဖြစ်ခံလိုက်ရလို့ ရှိရင် အဲဒီကိလေသာက နေပြီးတော့ ကံတွေမြောက်သွားတယ်။ အကုသိုလ်ကံတွေ မြောက်သွားတာ များတာပါပဲ။ ကုသိုလ်ကံကတော့ ခပ်နည်းနည်းပါ။ အဲဒီကံတွေက ဘဝတွေ အကျိုးပေးတာပဲ။ ဘဝတွေအကျိုးပေးတော့ ဘဝသစ်တွေ ရတော့ ဒီဘဝသစ်နဲ့ စပ်တဲ့ သေရတာ။ ဖြစ်လာရင် နောက်ဆုံး ပျက်ရမှာ သေရမှာပဲ။ အဲဒီအသေတွေက ထပ်ခါ ထပ်ခါ သေရတာပါပဲ။ ထပ်ခါ ထပ်ခါ ဖြစ်၊ သတိမထား ကိလေသာတွေ ဖြစ်၊ ကံတွေပြု ကံမှ တစ်ခါ ဘဝသစ်တွေရ။ ထပ်ခါ ထပ်ခါ သေ၊ အသေနဲ့ တူတယ်လို့ မြတ်စွာဘုရားက မိန့်ကြားပါတယ်။ လေ အလျင်းမရှူတော့ ချက်ချင်းသေနိုင်သလို၊ သတိမရှိဘူးဆိုရင် အခုလောလော ဆယ်လည်း သေသလိုဖြစ်ပြီး ဘဝအဆက်ဆက်လည်း သေခြင်းရဲ့အကြောင်းတွေ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ "ပမာဒေါ မစ္စုနော ပဒံ"လို့ မြတ်စွာဘုရားက မိန့်ကြားပါတယ်။ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆ သတိမထားဘဲ နေခြင်းဟာ အဖန်ဖန်အထပ်ထပ်သေခြင်းအကြောင်းပဲလို့ ဒီလိုမိန့်ကြားပါတယ်။

http://www.dhammadownload.com

ယုဉ်ယုဉ် ကြည့်

ကြုံတွေ့ရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ ချစ်စရာအာရုံတွေလို့ လောဘ အဖြစ် ခံလိုက်ရလို့ရှိရင် ခုန ညစ်ညမ်းတဲ့လေ တစ်ခါချူလိုက်ရလို့ တစ်ခါ ကျန်းမာရေးချို့တဲ့သွားသလို၊ တစ်ကြိမ် လောဘအဖြစ်ခံလိုက်ရလို့ ရှိရင် တစ် ကြိမ်စာအတွက် စိတ်ဟာ ညစ်ထေးပြီးတော့ စိတ်ဆင်းရဲမှုတွေ စိတ်မကြည် လင်မှုတွေ ဖြစ်သွားတော့တာပဲ။ မုန်းစရာအာရုံတွေ့လို့ ဒေါသဝင်လာပြီဆို ရင် ခုနညစ်ညမ်းတဲ့လေ ရှူရသလို ကိုယ်ကျန်းမာရေးတွေ ထိခိုက်သွားသလို စိတ်ချမ်းသာရေးလည်း ထိခိုက်သွားတာပဲ။ အခြားအခြား ကိလေသာတွေ လည်းပဲ ကြုံတွေ့ရတဲ့ အာရုံအလိုက် အဝင်ခံလိုက်ရလို့ ရှိရင် ညစ်ညမ်းတဲ့လေ တွေရှူနေတာနဲ့ အတူတူပဲ။ ဒီတော့ ပကတိပုဂ္ဂိုလ်တွေမှာဆိုရင် အထူးအား ဖြင့် သတိအကျိုးမသိလို့ သတိတန်ဖိုးမထားတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် အပြည့်ပါ ပဲ။ ကြုံတွေရတဲ့အာရုံတွေနဲ့ စပ်ပြီးတော့ လောဘ ညစ်ညမ်းတဲ့လေတွေ ရှူနေ ရသလို ဒေါသ၊ မောဟ၊ မာန်မာန စသည်ဖြင့် အများကြီးပါပဲ။ တစ်ရက်မှာ ဆိုလို့ရှိရင် မြင်ရ၊ ကြားရ၊ နံရ၊ စားရ ထိရ သိရာကနေပြီးတော့ ညစ်ညမ်းတဲ့ လေတွေ့ ရှူရသလိုပဲ လောဘတွေ အဖြစ်ခံနေရတာ၊ လောဘတွေ အဖြစ်ခံ နေရကော့ စိတ်ဘယ်ကြည်လင်တော့မလဲ။ ဘယ်သန့်ရှင်းခွင့်ရတော့မလဲ။ ဘယ်စိတ်ချမ်းသာခွင့် ရနိုင်ပါတော့မလဲ။ ညစ်ညမ်းတဲ့လေ ရှူရလို့ ကျန်းမာ ရေး ထိခိုက်ပြီးတော့ ကိုယ်ကျန်းမာရေး မရသလို စိတ်ချမ်းသာရေး မရပုံလေး တွေကို ယှဉ်ယှဉ်ယှဉ်ယှဉ် ကြည့်ဖို့လိုပါတယ်။

သေစေနိုင်တယ်

ပြီးတော့ ညစ်ညမ်းတဲ့ လေတွေထဲမှာ ချက်ချင်း သတိမေ့ပြီးတော့ မူးလဲ စေနိုင်တဲ့ ဓာတ်ငွေ့တွေလည်း ပါလာတယ်။ မူးလဲရုံ မဟုတ်ဘူး။ ချက်ချင်း စက္ကန့်ပိုင်းအတွင်း သေစေနိုင်တဲ့ ဓာတ်ငွေ့တွေလည်း အပြည့်ပါတယ်။ မူးစေ နိုင်တဲ့ အငွေ့ ရှူရလို့ရှိရင် မူးရုံဆိုတော်သေးတာပေါ့။ သေစေနိုင်တဲ့ ဓာတ်ငွေ့ ရှူမိပြီဆိုရင် ဘယ်နည်းနဲ့မှ ကုစားလို့ မရတော့ဘူး။ ချက်ချင်း လဲသေနိုင်တာ ပဲ။ ဒါလိုပဲ ဒွါရ ၆ ပါးက ပေါ်လာတဲ့အာရုံတွေနဲ့ စပ်ပြီးတော့ ဖြစ်ပေါ်တဲ့

http://www.dhammadownload.com

လောဘ၊ ဒေါသ၊ ကိလေသာတွေဟာ လူတွေကို မူးစေတတ်၊ မိုက်စေတတ်တယ်။ ကာမဂုဏ် လိုက်စားတဲ့ ပုဂ္ဂိုလ်တွေဟာ ကာမဂုဏ်ထဲမှာ နစ်ပြီးတော့ ကိုယ့်ဟာကိုယ်တော့ အဟုတ်ကြီးလို့ထင်ပြီးတော့ မူးနေတာပဲ။ ကြုံတွေ့ရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ ဒါဟာ အကောင်းဆုံးလို့ ထင်တယ်။ ဒါဟာ ယစ်မူးတဲ့ သဘောပေါ့။ ဒေါသတွေ ပြင်းထန်လာပြီဆိုရင် မူးတာပဲ။ မိုက်တာပဲ၊ အင်မတန် ပြင်းထန်တာပဲ။ ပြန်ပြီးတော့ ထိန်းသိမ်းရတာလည်း မသက်သာဘူး။ အဲဒီကနေပြီးတော့ စိတ္တဇ ဝေဒနာတွေ၊ နှလုံးရောဂါတွေ၊ သွေးတိုးရောဂါတွေ ဖြစ်တာပဲ။ ချက်ချင်း လောလောလတ်လတ်လည်း ခုနသေစေနိုင်တဲ့ ဓာတ်ငွေ့ ရှူရရင် သေသလိုပေါ့။ လောဘတွေ ပြင်းထန်လို့ ချက်ချင်းသေစေနိုင်တာလည်း ရှိတယ်။ ဒေါသတွေ ပြင်းထန်လို့ ချက်ချင်းသေတာလည်း ရှိတယ်။ သောကတွေ အကြီးအကျယ်ဖြစ်လို့ ချက်ချင်းသေသွားတာလည်း ရှိတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ခုန လောဘ၊ ဒေါသ၊ မောဟထဲမှာ အင်မတန်ပြင်းထန်တဲ့ဓာတ်တွေ အရှိန်ကြီးတာတွေ ဖြစ်လိုက်တော့ လက်ငင်း သေသွားတာ။ ဒါတွေ သိပ်ထင်ရှားပါတယ်။

အင်မတန်ကောင်းတယ်

သတိရှိထားရင် ကြုံတွေ့ရတဲ့ ကာမဂုဏ်အာရုံတွေနဲ့ စပ်ပြီးတော့ မမူးဘူး။ အင်မတန်ဆိုးဝါးတဲ့ သေလောက် ကြောက်လောက်နိုင်တဲ့ လောဘ၊ ဒေါသတွေကို အကာအကွယ်ပေးထားတော့ ချက်ချင်းလည်း မသေစေတော့ဘူး။ ဒါတွေလည်း အင်မတန် ထင်ရှားပါတယ်။ နှိုင်းယှဉ်ပြီးတော့ ကြည့်ဖို့ပါပဲ။ ဓာတ်ငွေ့ထိလို့ သေတဲ့ပုဂ္ဂိုလ်က ဒီဘဝမှာပဲ ပြီးသွားနိုင်တယ်။ ဒီဘဝက ရှူရှိုက်ရတဲ့ ဓာတ်ငွေ့တွေဟာ ဟိုဘဝ ပါမသွားဘူး။ သို့သော် လူကို မူးလဲစေတတ် ချက်ချင်းလဲသေစေတတ်တဲ့ ကိလေသာ အငွေ့အသက်တွေက ကိလေသာ အငွေ့အသက်တစ်ခါရှူမိလို့ မကောင်းကံတွေပြုမိရင်၊ အဲဒီမကောင်းကံတွေက ဟိုဘဝမှာ တစ်ခါတည်း အဆိပ်ငွေ့တွေ မပြေသလို ခံရတဲ့ဟာတွေကလည်း မသက်သာဘူး။ အဲဒါတွေပါ ထည့်စဉ်းစားမယ်ဆိုရင် ဒီကိလေသာတွေဟာ အင်မတန်ကြောက်စရာကောင်းတယ်ဆိုတာ တစ်ဆင့်တိုးပြီး နား

http://www.dhammadownload.com

လည်ဖို့ အရေးကြီးပါတယ်။ သတိရှိတဲ့ပုဂ္ဂိုလ်ကတော့ သတိထားသလောက် စိတ်အစဉ်မှာ ညစ်ညမ်းတဲ့လေ ဆိုးဝါးတဲ့ ဓာတ်ငွေ့နဲ့ တူတဲ့ ကိလေသာတွေ ဝင်ခွင့်မရတော့ နေရထိုင်ရတာကို ရှင်းနေတာပဲ။ သန့်နေတာပဲ။ အင်မတန် ကောင်းတယ်။

အကျိုးရှိမှ တန်ဖိုးထားလာတာ

နောက် သတိတွေ အရှိန်ရလို့ အားပြည့်လာပြီဆိုရင် စိတ်ရဲ့ စုစည်းမှုတွေ အဆင့်ဆင့်အဆင့်ဆင့် ရပြီးတော့ ဉာဏ်တွေ ထူးထူးခြားခြား ဖြစ်လာတယ်။ တစ်ဆင့်နဲ့တစ်ဆင့် ဉာဏ်တွေလည်းပဲ ထူးခြားလာတယ်။ အဲ နောက်ဆုံး ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြည့်စုံသွားရင် ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဆိုတဲ့ ဘေးကင်းတဲ့ နိဗ္ဗာန်ဆိုက်သွားမှာပဲ။ ဒီသတိက တစ်ခါတည်း ပို့ပေးမှာပဲ။ အဲဒီလိုရောက်သွားရင်တော့ ခုနဆိုးဝါးတဲ့ဘဝတွေကို အဆက်ဆက် ဖြစ်စေနိုင်တဲ့ ကိလေသာ အခိုးအငွေ့တွေ ဓာတ်တွေ ပြယ်သွားပြီ၊ ညစ်ညမ်းတဲ့လေနဲ့တူတဲ့ ဆိုးဝါးတဲ့ ကိလေသာအခိုးအငွေ့တွေ ကင်းသွားပြီ၊ အဲဒီလောက် အနေမျိုး ရောက်တယ်ဆိုရင် စိတ်ချမ်းသာမှု ရရှိသွားပြီပေါ့။ ဒီဘဝမှာပဲ သေချာပေါက် ရရှိသွားပြီဆိုရင် လေကောင်းလေသန့်လေး ရှူနေရတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ကျန်းမာ စိတ်ချမ်းသာမှု ရသလို ဒီသတိလေးလက်ကိုင်ရရှိတဲ့ ပုဂ္ဂိုလ်ဟာလည်း ဒီသတိဟာ သိပ်တန်ဖိုး ရှိတာပဲဆိုတာ နားလည်လာတယ်။ ညစ်ညမ်းတဲ့လေရှူရတဲ့အခါမှ သန့်ရှင်းတဲ့လေ ရှူရတဲ့အကျိုးကို သိပြီး ဒီအပေါ်မှာ တန်ဖိုးထားသလို သတိရဲ့ အကျိုးကို လက်တွေ့အားထုတ်လို့ မိမိသန္တာန်မှာ စွဲမြဲစွာ ထူးထူးခြားခြားဖြစ်လာမှ အကျိုးသိတာ၊ အကျိုးသိမှ တန်ဖိုးထားလာတာ။ ဒီတော့ သတိရဲ့အကျိုးကို သိနားလည်အောင် အမြဲမပျက် စွဲမြဲစွာ ရှုမှတ်ပြီးတော့ သတိအပေါ်မှာ တန်ဖိုးတွေထားတတ်အောင် ကြိုးစားအားထုတ်ဖို့ သိပ်လိုအပ်ပါတယ်။ ဒါကြောင့် ဘုဒ္ဓက "ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှု အစဉ်ထား"လို့ မိန့်ကြားပါတယ်။ ဖြစ်တိုင်းမှတ်ရှု ဆိုတဲ့ စကားစုမှာ ဖြစ်က-မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း၊ သတိထားလို့

http://www.dhammadownload.com

ရှိရင် သတိမထားလို့ ဖြစ်နိုင်တဲ့ ကိလေသာတွေ အစောင့်အရှောက် အကာအကွယ်ပေးလိုက်ပြီတဲ့။ ဒီလို မိန့်ကြားပါတယ်။

ဒီနေ့ ဒါပဲ တော်ကြဦးစို့၊ အချိန်ကျသွားပြီ။

ယာဉ်မောင်းသူ

မဂ်ရထားမှာ အရေးပါတဲ့ အကာအရံ သဖွယ်ဖြစ်တဲ့ သတိအကြောင်းကို တော်တော်လေး နားလည်လောက်အောင် ပြောပြီးပါပြီ။ ဒီနေ့ ရထားမောင်းသူဟာ ဘယ်သူလဲဆိုတာ ဆက်လက်ပြီး ပြောဖို့ပါပဲ။ ယာဉ်ရထားမောင်းသူကတော့ တခြားမဟုတ်ပါဘူး။ မဂ္ဂသမ္မာဒိဋ္ဌိပါပဲ။ အဲဒီ မဂ္ဂသမ္မာဒိဋ္ဌိဟာလဲ သူ့ရဲ့ရှေ့သွားမရှိဘဲနဲ့ ဖြစ်ရိုးမရှိပါဘူး။ သူ့ရဲ့ရှေ့ပြေး ပါရဦးမယ်။ သူ့ရဲ့ရှေ့ပြေးဆိုတာကတော့ ဝိပဿနာ သမ္မာဒိဋ္ဌိပါပဲ။ ဆိုလိုတာကတော့ မဂ္ဂသမ္မာဒိဋ္ဌိရရှိရေးမှာ ဝိပဿနာဉာဏ် ဖြစ်ရမယ်။ ဝိပဿနာဉာဏ် ပြည့်စုံမှ မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်တယ်လို့ ဆိုလိုပါတယ်။ ဒီတော့ ဝိပဿနာဉာဏ်လောက်သာ ပြည့်စုံပြီးတော့ မဂ်ဉာဏ်မဖြစ်သေးလို့ ရှိရင်လည်းပဲ တကယ့်ဘေးရန်ကင်းတဲ့ အဘယဒိသာလည်းပဲ မရောက်နိုင်သေးပါဘူး။ ဒီ ဝိပဿနာသမ္မာဒိဋ္ဌိကလည်း အခုလို အခြေခံသီလပြည့်စုံပြီးတော့ ဝိရိယထားပြီးတော့ အရှက်အကြောက်နှစ်မျိုးပါ ပါဝင်ပြီး အမြဲမပြတ် ရှုမှတ်နေမှ ဖြစ်နိုင်ပါတယ်။ ဒီတော့ သီလလောက် ပြည့်စုံ ဝိရိယ၊ သတိလောက်သာ ပြည့်စုံပြီးတော့ နေပြန်လို့ ရှိရင်လည်းပဲ သမ္မာဒိဋ္ဌိဟာ မဖြစ်တော့ မောင်းသူမရှိတဲ့ကားလိုကားကြီးတော့ ကောင်းနေသားပဲ။ ယာဉ်ကြီးတော့ အစစအရာရာ ပြည့်စုံသားပဲ ဓာတ်ဆီတို့ ဘာတို့ကအစ ပြည့်စုံနေသားပဲ။ ဒါပေမဲ့လို့ မောင်းသူ မရှိလည်းပဲ ဒီကားဟာ မရွေ့ဘူး။ လိုတဲ့ခရီးလည်းပဲ မရောက်ဘူး။ ဒီတိုင်းပဲ ကားကြီးမှာ တော့ ယာဉ်မောင်းသူကတော့ သမ္မာဒိဋ္ဌိပါပဲ။ မှန်စွာမြင်ခြင်းဆိုတဲ့ ယာဉ်မောင်းသူပါပဲ။ ယာဉ်မောင်းသူနဲ့ တူတဲ့ သမ္မာဒိဋ္ဌိအမျိုးအစားကို ဒီနေ့ နည်းနည်းခွဲပြပါဦးမည်။

အဲဒီသမ္မာဒိဋ္ဌိဟာ ကျမ်းဂန်များမှာ ပြထားတာကတော့ ၆ မျိုးရှိပါတယ်။ အဲဒါတွေကတော့ (၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ (၂) စျာနသမ္မာဒိဋ္ဌိ (၃)

http://www.dhammadownload.com

ဝိပဿနာ သမ္မာဒိဋ္ဌိ (၄) မဂ္ဂသမ္မာဒိဋ္ဌိ (၅) ဖလ သမ္မာဒိဋ္ဌိ (၆) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ ဒီ ၆ မျိုးပါပဲ။ အဲဒီ ၆ မျိုးထဲက ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ကုသိုလ်ကံအကုသိုလ်ကံတို့ရဲ့အကျိုးပေးဟန်တွေ့ရသဖြင့် ကောင်းရင်စံ ဆိုးရင် ခံ ရမှာပဲ ဆိုတဲ့ ဒီလိုအသိအမြင်မှန်ကို ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။ ဈာနသမ္မာဒိဋ္ဌိဆိုတာကတော့ ရူပအရူပဈာန် ၈ မျိုးနဲ့ ယှဉ်တဲ့ အမြင်မှန်ကို ဈာနသမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်။ အဲဒီ ဈာနသမ္မာဒိဋ္ဌိ ပြည့်စုံရင် ဆိုင်ရာ ဗြဟ္မာဘုံမှာ ကမ္ဘာနဲ့ချီပြီးတော့ သက်တမ်းရှည်ရှည်နေရပါတယ်။ ဘဝ အကျိုးပေးပါတယ်။ ဒါမှမဟုတ်ဘဲနဲ့ ဉာဏ်လမ်းဘက်၊ ဝိပဿနာ လမ်းကြောင်းဘက် နွယ်လို့ရှိရင် ဝိပဿနာအခြေခံ ဖြစ်နိုင်ပါတယ်။ အဘိဉာဏ်လမ်းဘက် သွားလို့ရှိရင်လည်း အဘိဉာဏ်ရနိုင်ပါတယ်။ အဲဒီလို အကျိုးတွေ ပြထားပါတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ

မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလ သမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ။ ဒီသမ္မာဒိဋ္ဌိ ၃ မျိုးကတော့ အထူးအားထုတ်နေဖို့ မလိုပါဘူး။ အားထုတ်ရမှာ အလုပ်လုပ်ရမှာကတော့ သုံးခုမြောက်ဖြစ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိပဲ ဖြစ်အောင် အားထုတ်ရမှာပါ။ ပွားရမှာပါ။ ဒီတော့ ဒီနေရာဌာနမှာ သမ္မာဒိဋ္ဌိအရ ဘာယူမလဲဆိုတော့ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ ဒီနှစ်မျိုးကို ယူရမှာပါ။ ဒီနှစ်မျိုးကတော့ ရထားမောင်းသမားလိုပါပဲ။ မဂ္ဂသမ္မာဒိဋ္ဌိ မိမိသန္တာန်မှာ ပွားစေလိုလို့ ရှိရင် အဲဒီရှေ့ပိုင်းက ပုရေဇဝ ခေါ်တဲ့ ပုဗ္ဗဘာဂ မဂ် ဝိပဿနာ သမ္မာဒိဋ္ဌိတွေ မိမိတို့သန္တာန်မှာ ရှေးဦးစွာ ဖြစ်ဖို့အတွက် အားထုတ်နေကြရတာပါပဲ။ အားထုတ်တော့ ရှေးဦးစွာ တကယ်ရှိနေတဲ့ ရုပ်နာမ် နှစ်ပါးကို ပိုင်းပိုင်းခြားခြားသိလာတယ်။ ပိုင်းခြားသိလာတယ်ဆိုထဲကိုက ပုဂ္ဂိုလ် သတ္တဝါ အစွဲ ကင်းရှင်းသွားတယ်။ တကယ်အရှိကို မတွေ့ရင် မရှိတာကို အရှိလုပ်တယ်။ တကယ် အရှိကိုတွေ့တော့ ထင်မှားတာလေးတွေ ပျောက်ပြယ်သွား

http://www.dhammadownload.com

ကင်းသွားတာပေါ့။ အဲဒီလို အခြေခံပထမဉာဏ်လေး ဖြစ်ပြီး ဆက်အားထုတ်နေရင် အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးတော့ မြင်လာတယ်။ မြင်လာလို့ရှိရင်တော့ ယုံမှား သံသယတွေ ကင်းသွားရော။ အကြောင်းမဲ့ ဖြစ်တယ်ဆိုတဲ့အစွဲ၊ အကြောင်း မဟုတ်တဲ့ဟာကို အကြောင်းလုပ်ပြီးတော့ ယူတဲ့အစွဲ အဲဒီအစွဲတွေလည်းပဲ ဒုတိယအခြေခံအနေနဲ့ ကင်းသွားတယ်။ အဲဒီလို ဆက်ရှုနေရင် ကြောင်း ကျိုးဆက် ရုပ်နာမ်တရားတွေအပေါ်မှာ ဖြစ်ပေါ်ပြီးတော့ ကွယ်ပျောက်သွားပုံမြဲပုံ သိလာတယ်။ ပေါ်လိုက်ပျောက်လိုက်နဲ့ ဆင်းရဲပုံ အားကိုးစရာ မဟုတ်ပုံ ကြောက်စရာကောင်းပုံတွေလည်း သိလာတယ်။ သူသဘော အတိုင်း သူဖြစ်ပုံတွေလည်း သိလာတယ်။ အဲဒီကစပြီးတော့ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်တော့တာပဲ။

အဘယဒိသာ

ဒီလို ဝိပဿနာဉာဏ်တွေ ဖြစ်နေတယ်ဆိုရင်ပဲ အဘယဒိ သာ ခေါ်တဲ့ နိဗ္ဗာန်ဆီ ဖြောင့်ဖြောင့် မဂ်ရထားကြီးဟာ ရွှေ့လျားနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်လာပြီကိုး။ ဖြစ်လာတော့ လမ်းကြောင်းမှန်မှန်ပေါ်မှာ ရထားကြီး နိဗ္ဗာန်ဆီ ရှေးရှုပြီး ရွှေ့လျားနေသလို တူတာပေါ့။ ဒီနည်းနဲ့ပဲ ဆက်ပြီးတော့ ရှုနေရင် ဝိရိယကလည်း နှစ်ဘီးလိမ့်နေပြီး ဟိရီသြတ္တပ္ပ နောက်ခံကလည်း ကောင်းနေပြီ၊ စွဲမြဲတဲ့ သတိအကာအရံကလည်း အမြဲတမ်းရှိနေပြီဆိုတော့ အဲဒီလိုတရားတွေ အရှိန်ရ အားပြည့်တိုင်း အားပြည့်တိုင်း ဝိပဿနာဉာဏ်လေးတွေ တစ်ဆင့်ပြီးတစ်ဆင့် သိလာတယ်။ ရိပ်ခနဲ ပေါ် ရိပ်ခနဲပျောက် ခပ်သွက်သွက် သိလာတယ်။ တရိပ်ရိပ်နဲ့ ကုန်ဆုံးပျောက်ပျက်ပုံ သိလာတယ်။ ဒီလိုနဲ့ပဲ ဝိပဿနာဉာဏ်တွေ တစ်ဆင့်ပြီး တစ်ဆင့် တက်လာတာ။ အဲဒါ နိဗ္ဗာန်ဆီ ရှေးရှုပြီးတော့ တဖြည်းဖြည်း ရွှေ့လျားပြီးတော့ ဒီရထားကြီး မောင်းနှင်နေတာပဲ။ ဝိပဿနာသမ္မာဒိဋ္ဌိကပဲ မောင်းနှင်နေတာပဲ။ အဲဒီလို ဝိပဿနာသမ္မာဒိဋ္ဌိ ရင့်ကျက် ပြည့်စုံသွားလို့ရှိရင် ဖြစ်ပျက်မစပ် အငြိမ်းဓာတ် အဘယဒိသာကို မဂ္ဂသမ္မာဒိဋ္ဌိနဲ့ မျက်မှောက်ပြုရောက်သွားတော့တာပဲ။

http://www.dhammadownload.com

သမ္မတနဲ့ မဂ်

ဝိပဿနာ သမ္မာ ဒိဋ္ဌိကလည်းပဲ သူ့အစွမ်းသတ္တိရှိသလောက်တော့ ပိုင်နိုင်စွာ ရှုမိတဲ့ ရုပ်နာမ် ခန္ဓာတွေပေါ်မှာ ကိလေသာအစွဲတွေ ရှင်းတာပါပဲ။ ဒါပေမဲ့လို့ အပြတ်မရှင်းနိုင်ဘူး။ မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်သွားမှပဲ ကိလေသာတွေကို အပြတ် ရှင်းနိုင်ပါတယ်။ အဲဒီအပြတ်ရှင်းနိုင်တဲ့ မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်မှပဲ တကယ့် အငြိမ်းဓာတ်နိဗ္ဗာန်ရောက်နိုင်ပုံလေးတွေကို လောကီ ဥပမာက ဒီလိုပြထားပါတယ်။ အခုကာလ အာဏာပိုင်ဘုရင်များ သမ္မတမင်းများဟာ မိမိနေရာနန်းတော်က အိမ်တော်က ထွက်တော့မယ်ဆိုရင် ရှေးဦးစွာ ကာကွယ်ရေးဌာနဝန်ထမ်းတွေက လွတ်လွတ်လပ်လပ်ကြီး သွားရအောင် လမ်းရှင်းရတာရှိတယ်။ ပြီးတော့ ဘုရင်တို့ သမ္မတတို့ ထွက်လာတဲ့အခါ လုပ်ကြံတဲ့ ပုဂ္ဂိုလ်တွေက ဗုံးတွေဘာတွေ ထောင်ထားရင်လည်း အဲဒီဗုံးတွေဘာတွေ ရှင်းပေးကြရတယ်။ အဲဒီလို ဘုရင်၊ သမ္မတ ထွက်လာတဲ့အခါမှာ အနှောင့်အယှက်မဖြစ်စေရအောင် ရှင်းတဲ့အနေအားဖြင့် ပထမဆုံးလမ်းရှင်းရတယ်။ နောက်မှ ဘုရင်၊သမ္မတက နန်းတော် အိမ်တော်က ထွက်လာတာ။ ဒါလိုပဲ ဝိပဿနာ သမ္မာဒိဋ္ဌိက ရုပ်နာမ်တွေပေါ်မှာ မမြဲပုံ ဆင်းရဲပုံ သူ့သဘောအတိုင်း သူဖြစ်ပုံတွေကို သိမြင်ပြီး ဒွါရ ၆ ပါးမှာ ဖြစ်ပျက်တဲ့ရုပ်နာမ်ခန္ဓာတွေအပေါ် အစွဲတွေ တစ်ဆင့်ပြီး တစ်ဆင့် ကင်းရှင်းအောင် ရှင်းရတာ။ အဲဒီလို ရှင်းပြီးလို့ ပြည့်စုံပြီးတဲ့ နောက်မှာမှ မဂ္ဂသမ္မာဒိဋ္ဌိက ဆိုင်ရာ အနုသယကိလေသာတွေကို တစ်ခါတည်း အပြတ်ရှင်းပြီးတော့ ဖြစ်ပေါ်လာတာ။

ဘယ်ကိလေသာကို ပယ်တုံးဆိုတာကိုတော့ နည်းနည်းဗဟုသုတအဖြစ် ပြောရဦးမယ်။ အတိတ်ကိလေသာတွေက ဖြစ်ပြီးသားမို့လို့ ပယ်လို့မဖြစ်တော့ပါဘူး။ အနာဂတ်ကိလေသာတွေကိုလည်း လှမ်းပြီးတော့ ပယ်လို့မဖြစ်ပါဘူး။ လောလောဆယ်ဖြစ်နေတဲ့ ပစ္စုပ္ပန် ကိလေသာတွေကလည်းပဲ ဥပါဒ်၊ ဌီ၊ ဘင် ဆိုတော့ သူတို့က ဖြစ်နေပြီပဲ။ ဖြစ်တဲ့ဟာကိုလည်းပဲ ပယ်လို့မရဘူး။ ဒီတော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃ ပါးမှာ ဘယ် ကိလေသာ ပယ်သလဲဆိုတာ အဲဒါ စဉ်းစားစရာအချက် ဝင်လာတယ်။ အနုသယကိလေသာကိုပယ်တယ်လို့ ဆိုရပါတယ်။ အဲဒီ အနုသယကိလေသာကလည်း

http://www.dhammadownload.com

၂ မျိုးရှိတယ်။ အာရမ္မဏာနုသယကိလေသာတစ်မျိုးနဲ့ သန္တာနာနုသယ ကိလေသာ တစ်မျိုး ၂ မျိုးပါပဲ။ အဲဒီအနုသယကိလေသာ ၂ မျိုးထဲက အာရမ္မဏာ နုသယ ကိလေသာကို ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ပယ်ပါတယ်။ ဝိပဿနာ ဉာဏ်နဲ့ပယ်ပါတယ်။ ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ်အာရုံတွေ သူတို့ ဖြစ်ခိုက် လိုက်ပြီးတော့ ရှုလို့ ဝိပဿနာဉာဏ်နဲ့မသိရင် ကိလေသာမျိုးဓာတ် ကိလေသာ အငုပ်ဓာတ် ဝပ်သွားတယ်။ ကိန်းသွားတယ်လို့ ဒီလိုအဆိုရှိပါတယ်။ အကြောင်းညီညွတ်ရင် ဖြစ်နိုင်တဲ့ ကိလေသာဟာ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်သွားတော့ အကြောင်းမညီညွတ်တော့ဘူး။ အဲဒီ အာရမ္မဏာနုသယကိလေသာတွေ ငြိမ်းငြိမ်းသွားပြီး လိုက်လာတယ်။ ဝိပဿနာဉာဏ်အဆင့်ဆင့်နဲ့ပဲ။

အနုသယနှင့် ငှက်ဖျား

သန္တာနာနုသယကိလေသာကိုတော့ မဂ္ဂသမ္မာဒိဋ္ဌိနဲ့ ပယ်ပါတယ်။ အရိယာမဂ်နဲ့ ပယ်ပါတယ်။ သန္တာနာနုသယ ကိလေသာဆိုတာက တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အရိယာမဂ် မဖြစ်သေးရင် အကြောင်းညီညွတ်တိုင်း ဖြစ်ခွင့်ရှိတဲ့ ကိလေသာကို သန္တာနာနုသယ ကိလေသာလို့ ခေါ်ပါတယ်။ အဲဒီကိလေသာကို အရိယာမဂ်နဲ့ ပယ်ပါတယ်။

ဝိပဿနာမဂ္ဂင်နဲ့ ကိလေသာ ပယ်ပုံ အရိယာမဂ္ဂင်နဲ့ ကိလေသာ ပယ်ပုံကို ကျမ်းဂန်များမှာ ဥပမာ ပြထားတာကတော့ ဒီ (FEVER MALARIA) အဖျားရောဂါ ရှိတဲ့ ပုဂ္ဂိုလ် နှစ်ရက်ကြာတစ်ကြိမ်ကျ အဖျားတက်တဲ့ ပုဂ္ဂိုလ်ရှိပါတယ်။ ပထမတော့ အပြင်းဖျားတာပဲ။ နေ့စဉ်ရက်ဆက်ပဲ ဒီမှာ အေးလိုက်ပူလိုက်ပဲ ဖြစ်နေတာပဲ။ ပြီးတော့ အပူအအေးတွေ မျှသွားအောင် အထူးအားဖြင့် အပူတွေကျသွားအောင်ဆိုပြီးတော့ ရှေ့ပိုင်းမှာ ဆေးတွေ ဖိတိုက်ရတယ်။ အဖျားအရှိန်လျော့ရုံ သက်သက်ဆေးပေါ့လေ။ ဆေးဖိတိုက်လို့ အဖျားက တက်ဖျား၊ ကျဖျား မှန်သွားရင် အဲဒီနောက်ပိုင်းကျမှ အဖျားဖြတ်ဆေးဆိုတာ တိုက်ရတယ်။ အဲဒီ အဖျားဖြတ်ဆေး သောက်လိုက်တဲ့ အခါမှာ အဖျားတက်ချိန်ကျ အဖျားမတက်တော့ဘူးဆိုရင် အဲဒီအဖျားပိုးဟာ သေသွားပြီ မရှိတော့ဘူး။ အဖျားပြတ်သွားပြီ။ ဒီတော့ရှေ့ပိုင်းမှာ အဖျားအပူရှိနိုင်တွေ ကျအောင်လို့

http://www.dhammadownload.com

ဆေးမှန်မှန်သောက်နေတာနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ အာရမ္မဏာနုသယကိလေသာတွေကို သတ်ပုံတူတယ်။ နောက်ပိုင်း အဖျားဖြတ်ဆေး သောက်လိုက်လို့ ရက်ခြားဖျားတဲ့ အဖျားဟာ အဖျားတက်မဲ့နေ့ ပေါ်မလာတော့ဘူးဆိုလို့ရှိရင် အဲဒါ အဖျားမျိုး ပြတ်သွားပြီ။ အဖျားမျိုး မရှိတော့ဘူး။ အဖျားမျိုး ဖြတ်တာက ဘာနဲ့ တူသလဲဆိုလို့ရှိရင် သန္တာနာနုသယကိလေသာကို မျိုးပြတ်အောင် ဖြတ်လိုက်တာနဲ့ တူတယ်။

အရာရှိလက်မှတ်နဲ့ အရိယမဂ်

ယခုခေတ် ဥပမာပေးရမယ်ဆိုလို့ရှိရင်တော့ အစိုးရဌာန အသီးသီးတွေမှာ ရှိပါတယ်။ သူတို့ဆိုင်ရာ ဌာနမှာ အထက်ကခေါ်းလိုက်တဲ့ လုပ်ငန်းကိစ္စတွေ ရောက်လာသမျှ သူတို့လုပ်ရတာပဲ။ အဲဒီဌာနမှာ တာဝန်ခံ အရာရှိဆိုတာ ရှိပါတယ်။ ရောက်လာတဲ့ကိစ္စအဝဝတွေ အဲဒီတာဝန်ခံအရာရှိရဲ့အောက်လက်သားတွေက သူနေရာနဲ့ သူ ကြည့်ပြီးတော့ အလုပ်လုပ်သွားတာပဲ။ အလုပ် ကိစ္စပြီးပြတ်အောင်တော့ လုပ်တယ်။ သူဌာနနဲ့ သူဌာနနဲ့ သူအတွက်နဲ့ သူအတွက်နဲ့ သူကဏ္ဍနဲ့ သူကဏ္ဍနဲ့ အဲဒီလိုလုပ်လို့ပြီးတယ်ဆိုတာက တရားဝင်အနေနဲ့ ပြီးတာမဟုတ်ဘူး။ လုပ်လို့တော့ပြီးတယ်။ ဆိုင်ရာ တာဝန်ခံအရာ ရှိ လက်မှတ်မထိုးရသေးဘူး ဆိုလို့ရှိရင်တော့ တရားမဝင်ဘူး။ ဆိုင်ရာတာဝန်ခံအရာရှိ လက်မှတ်ထိုးလိုက်တဲ့အခါကျမှ ဒီကိစ္စဟာ တရားဝင်ပြီးသွားတယ်။ ဒီတော့ ဆိုင်ရာတာဝန်ခံအရာရှိ အဆင့်သင့်လက်မှတ်ထိုးရအောင် တရားဝင်အနေနဲ့ လက်မှတ်ထိုးနိုင်အောင် အောက်လက်သားတွေက လုပ်ထားပြီးလည်း ဖြစ်ရမယ်။ ဒါမှလည်းပဲ လက်မှတ်ထိုးလို့ ဖြစ်တယ်။ လက်မှတ်ထိုးလိုက်တဲ့အချိန်လေးက ဘာမှမကြာဘူး။ ဖျတ်ခနဲဆို ပြီးသွားတာပဲ။ ဒီလိုပဲ ဒီပုဗ္ဗဘာဂမဂ္ဂင် ရှေ့ပြေးမဂ္ဂင် အခိုက်အတန့်မှာတော့ လုပ်လုပ်နေတာပဲ။ သစ္စာ ၄ ပါးလည်းပဲ သိနေတာပဲ။ ဒုက္ခသစ္စာပိုင်းခြား သိခြင်းအားဖြင့်ကျန် သစ္စာ ၄ မျိုးလည်းပဲ ကိစ္စအလိုလို ပြီးစီးနေတာပဲ။ ဘယ်လောက်ပဲ ပြီးစီးပြီးစီး အရိယာမဂ် မဖြစ်သေးဘူးဆိုလို့ရှိရင်တော့ ပြန်ပြီး ဒီဉာဏ်တွေ လျော့ပါးပြီးတော့၊ အားနည်းပြီးတော့၊ ပျောက်ပျက်ပြီးတော့လည်း သွားနိုင်သေး

http://www.dhammadownload.com

တယ်။ တရားထူးမှ မဟုတ်သေးဘဲကိုး။ ဝိပဿနာဉာဏ် ရင့်ကျက် ပြည့်စုံပြီးတော့ အရိယာမဂ် ဖြစ်လိုက်တဲ့အခါကျမှ အားလုံးကိစ္စတွေ တရားဝင် အနေနဲ့ ပြီးစီးသွားတာ။ ဒီဝိပဿနာဉာဏ် ပြည့်စုံလို့ရှိရင် အရိယာမဂ် ဖြစ်တယ်ဆိုတာဟာ ခုနလောကီ ဥပမာလေးနဲ့ ယှဉ်ပြီးတော့ ကြည့်ဖို့ပါပဲ။

ကာရကနဲ့ ကာရာပက

ဒီတော့ ပုဗ္ဗဘာဂ မဂ္ဂင်ခေါ်တဲ့ ဝိပဿနာ မဂ္ဂင်ကို ကာရက မဂ္ဂင်လို့ ဆိုရမှာပေါ့။ လုပ်သားမဂ္ဂင် လို့ ဆိုရမှာပေါ့လေ။ အရိယာမဂ္ဂင်ကတော့ ကာရာပက= လုပ်စေတဲ့ ခိုင်းစေတဲ့ မဂ္ဂင်လို့ ဆိုရမှာပေါ့။ ခုဒီမှာ ယောဂီတွေဟာ ကာရကမဂ္ဂင်နဲ့ ပင်ပန်းခံပြီးတော့ တစ်လုပ်တည်းလုပ်နေရတာပဲ။ ရေသာခိုလို့ မရဘူး။

တာဝန်ခံ အရာရှိလက်မှတ်ထိုးဖို့ဆိုတာ အောက်လက်သားတွေ လုပ်မထားတဲ့ စက္ကူချည်းသက်သက် (EMPTY) စက္ကူကို လက်မှတ်ထိုးလို့ မဖြစ်ဘူး။ အောက်လက်သားတွေ အသီးသီးလုပ်ထားတဲ့ဟာကို တာဝန်ခံ အရာရှိလက်မှတ်မထိုးလို့ရှိရင် တရားဝင်အနေနဲ့ မပြီးစီးသေးဘူးဆိုတာ နှိုင်းယှဉ်ကြည့်ပြီးတော့ အခုမဂ္ဂသမ္မာဒိဋ္ဌိအရိယာမဂ္ဂင်ပြည့်စုံဖို့ရာ ရှေ့ပိုင်းမှာ ဝိပဿနာ မဂ္ဂင် မိမိသန္တာန်မှာ ပြည့်စုံနှင့်ရမယ်ဆိုတာ သိပ်ရှင်းပါတယ်။ အဲဒါကို ဝိပဿနာ ရှေ့သွားတဲ့ ကားမောင်းသူလို့ ဒီကျမ်းဂန်များမှာ ပြပါတယ်။ ဘုန်းကြီးက အပိုလောကီဥပမာလေးနဲ့ ရှင်းအောင်ဆိုပြီးတော့ ပြောရတာပါ။

ဒီနေ့ ဒါပဲ တော်ကြဦးစို့၊ အချိန်ပြည့်သွားပါပြီ။

××××

ကိုယ်ပိုင် ဥစ္စာ

ဝိပဿနာသမ္မာဒိဋ္ဌိ ရှေ့သွားရှိတဲ့ မဂ္ဂသမ္မာဒိဋ္ဌိကို ရထားမောင်းသမားနဲ့ နှိုင်းယှဉ်ပြီးတော့ ဖြေရှင်းပြပြီးပါပြီ။ ပြီးတော့ သိသင့်တဲ့ အချက်ကလေးများလည်း သိရအောင်ဆိုပြီးတော့ အခြားဥပမာလေးတွေနဲ့လည်း နှိုင်းယှဉ်ပြီးတော့ ပြောခဲ့ပါတယ်။ ဒီနေ့ ဒီသုတ္တန်ကို အဆုံးသတ်အနေနဲ့ ဟောဖို့ရန် ရည်

http://www.dhammadownload.com

ရွယ်ချက် ရှိပါတယ်။ ဆက်လက်ပြီးတော့မဖြေရှင်းခင် မနေ့ကပြောခဲ့တဲ့ သမ္မာဒိဋ္ဌိ ၆ မျိုးရဲ့ အချင်းချင်း ခြားနားချက်နဲ့ ဆိုင်ရာ ဆိုင်ရာ အကျိုးသွားလေးတွေကို နည်းနည်းဖြေရှင်းပြီးတော့ ပြပါဦးမယ်။ အဲဒီ သမ္မာဒိဋ္ဌိ ၆ မျိုးထဲက ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ သတ္တဝါတွေမှာ ကုသိုလ်ကံ အကုသိုလ် ကံသာ ကိုယ်ပိုင်ဥစ္စာ ရှိတယ်လို့ သိမြင်တဲ့ဉာဏ်၊ အဲဒီပြုထားတဲ့ကံတွေဟာ ဘဝတစ်လျှောက် သံသရာတစ်လျှောက်မှာ ကိုယ်ပိုင်ဥစ္စာအနေနဲ့ ပါသွားတာပါပဲ။ အဲဒီလိုပါသွားတဲ့ အခြေအနေတွေကို သိမြင်တဲ့ဉာဏ်ဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပဲဆိုတာ မနေ့က ရှင်းခဲ့ပါတယ်။

လမ်းဆုံ

မကောင်းကံဟာ မကောင်းကျိုးပေးတတ်တယ်လို့ အသိရှိထားတော့ မကောင်းတဲ့ ကိုယ်၊ နှုတ်၊ စိတ်ထား အပြုအမူတွေ ရှောင်ရှားရင် မကောင်းတဲ့ ဘဝ မရောက်ဘူးပေါ့။ ကောင်းတဲ့ ကုသိုလ်ကံတွေပြုရင် ကောင်းတဲ့ ဘဝတွေ ရောက်တတ်တယ်။ ဘဝက လွတ်မြောက်စေနိုင်တဲ့ကုသိုလ်ကံတွေ အားထုတ်လို့ရှိရင် ဘဝက လွတ်မြောက်နိုင်တဲ့အထိ အကျိုးပြုနိုင်တယ်ဆိုတဲ့ ဒီအသိလေး ရှိထားတော့ ကုသိုလ်ကံတွေ အခြေခံကစပြီးတော့ အဆင့်ဆင့်၊ အဆင့်ဆင့် ပြုလုပ်တော့တာပဲ။ ပြုလုပ်တော့ အကျိုးကျေးဇူးတွေရှိလာတယ်။ ဒီကမ္မဿကတာ သမ္မာဒိဋ္ဌိဟာ လောကီဥပမာနဲ့ ပြောရလို့ရှိရင်တော့ 'JUNCTION" ကြီးပဲ။ အဆုံကြီးပဲ။ ဒီအဆုံကနေပြီးတော့ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ပြီးတော့ ထောင့်အရပ်တွေကို ခွဲထွက်လို့ရတယ်။ ရထား JUNCTION ကြီးများလို ပြီးတော့ လေကြောင်းခရီးနဲ့ သွားမယ်ဆိုရင် လေဆိပ်ကြီးများလို လမ်းခွဲတွေ ဒီက ခွဲလို့ ရပါတယ်။

ကံလမ်း - စျာန်လမ်း

ခွဲပုံကတော့ ဒါန၊ သီလ၊ ကုသိုလ်မှု ပြုသူရဲ့လမ်းကို ကံလမ်းလို့ ခေါ်ပါတယ်။ အဲဒီကံလမ်းလိုက်လို့ရှိရင် လူဘဝ၊ နတ်ဘဝ၊ အဲဒီဘဝ တွေ ရောက်နိုင်ပါတယ်။ ဒါန၊ သီလ၊ ပါရမီ မြောက်အောင် ကြိုးစားလို့ရှိရင် ပါရမီတွေ ပြည့်စုံပြီးတော့ နောက်ဆုံးနိဗ္ဗာန်အထိလည်း အထောက်အကူပြုနိုင်ပါတယ်။

http://www.dhammadownload.com

ပြီးတော့ သမာဓိ၊ သိက္ခာတွေ ကျင့်လို့ရှိရင် စျာန်တွေရလာတယ်။ အဲဒီ စျာန်ရလာတဲ့အခါမှာ အဲဒီစျာန်နဲ့ ယှဉ်တွဲပြီးတော့ ဖြစ်တဲ့ အမြင်မှန်တဲ့ စျာန သမ္မာဒိဋ္ဌိဆိုတာ ဖြစ်တယ်။ အဲဒီစျာန သမ္မာဒိဋ္ဌိကတော့ စျာန်ရနေတဲ့ ဘဝမှာ စိတ်တွေ သန့်ရှင်းကြည်လင်မှု အကျိုးတွေ ရတယ်။ နောက် စျာန်နဲ့ ကွယ်လွန် သွားတဲ့အခါမှာ ဆိုင်ရာ ငြဟ္မာ့ပြည်မှာ ကမ္ဘာနဲ့ ချီပြီးတော့ သက်တမ်းရှည် ရှည်နေရတာ။ အဲဒီဘဝသမ္မတ္တိအကျိုးတွေ ရပါတယ်။

ဉာဏ်လမ်း

ပြီးတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိကနေပြီးတော့ ဉာဏ်လမ်းကြောင်း လိုက်တဲ့ ပုဂ္ဂိုလ် ဉာဏ်လမ်းစဉ်လိုက်တဲ့ ပုဂ္ဂိုလ်ဟာ အသိဉာဏ် ဖြစ်အောင် အားထုတ်လို့ရှိရင် ဘဝလွတ်မြောက်ရေး ရတယ်။ အခု ဝိပဿနာ သမ္မာဒိဋ္ဌိ ကို ဉာဏ်လမ်းစဉ်၊ ဉာဏ်လမ်းကြောင်း ခေါ်ပါတယ်။ အခြေခံ ရုပ်နာမ် ပိုင်း ခြားသိမှုကအစ အဆင့်ဆင့် အဆင့်ဆင့် ဉာဏ်လေးတွေ ဖြစ်လာပြီးတော့ နောက်ဆုံးရင့်ကျက်ပြည့်စုံပြီး အငြိမ်းဓာတ် နိဗ္ဗာန်ကို အရိယာမဂ်ဉာဏ်၊ ဖိုလ် ဉာဏ်နဲ့ မျက်မှောက်ပြုသိသွားတယ်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ရင့်ကျက်ပြည့်စုံ တော့ မဂ္ဂသမ္မာဒိဋ္ဌိ အလိုလို ပြည့်လာတာပဲ။ အဲဒါကတော့ သောတာပတ္တိ မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်ရင် အပါယ်ဘေးက လွတ်တယ်။ လူဘဝ၊ နတ်ဘဝ၊ စုန်ချည် ဆန်ချည်နဲ့ ၇ ဘဝထက်တိုးပြီးတော့ မနေရတော့ ဟိုဘက်မှာ ဇာတ်သိမ်းဖို့ရှိ တော့တယ်။

ရေနဲ့.ဖြန်းလိုက်သလို

ဖလသမ္မာဒိဋ္ဌိကတော့ မဂ်သတ်လိုက်လို့ ငြိမ်းသွားတဲ့ ကိလေသာကို သူက တစ်ဖန် ဝင်အောင် ပြုလုပ်တဲ့ သဘောပါပဲ။ မဂ်ဖြစ်လို့ ရှိရင် ဖိုလ်ကလည်း ဖြစ်လာတာပါပဲ။ အကျိုးကတော့ မီးတောက်ကြီး ငြိမ်းသွားတဲ့အပေါ်မှာ ရေနဲ့ ဖြန်းလိုက်ပြီး ငြိမ်းသွားသလိုပါပဲ။ မဂ်က တဟုန်းဟုန်းတောက်လောင်နေတဲ့ အပါယ်နဲ့ စပ်တဲ့ ကိလေသာ ပယ်လိုက်တယ်။ ဖိုလ်ကတော့ မဂ်ပယ်ပြီးသား ကိလေသာအပူရှိန်တွေကို ရေနဲ့ ဖြန်းသတ်လိုက်သလို စွမ်းရည်သတ္တိ ရှိပါ တယ်။ အဲဒီဖိုလ်ထဲမှာပါတဲ့သမ္မာဒိဋ္ဌိကိုတော့ ဖလသမ္မာဒိဋ္ဌိ ခေါ်ပါတယ်။

http://www.dhammadownload.com

ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိကတော့ မဂ်ဖြစ်သွားတာ။ ဖိုလ် ဖြစ်သွားတာ၊ နိဗ္ဗာန်ဆိုက်ရောက်သွားတာ။ ပြီးတော့ ပယ်ပြီး ကိလေသာတွေ ဆင်ခြင်တာနဲ့ မပယ်သေးတဲ့ကိလေသာ ဆင်ခြင်တာပါပဲ။ သူ့ရဲ့အကျိုးကတော့ သိပ်ထူးထူးခြားခြားတော့ မရှိပါဘူး။

ကမ္ဘာ့အလင်းကြီး

ခုန သမ္မာဒိဋ္ဌိ ခြောက်မျိုးကို အချိန်အခါလိုက် ခွဲလိုက်လို့ရှိရင် ပုဂ္ဂိုလ် အလိုက် ခွဲလိုက်လို့ရှိရင်လည်းပဲ ရှင်းရှင်း နားလည်နိုင်ပါတယ်။ အဲဒီ သမ္မာဒိဋ္ဌိ ၆ မျိုးထဲက ကမ္မဿကတာ သမ္မာဒိဋ္ဌိဟာ ကမ္ဘာလောကကြီးက ဘယ်တော့မှ မပျောက်ကွယ်ပါဘူး။ ကုသိုလ်ကံ၊ အကုသိုလ်ကံ သူတို့ရဲ့အကျိုးကို လက်ခံနေတဲ့ ပုဂ္ဂိုလ်တွေမှာ အမြဲတမ်း ရှိနေပါတယ်။ တစ်ကမ္ဘာ ပျောက်ကွယ်သွားပေမဲ့လို့ အခြားတစ်ကမ္ဘာမှာ သွားပြီးတော့ ဒီသမ္မာဒိဋ္ဌိဟာ ဖြစ်ထွန်းနေပါတယ်။ မကွယ်ပါဘူး။ ဒီတော့ သူ့ကို ကမ္ဘာ့ အလင်းကြီးလို့ တင်စားပြီးတော့ ခေါ်ပါတယ်။

ဈာနသမ္မာဒိဋ္ဌိကတော့ ဈာန်အားထုတ်တဲ့နည်းတွေ သမာဓိ အားထုတ်တဲ့နည်းတွေ ကမ္ဘာမှာ မပျောက်ကွယ်သမျှတော့ အားထုတ်သူကလည်း ရှိနေမှာပါပဲ။

ပထမသာသနာ့အလင်း

ကျန်တဲ့သမ္မာဒိဋ္ဌိတွေကတော့ ဘုရားသာသနာ ထွန်းလင်းတဲ့အခါမျိုးမှသာ ရှိနိုင်ပါတယ်။ ဒီတော့ အခုအခါ ဆိုလို့ရှိရင် ဘုရားအဆုံးအမတွေဟာ ကမ္ဘာ့အနှံ့ ရှိနေပါတယ်။ အထူးအားဖြင့် ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံတွေမှာဆိုရင် ဘုရားအဆုံးအမတော်တွေ ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံမဟုတ်ပေမဲ့လို့ လူမျိုးစုတွေမှာ ကွက်ပြီးတော့ ဘုရားအဆုံးအမတော်တွေ ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမ္မာဒိဋ္ဌိ ၆ မျိုးထဲမှာ ဝိပဿနာ သမ္မာဒိဋ္ဌိက နေပြီးတော့ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ အထိ ဒီ ၄ မျိုးကို သာသနာ့အလင်းထဲမှာ ထည့်သွင်းရေတွက်ထားလို့ပါပဲ။ ဘယ်ကစတင်ပြီးတော့ သာသနာ့အလင်းဟာ လင်းလာသလဲဆိုတော့ အခု သတိပဋ္ဌာန်နည်းအရ အားထုတ်နေတဲ့

http://www.dhammadownload.com

ယောဂီမှာ ပေါ်ရာ ပေါ်ရာလေးတွေ ပေါ်ဆဲလိုက်ပြီး ရှုတော့ ရှုရာအာရုံပေါ်မှာ စိတ်ကလေး စိုက်ကျရင် ရုပ်နဲ့ နာမ်ကို ပထမဆုံး ပိုင်းခြားသိလာတယ်။ ရှုစရာလေးက တစ်ခု၊ ရှုတာလေးတစ်ခု ဆိုတဲ့ ဒီရုပ်နာမ်အပြင် ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတဲ့ အမြင်မှန်လေးတွေ ရလာတာ။ အဲဒီ အမြင်မှန်မရခင်ကဆိုရင် ပုဂ္ဂိုလ် သတ္တဝါဆို တဲ့ အစွဲဖြစ်တဲ့ဓမ္မသမ္မောဟ ပြင်းစွာတွေဝေတဲ့ အမိုက်ကြီး ရုပ်ဓမ္မ၊ နာမ်ဓမ္မ အပေါ်မှာ ဖုံးခဲ့ပါတယ်။ ရှုလိုက်တော့ ရုပ်နာမ်ရယ်လို့ ကွဲသိသွားရင် အဲဒီအမိုက်ကြီးကင်းပြီးတော့ ဓမ္မဝဝတ္ထာန ဉာဏ်ကြီး ဖြစ်ပေါ်လာပါတယ်။ အဲဒီက စတင်ပြီးတော့ သာသနာ့အလင်းဟာ အဲဒီအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ရုပ်ဓမ္မ၊ နာမ်ဓမ္မ ကွဲပြီးတော့ သိတဲ့ပုဂ္ဂိုလ်မှာ စပြီး လင်းတော့တာပါပဲ။

ဒုတိယ သာသနာ့အလင်း

ရုပ်နာမ်လောက်တော့ ကွဲသိတယ်။ ဒါပေမဲ့လို့ ရုပ်နာမ်တို့ရဲ့ ကြောင်းကျိုးဆက်ကိုတော့ ဆက်ပြီးတော့ မရှုသေးလို့ ရှိရင် မသိသေးဘူး။ အဲဒီမသိတဲ့ ဟာကိုတော့ ပစ္စယသမ္မောဟအမိုက်ကြီးလို့ ခေါ်ပါတယ်။ ဆက်ရှုလို့ အကြောင်းနဲ့ အကျိုး ရုပ်နာမ်အကြောင်းကြောင့် ရုပ်နာမ်အကျိုး ဖြစ်ပုံလေးတွေကို ရှုရင်း သိသွားလို့ရှိရင် ပစ္စယဝ ဝတ္ထာနအလင်းကြီး၊ ဒုတိယသာသနာ့အလင်းကြီး ပေါ်ထွက်လာတာ။ အဲဒီအလင်းကြီး ပေါ်ထွက်လာတာနဲ့ ပစ္စယသမ္မောဟ အမိုက်ကြီးလည်း ကွယ်သွားတာပဲ။ ကြောင်းကျိုးဆက်ဉာဏ်လောက်တော့ ရရှိထားပြီး ဆက်ပြီးအားမထုတ်ဘဲနဲ့ ဒီအတိုင်းနေမယ်ဆိုရင် ကြောင်းကျိုးဆက်တရားတို့ရဲ့မမြဲပုံ၊ ဆင်းရဲပုံ၊ သူ့သဘောအတိုင်း သူဖြစ်ပုံ ခေါ်တဲ့ လက္ခဏာ ၃ ပါးမသိသေးဘူး။ အဲဒါ လက္ခဏာ သမ္မောဟ အမိုက်ကြီး ရှိနေတုန်းပဲ။ ကွယ်တုန်းပဲ ရှိသေးတယ်။

တတိယ သာသနာ့အလင်း

ဆက်ပြီးတော့ အားထုတ်လို့ဖြစ်ပေါ်ပြီးတော့ ကွယ်ပျောက်သွားပုံ၊ မမြဲပုံ၊ သိရင် ဒါ လက္ခဏာ ပဋိဝေဓဉာဏ်ပေါ်လာပြီ ဆင်းရဲပုံ၊ အားကိုးစရာ မဟုတ်ပုံ၊ ကြောက်စရာကောင်းပုံ သိလို့ရှိရင် ဒုက္ခလက္ခဏာ ပွင့်ပွင့်လင်းလင်း သိတဲ့

http://www.dhammadownload.com

လက္ခဏာ ပဋိဝေဓဉာဏ်အလင်းကြီး ဖြစ်ပေါ်လာတာပဲ။ သူသဘော အတိုင်း သူဖြစ်ပုံလေးတွေကို သိရင် အနတ္တလက္ခဏာကို သိတာပဲ။ အဲဒီ အနတ္တ လက္ခဏာ ပဋိဝေဓဉာဏ်အလင်းကြီးဖြစ်ပေါ်လာလို့ရှိရင် လက္ခဏာ သမ္မောဟ အမိုက်ကြီးကွယ်သွားတာပဲ။ အဲဒီဉာဏ်ကိုတော့ သာသနာမှာ တတိယအလင်း လို့ ခေါ်ရမှာပါပဲ။

စတုတ္ထ သာသနာ့အလင်း

ဒီ လက္ခဏာ ပဋိဝေဓဉာဏ်ခေါ်တဲ့ ဝိပဿနာဉာဏ်ဟာ သခ်ါရုပေက္ခာ ဉာဏ်အထိ ပြည့်စုံနေပေမယ်လို့ အငြိမ်းဓာတ် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် နဲ့ မတွေ့သေးလို့ရှိရင်တော့ မဂ္ဂသမ္မောဟအမိုက် ကြီး ကွယ်နေတယ်။ နိဗ္ဗာန သမ္မောဟအမိုက်ကြီး ခေါ်တာပါပဲ။ သူက ကွယ်ထားတာပါပဲ။ သခ်ါရုပေက္ခာ ဉာဏ်ကနေပြီးတော့ တက်ပြီး အနုလောမဉာဏ် ဖြစ်ပျက်မစပ် အငြိမ်းဓာတ် ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြု သိသွားပြီဆိုရင် နိဗ္ဗာန ပဋိဝေဓ ဉာဏ် အလင်းကြီး တစ်ခါတည်း ဆိုက်လာတော့တာပဲ။ အဲဒါ သာသနာမှာ တကယ့်အရေးပါတဲ့ အငြိမ်းဓာတ် နိဗ္ဗာန်တွေ့သွားပြီဆိုတော့ သေချာသွားပြီ ပေါ့။ အဲဒါ စတုတ္ထ သာသနာ့အလင်းကြီးပါပဲ။

အလင်းတွေ့ ကွယ်နေသူ

ပစ္စဝေက္ခဏသမ္မာဒိဋ္ဌိကတော့ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလ သမ္မာဒိဋ္ဌိ၊ ဆက်စပ် ပြီးတော့ ဖြစ်တာမို့လို့ သူလည်းပဲ သာသနာ့အလင်းထဲမှာ ထည့်ရမှာပဲ။ အခု ပြောလိုက်တဲ့ဟာတွေ ကောက်ချက်ချလိုက်လို့ ရှိရင် ကမ္မဿကတာသမ္မာဒိဋ္ဌိ လောက်သာရှိပြီးတော့ ဒါန၊ သီလလေးလောက်နဲ့ ပြီးတာတွေဟာ ကမ္မာ့ အလင်းလောက်ပဲ ရသေးတယ်။ သာသနာ့အလင်း မရသေးဘူး။ ပြီးတော့ သမာဓိတရားလေးလောက်ပဲ အားထုတ်ပြီးတော့ စျာန်တို့၊ အဘိဉာဏ်တို့ ဒီလောက်ရတဲ့ပုဂ္ဂိုလ်ဟာလည်းပဲ ဝိပဿနာသမ္မာဒိဋ္ဌိ မရှိ အယုတ်ဆုံးအား ဖြင့် ရုပ်နာမ်ပိုင်းခြား မသိဘူးဆိုရင် သူမှာလည်းပဲ သာသနာ့အလင်း မရသေး ဘူး။ တချို့ဆိုလို့ ရှိရင် ကုသိုလ်ကံ၊ အကုသိုလ်ကံ နားမလည်ဘူး။ ကုသိုလ်ပြု

http://www.dhammadownload.com

လည်း အကျိုးမရဘူး။ အကုသိုလ်ပြုလည်း အပြစ်မဖြစ်ဘူးလို့ ဒီလိုယူဆထား တဲ့ပုဂ္ဂိုလ်တွေဆိုရင် အခြေခံကစပြီး ကမ္ဘာအလင်းကြီးကွယ်သွားပြီ။ သာသနာ့ အလင်းကြီးလင်းဖို့ဆိုတာ ဝေးလို့ ကမ္ဘာ့အလင်းတောင် ကွယ်သွားပြီ။ ပြီးတော့ ဗျာနသမ္မာဒိဋ္ဌိဟာလည်းပဲ အဲဒီပုဂ္ဂိုလ်ဖြစ်ဖို့ရာ အခွင့်မရှိတော့ဘူး။ ဘာ ကြောင့်လဲဆိုတော့ ဗျာနသမ္မာဒိဋ္ဌိဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိက ခွဲရမှာ ကိုး။ အခြေခံ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကမ္ဘာ့အလင်းတောင် မရှိဘူးဆိုတော့ ဘယ်ကလာပြီးတော့ ဗျာနသမ္မာဒိဋ္ဌိ ဖြစ်နိုင်ပါတော့မလဲ။ သူမှာတော့ လုံးဝ အလင်းဓာတ်တွေ ကွယ်သွားပြီ။

လင်းသည်ထက်လင်း

ဒီတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိက အစ ကွယ်သွားပြီဆိုလို့ ရှိရင် အဲဒီ ကွယ်တဲ့ပုဂ္ဂိုလ်မှာ ဘာနဲ့တူသလဲဆိုတော့ အမိဝမ်းထဲကိုက မျက်စိမပါဘဲ မွေး လာတဲ့သူလိုပဲ။ မျက်စိမပါတဲ့ ပုဂ္ဂိုလ်ဟာ မြင်စရာ မျက်စိလည်း ရှိမှမရှိတဲ့ကိုး။ သူ့ကွယ်လာတော့ ဘာမှ မမြင်တော့ဘူး။ ဘာမှ မမြင်တော့ လမ်းမှန်လား။ လမ်းမှားလား။ လမ်းသွားတဲ့အခါမှာ ဒီနားက ကျင်းတွေ ချိုင့်တွေ ရှိသလား။ ဆူးတွေ ရှိသလား။ ဘေးရန်ရှိသလားဆိုတာ မသိဘူး။ တွဲမယ့်ပုဂ္ဂိုလ် မပါဘဲနဲ့ လမ်းသွားလို့ရှိရင်တော့ လမ်းမှားလိုက်ဖို့က များပါတယ်။ လမ်းမှား လိုက်လို့ ရှိရင် သူ့အတွက်တော့ နစ်နာဖို့ကတော့ သေချာနေတာပဲ။ သူ့အဖို့က တော့ အများကြီးပဲ နစ်နာသွားမှာ။ အင်မတန် ကြောက်စရာကောင်းပါတယ်။ အဲဒီ သဘောတရားတွေကို ကျကျနနသိနားလည်ပြီးတော့ အခုလို အစစ အရာရာ အဆင်ပြေနေတုန်းအခါလေးမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိကမ္ဘာ့အလင်း အမှီ ပြုပြီးတော့ သာသနာ့လင်းဓာတ်ကြီး အစအလင်းကနေပြီးတော့ နောက်ဆုံး အလင်းအထိ အလင်းဓာတ်ရဖို့ရာ လိုအပ်ပါတယ်။ အဲဒီအလင်းဓာတ် ပြည့်ဝ စွာ ရထားလို့ရှိရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ ဘဝတစ်လျှောက် သံသရာတစ်လျှောက် လုံး ဘယ်တော့မှ ဉာဏ်အလင်းဓာတ်ကြီး မပျောက်ကွယ်တော့ သာသနာ့ လင်းဓာတ်ကြီးလည်း မပျောက်ကွယ်တော့ဘူး။ တဖြည်းဖြည်း လင်းလင်း လင်းလင်းပြီးတော့ သွားဖို့သာ ရှိတာပဲ။ နောက်ဆုံးအရဟတ္တမဂ်နဲ့ ကိလေ

http://www.dhammadownload.com

သာတွေ မှန်သမျှ အကုန်ရှင်းပြီးတဲ့အခါမှာ လင်းသည်ထက်လင်း ရှင်းပြီးတော့ ဘဝဇာတ်တွေလည်းပဲ ငြိမ်းဖို့ပဲ ရှိပါတော့တယ်။

အဲဒီနည်းအားဖြင့် မြတ်စွာဘုရားက ဒေသနာကို အဆုံးသတ်ပြီးတော့ နောက်ဆုံးမှာ သစ္စာ လေးပါး ပြတော်မူပါတယ်။ သစ္စာလေးပါး ပြတော်မူတဲ့အတိုင်း နတ်သားဟာ ကိုယ်ထဲ စိုက်ပြီးတော့ ရှူလို့ မြတ်စွာဘုရားရဲ့ မျက်မှောက်ပဲ သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကြီး ရသွားပါတယ်တဲ့။ ဒီလိုဆိုပါတယ်။ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ် ဉာဏ်ကြီး ရသွားလို့ ရနိုင်တဲ့ အကျိုးတွေတော့ နောက်နေ့မှပဲ ဆက်ပြီးတော့ ပြောရမှာပဲ။

သာဓု. . . သာဓု. . . သာဓု. . . ။

(၃) နဲ့ (၅)

မနေ့က သမဏနတ်သား မြတ်စွာဘုရား ဟောညွှန်ကြားတဲ့အတိုင်း အားထုတ်လို့ သောတာပတ္တိမဂ်ဉာဏ် အထူးကြီး ရရှိပြီးတော့ သောတာပန်ဖြစ်သွားပါတယ်။ သူဟာ ပုဗ္ဗဘာဂမဂ်ခေါ်တဲ့ ဝိပဿနာမဂ် ဝိပဿနာသမ္မာဒိဋ္ဌိ ရှေ့သွားနေတဲ့ မဂ်ရထားကြီး မဂ်ယာဉ်ကြီး ပိုင်သွားပါတယ်။ မြတ်စွာဘုရားက အရဟတ္တဖိုလ်ရောက်တဲ့အထိ ရဟန္တာဖြစ်တဲ့အထိဟောပါတယ်။ ဒါပေမဲ့လို့ သူမှာက အဲဒီအရဟတ္တဖိုလ် ရောက်နိုင်လောက်တဲ့ ဥပနိဿယအားကြိုးတဲ့ အကြောင်းက မပြည့်စုံတော့ သောတာပန်လောက် နဲ့ပဲ ပြီးရရှာပါတယ်။ သောတာပန် ဖြစ်သွားတော့ ပယ်သင့်တဲ့ ကိလေသာတွေ သံယောဇဉ်တရားတွေ ပယ်လိုက်ပါတယ်။ လုံးဝပယ်လိုက်တဲ့ သံယောဇဉ် တရားတွေကတော့ ဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသရယ် ဒီသုံးပါး ပါဋ္ဌိတော်အလိုကတော့ ဒီသုံးပါးပါပဲ။ အဋ္ဌကထာအလိုအရဆိုလျှင် ဣဿာ မစ္ဆရိယ ဒီနှစ်မျိုးပါ ထည့်လိုက်လို့ ရှိရင်တော့ ငါးမျိုး၊ သံယောဇဉ်ငါးပါး ကင်းသွားပါတယ်။

ဒီဋ္ဌိကင်းတယ်

နတ်သားဟာ လူဘဝ နတ်ဘဝထဲကကို အားထုတ်လာတော့ ရုပ်နာမ်လည်းပဲ ကွဲခဲ့ပုံပေါ်ပါတယ်။ တကယ်လို့ မကွဲတောင်မှ မြတ်စွာဘုရားဟော

http://www.dhammadownload.com

တဲ့အခါ ကိုယ်ထဲစိုက်ပြီးတော့ ရူလို့ရှိရင် တကယ်အရှိ ရုပ်နာမ်တွေကို အမှန်အတိုင်းသိသွားတယ်။ အမှန်အတိုင်းသိတယ်ဆိုကတည်းကိုက သက္ကာယဒိဋ္ဌိက တဒင်္ဂပဟာန်အနေဖြင့် ကင်းသွားပြီ။ အချိန်ပိုင်း ကင်းသွားပါတယ်။ ဒါပေမဲ့လို့ သောတာပတ္တိမဂ် မဖြစ်သေးလို့ရှိရင် အချိန်ပြည့် အပြတ်မကင်းသေးပါဘူး။ ရုပ်နာမ်ကို ပိုင်းခြားပြီး သိခဲ့တဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သက္ကာယဒိဋ္ဌိကိုပယ်တယ်။ အချိန်ပိုင်းကင်းခဲ့ရာကနေပြီးတော့ သောတာပတ္တိမဂ် ဖြစ်တာနဲ့ တစ်ခါတည်း အပြတ်ကင်းသွားတယ်။ အနုသယကိလေသာပါ ကင်းသွားတယ်။ အဲဒါကင်းသွားတဲ့အတွက် သောတာပန်ဟာ ရုပ်နာမ် တွေအပေါ်မှာ ရုပ်နာမ်တွေအနေနဲ့ပဲ မြင်တာပဲ။ ပုဂ္ဂိုလ်သတ္တဝါ အနေနဲ့ မမြင်တော့ဘူး။ အဲဒါ ဒိဋ္ဌိကင်းတယ်လို့ ခေါ်ပါတယ်။

ယုံမှားကင်းတယ်

အဲဒီလွဲမှားတဲ့ အမြင်ဒိဋ္ဌိကင်းတယ်ဆိုရင် ဝိစိကိစ္ဆာဆိုတာက သူ့ရဲ့နောက်လိုက် နောက်ပါသဘောမျိုးပဲ။ အမြင်မှန်မရသေးရင်တော့ သို့လော သို့လောနဲ့ အတည်ပြုမဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာက ဖြစ်မြဲပဲ။ မျက်စိလည်နေတဲ့ပုဂ္ဂိုလ်ဟာ လည်နေတုန်းတော့ အရှေ့၊ အနောက်၊ တောင်၊ မြောက် မကွဲဘူးပေါ့။ မျက်စိလည်ပြေသွားတဲ့အခါ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကွဲသွားပြီပဲ။ အမြင်မှန်ရတယ်ဆိုကတည်းကိုက ယုံမှားသံသယတွေလည်း ကင်းသွားပြီ။ အဲဒီ ယုံမှားသံသယကင်းတော့ တရားရှုမှတ်ခါစ တရား ရှုမှတ်ဆဲမှာ အကြောင်းအကျိုးသာ ရှိခဲ့တယ်။ နောင်လည်းပဲ ဒီလိုအကြောင်းအကျိုးရှိဦးမှာပဲလို့ နားလည်သွားတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်တွေ ဖြစ်ခဲ့တယ်။ အဲဒီမှာတည်းကိုက ယုံမှားသံသယကတော့ ကင်းခဲ့ပါတယ်။ ဒါပေမယ်လို့ အပြတ်ကင်းတာကတော့ မဟုတ်ပါဘူး။ အချိန်ပြည့် ကင်းတာတော့ မဟုတ်ပါဘူး။ အချိန်ပိုင်း ကင်းတာပါ၊ ဉာဏ်လေးဖြစ်တဲ့ အခိုက်အတန့်လေးပဲ၊ သောတာပတ္တိမဂ် ဖြစ်တဲ့အခါကျမှ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ကင်းခဲ့တဲ့ ဝိစိ ကိစ္ဆာဟာ နောက်ထပ် ထပ်ပြီးတော့ မပေါ်တော့ဘူး။ တစ်ခါတည်း အပြတ်ကင်းပြစ်လိုက်တယ်။ အဲဒီ ဝိစိကိစ္ဆာ သံယောဇဉ်ကိလေသာကြီးလည်း ကင်းသွားပါ

http://www.dhammadownload.com

တယ်။ ဒါကြောင့် သောတာပန်ဟာ ယုံမှားသံသယတွေ ကင်းသွားတော့ အမှန်တရားကို ဖော်ထုတ်တော်မူတဲ့ မြတ်စွာဘုရားနဲ့ အမှန် တရားအတိုင်း ကျင့်သုံးနေတဲ့ပုဂ္ဂိုလ်တွေ အဲဒီပုဂ္ဂိုလ်တွေအပေါ်မှာ ယုံကြည်သွားတော့တာပဲ။

ဒုက္ခမြင်ရင် ကျန်သစ္စာလည်းမြင်

ပြီးတော့ သီလဗွတပရာမာသ ခေါ်တဲ့ သံယောဇဉ် ကိလေသာ တစ်ပါးလည်းပဲ လုံးဝကင်းသွားပါတယ်။ ကင်းပုံကတော့ ယောဂီဟာ တရားအားထုတ်ဆဲ ကိုယ်ထဲက ဒုက္ခသစ္စာထိုက်တဲ့ တရားတွေကို ရှုမှတ်ပြီး သိနေတာပဲ။ ဒုက္ခသစ္စာ ပိုင်းခြားသိနေတာပဲ။ ဒုက္ခသစ္စာ ပိုင်းခြားသိခြင်းဖြင့် သမုဒယသစ္စာပယ်မှု၊ တဒင်္ဂနိရောဓလည်း ဆိုက်မှ လောကီမဂ်တွေလည်းပဲ ပွားမှု အလိုလိုကိစ္စ ပြီးစီးသွားတယ်။ "ဒုက္ခမြင်ကာ ကြွင်းသစ္စာ မှန်စွာ သိမှုပြီး" ဆိုတာ ဒါပေါ့လေ။ လောကီအခိုက်အတန့်ထဲ သစ္စာလေးပါး ပါနေတယ်။ လောကီမဂ် ရှစ်ပါးလည်း ဒီမှာ ပါနေပါတယ်။ ဝိပဿနာဉာဏ်တွေ ရင့်ကျက် ပြည့်စုံပြီးတော့ ဖြစ်ပျက် မစပ် အငြိမ်းဓာတ်ကို သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုသွားတဲ့အခါကျတော့ နိဗ္ဗာန်မြင်သွားတာ။ နိဗ္ဗာန်မြင်ပြီးတော့ ကြွင်းသစ္စာ ၃ ပါးလည်း အလိုလို ကိစ္စပြီးစီးသွားတယ်။ ဒီအငြိမ်းဓာတ်ကို ဒီအကျင့်လမ်းစဉ်နဲ့ တကယ်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဒီအငြိမ်းဓာတ်ကလွဲရင် ဒီပြင် အငြိမ်းဓာတ်မရှိဘူး။ ဒီပြင် ချမ်းသာမရှိဘူး။ ဒီလမ်းစဉ်အမှန်ကလွဲရင် ဒီပြင် လမ်းစဉ်မရှိဘူးလို့ သိသွားတယ်။ လမ်းစဉ်မဟုတ်တဲ့ဟာကို လမ်းစဉ်အဟုတ် လုပ်ပြီးတော့ အလိုက်မှားတာမျိုး မရှိတော့ဘူး။ အကျင့်မှားတာမျိုး မရှိတော့ဘူး။ ဒီသီလဗွတပရာမသကို သောတာပတ္တိမဂ်နဲ့ အပြတ်ရှင်းပြစ်လိုက်တယ်။ အခု ပြောခဲ့တာက ပါဠိတော်အလိုပါ။ အဋ္ဌကထာအလိုကတော့ နောက်ထပ် ကသာမစ္ဆရိယ ဒီနှစ်မျိုးပါ ကင်းသွားတယ်။ သောတာပန်မှာ သူများကောင်းစားတာ မနာလိုတာ၊ ကိုယ့်လို တခြားပုဂ္ဂိုလ်တွေ ပြည့်စုံ ကောင်းစားသွားမှာ မကြည်ဖြူတဲ့ ဝန်တိုမှုမျိုး အဲဒါလည်း ကင်းသွားတယ်။

http://www.dhammadownload.com

ဘုန်းကြီးတို့ အယူအဆ

ဘုန်းကြီးများရဲ့ အယူအဆကတော့ ဣဿာ မစ္ဆရိယ ဒီတရား နှစ်ပါးဟာ ဒေါသနှင့် ယှဉ်တွဲပြီးတော့ ဖြစ်ရတာ။ မကျေနပ်မှု ဒေါသနဲ့ ယှဉ်တွဲပြီး ဖြစ်ရတာ။ မကျေနပ်ဘူးဆိုရင်တော့ ဣဿာ မစ္ဆရိယကတော့ ဖြစ်မှာပဲ။ ဒီတော့ ပါဠိတော်ကတော့ သံယောဇဉ် ၃ ပါး ပယ်တယ်။ အဋ္ဌကထာက နှစ်ပါးပါ ထည့်တော့ ငါးပါး ပယ်တယ်ဆိုတော့ ဘယ်လိုဖြစ်သတုံး ဆန့်ကျင်နေပါလားလို့ မေးစရာရှိပါတယ်။ သောတာပန်က ဣဿာ မစ္ဆရိယကို ပယ်တော့ ပယ်တယ်။ ဒါပေမဲ့လို့ သောတာပန် ပယ်တာက အပါယဂမနီယ။ အပါယ်ကို ရောက်စေနိုင် တဲ့ ဣဿာ မစ္ဆရိယကို ပယ်တယ်။ အပါယဂမနီယ မဟုတ်တဲ့ဟာကတော့ ကျန်နေဦးမယ်လို့ပဲ ယူဆရပါတယ်။

သောတာပတ္တိမဂ်ဉာဏ်ရဲ့ အကျိုးပြတွေ

ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွေလည်းပဲ ပါဠိတော်မှီပြီးတော့ ရေးသားထားတဲ့အချက်တွေ ရှိပါတယ်။ သောတာပတ္တိမဂ်ဉာဏ်ရဲ့ထူးခြားပုံတွေတဲ့။ ထူးခြားပုံကတော့ သောတာပန်မှာလည်းပဲ လောဘ၊ ဒေါသ၊ မောဟ တွေကတော့ မကင်းသေးဘူး။ ရှိသေးတယ်။ မာန်မာနတွေလည်းပဲ အပြည့်ရှိသေးတာပဲ။ ဒါပေမဲ့လို့ အပါယဂမနီယ ဖြစ်တဲ့ လောဘ အစိုင်အခဲ၊ ဒေါသအစိုင်အခဲ၊ မောဟအစိုင်အခဲ စသည်တွေကိုတော့ သောတာပတ္တိမဂ်က အပြတ်ရှင်းပြစ်လိုက်တယ်။ အပြတ်ရှင်းပြစ်လိုက်တော့ သောတာပန်ပုဂ္ဂိုလ်ဟာ လောဘ၊ ဒေါသ၊ မောဟ ရှိနေပေမဲ့လို့ အပါယ်ကျလောက်အောင် လောဘ မကြီး၊ ဒေါသ မကြီး၊ မောဟမကြီး၊ မာန်မာန မကြီးတော့ဘူး။ အဲဒါတွေတော့ သက်သာသွားတယ်။

ဘဝကျဉ်းသွားတယ်

ပြီးတော့ နောက်အကျိုးပြတစ်ခုကတော့ တကယ်လို့ သောတာပန်မဖြစ်သေးဘူးဆိုရင် အကန့်အသတ်မရှိတဲ့ သံသရာတည်းဟူသော ဝဋ်ဒုက္ခရေယာဉ်ကြီး ဘယ်တော့မှ ခြောက်ခန်းမှာ မဟုတ်ဘူး။ သောတာပန်ဖြစ်သွား

http://www.dhammadownload.com

တဲ့အခါကျတော့ အကန့်အသတ်မရှိတဲ့ သံသရာဒုက္ခ သမုဒ္ဒရာကြီး ခြောက်သွားတယ်လို့ ဆိုလိုပါတယ်။ သဘောကတော့ ၇ ဘဝ ထက်တိုးပြီးတော့ ဟိုဘက်ဘဝထိ မဆက်ရတော့ဘူးလို့ ဆိုလိုပါတယ်။ ဆိုလိုတာကတော့ သောတာပန် မဖြစ်သေးရင် ပင်လယ်ရေပြင်ကြီးဟာ မဆုံးနိုင်အောင် ကျယ်သလို ဘဝတွေကလည်းပဲ ကျယ်သွားနိုင်တယ်လို့ ပြောတာပါပဲ။ အခု ဘဝ ကျဉ့်သွားတာပါ။ ၇ ဘဝ တိုးပြီးတော့ မဖြစ်ရဘူးဆိုတာ ကိုယ့်ဘဝရဲ့ အစ သတ်ပုံ နားလည်သွားပြီ။

အပါယ်တံခါး ပိတ်သွားတယ်

ပြီးတော့ "သဗ္ဗအပါယဒ္ဒါရာနိ ပိဒဟတိ" တဲ့။ အပါယ် ၄ ပါး တံခါးတွေကို သူက ပိတ်ပေးပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိလေသာတွေထဲမှာ ဆိုရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သိပ်အရေးကြီးတယ်။ သိပ်ထက်မြက်တဲ့ ကိလေသာတွေပဲ။ သူတို့ရှိလို့ရှိရင် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ အဝိဇ္ဇာတဏှာတွေ ဖြစ်ပြီးတော့ အပါယ်လည်း ကျနိုင်တယ်။ အဲဒီတော့ အရေးပါတဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပြတ်ရှင်းပစ်လိုက်တော့ အပါယ်တံခါးလည်း အလိုလို ပိတ်သွားတာပဲ။ သောတာပန်မဖြစ်ခင်က ပြုခဲ့တဲ့ အပါယ်လားစေတတ်တဲ့ အကုသိုလ်ဟောင်းတွေကလည်း အကျိုးမပေးတော့ဘူး။ နောက်လည်းပဲ အပါယ်လားနိုင်လောက်အောင် အကုသိုလ်ကံသစ်တွေလည်း ထပ်ပြီးတော့ မပြုတော့ဘူး။ ဒီကုသိုလ်ကံတွေဆိုတာ အဝိဇ္ဇာနဲ့ တဏှာ အဖော်ရှိမှ သူတို့က အကျိုးပေးတာကိုး။ ကုသိုလ်ကံကလည်း ထိုနည်းလည်းကောင်းပဲ။ အပါယဂမနီယ ဖြစ်တဲ့ အဝိဇ္ဇာနဲ့တဏှာသတ်လိုက်တော့ သူတို့လည်းပဲ အလိုလို သေသွားတယ်။ အဲဒါတွေ အလိုလိုအကျိုးမပေးတော့ဘူး။

အရိယာဥစ္စာ ၇ ဖြာ

ပြီးတော့ နောက်တစ်ခု အကျိုးပြတာကတော့ "သတ္တန္နံ အရိယဓနာနံ သမ္မုခီဘာဝံ ကရောတိ" ဖြူစင်သန့်ရှင်းမြင့်မြတ်တဲ့ပုဂ္ဂိုလ်ကို အရိယာလို့ ခေါ်ပါတယ်။ အဲဒီပုဂ္ဂိုလ်များရဲ့ဥစ္စာကို အရိယဓန လို့ခေါ်ပါတယ်။ အရိယာ တို့

http://www.dhammadownload.com

ပိုင်ဆိုင်တဲ့ ဥစ္စာပေါ့လေ။ အဲဒါ ၇ မျိုး က သဒ္ဓါကတစ်မျိုး၊ သီလက တစ်မျိုး၊ ဟိရီက တစ်မျိုး၊ ဩတ္တပ္ပက တစ်မျိုး၊ သုတကတစ်မျိုး၊ စာဂက တစ်မျိုးနဲ့ ပညာက တစ်မျိုး ၇ မျိုးပဲ။ ဒီအရိယာဥစ္စာ ၇ မျိုးလည်းပဲ ပိုင်သွားပြီတဲ့။ ဆိုလိုတာကတော့ သဒ္ဓါတရားတွေ မြဲသွားပြီလို့ ဆိုလိုပါတယ်။ ဒီသဒ္ဓါတရားဥစ္စာ အပိုင်ရသွားပြီ။ သီလလည်းပဲ ငါးပါးသီလ မြဲသွားပြီပေါ့။ ငါးပါးသီလ ကျိုးပေါက်တာ မရှိတော့ဘူး။ ပြီးတော့ အပါယ်ကျနိုင်လောက်အောင် အကုသိုလ်ဒုစရိုက်တွေ ပြုဖို့ ရှက်တတ်၊ ကြောက်တတ်သွားပြီ။ ဒီပြင်ဟာတွေတော့ ရှိသေးတာပေါ့။ အပါယ်ကျနိုင်လောက်အောင်တော့ ပြုဖို့ရန် ရှက်ကြောက်သွားပြီ။

သူက ကိုယ်တွေ့ဖြစ်နေပြီ

သုတဆိုတာက စာတွေ့သုတနဲ့ လက်တွေ့သုတ ၂ မျိုးလုံးလည်းပဲ သူလက်လှမ်းမီ ပိုင်သွားပြီ။ တရားတွေ နာကြားရတာ။ တရားတွေ အားထုတ်ရတာ နာကြားတဲ့အတိုင်း ဒီမှာ အားထုတ်တော့ ကိုယ်တွေ့ ဖြစ်သွားပြီ။ စာဂဆိုတာက အရိယာမင် ဖြစ်တဲ့အခါ အပါယ်နဲ့စပ်တဲ့ဒိဋ္ဌိတွေ ဝိစိကိစ္ဆာ ကိလေသာတွေကို စွန့်ချလိုက်တာ၊ တစ်ခါတည်းပြန်ပြီးတော့ မကောက်ယူတော့ဘူး။ ကင်းသွားပြီ။ ပညာဆိုတာလည်း အခြေခံရုပ်နာမ်ပိုင်းခြားသိမှုကစ ဝိပဿနာဉာဏ်တွေ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ပိုင်သွားတယ်။ အဲဒီ အရိယာဥစ္စာ ၇ မျိုးထဲမှာ သဒ္ဓါက မတုန်မလှုပ် ခိုင်မြဲသွားတော့ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို ပစ္စည်းနဲ့ ဖြားယောင်း သွေးဆောင်လို့ မရတော့ဘူး။ အဲဒီတော့ သတ်ပစ်မယ်ပြောပြောပေါ့လေ။ ဒီအမှန်တရားကို မစွန့်တော့ဘူး။ အမှန် ဘုရားလည်းပဲ မစွန့်တော့ဘူး။ ဘယ်လောက်ပဲ အလိမ်အညာကောင်းတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်ပေါ့လေ။ ကျောက်ရုပ်တောင်မှ ပြုံးလောက်အောင် အပြောကောင်းတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်၊ အဲဒီပုဂ္ဂိုလ်နောက် မလိုက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ကိုယ်တွေ့ ဖြစ်နေပြီ။ ကိုယ်တွေ့အသိလေးတွေ ရနေပြီဆိုတော့ တခြားဟာတွေဟာ မမှန်ဘူးဆိုတာ နားလည်နေတော့ ဘယ်လောက်ပဲ ပြောပြော အဲဒီပုဂ္ဂိုလ်နောက် မပါတော့ဘူး။

http://www.dhammadownload.com

လမ်းများကို သုတ်သင်တယ်

ပြီးတော့ နောက်တစ်ခုအကျိုးက "အဋ္ဌင်္ဂိကံ မိစ္ဆာမဂ္ဂံ ပဇဟတိ" တဲ့။ သောတာပတ္တိမဂ်ဟာ အင်္ဂါ ၈ ပါးရှိတဲ့ လမ်းများကို တစ်ခါတည်း ရှင်းလိုက်တယ်တဲ့။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ စသည်ပေါ့လေ။ အဲဒါတွေ ရှင်းလိုက်တယ်တဲ့။ ဒီတော့ အမြင်လွဲတာ မရှိတော့ဘူး။ အပါယ်ကျနိုင်လောက်အောင် အကြံလွဲတာ။ ရည်ရွယ်ချက်လွဲတာ မရှိတော့ဘူး။ ပြီးတော့ အပါယ်နဲ့ စပ်တဲ့ ဒုစရိုက်တွေ ကင်းသွားတယ်။ ကျန်တဲ့ဟာတွေတော့ ရှိသေးတာပေါ့လေ။ တချို့ဟာလည်းပဲ ရှင်းသွားပါတယ်။ ပြီးတော့ မမှန်တဲ့အသက်မွေးမှုလည်း မရှိတော့ဘူး။ အပါယ်ကျနိုင်လောက်အောင် လွဲမှားတဲ့ အားထုတ်မှု၊ လွဲမှားတဲ့ အမှတ်၊ လွဲမှားတဲ့ စိတ်တည်ကြည်မှုတွေ ဘာမှ မရှိတော့ဘူး။ အဲဒါတွေ အပြတ်ရှင်းပစ်လိုက်တယ်တဲ့။ ဒီတော့ ဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ လမ်းမှားမလိုက်တော့ဘူးလို့ ဆိုလိုတာပေါ့။

ဘေးရန်ခပ်သိမ်း ရောင်ခွာတိမ်း

ပြီးတော့ "သဗ္ဗဝေရဘယာနိ ဝူပသမေတိ"တဲ့။ သောတာပတ္တိမဂ်က အလုံးစုံသောရန် အလုံးစုံသောကြောက်ဖွယ်ရာဘေးတွေကိုလည်းပဲ ငြိမ်းစေပါတယ်တဲ့။ အဲဒီ ဝေရဇိတာကတော့ တခြား မဟုတ်ပါဘူး။ သူများအသက်သတ်ဖြတ်ခြင်း အစရှိတဲ့ ငါးပါးသီလဖျက်မှု အကုသိုလ်သည်ပင်လျှင် ရန်ပါပဲ။ အတွင်းရန်ပေါ့။ အဲဒီအတွင်းရန်တွေ အေးသွားတယ်တဲ့။ အတွင်းရန် မအေးလို့ရှိရင် အတ္တာနုဝါဒ အစရှိတဲ့ ကြောက်ဖွယ်ရာ ဘေးကြီးတွေ ဆိုက်တော့တာပဲ။ ဒီပြင် အခြားအခြားဘေးတွေလည်းပဲ ဆိုက်တော့တာပါပဲ။ **အဲဒီ ဘေးတွေလည်း ငြိမ်းသွားတယ်ဆိုတော့ ရန်အေး၊ ဘေးအေးချင်လို့ရှိရင် ဒီသောတာပတ္တိမဂ် ရလိုက်တာနဲ့ မိမိရဲ့သန္တာန်မှာ အင်မတန် ကြောက်စရာကောင်းတဲ့ ရန်တွေ အေးသွားတာပဲ။** ဒီရန်တွေ အေးသွားတယ်ဆိုရင် ဘာမှကြောက်စရာ မရှိတော့ဘူး။ သောတာပန် ဖြစ်ဖို့ လမ်းကြောင်းလိုက်တာဟာ တကယ့် ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ်ပဲဆိုတာ သဘောပေါက် နားလည်ဖို့ပါပဲ။ ဒီဟာနဲ့ ပတ်

http://www.dhammadownload.com

သက်ပြီးတော့ ဘုန်းကြီးက တော်တော်လေး ရှင်းပြချင်ပါတယ်။ ဒါပေမဲ့လို့ အချက်အလက်ကလေးလောက် သိစေချင့်တာမို့လို့ ရှင်းပြဖို့ အချိန် မလုံလောက်ပါဘူး။

သူတော်ကောင်းဘဝမှ သူယုတ်မာကြီးဘဝသို့

ပြီးတော့ နောက်တစ်ခုက "သမ္မာသမ္ဗုဒ္ဓဿ ဩရသပုတ္တဘာဝံ ဥပနေတိ"တဲ့။ မြတ်စွာဘုရားရဲ့ သားတော်အစစ် သမီးတော်အစစ် အဖြစ် ရောက်အောင်လဲပဲ ပို့ပေးပါတယ်တဲ့။ ဒီတော့ ဒီစကားအရဆိုရင် သောတာပန် မဖြစ်သေးခင်တော့ ဘယ်လောက်ပဲ ဘုရားကို ကိုးကွယ်၊ ဘယ်လောက်ပဲ သံဃာကို ကိုးကွယ် ယုံကြည်ပေမဲ့လို့ ဘုရားသားတော်အစစ်၊ သမီးတော် အစစ် မဟုတ်သေးဘူး ဆိုတာ ရှင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရိယာ မဖြစ်သေးလို့ ရှိရင် တစ်ချိန်မှာ ရတနာသုံးပါး ကိုးကွယ်ပေမဲ့ အခြားတစ်ချိန်ကျတော့ အဲဒါပစ်ပယ်ပြီးတော့ တခြားအယူဝါဒတွေ ရောက်သွားတာလည်း ရှိတယ်။ စွန့်ပစ်တာလည်း ရှိတယ်။ ဒီဘဝ မစွန့်ပစ်တောင်မှ နောက်ဘဝမှာလည်းပဲ စွန့်ပယ်တဲ့အနေမျိုးလည်း ရောက်နိုင်တယ်။ တစ်ချိန်မှာ သူတော်ကောင်းကြီးဟာ နောက်တော့ သူယုတ်မာကြီးလည်း ဖြစ်သွားနိုင်တယ်။ မသေချာဘူး။ သောတာပန် ဖြစ်ရင်တော့ သေချာပြီတဲ့။ ဘုရားစကား ကောင်းကောင်း နားထောင်ပြီလို့ ဆိုလိုတာပါ။ ကောင်းကောင်း စကားနားထောင်တော့ သားလိမ္မာ သမီးလိမ္မာအစစ် ဖြစ်သွားပြီလို့ ဆိုလိုပါတယ်။ စာဆိုတာကတော့ ဩရသပုတ္တဘာဝံလို့ ရင်သွေးတော် ရင်မှဖြစ်တဲ့ သားတော်လို့တော့ ဆိုထားပါတယ်။

တန်းတူအခွင့်အရေး

သားတော်ဆိုတာ သမီးတော်မပါတော့ အမျိုးသမီးတွေက ကျေနပ်ချင်မှ ကျေနပ်မှာ။ ဒါပေမဲ့ ပုတ္တလို့ ယူလိုက်လို့ရှိရင် သမီးလည်း ပါသွားတာပဲ။ မဂ်လာ တရားတော်ထဲမှာ "ပုတ္တ ဒါရဿ သင်္ဂဟော" ဆိုတာပေါ့လေ။ သားနဲ့ မယားကျွေးမွေးရမယ်ဆိုတော့ သမီးမပါဘဲ ဖြစ်နေတော့ ပုတ္တဆိုရင် ဓီတု သမီးလည်း အလိုလို ပါသွားတာပဲ။ သိပ်ကောင်းတာပဲ။ ဘာဖြစ်လို့ ဒီလိုထည့်

http://www.dhammadownload.com

ရှင်းရသလဲဆိုတော့ ဘုန်းကြီး ဒီ I.M.S ရောက်ကတည်းကိုက အမျိုးသမီးတွေနဲ့ ပတ်သက်ပြီးတော့ အတိုက်အခိုက် ခံနေရတာ။ ဒီတော့ ဒီတစ်ခါလည်းပဲ အတိုက်အခိုက် ခံရဦးမယ် ဆိုလို့ရှိရင်တော့ ဘုန်းကြီး မသက်သာတော့ဘူး။ ဒါကြောင့်မို့လို့ ဖြေရှင်းရတာ။ ဒီတော့ တန်းတူ အခွင့်အရေး ရပါတယ်ဆိုတာ ဘုန်းကြီးက ဒီမှာ ပြလိုက်ပါတယ်။

ရာပေါင်းများစွာ

နောက်ဆုံးကတော့ "အညေသံ စ အနေကသတာနံ အာနိသံသာနံ ပဋိလာဘာယ စ သံဝတ္တတိ" အခြားရာပေါင်းများစွာသော အကျိုးအာနိသင်အမြတ်အစွန်းတွေလည်း ရနိုင်ပါသေးတယ်တဲ့။ အဋ္ဌကထာဆရာကြီးလည်းပဲ အကုန်လုံး အစုံအစိ မပြနိုင်တော့ဘူး။ တစ်ခါတည်း ချုံးပြီးတော့ ပြရတော့တာပါပဲ။ အဲဒါတွေကတော့ အခြားမဟုတ်ပါဘူး။ သောတာပန် ပုဂ္ဂိုလ်ဟာ တရားနာလို့ရှိရင် စူးစူးစိုက်စိုက် နာတတ်တယ်။ ပြီးတော့ တရားသဘောတွေလည်းပဲ နားလည်လွယ်တယ်။ တရားသဘောတွေ ပေါက်လာပြီဆိုရင် တဖိန့်ဖိန့်နဲ့ ကြက်သီးမွေးညင်းတွေ တစ်ခါတည်းထလာတာတွေလည်း ဖြစ်တယ်။ မလွဲသာလို့ လူမှုကိစ္စ ပြုရပေမဲ့လို့ မိခင်နွားမကြီးလိုပါပဲ။ နွားမိခင်ကြီးများ မြက်စားတဲ့အခါမှာ မြက်လည်း စားရသေး။ အစာလည်း စားရသေးတယ်။ သားလည်း ကြည့်ရသေးတယ်ပေါ့လေ။ တရားတကယ်ရထားတဲ့ ပုဂ္ဂိုလ်ဟာ တရားပဲ စိတ်ဝင်စားနေတာပဲ။ မှတ်လိုက်လို့ရှိရင်လည်းပဲ လွယ်လွယ်နဲ့ပဲ စိတ်ကြည်လင်တတ်တယ်စသည်ပေါ့လေ။ ရာပေါင်းများစွာသောအကျိုးတွေလည်း နိုင်ပါသေးတယ်တဲ့။ ဒီလိုဆိုလိုပါတယ်။

ဒီနေ့ သောတာပန် အကျိုးပြလောက်ပဲ ပြီးပါပြီ။ အချိန်တောင် မှ ၁၀-မိနစ်လောက် လွန်သွားပါပြီ။ ဒီနေ့ တရားနိဂုံးအဆုံးသတ်ဖို့ရာ နည်းနည်းကျန်နေသေးတယ်။ ဒါပေမဲ့လို့ တော်ပြီ နောက်နေ့ကျမှပဲ ဆက်ပြီးတော့ အဆုံးသတ်ရတော့မှာပဲ။

သာဓု. . . သာဓု. . . သာဓု. . . ။

http://www.dhammadownload.com

အခုခေတ် ယာဉ်များ

ဒီနေ့ ဗုဒ္ဓသာသနာမှာ ထူးမြတ်တဲ့နေ့တစ်နေ့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ မြတ်စွာဘုရား ပွင့်ပြီး ရှေးဦးစွာ လောကကြီးပေါ်မှာ ဓမ္မအလင်းဓာတ်ကြီး လင်းဖို့ရန်အတွက် ဓမ္မစက္ကပဝတ္တန ခေါ်တဲ့ သုတ္တန် ဟောတဲ့နေ့ဖြစ်လို့ပါပဲ။ ဒီနေ့ အဲဒီ ဓမ္မစက္ကပဝတ္တန အကြောင်း မပြောခင် ရှေးဦးစွာ အဋ္ဌရာဂဏ သုတ္တန်နိဂုံးချုပ်စရာလေး ရှိနေတော့ အဲဒီဟာလေး ချုပ်ပြီးရင် ဆက်ပြီးတော့ ဟောပါမယ်။ အဆုံးသတ်စရာကတော့ တစ်ဂါထာပါပဲ။

ယဿ စေတာဒိသံ ယာနံ၊

ဣတ္ထိယာ ပုရိသဿဝါ။

သဝေဇေတေန ယာနေန၊ နိဗ္ဗာနမေဿဝ သန္တိကေ- ဆိုတာပေါ့လေ။

အဓိပ္ပာယ်ကတော့ အကြင်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မှာ အမျိုးသမီးမှာပဲ ဖြစ်ဖြစ် အမျိုးသားမှာပဲ ဖြစ်ဖြစ် အဲဒီလိုမဂ်ယာဉ် ရထားမျိုးရှိရင် ရှိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီရထားနဲ့ ဘေးကင်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်တော့တာပါပဲ။ မျက်မှောက်ပြုနိုင် သွားနိုင်တော့တာပါ ပဲ။ အဲလို ဆိုပါတယ်။ အခုခေတ်မှာ ကမ္ဘာပေါ်ရှိ လူတွေဟာ သိပ်ပညာ ထူးထူးခြားခြားကြီး တိုးတက်လာတာဖြစ်တော့ ကုန်းပေါ်မှာ သွားတဲ့ ယာဉ်အမျိုးမျိုးတွေ၊ ရေထဲသွားတဲ့ယာဉ် အမျိုးမျိုးတွေ၊ လေထဲသွားတဲ့ ယာဉ်အမျိုးမျိုးတွေကို တီထွင်ကြပါတယ်။ ဆန်းသထက်ဆန်းအောင် ထူးသထက်ထူးအောင်လည်းပဲ ကြိုးစားကြပါတယ်။ အဲဒီယာဉ်တွေ အသုံးပြုလို့ တစ်နေရာမှ တစ်နေရာ တစ်နိုင်ငံမှ တစ်နိုင်ငံ တစ်ကမ္ဘာလုံးကို ပတ်ပြီးတော့ သွားနိုင်ကြပါတယ်။ တကယ်လို့သာ အဲဒီယာဉ်တွေ မရှိဘူးဆိုရင် တစ်နေရာကနေ တစ်နေရာ ရောက်ဖို့ဆိုတာ မလွယ်ပါဘူး။ ယာဉ်ရှိထားပြီဆိုရင် ဒီယာဉ် အသုံးပြုပြီးတော့ ကိုယ်အလိုရှိတဲ့နေရာသို့ သွားနိုင်ကြပါတယ်။

အာမခံချက် မရှိ

အထူးအားဖြင့် ဆိုရရင် လကမ္ဘာနဲ့ အခြားအခြား ဂြိုဟ်ကမ္ဘာတွေ သွားဖို့တောင်မှ ကြိုးစားနေကြပါတယ်။ အခု လကမ္ဘာသို့ သွားဖို့ ကြိုးစားတာ

http://www.dhammadownload.com

အောင်မြင်သွားပါတယ်။ ဘယ်လောက်တိုးတက်နေသလဲ။ အဲဒီယာဉ်တွေက တော့ ဘယ်လောက်ပဲ အဝေးကြီး သွားနိုင်ပေမဲ့လို့ တကယ်ဘေးကင်းတဲ့ နိဗ္ဗာန်သွားဖို့ အတွက်ကတော့ အကျိုးပြုလိမ့်မယ် အသုံးဝင်လိမ့်မယ် မဟုတ်ပါဘူး။ တကယ်လို့ အဲဒီယာဉ်တွေနဲ့ နိဗ္ဗာန်လည်း ရောက်နိုင်တယ် ဆိုလို့ရှိရင် တော့ ဘုန်းကြီးတို့ လိုချင်ပါဘိ။ ဒါပေမဲ့ အခုထိတော့ ဘယ်သိပ်ပွဲဆရာကြီးတွေ ကမှ နိဗ္ဗာန် သွားနိုင်တယ်။ ဘေးကင်းတဲ့ဆီ ရောက်နိုင်တယ် ဆိုတာကို ဝန်မခံ ကြသေးပါဘူး။ ပြီးတော့လည်း သိပ္ပံပညာရှင်တွေ တီထွင်ထားတဲ့ ယာဉ်တွေ ဟာလည်းပဲ စိတ်ချရတယ်ဆိုပေမယ့်လို့ ဒီကြားထဲကပဲ အကြောင်းအားလျော်စွာ ပျက်စီးလို့ ဆုံးရှုံးသွားတာ ယာဉ်တွေပေါ်မှာ စီးပြီးလိုက်ပါသွားတဲ့ ပုဂ္ဂိုလ်တွေပါ ဆုံးရှုံးသွားတာတွေလည်းပဲ အများကြီးပါပဲ။

အဲဒီယာဉ်တွေဟာ ကမ္ဘာသူ ကမ္ဘာသားတွေအတွက် အကျိုးမရှိဘူးလို့ ပြောလိုတာ မဟုတ်ပါဘူး။ အာမခံချက်မရှိပုံကိုသာ ပြောလိုတာပါ။

မဂ္ဂင်ယာဉ်ကြီး

အာမခံချက်ရှိပြီး တကယ်ပဲ ဘေးရန်လုံတဲ့ ယာဉ်ကတော့ အခြား မဟုတ်ပါဘူး။ မဂ္ဂင်ယာဉ်ကြီးပါပဲ။ လောကမှာ ယာဉ်အမျိုးမျိုးတွေ ရှိတော့ ကိုယ်မပိုင်ပေမဲ့လို့ အခိုက်အတန့်တော့ ကိုယ်လိုတဲ့ခရီးရှိရင် ပိုက်ဆံငွေကြေး ပေးပြီးတော့ သွားလို့ ရပါတယ်။ ပြီးတော့ ကိုယ်ပိုင်ထားတဲ့ယာဉ် ဖြစ်တောင်မှ ဒီယာဉ်ဟာ အာမခံချက် မရှိဘူး။ ဆီတို့ ထည့်ရတာ အင်္ဂါအစိတ်အပိုင်းတွေ ချွတ်ယွင်းလို့ ရှိရင်လည်း ပြင်ရတာ။ တဖြည်းဖြည်း သုံးဖန်များလို့ ရှိရင် ယိုယွင်းပြီးတော့ ပျက်စီးတဲ့အပိုင်း ရောက်သွားတာ။ အဲဒါတွေ ကြည့်ပေါ့။ အထူးကတော့ လောကမှာ အသုံးပြုတဲ့ ယာဉ်တွေ ကိုယ်ပိုင်ဖြစ်ထားလို့ရှိရင် အချိန်မရွေး နေရာမရွေး သုံးလို့ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကပိုင်ထားပြီကိုး။ သူပိုင်ဆိုလို့ရှိရင် အားနာနေရဦးမယ်။ ကိုယ်ပိုင်ထားတော့ အချိန်မရွေးနေရာမရွေး သုံးလို့ရပါတယ်။ ကမ္ဘာပေါ်မှာ အတိုင်းတိုင်း အပြည်ပြည်တွေ ရှိတဲ့ထဲက အမေရိကန်တိုင်းပြည်ဟာဆိုရင် အဖိုးတန်ကားတွေ အာမခံချက်ရှိတဲ့ကားတွေ ထုတ်လုပ်နိုင်ပါတယ်။ ကမ္ဘာကလည်းပဲ အင်မတန်

http://www.dhammadownload.com

ကြိုက်ကြပါတယ်။ အဲတော့ ရုပ်ဝတ္ထု ဖြစ်တဲ့ အဖိုးတန်ကားတွေကို ကမ္ဘာသူ ကမ္ဘာသားတွေသုံးဖို့ရန် အတွက် အာမခံချက် အပြည့်နဲ့ ထုတ်လုပ်နိုင်သလို ဘေးကင်းရာ နိဗ္ဗာန်သွားနိုင်တဲ့ အဲဒီမဂ္ဂင်ကြီးကို လူအများစုက ဝိုင်းပြီးတော့ ထုတ်လုပ်နိုင်မယ်ဆိုလို့ရှိရင်တော့ လူမှုရေးဘက်ကလည်း ပြည့်စုံ စိတ်ဓာတ် ရေးမှာလည်း ပြည့်စုံပေါ့လေ။ အကုန်လုံး ပြည့်စုံသွားမှာပဲ။ အမေရိကန် တိုင်းပြည်ကြီး ကမ္ဘာကျော် ဖြစ်သွားမှာ ကျော်သထက် ကျော်သွားမှာပါပဲ။ သိပ်ကောင်းမှာ။

Ready made

ငွေကြေးတတ်နိုင်တဲ့ ပုဂ္ဂိုလ်များကတော့ အဖိုးတန်ကားတွေလည်းပဲ တန်ကြေးပေးပြီးတော့ ချမ်းချမ်းသာသာနဲ့ စီးနိုင်ကြပေမယ်လို့ ဒီ မဂ္ဂင်ယာဉ်ကြီးကိုတော့ ငွေကြေးပေးပြီး စီးလို့တော့ မရပါဘူး။ ဌာနီးလို့လည်း မရပါဘူး။ ကိုယ်ပိုင်ဖြစ်အောင် ပထမဆုံးလုပ်ရမှာ။ ခု ကားတွေကတော့ ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကနေပြီး တန်ကြေးပေး ဝယ်စီးလို့ ရနိုင်ပေမဲ့ မဂ္ဂင်ယာဉ်ရထားကြီးကိုတော့ ကိုယ်တိုင် လုပ်ရမှာ။ ကိုယ်တိုင် ထုတ်လုပ်ရမှာ။ တကယ်ဘေးကင်းတဲ့ နိဗ္ဗာန်ကို ဘေးကင်းတဲ့ နိဗ္ဗာန်ရှိတယ်ဆိုပြီး ယုံကြည်ပြီးတော့ အဲဒီကို ရလိုတဲ့ ဆန္ဒ ပြင်းပြင်းပြပြထားပြီးတော့ စိတ်တည်ငြိမ်မှုတွေ ရပြီးတော့ ဉာဏ် အဆင့်ဆင့်တွေ ပွင့်အောင်ကြိုးစားရတာ။ အဲ ကြိုးစားလာပြီဆိုလို့ ရှိရင်လည်း ပထမ FRAME အနေနဲ့ တည်ထားတဲ့အစိတ်အပိုင်းလေးတွေ ပြည့်စုံပြီးတော့ ပီသတဲ့ စိတ်ချတဲ့ယာဉ်ကြီးတွေ ဖြစ်သွားတော့တာပါပဲ။ အနည်းဆုံးသောတာပတ္တိမဂ် ရသွားပြီဆိုလို့ရှိရင် သောတာပတ္တိမဂ်ယာဉ်ကြီး Ready made ဖြစ်မယ်ဆိုလို့ရှိရင်တော့ သိပ်ကောင်းမှာပဲ။

Accident မဖြစ်နိုင်တဲ့ယာဉ်

အဲဒီလို အဆင်သင့် မရှိတဲ့အတွက် သဒ္ဓါတရား အခြေခံထားပြီးတော့ တရားရလိုတဲ့ ပုဂ္ဂိုလ်များဟာ ဤနေရာဌာန ရောက်ရှိလာပြီး မိသားစုနဲ့လည်း ခွဲခဲ့ရတာ ပဲ။ အအိပ်ပျက် အစားအသောက်လည်းပဲ ကိုယ့်အိမ်လို မဟုတ်၊ ပင်ပန်းခဲ့ပြီးတော့ ဒီမှာအားထုတ်ရတာ၊ ထိုင်လိုက် စကြံန်လျှောက်လိုက်၊ ထိုင်လိုက် စကြံန်လျှောက်လိုက် သေချင်စော် နံအောင် အားထုတ်ရတာပဲ။ ကိုယ်

http://www.dhammadownload.com

ဟာကို ဒီယာဉ်ကြီး ပီပီသသ ဖြစ်အောင်ဆိုပြီးတော့ အားထုတ်နေရတာ မသက်သာဘူး။ ဒါReady made မဟုတ်လို့ ကိုယ့်ဟာကိုယ်အားထုတ်နေရတာပေါ့။ ဒီလိုအပင်ပန်းခံပြီးတော့ အားထုတ်ရတာဟာ တကယ့်အာမခံချက်ရှိပြီးတော့ စိတ်ချရတဲ့ မဂ္ဂင်ယာဉ်ကြီးကိုယ်ပိုင် ရရှိဖို့ပေါ့လေ။ ဒီမှာ လုပ်သားကောင်း Good worker ဆိုတာပေါ့လေ။ လုပ်သားကောင်းတစ်ယောက်အနေနဲ့ ဒီမှာအားထုတ်နေကြတာ။ အားထုတ်ရင် အားထုတ်သလောက်ပေါ့ သီလမဂ္ဂင်ရော၊ သမာဓိ မဂ္ဂင်ရော၊ ပညာ မဂ္ဂင်ရော၊ ပြီးတော့ ဟိရိသြတ္တပ္ပ နောက်တွေရော စသည်ပေါ့လေ။ ဒီမှာအင်္ဂါလေးတွေ တစ်နေ့ထက် တစ်နေ့ ပြည့်စုံလာတာ၊ ရထားကြီးကလည်း ပီပီသသ ဖြစ်လာတာ အင်မတန်ကောင်းတာပဲ။ တကယ့်သေချာပေါက် အနည်းဆုံး သောတာပတ္တိမဂ်ယာဉ်ကြီး ရရှိသွားရင် ဘယ်တော့မှ မပျက်စီးတော့ဘူး။ နောက်နောင် ဘဝတွေလည်းပဲ မပျက်စီးတော့ဘူး။ ပြီးတော့ လောကမှာ သုံးနေတဲ့ ယာဉ်အမျိုးမျိုးတွေဟာ ဆီတို့ ဘာတို့ပေါ့လေ လိုရာရာ ထည့်ရတယ်။ အစိတ်အပိုင်းတွေကလည်း ပျက်စီးသွားနိုင်တယ်။ ဒီယာဉ်ကြီးကတော့ ဘာဆီမှလဲ ထည့်ဖို့ မလိုတော့ဘူး။ ဘာအစိတ်အပိုင်းမှလည်း လဲဖို့ မလိုတော့ဘူး။ သုံးဖန် များလေလေ ပိုပြီးတော့ အစိတ်အပိုင်းတွေကခိုင်မာလေလေ၊ ရထားကြီးကလည်း ခိုင်မာလေလေ ဖြစ်တယ်။ အဲဒါတော့ သိပ်ထူးတယ်။ လောကီယာဉ်တွေကတော့ လိုအပ်တာထက်ပိုပြီးတော့ နှုန်းတင် မောင်းလို့ရှိရင် Accident ဖြစ်ပြီးတော့ ဒုက္ခရောက်နိုင်တယ်။ ဒီမဂ္ဂင်ယာဉ်ကြီးကတော့ ဘယ်လောက်ပဲ အသွားနှုန်းမြန်မြန် ဘယ်တော့မှ Accident မဖြစ်တော့ဘူး။ အဲဒါလည်း ထူးခြားတာပဲ။

စိတ်အား မလျော့ကြနဲ့

ဒီယာဉ်ကြီး အပိုင်ရလာတဲ့အတွက် လောကထဲမှာ လောကသားတစ်ယောက်နေတဲ့ အခိုက်အတန့်မှာလည်း ကောင်းလောကခံ၊ ဆိုးလောကခံတွေနဲ့ ကြုံကြိုက်တဲ့အခါမှာ ဟိုဘက် ဒီဘက် မတိမ်းမယိမ်းဘဲနဲ့ ဘက်မျှစွာနေနိုင်တဲ့ အရည်အချင်းတွေလည်း ရသွားနိုင်တယ်။ ပြီးတော့ အပါယ် လေးပါး လွတ်မြောက်ရာဖြစ်တဲ့ ဘေးကင်းရာနိဗ္ဗာန်, အို, နာ, သေရေး ဒုက္ခဘေး

http://www.dhammadownload.com

တွေကင်းတဲ့နိဗ္ဗာန်, ဘေးကင်းတဲ့ နိဗ္ဗာန်ကိုလည်း ရရှိသွားတာယ်။ ဘယ်လောက် ကောင်းသတုံး။ ပြီးတော့ အသက်ရှင်နေဆဲ ကာလမှာလည်း လောကဓံတွေ ခံနိုင်တယ်။ ဘက်မျှတဲ့ စိတ်ကလေးနဲ့ နေနိုင်တယ်။ အပါယ် လေးပါးကလည်း လွတ်မြောက်နိုင်တယ်ဆိုတာ နည်းတဲ့အကျိုးတွေ မဟုတ်ဘူး။ ညကလည်း ဟောသွားပါတယ်။ သောတာပတ္တိမဂ်ယာဉ်ကြီး ရထားလို့ရှိရင် ရနိုင်တဲ့ အကျိုးလေးတွေ ပြောသွားပါတယ်။ အခု ကိုယ်ပိုင် မဂ္ဂင်ယာဉ် ကြီး ရရှိဖို့ရန် အတွက် ကြိုးပမ်းနေကြတာ ကြိုးပမ်းလို့ရှိရင် မကြာခင် ပိုင်ပြီးတော့ ဝမ်းသာ ဝမ်းမြောက် ဖြစ်ကြရမှာ။ ဘဝရဲ့ ပြည့်စုံမှုဆိုတာလည်း ရသွား မှာ။ အင်မတန် ဝမ်းသာစရာကောင်းတာ။ ဒါကြောင့် စိတ်အားတွေ မကျစေဘဲနဲ့ ဒီမဂ္ဂင်ယာဉ် ကြီး ပိုင်အောင်လို့ ကြိုးစားဖို့ရန် ဘုန်းကြီးက လေးလေးနက်နက် တိုက်တွန်းပါ တယ်။ အခု့ကတော့ ဒီမဂ္ဂင်ယာဉ်ကြီး ရရှိရေးအတွက် ကြိုးပမ်းရာမှာ အကြောင်းကြောင်းလေးတွေကြောင့် စိတ်အား လျော့ချင်ကြတယ်။ စိတ်အား လျော့ပြီး ပြန်လို့ရှိရင်တော့ ဒီမဂ္ဂင်ယာဉ် မရဘူး ဆိုရင်တော့ ခက်တယ်။ အဲဒီ တော့ ဒီဟာပိုင်ပြီးမှ ပြန်တာကောင်းတယ်။ စိတ်အားမလျော့ကြနဲ့။

ငြိမ့်ငြိမ့်စီး

ယာဉ်ပိုင်မှုကိစ္စနဲ့ စပ်ပြီးတော့ ဘုန်းကြီးများ အမေရိက ရောက်တဲ့ အချိန်က စပြီးတော့ အခုထိ အပြင်သွားတဲ့အခါမှာ လေ့လာကြည့်တယ်။ အမျိုးသား Driver ထက် အမျိုးသမီး Driver တွေက ပိုများတာတွေ့ရတယ်။ ဘုန်းကြီးတို့ မြင်ကွင်း ပြောတာနော်။ ဒါဟုတ်ချင်မှ ဟုတ်မှာ။ အဲဒီ မဂ္ဂင်ယာဉ် ကြီး ပိုင်ရေးအတွက် ကိုယ်ပိုင်ယာဉ်ကြီး ရရှိနိုင်ဖို့ရန်အတွက် ကြိုးစားတဲ့ နေရာ မှာလည်း ဟောဒီမြင်ကွင်းမှာလည်းပဲ အမျိုးသားနဲ့ အမျိုးသမီးဆိုရင် အမျိုး သမီးက ဦးရေပိုများနေတယ်။ အပြင်က ရိုးရိုးယာဉ်ကတော့ တစ်ဦးမောင်းလို့ ရှိရင် ဆန့်သလောက် စီးသွားရတယ်။ အဲဒီယာဉ်ကတော့ ကိုယ်ပိုင်ယာဉ် ကိုယ်ပဲ မောင်းလို့ရတာ။ ကိုယ်ပဲ ပိုင်တာ။ ကိုယ်ပဲ သွားလို့ရတာပဲ။ ဒီတော့ အမျိုးသမီးတွေက မဂ္ဂင်ယာဉ် များများကြီး ပိုင်ရေးအတွက် ရှေ့တန်းက ဒီမှာ ကြိုးစားကြတာ သိပ်အားရစရာကောင်းတာ။ ဘုန်းကြီးတို့ မြန်မာပြည်လည်း

http://www.dhammadownload.com

ဒီလိုပဲ အမျိုးသမီးတွေ များတယ်။ မြတ်စွာဘုရား ဒီမှာ အာမခံချက်ပေးထား တာ ဒီယာဉ်မျိုးကို အမျိုးသမီးပဲ ဖြစ်ဖြစ် အမျိုးသားပဲ ဖြစ်ဖြစ် ပိုင်လို့ရှိရင် ပိုင်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သွားနိုင်တယ်။ တန်းတူအခွင့်အရေးတွေ ဒီမှာ ပေး ထားတာ။

"ဒီလို ရထားရှိသူများ၊ ယောကျ်ား၊ မိန်းမ လူတိုင်းမှာ မဂ္ဂင်ယာဉ်ကြီး ငြိမ့်ငြိမ့်စီးအပြီး နိဗ္ဗာန်ဆိုက်ရောက်ပါ။ " အင်မတန် တိကျတဲ့ အာမခံချက် ပေးထားတာ။ ဘယ်သူသာစေ၊ ဘယ်သူနာစေ ဆိုတာ မပါဘူး။

ဓမ္မစကြာ

အဲဒီ မဂ္ဂင်ရှစ်ပါးခေါ်တဲ့ မဂ္ဂင်ယာဉ်ကြီးကို ဒီနေ့မှာ ကမ္ဘာလောကကြီး မှာ စတင်ပြီးတော့ မြတ်စွာဘုရား ညွှန်ကြားတော်မူပါတယ်။ အဲဒီ ပထမဆုံး ညွှန်ပြတော်မူတဲ့နေ့က "ဓမ္မစက္က ပဝတ္တနနေ့"ပဲ။ မြတ်စွာဘုရား မပွင့်ခင်က ဆိုရင် ကမ္ဘာလောကကြီးမှာ ဒီလို မဂ္ဂင်ရှစ်ပါး အကျင့်တရား၊ အမှန်တရား တွေ မပေါ်သေးပါဘူး။ မပေါ်ခင်ကဆို လူတွေဟာ ထင်မိထင်ရာ ကိုးကွယ် ကြတာတွေ ရှိတယ်။ ပြီးတော့ ကာမဂုဏ်အာရုံနဲ့ နေလို့ရှိရင် ဒါဟာ လောက နိဗ္ဗာန်ပဲလို့ ယူဆပြီးတော့ ကာမဂုဏ်နဲ့ နစ်မွန်းနေကြတာဟာ မကောင်းဘူးလို့ အမြင် ရောက်ပြီးတော့ ခန္ဓာကိုယ် ပင်ပန်းဆင်းရဲအောင် "အတ္တကိလမထာ နုယောဂ" လမ်းစဉ်လိုက်တာလည်း ရှိတယ်။ အဲဒီလမ်းနှစ်သွယ်ဟာ အစွန်း နှစ်သွယ်ပေါ့လေ။ သတ္တဝါတွေဟာ အဲဒီ အစွန်းနှစ်သွယ်က မလွတ်ကြဘူး။ မြတ်စွာဘုရား ပွင့်လာတဲ့အခါကျမှ အလယ်လမ်းစဉ် လိုက်ရတယ်။ အလယ် လမ်းစဉ်ဆိုတာ မဂ္ဂင်လမ်းစဉ်ပါပဲ။ ဒီအမှန်တရားမတွေ့ကြသေးတော့ အမှန် ဖော်ပြတဲ့ ပုဂ္ဂိုလ်အပေါ် မှာလည်းပဲ ယုံကြည်မှု မရကြသေးဘူး။ မရသေးတော့ ပုဂ္ဂိုလ်အများစုရဲ့ စိတ်တွေဟာ ထိန်းမနိုင် သိမ်းမရ ထင်မိထင်ရာ ဖြစ်ကြတာ။ နောက် မြတ်စွာဘုရားပွင့်လာလို့ ဓမ္မစကြာတရား ဟောပြီးတဲ့ အချိန်ကစပြီး မြတ်စွာဘုရား ဆိုဆုံးမတဲ့အတိုင်း ကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေဟာ ထူးထူးခြားခြား ကြီးပဲ စိတ်ကို အုပ်ချုပ်နိုင်တဲ့ ဣန္ဒြိယ ခေါ်တဲ့ ကြီးစိုးတဲ့စွမ်းအင်တွေ တစ်ခါ တည်း ရသွားတယ်။ သဒ္ဓါတရားဆိုလည်း သဒ္ဓါတရားအဆက်ဆက်ဖြစ်တာ။

http://www.dhammadownload.com

ဝိရိယဆိုလည်း ဝိရိယအဆက်ဆက် ဖြစ်တာ။ ဖြစ်ပြီးတော့မှ သတိနှိုးယဓမ္မ ခေါ်တဲ့ စိတ်စွမ်းအင်တွေဟာ သတ္တဝါတွေရဲ့ သန္တာန်မှာ လည်ပတ်ပြီးတော့ ဖြစ်သွားတယ်။ လူသားတွေထဲမှာရော၊ နတ်တွေရော၊ ငြဟ္မာတွေမှာရော လည်ပတ်ပြီး ဖြစ်သွားတယ်။ အဲဒါ ဓမ္မစကြာခေါ်တာပဲ။ ဒီနေ့ဟာ အဲဒီ ဓမ္မစကြာနဲ့ စပ်ပြီး နည်းနည်းချဲ့ပြီးတော့ ဟောဖို့ ရှိနေပါတယ်။ ဒီနေ့ အချိန်မလုံလောက်တာနဲ့ပဲ ဒါလောက်ပဲ ရပ်ကြပါစို့။ မနက်ဖြန်ခါကျမှ နည်းနည်း မကျဉ်း မကျယ်ပေါ့လေ လုပ်ငန်းအခြေအနေနဲ့ ဆက်စပ်ပြီးတော့ ဟောပါမယ်။

သာဓု. . . သာဓု. . . သာဓု

http://www.dhammadownload.com

ဓမ္မစကြာတရားတော်

လမ်းနှစ်သွယ်

ဒီနေ့ မနေ့က ဝန်ခံသွားတဲ့အတိုင်း ဓမ္မစက္က ပဝတ္တနသုတ္တန်ကို အစွန်းနှစ်သွယ် သရုပ်ပြပြီးတော့ အဲဒီအစွန်းနှစ်သွယ်ကို ရှောင်တိမ်းတဲ့နည်းလေးတွေကို ပြောပါမယ်။ တစ်သုတ်လုံး ပြည့်စုံအောင်တော့ ဘုန်းကြီးက မဟောနိုင်ပါဘူး။ အနည်းငယ်မျှပဲ ဟောပါမယ်။ ဗုဒ္ဓမပွင့်ခင်က ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ အခြေအနေကို နည်းနည်းလေး ပြောပါရစေ။ ကမ္ဘာသူ ကမ္ဘာသားတွေဟာ လမ်းနှစ်သွယ်ကို လိုက်နေကြတယ်။ တစ်သွယ်က စိတ်အလိုကျ လွှတ်ထားတဲ့ တစ်သွယ်။ စိတ်အလိုကျလွှတ်ထားတယ်ဆိုတာ ကာမဂုဏ် အာရုံတွေအပေါ်မှာ ထင်သလို လွှတ်လွှတ်လပ်လပ်ကြီး ချထားတာ။ လွှတ်လပ်ခွင့်ပေးထားတာ။ "လူဘဝမှာ ကာမဂုဏ်အာရုံတွေနဲ့ နေရတာဟာ နိဗ္ဗာန်ပဲ။ လောကနိဗ္ဗာန်ပဲလို့ အထင်ရောက်ပြီးတော့ စိတ်ရှိတိုင်း သူတို့ထင်တဲ့ အတိုင်း ခံစားပြီးတော့နေတာ။ အဲဒီဟာက တစ်လမ်း။ အဲဒီလမ်းစဉ် ဟာ အပျော့စားလမ်းစဉ်ပဲ။ ဒီဟာတွေ လိုက်စားနေလို့ရှိရင် အဲဒါ သူတော်သူမြတ်တွေရဲ့ အလုပ်မဟုတ်ဘူး။ သာမန် ပုဂ္ဂိုလ်တွေရဲ့ အလုပ်ပဲလို့ အထင်ရောက်ပြီး အဲဒီဟာတွေကို သာယာမိမှာစိုးလို့ ခန္ဓာကိုယ်ကို ပင်ပန်းကြောင်း နည်းအမျိုးမျိုးတွေကိုကျင့်သုံးတဲ့ အတ္တကိလမထာနုယောဂလမ်းစဉ်ကို လိုက်ကြတယ်။ အဲဒီလမ်းနှစ်သွယ်ကို သူတို့လိုက်နေကြတယ်။

http://www.dhammadownload.com

ဘုရားလောင်းလည်း လိုက်ခဲ့တယ်

ဗုဒ္ဓကိုယ်တိုင်ပဲ သက်တော် ၂၉ နှစ်ထိ ကာမဂုဏ်မျိုးစုံကို လိုက်စားခဲ့တယ်။ ကာမသုခလွှဲကာနုယောဂလမ်းစဉ်မှမလွတ်ခဲ့ပါဘူး။ ဒါပေမဲ့လို့ ဘုရားလောင်းမှာ စိတ်အလိုကျလွတ်ထားတဲ့အနေမျိုးတော့ မဟုတ်ပါဘူး။ တောထွက်လာပြီး ဒုက္ကရစရိယာကို ၆ နှစ်လုံးလုံး ကျင့်သုံးတာဟာ ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲရုံပါပဲ။ အတ္တကိလမထနုယောဂလမ်းစဉ် ပါပဲ။ အဲဒီလမ်းစဉ် နှစ်ခုနဲ့ မကင်းခဲ့ပါဘူး။ ခန္ဓာကိုယ်ပင်ပန်းဆင်းရဲအောင် ကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေထဲမှာဆိုရင် ဘုရားအလောင်းလောက် ကျင့်သုံးတဲ့ပုဂ္ဂိုလ် မရှိခဲ့ပါဘူး။ ဘုရားအလောင်းကျင့်သုံးမှုကို ဘယ်ပုဂ္ဂိုလ်မှ မမီခဲ့ပါဘူး။ အပြင်းအထန်ကို ကျင့်သုံးခဲ့ပါတယ်။ အပြင်းအထန် ကျင့်သုံးပုံကို ဒီမှာ ဖြေရှင်းပြဖို့တော့ အချိန်မရပါဘူး။ ဒီလို ပင်ပန်းစွာ ကျင့်တဲ့အတွက် အကျိုးကတော့ ပင်ပန်းရုံ သက်သက်ပါပဲ။ ဒီပြင် အကျိုးဘာမှ မရှိပါဘူး။ အဲဒီအစွန်းနှစ်သွယ်ဟာ မမှန်ဘူးဆိုတာ ဘုရားလောင်းက သိမြင်တော့ ငယ်စဉ်ကာလက သစ်ပင်အောက်မှာ ကျင့်သုံးခဲ့တဲ့ဟာကို ပြန်လည်သတိရကာ ဒီလမ်းကတော့ မှန်မှာပဲလို့ နားလည်ပြီး အဲဒီလမ်းလေး ပြန်ပြီး ပြန်ကောက်ဖို့ စဉ်းစားတဲ့အခါမှာ ခန္ဓာကိုယ်က အားနည်းနေလို့ အစာပြန်ပြီး သုံးဆောင်ရပါတယ်။ အစာသုံးဆောင်ပြီး အားထုတ်မှ မဂ္ဂင် ၈ ပါး အကျင့်တရား အလယ်အလတ်လမ်းစဉ်တွေကိုရရှိလာပါတယ်။

အလယ်လမ်း

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို သူတို့ဖြစ်ဆဲမှာ လိုက်ပြီးရှုလို့ မမြဲပုံ၊ ဆင်းရဲပုံ၊ သူ့သဘောအတိုင်း သူဖြစ်ပုံတွေကို သိမြင်တဲ့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်ပြီး မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြစ်တဲ့ ပထမဆုံး ပုဗ္ဗဘာဂမဂ် ဖြစ်တယ်။ နောက် အရိယမဂ်ခေါ် မဂ်လေးပါး၊ ဖိုလ်လေးပါးနဲ့ နိဗ္ဗာန်မျက်မှောက်ပြု သိသွားတာပဲ။ အဲဒီမှာ သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်းပဲ တစ်ပါတည်း တစ်ခါတည်း ရသွားတာပဲ။ ဘုရားဖြစ်သွားတာပဲ။ မြတ်စွာဘုရား ကိုယ်တိုင် အမှန်တရားတွေကို ကောင်းကောင်း သိလာတယ်။ ဆင်းရဲခြင်း အမှန်တရား၊ ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊ ဆင်းရဲချုပ်ရာ အမှန်တရားနဲ့ ဆင်း

http://www.dhammadownload.com

ရဲခြင်း ကင်းရာသို့ ရောက်ကြောင်း အကျင့်မှန်တရားဆိုတဲ့ သစ္စာလေးပါးတွေကိုလည်း ပိုင်ပိုင်နိုင်နိုင် တစ်ခါတည်း သိရှိတော်မူသွားတာပါပဲ။ မရွှိမ ပဋိပဒါခေါ်တဲ့ အကျင့်လမ်းမှန်တရားကို သိတော်မူသွားတော့ ဟိုကြုံခဲ့တဲ့ လမ်းတွေဟာ အမှားတွေပဲဆိုတာ မြတ်စွာဘုရားကိုယ်တိုင် မြင်သိသွားပါတယ်။

ရှုတ်ချခဲ့ပါတယ်

အဲဒီလမ်းနှစ်သွယ်ထဲက ကာမသုခလွှဲကာနယောဂလမ်းမှားကို မြတ်စွာဘုရားက ဒီလိုစကားလုံးတွေနဲ့ ရှုတ်ချခဲ့ပါတယ်။ ကာမဂုဏ်အာရုံတွေအပေါ်မှာ စိတ်အလိုက္ခ လွှတ်ထားတာဟာ "ဟီနော" ယုတ်ညံ့ပါတယ်တဲ့။ ပိုးကောင် မွားကောင်လေးတွေက အစ ဒါတွေကို ကြိုက်ကြပါတယ်။ "ဂမ္မော" ရွာသူရွာသားတွေရဲ့အလေ့အထလည်း ဖြစ်ပါတယ်။ "ပေါထုဇ္ဇနိကော" ကိလေသာထူပြောတဲ့ လူတွေရဲ့အလုပ်ပဲ။ ဥစ္စာပဲ တဲ့။ "အနရိယော" ဖြူစင်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကိစ္စမဟုတ်ဘူး တဲ့။ ပြီးတော့ "အနတ္ထသံဟိတော" မိမိရဲ့အကျိုးစီးပွားအစစ်အမှန်ဖြစ်တဲ့သီလ၊ သမာဓိ၊ ပညာ ဒီလိုအကျင့်တရားတွေနဲ့ ဘာမှ မပတ်သက်တော့ပါဘူးတဲ့။ အဲဒီလို စကားလုံးတွေနဲ့ ရှုတ်ချခဲ့ပါတယ်။

အတ္တကိလမထာနယောဂ ခေါ်တဲ့ ကိုယ်ပင်ပန်းဆင်းရဲရုံမျှ ကျင့်ရတဲ့အကျင့်ကိုတော့ "ဒုက္ခော" ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်စေ နိုင်ပါတယ်တဲ့။ ဟုတ်လည်း ဟုတ်တယ်လေ။ ဆူးပေါ်အိပ်ခြင်း၊ ကိုယ်တုံးလုံးကျင့်ခြင်း ဒီလိုအစရှိတဲ့ အကျင့်တွေက ပထမဆုံး စပြီးတော့ ကိုယ်ဆင်းရဲပြီ။ ကိုယ်ဆင်းရဲမှတော့ စိတ်ဆင်းရဲပြီပေါ့။ "အနရိယော" ဖြူစင်မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေရဲ့ အလုပ်လည်း မဟုတ်ဘူးတဲ့။ တကယ့်သီလ၊ သမာဓိ၊ ပညာအစစ်အမှန်နဲ့ လည်းပဲ မပတ်သက်တော့"အနတ္ထသံဟိတော" လို့ ရှုတ်ချခဲ့ပါတယ်။

ဒီမှာ ထူးခြားကတော့ "ဟီနော၊ ဂမ္မော၊ ပေါထုဇ္ဇနိကော" ဆိုတဲ့ ဒီလိုစကားတွေတော့ မြတ်စွာဘုရားက သုံးပြီး မရှုတ်ချခဲ့ပါဘူး။ ဒါ အကြောင်းရှိပါတယ်။

ဟိုစဉ်က တပသီခေါ်တဲ့ ဒီတရားလိုက်စားတဲ့ပုဂ္ဂိုလ်များဟာ ဒီအကျင့်ဟာ မြင့်မြတ်တဲ့အကျင့်ပဲလို့ စွဲစွဲမြဲမြဲယူထားတော့ သူတို့ရဲ့စိတ်ဓာတ်ကို ထိန်း

http://www.dhammadownload.com

သိမ်းတဲ့အနေနဲ့ မြတ်စွာဘုရားက ဟီနော= ယုတ်ညံ့တဲ့ အကျင့်ပဲလို့ မရှုတ်ချခဲ့ပါဘူး။ 'ဂမ္မော' လို့ မရှုတ်ချတာကတော့ အဲဒီစဉ်က ပဋ္ဌဇိတ အမည်ခံတဲ့ ပုဂ္ဂိုလ်များရဲ့ အကျင့်တရားမို့လို့ ဒီရွာသူ ရွာသားတွေရဲ့ တရား မဟုတ်ဘူး။ ဒါကြောင့်မို့လို့ 'ဂမ္မော'ဆိုတဲ့စကားနဲ့ မရှုတ်ချခဲ့ပါဘူး။ ပြီးတော့ ဒီအကျင့်တွေဟာလည်းပဲ လူဝတ်ကြောင်တွေ မကျင့်နိုင်ပါဘူး။ လူဝတ်ကြောင်တွေနဲ့လည်း မပတ်သက်ပါဘူး။ ဒါကြောင့် 'ပေါထုဇ္ဇနိကော'လို့ ဒီလိုစကားနဲ့ မရှုတ်ချခဲ့ပါဘူး။

ရှေ့ပြေးမဂ္ဂင်

ဒီတရားကို ဘယ်မှာစတင်ပြီးတော့ ဟောသလဲဆိုတော့ အိန္ဒိယ ဗာရာဏသီသာရနာထ ခေါ်တဲ့နေရာဌာနမှာ ပဉ္စဝဂ္ဂိငါးပါးကို စတင်ပြီးတော့ ဟောပါတယ်။ "ဘိက္ခုတို့ ကာမသုခလ္လိကာနုယောဂ လမ်းစဉ်နဲ့ အတ္တ ကိလမထာနုယောဂလမ်းစဉ် ဒီလမ်းစဉ်၊ ဒီအစွန်းနှစ်သွယ်ကို ပယ်ကြ။ အလယ်လမ်းစဉ်လိုက်ကြလို့ မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါး အကျင့်တရား တွေကို စပြပါတယ်။ အဲဒီမဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးအကျင့်တရားဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အစရှိတဲ့ သမ္မာဒိဋ္ဌိ အပါအဝင် တရားတွေပါပဲ။ အဲဒီထဲက လုပ်ငန်းနဲ့ ပတ်သက်တာကတော့ ပုဗ္ဗဘာဂခေါ်တဲ့ ဝိပဿနာမဂ္ဂင်နဲ့ အရိယာမဂ္ဂင် ဒီနှစ်မျိုးက လိုရင်းပါပဲ။ အရိယာမဂ်ရဲ့ရှေ့ပြေးပုဗ္ဗဘာဂ ခေါ်တဲ့ ဝိပဿနာမဂ္ဂင်တွေကို ပွားရတယ်ဆိုတာကို ဘုန်းကြီးတို့ပရိသတ် သိကြတယ်။ ဒွါရ ၆ ပါးကဖြစ်ပျက်တဲ့ ရုပ်နာမ်တရားတွေ သူတို့ဖြစ်ဆဲ လိုက်ပြီးတော့ ရှုရတာပါပဲ။ ပထမဆုံး သီလ၊ ပြည့်စုံပြီးတော ရှုနေရတာပါပဲ။ အထူးကြောင့်ကြထားပြီးတော့ စွဲမြဲစွာ ရှုရင်၊ ရှုရာအာရုံပေါ်မှာ စိတ်ကလေး စိုက်ကျနေတာပဲ။ အာရုံနဲ့ မှတ်စိတ်နဲ့ ချိန်ပြီးမှတ်ရင် ဒုက္ခသစ္စာထိုက်တဲ့သဘောမှန်လေးတွေကို သိနေတယ်။ ကြောင်းကျိုးဆက်ပုံလေးတွေကို သိနေတယ်။ အခြေခံက စပြီးတော့ သီလာတာပဲ။ အဲဒီလို ပုဗ္ဗဘာဂမဂ္ဂင်၊ ဝိပဿနာမဂ္ဂင်ထဲမှာ သီလမဂ္ဂင်၊ သမာဓိ မဂ္ဂင်၊ ပညာမဂ္ဂင်တွေဟာ ရှုတိုင်း၊ ရှုတိုင်း ပါနေတာပဲ။ သီလမဂ္ဂင်လည်း ပါသွားပြီ။ သမာဓိမဂ္ဂင်လည်း ပါသွား ပညာမဂ္ဂင်လည်း ပါသွားပြီ။ ဒါတွေဟာ တစ်ချိန်နဲ့

http://www.dhammadownload.com

တစ်ခါနိ အရှိန်ရပြီးတော့ အားပြည့်လာတဲ့အခါ ရှုမိတဲ့အာရုံရဲ့ ရုပ်နာမ် အာရုံရဲ့ မမြဲပုံကို သိမြင်တဲ့ အနိစ္စာနုပဿနာဉာဏ်တွေလည်း ဖြစ်ပေါ်လာတယ်။ ပေါ်လိုက်၊ ပျောက်လိုက်နဲ့ ဆင်းရဲပုံ ကိုယ်ထဲမှာ အတွေ့ဆိုးကြောင့် အခံဆိုး အနေခက်ပုံ တကယ့်ဒုက္ခစစ်တွေကို သိမြင်တဲ့ ဒုက္ခာနုပဿနာဉာဏ်တွေလည်း ဖြစ်လာတယ်။ ကိုယ့်သဘောအတိုင်း မဖြစ်, သူ့သဘောအတိုင်း သူဖြစ်ပုံကို သိမြင်တဲ့ အနတ္တာနုပဿနာဉာဏ်တွေလည်း ဖြစ်လာတယ်။ ဝိပဿနာမဂ္ဂင်တွေက စပြီးတော့ ဖြစ်လာတယ်။ နောက် မှတ်ရင် မှတ်သလောက် ဝိပဿနာမဂ္ဂင်တွေဟာ အဆင့်ဆင့် အဆင့်ဆင့် တိုးလာတာ။ အဲ နောက်ဆုံး သခ်ါရုပေက္ခာ ဉာဏ်ပိုင်းအထိ ဝိပဿနာမဂ္ဂင် ရှေ့ပြေးမဂ္ဂင်တွေ ပွားနေတာပါပဲ။

အစွန်းတစ်သွယ် ပယ်လိုက်တယ်

အဲဒီလို ရုပ်နာမ်တွေအပေါ်မှာ မမြဲ၊ ဆင်းရဲသဘောပဲလို့ သိမြင်တဲ့ ဝိပဿနာဉာဏ် တော်တော်ကြီး ရင့်သန်အားကောင်းလာပြီဆိုရင် မြင်နေက္ခ၊ ကြားနေက္ခ၊ နံနေက္ခ၊ စားနေက္ခ၊ ထိနေက္ခ အာရုံတွေနဲ့လည်းပဲ တွေ့နေသားပဲ။ မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့နေတာပဲ။ ဒါပေမဲ့လို့ အဲဒီအာရုံတွေကို အကောင်း ထင်ပြီးတော့ သာယာတပ်မက်မှုရာဂ ဖြစ်ပေါ်မလာဘူး။ အဲဒါ ထူးခြားနေတာပဲ။ ပကတိ ပုဂ္ဂိုလ်တွေကတော့ ဒီအာရုံတွေ မြင်သွားလို့ရှိရင် သာယာတပ်မက်မယ်။ အခုယောဂီမှာတော့ ဝိပဿနာဉာဏ်တွေက သန်သန် ဖြစ်နေတော့ သာယာတပ်မက်မှု ပေါ်မလာဘူး။ ပြီးတော့ ဒီအာရုံတွေ ပေါ်မှာလည်း စိတ်အလိုက္ခ လွတ်ထားတာလည်း မဟုတ်ဘူး။ မမြဲ၊ ဆင်းရဲသဘောပဲလို့ သိမြင်တဲ့ ဝိပဿနာဉာဏ်တွေက အခြေခံက စပြီးတော့ အဆင့်ဆင့် အဆင့်ဆင့် ဖြစ်ပြီး ရင့်ကျက်လာတဲ့အခါ သာယာတပ်မက်စရာနဲ့ တွေ့တောင်မှ သာယာတပ်မက်မှု မဖြစ်တော့ဘူး ဆိုလို့ရှိရင် အဲဒါ ကာမ သုခလွှကာနုယောဂ အစွန်းတစ်သွယ်ကို ရှောင်လိုက်တာပဲ။ လွတ်သွားတာပဲ။

http://www.dhammadownload.com

ချက်ချင်း ပြန်လာတာပဲ

သခ်ါရုပေက္ခာ ဉာဏ်ပိုင်းလောက်များ ရောက်လာပြီဆိုရင် မိမိရဲ့ စိတ်ကလေးဟာ ကာမဂုဏ်အာရုံတွေဆီ လွှတ်ပြီးတော့ ရာဂနှိုး ကြည့်တာတောင်မှ မနှိုးဘူး။ ကြက်တောင်မွေးလေးများ မီးနဲ့ ရှို့လို့ရှိရင် တွန့်တွန့် တွန့်တွန့်လာသလို တရားဘက်ပဲ ပြန်တွန့်နေတာပဲ။ ကာမဂုဏ်ဘက် ဆက်သွားတာ မရှိဘူး။ တစ်နည်းအားဖြင့်လည်းပဲ ဒီအခါမှာ ကာမဂုဏ်အာရုံဆီ စိတ်ကလေးတမင်တကာ လွှတ်ကြည့်တာတောင်မှ ချက်ချင်းပြန်ပြန်ပြီးရောက်တာ။ ဘာနဲ့တူသလဲဆိုတော့ BOOMERANG ဆိုတဲ့ လက်နက်နဲ့ တူတာပဲ။ ပစ်လိုက်ရင် တစ်ခါတည်း ချက်ချင်းပြန်လာတာပဲ။ အဲဒီလိုအနေမျိုးတောင် ဖြစ်နေတာ။ ဒီတော့ အင်မတန် သာယာ တပ်မက်စရာကောင်းတဲ့ အာရုံတွေဆီတောင်မှ စိတ်လွှတ်ပြီး နှိုးကြည့်တာတောင်မှ မဖြစ်ဘူးဆိုတော့ ကာမသုခလွှိကာနုယောဂလမ်းစဉ်မှ တစ်ခါတည်း ရှောင်တိမ်းပြီးသား ဖြစ်နေတာပဲ။

အစာငတ်ခံရင်

ဒီလို မရွှိမပဋိပဒါ အကျင့်လမ်းစဉ်လိုက်သူများဟာ သင့်တော်တဲ့ အစားလည်း စားနေတာပဲ။ အဝတ်လည်းပဲ ဝတ်နေတာပဲ။ ကိုယ်တုံးလုံးနေကြတာ မဟုတ်ဘူး။ပြီးတော့ နေရာထိုင်ခင်းလည်းပဲ အိပ်ရာနေရာတွေလည်းပဲ အသုံးပြုနေတာပဲ။ ပြီးတော့ ဣရိယာပုထ်မျှတအောင်လည်းပဲ စင်္ကြန်လျှောက်လိုက်၊ ထိုင်လိုက်၊ လဲလိုက် ဒီလိုလုပ်နေတာပဲ။ အပူအအေး မျှတအောင်လည်းပဲ နေကြတာပဲ။ တကယ်လို့ စားသင့်တာ မစား၊ ဝတ်သင့်တာမဝတ်၊ နေသင့်တဲ့ နေရာမှာ မနေ၊ အပူအအေးမျှတအောင် မနေဘူးဆိုလို့ရှိရင် ခန္ဓာကိုယ် ပင်ပန်းဆင်းရဲသွားမှာ။ အခု ဒီမှာ စားသင့်တဲ့အစာ စားပြီးတော့ မျှတအောင် နေနေကြတာ ဖြစ်တော့ ခန္ဓာကိုယ် မပင်ပန်း၊ မဆင်းရဲဘူး။ အတ္တကိလမထာနုယောဂ အစွန်းတစ်သွယ်ကိုလည်းပဲ ရှောင်တိမ်းပြီးသား ဖြစ်သွားတယ်။ ဒီနေ့ယောဂီတစ်ယောက်ကတောင်မှ ဘုန်းကြီးကို လျှောက်သွားသေးတယ်။ ရသတဏှာတွေ ဖြစ်မှာစိုးလို့တဲ့၊ သူအစာအငတ်ခံတယ်တဲ့။ အဲဒီအစာငတ်ခံတာ

http://www.dhammadownload.com

ကတော့ ကိုယ်ပင်ပန်း ဆင်းရဲတဲ့ အတ္တကိလ မထာနုယောဂ တစ်ဖက်စွန်း ရောက်သွားပါတယ်။

ရည်ရွယ်ချက်

ဒီတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး စားစရာ၊ ဝတ်စရာ၊ နေစရာ ပြီးတော့ လိုအပ်လို့ရှိရင် ဆေးဝါး ပစ္စည်းတွေကို သုံးရပါတယ်။ အပူအအေးမျှတအောင်၊ ဣရိယာပုထ်မျှတအောင် နေရတာဟာ ဒီမှာ ရည်ရွယ်ချက်ကောင်းကောင်း ထွက်လာတယ်။ ခန္ဓာကိုယ် မပင်ပန်း၊ မဆင်းရဲဘူး။ အတ္တကိလမထာနုယောဂ အစွန်းတစ်သွယ် ရှောင်နိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်ကြီး ထွက်လာပါပြီ။

အဲဒီလို ပြင်းထန်တဲ့ အစွန်းတစ်သွယ် ရှောင်နိုင်ဖို့ စားစရာ၊ ဝတ်စရာနဲ့ မလွဲမကင်းသာတဲ့ မြင်စရာ၊ ကြားစရာ၊ နံစရာ၊ စားစရာ၊ ထိစရာ စသည်တွေနဲ့ ကြုံတွေ့တဲ့အခါမှာ သာယာတပ်မက်မှု မဖြစ်ရအောင် မြင်တိုင်းမှတ်၊ ကြားတိုင်းမှတ်၊ နံတိုင်းမှတ်၊ စားတိုင်းမှတ်၊ ထိတိုင်းမှတ်၊ သိတိုင်းမှတ်၊ အကုန်လုံး လိုက်ပြီးတော့ မှတ်နေရတာပဲ။ ခုနက မဂ္ဂင်ရှစ်ပါး အကျင့်တရား ထည့်သွင်းပေးနေရတာ။ ထည့်သွင်းပေးနေတော့ မှတ်ရတဲ့အာရုံက မမြဲ၊ ဆင်းရဲသဘောပဲဆိုတာ သိနေရင် ပိုင်နိုင်စွာ မှတ်မိတဲ့ အာရုံပေါ်မှာ သာယာတပ်မက်မှု ပေါ်မလာတော့ဘူး။ အဲဒီ ကာမသုခလ္လိကာနုယောဂလည်းပဲ မဖြစ်တော့ဘူး။ ဒီတော့ရှုမှတ်ရတာဟာ ကာမသုခလ္လိကာနုယောဂအစွန်းတစ်သွယ်ကို ရှောင်ဖို့ မှတ်ရတယ်ဆိုတဲ့ ရည်ရွယ်ချက် ထွက်လာတယ်။

ဗဟိုလမ်းကြောင်း

အဲဒီတော့ သုံးဆောင်သင့်တဲ့ ပစ္စည်း သုံးဆောင်ခြင်း စသည် ဖြင့် ခန္ဓာကိုယ်မပင်ပန်း၊ မဆင်းရဲအောင်ပြုလုပ်ကာ အတ္တကိလမထာနုယောဂအကျင့်လမ်းစဉ်ကိုလည်း ရှောင်တိမ်းပြီးသား ဖြစ်သွားပြီ။ သုံးဆောင်သင့်တဲ့ အခါမျိုးမှာလည်းပဲ သာယာတပ်မက်မှုမရှိအောင်လို့ ပုဗ္ဗဘာဂမင်္ဂလ်တဲ့ ဝိပဿနာလည်းပဲ ထည့်သွင်းပြီးပြီလို့ဆိုတော့ ဟိုဘက်အစွန်းလည်း မရောက်၊ ဒီဘက်အစွန်းလည်းပဲ မရောက်ဘဲ အစွန်းနှစ်သွယ် လွတ်နေတယ်။ ဒါ ဗဟိုလမ်း

http://www.dhammadownload.com

ကြောင်းကြီးတည့်နေတယ်။ အဲဒါကို ပါဠိလို 'မဇ္ဈိမ'ခေါ်တာပဲ။ အလယ် အလတ်တဲ့။ အဲဒီလမ်းစဉ်အတိုင်း ဆက်သွားလို့ရှိရင် ဆင်းရဲတွေ ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်အထိ ရောက်တာမို့လို့ 'ပဋိပဒါ' လို့ ခေါ်တယ်။ နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကောင်းတဲ့။ နှစ်ရပ်ပေါင်းလိုက်တဲ့အခါကျတော့ 'မဇ္ဈိမ ပဋိပဒါ' အလယ်အလတ် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဆိုတာ ဒါပြောတာပဲ။

ဓမ္မစက္ကပဝတ္တန

အဲဒီအကျင့်တွေ ကမ္ဘာလောကကြီးမှာမရှိစဉ်က သတ္တဝါတွေအသီးသီး ရဲ့စိတ်မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ခေါ်တဲ့ ကြီးစိုးနိုင်တဲ့ စိတ်စွမ်း အင်တရားတွေ မရှိကြတော့ ထင်ရာ၊ မြင်ရာတွေ ဖြစ်ချင်တိုင်း ဖြစ်ကြတာ။ အစွန်းနှစ်သွယ် ရောက်ချင်လည်း ရောက်သွားတာပဲ။ မြတ်စွာဘုရား ဓမ္မ စကြာတရားဟောပြီးတော့ ပဉ္စဝဂ္ဂိငါးဦးတို့ကစပြီး မဇ္ဈိမပဋိပဒါ အကျင့်လမ်း စဉ်လိုက်တော့ သဒ္ဓိန္ဒြေ အစရှိတဲ့ စိတ်စွမ်းအင်တရားတို့ဟာ သဒ္ဓါလည်းပဲ သဒ္ဓါအဆက်ဆက်ဖြစ်၊ ဝီရိယလည်း ဝီရိယအဆက်ဆက်ဖြစ် အဲဒီလိုနည်း အားဖြင့် စက်လည်သလို အဆက်မပြတ်ဖြစ်တတ်တဲ့အတွက် ဓမ္မစက္ကလို့ ခေါ် တယ်။ အဲဒီမှာစပြီးတော့ ပေါ်ပါတယ်။ အဲဒီ ဓမ္မစက်ကို ဝေနေယျ သတ္တဝါ တွေရဲ့သန္တာန်မှာ ဖြစ်စေခြင်း တစ်နည်းအားဖြင့်လည်းပဲ ဖြစ်အောင် တရား ဟောတော်မူခြင်းကို 'ဓမ္မစက္ကပဝတ္တန'လို့ ခေါ်ပါတယ်။

ဟောစရာတွေကတော့ အများကြီးရှိပါသေးတယ်။ အချိန်က လွန် တောင် သွားပြီ။ ဒီ၁နှ့ ဒါပဲ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု

http://www.dhammadownload.com

ဗောဇ္ဈင်တရားတော်

ဗောဇ္ဈင်

စောစောပိုင်းက ဘုန်းကြီးများ ကြေညာခဲ့တဲ့အတိုင်း ဗောဇ္ဈင် တရားကို ဟောပါမယ်။ ယောဂီတစ်ဦးကလည်း ဗောဇ္ဈင်တရားဟောဖို့ တိုက်တွန်းထား တာနဲ့မို့လို့ ဒီနေ့က စတင်ပြီး ဟောပါမယ်။ ရက်ကလည်း သိပ်မရှိတော့ ဗောဇ္ဈင်တရားကို အကျဉ်းချုံးပြီးတော့ ဟောရတော့မှာပဲ။ ဗောဇ္ဈင်ဆိုတာက ဗောဓိ+အင် ဆိုတဲ့ ပါဠိစကားနှစ်လုံး ပေါင်းစပ်ထားတဲ့ ပါဠိဝေါဟာရ တစ်ခု ပါပဲ။ အဲဒီစကားလုံးနှစ်ခုထဲက ဗောဓိဆိုတာ သိသူလို့ အဓိပ္ပာယ်ရပါတယ်။ သိသူဆိုတာ ဘာကို သိသူလဲဆိုတော့ သစ္စာ၄ပါးကို သိသူ။ အင်္ဂဆိုတာက အကြောင်းအင်္ဂါလို့ အဓိပ္ပါယ်ရပါတယ်။ နှစ်ခုပေါင်းစပ်လိုက်တဲ့အခါကျတော့ ဗောဇ္ဈင်္သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါလို့ အဓိပ္ပာယ်ရတယ်။ သစ္စာ လေးပါး သိမှုဆိုတာ သစ္စာလေးပါး သိခြင်းဉာဏ်ကိုပဲ ပြောပါ တယ်။ 'အင်္ဂ' ကတော့ အစိတ်အပိုင်းလို့ အဓိပ္ပာယ်ရတယ်။ နှစ်ခု ပေါင်းစပ်လိုက်တဲ့အခါကျတော့ 'ဗောဇ္ဈင်္' သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းလို့ ခေါ်ပါတယ်။

အရိယာ ဖြစ်မှပဲ

သစ္စာလေးပါး သိသူဆိုတာအလကား သိလာတာ မဟုတ်ပါဘူး။ စာပေ လေ့လာလို့ သိလာတာ မဟုတ်ပါဘူး။ စဉ်းစားလို့ သိလာတာ မဟုတ်ပါဘူး။

http://www.dhammadownload.com

တစ်ညတရားနာလို့ သိလာတာ မဟုတ်ပါဘူး။ သိခြင်း၏အကြောင်းအင်္ဂါရပ်လေးတွေ ရှိပါတယ်။ အဲဒီသိသူ၏အကြောင်းအင်္ဂါလေးတွေ ပြည့်စုံမှ သစ္စာလေးပါးကိုသိသူလို့ဖြစ်လာနိုင်ပါတယ်။ ဒီတော့ အကျိုးတရားတို့မည်သည်မှာ သင့်တော်တဲ့အကြောင်းတရား မကင်းကောင်းဘူး။ ဒီတော့ သစ္စာလေးပါး သိချင်လို့ရှိရင် သိသူဖြစ်ချင်ရင် သူ့ရဲ့အကြောင်းအင်္ဂါတွေ ပြည့်စုံအောင် ကိုယ်က လုပ်ပေးဖို့လိုပါတယ်။ သစ္စာလေးပါး တကယ်သိသူဆိုတာ အရိယာဖြစ်မှပဲ သိပါတယ်။ ပုထုဇဉ်အနေနဲ့ မသိပါဘူး။ တရားရှုမှတ်နေတဲ့ ဝိပဿနာယောဂီတွေလည်း သစ္စာလေးပါး သိတယ်လို့ ဆိုပေမဲ့လို့ တရားဝင် အနေနဲ့ သိတဲ့ အသိမျိုးလည်း မဟုတ်ပါဘူး။ မင်္ဂရဲ့ရှေ့ပြေးအနေနဲ့ ဒီလောက်ပဲ သိပါတယ်။ ဒီတော့ သစ္စာလေးပါးသိသော အရိယာ၏အစိတ်အပိုင်းလို့ ဒီလို အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ ယူနိုင်ပါတယ်။ ဒီတော့ သစ္စာလေးပါး သိမှုဉာဏ်ဆိုတာလဲ အရိယမင်ဉာဏ်ရဲ့အစိတ်အပိုင်းလို့ အဲဒီလို ဆိုနိုင်ပါတယ်။

ဥဒယဗ္ဗယ ဉာဏ်ပိုင်းမှာ

အဲဒီဗောဇ္ဈင်တရားတွေဟာ အရေအတွက်အားဖြင့် ဘယ်နှမျိုးလဲဆိုတော့ ၇ မျိုးရှိပါတယ်။ (၁) သတိသမ္ဗောဇ္ဈင်္ဂက တစ်မျိုး (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် က တစ်မျိုး (၃) ဝီရိယသမ္ဗောဇ္ဈင်္ဂက တစ်မျိုး (၄) ပီတိသမ္ဗောဇ္ဈင်္ဂက တစ်မျိုး (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂက တစ်မျိုး(၆) သမာဓိသမ္ဗောဇ္ဈင်္ဂက တစ်မျိုး (၇) ဥပေက္ခာသမ္ဗောဇ္ဈင်္ဂက တစ်မျိုး အားလုံး ခုနစ်မျိုးရှိပါတယ်။

အဲဒီမှာ အသုံးအနှုန်းတစ်မျိုး ပြောင်းသွားပါတယ်။ 'ဗောဇ္ဈင်' ကနေ 'သမ္ဗောဇ္ဈင်'က ဖြစ်သွားပါတယ်။ စကားလေးတစ်လုံး တိုးလိုက်တာပါ။ အဓိပ္ပာယ်ကတော့ သိပ်မထူးလှပါဘူး။ အဲဒီ ဗောဇ္ဈင် ၇ ပါးဟာ ဝိပဿနာ ဉာဏ်တွေထဲမှာဆိုရင် ဘယ်အပိုင်းမှာ ပီပီသသ စပြီး ဖြစ်လာနိုင်သတုံး ဆိုတော့ ဉာဏ်ဆင်အားဖြင့် ပြောရင်တော့ ဥဒယဗ္ဗယဉာဏ်ပိုင်းမှာ ပီပီသသလေး စပြီး ဖြစ်လာတတ်ပါတယ်။ ရှေ့ပိုင်းဉာဏ်တွေမှာလည်း ဖြစ်သလောက်တော့ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ သိပ်မပီပြင်ဘူး။

http://www.dhammadownload.com

ဘာဝိတာ ဗဟုလီကတာ

အဲဒီတရား ၇ ပါးကို ဘယ်တရားတွေများ ပွားလို့ရှိရင် လေ့လာလို့ရှိရင် ပြည့်ဝလာနိုင်ပါသတုံးဆိုရင်တော့ သတိပဋ္ဌာန်တရား ၄ ပါး ပွားလို့ရှိရင် အလိုလို ပြည့်လာနိုင်ပါတယ်။ ဗုဒ္ဓကိုယ်တော်တိုင်လည်းပဲ "စတ္တာရောမေ ဘိက္ခဝေ သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဟောဇ္ဈင်္ဂါ ပရိပူရေန္တိ"လို့ ဒီလို မိန့်ကြားထားပါတယ်။ အဓိပ္ပာယ်ကတော့ ဘိက္ခုတို့! သတိပဋ္ဌာန်တရား ၄ပါး ကို ပွားများလို့ရှိရင် ကြိမ်ဖန်များစွာ လေ့လာနေလို့ရှိရင် ဗောဇ္ဈင်တရားတွေ အလိုလိုပြည့်စုံစေနိုင်ပါတယ်လို့ အဖြေပေးနိုင်ပါတယ်။ အဖြေပေးနိုင်တဲ့တရား ကတော့ သတိပဋ္ဌာန်တရား ၄ ပါးပါပဲ။ စာအုပ်ထဲက သတိပဋ္ဌာန်တရား ၄ ပါး လား?စဉ်းစားလိုက်တဲ့ သတိပဋ္ဌာန်တရား ၄ ပါးလား? တရားနာကြားရုံနဲ့ သိတဲ့သတိပဋ္ဌာန်တရား ၄ ပါးလား? ဆိုတော့ မဟုတ်ပါဘူး။ ဘာဝိတာ ဗဟုလီကတာ ပွားယူရတဲ့၊ ကြိမ်ဖန်များစွာ လေ့လာယူရတဲ့ သတိပဋ္ဌာန် တရား ၄ ပါးပါ။ ဒါကို ပြောတာပါ။ အခု ယောဂီတွေ တရားအားထုတ်နေတာ ဘာဝိတာ ဗဟုလီကတာ လုပ်နေတာ။ အခု ယောဂီတွေ ကိုယ်ထဲ စိတ်စိုက်ပြီးတော့ လက်ငင်းပေါ်တဲ့ ကိုယ်အမူအရာတွေ၊ ခံစားမှုဝေဒနာ အမျိုးမျိုးတွေ ပြီးတော့ စိတ်ကူးစဉ်းစား၊ ကြံစည်မှု အမျိုးမျိုးတွေ မြင်မှု၊ ကြားမှု အစရှိတဲ့ သဘော အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း မလွတ်စတမ်း လိုက်မှတ်နေတာဟာ သတိသမ္ဗောဇ္ဈင် ဖြစ်ဖို့ပါပဲ။

သတိရဲ့ လက္ခဏာ

အဲဒီ သတိသမ္ဗောဇ္ဈင်ခေါ်တဲ့ သတိမှာ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် အနေအားဖြင့် ၃ မျိုး ထင်ရှားပါတယ်။ အဲဒီ ၃ မျိုးထဲက လက္ခဏာဆိုတာက အပိလာပနလက္ခဏာ၊ သတိ- အမှတ်ရမှုသတိသည်။ အပိလာပနလက္ခဏာ- အာရုံထဲမှာ ပေါလောမပေါ်ခြင်း၊ မြုပ်ဝင်သွားခြင်း လက္ခဏာရှိ၏ဟု ဆိုပါတယ်။ ဖော့များ ရေထဲ ချလိုက်လို့ ရှိရင် ခပ်လျှံလျှံ ခပ်ရှုပ်ရှုပ်လေး မြုပ်ဝင်မသွားဘူး။

http://www.dhammadownload.com

ကျောက်ခဲလေးများ ရေထဲချလိုက်လို့ရှိရင် ပေါလောပေါ မသွားဘူး။ တစ်ခါတည်း မြုပ်ဝင်သွားတာ အဲဒီသဘောမျိုးပဲ။ ရှုမှတ် စိတ်ကလေး ရှုသိတဲ့ အာရုံတွေထဲမှာ ပေါလောမပေါ ဘဲနဲ့ မြုပ်သွားတာပေါ့လေ။ အဲဒီလို ရှုမှတ်တဲ့ မြုပ်မြုပ်သွားတဲ့အမှတ်အသားဟာ သတိရဲ့ သဘာဝ လက္ခဏာပါပဲ။ ပုံစံပြပြီး တော့ သိသာရုံ ပြောရလို့ရှိရင် ဆိုကြပါစို့။ ဝမ်းဗိုက်ကို စိတ်စိုက်ထား၊ ဖောင်းမှု ခေါ်တဲ့ ရူစရာအာရုံလေး ပေါ်လာတယ်။ ပိန်မှုခေါ်တဲ့ရူစရာ အာရုံလေးလဲ ပေါ်လာတယ်။ အဲဒီလို အာရုံလေးတွေ ပေါ်တိုင်းပေါ်တိုင်း အဲဒီရူစရာ အာရုံလေးထဲမှာ စိတ်ကလေး ရှုပ်မသွားဘဲနဲ့ အဲဒီမှာ နစ်ဝင်သွားအောင် စွဲမြဲစွာ ရှုမှတ်ရမယ်။ ဖောင်းမှု ခေါ်တဲ့ တောင့်တင်းလှုပ်ရှား ရွေ့သွားတဲ့ သဘောထဲ ရှုမှတ်တဲ့ စိတ်ကလေး နစ်ခနဲ နစ်ခနဲ ဝင်သွားတာပေါ့လေ။ အဲဒါ သတိရဲ့ သဘာဝ လက္ခဏာပဲ။

သတိရဲ့ ရသ

အဲဒီတော့ သူ့ရွက်ဆောင်ချက် ရသဆိုတဲ့ ကိစ္စကတော့ 'အသမ္မောသန ရသာ'၊ 'သမ္မောသ'ဆိုတာက ပျောက်ဆုံးတယ်လို့အဓိပ္ပာယ်ရတယ်။ 'အသမ္မော သ' ဆိုတာက မပျောက်ဆုံးဘူး။ အပျောက်မခံဘူး။ အာရုံ အပျောက်မခံဘူး။ ဖောင်းမှုပေါ်လာလို့ ရှိရင် အဲဒါလေး အပျောက်မခံဘူး။ ရှုမှတ်တဲ့ စိတ်နယ်ထဲကနေ မပျောက်ရအောင်ပေါ့လေ။ ပြီးတော့ ပိန်မှု ပေါ်လာလို့ရှိရင် အပျောက်မခံဘူး။ အခြားအာရုံတွေလည်း အပျောက်မခံဘူး။ မျက်ခြေမပြတ်ပေါ့။ သူမှာ လိုက်ပြီး မမေ့ရအောင် ပြုလုပ်ပေးတဲ့ ကိစ္စလေးလည်း ထင်ရှားတယ်။ အဲဒါ 'အသမ္မောသနရသ'လို့ ခေါ်ပါတယ်။ ဒီလို သတိရဲ့သဘာဝလက္ခဏာနဲ့ သတိရဲ့လုပ်ဆောင်ချက်လေးတွေဟာ ပီပီသသ ဖြစ်နိုင်ပါတယ်။

သတိရဲ့ အခြင်းအရာ

သူ့အခြင်းအရာက ဝိသယာဘိမုခီဘာဝ ပစ္စုပဋ္ဌာနာ။ "ဝိသယ"ဆိုတာက အာရုံ၊ အဘိမုခ ဆိုတာ ရှေ့ရှု၊ မျက်နှာချင်းဆိုင်တည့်တည့်။ ဟိုကပေါ်လာတဲ့အာရုံနဲ့ ဒီကရှုလိုက်တဲ့အသိ မျက်နှာချင်းဆိုင်တည့်တည့်ပေါ့လေ။ ဖောင်းတာလေး ပေါ်လာရင် ဖောင်းတာလေးနဲ့ ဒီကရှုမှတ်တာလေးနဲ့ မျက်နှာချင်း

http://www.dhammadownload.com

ဆိုင်တည့်နေရမယ်။ ပိန်တာပေါ်လာရင် ဒီက ရှုမှတ်တာလေးနဲ့ တည့်နေရမယ်။ ဒီက ကြိုနေရမယ်။ အဲဒီလို သဘောမျိုးလေး ဘာပဲပေါ်ပေါ် ပေါ်သမျှ ဟာလေးနဲ့ ဒီက ရှုမှတ်တဲ့ စိတ်ကလေးနဲ့ မျက်နှာချင်းဆိုင် ဖြစ်နေရင် (ဝိသယာဘိမုခီဘာဝ) ပေါ်တဲ့ ကြုံတဲ့ဘက်ကို မျက်နှာလှည့်နေတယ်။ တည့်နေတယ်။ အဲဒီလိုအဓိပ္ပာယ်ရပါတယ်။ အဲဒါကြောင့် တည့်အောင် တည့်အောင် မှတ်ပါလို့ ပြောရပါတယ်။

မျက်နှာကို အရင်ဆုံး

အထင်ရှားဆုံးဥပမာကတော့ ခရီးလမ်းကြောင်းတစ်ခုရှေ့ရှုပြီး လာကြတဲ့ ပုဂ္ဂိုလ်ချင်း အနီးကပ် တွေ့တဲ့အခါ မျက်နှာချင်းဆိုင် သွားတဲ့သဘောမျိုးပါပဲ။ ဟိုကလာတဲ့ ပုဂ္ဂိုလ်ရဲ့မျက်နှာနဲ့ ဒီကသွားတဲ့သူရဲ့မျက်နှာဟာ တစ်နေရာတည်းမှာ အနီးကပ်ဆိုင်တွေ့တာ။ အဲဒါ Face to face မျက်နှာချင်းဆိုင် ဆိုတာ အဲဒီသဘောပါပဲ။ လူအချင်းချင်းသိဖို့ဆိုတာ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေထဲမှာ မျက်နှာဟာ အသိသာဆုံးပဲ။ အဲဒီလိုဆိုင်ပြီးတွေ့တဲ့အခါ မျက်နှာကို အရင်ဆုံး ကြည့်ကြတယ်။ သိပ်ထင်ရှားတယ်။ အနီးဆုံးခရီးလမ်းမှာ တွေ့ပါလျက် သူ့ကိုလည်းပဲ ကိုယ်က မကြည့်ဘူးဆိုရင် သူဘယ်သူလဲဆိုတာ မကွဲဘူး။ ဒီတော့ တခြားတစ်ပါး စဉ်းစားပြီး သွားပြန်လို့ရှိရင်လည်း ဘယ်သူဘယ်ဝါကွဲမှာ မဟုတ်ဘူး။ ကွဲကွဲပြားပြား သိဖို့ဆိုတာ ဂရုစိုက်ရတယ်။ ကြည့်ရတယ်။ တည့်တည့် ကြည့်ရတယ်။ ဒါမှ လူလုံးကွဲမှာ။ ဒါလိုပဲ ယောဂီက ပေါ်လာတဲ့ အာရုံနဲ့ ရှုမှတ်တဲ့စိတ် ဆိုင်ဆိုင်ဆိုင်ဆိုင်ပြီးတော့ သွားရတယ်။ တခြားတစ်ပါးလည်း မတွေးရဘူး။ မစဉ်းစားရဘူး။ အဲဒါ သိပ်အရေးကြီးတယ်။ ပထမဆုံး မျက်နှာတစ်ခုလုံးကို စိုက်ကြည့်ရင် မျက်နှာတစ်ခုလုံးကို တွေ့မှာပဲ။

ကာကွယ်ပေးထားတယ်

ဆက်ပြီး လေ့လာရင် အဲဒီမျက်နှာမှာ ထင်ရှားတဲ့ နဖူးတို့ ပါးတို့၊ မေးစေ့တို့ ကွဲလာတယ်။ ဒါလိုပဲ ပေါ်ရာအာရုံလေးတွေကို ရှုမှတ်ပါများရင် အကြမ်း

http://www.dhammadownload.com

စားအာရုံတွေကို တွေ့သိလာမယ်။ ဆက်သာစွဲစွဲမြဲမြဲ ရှုနေလို့ရှိရင် အာရုံထဲမှာ ရှိနေတဲ့သဘောလေးတွေ တောင့်တာလေးတွေ၊ တင်းတာလေးတွေ တွေ့ရလိမ့်မယ်။ တစ်ခုချင်းတစ်ခု နောက်တော့ အမှတ်ရလာမယ်။ သိလည်း သိလာမယ်။ အဲဒီလိုဖောင်းမှုပိန်မှုက စပြီးတော့ ပေါ်တိုင်းအာရုံကို စွဲမြဲစွာ ရှုနေတော့ မျက်နှာချင်းဆိုင်အာရုံမှာ သတိဟာ လွတ်တယ်ကို မရှိဘူး။ သတိလွတ်ရင် စိတ်အစဉ် ကိလေသာတွေ ဝင်မယ်။ ဝင်နိုင်တယ်။ သတိက မလွတ်တော့ စိတ်အစဉ် ကိလေသာတွေ မဝင်ရအောင် သတိက အစောင့်အကြပ် အကာအကွယ် ပေးထားတယ်။ ဩော် သတိလေးရှိလို့ ကိလေသာတွေ မဝင်တာပါလားလို့ ဒီအခြင်းအရာလေးကိုလည်း ယောဂီရဲ့စိတ်မှာသိလာလိမ့်မယ်။ အဲဒါကို အာရက္ခပစ္စုပဋ္ဌာန် စိတ်အစဉ် ကိလေသာ မဝင်ရအောင် ကိလေသာမှ စောင့်ရှောက်ကာကွယ်ပေးထားတယ်လို့ ခေါ်ပါတယ်။

ဒုက္ခမြင်ရင်

အဲဒီလို အခြေအနေရှိတဲ့ သတိဟာ အရှိန်ရ အားပြည့်လာတဲ့အခါကျတော့ ဖောင်းမှုခေါ်တဲ့ တောင့်တင်းလှုပ်ရှားရွေ့သွားတဲ့ သဘောလေးက အစကိုယ်ထဲက ဒုက္ခသစ္စာထိုက်တဲ့ တရားတွေ သိလာတယ်။ ဘာဖြစ်လို့လဲ? မှတ်နေလို့ သိတာ။ ဒုက္ခသစ္စာသိရုံ မဟုတ်ဘူး။ အဲဒီအခိုက်အတန့်မှာ သာယာမှုတဏှာဒုက္ခဖြစ်ခြင်းရဲ့အကြောင်းဟာ ပေါ်မလာတော့ဘူး။ နောက်အသိလေးတွေ ဖြစ်လာတဲ့အခါ အဝိဇ္ဇာကအစ ကိလေသာတွေလည်း ချုပ်လာတယ်။ တဒင်္ဂ နိရောဓ ဆိုတာ ဖြစ်လာတယ်။ ရှုမှတ်တဲ့စိတ်ထဲမှာ ဓာတ်ခွဲကြည့်လိုက်လို့ရှိရင် လောကီမဂ္ဂသစ္စာထိုက်တဲ့ တရားတွေလည်းပဲ ဒီထဲမှာ ပါနေတယ်။ "ဒုက္ခမြင်ရာ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး" ဆိုတာပေါ့လေ။ ဝိပဿနာမဂ္ဂင်အခိုက်အတန့်မှာ ဒုက္ခသစ္စာမြင်သိသူဟာ ဒုက္ခသစ္စာ မြင်တာနဲ့ပဲ ကျန်သစ္စာ ၃ ပါး မြင်မှုပြီးသွားတယ်။ သိသွားသူရဲ့ အကြောင်းအဂိါဆိုတာ အဲဒါပါပဲ။ တစ်နည်းအားဖြင့်လည်း သစ္စာလေးပါးသိခြင်းရဲ့ အစိတ်အပိုင်း တစ်ခုဆိုတာ ဒီမှာ ထင်ရှားလာတယ်။

http://www.dhammadownload.com

သစ္စာဖြစ်ကြောင်းများ

အဲဒီသတိသမ္မောဇ္ဈင်ဖြစ်ရာမှာ ဘုရားအလိုတော်ကျကတော့ အကြောင်းတစ်ခုတည်းပဲ ရှိပါတယ်။ အဲဒီအကြောင်းကတော့ အရှိန်မပြတ် ရှုမှတ်မှုသတိပါပဲ။ အဲဒီသတိဟာ နောက်အားကောင်းတော့ သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတွေပဲတဲ့။ ရှေ့ပိုင်းက အမြဲမပြတ် မှတ်ခဲ့တဲ့ဟာတွေဟာ ဥဒယဗ္ဗယ ဉာဏ်အစပိုင်းလောက်မှာ သတိသမ္မောဇ္ဈင်ဖြစ်ဖို့ အကြောင်းတွေလို့ ဆိုလိုတယ်။ အဋ္ဌကထာအလိုကတော့ အကြောင်းလေးချက် ရှိပါတယ်။ အဲဒီအကြောင်းလေးချက်က သတိသမ္မဇ္ဈင် အမြဲယှဉ်ရမယ်တဲ့။ မြတ်စွာဘုရားဟောတာနဲ့ တစ်ထပ်တည်းလိုပါပဲ။ သတိဆိုတာက ကိုယ်ထဲက ပေါ်လာသမျှတွေ ပေါ်ဆဲ လိုက်ပြီး မလွတ်တမ်း လိုက်ရှုတာပါပဲ။ ရှေ့ တိုး၊ နောက်ဆုတ်၊ တည့်တည့်ကြည့်၊ ဘေးကြည့်၊ ကွေးတာ၊ ဆန့်တာ စသည်ဖြင့် သမ္မဇညရှိရပါတယ်။ အဲဒါ သတိဖြစ်ခြင်းရဲ့အကြောင်းတရားအနေနဲ့ ပြပါတယ်။ ပြီးတော့ နောက်တစ်ခုက သတိမေ့တတ်တဲ့ ပုဂ္ဂိုလ်ကို မမှီဝဲရဘူးတဲ့။ အားမကိုးရဘူးတဲ့။ အဲဒါ ဒုတိယအကြောင်းအနေနဲ့ ပြပါတယ်။ ဟုတ်တယ်လေ ကိုယ်က သတိရှိချင်ပြီ ဆိုလို့ရှိရင် သတိမေ့တတ်တဲ့ ပုဂ္ဂိုလ်ကိုသွားပြီး အားကိုးလို့ရှိရင် ဘယ်ရမှာလဲ။ အဲဒီပုဂ္ဂိုလ်ကို ရှောင်ရမယ်တဲ့။ သတိကောင်းတဲ့ပုဂ္ဂိုလ်ကို မှီဝဲရမယ်တဲ့။ အဲဒါ တတိယအကြောင်းပဲ။ နောက်ဆုံးစတုတ္ထအကြောင်းကတော့ သတိဖြစ်ရင် တော်ပြီ သတိဖြစ်ရေးအတွက် အရေးကြီးတယ်လို့ သတိ ဖြစ်ရေးမှာ အလေးထားပြီး စွဲစွဲမြဲမြဲ အမြဲတမ်း စိတ်ကလေး ကိုင်းညွှတ်ထားရမယ်။ အဲဒီလိုကိုင်းညွှတ်တာဟာ သတိဖြစ်ခြင်းရဲ့ အကြောင်းတွေလို့ အဋ္ဌကထာမှာ အကြောင်းလေးမျိုး ပြထားတယ်။

သတိဖြစ်ရေး အလေးထားရမယ်ဆိုတော့ တခြားကိစ္စတွေကို စွန့်လွှတ်ထားနိုင်မှ ဖြစ်မယ်။ အခြားလူမှုရေးကိစ္စတွေက အများကြီးပဲ လူမှုဆက်ဆံရေးအရ မလိုအပ်ဘဲနဲ့ ဆောင်ရွက်တဲ့ကိစ္စတွေ အများကြီးပါပဲ။ ဒီမှာ တရားယောဂီဆိုလို့ရှိရင် စာရေးတာတို့၊ စာကြည့်တာတို့၊ စာဖတ်တာတို့ စသည်ပေါ့

http://www.dhammadownload.com

လေ။ ဒါမျိုးတွေ အစားအသောက် မလိုအပ်ဘဲ အလေးထားတာတို့ ဒါမျိုးတွေပေါ့။ အဲဒီလို ဆိုလို့ရှိရင် သတိကို ဦးစားပေးတဲ့အနေမျိုး မဟုတ်တော့ပါဘူး။ အဲဒီဟာတွေကို စွန့်ပြီး သတိဖြစ်ရေးသာ အရေးကြီးတာပဲလို့ ပြောတာပါ။

ဒီနေ့ ဒါပဲ တော်ကြဦးစို့။ အချိန်စေ့သွားပြီ။ အချိန်တောင် နည်းနည်းလွန်သွားပြီ။

သာဓု. . . သာဓု. . . သာဓု. . . ။

ကိုယ်စီ လက္ခဏာ

ဒီနေ့ ဗောဇ္ဈင် ၇ပါးထဲက ဒုတိယမြောက် ဓမ္မဝိစယသမ္ဗောဇ္ဈင်အကြောင်း ဟောပါမယ်။ ဓမ္မဝိစယဆိုတဲ့ စကားစုမှာ ဓမ္မနဲ့ ဝိစယ နှစ်ခု ပေါင်းစပ်ထားပါတယ်။ အဲဒီထဲက ဓမ္မဆိုတာ ရုပ်ဓမ္မ နာမ်ဓမ္မတွေကို ပြောပါတယ်။ ရုပ်ဓမ္မ နာမ်ဓမ္မဆိုတာကလည်း သဘာဝကိုယ်စီ လက္ခဏာလေး တွေကို ဆိုပါတယ်။ ဝိစယဆိုတာကတော့ ခွဲခြား စိစစ် သိမြင်တာပါပဲ။ နှစ်ခုပေါင်းစပ်လိုက်တဲ့ အခါကျတော့ 'ဓမ္မဝိစယ' ရုပ်ဓမ္မ နာမ်ဓမ္မတွေကို ခွဲခြားစိစစ် သိမြင်ခြင်းလို့ ဒီလို အဓိပ္ပာယ်ရပါတယ်။ ဒီနေရာဌာနမှာ ဓမ္မရဲ့ရသင့်တဲ့အဓိပ္ပာယ် ရှေးဦးစွာ ရှင်းပြပါဦးမယ်။ 'ဓမ္မ'ဟာ သဘာဝလို့ ကျမ်းဂန်ထဲမှာ ဖွင့်ပါတယ်။ သဘာဝဆိုတာ ကိုယ်စီကိုယ်စီရှိနေတဲ့ဟာလေးတွေကို သဘာဝ ခေါ်ပါတယ်။ 'သကော ဘာဝေါ သဘာဝေါ' သကော= ကိုယ်စီ ကိုယ်စီဖြစ်သော။ ဘာဝေါ= ဖြစ်ရှိနေတဲ့အရာ၊ သဘာဝေါ= ကိုယ်စီ ကိုယ်စီ ဖြစ်ရှိနေတဲ့အရာ။ အဲဒါကို သဘာဝ ခေါ်တယ်။ ဒီရုပ်ဓာတ်ကြီးလေးပါးထဲမှာ ပထဝီဓာတ်ဆိုရင် ခက်မာ ကြမ်းတမ်းတဲ့သဘော၊ အာပေါဓာတ်ဆိုရင် ယိုစီး ဖွဲ့တွဲတဲ့သဘော၊ တေဇောဓာတ်ဆိုရင် ပူနွေးအေးတဲ့သဘော၊ ဝါယောဓာတ်ဆိုရင် တောင့်တင်းလှုပ်ရှားတဲ့သဘော။ ဒါတွေဟာ ကိုယ်စီကိုယ်စီ တည်ရှိနေတဲ့ အရာတွေပါပဲ။ အဲဒါ သဘာဝလက္ခဏာခေါ်တယ်။ စိတ်မှာဆိုရင် အာရုံသိတတ်တဲ့သဘော၊ ဖဿမှာဆိုရင် အာရုံထိတွေ့တဲ့သဘော၊ ကိုယ်စီ ကိုယ်စီ လက္ခဏာပဲ။ အဲဒါ ဓမ္မလို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ဓမ္မ ဝိစယ

ပိုပြီးတော့ လက်တွေ့ကျအောင် ပြောရရင် ဝမ်းဗိုက်မှာ ဖောင်းတိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း ပိန်တိုင်း ရှုမှတ်လို့ တွေ့ရတဲ့ ဖောင်းမှု၊ ပိန်မှု တောင့်တင်းရွေ့သွားတဲ့သဘောလေးတွေဟာ ဝါယောဓာတ်ရဲ့သဘာဝလက္ခဏာပါပဲ။ မှတ်တိုင်း၊ မှတ်တိုင်း တောင့်တင်းတဲ့သဘော၊ လှုပ်သဘော၊ ရွေ့သဘောလေးတွေသိနေရင် ဒါ ဓမ္မဝိစယခေါ်တယ်။ ဝါယောဓာတ်ရဲ့သဘာဝလက္ခဏာကို ခွဲခြမ်းစိစစ်ပြီးတော့ သိနေရပါတယ်။ ပြီးတော့ တစ်ခါတစ်ခါ ပူတာလေးတွေ ပေါ်လာ၊ ပေါ်တာလေးတွေ စိုက်မှတ်တော့ ပူတာလေးက တစ်ခု၊ သိတာလေးတစ်ခု အဲဒီလို ရုပ်နဲ့နာမ် ကွဲကွဲပြားပြား ခွဲခြားပြီး သိလာတယ်။ အဲဒါ ဓမ္မဝိစယ ခေါ်တယ်။ ပိုပြီး ပီသတာကတော့ ဥဒယဗ္ဗယဉာဏ်မှာ ပိုပြီးသိသာတယ်။ ဓမ္မရဲ့ကိုယ်စီသဘာဝတွေကို သရုပ်ဖော်ပြီးတော့ ပြည့်ပြည့်စုံစုံ ရှင်းပြရမယ်ဆိုလို့ရှိရင် ကျန်တဲ့ရက်ကလေးတောင်မှ လောက်မှာ မဟုတ်ဘူး။ ဒီတော့ နမူနာလောက်ပဲ ပြောပါရစေတော့။

တူညီသဘာဝ

နောက် ရှုမှတ်တာမျှားလို့ သဘာဝလက္ခဏာတွေကို တော်တော်လေး ပြည့်ပြည့်စုံစုံ သိမြင်ပြီးတဲ့နောက်ပိုင်းမှာ နောက်သဘာဝတစ်မျိုးကို သိလာပါတယ်။ အဲဒီသဘာဝတစ်မျိုးကတော့ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတဲ့ အနိစ္စလက္ခဏာ၊ ပေါ်လိုက်ပျောက်လိုက်နဲ့ ဆင်းရဲတဲ့ဒုက္ခလက္ခဏာ၊ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ အနတ္တ လက္ခဏာ၊ ဒီလက္ခဏာ ၃ ခု ပေါ်လာပါတယ်။ အဲဒီ မမြဆင်းရဲခေါ်တဲ့ လက္ခဏာ ၃ ရပ်ဟာ အားလုံးသော ရုပ်တွေနဲ့ ပတ်သက်တူညီနေတာမို့လို့ သူ့ကို 'သမာနော ဘာဝေါ သဘာဝေါ'လို့ ဆိုတယ်။ သမာနော=တန်းတူညီမျှသော၊ မမြဆင်းရဲ သဘောပဲဆိုတဲ့ အနေအားဖြင့် တန်းတူ ညီမျှသော။ ဘာဝေါ= ထင်ရှားသောအရာ။ သဘာဝေါ-မမြဆင်းရဲသဘောအနေအားဖြင့် ထင်ရှားသောအရာ တဲ့။ အဲဒါလည်းပဲ ဓမ္မနောက် ဝိပဿနာတွေဖြစ်လာတဲ့အခါ အဲဒီ တူညီဓမ္မ၊ တူညီသဘာဝတွေလည်း ခွဲခြမ်းပြီးတော့ သိလာတတ်ပါတယ်။ အဲဒီလိုသိတာလည်း ဓမ္မဝိစယ သမ္မောဇ္ဈင်ပါပဲ။

http://www.dhammadownload.com

လက္ခဏာနဲ့ ရသ

ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေဟာ အနတ္တလက္ခဏာ အနေနဲ့ တစ်စိတ်တစ်ပိုင်းတော့ နိဗ္ဗာန်နဲ့ တူတာလေးတွေ ရှိပါတယ်။ ရုပ်နာမ်သခ်ါရတွေလည်း အတ္တ မဟုတ်လို့ အနတ္တလို့ ခေါ်တယ်။ နိဗ္ဗာန်မှာလည်းပဲ အတ္တမရှိဘူး။ နိဗ္ဗာန်ကိုယ် တိုင်လည်း အတ္တ မဟုတ်ဘူး။ အနတ္တချင်းတော့ တူတော့ တူပါတယ်။

ခွဲမယ်ဆိုရင်တော့ ရုပ်နာမ်တွေက အနိစ္စဒုက္ခဖြစ်တဲ့ အနတ္တ၊ နိဗ္ဗာန်ကတော့ နိစ္စ၊ သုခဖြစ်တဲ့ အနတ္တ။ ဝိပဿနာဉာဏ်အခိုက်အတန့်မှာရော အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ဖြစ်တဲ့အခိုက်အတန့်မှာရော သိသိသွားတဲ့ သဘောတွေမှန်သမျှဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါပဲ။ ကျမ်းဂန်များမှာတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို လက္ခဏာအနေနဲ့ဒီလိုပြထားပါတယ်။ ပဇာနနလက္ခဏော ဓမ္မဝိစယော။ ဓမ္မဝိစယ ဆိုတာ ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေရဲ့ သဘာဝလက္ခဏာကိုယ်စီလက္ခဏာလေးတွေကို ခွဲခြမ်းစစ်ဆေးပြီး သိခြင်းလက္ခဏာရှိတယ်လို့ ပြပါတယ်။ အဲဒီဓမ္မတွေကို မသိသေးရင် အဲဒီမသိမှုဟာ အမှောင်နဲ့ တူတယ်။ အဝိဇ္ဇာကို အမှောင်လို့ ဆိုထားပါတယ်။ အမှောင်ထဲမှာ ဘာမှ မမြင်ရပါဘူး။ အလင်းဓာတ်လာမှ ဒီအခန်းမှောင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ကွဲကွဲပြားပြား သိသွားတယ်။ အလင်းဟာ အခန်းထဲမှာ ရှိတဲ့အရာတွေကို ဘာတွေဘာတွေ ပါလို့ ထင်ရှားစေသလို ထို့အတူပဲ ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေကို ခွဲခြမ်း စိတ်ဖြာပြီးတော့ သဘာဝလက္ခဏာ ကိုယ်စီလက္ခဏာအနေနဲ့ရော တူညီလက္ခဏာအနေနဲ့ရော နောက်ဆုံး ကျန်ရှိတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သွားပြီဆိုလို့ ရှိရင် ဒါတွေ ရှိပါလားဆိုတဲ့ အဲဒီသဘောတရားတွေကို မီးမောင်းထိုးပြ လိုက်သလို ရှင်းအောင် အသိဉာဏ်ပြုလိုက်တဲ့ သဘောကို 'ဝိသယောဘာသရသော' လို့ ခေါ်တယ်။ ဆိုင်ရာဆိုင်ရာအာရုံတွေကို ထင်ထင်ရှားရှား မီးမောင်းထိုးပြလိုက်သလိုပဲ ပြတတ်တယ်။ အဲဒါ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရဲ့ ရသပါပဲ။

ပစ္စုပဋ္ဌာန်

အခန်းထဲမှာ အလင်းမရှိသေးလို့ရှိရင် စိတ်ရဲ့တွေဝေရွှပ်ထွေးမှု ဖြစ်ဖွယ်ရာ ရှိပါတယ်။ အလင်းရောက်သွားတဲ့အခါတော့ ဘာမှ စိတ်တွေဝေ ရွှပ်ထွေး

http://www.dhammadownload.com

စရာ မရှိတော့ဘူး။ ဒီလိုပဲ အသိအလင်းဓာတ်က သဘောမှန်တွေကို သူက ထိုးပြတော့ စိတ်ရဲ့ရှုပ်ထွေးမှုတောင် မရှိတော့ဘူး။ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်သေး လားမဟုတ်ဘူးလားလို့ ယုံမှားသံသယတွေ စိတ်ရှုပ်ထွေးမှုတွေ၊ အကြောင်းမဲ့ ဖြစ်တာလား အကြောင်းကြောင့် ဖြစ်တာလားဆိုတဲ့ ရှုပ်ထွေးမှုတွေ၊ မြဲနေ သလား ကောင်းစားနေသလား၊ ချမ်းသာနေသလား၊ ကိုယ်အလိုအတိုင်း ဖြစ် သလား ဆိုတဲ့စိတ်ရဲ့ရှုပ်ထွေးမှုတွေ ဘာမှမရှိတော့ဘူး။ နောက်ဆုံး အငြိမ်း ဓာတ်နိဗ္ဗာန် တွေ့သွားတဲ့အခါ အငြိမ်းဓာတ်ရှိပါသလားလို့ သိသွားတဲ့အခါကျ တော့ ရှိမှရှိပါမလားဆိုတဲ့ စိတ်ရှုပ်ထွေးမှု လုံးဝကင်းသွားပြီး တကယ် သဘော မှန်တွေကို ရှင်းရှင်းလင်းလင်း သိသွားပြီဆိုလို့ရှိရင် 'အသမ္မောဟ ပစ္စုပဋ္ဌာန' ဆိုတဲ့စိတ်ရဲ့တွေဝေရှုပ်ထွေးမှုတွေ မရှိတော့ဘူးတဲ့။ တွေဝေမှုကင်းပြီး ရှင်းရှင်း ကြီး သိတဲ့တရားပဲလို့ ယောဂီရဲ့ သန္ဋာန်မှာ ပေါ်လာတယ်။

ဘုရားရှင်အလိုအရ အကြောင်းတစ်ပါးပဲ

အဲဒီဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းကတော့ မြတ်စွာဘုရား အလိုတော်ကျဆိုရင် တစ်မျိုးတည်းပါပဲ။ တစ်မျိုးတည်းဆိုတာက ရှုမှတ်လို့ အခြေခံရုပ်နာမ်ပိုင်းခြားသိတဲ့ပထမဉာဏ်ကဒုတိယဉာဏ်ဖြစ်ခြင်းရဲ့အကြောင်း၊ ဒုတိယဉာဏ်ကလည်းတတိယဉာဏ်စသည်အဆင့်ဆင့်ဖြစ်ခြင်းရဲ့အကြောင်း ပါပဲ။ လောကမှာ လောကီအတတ်ပညာတွေဆိုတာရှိပါတယ်။ အခြေခံအတတ် ပညာကမဲန အဆင့်ဆင့် အဆင့်ဆင့် တက်သွားတာပါ။ ဒီတော့ အောက်ခြေ အသိဟာ အထက်ဉာဏ်တွေ ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းတွေပဲ ဖြစ်သလို ထို့အတူ အခြေခံ ဉာဏ်ကလေးကစပြီး အဆင့်ဆင့် အဆင့်ဆင့် နောက်ဆုံး ဓမ္မဝိစယအနေမျိုး ရောက်သည်အထိ ဉာဏ်တွေဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတွေပါပဲ။

ပထမအကြောင်း

အဋ္ဌကထာကတော့ ဓမ္မဝိစယ ဖြစ်ခြင်းရဲ့ အကြောင်း ၇ ပါး ပြထားပါ တယ်။ အဲဒီ ၇ မျိုးထဲက ပထမဆုံးကတော့ 'ပရိပုစ္ဆကတာ' ဆိုတာပါပဲ။ ပရိ ပုစ္ဆကတာ = မေးမြန်းသူရဲ့အဖြစ်ဆိုတော့ မေးမြန်းခြင်းပါပဲ။ သိလိုတဲ့ အချက်

http://www.dhammadownload.com

တွေ ပြောနိုင်တဲ့ပုဂ္ဂိုလ်ထဲ ချဉ်းကပ်ပြီးတော့ မေးမြန်းခြင်းပါပဲ။ မေးတယ်ဆိုတာလည်း တရားနဲ့ပတ်သက်ပြီးပြောပါမှ ဓမ္မဝိစယ သမ္မောဇ္ဈင် ဖြစ်ပါတယ်။ လောကနဲ့ သက်ဆိုင်တာတွေကို မေးလို့ကတော့ ဓမ္မဝိစယ သမ္မောဇ္ဈင် မဖြစ်ဘူး။ အဲဒါက ပထမဆုံးအကြောင်းပါပဲ။

ဒုတိယအကြောင်း

ဒုတိယအကြောင်းကတော့ 'ဝတ္ထုဝိသဒကိရိယာ' အတွင်းဝတ္ထုနဲ့ အပြင်ဝတ္ထုတွေ သန့်ရှင်းအောင် ပြုခြင်းတဲ့။ အတွင်းဝတ္ထု သန့်ရှင်းအောင်ပြုခြင်းဆိုတာက ဆံပင်တွေ ရှုပ်ရှုပ်ထွေးထွေးမရှိအောင် လုပ်ခြင်း၊ လက်သည်း ရှည်နေရင် ဖြတ်ခြင်း၊ ချေးညှော်တွေ ထွက်နေရင် ရေချိုးခြင်း၊ ဝမ်းချုပ်ရင် ဝမ်းနုတ်ခြင်း၊ ဒါတွေက အတွင်းသန့်ရှင်းရေး ပြုခြင်းပါပဲ။ အပြင်သန့်ရှင်းရေးဆိုတာက အဝတ်အစားတွေ ချေးညှော်တွေ ထွက်နေလို့ရှိရင် လျှော်ဖွပ်တာ၊ အခန်းတွေ ရှုပ်နေရင် သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းတာ။ အဲဒါ အပြင်သန့်ရှင်းရေးပါပဲ။ အတွင်းသန့်ရှင်းရေး အပြင်သန့်ရှင်းရေးတွေ ရတော့ စိတ်က ထူးထူးခြားခြားကြီး ကြည်သွားတာပါပဲ။ စိတ်ကြည်လင်မှ ဉာဏ်ကထွက်တာ ပွင့်တာ၊ အဲဒါတွေလည်း လိုပါတယ်။

တတိယအကြောင်း

တတိယအကြောင်းကတော့ 'ဣန္ဒြိယ သမတ္တပါဋိပါဒနာ'- ဣန္ဒြေမျှအောင် ညှိပေးရမယ်။ သဒ္ဓါနဲ့ ပညာ မျှနေရမယ်။ ဝီရိယနဲ့ သတိမျှနေရမယ်။ သဒ္ဓါလွန်ကဲပြီး ပညာမပါရင် စိတ်တွေက ကွန့်မြူးတတ်တယ်။ ပညာလွန်ကဲပြီး သဒ္ဓါမပါဘူးဆိုလို့ရှိရင်လည်း ဆွံ့အတတ်တယ်။

ဝီရိယလွန်ကဲနေလို့ ရှိရင်လည်း စိတ်တွေပျံ့လွင့်နေတတ်တယ်။ အာရုံနဲ့ မှတ်စိတ်မထိဘဲ ဖြစ်နေတတ်တယ်။ သက်သောင့်သက်သာလေး မှတ်နေလို့ ရှိရင်လည်း စိတ်က ငြိမ်နေပြီး ထိန်မိဒွတွေ ဝင်လာတတ်တယ်။ အဲဒီတော့ သဒ္ဓါနဲ့ပညာ၊ ဝီရိယနဲ့သမာဓိ မျှနေအောင် ညှိပေးဖို့လိုပါတယ်။ ဒါဟာ ကမ္မဋ္ဌာန်းဆရာတွေ နားလည်ထားဖို့ အရေးကြီးပါတယ်။ ဣန္ဒြေညှိပုံနဲ့ ပတ်သက်ပြီး

http://www.dhammadownload.com

လေးလေးနက်နက် စာတွေ့နဲ့လက်တွေ့ ပေါင်းစပ်ပြီး ပြောဖို့ အများကြီး ရှိပါတယ်။ သို့သော် အချိန်က သိပ်ပြီးတော့ မလုံလောက်တော့ဘူး။

စတုတ္ထအကြောင်း - ပဉ္စမအကြောင်း

စတုတ္ထမြောက်အကြောင်းကတော့ ဒုပ္ပညပုဂ္ဂလ ပရိဝဇ္ဇန တာ။ ပညာမဲ့တဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းတဲ့။ ငါးခုမြောက်အကြောင်းကတော့ ပညဝန္တ ပုဂ္ဂလသေဝနာ။ ပညာရှိပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ရမယ်တဲ့။ အဲဒီပညာရှိ ပုဂ္ဂိုလ်ဆိုတာ စာပညာရှိ ပုဂ္ဂိုလ်လား၊ အတွေးအခေါ်ပညာရှိ ပုဂ္ဂိုလ်လား အတိုင်းအတာကို သိဖို့လိုပါတယ်။ စာပညာရှိနဲ့ အတွေးအခေါ်ပညာရှိထဲ ချဉ်းကပ်လိုက်တော့ စာအသိပဲ ရမှာပေါ့။ အတွေးအခေါ်ပညာပဲ ရမှာပေါ့။ အနည်းဆုံး ဘယ်လောက်အတိုင်းအတာရှိရမယ်ဆိုရင် စာအဆိုကတော့ လက်တွေ့တရားအားထုတ်လို့ ဥဒယဗ္ဗယညာဏ် ပညာရှိတဲ့ ပုဂ္ဂိုလ်ဟာ ပညာရှိ ပုဂ္ဂိုလ်ပဲလို့ ဆိုထားပါတယ်။ ဒီထက် ပိုပြီးတော့ သိလို့ရှိရင် အထူးပြောစရာ မလိုပါဘူး။ ဒီစကားအရဆိုရင် စာသက်သက်နဲ့လည်း တရားပြလို့ မဖြစ်ဘူး။ အတွေးအခေါ်သက်သက်နဲ့လည်း တရားပြလို့မဖြစ်ဘူး။ မတောက်တစ်ခေါက် အားထုတ်ရုံနဲ့လည်း ဆရာလုပ်လို့ မဖြစ်သေးဘူး။ ဆရာလုပ်သော်လည်း ယောဂီရဲ့ အားကိုးရာ မဖြစ်နိုင်ဘူး။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ပညာ မဖြစ်နိုင်ဘူးဆိုတာ ပေါ်လွင်ပါတယ်။

ဆဋ္ဌမအကြောင်း

ခြောက်ခုမြောက်အကြောင်းကတော့ ဂမ္ဘီရညာဏစရိယ ပစ္စဝေက္ခဏာ နက်နဲတဲ့ ဉာဏ်ဖြင့် လေ့လာဆည်းပူးထိုက်တဲ့ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သတိပဋ္ဌာန်တို့ ဗောဇ္ဈင်တို့ဆိုတဲ့ လေးနက်တဲ့ တရားတွေကိုဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း တဲ့။ သူက စာတွေ့ နည်းနည်း ဆန်သွားပါတယ်။

သတ္တမအကြောင်း

နောက်ဆုံးအကြောင်းကတော့ တဒဓိမုတ္တတာ။ ဓမ္မဝိစယ ခေါ်တဲ့ ပညာဖြစ်ရေးမှာ အမြဲတမ်း စိတ်ဟာ ကိုင်းညွတ်ပြီးတော့ ဦးစားပေးရမယ်တဲ့။

http://www.dhammadownload.com

ဆိုလိုတာကတော့ လက်တွေ့အသိဉာဏ်ရရင် တော်ပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအသိဉာဏ်ရဖို့ တစ်ဖို့တည်း ထားရမယ်။ တစ်စိတ်တည်း ထားရမယ်။ ဒီလို သဘောထားပြီးလေ့လာနေတာဟာ ဉာဏ်ဖြစ်ခြင်းရဲ့နောက်ဆုံးခုနစ်ခုမြောက် အကြောင်းပါပဲ။ ဒီစကားအရဆိုရင် လက်တွေ့အသိဉာဏ်ကိုသာ စိတ်ဦးစား ပေးပြီးသိရမယ်ဆိုတော့ အတွေးအခေါ်ဉာဏ်ကို ဦးစားပေးလို့ရှိရင် လက် တွေ့အသိဉာဏ် မရနိုင်ဘူးဆိုတာ ပေါ်လွင်ထင်ရှားပါတယ်။

ဒီမှာ တချို့ယောဂီများဟာ ဉာဏ်ကြီးတဲ့အရှင်သာရိပုတ္တရာနဲ့ ဆွေမျိုး စပ်သလား မသိပါဘူး။ တကယ်သဘောတရားမှန်ကို အလေးပေးရမယ့် အစား အတွေးအခေါ်ကို အလေးပေးတော့ နှောင့်နှေး ကြန့်ကြာနေတာ တွေ့ ရပါတယ်။ အများအားဖြင့် အမျိုးသမီးယောဂီများဟာ အရှင်မောဂ္ဂလ္လာန် ဆွေမျိုးစပ်သူတွေ ဖြစ်ပါလိမ့်မယ်။ အရှင်မောဂ္ဂလ္လာန်ကတော့ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း တန့်ပြီး အားထုတ်တော့ အမြန်ဆုံး နေရာကျသွားတာ ပါပဲ။ ဒါတွေဟာ သင်ခန်းစာယူစရာတွေပါ။

ဒီနေ့ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

ဝိရိယဟူသည်

သုံးခုမြောက် ဝိရိယသမ္ဗောဇ္ဈင်ကို ဟောပါမယ်။ ဝိရိယသမ္ဗောဇ္ဈင်ဆိုတဲ့ စကားမှာ သမ္ဗောဇ္ဈင် (သို့) ဗောဇ္ဈင် ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ရှင်းပြီးပါပြီ။ ဝိရိယဆိုတဲ့ စကားကိုပဲ အဓိပ္ပာယ် ရှင်းရမှာပဲ။ ရှေးဦးစွာ ယောဂီတို့အနေနဲ့ နားလည်ထားဖို့ကတော့ ရှုမှတ်ချက်တိုင်းမှာ ပါဝင်နေတဲ့ မလျော့မလွန် ညီမျှ စွာ အားထုတ်မှုကို ခေါ်တာပဲ။ ကြောင့်ကြစိုက်မှု၊ စိတ်အားစိုက်မှု၊ လုံ့လဝိရိယ ကိုပဲ ဒီနေရာဌာနမှာ ဝိရိယသမ္ဗောဇ္ဈင် လို့ ခေါ်ပါတယ်။ ငုပ်နေတဲ့ အဓိပ္ပာယ် ကတော့ ဝိရာနံ ဘာဝေါ ဝိရိယံ၊ ဝိရာနံ -ရဲရင့်သော ပုဂ္ဂိုလ်တို့၏၊ ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ ရဲရင့်ခြင်းအမူအရာသည်၊ ဝိရိယံ-ဝိရိယမည်၏လို့ ကျမ်း ဂန်များမှာ အနက်ဖော်ထားပါတယ်။ လုံ့လဝိရိယရှိတဲ့ ပုဂ္ဂိုလ်ဟာ မည်သည့် ကိစ္စမျိုးမဆို ထိထိကိစ္စကို ဆောင်ရွက်ရာမှာ ရဲရင့်တတ်ပါတယ်။ အဲဒါကြောင့် ရဲရင့်ခြင်းရဲ့ ဖြစ်ကြောင်းဆိုရင် ဝိရိယပဲ ယူရမှာပါပဲ။

http://www.dhammadownload.com

ဝီရိယရဲ့ လက္ခဏာ

ပြီးတော့ ဝီရိယရှိသူဟာ တစ်စုံတစ်ခုသောအလုပ်ကိုပြုရသည့်အတွက် တွေ့ရမယ့် ကိုယ်စိတ်ဆင်းရဲကို မကြောက်မရွံ့ သည်းခံနိုင်ပါတယ်။ ဒါကြောင့် ကျမ်းဂန်များမှာ ဥဿဟ လက္ခဏံ ဝီရိယံလို့ ဝီရိယ၏ လက္ခဏာကို ပြထားပါတယ်။ ဝီရိယံ - ဝီရိယသည်။ ဥဿဟလက္ခဏံ - ရမည့်ဆင်းရဲကို အံခဲပြီး ကြိတ်ခဲပြီး သည်းခံခြင်း လက္ခဏာရှိတယ်လို့ ပြထားပါတယ်။ ဥဿာဟဆိုတဲ့ စကားစုမှာ ဥနဲ့ သဟန၊ ဥသဟန လက္ခဏံ၊ ဥက ဒုက္ခကြြလာလို့ရှိရင် သဟန - သဟ သည်းခံခြင်းလို့ အဓိပ္ပာယ်ရတယ်။ အခု မိမိတို့ ကိုယ်ရေးကိစ္စ ဆောင်ရွက်တဲ့အခါမှာပဲဖြစ်စေ အထူးအားဖြင့် အခုလို သီလတွေ ပြည့်စုံပြီးတော့ စိတ်ဓာတ်တွေမြင့်တင်ပေးတဲ့ အသိဉာဏ်ပွင့်လင်းစေတတ်တဲ့ အလုပ်မျိုးလုပ်တဲ့အခါမှာပဲဖြစ်စေ အစစအရာရာလူမှုချမ်းသာတွေကို စွန့်ခဲ့ရတယ်။ ကာမဂုဏ်ချမ်းသာတွေကို စွန့်ခဲ့ရတယ်။ အဲဒါတွေ သည်းခံရတာလည်း မသက်သာဘူး။ ဒီရောက်တဲ့အခါကျတော့လည်း ခြိုးခြံပြီးတော့ အိပ်ရတာကိုး။ အစားအသောက်လည်း ခြိုးခြံတယ်။ အစစအရာရာ စိတ်ကို ချုပ်တည်းပြီးတော့ အပြင်မှာ နေတုန်းကလို လွတ်လွတ်လပ်လပ် မရှိဘူး။ ပြီးတော့ တရား အားထုတ်တဲ့အခါမှာလည်းပဲ မခံသာမှုတွေ ပေါ်လာတယ်။ ဒါဟာ တရားအားထုတ်ခြင်းကြောင့် ရနိုင်တဲ့ ဆင်းရဲတွေပဲ။ အဲဒီ ဆင်းရဲတွေ ပေါ်လာလို့ရှိရင် သည်းခံတာ အဲဒါဟာ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်မှ သည်းခံနိုင်တာ၊ ဒါကြောင့် အဲဒီ လက္ခဏာလေးကို ကြည့်ပြီးတော့ ရသည့်ဆင်းရဲ အံကြိတ်ခံသည်လို့ ကျမ်းဂန်များမှာ ယောဂီဉာဏ် ဖြစ်နေတဲ့ သဘာဝကို ကြည့်ပြီးတော့ ဖော်ပြထားပါတယ်။

ဝီရိယရဲ့ ရသ

ယောဂီအဖြစ်နဲ့ ဒီရောက်တဲ့အခါကျတော့ ထိုင်ပြီးတော့ တစ်ခဏလေးကြာလို့ရှိရင် ဟိုနားယားလိုက် ဒီနားကိုက်လိုက်၊ ပူလိုက် ခဲလိုက် ဒါတွေ ဖြစ်လာတယ်။ ဖြစ်လာတော့ နဂိုက ဝီရိယအလျဉ်းမရှိသူ၊ ရှိပေမဲ့ ဝီရိယနည်းသူဟာ သတ္တိကြောင်ပြီး စိတ်အားတွေ နည်းလာတယ်။ လျော့သွားတယ်။ ကိုယ်

http://www.dhammadownload.com

ဒုက္ခဝေဒနာတွေ တွေ့ပြီဆိုရင် အဲဒီဒုက္ခဝေဒနာတွေ က စိတ်ကို ညို့အောင် အားနည်းအောင် လုပ်လိုက်တော့ စိတ်ဟာ ပြိုကျသွားတယ်။ အဲဒီလိုဟာမျိုးမှာ ကိုယ်ပိုင်အသိစိတ်ဓာတ်နဲ့ အထောက်အကူမပြုရင် လျော့ကျသွား ပြိုကျသွားတာပဲ။ အဲဒီတော့ ဆက်ကာ အားပေးမယ့်သူ မရှိလို့ရှိရင် တရားမွေအရဆုံးမခြင်းနဲ့ အားမပေးလို့ရှိရင် ပြိုကျသွားတော့ ပြန်ပြီး နာလန်မထူတော့ဘူး။ ခွေကျသွားတာပဲ။ ယိုင်ကျသွားတာပဲ။ ဥပမာ ဘာနဲ့တူသလဲဆိုတော့ လဲပြိုခါနီး အိမ်ကြီးများ ကျားထောက် မပေးလို့ရှိရင် နည်းနည်းတွန့်လိုက်တာနဲ့ ထိလိုက်တာနဲ့ ပြိုလဲသွားတာပဲ။ ဒီအခါမှာ အဲဒီလဲပြိုခါနီး အိမ်ကြီးကို ကျားတိုင်က မလှုပ်မပြိုရအောင် ထောက်ကန်ထားသလို'ကိုယ်နာရင် နာပါစေ၊ သေရင် သေပစေ မလျှော့ဘူးဟာ'ဆိုပြီးတော့ ကိုယ့်စိတ်ကိုပြန်တင်းရတယ်။ ပြန်တင်းရတဲ့အခါ လျော့ရဲ လဲပြိုခါနီး စိတ်ဟာ ပြန်တောင့်သွားတယ်။ ဆရာတွေက အားပေးလိုက်လို့ရှိရင် ပြန်တောင့်သွားတယ်။ အဲဒါဟာ ဥပထမ္ဘနရသလို့ခေါ်တယ်။ ထောက်တိုင်လာ စိတ်ကြာခိုင်သည်တဲ့။ လဲပြိုခါနီးအိမ်ကြီးကို တုတ်နဲ့ ထောက်ထားတဲ့အခါ ကျားနဲ့ထောက်ထားတဲ့အခါ ပြန်တောင့်သွားသလိုပေါ့။ စိတ်နဲ့ပြန်ပြီးတော့ တင်းလိုက်တဲ့အခါမှာ စိတ်ဟာ ပြန်ပြီးတော့ တောင့်လာတယ်။ အဲဒါဟာ ဝီရိယရဲ့ကိစ္စ။

အားပေးရတယ်

အဲဒီလို ဝီရိယရဲ့အထောက်အကူပြုလိုက်တဲ့အခါ ရှုမှတ်တဲ့စိတ်တွေဟာ ထထကြွကြွ ဖြစ်လာတာ။ (ဒီမှာ ယောဂီတွေရဲ့ကိုယ်တွေ့ ဖြစ်ပါလိမ့်မယ်)။ အထူးကတော့ တချို့Chronic ရောဂါရှိတဲ့ပုဂ္ဂိုလ်များ ရောဂါအကြောင်းပြုပြီးတော့ ပြည့်ပြည့်ဝဝ အားမထုတ်နိုင်တော့ စိတ်အားငယ်တာတွေ တွေ့ရပါတယ်။ တချို့ယောဂီများလည်း နဂိုက ခပ်လျော့လျော့ အားထုတ်နေတော့ အချိန်က တဖြည်းဖြည်း လွန်လာတယ်။ ကုန်ကုန်လာတယ်။ ကုန်လာတော့ တစ်နေ့လာလည်း ဒီလို အခြေအနေ တစ်နေ့လာလည်း ဒီလို အခြေအနေ ကြာတော့ အားငယ်လာတယ်။ နောက်ဆုတ်ချင်တဲ့၊ တရားကထွက်ချင်တဲ့စိတ်တွေလည်း ပေါက်တယ်။ မကြာခဏလည်းပဲ ဘုန်းကြီးကို

http://www.dhammadownload.com

လာလာပြီးတော့ လျှောက်ကြတယ်။ ဒါပေမဲ့ အကြောင်းအားလျော်စွာ စိတ်အားတွေ မြင့်မားသွားအောင်လို့ တိုးတက်သွားအောင်လို့ လဲပြိုခါနီးအိမ် ကျားထောက်ပေးသလို တရားတွေ များများဟောပေးလို့ရှိရင် မျက်နှာတွေ ကြည်ရွှင်ပြီးတော့ အားလေးတွေ တက်လာတာ။ ဒီလိုနဲ့ပဲ တဖြည်းဖြည်းနဲ့ နေရာကျသွားတာ။

စိတ္တာ ဘိက္ခုနီ

စိတ်အားတက်ပုံတွေနဲ့ စပ်ပြီးတော့ ဘုရားလက်ထက်တော်ကာလက စိတ္တာဘိက္ခုနီမအကြောင်း နည်းနည်းအကျဉ်းချုံးပြီးတော့ ပြောပါရစေ။ သူဟာ ရုပ်နာမ်ဆင်းရဲတွေကို မြင်ပြီးတော့ သံဝေဂနဲ့ ဘဝလွတ်မြောက်ရေး ရည်မှန်းပြီးတော့ ဘိက္ခုနီမအဖြစ်ကို ခံယူနေတယ်။ ဒါပေမယ်လို့ သူမှာ ကျန်းမာရေးက မပြည့်စုံရှာတော့ ကျန်းမာရေး ကောင်းတဲ့ ပုဂ္ဂိုလ်တွေလို ပြည့်ပြည့်ဝဝ အားမထုတ်နိုင်ရှာဘူး။ တစ်နေ့တစ်နေ့ ပိန်ပိန် ပိန်ပိန်ပြီးတော့ လာတယ်။ နောက်တော်တော်လေး အရွယ်ကျသွားတော့ ဟိုဟိုဒီဒီသွားတဲ့အခါမှာ တောင်ဝှေးနဲ့ သွားရတယ်။ တစ်ခါ တစ်ခါ ကျန်းမာရေး ကောင်းလာလို့ရှိရင် ဖိအားထုတ်လိုက်၊ တရားကလည်းပဲ မပြည့်မြောက်သေးလို့ ပုံကျသွားလိုက်၊ အားနည်းသွားလိုက်၊ တစ်ခါတစ်ခါ ကျန်းမာရေးကောင်းလာလိုက်၊ အားနည်းသွားလိုက် ဒီလိုပဲ တက်ချည်ကျချည် ဖြစ်နေတာ။ တခြားတခြား ဘိက္ခုနီမတွေကတော့ ကျန်းမာရေး ဂရုစိုက်ပါ၊ နားနားနေနေ လုပ်ပါလို့ ပြောပေမယ်လို့ မနားယူဘူး။ သူတရားပဲ သူ ဆက်အားထုတ်နေတာပဲ။ နောက် စွန့်စားပြီးတော့ အားထုတ်လို့ တရားထူးရသွားပုံလေး ပြောပါမယ်။

ရုပ်ကသာ ပိန်၊ အားနည်းသွားပေမယ်လို့ စိတ်ကတော့ မပိန်၊ အားမနည်းသွားဘူး။ စိတ်ဓာတ်တွေက ခိုင်မာလျက် ရှိနေတယ်။ အခြား အခြား ဘိက္ခုနီမတွေက ကန့်ကွက်ပေမယ်လို့ မနားယူဘဲနဲ့ သူက တစ်ချိန်မှာ သူ့ကိုသူ ဆုံးမပြီးတော့ သူ့စိတ်ကို တက်တက်ကြွကြွဖြစ်အောင် အားပေးပြီးတော့ ဒီလို သူက ဆုံးဖြတ်ချက်ချတယ်။ ဒီနေ့တော့ ပြင်းပြင်းထန်ထန် အားထုတ်ခြင်းဖြင့် လူသေရင် သေပါစေ၊ လူမသေရင်လည်း ကိလေသာ သေစေရမယ် ဆိုပြီး

http://www.dhammadownload.com

တော့ တောင်ကုန်းလေးပေါ်မှာ တက်ပြီး အားထုတ်ပါတယ်။ တောင်ပေါ် သို့ တက်သွားတဲ့အခါမှာလည်း ဖြည်းဖြည်းသာသာ တောင်ဝှေးလေးကို ထောက်ကာထောက်ကာနဲ့ တက်သွားရတယ်။ တစ်ခါတစ်ခါဆိုရင် လေးဖက်ထောက်ပြီး တက်သွားရတယ်။ အဲဒီပေါ်ကို ရောက်တဲ့အခါမှာလည်းပဲ ဆုံးဖြတ်ချက်ချတယ်။ ဒီနေ့ ကိလေသာတွေ သေစေရမယ်၊ အပြတ်ချမယ် ဆိုတဲ့အနေနဲ့ အားထုတ်လိုက်တာ နဂိုကလည်း အမှတ်မလွတ်တာကိုး။ အမြဲမပြတ် မှတ်နေတာ။ တရားထူးမရတာဘဲ ရှိပါတယ်။ ဝိပဿနာ သတိ၊ သမာဓိတွေ ကတော့ တော်တော် ကောင်းနေပြီးသားကိုး။ စိတ်ပြင်းပြင်းထားပြီးတော့ အားထုတ်လိုက်တာ တစ်ခဏလေးပဲ ကိလေသာကုန်ခန်း ရဟန္တာတောင် ဖြစ်သွားတယ်။ အားတွေကို ပြည့်သွားတာပဲ။ နဂိုက ချည်နဲ့နဲ့ တက်သွားတာ အပြန်ကျတော့ သန်သန်စွမ်းစွမ်းနဲ့ ပြန်လာတာ ဘယ်လို အားတွေ ရောက်လာမှန်းမသိဘူး။ သူမျက်နှာတွေကလည်း ဝင်းလို့ကြည်လို့ အဲဒီအခြေအနေကို မြင်နေရတဲ့ ဘိက္ခုနီမတွေက သိပ်အံ့သြနေတာပဲ။ ရှင်မ စောစောပိုင်းက ကြည့်ရတာ တစ်မျိုး အခုတစ်မျိုး ဘယ်လိုလဲပေါ့လေ။ အဲဒီလို မေးမြန်းတဲ့အခါမှာ သူ့ရဲ့စွန့်စားခန်းတွေ ပြောပါတယ်။ ဝိုင်းပြီး ခိုးကျူးကြတယ်။ သာဓုခေါ်ကြတယ်။

ဝိရိယ တန်ဖိုး

မြတ်စွာဘုရားကိုယ်တိုင်လည်း ဟောထားတာပဲ။ တစ်နည်းအားဖြင့် ရနိုင်တဲ့အကျိုးတွေကို ရရှိရေးအတွက် လုံ့လဝီရိယထားတဲ့ ပုဂ္ဂိုလ်ဟာ ကြိုးစားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ မကြိုးစားဘဲနဲ့ အသက်တစ်ရာ အလကားသက်သက် ဖြစ်နေတဲ့ပုဂ္ဂိုလ်ထက် တစ်ရက်သာလေးမျှ ကြိုးစားအားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းဟာ သာလွန်ပြီး တန်ဖိုး ရှိပါတယ်တဲ့။ ဝိရိယရဲ့ တန်ဖိုးတွေကို ဓမ္မပဒမှာ ဒီအတိုင်း ဟောထားပါတယ်။

ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော၊
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ဝီရိယ မာရဘတော ဒဠှံ။

http://www.dhammadownload.com

ယောဂီတွေ ဒီမှာ နေ့တိုင်းနေတိုင်း ကိလေသာလက်မခံ ပယ်လှန်နိုင်အောင်ဆိုပြီး ကြောင့်ကြစိုက်ပြီး ရှုကွင်းအာရုံမှာ စိတ်ကလေး အမြဲတစေ ရောက်ရောက်နေအောင် ဆိုပြီး ကြောင့်ကြစိုက်နေကြတာ၊ ဒါ ပုံမှန် ဝိရိယတွေပေါ့။ တစ်ခါတစ်ခါ အခက်အခဲနဲ့ တွေ့လာလို့ရှိရင် အဲဒီ အခက်အခဲကို သည်းခံပြီး ကျော်လွန်တဲ့အထိ ဇွဲလုံ့လ ဝိရိယနဲ့ အားထုတ်နေတာ တွက်ကြည့်မယ်ဆို အများကြီးပဲ။ သိပ်ဝမ်းသာစရာ ကောင်းတာ။ အဲဒီလို ဝိရိယစိုက်ခြင်းကြောင့် ရနိုင်တဲ့အကျိုးတွေကိုလည်း မသိဘဲနဲ့ ကုသိုလ်ရေးရာမှာ ဆုတ်နေနေတဲ့ စက်ဆုပ်ဖွယ်ရာ ပုဂ္ဂိုလ်ကို ပါဠိလို ကုသီတလို့ ခေါ်တယ်။ ကု- စက်ဆုပ်ဖွယ်ရာ၊ သီတ - ဆုတ်နေနေသူ။

အဆဲခံရသူ

လောကမှာ မိမိ စားဝတ်နေရေးအတွက်လည်း မလုပ်၊ သူများအတွက် အကျိုးရှိအောင်လည်း မလုပ်ဘဲနဲ့ ဒီအတိုင်း အလွတ်နေတဲ့ ပုဂ္ဂိုလ်ကို ဘယ်လို ခေါ်တုံး။ ဝိရိယ နည်းနေတော့ လူပျင်းပဲပေါ့လေ။ လူပျင်းပဲ ဆိုတာ ဆဲတာပဲ။ လူပျင်းပဲလို့ အဆဲခံရတဲ့ ပုဂ္ဂိုလ်ကို ကုသီတလို့ ခေါ်တယ်။ ဘာဖြစ်လို့ အဆဲခံရသတုံးဆိုတော့ ဝိရိယ မရှိလို့။ ဝိရိယ မရှိတော့ အဆဲခံရတာပေါ့။ အဲဒီတော့ ကုသီတဆိုတာ ဝိရိယနည်းပြီး အဆဲခံရသူလို့ ဒီလို အဓိပ္ပာယ်လည်း ရတယ်။ တရားအားထုတ်တဲ့အခါမှာ စွန့်စားရမယ့် အခန်းမှာ မစွန့်စားဘဲနဲ့ ဝိရိယတွေ လျော့လိုက်လို့ရှိရင် 'တယ်သတ္တိနည်းတာပဲ၊ ပျင်းတာပဲ၊ ညံ့တာပဲ' ဆိုပြီး သူများက အပြစ်တင်တယ်။ အပြစ်တင်တာဟာ ဆဲတာပဲ။ စွန့်စားသင့်တဲ့နေရာမှာ ဝိရိယနည်းလို့ အဆဲခံရသူဆိုတော့ ကုသီတ ဖြစ်သွားတယ်။

ဆင်းရဲသူ

အဲဒီလို ဝိရိယနည်းပြီး အများရဲ့အထင်အမြင်သေးခြင်း၊ အဆဲခံနေရခြင်း ပုဂ္ဂိုလ်ဟာ ဒုက္ခ ဝိဟရတိ = ဆင်းရဲစွာ နေရတတ်တယ်တဲ့။ ကုသီတော ဘိက္ခဝေ ဒုက္ခံ ဝိဟရတိလို့ မြတ်စွာဘုရား ဟောထားတယ်။ ဆင်းရဲစွာ နေရတတ်တယ်ဆိုတာက သူ့မှာ တစ်ချိန်လုံးကို ကာမဝိတက်တွေနဲ့ ရောထွေးနေ

http://www.dhammadownload.com

မယ်။ ကောင်းတာတွေ မြင်ချင်၊ ကြားချင်၊ နံချင်၊ စားချင်၊ ထိချင်နေမယ်။ တစ်ခါတစ်ခါအလိုမကျဘူးဆိုရင် ဒေါသတွေ ဖြစ်လာတဲ့အခါ သူများကို ပျက်စီးစေလိုတဲ့ ဗျာပါဒဝိတက်တွေ ဖြစ်မယ်။ တစ်ခါတစ်ခါမှာ သူများကို ဒုက္ခပေးလိုတဲ့ ဝိဟိသာ ဝိတက်တွေလည်း ဖြစ်ရင် ဖြစ်မယ်။ အဲဒီ မိစ္ဆာဝိတက် သုံးမျိုးထဲက တစ်မျိုးမျိုးနဲ့ သူက ရောထွေးပြီး နေနေရတာ အဲဒီလိုရောထွေးပြီး နေရတာကိုပဲ ဆင်းရဲစွာ နေနေရတယ်လို့ ခေါ်တာ။

ဒါတင် မဟုတ်ဘူး။ သူမှာက ထိနမိဒ္ဓ ပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ္တုပ္ပါဒ်ကောသဇ္ဇက လွှမ်းမိုးနေတော့ ကိုယ်နှုတ်စင်ကြယ်စေနိုင်တဲ့ သီလ ဆိုတဲ့ မိမိအကျိုးစီးပွားတွေလည်းပဲ ဆုတ်ယုတ်နစ်နာသွားတော့တာပဲ။ အခုလို စိတ်ဓာတ်တိုးမြှင့်ပေးတဲ့ သမာဓိအလုပ်ဆိုတဲ့ အကျိုးစီးပွားတွေလည်းပဲ ဆုတ်ယုတ်နစ်နာသွားတော့တာပဲ။ အထူးအားဖြင့် သဘောမှန်တွေကို အဆင့်ဆင့် သိမြင်တဲ့ပညာဆိုတဲ့ တကယ်အကျိုးစီးပွား အစစ်အမှန်ကိုလည်း ဆုတ်ယုတ်စေနိုင်ပါတယ်တဲ့။ တဒင်္ဂ ဟာပေတိ ပေါ့လေ။ မြတ်စွာဘုရား ဟောထားတာ မိမိအကျိုးစီးပွားတွေကိုလည်း ဆုတ်ယုတ်စေနိုင်တယ်တဲ့။

ဝီရိယရဲ့ ပစ္စုပဋ္ဌာန်

တကယ်အားထုတ်လို့ ဝီရိယသမ္မောဂျ်အပိုင်း ရောက်လာပြီဆိုရင် အာရဒ္ဓဝီရိယဆိုတာ ဖြစ်လာတယ်။ အာရဒ္ဓဝီရိယဆိုတာ အောက်လည်းလျော့မသွားဘူး။ ရပ်လည်း မနေဘူး။ တစ်ကွေ့ချင်း တစ်ကွေ့ချင်း အရှိန်နဲ့ တက်နေတာ။ အဲဒါ အာရဒ္ဓဝီရိယ ရှိသူ ခေါ်ပါတယ်။ အဲဒီ အာရဒ္ဓဝီရိယရှိသူဟာ ချမ်းသာစွာ နေရတတ်တယ်။ ချမ်းသာစွာ နေရတယ်ဆိုတာ ခုန စောစောပိုင်းက ပြောခဲ့တဲ့ မိစ္ဆာဝိတက်သုံးမျိုးမှ ကင်းလွတ်ပြီး သန့်သန့်ရှင်းရှင်းလေး နေရတာ။ ပြီးတော့ ဝီရိယထားတဲ့အတွက် မိမိအကျိုးစီးပွားအစစ်အမှန် ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာသုံးမျိုးလည်းပဲ ပြည့်စုံနေတာပါပဲ။ အဲဒီလိုအခါမှာ ဝီရိယရဲ့အကျိုးကို ကောင်းကောင်းနားလည်လာတယ်။ အခက်အခဲတွေ ကျော်လာတော့ မဲ့လည်းရဲလာတယ်။ စိတ်အားတွေလည်းပဲ တက်တက်ကြွကြွနဲ့ကောင်း

http://www.dhammadownload.com

လာတယ်။ မိမိမှာ သီလ၊ သမာဓိ၊ ပညာ အကျင့်တရားတွေ ထိုက်တန်သမျှ ပြည့်စုံလာတာပဲ။ သိပ်ကောင်းတဲ့တရားပဲလို့ ကောင်းကောင်း နားလည်လာတယ်။ ခုန ကောသဇ္ဇတရားတွေကိုလည်း လွှမ်းမိုးပြီး တကယ် အရေးရောက်တဲ့အခါ နောက်မဆုတ်ဘဲနဲ့ ရှေ့သွားလိုက်လို့ရှိရင် ဒီအခက်အခဲတွေ ကျော်သွားတာပဲဆိုတာ ယောဂီရဲ့ဉာဏ်ထဲမှာ ထင်လာတယ်။ အဲဒါ အသံသီဒန ဘာဝပစ္စုပဋ္ဌာန်ခေါ်တယ်။ မဆုတ်နစ်ဘဲနဲ့ စိတ်ဇွဲတွေ စိတ်အားတွေသန်လာစေတဲ့ တရားပဲလို့ ယောဂီက ကိုယ့်ဝိရိယအကျိုးကို နားလည်လာတယ်။

ဒီနေ့ ဝိရိယရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာနသုံးမျိုးပဲ ပြောနိုင်ပါသေးတယ်။ နောက်နေ့ကျမှ ဝိရိယဖြစ်ခြင်းရဲ့အကြောင်းကို ပါဠိတော်နည်း အဋ္ဌကထာနည်းနဲ့ ရောပြီး ပြောပါမယ်။

သာဓု. . . သာဓု. . . သာဓု။

အာရမ္ဘဓာတု

မနေ့က ဝိရိယ သမ္မောဂျွင်ရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်ကို စာတွေ့နဲ့ လက်တွေ့နှစ်ခုပေါင်းစပ်ပြီးတော့ ထိုက်တန်သမျှ ဖြေရှင်းဟောသွားခဲ့ပါတယ်။ ဒီနေ့ ဝိရိယဖြစ်ခြင်းရဲ့ အကြောင်းကို ပါဠိတော်နည်းနဲ့ အဋ္ဌကထာနည်းနဲ့ ရှင်းပြပါမယ်။

မြတ်စွာဘုရားကတော့ ရိုးရိုးလေးပဲ ဝိရိယသမ္မောဂျွင်ဖြစ်ဖို့ မိန့်ကြားပါတယ်။ မိန့်ကြားပုံကတော့ ဘိက္ခုတို့၊ အာရမ္ဘဓာတု - အစရှေ့ဖျား၊ အလေးထား၍၊ ကြိုးစားမပြတ်၊ အာရမ္ဘဓာတ်ခေါ်တဲ့ ဝိရိယက တစ်မျိုး တဲ့။ တိုတိုကတော့ အစပျိုး ကြိုးပမ်းအားထုတ်မှု ဒါပါပဲ။ ဝိရိယအစပျိုးတာ ဝိရိယ စနှိုးတာပေါ့လေ။ ဝိရိယတွေ စလိုက်တာ၊ တရားနယ်ထဲ ရောက်လာလို့ရှိရင် တရားအားထုတ်တဲ့နည်းတွေ သိပြီးတော့ ရှုမှတ် နှလုံးသွင်းမယ်လို့ ဒီလို သင့်တော်တဲ့နည်းနဲ့ စိတ်ကို လုပ်ပြီးတော့ ဝိရိယ အစပျိုးလိုက်တာပါပဲ။ ဥပမာ ဖောင်းတာ၊ ပိန်တာမှတ်လို့ရှိရင် လှုမ်းတိုင်း၊လှမ်းတိုင်းမလွတ်ရအောင် အခြားအခြားအမူအရာလေးတွေလည်းပဲ ပြုလုပ်တိုင်း၊ ပြုလုပ်တိုင်း မလွတ်ရအောင် အစပျိုးလိုက်တာကို အာရမ္ဘဓာတု ခေါ်တယ်။

http://www.dhammadownload.com

နိက္ကမနဲ့ ပရက္ကမတု

အဲဒီလိုအစပျိုးပြီးတော့ နှလုံးသွင်းနေရင်းက အကြောင်းအား လျော့စွာ စိတ်လျော့ရဲစရာအကြောင်းတွေ ပေါ်လာလို့ရှိရင် 'ကောသဇ္ဇ' ခေါ်တဲ့ အပျင်းဓာတ်ဝင်လာတတ်တယ်။ အဲဒီ အပျင်းဓာတ်က လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်မှုကို နိက္ကမတု ခေါ်တယ်။ ကောသဇ္ဇမှ ထွက်မြောက်အောင် တစ်ဆင့် တိုးပြီးတော့ အားထုတ်မှု နိက္ကမတ်လည်း ရှိရတယ်။ ပြီးတော့ သီလ ရှိရုံနဲ့ ပြည့်စုံပြီလားဆိုတော့ မပြည့်စုံသေးဘူး။ မိမိဘဝရဲ့တရားနဲ့ စပ်ပြီးတော့ ပန်းတိုင် ထားရပါ တယ်။ သောတာပန် ဖြစ်ပြီးတော့ အပါယ်လေးပါးက လွတ်မြောက်စေမယ်ဆိုတာ အနည်းဆုံး ပန်းတိုင်ပေါ့။ အဲဒီ ပန်းတိုင်ရောက်တဲ့အထိ တစ်ဆင့်မြှင့်ပြီးတော့ ကြိုးပမ်းအားထုတ်မှုကို ပရက္ကမတု လို့ ခေါ်တယ်။ အဲဒီ ဝီရိယဓာတ် ၃ ပါး သင့်တော်သလို နှလုံးသွင်း ဆင်ခြင်နေတာ။ နှလုံးသွင်းဆင်ခြင်လို့ အဆင့်ဆင့် အဆင့်ဆင့်ဖြစ်လာတဲ့ ဝီရိယတွေဟာ အဲဒီ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းပဲလို့ မြတ်စွာဘုရား မိန့်ကြားတယ်။ မဖြစ်သေးတဲ့ ဝီရိယတွေ ဖြစ်ဖို့၊ ဖြစ်ပြီးတဲ့ ဝီရိယတွေလည်း ပွားပြီးတော့ နောက်ဆုံး ပြည့်စုံသွားဖို့ရာအတွက် ဖြစ်တယ်လို့ ရိုးရိုးလေးပဲ မြတ်စွာဘုရား ဟောပါတယ်။

လက်တွေ့နိက္ကမတု

အခုပြောခဲ့တာက စာတွေ့ပါပဲ။ လက်တွေ့ကတော့ အခု ယောဂီအဖြစ်နဲ့ ရောက်လာတဲ့ ဂိုလ်များဟာ အားထုတ်တဲ့နည်းလေးတွေ သိပြီးတော့ ရှေးဦးစွာ အာရုံနည်းနည်းကိုရှုမှတ်ဖို့ရာ ကြောင့်ကြစိုက်ရတယ်။ အဲဒီလို အစပျိုးရတာ။ အဲဒါ အာရမ္ဘဓာတုဆိုတာ အင်မတန် ထင်ရှားပါတယ်။ ပျိုးရုံသာ ပျိုးသေးတယ်။ နောက်တော့ တစ်နေ့ထက်တစ်နေ့ ပျိုးရင်းကပဲ ပိုပြီးတော့ ဝီရိယလေးတွေက ထက်သန်လာတယ်။ နောက် သမာဓိလေးနည်းနည်းကောင်းလာတဲ့ ၃၂ခါကျတော့ မခံသာမှုလေးတွေ ကိုယ်ထဲ ဖြစ်လာရင် စိတ်က လျှော့ချင်တယ်။ ထိုင်းချင်တယ်။ မှိုင်းချင်တယ်။ ပြီးတော့ နဂို ရနေကျအာရုံတွေ မရတော့ နည်းနည်းသက်သောင့်သက်သာနေနေကျနေတော့ နည်းနည်းပျင်း

http://www.dhammadownload.com

တာလေးတွေ ပေါ်တတ်တယ်။ အဲဒီပျင်းတာလေးတွေကို ရှုမှတ်ပယ်ပယ်ပယ်ပယ်ပြီး သွားတော့ ဝိရိယလေးတွေ တစ်ဆင့်တိုးလာတယ်။ ထူးခြားလာတယ်။ ပြီးတော့ ဆရာများကလည်း အားပေး၊ တရားကျင့်ဖော် ပုဂ္ဂိုလ်များကလည်း အားပေးတော့ စိတ်ဓာတ်ကလေးတွေဟာ ထူးထူးခြားခြား တက်လာတယ်။ ကက်တက်ကြွကြွလေးတွေ ဖြစ်လာတာ။ ဒါဟာ 'နိဂ္ဂမ ဓာတု'ဆိုတာ အင်မတန် ထင်ရှားပါတယ်။ တစ်ခါတစ်ခါ တဆတ်ဆတ်နဲ့ ငိုက်ပြီဆိုလို့ရှိရင် အတင်းတွန်းပြီး မငိုက်ရအောင် ရှုမှတ်လိုက်တဲ့အခါကျတော့ အငိုက်တွေပြေပြီးတော့ ကြည်ပြီးသွားတာ။ ကြည်ပြီးတော့ သွားတော့ စိတ်ကလေးတွေက လည်း ရဲလာတယ်။ ဝိရိယဓာတ်ကလေးတွေ ကောင်းလာတာ။ နဂိုက အနှုံးပေးရမလိုလို ဖြစ်နေတာ။ အခုတော့ ကြိုးစားပြီး ရှုလိုက်တဲ့အခါကျတော့ ငိုက်မြည်းမူလေးတွေ ကင်းပြီးတော့ စိတ်တွေ ကြည်သွားပါလား ဆိုပြီးတော့ ရဲလာတယ်။

ပဂ္ဂဟိတနဲ့ ပရိပုဏ္ဏ

နောက် ဝိရိယတွေလည်းပဲ ယောဂီမှာ တိုးလာတယ်။ အာရုံတွေ တိုးပေးရတာလည်း ရှိတယ်။ နှစ်ချက်မှတ်တာက နေပြီးတော့ ၃ ချက်၊ ၄ ချက် မှတ်ခိုင်းတာ။ ခြေတစ်လှမ်းတစ်ပိုင်းကနေပြီးတော့ နှစ်ပိုင်း၊ သုံးပိုင်း၊ လေးပိုင်း၊ ငါးပိုင်း၊ ခြောက်ပိုင်း စသည်မှတ်ခိုင်းတာ ဒါဟာ ဝီရိယလေးတွေကို အဆင့်ဆင့် အဆင့်ဆင့် တိုးပေးတာလေးတွေပဲ။ ပြီးတော့ အဲဒီလို အာရုံမတိုးပေမယ်လို့ အပူတပြင်း စိတ်အားစိုက်ပြီးတော့ မှတ်ခိုင်းတာလေးတွေလည်း ရှိတယ်။ စိတ်အားစိုက်ပြီး မှတ်ခိုင်းတဲ့အခါ သိသိသာသာ ဝီရိယလေးတွေ အဆင့်ဆင့် အဆင့်ဆင့် တိုးတိုး တိုးတိုးလာတော့ ရုပ်နာမ်တွေသိ၊ ကြောင်းကျိုးသိ၊ မမြဲ ဆင်းရဲသဘောပဲသိ၊ ရိပ်ခနဲပေါ် ရိပ်ခနဲ ပျောက် ခပ်သွက်သွက် သိလာတယ်။ ဥဒယဗ္ဗယဉာဏ်ပိုင်းလောက် ရောက်ပြီဆိုရင် အာရဒ္ဓဝီရိယ ဖြစ်လာတယ်။ အာရဒ္ဓဝီရိယ = အားထုတ်အပ်သော ဝီရိယရှိတယ်ဆိုတာ 'ပဂ္ဂဟိတ ဝီရိယ' ဖြစ်လာတယ်။ ဝီရိယဟာ ကျလည်း မသွားဘူး။ ရပ်လည်း မနေဘူး။ နောက် ဒီနည်းအတိုင်း ဆက်သွားလို့ရှိရင် 'ပရိပုဏ္ဏ ဝီရိယ' ဖြစ်လာ

http://www.dhammadownload.com

တယ်။ ဒါ ရိုးရိုးလေးပဲ။ မြတ်စွာဘုရား ဟောထားတာ အဲဒီအတိုင်း ရိုးရိုးလေးပဲ။ ရိုးရိုးလေးအားထုတ်လို့ ရိုးရိုးလေးပဲ ယောဂီတွေမှာ ဖြစ်နေတာဟာ သိပ်ရှင်းတယ်။ အဲဒါ စာတွေ့နဲ့ လက်တွေ့ ပေါင်းစပ်ပြီးတော့ ပြတာပါ။

အပါယ်ဘေး

အဋ္ဌကထာမှာတော့ ဝိရိယသမ္မောဂျင် ဖြစ်ခြင်းရဲ့အကြောင်း ၁၁ မျိုး ပြထားပါတယ်။ အဲဒီ ၁၁ မျိုးထဲက ပထမအမျိုးအစားကတော့ 'အပါယ ဘယ ပစ္စဝေက္ခဏာတာ' ပါပဲ။ ကြောက်ဖွယ်ရာ အပါယ်ဘေးကို ဆင်ခြင်ခြင်းတဲ့။ အဲဒါဟာ ဝိရိယ သမ္မောဂျင်ဖြစ်ခြင်းရဲ့ အကြောင်းတစ်ရပ် ပဲ။ အဲဒီ စကားစုမှာ 'အပါယ'ဆိုတဲ့စကားလေး နည်းနည်း ပြောပါရစေ။

'အပါယ' ဆိုတာ (အပ + အာယ) စကားလုံးနှစ်ခု ပေါင်းစပ်ထားတာ။ 'အာယ'ဆိုတာက လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ ချမ်းသာ ၃ မျိုးဖြစ်ပေါ် လာခြင်းရဲ့ အကြောင်း ကုသိုလ်တရားတွေကို ခေါ်ပါတယ်။ အပါယ်ဘုံမှာ အဲဒီချမ်းသာတွေ ဖြစ်ခြင်းရဲ့ အကြောင်း ကုသိုလ်ဟာ ဖြစ်ခွင့် သိပ်မရရှာကြပါဘူး။ အကုသိုလ်တွေပဲ အဖြစ်များပါတယ်။ ဒါကြောင့်မို့လို့ စည်းစိမ်ချမ်းသာ ၃ မျိုးဖြစ်ပွားခြင်းရဲ့အကြောင်းကုသိုလ်မှ ကင်းကွာရာ ဘဝလို့ ဆိုပါတယ်။ အဲဒါကို 'အပါ ယ' လို့ ခေါ်တယ်။ အဲဒီ အပါယ် ၄ ပါးထဲက တိရစ္ဆာန်ကလွဲလို့ ရှိရင် ကျန်တဲ့ဟာတွေကိုတော့ ဘုန်းကြီးက ရှင်းမပြလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတွေ ပကတိမျက်စိနဲ့ မြင်နိုင်ကောင်းတဲ့ အရာမဟုတ်တော့ ထားလိုက်ပါတော့။ မြင်စကောင်းတဲ့တိရစ္ဆာန်ဘဝကိုပဲ ဘုန်းကြီးက နည်းနည်း ရှင်းပြပါမယ်။

တိရစ္ဆာန်တွေရဲ့ဘဝ

တိရစ္ဆာန်လိုဘဝမျိုးကို စဉ်းစားကြည့်ကြပါ။ ကုန်းသတ္တဝါတွေ အမျိုးမျိုးရှိတယ်။ ရေသတ္တဝါတွေလည်းပဲ အမျိုးမျိုးရှိတယ်။ လေထဲမှာပျံနေတဲ့ သတ္တဝါတွေလည်း အမျိုးမျိုးရှိတယ်။ အဲဒီ သတ္တဝါတွေမှာ လူသားတွေလို အပြစ်ကင်း၊ အကျိုးရကုသိုလ်တရားတွေ ဘာမှားဖြစ်နိုင်လဲ။ အဲဒီသတ္တဝါတွေဟာ မောဟအလွန်ကြီးတဲ့သတ္တဝါတွေပဲ။ မောဟအလွန်ကြီး တော့ သူတို့ရဲ့ဘေးရန်ကို

http://www.dhammadownload.com

လည်းပဲ နားလည်တဲ့ သတ္တဝါက တယ်ပြီးတော့ မရှိလှပါဘူး။ ကြည့်ပါလား လမ်းမှာ ပိုးကောင်၊ မွှားကောင်လေးတွေဟာ လူတွေလာတဲ့အခါ ကားတွေ လာတဲ့အခါ သူတို့မရှောင်တတ်ဘူး။ ဒီလမ်း ဖြတ်သွားလို့ရှိရင် ဘေးရန်ရှိ တယ်ဆိုတာ နားမလည်ဘူး။ သွားလိုက်တဲ့အခါကျတော့ လူတွေ နင်းသတ် သွားသေတာပဲ။ ကားတွေ နင်းလို့ရှိရင်လည်း သေတာပဲ။ အုပ်လိုက်ချီပြီးတော့ သေတာတွေ အများကြီးရှိတယ်။ ဘယ်လောက်မောဟအားကြီးတဲ့ ဘဝလဲ ဆိုတာ ကြည့်ပေါ့။ ပြီးတော့ သူတို့ရဲ့ ဘဝဟာ 'အညမည ခါဒိကာ အညမည ဝိဟိသကာ' အချင်းချင်းညှဉ်းဆဲသတ်ဖြတ်ပြီးတော့ အစားခံရတဲ့ဘဝတွေပဲ။ အကောင်လေးတွေကို အကောင်ကြီးတွေက နှိုင်တယ်။ အဲဒီ အကောင်ကြီး တွေကိုလည်းပဲ တစ်ခါ သူနှိုင်တဲ့ အကောင်တွေ ပေါ်ပေါ်လာတာ ကြည့်ပေါ့။ လူတွေကပါ တစ်ခါ နှိုင်လိုက်သေးတယ်။ အဲဒါတွေ ကြည့်ပေါ့။ အဲဒီတော့ အနှိုင်ခံရပြီးတော့ သေရတဲ့ဘဝမျိုးဟာ စိတ်ကြည်ကြည်လင်လင်နဲ့ ဘယ်သေ ခွင့်ရမလဲ။ မချမ်းမသာနဲ့သေရမှာပဲ။ မချမ်းမသာနဲ့သေရတယ်ဆိုရင် ဒီ သတ္တဝါဟာ ဒီလိုဘဝမျိုးက လွတ်နိုင်ပါတော့မလား စဉ်းစားကြည့်ပေါ့။ အင်မတန် ကြောက်စရာကောင်းတဲ့ ဘဝတွေပဲ။

သူတို့မှာ ကြည့်ပေါ့ ဒါန ကုသိုလ်ဆိုတာလည်း ပြုခွင့်မရရှာကြပါဘူး။ သီလ ဆိုတာလည်းပဲ ပြုခွင့်မရှိပါဘူး။ အထူးအားဖြင့် စိတ်ဓာတ်တိုးမြှင့်ပေး တဲ့အသိဉာဏ်တိုးမြှင့်ပေးတဲ့ သတိပဋ္ဌာန်ဘာဝနာမျိုး သမာဓိ၊ ပညာ ဘာဝနာ မျိုးဆို ဝေးရောပေါ့။ ဘာမှမရှိဘူး။ သူတို့မှာ ကုသိုလ်ဖြစ်ရေးနဲ့ စပ်ပြီးတော့ အခွင့်အရေးတွေ အပြည့်ဆုံးရှုံးနေတာပဲ။ အကုသိုလ်တွေပဲ အဖြစ်များတာ ပါပဲ။ ဒါကြောင့် သိပ်ကြောက်စရာကောင်းတာပေါ့လေ ဆင်ခြင်ရတာပါပဲ။

အဲဒီလိုအခါမျိုးမှာ ဝိရိယသမ္မောဂ္ဂါင်တွေ ပွားဖို့ မရတော့ဘူး။ ဒီလိုအခါ မျိုးမှာ ဝိရိယတွေ ပွားနိုင်တာပဲလို့ ကိုယ့်ကိုကိုယ် အားပေးရတယ်။ "ယောဂီ၊ သင့်မှာ အခုအခါဟာ ဆိုလို့ရှိရင် သင့်အတွက် အားထုတ်ဖို့ အခွံန်အခါပဲ၊ မပေါ့နဲ့၊ ဝိရိယ မလျှော့နဲ့၊ ကြိုးစားအားထုတ်"လို့ အားပေးရတယ်။ ဒီလို အပါယ်ဘေး ဆင်ခြင်ပြီးတော့ အားထုတ်လိုက်လို့ရှိရင် ဝိရိယတွေ ထူးထူး

http://www.dhammadownload.com

ခြားခြားကြီး တက်လာတတ်တယ်။ အဲဒါဟာ ဝီရိယ ဖြစ်ခြင်း ၁၁ မျိုးထဲက ပထမဆုံး အကြောင်းပါပဲ။

အကျိုးကို ဆင်ခြင်ပါ

နောက် ဒုတိယကတော့ အာနိသံသ ဒဿာဝိတာတဲ့။ အကျိုးအာနိသင်ကို ရှုမျှော်ခြင်းတဲ့။ အကျိုးအာနိသင် ရှုမျှော်ခြင်းဆိုတာက အခု သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါ လောကုတ္တရာ တရားဟာ မိမိတို့အတွက် တကယ့်အကျိုးစီးပွားအစစ်အမှန်ပဲ။ လောကုတ္တရာတရားတစ်မျိုးမျိုး တစ်မင်၊ တစ်ဖိုလ်လောက်မှ မရသေးဘူးဆိုရင် သံသရာခရီး တစ်လျှောက် သွားကြရဦးမှာ အင်မတန် ကြောက်စရာကောင်းတယ်။ တရားထူး ရပြီဆိုရင်တော့ အနည်းဆုံး အပါယ်ဘေးက လွတ်ဆိုရင် နည်းလား။ ဒါဟာ လောကုတ္တရာ တရားရခြင်းရဲ့ အကျိုးအမြတ်ပဲ။ ပြီးတော့ ပျင်းတဲ့ပုဂ္ဂိုလ်ဟာ ဒီလောကုတ္တရာ တရား ၉ ပါး မရဘူး။ တစ်မင်တစ်ဖိုလ်တောင်မှ မရနိုင်ဘူး။ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်သာ အဲဒီတရားထူးတွေ ရနိုင်တာ။ ပြီးတော့ အားမထုတ်လို့ရှိရင် မရ၊ အားထုတ်လို့ရှိရင် ဒီအကျိုးတွေ ရပါလား၊ ပျင်းမနေနဲ့လို့ အားပေးရတယ်။ အားထုတ်ကြည့်ရင် ရနိုင်တဲ့ အကျိုးလေးတွေကို ဆင်ခြင်လိုက်လို့ရှိရင် ဝီရိယတွေက ထူးထူးခြားခြား တက်လာတယ်။ အဲဒါ ဝီရိယသမ္မောဂျင် ဖြစ်ခြင်းရဲ့ ဒုတိယ အကြောင်းပါပဲ။

လမ်းစဉ်ကို ဆင်ခြင်ပါ

တတိယအကြောင်းကတော့ 'ဂမန ဝီထိပစ္စဝေက္ခဏာတာ' ဘုရား အစရှိတဲ့ ပုဂ္ဂိုလ်ကျော်များရဲ့ သွားရာလမ်းစဉ်ကို ဆင်ခြင်ခြင်းတဲ့။ အခု လျှောက်နေရတဲ့ သတိပဋ္ဌာန်လမ်းကြောင်းဟာ သာမည မဟုတ်ဘူး။ ရှေးရှေးက ပွင့်တော်မူသွားတဲ့ မြတ်စွာဘုရားတွေ၊ ပစ္စေကဗုဒ္ဓါတွေ၊ အဂ္ဂသာဝက၊ မဟာသာဝက တွေ အဲဒီ ပုဂ္ဂိုလ်ကျော်တွေ လျှောက်သွားတဲ့လမ်းကြောင်းပါ။ အဲဒီ ပုဂ္ဂိုလ်ကျော်တွေ လျှောက်သွားတဲ့ လမ်းကြောင်းကို သင် ရောက်နေတယ်။ ကိုယ့်ကိုကိုယ်အားပေးရတယ်။ အဲဒီလမ်းကြောင်းကို ပျင်းပျင်းရိရိနဲ့လျှောက်လို့

http://www.dhammadownload.com

မဖြစ်ဘူး။ ပျင်းနေလို့ ရှိရင်တော့ ဒီလမ်းကြောင်းမတည့် လမ်းမှားတွေ ရောက်ပြီးတော့ ဒုက္ခရောက်မှာပဲ။ လမ်းမှားတွေ ရောက်ပြီးတော့ ဒုက္ခရောက်မယ့် အခြေအနေကို မြင်ပြီးတော့ ရှေးက သူတော်ကောင်းတွေ လျှောက်တဲ့လမ်းကြောင်း ဆင်ခြင်လိုက်လို့ရှိရင် သိသိသာသာကြီး လုံလဝီရိယ တိုးလာတယ်။ ဝီရိယသမ္ဗောဇ္ဈင်တွေ ဖြစ်နိုင်လောက်တဲ့အထိ ဖြစ်လာတယ်။ အဲဒါ တတိယ ဝီရိယ သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းပဲ။

ပုဂ္ဂိုလ်ထူးကြီးတွေ

ပြီးတော့ အဲဒီပုဂ္ဂိုလ်တွေရဲ့အခြေအနေကို သုံးသပ်ကြည့်ပေါ့။အဲဒီပုဂ္ဂိုလ်တွေဟာ လောကဘက်မှာဆိုရင် အမျိုးအားဖြင့် အနွယ်အားဖြင့်လည်း မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေ၊ ပစ္စည်း၊ စည်းစိမ်ချမ်းသာ အနေအားဖြင့်လည်းပဲ သူ့ခေတ်နဲ့ သူ လူမှုရေး အဆင့်အတန်း မြင့်မြတ်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ ပြီးတော့ လောကမှာ အဆင်မပြေတာတွေနဲ့ ကြုံလို့ တရားရှာကြတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ လောကမှာ အဆင်ပြေနေတုန်းပဲ။ အစစအရာရာ လူမှုရေးအဆင့်အတန်း မြင့်မြင့်နဲ့ နေနေတုန်းပဲ တရားရှာကြတာ။ ပြီးတော့ လောကမှာ ကောင်းပေ့ဆိုတဲ့ စည်းစိမ်ချမ်းသာတွေ စွန့်ပြီးတော့ ဒီသတိပဋ္ဌာန်လမ်းကြောင်း လျှောက်တာ ဒီလမ်းလျှောက်လို့ ရှိရင် လောကီစည်းစိမ်ချမ်းသာတွေထက် အဆပေါင်းများစွာ သာတဲ့ ချမ်းသာတွေကို ရနိုင်တယ်ဆိုတဲ့ ယုံကြည်ချက် အပြည့်အဝနဲ့ လျှောက်ကြတာ။ ချမ်းသာတွေ အပြည့်အဝလည်း ရတာပဲ။ ဘုရားဆိုလို့ရှိရင် ဘုရား ဖြစ်ပြီး သတ္တဝါတွေရဲ့ အကျိုးကို သယ်ပိုးသွားလိုက်တာ သတ္တဝါတွေ လမ်းမှား ရောက်နေတဲ့ဟာကို လမ်းမှန်ပြသွားလိုက်တာ နည်းလား။ အဲဒီလို ပုဂ္ဂိုလ်ထူးကြီးတွေရဲ့ လျှောက်သွားတဲ့ လမ်းကြောင်းပေါ် အခုရောက်နေတာပဲ။ သာမန်ကာ လျှံကာ တန်ဖိုးမဲ့လုပ်လို့ မဖြစ်ဘူးဆိုတာတွေကို တွေးကြံပြီးတော့ နားလည်ဖို့ လိုပါတယ်။ မိမိတို့ဟာ အဲဒီလမ်းကြောင်းမှန်ကို လျှောက်ပြီးတော့ မိမိရဲ့စိတ်ဓာတ်ကို တိုးမြှင့်ပြီးတော့ အသိဉာဏ်တွေ အဆင့်ဆင့်မွားပြီး နောက်ဆုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်မျက်မှောက် ပြုနိုင်တဲ့ပုဂ္ဂိုလ်တွေပဲ သာမန်ပုဂ္ဂိုလ်တွေမဟုတ်ဘူးလို့ လမ်းကောင်းမှန်ကို လျှောက်နေတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

တွေပဲလို့ ကိုယ့်ကိုကိုယ် အားပေးပြီးတော့ အားထုတ်လိုက်လို့ရှိရင် ဝိရိယတွေ တက်လာပြီးတော့ မကြာခင်ပဲ တရားတွေ တိုးတက်သွားနိုင်တယ်။ အဲဒီလို အားထုတ်ကြပါ။ ဒီနေ့ သုံးခုမြောက်အကြောင်းကို ဖော်ပြရင်းကပဲ တရားသိမ်း လိုက်ကြဦးစို့။ တစ်နာရီပြည့်သွားပါပြီ။ ကျန်တဲ့ အကြောင်းတွေတော့ နောက် နေ့မှ ဆက်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု. . . ။

ပုတ္တဒါရဿ သင်္ဂဟော

ဒီနေ့ စနေနေ့။ စနေနေ့ဆိုတော့ စနေနေ့ ဟောနေကျတရား ဆက် လက်ပြီးတော့ ဟောဖို့ပါပဲ။ ပြီးခဲ့တဲ့ စနေနေ့က မိဘများဟာ သားသမီးပေါ် မှာ ကျေးဇူးများခဲ့ပုံပေါ့လေ။ ငြဟ္မာကြီးနဲ့တူပုံ၊ လက်ဦးဆရာ ဖြစ်ပုံ အဲဒါလေး တွေ ပြောခဲ့ပါတယ်။ ဒီနေ့ သားတွေ သမီးတွေအပေါ် မှာ မိဘများ ဝတ္တရား ရှိတဲ့အတိုင်း စောင့်ရှောက်ဖို့နဲ့ ပြီးတော့ အမျိုးသားများ ကိုယ့်ဇနီးအမျိုးသမီး အပေါ် မှာ ဝတ္တရားအရ စောင့်ရှောက်ပုံ၊ ပြီးတော့ ဇနီးဖြစ်သူကလည်းပဲ ကိုယ် ရဲ့ လင်သားအပေါ် မှာ ကောင်းသော တုံ့ပြန်တဲ့နည်းလေးတွေပေါ့လေ။ အဲဒါ လေးတွေ အတိုချုပ်ပြီးတော့ ဟောပါမယ်။

ဗုဒ္ဓဆိုမိန့်ချက်တရားတော်မှာ သားသမီးနဲ့ဇနီးကို ခွဲးမြောက်ရမယ်တဲ့။ ဒီလိုခွဲးမြောက်ရတာဟာ ကြီးပွားချမ်းသာခြင်းရဲ့အကြောင်းပဲလို့ မြတ်စွာ ဘုရားက မိန့်ကြားထားပါတယ်။ မင်္ဂလာတရားတော်မှာတော့ "ပုတ္တဒါရဿ သင်္ဂဟော" လို့ ဒီလို ရှိပါတယ်။ ဒီနေရာဌာနမှာ ပုတ္တ- အရကတော့ သားကို သာ ဟောပါတယ်။ သားကိုသာ ယူရမှာပါပဲ။ ဒါပေမဲ့လို့ သမီးလည်းပဲ ဒီထဲမှာ ပါ သွားပါတယ်။ 'ဒါရ' ကတော့ ဇနီးမယားကို ယူရပါတယ်။ မင်္ဂလာတရား တော်မှာ သားကိုခွဲးမြောက်ရမယ်ဆိုတော့ သမီးလည်း မပါပါလားဆိုပြီးတော့ သမီးဖြစ်တဲ့ အမျိုးသမီးတွေက မြတ်စွာဘုရားကို အပြစ်တင်ဖို့တော့ မဟုတ် ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တချို့ တချို့နေရာမှာ သားနဲ့သမီး တွဲပြီး တော့ ဟောတာရှိတယ်။ တချို့တချို့နေရာမှာ သားကို ပြောလိုက်လို့ရှိရင် မကင်း စကောင်းတဲ့အနေနဲ့ သမီးပါ တစ်ခါတည်း ပါသွားပါတယ်။ ဒီမှာ 'ပုတ္တ' အရ

http://www.dhammadownload.com

သားရော၊ သမီးရော နှစ်မျိုးစလုံး ယူရပါတယ်။ သားလည်း ချီးမြှောက်ရမယ်။ သမီးလည်း ချီးမြှောက်ရမယ် ဒီလို ဆိုလိုပါတယ်။

မိဘကျင့်ဝတ် ၅ ပါး

သားသမီး ချီးမြှောက်ပုံနဲ့ ဇနီးမယားချီးမြှောက်ပုံ နှစ်ပိုင်းရှိတဲ့အထဲက ရှေးဦးစွာ သားသမီးချီးမြှောက်ပုံ အတိုချုပ်ပြီးတော့ ရှင်းပြပါမယ်။ သားသမီးကို ချီးမြှောက်တယ်ဆိုတာဟာ မိဘဝတ္တရား မပျက်ကွက်ခြင်း ပါပဲ။ သားသမီးတွေအပေါ်မှာ မိဘကောင်းအနေနဲ့ပြုလုပ်ရမယ့်တာဝန်ဝတ္တရား မပျက်ကွက်ခြင်းပဲ။ ဒါကို ချီးမြှောက်တယ် ခေါ်ပါတယ်။ သားသမီးအပေါ် ချီးမြှောက်ပုံနည်း ၅ နည်းရှိပါတယ်။ အဲဒီ ၅ နည်းက ပထမဆုံး မကောင်းမှုမှ မြစ်တားခြင်း အဲဒါက တစ်မျိုးပါ။ အသိဉာဏ်မရှိကြသေးတဲ့ သားသမီးတွေ လောဘ၊ ဒေါသအလိုလိုက်ပြီးတော့ သူများဒုက္ခပေးတဲ့အလုပ်မျိုးတွေ သူ့အတွက်လည်းပဲ အကျင့်စာရိတ္တ စသည် ပျက်မယ့်အခြေအနေတွေ အဲဒါတွေကိုလည်းပဲ ကြိုတင်ပြီးတော့ တားမြစ်ရပါတယ်။ ကျူးလွန်နေလို့ ရှိရင်လည်းပဲ မြင်ကြားပြီးတော့ မတော်တာတွေ့က တားမြစ်ရပါတယ်။

ဒုတိယနည်းကတော့ ကောင်းရာကို ညွှန်ကြားခြင်းတဲ့။ ကလေးတွေက အသိဉာဏ်မရှိရှာသေးတော့ ကောင်းတဲ့ အပြစ်ကင်းတဲ့ ကိုယ်၊ နှုတ်အမူအရာလေးတွေဖြစ်အောင် လူထဲက လူတွေဆိုတော့ သူ့ အတိုင်းအတာနဲ့သူ လူမှုဆက်ဆံရေး ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံတတ်အောင် လူမှုကျင့်ဝတ်တွေ ပြည့်စုံအောင် ကောင်းတာ ညွှန်ကြားရပါတယ်။

အတတ်ပညာကို သင်ကြားပေးခြင်းတဲ့။ လောကမှာ တတ်သင့် တတ်ထိုက်တဲ့အတတ်ပညာရှိပါတယ်။ အဲဒီ အတတ်ပညာတွေ သူ့ အရွယ်အလိုက် သင်ကြားပေးရပါတယ်။ ဆရာကောင်းတွေထံ အပ်နှံပြီးတော့ သင်ကြားပေးဖို့ မိဘတွေ ဝတ္တရား တတိယပါပဲ။

သင့်တော်သောအခါမှာ ဥစ္စာပေးကမ်းခြင်းတဲ့။ ဒါက သူတို့သင့်တော်တဲ့အရွယ်ရောက်လာလို့ရှိရင် တန်သလောက်တန်သလောက် ဥစ္စာတွေ ပေးရပါတယ်။ ဘုန်းကြီးလုပ်ချင်၊ သီလရှင်လုပ်ချင်တဲ့ ပုဂ္ဂိုလ်များကိုတော့ မိဘ

http://www.dhammadownload.com

များက ဒါတော့ သတိထားရမှာပေါ့လေ။ လက်ထပ် ထိမ်းမြားပေးတဲ့အခါမှာ လက်ထပ်ထိမ်းမြားပေးရတယ်။ ဒီ ၅ ပါးဟာ မိဘတို့ကျင့်ရမယ့် ဝတ္တရား ၅ ပါးပါပဲ။

အရေးကြီးဆုံး ၃ ချက်

အဲဒီ ဝတ္တရား ၅ ပါးထဲမှာ မကောင်းတာကို မြစ်တားခြင်း၊ ကောင်းတာကို ညွှန်ကြားခြင်းနဲ့ ပညာသင်ပေးခြင်းများဟာ ဒါ သားကောင်း၊ သမီးကောင်းလေးတွေဖြစ်ဖို့အတွက်ဆိုတာ သိပ်အရေးကြီးတယ်။ သားကောင်းသမီးကောင်းဖြစ်ရေးမှာ အင်မတန် အရေးကြီးလှတယ်ဆိုတာ နားလည်ထားဖို့ပါပဲ။ ဘာဖြစ်လို့ အရေးကြီးသလဲဆိုတော့ ငယ်ငယ်ကစပြီးတော့ မတော်တာတွေ မမြစ်တားမိလို့ရှိရင် မိဘဝတ္တရားလည်းပဲ ချို့ယွင်းပြီးတော့ ကလေးမှာလည်း ပျက်စီးနိုင်တယ်။ ကောင်းတာတွေ မညွှန်ကြားမိလို့ ရှိရင် ကလေးမှာ သူ့အရွယ်အလိုက် အကျိုးမရှိနိုင်ဘူး။ ပြီးတော့ တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာတွေ သင်မပေးဘူးဆိုလို့ ရှိရင် သူကြီးလာတဲ့အခါကျတော့ အသက်မွေးဝမ်းကျောင်းပညာကအစ ဘာပညာမှမရှိဘူး။ ကလေးတွေ နောင်ရေး အများကြီးခက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၃ ပါးဟာ မိဘကွေအပေါ်မှာ မိဘတွေအတွက် အင်မတန် အရေးကြီးတဲ့ တာဝန်ဝတ္တရားပါ။

မဟာဓန သူဋ္ဌေးသားဝတ္ထု

ဒီအချက်မှာ မဟာဓနသူဋ္ဌေးသားဝတ္ထုကို သတိပြုသင့်ပါတယ်။ သင်ခန်းစာယူသင့်ပါတယ်။ အဲဒီ သူဋ္ဌေးသားဇနီးမောင်နှံ နှစ်ဦးတို့ရဲ့ မိဘများဟာ သန်းကြွယ်သူဋ္ဌေးကြီးတွေ သူတို့ဖြစ်ကြပါတယ်။ မိလျံနာကြီးတွေပါပဲ။ အဲဒီနှစ်ဖက်သော မိဘတို့ဟာ ငါတို့မှာ ပစ္စည်းတွေအများကြီးရှိသားပဲ။ သားတွေ၊ သမီးတွေ အတတ်ပညာမသင်ဘဲနဲ့ အလုပ်မလုပ်ဘဲနဲ့လဲ ပစ္စည်းတွေထိုင်စားလို့ဖြစ်နိုင်သားပဲလို့ သူတို့ အလွဲတွေးကြပါတယ်။ သူတို့ သင်ပေးတဲ့ ပညာက အက၊ အဆို၊ အတီး၊ အမှုတ်၊ အပျော်အပါး အနုပညာတွေ ဒါတွေပဲ သူတို့သင်ပေးပါတယ်။ သူတို့နှစ်ဦးစလုံးက ဒီပညာပဲ တတ်တော့ အက၊အဆို၊ အတီး၊ အမှုတ်၊ အပျော်အပါးပညာနဲ့ပဲ အချိန်ကုန်ကြပါတယ်။ အခု ကာလ

http://www.dhammadownload.com

တခို့တခို့ မိဘချမ်းသာတာပဲဆိုပြီးတော့ မိဘအမှီပြုပြီး အပျော်အပါးနဲ့ အခိုင်ကုန်ကြတဲ့ သားတွေ၊ သမီးတွေလည်းပဲ ရှိသလောက် ရှိပါတယ်။ အဲဒါမျိုးနဲ့ အတူတူနေမှာပေါ့။ သူတို့ဇနီးမောင်နှံက မိဘနှစ်ဦး ကွယ်လွန်သွားတဲ့အခါ ဘာမှ အတတ်ပညာကလည်း မရှိတော့ အရက်သမားတွေနဲ့ ပေါင်းပြီး ရှိသမျှပစ္စည်းတွေကို သုံးဖြုန်းပြီးတော့ ရရှိတဲ့ အခိုင်လေးကို အကျိုးရှိစွာနဲ့ အသုံးမချဘဲ အကျိုးမဲ့ အသုံးချတာ နောက်ဆုံးပစ္စည်းတွေ ကုန်ပြီး သူများအိမ်အမှီ ပြုပြီးတော့ ခွက်လက်စွဲပြီး တောင်းစားရတဲ့အနေမျိုး ရောက်သွားရရှာတယ်။ သူတို့နှစ်ဦးဟာ ပထမအရွယ်မှာ လောကီ စီးပွားရေး ကြိုးစားလို့ ရှိရင် ပထမတန်းစား သူဌေးကြီးဖြစ်နိုင်ပြီးတော့ တရားရှာမယ်ဆိုရင် အမျိုးသားက ရဟန္တာဖြစ်ပြီးတော့ အမျိုးသမီးက အနာဂါမ်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်တွေပါ။ အခြေခံကုသိုလ်ကံပါရမီရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေပါ။ ဒုတိယအရွယ်မှာ စီးပွားရေး ကြိုးစားလို့ ရှိရင် အလယ်အလတ်တန်းစား သူဌေးလောင်း ဖြစ်ပြီးတော့ တရားရှာရင် အမျိုးသားက အနာဂါမ်ဖြစ်ပြီးတော့ အမျိုးသမီးက သကဒါဂါမ်ထိ ဖြစ်နိုင်တယ်လို့ ဒီလို အခြေခံကောင်းတဲ့ပုဂ္ဂိုလ်တွေပါ။ နောက်ဆုံးအရွယ်မှာ စီးပွားကြိုးစားလို့ရှိရင် သူဌေးလေးလောက်တော့ ဖြစ်နိုင်ပြီး တရားကြိုးစားလို့ရှိရင် အမျိုးသားက သကဒါဂါမ်ဖြစ်ပြီး အမျိုးသမီးက သောတာပန်အထိ ဖြစ်နိုင်တဲ့ အခြေအနေရှိပါတယ်။

ဒီလောက် အခြေအနေကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါလျက်ကယ်နဲ့ လောကရေးဘက်ကလည်း လူဖြစ်ရှုံး၊ ဓမ္မရေးဘက်မှာလည်း လူဖြစ်ရှုံး၊ သာသနာတော်ကြီးနဲ့ တွေ့ကြုံရကျိုး မနပ်ဘဲနဲ့ ဖြစ်ရတာဟာ အင်မတန် နစ်နာလှပါတယ်။ ဒီလိုဖြစ်ရတာဟာ မိဘနှစ်ဦးက သားသမီးတွေအပေါ်မှာ ပြုရမယ့်ဝတ္တရားတွေကျေပွန်ပြီးတော့ ဆုံးမပေးမယ်၊ ပညာလည်းပဲ သင်ကြားပေးမယ်ဆိုရင် အဲဒီသူဌေးသား ဇနီးမောင်နှံနှစ်ဦးဟာ ဒီလိုအခြေအနေမျိုး နစ်နာဆုံးရှုံးမှု ဘယ်တော့မှ မဖြစ်တန်ရာပါဘူး။ မိဘနှစ်ဦးတို့ဟာ အချစ်မတတ်တဲ့အတွက် အခုသားသမီးတွေ လောကရေးရော၊ ဓမ္မရေးရော ဆုံးရှုံးနစ်နာသွားတာကြည့်ပါ။ လူမမယ်အရွယ်မှာတော့ တန်သလောက်ခိုးမြောက်မှု ရှိပေမယ့်လို့ အရွယ်ရောက်လာတဲ့အခါ သူအရွယ်အလိုက် တန်သလောက်

http://www.dhammadownload.com

ချီးမြှောက်မှု မရှိပြန်ဘူးဆိုရင် မင်းတို့ ကိုယ့်ခြေထောက်နဲ့ ကိုယ်ရပ်တည်ကြတော့ မင်းတို့ သွားကြတော့။ မင်းတို့ မကျွေးနိုင်တော့ဘူးလို့ ဒီလို မိဘမေတ္တာတွေမဲ့ပြီးတော့ မိဘနဲ့ကင်းကွာသွားတဲ့သားသမီးတွေလည်းပဲ အခြေဆိုးအနေဆိုးရောက်ရတာ ကမ္ဘာပေါ်မှာ အများကြီးရှိပါတယ်။ အဲဒါတွေလည်းပဲ သိပ်သတိထားစရာ ကောင်းပါတယ်။

အနာထပိဏ်သူဌေးကြီး ချီးမြှောက်

သင့်တော်သောအခါမှာ ဥစ္စာပေးရမယ်လို့ မိဘများမှာ ဝတ္တရား ရှိပါတယ်။ တချို့ သင့်တော်တဲ့အခါ ဥစ္စာမပေးတဲ့အပြင် အရွယ်မရောက်သေးတဲ့ကလေးတွေ၊ အရွယ်ရောက်တဲ့ ကလေးတွေပေါ့လေ။ ဒီမှာ သားသမီးတွေအာမခံကြေးနဲ့ ပတ်သက်ပြီးတော့ မိဘတွေက သူတို့ချည်း သုံးချင်တာနဲ့ပဲ တစ်မျိုးမျိုးနဲ့ သားသမီးတွေကို ရက်ရက်စက်စက် လုပ်တဲ့ အမှုတွေကိုလည်းပဲ လောကမှာ ပေါ်ပေါက်တာတွေ အများကြီးပါပဲ။ ဒီနေရာဌာနမှာ ဘုရားလက်ထက်တော်ကာလက အနာထပိဏ်သူဌေးကြီး သူ့သားသမီးတွေ လောကကြီးမှာ လူနေဝင်ဆန့်အောင်လို့ ဆုံးမပေးသလို ထို့အတူ သာသနာရေး၊ ဘာသာရေးနဲ့ပတ်သက်ပြီးတော့လည်းပဲ လူရည်မွန်လေးတွေဖြစ်ရေးအတွက် ဆောင်ရွက်ပုံလေးတွေ တယ် အတုယူစရာ ကောင်းတယ်။ အသက်ရှင်ဆဲကာလမှာ သားသမီးတွေရဲ့ ချမ်းသာရေးလောက်သာ မမျှော်ဘဲနဲ့ နောင်သံသရာရေးပါ မျှော်ပြီးတော့ သားကောင်း သမီးကောင်းလေးတွေဖြစ်အောင် ပြုပြင်တဲ့နည်းလေးတွေ တယ်ပြီးတော့ အတုယူစရာ ကောင်းပါတယ်။ အနာထပိဏ်သူဌေးကြီးမှာ သမီး ၃ ယောက်နဲ့ သား ၁ ယောက် ရှိပါတယ်။ သမီး ၃ ယောက်လုံး ဘုရား၊ တရား၊ သံဃာ ရတနာ၃ ပါးနဲ့ ရင်းနှီးစေပြီးတော့ သမီးကြီး ၂ ယောက်ကို သောတာပန်အထိရောက်စေပြီးတော့ သမီးငယ်လေးကိုတော့ သကဒါဂါမ်အထိ ရောက်စေပါတယ်။ ဒါပေမဲ့လို့ သားလေးကျတော့ အမျိုးမျိုး ရတနာ ၃ ပါးနဲ့ ရင်းနှီးအောင် ကြိုးစားပေမယ့်လို့ သားလေးက ပေကပ်ကပ်၊ မိုက်ကန်းကန်းဆိုတော့ ပြုပြင်လို့မရနိုင်ဘဲ ဖြစ်နေပါတယ်။ ဒီလိုနေရာမှာတော့ အမျိုးသမီးနဲ့ အမျိုးသားဆိုလို့ရှိရင် အမျိုးသမီးကသာ သွားတယ် တော်တယ်လို့

http://www.dhammadownload.com

ဆိုရမှာပဲ။ သားလေးက ပြောစကား နားမထောင်တော့ အဖေက စိတ်ပျက်စိတ်ဓာတ်ကျပြီးတော့ လျော့သွားသလား?မိဘဝတ္တရားကုန်ပြီဆိုပြီးဒီအတိုင်းပဲ ပစ်ထားသလားဆိုတော့ မပစ်ပါဘူး။ ဆက်ကြိုးစားသေးတယ်။ သူ့ရဲ့ ကြိုးစားပုံလေးက တစ်နေ့မှာ သူဌေးကြီးက အကြံဖြစ်တယ်။ သားရေ ကျောင်းသွားပြီးတော့ ဥပုသ်စောင့် တရားနာ ငွေတစ်ရာပေးမယ်။ ငွေနဲ့ ဖြားယောင်းသွေးဆောင်ပါတယ်။ ငွေနဲ့ ဆောင်ရွက်လို့ရှိရင် ဘယ်ပုဂ္ဂိုလ်မဆို ရနိုင်တာချည်းပဲဆိုတဲ့ ရည်မှန်းချက်နဲ့ပေါ့လေ။ ငွေနဲ့ဖြားယောင်းသွေးဆောင်ပါတယ်။ ဒီတော့ ငွေတစ်ရာလိုချင်နေတဲ့သားဟာ ကျောင်းသွား ဥပုသ် စောင့်ပြီးတော့ တရားမနာဘဲ တစ်နေရာရာမှာ အိပ်ပြီးတော့ အိမ်ပြန်ရောက်လာပါတယ်။ အိမ်ပြန်ရောက်တော့ သူဌေးကြီးက သားကို သူပြောတဲ့အတိုင်း ဆောင်ရွက်ဖော်ရတယ်ဆိုပြီး စားဖွယ်သောက်ဖွယ်တွေ ပေးပါတယ်။ စားဖွယ် သောက်ဖွယ်တွေ မစားသေးဘဲ ငွေသာ အရင်ပေးပါ။ တောင်းဆိုလို့ ငွေအရင်ပေးရတယ်။ ငွေထုပ်ပိုက်ပြီးတော့ ဒီမှာ စားဖွယ် သောက်ဖွယ်တွေ စားသောက်ရတာ။

နောက်တစ်နေ့မှာ သူဌေးကြီးက တစ်ဆင့် ကြဲသေးတယ်။ မင်း - ဘုရားထံက တရားတစ်ပုဒ်ကို မှတ်မိအောင် နာခဲ့။ တရားတစ်ပုဒ် မှတ်မိအောင် နာနိုင်လို့ရှိရင် ငွေတစ်ထောင်ပေးမယ်လို့ ဒီလိုဆိုပြီး လွှတ်လိုက်ပြန်တယ်။ ဒီတော့ သားဖြစ်သူက ဘုရားထံ တရားနာ တစ်ပုဒ်ရလို့ရှိရင် အမြန်ပြန်ပြေးပြီးတော့ ငွေတစ်ထောင်ယူမယ်ဆိုတဲ့အကြံမျိုးနဲ့ တရားနာတာ။ အဲဒီလိုတရားနာရင်းနာရင်းကပဲ တရားသဘောတွေ ပေါက်သွားတယ်။ မြတ်စွာဘုရားဟောကြားတဲ့တရား ကြားနာရတော့ သဒ္ဓါတရားတွေ နိုးကြားလာတယ်။ ကိုယ်ထဲက ဖြစ်ပျက်တဲ့ ရုပ်နာမ်တရားတွေ ဖြစ်ဆဲလိုက်ပြီး ရှုတာ စိတ်တွေငြိမ်သက်ပြီး ရုပ်နာမ်ပိုင်းခြားမှုကအစ အဆင့်ဆင့် ဉာဏ်လေးတွေ တက်ပြီးတော့ နောက်ဆုံးဖြစ်ပျက်မစပ် အငြိမ်းဓာတ်ကို သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုသိသွားတယ်။ သောတာပန် ဖြစ်သွားတယ်။

http://www.dhammadownload.com

သတိပဋ္ဌာန်တရားဟာ အကောင်းဆုံး

သောတာပန်ဖြစ်သွားတယ်ဆိုတော့ သူမှာ အသိဉာဏ်လေးက တော်တော်လေးလုံလောက်သွားပြီ၊ အသိဉာဏ်လုံလောက်သွားတော့ စိတ်မှာအားတွေ ပြည့်သွားတယ်။ အာဟာရဖြည့်တင်းတဲ့ အစားအစာ စားရလို့ရှိရင် အားနည်းချည့်နဲ့နေတဲ့ပုဂ္ဂိုလ်ဟာ အားတွေ ပြည့်တင်းပြီးတော့ နေရာဌာနတိုင်း လှုပ်လှုပ်ရှားရှား သန်သန်မာမာနဲ့ လုပ်နိုင်သလိုပေါ့လေ။ သတိ၊ ပညာအားတွေ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ၊ ဆင်ခြင်တုံ မြော်မြင်တုံပညာတွေပေါ့လေ။ ဒီမှာ အားတွေက ပြည့်သွားတော့ ပညာအဆီအနှစ် ဩဇာတက်ကဝင်သွားတော့ စိတ်အားတွေ ပြည့်သွားတာ။ ဟစ်ခါတည်း ချက်ချင်း လိမ္မာသွားတာပဲ။ ချက်ချင်း ပြောင်းလဲပစ်လိုက်သလိုပေါ့လေ။ ဒီမှာ လိမ္မာသွားတာပဲ။ ဒီတော့ ငွေတစ်ထောင် မမက်တော့ဘူး။ သူက တရားပဲ သူမက်တော့တယ်။ အဲဒီလိုကို ဖြစ်သွားတာ။ ကလေးတွေ အကျင့်စာရိတ္တပြင်တဲ့နေရာမှာ ဒီသတိပဋ္ဌာန်တရားဟာ အင်မတန် ကောင်းတယ်။

အလိမ္မာ အသိဉာဏ် ၂ ပိုင်း

တာဝန်သိတဲ့ မိကောင်းဖကောင်းများဟာ တာဝန်ရှိရှိနဲ့ ဒီ သားသမီးတို့ကို ပစ္စည်းဥစ္စာပေးတာထက် အသိအလိမ္မာနဲ့ ပညာပေးတာ ပိုပြီးတော့ လိုလားကြတယ်။ အလိမ္မာနဲ့ အသိဉာဏ်ဆိုတာက လောကရေးနဲ့ ပတ်သက်တဲ့ အလိမ္မာနဲ့ အသိဉာဏ်နဲ့ ကိုယ်၊ နှုတ်၊ စိတ်ထား ၃ ပါးလုံး ယဉ်ကျေးသိမ်မွေ့စေနိုင်တဲ့ ဓမ္မရေးရာနဲ့ ပတ်သက်တဲ့ အလိမ္မာနဲ့ အသိဉာဏ် ၂ ပိုင်းရှိပါတယ်။ လောကရေးနဲ့ပတ်သက်တာကတော့ သားသမီးတွေ လူမှုအဆင့်အတန်း မီဖို့ရန် ပေးလို့ ရပါတယ်။ ဒါကတော့ တစ်ခဏလေးပါပဲ။ တစ်ဘဝစာပါပဲ။ နောင်သံသရာနဲ့ မျှော်ပြီးတော့ ယခုအသက်ရှင်ဆဲကာလမှာလည်းပဲ သားလိမ္မာ သမီးလိမ္မာလေးတွေ ဖြစ်ပြီး သာသနာရေးနဲ့ပတ်သက်တဲ့ ပညာလည်းပဲ တတ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါကို အလေးထားရတာပါ။ အဲဒီလို အလေးထားပြီးတော့ အလိမ္မာနဲ့ အသိဉာဏ်ပေးရာမှာ မိဘတွေ ကိုယ်တိုင်က လိမ္မာရေးခြားလည်း မရှိဘူး။ ပြီးတော့ ဓမ္မရေးနဲ့ပတ်သက်ပြီး အသိပညာကလည်း

http://www.dhammadownload.com

မရှိဘူး ဆိုရင် ကြက်မကြီးက ကြက်ဥတွေ ဥထားပြီးတော့ သူကိုယ်က ထွက်တဲ့ ကိုယ်ပိုင်အင္ဂေ့ မပေးနိုင်လို့ရှိရင် ကိုယ်ပိုင်သားမရဘူး။ ဒီကြက်ဥတွေဟာ အလကားပဲ အဆံခြောင်သွားတာပဲ။ လုံလုံလောက်လောက်လည်းပဲ အင္ဂေ့ မပေးနိုင်ဘူး။ ပြီးတော့ ကြက်တွေပေါက်လာတဲ့အခါမှာလည်းပဲ သင့်တော်သလို အလေ့အထ မပေးနိုင်ဘူးဆိုလို့ရှိရင် ဒီကြက်ကလေးတွေဟာ ပိန် ပိန်ညောင်ညော် ဖြစ်ပြီးတော့ ရန်အန္တရာယ်တွေ တောထဲမှာ နေရပြီး ဘေးဒုက္ခ ရောက်ဖို့ သေချာတယ်။ ဒီတော့ မိဘတွေ ကိုယ်တိုင်က ဘာသာရေးအင္ဂေ့၊ လိမ္မာရေးခြားအင္ဂေ့ လိမ္မာရေးခြားအလေ့ပေါ့ သားသမီးတွေကို များများပေးနိုင်ဖို့အတွက် ရှေးဦးစွာ မိဘနှစ်ဦးမှာ တာဝန် သိပ်ရှိပါတယ်။ ပစ္စည်းအရေးထက် အလိမ္မာနဲ့ ပညာပေးရတာဟာ ဒါ မိကောင်းဖကောင်းတို့ရဲ့ တာဝန်ပဲဆိုတဲ့အချက်မှာ ပစ္စည်းအလေးထားပေးလို့ရှိရင် ဘာဖြစ်တတ်သတုံးဆိုတော့ ပစ္စည်းဆိုတဲ့ဟာမျိုးက ပျက်စီးတတ်တယ်။ မပျက်မစီးဘဲနဲ့ ထာဝရတည်တဲ့ ကောင်းကျိုးကိုလည်းပဲ အရှည်ပေးတတ်တဲ့ ခုနပြောခဲ့တဲ့ ခွီးမြောက်မှုမျိုးသာမှန်ကန်တဲ့ခွီးမြောက်ခြင်းပဲဆိုတာ ဒါတွေ နားလည်ထားဖို့အရေးကြီးပါတယ်။ အဲဒီလိုနည်းမျိုးနဲ့ တာဝန်ရှိတဲ့ မိဘများဟာ သားသမီးတွေ အပေါ် ခွီးမြောက်ကြည့်စမ်းပါ။ အဲဒီလို ခွီးမြောက်လို့ရှိရင် သားသမီးတွေဟာ မိဘရဲ့ကျေးဇူးကို သိနားလည်ပြီးတော့ မိဘတွေအပေါ် ကောင်းကောင်းကြီး ချစ်လာမယ်။ ကောင်းကောင်းကြီးချစ်လာလို့ရှိရင် အဲဒီအပြုအစုခံဖြစ်တဲ့သားသမီးတွေဟာ မိကောင်းဖကောင်းတို့ရဲ့ တကယ့်မိတ်ဆွေစစ် ဖြစ်တော့တာပဲ။ ဒီနည်းနဲ့ပဲ သားသမီးများနဲ့ မိဘတို့ဟာ မေတ္တာမာတ်နဲ့ စေးကပ်နေလို့ရှိရင် ဘယ်နည်းနဲ့မှ မိသားစုကြီး မပြိုကွဲနိုင်တော့ဘူး။ စည်းစည်းလုံးလုံး ဖြစ်နေဖို့ သေချာတယ်။ တချို့မိဘများက သားသမီးတွေကို အလိုလိုက်ပြီးတော့ မဆုံးမဘဲနဲ့ ဒီအတိုင်း ပစ်ထားမယ်ဆိုလို့ရှိရင် သားတွေသမီးတွေဟာ အလိမ္မာလည်း မရဘူး။ ပညာပါမပေးဘူးဆိုရင် ပညာလည်း မရဘူးဆိုလို့ရှိရင်တော့ မိဘများမှာ သားသမီးများဆီက တုံ့ပြန်ချက်မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားသမီးတွေ အပေါ်မှာ ချစ်ရာမရောက်တော့ဘူး။ ဘဝတွေ ဆိုးဝါးသွားအောင် ဆိုပြီးတော့ နှစ်ရာရောက်သွားတယ်။ အဲဒီလိုမိဘမျိုးဟာ သားသမီးများရဲ့ မိတ်ဆွေ

http://www.dhammadownload.com

ကောင်း မဖြစ်ဘူး။ ရန်သူပဲ ဖြစ်မှာပဲ။ ဒီတော့ မိဘများဟာ သားတွေ သမီးတွေကို တိုက်ရိုက်နည်းနဲ့ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်နည်းနဲ့ပဲဖြစ်ဖြစ်၊ သင့်တော်တဲ့ ဥပါယ်တံမျဉ်နည်းတစ်မျိုးမျိုးနဲ့ပဲ ဖြစ်ဖြစ်ပေါ့လေ ဆုံးမပေးခြင်းအားဖြင့် သားကောင်း သမီးကောင်းလေးတွေ ဖြစ်အောင်လုပ်ဖို့ မိဘတွေမှာ လုံးဝ တာဝန်ရှိနေတယ် ဆိုတာပေါ့လေ။ သိဖို့ အရေးကြီးပါတယ်။ ပြီးတော့ သားသမီးတွေဟာ မိဘများရဲ့ အပြုအမူ အပြောအဆိုအနေအထိုင် ကြည့်ပြီးတော့ သူတို့က နေတတ်ပါတယ်။ မိဘနှစ်ဦးက အစစအရာရာ ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းနဲ့ နေထိုင်တတ်ပြီဆိုလို့ရှိရင် အဲဒီအတူတွေ သားသမီးတွေမှာ ကူးစက်သွားပြီးတော့ မိဘနှစ်ဦးဟာ သားသမီးတွေရဲ့စံနမူနာ ဖြစ်နိုင်ပါတယ်။ မိဘတွေက နေရာမကျဘူးဆိုလို့ရှိရင် အဲဒီအတူတွေယူပြီးတော့ သားသမီးတွေ မကောင်းတဲ့အတူတွေ ရတတ်တယ် ဆိုတဲ့အချက်ကို လည်းပဲ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ခုန အနာထပိဏ်သူဌေးကြီး မိမိ သားသမီးတွေအပေါ်မှာ လောကကြီးပွားရေးလောက်သာ မဟုတ်ဘဲနဲ့ သံသရာတစ်လျှောက် သားသမီးတွေ ချမ်းသာရေး အရှည်မျှော်ပြီးတော့ ပြုပြင်ပေးပုံလေးတွေဟာ သိပ်စံနမူနာယူစရာကောင်းပါတယ်။ ငယ်ငယ်ရွယ်ရွယ်က ပြုပြင်လိုက်လို့ရှိရင် ကလေးတွေဟာ ကောင်းတဲ့အကျင့်တွေရပြီးနောက် လူကောင်းသူကောင်းလေးတွေ ဖြစ်ပြီးတော့ သူတို့ကိုယ် သူတို့ ထိန်းချုပ်နိုင်စွမ်း ရှိသွားမှာပဲ။ ငယ်ငယ်က အခြိန်မီ ပြုပြင်မပေးဘူးဆိုလို့ရှိရင် ကြီးမှ ပြုပြင်ရတာ မလွယ်ဘူး။ ဘုန်းကြီးတို့ မြေအိုးများလုပ်တဲ့အခါ အိုးမှာ တံဆိပ်တွေ ခပ်နှိပ်တာ၊ ပန်းလေးတွေ ခပ်နှိပ်တာ ရှိပါတယ်။ အဲဒီမြေမှာ ခပ်နှိပ်ထားတဲ့တံဆိပ်ဟာ အရာတွေဟာ အမြဲတမ်းပဲ တည်သွားတော့တာပဲ။ ဒီတော့ မြေပျော့တုန်းအခါမှာသာ နှိပ်လို့ရတာ။ ဒီလိုပဲ ကလေးတွေလည်းပဲ အရွယ်နုတုန်းအချိန်ကစပြီးတော့ ပြုပြင်ပေးလို့ ဒီက ဆုံးမသွန်သင်ချက် အမှတ်အသားလေးတွေဟာ တစ်သက်လုံးစွဲပြီးတော့ မြဲသွားနိုင်ဖွယ်ရာ ရှိတယ်။

အခုပြောတဲ့အတိုင်း ဆိုဆုံးမချက်ကို အလေးထားတဲ့ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား ဆိုဆုံးမတဲ့အတိုင်း လိုက်နာနိုင်လို့ရှိရင် လောကရေးမှာလည်းပဲ စိတ်ချမ်းသာနိုင်ပါတယ်။ မိမိရော သားသမီးတွေပါ ကိုယ်ကျင့်သီလတွေလည်း

http://www.dhammadownload.com

ပဲ ထူးထူးခြားခြားကြီး ကောင်းလာနိုင်ပါတယ်။ ပြီးတော့ တကယ့်တိုးတက်ကြီးပွားမှုတွေလည်းပဲ ဖြစ်လာနိုင်ပါတယ်။ အနာထပိဏ် သူဌေးတို့လို သားသမီးတွေကို တကယ်ပြုပြင်လို့ရှိရင် သားသမီးတွေလည်းပဲ တကယ့်အေးချမ်းမှုတွေ ရရှိပြီးတော့ အဲဒီအေးချမ်းမှု ရရှိအောင် ပြုလုပ်ပေးတဲ့ မိဘများဟာ သားသမီးများရဲ့ ခိုလှုံရာ တကယ့်အေးရိပ်သာကြီးလည်းပဲ ဖြစ်သွားနိုင်ပါတယ်။ အခု ပြောခဲ့တဲ့အချက်တွေကို သဘောပေါက် နားလည်ပြီးတော့ လက်တွေ့ကျင့်သုံးခြင်းအားဖြင့် မိမိတို့ကိုယ်တိုင်လဲပဲ သားသမီးတွေ တကယ့်ဒလိမ္မာနဲ့ ပညာအမွေအနှစ် ပေးနိုင်အောင် ဆောင်ရွက်နိုင်ပြီး သားသမီးတွေကိုလည်းပဲ တကယ့်သားကောင်းသမီးကောင်းလေးတွေ ဖြစ်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဒီနေ့ တရားပွဲ သိမ်းလိုက်ရပါတယ်။

"ဒါရသင်္ဂဟ" ဆိုတာကိုတော့ ဆက်ပြီးတော့ အခွိန်မလုံလောက်တော့ ပါဘူး။ နောက်တစ်ရက်ရက် ဆက်ရတော့မှာပဲ။

သာဓု. . . သာဓု. . . သာဓု။

လေးစားဖို့ လိုပါတယ်

ပြန်ဖို့ရက်က နီးနေတာမို့လို့ ဟောလက်စတရားတွေ ပြီးပြတ်စေချင်တာမို့လို့ ညပိုင်းသာမဟုတ်ဘဲ နေ့ပိုင်းပါဟောမယ်လို့ မနေ့က ကြေညာထားတယ်။ လွန်ခဲ့တဲ့သုံးရက်က ဝိရိယ သမ္ဘောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း ဟောလာတာ တစ်ဆယ့်တစ်ပါးထဲက သုံးမျိုးပြီးသွားပါပြီ။ ပြီးတော့ ကျန်တဲ့ပိုင်းတွေ ဆက်လက်ပြီးတော့ ရှင်းပြပါမယ်။ ၄ ခုမြောက် ပိဏ္ဍပါတာပစာယနတာ = ဆွမ်းကျိုးတုံ့ပြန်ရမယ်တဲ့။

ဒါ ရဟန်းတော်များနဲ့ သက်ဆိုင်တာပဲ။ ဒါယကာ ဒါယိကာမတွေ လှူဒါန်းတဲ့ပစ္စည်းကို ရိုသေရမယ်ဆိုတာဟာ သူ့ကို အလေးပြုပြီးတော့ ထားရမှာလားဆိုတော့ ဒီလိုတော့ မဟုတ်ပါဘူး။ အဲဒီဆိုလိုရင်း အဓိပ္ပာယ်ကို ဘုန်းကြီးဆက်လက်ပြီး ရှင်းပြပါမယ်။ ယောဂီတွေထဲကလည်းပဲ တခို့ ယောဂီများမှာ မိတ်ဆွေများ လာရောက်ပြီး သိပ်ထောက်ပံ့ အားပေးရတာ ရှိတတ်ပါတယ်။ ပြီးတော့ သူတို့ထောက်ပံ့တဲ့ဟာတွေကိုလည်းပဲ လေးစားဖို့ လိုပါတယ်။

http://www.dhammadownload.com

ကိုယ့်စရိတ်နဲ့ကိုယ်လာပြီး အားထုတ်ကြပေမယ်လို့ ကမ္မဋ္ဌာန်းဌာနဟာ အဆောက်အဦးပြည့်စုံအောင် ရေမီး ပြည့်စုံအောင် အစစအရာရာ ကူညီကြတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ရှိရတယ်။ ပြီးတော့ အဲဒီလိုကူညီမှုတွေကိုလည်းပဲ တစ်နည်းအားဖြင့် လေးစားဖို့ လိုပါတယ်။

ရည်ရွယ်ချက်

ပြီးတော့ လိုအပ်ရာရာ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ကြတဲ့ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ အားထုတ်နိုင်ရေးအတွက် အစစ အရာရာနဲ့ ထောက်ပံ့ကြတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့နဲ့ သွေးသားစပ်တဲ့ ဉာတကာဆွေမျိုး တို့လည်း မဟုတ်ပါဘူး။ ဒီပုဂ္ဂိုလ်တွေဟာ မိမိတို့ကို အမှီပြုပြီးတော့ အသက်မွေးမှုပြုတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ စိတ်စေတနာကောင်းကောင်းနဲ့ မိမိတို့အကျိုးကို လိုပြီးတော့ ဆောင်ရွက်ပေးနေကြတယ်။ ဒီတော့ သူတို့ဆောင်ရွက်ပေးချက်ဟာ အကျိုးရှိပါစေ၊ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့မှု အစစအရာ ရာ ကူညီမှုတွေဟာ အကျိုးကျေးဇူးတွေ ရကြပါစေ။ မိမိတို့ဘက်က ပေါ့နေလို့တော့ မဖြစ်ဘူး။ အဲဒီလို စိတ်ထားလေး ဝိရိယလေး ကျင့်ပေးရပါတယ်။ ပြီးတော့ ဗုဒ္ဓကိုယ်တော်ကလည်းပဲ မိမိရဲ့သားတော်သမီးတော်တွေ ဤပစ္စည်းလေးပါးတွေကို သုံးဆောင်ပြီးတော့ ခန္ဓာကိုယ်ကြီးထွားရဲ့ အသက်ရှည်ပြီး ချမ်းချမ်းသာသာနဲ့ နေနိုင်ပါစေလို့ ဒီလိုရည်မှော်ချက်နဲ့ လိုရာရာပစ္စည်းတွေကို ခွင့်ပြုထားတာ မဟုတ်ပါဘူး။ စင်စစ်တော့ ဒီပစ္စည်းတွေ သုံးဆောင်ပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါစေ။ ဒီပစ္စည်းတွေကို မကင်းစကောင်းတဲ့အနေနဲ့ သုံးဆောင်ပြီးတော့ သီလသမာဓိအကျင့်တွေ ကျင့်သုံးပြီး ကိလေသာတွေလည်း ငြိမ်းချမ်းပြီးတော့ ဆင်းရဲတွင်းက လွတ်မြောက်ကြပါစေလို့ ရည်ရွယ်ပြီး ခွင့်ပြုထားတာလည်း ဖြစ်ပါတယ်။ အဲဒီလို အခြေအနေတွေ မသိဘဲနဲ့ လုံ့လ ဝီရိယမရှိဘဲ ပျင်းရိနေလို့ရှိရင် ကောင်းသောတုံ့ပြန်ခြင်း မှန်သောတုံ့ပြန်ခြင်း မဖြစ်ဘူး။ ခုနက ပြောခဲ့တဲ့အခြေအနေသိပြီး လောဘ ဒေါသ မောဟ အကြမ်းအလတ် အနုကိလေသာတွေကို ပယ်ရှားဖို့ အာရမ္ဘဝီရိယဆိုတဲ့ လုံ့လ ဝီရိယထားပြီးတော့ ကြိုးစားလို့ရှိရင် ပစ္စည်းလေးပါး တုံ့ပြန်ရာရောက်ပါတယ်။ ပစ္စည်းလေးပါးကို ရိုသေရာ

http://www.dhammadownload.com

ရောက်ပါတယ်။ အဲဒီ အခြေအနေ စဉ်းစားလိုက်တဲ့အခါ ဝီရိယတွေလည်း ထူးထူးခြားခြားကြီး ဖြစ်လာတတ်တယ်တဲ့။ ဝီရိယ သမ္မောဇ္ဈင်တွေ ဖြစ်လာတတ်တယ်တဲ့။ ဒီလိုဆိုပါတယ်။

အမွေမြတ်

ပြီးတော့ နော်က်တစ်ခုက ဒါယဇ္ဇ မဟတ္တ ပစ္စဝေက္ခဏာတာ = မြင့် မြတ်သော အမွေခံ အဖြစ်ကို စဉ်းစားဆင်ခြင်လိုက်လို့ရှိရင်လည်းပဲ လုံ့လ ဝီရိယတွေ ထူးထူးခြားခြား ဖြစ်ပြီးတော့ ဝီရိယ သမ္မောဇ္ဈင်တွေ ဖြစ်ပွားလာတတ်ပါတယ်တဲ့။ ဗုဒ္ဓသာသနာမှာ အထက်တန်းကျ မြင့်မြတ်တဲ့ အမွေဆိုတာ တခြားမဟုတ်ပါဘူး။ အရိယာဥစ္စာခုနစ်ပါးပါပဲ။ အဲဒီ အရိယာဥစ္စာခုနစ်ပါးကို ဣန္ဒြေထက်ကြောင်းကိုးပါး ဟောစဉ်က ရှင်းပြခဲ့ပါတယ်။ အဲဒီ ဒေသနာ ကျ ရောက်တဲ့အတိုင်း ထပ်ပြီးရှင်းရမယ်ဆိုရင် အဲဒါက သဒ္ဓါဓန-သဒ္ဓါတည်းဟူသော ဥစ္စာ၊ သီလဓန -သီလ တည်းဟူသော ဥစ္စာ၊ ဟိရီဓန၊ ဩတ္တပ္ပဓန၊ သုတ ဓန၊ စာဂဓနနဲ့ ပညာဓနပေါ့။ ဒါ အရိယာ- ဖြူစင်တဲ့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်များ ပိုင်ဆိုင်နိုင်တဲ့ အမွေတွေပါပဲ။ ဒါကို မြင့်မြတ်တဲ့ အမွေလို့ ခေါ်ပါတယ်။ လောကမှာ ဘယ်လောက်ပဲ အဆင့်အတန်းမြင့်မြင့်နေရပေမဲ့လို့ မိဘများရဲ့ အမွေအနှစ်ကို ရပေမဲ့လို့ အဲဒီအမွေအနှစ်ကတော့ ရုပ်ဝတ္ထုဖြစ်နေတော့ တာရှည်မခံပါဘူး။ အထူးအားဖြင့် နောက်နောက်ဘဝတွေကို ယူသွားလို့ မရတဲ့အမွေတွေပါ။ ပြီးတော့ ကိုယ့်အတွက်လည်း အသုံးမချတတ်လို့ရှိရင် ဒုက္ခတွေ ဖြစ်နိုင်တယ်။ အရိယာဥစ္စာခုနစ်ပါးခေါ်တဲ့ မြင့်မြတ်တဲ့ အမွေကတော့ ဖြစ်ဆဲကာလမှာလည်း ဒီအမွေတွေရှိနေတာ ကောင်းနေတာပါပဲ။ နောက် ဘဝဆက်ဆက်လည်း တစ်ပါတည်း ကိုယ်နဲ့ ပါသွားမှာပဲ။ အဲဒီလို မြတ်အမွေခံဖြင့် စဉ်းစားရတယ်။

ပျင်းရင် မရနိုင်

ပြီးတော့ စဉ်းစားပုံလေးကို နောက်ဆက်ပြီးတော့ ပြောပါမယ်။ လောကမှာ သားဆိုး သမီးဆိုးဖြစ်တဲ့ ပုဂ္ဂိုလ်များကို မိဘများက ဒီသားဟာ ဒီသမီးဟာ

http://www.dhammadownload.com

ငါတို့ရဲ့သားသမီးအစစ် မဟုတ်ဘူးလို့ သဘောထားပြီးတော့ ပစ်ပယ်ကြပါတယ်။ အဲသလို ပစ်ပယ်ခံရတော့ သား၊ သမီးဟာ မိဘများ ကွယ်လွန်သွားလို့ ရှိရင် အမွေမရတော့ပါဘူး။ ဒါလိုပဲ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ အပျင်းကြီးနေလို့ရှိရင် ခုနက ပြောခဲ့တဲ့ အရိယာဥစ္စာခုနစ်ပါးခေါ်တဲ့ အမွေကောင်း အမွေမြတ်ကို ဘယ်နည်းနဲ့မှ မရနိုင်ပါဘူး။ အာရဒ္ဓ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်သာ အရိယာဥစ္စာခုနစ်ပါးမြတ်ကို ရနိုင်တာပါပဲ။ အာရဒ္ဓ ဝီရိယ ဆိုတာက ကိုယ်နဲ့ အသက်ကို မင့်မကွက်ဘဲနဲ့ တကယ်ကိလေသာတွေကင်းပြီးတော့ အနည်းဆုံး သောတာပန်အနေ ရနိုင်လောက်တဲ့အထိ ကြိုးစားမှုရှိလို့ ဝီရိယဟာ တစ်ဆင့်ဆင့်တက်လာပြီးရပ်နေတာလည်း မဟုတ်၊ အောက်ကျသွားတာလည်း မဟုတ်၊ အဲဒီလိုအဆင့်ရအောင် နောက်ဆုံးဝီရိယတွေ အဆင့်ဆင့် ပြည့်စုံပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ ယှဉ်တွဲပြီးတော့ ပေါ်တဲ့ ဝီရိယမျိုးပေါ့လေ အဲဒီ ဝီရိယမျိုး ပြည့်စုံတဲ့အထိ ကြိုးစားရမှာပါ။ အဲဒီလို ကြိုးစားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ခုနက စောစောပိုင်းက ပြောခဲ့တဲ့ မြတ်သောအမွေကို ရတော့တာပဲ။ မြတ်သောအမွေ ရလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ ဘဝပြည့်စုံသွားပါပြီ။ ဒီတော့ ကြိုးစားလို့ ရရှိနိုင်တဲ့ မြင့်မြတ်တဲ့အမွေဟာ သာမန်အမွေမဟုတ်ဘူး။ မြတ်သော အမွေရဲ့ကျေးဇူးရှိပုံလေးကို စဉ်းစားဆင်ခြင်လိုက်လို့ရှိရင် ဝီရိယတွေ ထူးထူးခြားခြား ဖြစ်လာတတ်တယ်။ အဲဒါဟာ ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏာတာ = ဝီရိယ ဖြစ်ခြင်းရဲ့ အကြောင်းပါပဲ။

သိပ်သနားတယ်

နောက်တစ်ခုက သတ္တုမဟတ္တ ၊ ပစ္စဝေက္ခဏာတာ = လမ်းမှန်ညွှန်ပြတဲ့ ဆရာဘုရားရဲ့ ကြီးကျယ်မြင့်မြတ်ပုံ ဆင်ခြင်ပြီးတော့လည်းပဲ ဝီရိယတွေ တိုးမြှင့်ပေးပါတဲ့။ လမ်းမှန်ညွှန်ပြဆိုလို့ ဗုဒ္ဓမပွင့်မီကဆိုရင် လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေဟာ ကုမဂ္ဂ ပဋိပန္နာ=လမ်းမှားတွေ လိုက်နေကြတယ်။ လမ်းမှားလိုက်တယ်ဆိုတာ စိတ်ထားကလည်း အမျိုးမျိုး၊ အမှတ်သညာကလည်း အမျိုးမျိုး၊ အယူအဆကလည်း အမျိုးမျိုးတွေ ကွဲပြားတော့ လမ်းမှန် မမြင်ဘဲနဲ့ ပေါ့လေ။ ထင်ရာတွေ သူတို့လျှောက်လုပ်နေကြတာ တော်တော်များများဟာ မတရား

http://www.dhammadownload.com

တဲ့ဒုစရိုက်တရားတွေနဲ့ပေါ့လေ။ အဲဒါနဲ့ အချိန်ကုန်နေကြတာ။ လမ်းမှားချည်းပဲ လျှောက်နေကြတာ။ လမ်းမှားချည်းပဲ လျှောက်နေတာကိုမြင်တဲ့ မြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့က ဒီပင်္ကရာမြတ်စွာဘုရားထံမှောက်မှာ သတ္တဝါတွေကို ခြုံပြီးတော့ စဉ်းစားလိုက်တဲ့အခါမှာ သိပ်သနားတယ်။ သိပ်သနားတော့ လမ်းမှားလျှောက်ရာကနေပြီးတော့ လမ်းမှန် လျှောက်ရေးအတွက် မိမိကိုယ်တိုင် လမ်းမှန်ကို ရှာဖွေပြီး လမ်းမှန်ကို ပို့ပေးမယ် လမ်းမှန်ပို့ပေးနိုင်လောက်တဲ့အဖြစ်မျိုး ရောက်အောင် ဒါနအစတဲ့ ပါရမီတွေ ဖြည့်ဆည်းရမယ်ဆိုတာ နားလည်လာတယ်။ နားလည်တဲ့အတိုင်းလည်းပဲ ကမ္ဘာနဲ့ချီပြီးတော့ ဒါန အစရှိတဲ့ ပါရမီတွေ မြတ်စွာဘုရားလောင်းဟာ ဖြည့်ခဲ့ပါတယ်။

အကြောင်းနဲ့ ပြည့်စုံမှု

လမ်းမှန်ညွှန်ပြတဲ့ ဆရာဘုရားဟာ ဟေတု သမ္ပဒါ- အကြောင်းလည်းပဲ ပြည့်စုံပါတယ်။ အကြောင်းပြည့်စုံသလောက် ဖလ သမ္ပဒါ = အကျိုးလည်းပဲ ပြည့်စုံပါတယ်။ ပြီးတော့ အကြောင်းအကျိုးပြည့်စုံပြီးတော့ သတ္တဝါများ သူလို အကျိုးရရေးအတွက် သတ္တဝါတွေရဲ့ အကျိုးစီးပွားကို ဘုရားလောင်းဘဝက စပြီးတော့ နောက်ဆုံးဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့အထိ ကျေးဇူးတွေ ပြုတဲ့ သတ္တုပကာရ သမ္ပဒါ။ ဒီ သမ္ပဒါသုံးပါးနဲ့ ပြည့်စုံပါတယ်။ အဲဒီ သမ္ပဒါ သုံးပါးထဲက ဟေတုသမ္ပဒါ= အကြောင်းနဲ့ ပြည့်စုံခြင်းဆိုတာ ဘုရားလောင်းဘဝတည်းကိုက သတ္တဝါတွေ လမ်းမှားလျှောက်နေတာ ဆင်းရဲဒုက္ခရောက်နေတာကို အလွန်ကြင်နာသနားပါတယ်။ ကရုဏာ အခြေခံ ပါတယ်။ ကရုဏာ အခြေခံပြီးတော့ သတ္တဝါတွေ လမ်းမှန်ရောက်ရေးအတွက် ညွှန်ပြနိုင်ဖို့ရန် ဉာဏ်အသီးသီးရရှိဖို့အတွက် ပါရမီတွေ ဖြည့်ရပါတယ်။ ဒါ ဟေတု သမ္ပဒါ ခေါ်ပါတယ်။

ကရုဏာကြောင့် သည်းခံ

လူတစ်ယောက် ဆင်းရဲဒုက္ခရောက်နေပြီဆိုရင် ကရုဏာသက်သက် ဖြစ်ရုံနဲ့ မလုံလောက်ပါဘူး။ ဉာဏ်ရှိဖို့လည်း အရေးကြီးပါတယ်။ ဉာဏ်ဆိုတာ

http://www.dhammadownload.com

ဒါလမ်းမှားတယ်၊ဒါ လမ်းမှန်တယ်ဆိုတာကို ကိုယ်က ဖော်ပြနိုင်မှ လမ်းမှား လျှောက်နေတဲ့ပုဂ္ဂိုလ်တွေဟာ ဆက်ပြီးတော့လျှောက်နေရင် ဆင်းရဲဒုက္ခ ရောက်မှာပေါ့။ ဖော်ပြနိုင်တာ အဲဒီလမ်းမှားကိုလည်း သိရပါတယ်။ လမ်းမှန် ကိုလည်း သိရပါတယ်။ ဉာဏ်ရှိမှလည်း ဖြစ်ပါတယ်။ ဉာဏ်နဲ့ယှဉ်ကြည့်မှ လမ်းမှန်၊ လမ်းမှားဆိုတာကို သိတာပေါ့။ ဒါပေမဲ့ လမ်းမှားလျှောက်နေတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ကြင်နာတဲ့ ကရုဏာမရှိဘူးဆိုလို့ရှိရင်လည်းပဲ အဲဒီ ဆင်းရဲက မကယ်တင်နိုင်ဘူး။ ပြီးတော့ ကြင်နာမှုလည်းရှိရမယ်။ ဉာဏ်လည်း ရှိရမယ်။ ဒါ သိပ် အရေးကြီးပါတယ်။ ပြီးတော့ ကြင်နာမှု အခြေခံပြီးတော့ ဉာဏ်အသီးသီး ရရှိဖို့ရန် ပါရမီဖြည့်ရတယ်ဆိုတာ သိပ်သဘာဝကျပါတယ်။ အဲဒါ ဟေတုသမ္ဘဒါ အကြောင်းရဲ့ ပြည့်စုံခြင်းပါပဲ။ အဲဒီ ကြင်နာမှုကြောင့် သံသရာတစ်လျှောက်လုံး ပါရမီဖြစ်ရေးအတွက် အများက စော်ကားတဲ့ ဒဏ်တွေကို ဘုရားလောင်းမှာ အများကြီးသည်းခံနိုင်စွမ်းရှိတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ သားငယ်ပေါ်မှာ ချစ်ခင်တဲ့ မိဘများ သားငယ်ပေါ်မှာ ကြင်နာတတ်တဲ့မိခင်တွေ ရှိတယ်။ အဲဒီမိခင်တွေရဲ့ကရုဏာတွေကို ကြည့်လိုက်စမ်းပါ။ အဲဒီကရုဏာတွေက မြတ်စွာဘုရားတစ်ပါးတည်းရဲ့ ကရုဏာတွေကို မမီဘူးတဲ့။ သာမန်ကရုဏာရှင်ဖြစ်တဲ့သားအပေါ်မှာ ကြင်နာတဲ့ မိခင်တောင်မှ သားဆိုးလေးအပေါ်မှာ သားငယ်လေးအပေါ်မှာ အစစအရာရာ သည်းခံပြီး ခွင့်လွှတ်နိုင်တယ်။ မြတ်စွာဘုရားမှာ အင်မတန် အကြီးအကျယ်တဲ့ ကရုဏာပဲ။ အဲဒီ ကရုဏာကြောင့်လည်းပဲ သံသရာရဲ့ ဒဏ်ကိုလည်း ခံနိုင်တယ်။ သတ္တဝါတွေရဲ့စော်ကားမှုတွေကိုလည်းပဲ သည်းခံနိုင်စွမ်းရှိတယ်။ ဘဝ အဆက်ဆက်က အဲဒီသည်းခံမှု ကြင်နာမှုတွေဟာ အရှိန်ရပြီးတော့ အားတွေ ပြည့်လာတယ်။

ဘုရားလောင်းမျောက်

လူသားဘုရားလောင်းမှာ ရှိတဲ့ကရုဏာဆိုတာတော့ ထားလိုက်စမ်းပါ။ တစ်ခါတရံမှာ ဘုရားလောင်းဟာ တိရစ္ဆာန်ဘဝမျိုးကိုလည်း ရောက်ရတယ်။ တစ်ချိန်က မျောက်ဘဝကို ရောက်သွားတယ်။ အစာရှာရင်းက နွားပျောက်ရှာ

http://www.dhammadownload.com

လို့ ချောက်ထဲကျနေတဲ့ ပုဏ္ဏားတစ်ယောက် တွေ့တယ်။ တွေ့တော့ အလွန်ကြင်နာသနားတယ်။ တွေ့တွေ့ချင်းပဲ အဲဒီချောက်ထဲခုန်ချလိုက်တယ်။ မျောက်ကြီးက ကြီးကြီးဆိုတော့ အားရှိတယ်။ ဒါပေမဲ့လို့ ပထမဆုံး စမ်းသပ်ကြည့်တယ်။ အဲဒီချောက်ထဲကျနေတဲ့ လူနဲ့ ကိုယ်အလေးချိန်နဲ့ မျှတဲ့ ကျောက်တုံးကြီးကို မပြီးတော့ ပထမဆုံးစမ်းသပ်လိုက်တော့ အောင်မြင်သွားတယ်။ ရှေးဦးစွာ ဆင်းရဲဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေ့လို့ ဆင်းရဲက လွတ်စေချင်တဲ့အတွက် ကရုဏာဖြစ်သွားပြီ။ မျောက်ဘဝရောက်တာတောင်မှ ဒီကရုဏာလေးဟာ အစဉ်မပျက်ဘဲနဲ့ ပါသွားတာ ကြည့်ပေါ့။ တကယ်လို့ ရှေးဦးစွာ လူကို ပွေ့ပြီးတော့ အပေါ်ကို မတင်လိုက်တဲ့အခါ မအောင်မြင်ရင် ဒုက္ခရောက်ဖွယ်ရာရှိတယ်။ ဒီတော့ ပထမဆုံးစမ်းသပ်ဦးမှပဲဆိုပြီးတော့ ပထမဆုံး အောင်မြင်သွားမှ ဒုတိယဆင့် ဆက်မယ်ဆိုတဲ့အနေနဲ့ ဉာဏ်ပါလာတာ။ အဲဒီ ဒုက္ခိတသတ္တဝါရဲ့ ကိုယ်အလေးချိန်နှင့်မျှတဲ့ ကျောက်တုံးကြီးကို စမ်းသပ်လိုက်တယ်။ အောင်မြင်သွားတယ်။ ဒါ ဉာဏ်ပါလာပြီ။ ကရုဏာရှိတိုင်းလည်းပဲ ဒုက္ခကမကယ်တင်နိုင်ပါဘူး။ ဉာဏ်ရှိတိုင်းလည်း ကရုဏာမရှိဘူးဆိုလို့ရှိရင် မကယ်တင်နိုင်ပါဘူး။ ဒီတော့ ဘုရားလောင်းဟာ ကရုဏာလည်း ရှိတယ်။ ဉာဏ်လည်း ရှိတယ်။ အောင်မြင်သွားပြီးတော့ နောက်တစ်ချီ အသာအယာပွေ့ပြီးတော့ ခုန်တက်လိုက်တာ အောင်မြင်သွားတယ်။

သွေးတွေနဲ့

ဒီအခါမှာ မောပန်းတော့ တစ်အောင့်အနားယူတယ်။ အဲဒီ ခုနက ချောက်ထဲကနေ အပေါ်ရောက်သွားတဲ့ပုဂ္ဂိုလ်က ယုတ်မာတဲ့စိတ်ထားတွေ ဝင်လာပြီးတော့ မျောက်ကြီးကို သတ်၍ အိမ်ယူသွားဖို့ရန် ကြံစည်တယ်။ ခေါင်းကိုလည်းပဲ ခဲနှင့်ထုလိုက်တာ တစ်ခါတည်း သွေးတွေကျလာတာပဲ။ ဒါပေမဲ့လို့ စိတ်မချမ်းသာတော့ ဖြစ်တယ်။ စိတ်တော့ မဆိုးဘူး။ ဒီဒုက္ခိတသတ္တဝါကို ဒီအတိုင်းပစ်ထားရဲ့လားဆိုတော့ မပစ်ပါဘူး။ သင်ကိုလည်း ကယ်ရသေးတယ်။ သင်ကလည်းပဲ ဒုက္ခရောက်အောင် လုပ်သေးတယ်။ ဒါ တော်သလားလို့ အပြစ်တော့တင်တယ်။ ဒီမှာထားခဲ့လို့ရှိရင် ဆက်ပြီး ဒုက္ခရောက်မှာ စိုးလို့ ဘုရားအလောင်းဟာ ဦးခေါင်းကကျတဲ့သွေးတွေနဲ့ လမ်းပြပြီးတော့

http://www.dhammadownload.com

လူသွားတဲ့လမ်းထိ လိုက်ပို့ပေးရှာတယ်။ ဘယ်လောက်သည်းခံခွင့်လွှတ်တဲ့ စိတ်ဟာ တိရစ္ဆာန်ဘဝ ရောက်တာတောင်မှ သည်းခံနိုင်သလဲ ကရုဏာ ကြီးမားသလဲဆိုတာ ကြည့်ပေါ့။ ဘဝဆက်ဆက် အဲဒီ ကရုဏာတွေ ရှိတဲ့ အလှေအကျင့် ရသွားတော့ အကြောင်း၏ ပြည့်စုံခြင်းဆိုတဲ့ ကရုဏာလည်း ပါတယ်၊ ဉာဏ်လည်းပါတယ်၊ အဲဒီလို ဘဝအဆက်ဆက် သတ္တဝါတွေအပေါ် မှာ ကြင်နာတဲ့ ကရုဏာဟာ အလှေအကျင့်ရခဲ့တယ်။ ဘုရားဖြစ်တဲ့အခါ ဘယ်လောက်ကရုဏာတွေ ကြီးမားမလဲ၊ ဘယ်လောက်ကြီးကျယ်မလဲ၊ ဘယ် လောက်ပြည့်စုံမလဲဆိုတာ နှိုင်းယှဉ်ကြည့်ဖို့ပါပဲ။ အခုိန်ပြည့်သွားပါပြီ။ နောက် ညပိုင်းကျမှပဲ ဆက်လက်ပြောပါတော့မယ်။ ဒီနေ့ ဒီလောက်နဲ့ တော်ကြဦးစို့။

ဖလသမ္မဒါ

သာဓကလေးတစ်ခု ညကထုတ်ပြီးတော့ ပြောခဲ့ပါတယ်။ ယခု ဆက် လက်ပြီးတော့ သမ္မဒါ သုံးပါးကို သိကြဖို့ လိုပါသေးတယ်။ အဲဒီထဲမှာ ကရုဏာ က တော်တော် အရေးပါပါတယ်။ ကရုဏာအခြေခံကာ ဘုရား ဖြစ်ကြောင်း ပါရမီကောင်းတွေ ဖြည့်ဆည်းနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကရုဏာ က သံသရာဆင်းရဲဒဏ် အများတကာစော်ကားမှုဒဏ်ကို ခံနိုင်စွမ်း ရှိခဲ့လို့ ပါပဲ။ အဲဒီလို ပါရမီတွေ ဖြည့်လို့ နောက်ဆုံးအမှန်တရားတွေကို ရှာဖွေပြီး ရုပ်နာမ်အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တတွေကို ဝိပဿနာဉာဏ်နဲ့ အစဉ် အတိုင်းသိပြီးတော့ နောက်ဆုံး အရဟတ္တမဂ်နဲ့ ကိလေသာတွေမှန်သမျှ အကုန်လုံး ရှင်းတဲ့ အရဟတ္တမဂ်ဉာဏ်တော်ကြီး ရတော်မူသွားတာ အရဟတ္တ မဂ် ဉာဏ်တော်ကြီး ရတာနဲ့ပဲ သဗ္ဗညုတဉာဏ်တော်ကြီးလည်း ရသွားတယ်။ တခြားတခြား ဘုရားမှာ ပြည့်စုံသင့်တဲ့ဉာဏ်တွေ အကုန်လုံး ပြည့်စုံသွားတာ ပဲ။ အဲဒါ ဖလသမ္မဒါ ခေါ်ပါတယ်။ အကျိုးရဲ့ ပြည့်စုံခြင်းလို့ ဆိုပါတယ်။ အကြောင်းရှိတော့ အကျိုးအလိုလို ပြည့်သွားတာ။

သတ္တူပကာရ သမ္မဒါ

အဲဒီလို အကြောင်းအကျိုးပြည့်စုံပြီးတော့ မြတ်စွာဘုရားဟာ သူရရှိ ထားတဲ့ အမှန်တရားတွေကို သတ္တဝါတွေအားလုံး ရစေဖို့ရန် သုံးသပ်တော်မူ

http://www.dhammadownload.com

ပါတယ်။ ဒီပက်ရာမြတ်စွာဘုရားအထံမှောက်ကတည်းကိုက သုမေဓာ အရှင်ရသေ့ဘဝနဲ့ 'ဗုဒ္ဓါ ဗောဓေယျံ= မိမိကိုယ်တိုင် အမှန်တရား သိပြီးရင် သတ္တဝါတွေကိုလည်း သိစေမယ် သိအောင်နည်းလမ်းတွေ ပြမယ်'ဆိုတဲ့ စိတ်ပဋိညာဉ်ဝန်ခံချက်နဲ့ ဘဝပေါင်းများစွာ ဒါန အစရှိတဲ့ ပါရမီတွေ ဖြည့်ဆည်းပြီးတော့ နောက်ဆုံးသိစေနိုင်လောက်တဲ့ဘုရားအရည်အချင်း ဘုရားရဲ့ဂုဏ်တော်တွေ အကုန်လုံးပြည့်စုံသွားတော့တာ။ ပြည့်စုံသွားတော့ အဲဒီမှာ ဘုရားလောင်းဘဝကတည်းကိုက သတ္တဝါတွေအကျိုးကို ဆောင်ရွက်ခဲ့တဲ့အလေ့ဟာ ပိုပြီးတော့ သတ္တဝါတွေအကျိုးကို ဆောင်ရွက်တော်မူပါတယ်။ အဲဒါ သတ္တုပကာရ သမ္မဒါ ခေါ်တယ်။ သတ္တဝါအများ အကျိုးရရေးအတွက် ဆောင်ရွက်တော်မူတယ်ဆိုတာပေါ့လေ။ ဘယ်အချိန်ကစပြီးတော့ ဘယ်အချိန်ထိ ဆောင်ရွက်ခဲ့သလဲဆိုရင် ဘုရားဖြစ်ပြီး လေးဆယ့်နဲ့ ကိုးရက် ဟိုဘက်မှာ ပရိနိဗ္ဗာန်စံခါနီးအထိ သက်တော်ရှစ်ဆယ်နောက်ဆုံး သုဘဒ္ဒပရိဗိုဇ်ကျွတ်တန်းဝင်ပြီးတဲ့အထိ ဘုရားကိစ္စတွေကို ဆောင်ရွက်တော်မူပါတယ်။

ကရဏာနဲ့ပညာ

မြတ်စွာဘုရားက ဘယ်လောက်ထိ သတ္တဝါတွေအကျိုးကို ဆောင်ရွက်သွားသလဲဆိုတာ တစ်ရက်မှာ နှစ်ဆယ့်လေးနာရီရှိတယ်။ အဲဒီ နှစ်ဆယ့်လေးနာရီထဲက ကျိန်းစက်တော်မူတဲ့အချိန်ဟာ နှစ်နာရီ နှစ်နာရီသာသာလောက်ပဲရှိတယ်။ ကျန်တဲ့အချိန်တွေဟာ သတ္တဝါများ အကျိုးများဖို့အတွက် အပြည့်ဆောင်ရွက်တော်မူပါတယ်။ ပြီးတော့ စရဏ ခေါ်တဲ့ ကရုဏာဓာတ်၊ ဝိဇ္ဇာ ခေါ်တဲ့ အသိပညာဓာတ် ဒီနှစ်မျိုးမရှိဘူးဆိုရင် သတ္တဝါအကျိုးကို ဆောင်ရွက်ဖို့ မလွယ်တဲ့ကိစ္စပါ။ ဝိဇ္ဇာစရဏ သမ္မန္နောဆိုတဲ့ပုဒ်မှာ ဝိဇ္ဇာနဲ့ ပြည့်စုံတဲ့အတွက် သတ္တဝါတွေအပေါ် ဘယ်လိုအကျိုးပြုသလဲ စရဏ ခေါ်တဲ့အကျင့်ကရုဏာနဲ့ပြည့်စုံတဲ့အတွက် သတ္တဝါတွေအပေါ် ဘယ်လိုအကျိုးပြုတယ်ဆိုတာ နည်းနည်းလေး ထည့်သွင်းပြီးတော့ ပြောပါရစေ။ မြတ်စွာဘုရားဟာ ဝိဇ္ဇာသမ္မန္နအသိဉာဏ်နဲ့ ပြည့်စုံတဲ့အတွက် သတ္တဝါများရဲ့အတ္ထာ နတ္ထ- အကျိုးရှိမရှိ နားလည်တော်မူပါတယ်။ သိတော်မူပါတယ်။ ဟုတ်တယ်။ အသိဉာဏ်

http://www.dhammadownload.com

မရှိရင် ဒီက အကျိုးရှိသလား အကျိုးမရှိဘူးလား ဆိုတာ ဘယ်နားလည်လိမ့်မလဲ။ ဉာဏ်ဟာ သိပ်အရေးကြီးတော်မူပါတယ်။ ဉာဏ်နဲ့ အကျိုး ရှိ မရှိ နားလည်တော်မူပြီး သတ္တဝါတွေအပေါ်မှာ ကြင်နာသနားတဲ့ကရုဏာနဲ့ အကျိုးမရှိတဲ့ဟာတွေကို ရှောင်ရှားစေတယ်။ အကျိုးရှိတဲ့ဟာတွေကို အသုံးချစေတယ်။ ကရုဏာသာ မရှိဘူးဆိုရင် ဒီအတိုင်း ပစ်ထားမှာပေါ့။ ဖြစ်ချင်ရာဖြစ်ဒီလိုနေမှာပေါ့။ အကျိုးမရှိတဲ့ အပြုအမူ မှန်သမျှ ကရုဏာနှင့် ဟန့်တားတော်မူတယ်။ အကျိုးရှိတဲ့ဟာတွေကို အသုံးချစေတော်မူတယ်။ ဘယ်လောက် အကျိုးများသလဲ။ ဒီတော့ ပညာနဲ့ ကရုဏာဟာ သိပ် အရေးပါတယ်ဆိုတာ နားလည်သင့်သလောက် နားလည်ပါပြီ။

ကရုဏာနဲ့ ချဉ်းကပ် ပညာနဲ့ ခွာ

မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် ဒီသတ္တဝါတွေထဲ ဘာဖြစ်လို့ ချဉ်းကပ်ရသလဲဆိုတဲ့ ရည်ရွယ်ချက်ကလေးကို သိဖို့လိုပါတယ်။ ရည်ရွယ်ချက်ကတော့ တခြား မဟုတ်ပါဘူး။ မိမိကိုယ်တိုင် လမ်းမှန်သိပြီးတော့ သတ္တဝါတွေလည်းပဲ လမ်းမှန်ရောက်အောင် တင်ပို့မယ် ဆိုတာပါပဲ။ ရည်ရွယ်ချက်ကဘုရားလောင်းဘဝကတည်းကိုက ပါလာတဲ့အတိုင်း သဗ္ဗညုတဉာဏ်တွေ ရတော်မူတော့ လမ်းမှန်နဲ့လမ်းမှားကောင်းကောင်း မြတ်စွာဘုရားမှာ ရှင်းသွားပါတယ်။ သတ္တဝါတွေကို ချဉ်းကပ်ရတာဟာ လမ်းမှားတွေကို ပယ်ရှားပေးဖို့နဲ့ လမ်းမှန်ပြဖို့ ချဉ်းကပ်ခဲ့တယ်။ ဘာနဲ့ ချဉ်းကပ်သလဲ အလွန်ကြင်နာတဲ့ကရုဏာနဲ့ချဉ်းကပ်တော်မူတယ်။ ဒီအပြင် ဘာရည်ရွယ်ချက်မျှ မပါဘူး။ တန်ခိုးကြီးချင်တာ မပါဘူး။ နာမည်ကြီးချင်တာ မပါဘူး။ သတ္တဝါတွေကို ကိုယ့်တပည့် ဖြစ်စေချင်တာ မပါဘူး။ မဟာကရုဏာသက်သက်နဲ့ ချဉ်းကပ်တော်မူပါတယ်။ ကရုဏာနဲ့ သတ္တဝါတွေထဲ ချဉ်းကပ်ပြီးတော့ သတ္တဝါတွေနဲ့ ရောရောနှောနှောနေသလား ဒါငါ့ဒကာပဲ၊ ဒါ ငါ့ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့တဲ့သူပဲ၊ ဒါ ငါ့ကိုကြည်ညိုတဲ့ မင်းပဲ၊ သူဌေးကြီးပဲ စသည်ဖြင့် ရောရောနှောနှော မနေဘူး။ မြတ်စွာဘုရားက ကရုဏာနှင့် ချဉ်းကပ်ပြီးတော့ ဘုရားကိစ္စပြီးစီးတဲ့အခါ ပညာဉာဏ်နဲ့ ခွာတော်မူတယ်။ ဆိတ်ငြိမ်တဲ့နေရာမှာ နေတော်

http://www.dhammadownload.com

မူတယ်။ အဲဒီလို ဆိတ်ငြိမ်တဲ့နေရာမှာ နေတော်မူတယ်ဆိုတာဟာ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ် မနေနိုင်ဘူး။ ဆိတ်ငြိမ်တဲ့နေရာမှာနေမှ အကျိုးရှိမယ်ဆိုတာ အသိရှိလို့ပေါ့။ ဒီအချက်လည်း မှတ်သားစရာ သိပ်ကောင်းတာပဲ။

နည်းယူသင့်တယ်

ဘုရားရဲ့ နည်းလမ်းတွေကို လိုက်နာတဲ့ ပုဂ္ဂိုလ်များနဲ့ နည်းလမ်းတွေကို လိုက်နာလို့ အကျိုးကျေးဇူးရှိတန်သလောက်ရှိပြီးတော့ အများ လိုက်နာရန် နည်းမှန်ညွှန်ကြားတဲ့ပုဂ္ဂိုလ်များဟာ တရားနည်းလမ်းလေးကို ထိုက်တန်သမျှ အတုယူဖို့ပါပဲ။ ပြီးတော့ ဒီနည်းလမ်းကို ပေးချင်ရင် နည်းလမ်းယူမဲ့ ပုဂ္ဂိုလ်များထဲ ချဉ်းကပ်တဲ့အခါ ကြင်နာသနားမှုနဲ့ ချဉ်းကပ်တတ်ဖို့ ဖြစ်တယ်။ ရောရော နှောနှောဖြစ်ပြန်လို့ ရှိရင်လည်းပဲ မရိုမသေဖြစ်ကာ တော်ကြာ အပြစ်တွေများပြီးတော့ သွားနိုင်တယ်။ ဆင်ခြင်တုံ မြော်မြင်တုံ အသိပညာနဲ့ ခပ်ခွာခွာ ခပ်ကင်းကင်းလေးနေတတ်ဖို့ နည်းယူစရာလေး ရသွားပါတယ်။ သိပ်ကောင်းတဲ့အချက်ကလေးပါ။ အကြောင်းပြည့်စုံမှု အကျိုးပြည့်စုံမှု သတ္တဝါများရဲ့ အကျိုးစီးပွားကိုဆောင်ရွက်မှုဆိုတဲ့ အဲဒီစိတ်ကလေးတွေကလည်း သိပ်စဉ်းစားစရာ နည်းယူစရာကောင်းပါတယ်။

၃ မျိုး မပြည့်စုံရင်

လောကမှာ တချို့တချို့ ပုဂ္ဂိုလ်တွေအကြောင်းမပြည့်စုံဘဲနဲ့ တစ်နည်းအားဖြင့်လည်းပဲ မပြောပလောက်တဲ့အကြောင်းလေးနဲ့ တိုးတက်ကြီးမားနေလို့ ရှိရင် မိမိရဲ့ ပတ်ဝန်းကျင်က ကြည့်နေကြတယ်။ သိကြတယ်။ ဒီပုဂ္ဂိုလ်ဟာ အကြောင်းမရှိဘဲနဲ့ အကြောင်းမတန်ဘဲနဲ့ အချောင်ကြီးပွားနေသူပါ။ နာမည်ကြီးနေသူလို့ အထင်သေး အမြင်သေး ရှိပြီး ဝိုင်းပြီးတော့လည်း ပြောကြဆိုကြတယ်။ ပြီးတော့ အကြောင်းရှိပါလျက် အကျိုးရသင့်သလောက် မရဘူးဆိုရင် သူကလေ ဝီရိယက ညံ့လို့ ကံကညံ့လို့ ဉာဏ်က ထိုင်းလို့ ဒီလိုဖြစ်ရတာပဲဆိုပြီးတော့ ကဲ့ရဲ့ပြန်ရော။ မသက်သာလှဘူး၊ လူလောက က။ ပြီးတော့ အကြောင်းအကျိုး ပြည့်စုံပါလျက် အများရဲ့အကျိုးကို မဆောင်ရွက်ဘူးဆိုလို့ရှိရင် အများ

http://www.dhammadownload.com

ရဲ့ လေးစားမှုကို မခံရဘူး။ တစ်ကိုယ်ကောင်းဆန် ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်သွားသူပါလို့လည်းပဲ သမုတ်ခံရတယ်။

အောင်မြင်တဲ့ကမ္မဋ္ဌာန်းဆရာ

မြတ်စွာဘုရားမှာတော့ ဒီလိုမဟုတ်ပါဘူး။ အကြောင်းလည်း ပြည့်စုံတယ်။ အကျိုးလည်း ပြည့်စုံတယ်။ သတ္တဝါများအကျိုးလည်း သယ်ပိုးတယ်။ အဲသလိုအမှန်တရားလေ့လာတဲ့သူတွေထဲက ဘုန်းကြီးတို့တစ်တွေဟာ သူများကို အမှန်တရားသိစေချင်လို့ရှိရင် ဒီ အချက်ကို သိပ်ပြီးတော့ သတိထားရမှာပါ။ အောင်မြင်တဲ့တရားဟောဆရာ အောင်မြင်တဲ့ ကမ္မဋ္ဌာန်းဆရာဖြစ်ရေး အတွက် မိမိပြလိုက်တဲ့နည်းအတိုင်း အားထုတ်လို့ သူတို့မှာ ကိုယ်နှုတ် အမူအရာလေးတွေ ယဉ်ကျေးပြီးတော့ အေးချမ်းမှုလေးတွေရပါစေဆိုတဲ့ ဒီသဘောထားမျိုးထားတတ်ဖို့ ဒီရည်ရွယ်ချက်မျိုးထားတတ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒီဟာနဲ့စပ်ပြီးတော့ ဒီရက်တွင်းလေးမှာ ဘုန်းကြီး အမေးခံရပါတယ်။ ယောဂီတွေကို ထိရောက်အောင် တရားပြနိုင်ရေးအတွက် ဘာလုပ်ရမလဲတဲ့။ ဘုန်းကြီးကတော့ ကျဉ်းကျဉ်းပဲ ဖြေလိုက်ပါတယ်။ ကိုယ်တိုင်ကျေညက်အောင် ပြည့်ဝအောင် အားထုတ်လို့။ ကိုယ်တိုင် ကျေညက်အောင် အားထုတ်လို့ရှိရင် နောက်ပရိယတ်နှင့် တွဲစပ်ပြီးတော့ အများအပေါ်မှာ မေတ္တာကရုဏာ ကြီးမားစွာ ထားပြီးတော့ သန့်သန့်ရှင်းရှင်းလေး ညွှန်ကြားနိုင်တာပဲ။ သန့်သန့်ရှင်းရှင်းလေး ညွှန်ကြားနိုင်လို့ရှိရင် ထိရောက်တာပဲ။ အောင်မြင်တာပဲ။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ပြောစရာတွေ အများကြီး ရှိပါတယ်။ လမ်းမှန် ညွှန်တဲ့ မြတ်စွာဘုရားဟာ ဘယ်လောက် ကြီးကျယ် မြင့်မြတ်တယ်ဆိုတဲ့အချက်ကို နည်းနည်းလေး သဘောပေါက်အောင် ဆိုတဲ့ လမ်းကြောင်းလေး ဖော်ပြရတာပဲ။

ထူးမြတ်တဲ့ ဘုရား

ပြီးတော့ မြတ်စွာဘုရား ပါရမီတွေ နောက်ဆုံးပြည့်စုံပြီး ပဋိသန္ဓေ နေတဲ့အခါမျိုးမှာ၊ အရွယ်ရောက်လို့ တောထွက်တဲ့အခါမျိုးမှာ၊ ဘုရားဖြစ်တဲ့အခါမျိုးမှာ၊ အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတ ဉာဏ်တော်ရတဲ့အခါမျိုးမှာ၊ ဓမ္မ

http://www.dhammadownload.com

စကြာတရားဦးရတဲ့အခါမျိုးမှာ၊ အခြားဆန့်ကျင်ဘက်ရန်တွေကို တရားသဖြင့် နှိမ်နင်းတဲ့အခါမျိုးမှာ၊ တာဝတိံသာမှာ အဘိဓမ္မာတရားတွေ ဟောပြီးတော့ ပြန်ဆင်းတဲ့အခါမျိုးမှာ၊ နောက်ဆုံး ပရိနိဗ္ဗာန် စံတဲ့အခါမျိုးမှာ၊ ကမ္ဘာလောက ကြီးမှာ တကယ်အံ့ဖွယ်သရဲတွေ ဖြစ်ခဲ့ပါတယ်။ ဒါဟာ သာမညပုဂ္ဂိုလ်ကြောင့် ဖြစ်တာမဟုတ်ပါဘူး။ အင်မတန်ကြီးကျယ်မြင့်မြတ်လို့ ဖြစ်တဲ့အနေနဲ့ပါ။ ဒါတွေလည်းပဲ ထောက်ထားစရာတွေပါပဲ။ အဲဒီလို အကြောင်းနဲ့ အကျိုးနဲ့ ပြည့်စုံပြီး သတ္တဝါများရဲ့အကျိုးကို သယ်ပိုးလာတော်မူတဲ့ မြတ်စွာဘုရားရဲ့ လမ်းမှန်ညွှန်တဲ့ မြတ်စွာဘုရားရဲ့ ကြီးကျယ်မြင့်မားပုံတွေကို ဆင်ခြင်လိုက်လို့ ရှိရင် သိပ်အားရစရာကောင်းတာ။ အဲသလို ကြီးကျယ်မြင့်မြတ်တဲ့ မြတ်စွာဘုရားရဲ့အဆုံးအမခံယူရာမှာ ရဟန်းအဖြစ်နဲ့ပဲဖြစ်ဖြစ်၊ သာမဏေအဖြစ် နဲ့ပဲဖြစ်ဖြစ်၊ သီလရှင်အဖြစ်နဲ့ပဲ ဖြစ်ဖြစ်၊ လူဝတ်ကြောင် ယောဂီအဖြစ်နဲ့ပဲ ဖြစ်ဖြစ် ဒီလိုမြင့်မြတ်တဲ့လမ်းကောင်းညွှန်ပြတဲ့ ဘုရားသာသနာတော်မှာ ပျင်းနေလို့ မတော်ဘူး။ လုံ့လဝီရိယရှိမှ ကြိုးစားမှတော်မယ်ဆိုပြီး မြတ်စွာဘုရားရဲ့ အကြီးအကျယ်မြင့်မြတ်တဲ့ ပုံတွေကို ဆင်ခြင်လိုက်လို့ရှိရင် သိပ်အားတက်လာတာ ဝီရိယတွေ ပိုကောင်းလာတာ အဆင့်ဆင့်ဝီရိယတွေ တစ်ခါတည်း ဖြစ်လာတာ အဲဒီမှာ အဲသလို နည်းနဲ့လည်းပဲ ဝီရိယတွေ တိုးမြှင့်ပေးရမယ်တဲ့။

သာဓု. . . သာဓု. . . သာဓု. . . ။

သိပ်ပြီးအရေးပါပါတယ်

ဝီရိယသမ္မောဂျင် ဖြစ်ခြင်းရဲ့ အကြောင်း ၁၁ မျိုးထဲက ၆ ခုကို ပြောခဲ့ပြီးပါပြီ။ ဒီနေ့ ကျန်တဲ့အပိုင်းတွေကိုဆက်ပြီး ပြောမယ်။ ဒါတွေကို အသေးစိတ် ပြောနေတဲ့သဘောကတော့ ဒီဗောဇ္ဈင်တရားတွေထဲမှာ ဝီရိယဟာ တော်တော် အရေးပါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝီရိယဿ အဝဏ္ဏဝါဒိနော နာမ နတ္ထိ - ဝီရိယရဲ့ ဂုဏ်ကျေးဇူးမဲ့ပြောတဲ့ ပုဂ္ဂိုလ်တွေဆိုတာ မရှိပါဘူးတဲ့။ ဝီရိယဟာ ရှိရင်ရှိသလောက် အကျိုးများပါတယ်။ လိုရင်သာ မကောင်းတာ၊ လောကဘက်မှာလည်းပဲ ဝီရိယရှိတဲ့ပုဂ္ဂိုလ်ဟာ ရှေ့တန်းကနေပြီး ထက်ထက်မြက်မြက်နဲ့ တက်နေကြတယ်။ စီးပွားရေးဘက်မှာ၊ နိုင်ငံရေးဘက်မှာ၊ လူမှု

http://www.dhammadownload.com

ရေးဘက်မှာ၊ ပညာရေးဘက်မှာ၊ ဘာသာရေး သာသနာရေးဘက်မှာ၊ အစစအရာရာမှာ ဝီရိယဟာ သိပ်ပြီး အရေးပါပါတယ်။ ဒါကြောင့် ဝီရိယဝတော တိတိကွာ သောဘတိလို့ ဆိုထားပါတယ်။ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်ဟာ နဂိုက တုံးနေရာကနေပြီးနောက် ထက်မြက်ပြီး လောကမှာ တင့်တယ်လာတယ်။ အသရေ ရှိလာတယ်။ ဒီလို အဆိုအမိန့်ချက် ရှိပါတယ်။ ဒါကြောင့် ဝီရိယကို တော်တော်လေး ဖြည်းဖြည်း ပြောနေရပါတယ်။

ဝီရိယရှိရကျိုး

အခု တရားအားထုတ်တဲ့အခါ စိတ်ကလေးထက်သန်လာဖို့ ပြောရမယ် ဆိုရင် ဆိုကြပါစို့။ ဝမ်းဗိုက် စိတ်စိုက်ပြီး ဖောင်းတိုင်း မလွတ်တမ်း မှတ်နိုင်ရေး အတွက် အပူတပြင်း ကြောင့်ကြစိုက်နေတာ အေးစက်စက် လျော့ရဲရဲ မဟုတ်ဘူး။ ဒီလို ကြောင့်ကြစိုက်လိုက်ပြီး ဖောင်းတာတွေကို မလွတ်ရအောင် မှတ်၊ ပိန်တာတွေ မလွတ်ရအောင် မှတ်၊ အမြဲတစေ မှတ်မိနေတော့ ဒီအပေါ်မှာ စိုက်ကျပြီး သဘောမှန်တွေကို သိသိသွားအောင် ဆိုတဲ့အနေနဲ့ အပူတပြင်း တင်းတင်းရင်းရင်း ကြောင့်ကြစိုက်ပြီး မှတ်နေရတာ။ တကယ်လို့ စိတ်လျော့ရဲသွားရင် အေးစက်စက်ကြီး ဖြစ်သွားရင် ကိလေသာတွေ ဝင်လာဖွယ်ရာ ရှိပါကယ်။ ရှေးဦးစွာ ဝင်လာနိုင်တဲ့ ကိလေသာကတော့ သူရဲ့ဆန့်ကျင်ဘက် ထိန မိဒ္ဓ အပျင်းဝင်လာတာပဲ။ စိတ်လျော့ရဲသွားရင် အပျင်းဝင်လာတာပဲ။ အပျင်းဝင်လာလို့ရှိရင် ဖောင်းပိန်မှုမှ တောင့်တင်းတဲ့သဘောကို မသိအောင် မောဟတွေလည်း ဖြစ်လာပြီ၊ အလဟဿစိတ်ကလေးတွေ ပျံ့လွင့်ပြီး ဥဒ္ဓစ္စတွေ လည်း ဖြစ်လာပြီ။ အဲဒီလို စိတ်ရဲ့ ညစ်ထေးမှုကို မရွံ့ မစက်ဆုပ်တဲ့ အဟိရိကလည်း ဖြစ်သွားပြီ၊ ဟော့ ဒါတော့ ဖြစ်နေကြပဲ၊ ဖြစ်ပါစေ၊ ဘာ စောင့်စည်းစရာလို သလဲ၊ ရဲတင်းတဲ့သဘော မကြောက်တဲ့သဘော အနောတ္တပ္ပလည်း ဖြစ်သွားပြီ။ အခြားအခြားကိလေသာတွေလည်း အကြောင်းအားလျော်စွာ ဖြစ်ဖွယ်ရာ ရှိပါတယ်။

ဒီမှာ ပုံမှန်ကြောင့်ကြစိုက်နေတော့ စိတ်လျော့ရဲလို့ ဖြစ်သွားနိုင်တဲ့ ကိလေသာတွေကို လက်မခံဘူး။ ပယ်လှန်လိုက်တယ်။ အကုသိုလ်တွေပယ်တယ်

http://www.dhammadownload.com

ဆိုတာ ဒါကို ပြောတာပေါ့။ အကုသိုလ်တွေ ပယ်တော့ ကုသိုလ်တွေ ဖြစ်လာတယ်။ သတိ၊ သမာဓိ၊ ပညာ ပါ ပါလာတယ်။ သတိ၊ သမာဓိ၊ ပညာ ဦးစီးတဲ့ သန့်ရှင်းတဲ့ပုဂ္ဂိုလ်တွေ ဖြစ်လာတယ်။ သိပ်ထူးခြားတာပဲ။ ဒါလက်တွေ့ပဲ။ တစ်ချက် ကြောင့်ကြစိုက်လျှင် တစ်ချက် ကိလေသာ လက်မခံ ပယ်လှန်လိုက်တယ်။ ကိလေသာ လက်မခံတာကို ပယ်လှန်တယ်လို့ ခေါ်တာပဲ။ နှစ်ချက် ကြောင့်ကြစိုက်လျှင် နှစ်ချက်စာအတွက်၊ တစ်မိနစ် ကြောင့်ကြစိုက်လျှင် တစ်မိနစ်စာအတွက်၊ စက္ကန့်ပေါင်း ၆၀ပဲ ကိလေသာလက်မခံ ပယ်လှန်ပြီး စိတ်ကလေးတွေ သန့်ရှင်းနေတယ်။ ဒါ လက်တွေ့ပါပဲ။

ဝိရိယရှိရင် သတိ၊ သမာဓိ၊ ပညာတွေ ပါရှိတယ်

နောက် စိတ်အညစ်အကြေးတွေ ကင်းဝေးစင်ကြယ်နေတော့ စိတ်တွေဟာ ထူးထူးခြားခြား ကြည်လာတယ်။ နီဝရဏတွေ ကင်းဝေးပြီး ကြည်လာတယ်။ အဲဒါ ပသာဒသဒ္ဓါ ခေါ်တယ်။ ကြည်သဒ္ဓါပေါ့လေ။ နောက်ထူးထူးခြားခြား သတိလေးတွေလည်း ကောင်းလာတယ်။ ဖောင်းမှု ပိန်မှုကအစ ပေါ်လာတဲ့အာရုံကို မလွတ်တမ်း စွဲမြဲစွာမှတ်နိုင်တယ်။ ဟော သတိကလေးတွေ ထက်လာတယ်။ နဂိုက တုံးရာကနေပြီး ထက်လာတယ်။ စိတ်ကလေးတွေလည်း ကြည်လာတယ်။ စွဲမြဲစွာလည်း မှတ်နိုင်လာတယ်ဆိုတော့ ဒါ အသရေ ရှိလာတာပဲ။ တိတိကျကျ သောဘတိ - ထက်မြက်ပြီး အသရေ ရှိလာတာ၊ ထူးခြားလာတာပေါ့။ စွဲမြဲစွာအာရုံကို မှတ်မိပြီဆိုရင် မှတ်မိတဲ့ အာရုံမှာ စိတ်က စူးခနဲ စိုက်ခနဲ ကပ်ခနဲ ကျသွားတော့ ခဏိက သမာဓိတွေ ဖြစ်လာတာ။ ဒီတစ်ခါ စိတ်ဟာ လေးတာ နှေးတာ မရှိတော့ဘူး။ စုစည်းမှု ထက်မြက်ပြီး လေးတာ နှေးတာတွေ မရှိဘဲ တက်မြက်လာတာ၊ မှတ်မိရာအာရုံတွေကို သိသိသိသိလာတာ၊ ဉာဏ်တုံးရာကနေပြီး ဉာဏ်လေးတွေ ထက်လာတာ၊ နဂိုက အမှန်တရားဘာမှမသိဘူး၊ နောက် ရုပ်တရားနာမ်တရား သိလာတယ်၊ အကြောင်းအကျိုး သိလာတယ်၊ အကြောင်းအကျိုး သိလာတော့ မမြဲဆင်းရဲသဘောပဲ ဆိုတာ သိလာတယ်။ ဉာဏ်တုံးရာကနေပြီး အသိကလေးတွေ တဖြည်းဖြည်း

http://www.dhammadownload.com

တဖြည်းဖြည်း ထက်ထက်ထက်ထက်လာတာ၊ နောက်ဆုံး ရုပ်နာမ် ၂ ပါး ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။

ဝီရိယရှိတဲ့ ပုဂ္ဂိုလ်မှာ နဂိုက သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေ တုံးရာကနေပြီး ထက်မြက်ပြီးအသိရှိလာပုံတွေပေါ့။ ကောင်းကောင်း အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ရိုရိုသေသေအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဒီအတိုင်း ဖြစ်နေတာပဲ။

သံချောင်းအပူနဲ့ ဝီရိယ

ဝီရိယကို အမည်အမျိုးမျိုး ပရိယာယ်အမျိုးမျိုးနဲ့ ဟောကြားထားတာ ရှိပါတယ်။ အဲဒီပရိယာယ်အမျိုးမျိုး ဟောကြားထားတဲ့ထဲက အာတာပ အမည်တပ်ပြီးဟောတာ ရှိတယ်။ အာတာပ ဆိုတာ အပူတပြင်း အားထုတ်မှုလို့ အဓိပ္ပာယ်ရတယ်။ အပူတပြင်းဆိုတာက မိမိရဲ့စိတ်အစဉ်မှာ ခုန ကြောင့်ကြစိုက်ဖို့ လိုအပ်တဲ့အပူဓာတ် ထည့်ပေးရတာ။ လိုအပ်တဲ့ အပူဓာတ် ထည့်ပေးရင် စိတ်ကလေးဟာ စိုစွတ်မှု ကင်းပြီး ခြောက်လာတယ်။ ကပ်မလာဘူး။ အစိုဓာတ်ဝင်နေလို့ ရှိရင် လေးပြီး ထိုင်းမှိုင်းတယ်။ ဒီအပူဓာတ် ထည့်ပေးလိုက်တဲ့အခါကျတော့ စိတ်ကလေး ခြောက်သွေ့ပြီး သွက်လာတယ်။ ဒီ အပူဓာတ်ရဖန်များလို့ ရှိရင် နောက်တော့ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာဟာ အပူရပြီး ခြောက်နေတဲ့ စိတ်အစဉ်မှာ မနားနိုင်တော့ဘူး။ မကပ်နိုင်တော့ဘူး။

ထင်ရှားတဲ့ ဥပမာ ပြောရမယ်ဆိုရင် သံချောင်းတစ်ခုကို အပူဓာတ်ပေးတဲ့အခါ အပူဓာတ် အဲဒီသံချောင်းထဲကို စိမ့်ဝင်သွားတာပဲ။ နည်းနည်းပူရင် ကိုင်လို့မရဘူး။ အေးတုန်းတော့ ကိုင်လို့ရတယ်။ တခြားသတ္တဝါတွေလည်း အေးတုန်းတော့ လာနားလို့ရတယ်။ အပူဓာတ်က အဆက်မပြတ် ဝင်နေရင် နောက်တော့ ပူလာတယ်။ ရဲလာတယ်။ အဲဒီအခါကျတော့ ကိုင်လို့ မရတော့ဘူး။ တခြား သတ္တဝါတွေက ဒီမှာ လာပြီး နားလို့ မရတော့ဘူး။ အာတာပ ဓေါ်တဲ့ အပူဓာတ်ဟာ စိတ်အစဉ်မှာ တကယ်လိုအပ်တဲ့ အပူဓာတ်ပဲဆိုတာ နားလည်ထားရမယ်။ တစ်ခါတစ်ခါ အဲဒီအပူဓာတ် အရှိန်ရနေရင် ဝီရိယ

http://www.dhammadownload.com

မစိုက်ဘဲနဲ့ လျော့သွားလို့ရှိရင်လည်း နဂိုက စိတ်အစဉ်မှာ အပူမာတ် ဝင်နေတော့ ကိလေသာတွေ ကင်းမြင်းနေတာ ကြုံရတတ်ပါတယ်။

ခုန သံချောင်းမှာ အပူမာတ်ပေးတဲ့အခါ ဆက်ပြီး အပူမာတ်မပေးဘဲနဲ့ ရပ်လိုက်ပေမယ့် ရှေးက ဝင်နေတဲ့အပူမာတ် ရှိနေတော့ ရုတ်တရက် သွားကိုင်လို့ မရသေးပါဘူး။ ပူမြဲပူနေတာပဲ။ ဒါလိုပဲ တစ်ခါတစ်ခါ ဝီရိယအရှိန်နဲ့ ဆက်ပြီး သွားနေတာ ရှိတယ်။ ဝီရိယအရှိန် ပြတ်သွားပေမယ်လို့ နဂိုအရှိန်နဲ့ ဆက်ပူနေလို့ မကပ်နိုင်တာ မနားနိုင်တာ ရှိတယ်။ ဒီမှာ အဲဒီဥပမာ သိပ်ကိုက်တာ။ အေးအေးစက်စက် လျော့ရဲရဲ မလုပ်ချင် လုပ်ချင်လုပ်တဲ့ ပုဂ္ဂိုလ်ကတော့ ကိလေသာ ယင်ကောင် စိတ်အစဉ်မှာ နားရတာပဲ။ ဒီမှာ ဝီရိယအရှိန်လေး သိပ် အရေးကြီးပါတယ်။

ကိလေသာဆွဲအား

တစ်နည်းအားဖြင့် လုံ့လဝီရိယဟာ စိတ်ကို ပေါ့အောင် သွက်အောင် ပြုလုပ်တတ်ပါတယ်။ ဝီရိယမရှိဘူးဆိုရင်တော့ ကိလေသာတွေက အဲဒီဝီရိယ မရှိတဲ့ပုဂ္ဂိုလ်ကို သူတို့နယ်က မလွတ်ရအောင် ဆွဲအားကောင်းကောင်းနဲ့ ဆွဲထားတာ။ မလွတ်တော့ဘူး။ အထူးအားဖြင့် ရာဂခေါ်တဲ့ လောဘကိလေသာဟာ ကာမဂုဏ်အလိုတွေနဲ့ ပူးပေါင်းပြီး အဲဒီ ကာမဂုဏ်အာရုံ ကြိုက်နေတဲ့ ပုဂ္ဂိုလ်ကို သူနယ်က မလွတ်ရအောင် တစ်ခါတည်း ဆွဲအားနဲ့ ဆွဲထားတာ မလွတ်တော့ဘူး။ ကောင်းတာတွေ မြင်ပြီး သဘောကျတာတွေဟာ ဆွဲခံနေရတာတွေပဲ။ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာ အာရုံတွေလည်း ထိုနည်းလည်း ကောင်းပဲ။ ရာဂတွေနဲ့ ပူးပေါင်းပြီး တစ်ခါတည်း ဆွဲထားတာ။ ခွာလို့ မရဘူး။ ဝီရိယ ထည့်လိုက်ပြီဆိုရင်တော့ တဖြည်းဖြည်း ခွာလို့ ရလာတယ်။ ခွာနိုင်ပြီဆိုရင် စိတ်က ပေါ့သွက်ပြီး ရွှင်နေတာပဲ။

ကမ္ဘာမြေကြီးဆွဲအား

ဥပမာ ဘာနဲ့ တူသလဲဆိုရင် ကမ္ဘာမြေကြီးရဲ့ ဆွဲအားနယ်ထဲမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကမ္ဘာမြေကြီးပေါ်မှာပဲ ကျမှာပဲ။ ကမ္ဘာမြေကြီးရဲ့ဆွဲအား လွတ်အောင် အားထုတ်နိုင်လို့ရှိရင်တော့ အဲဒီဆွဲအားလွတ်တဲ့နေရာဌာနမှာ ပေါ့

http://www.dhammadownload.com

ပေါ့ပါးပါးနဲ့ ကိုယ်အလေးချိန်မရှိသလိုဘဲ ဖြစ်နေတာ။ ဆိုကြပါစို့ ကောင်းကင်သွားတဲ့ လသွားတဲ့ ယာဉ်တွေ ဒုံးပျံအဆင့်ဆင့် ဖောက်ရတယ်။ တစ်ဆင့် ဖောက်လိုက် တက်သွားတယ်။ နောက် အရှိန်ကုန်တဲ့အခါ နောက်တစ်ဆင့် ဖောက်တက်သွားတယ်။ သုံးဆင့် ဖောက်လိုက်တဲ့အခါမှာ ကမ္ဘာမြေကြီးရဲ့ ဆွဲအားကနေ လွတ်ပြီး ပေါ့ပြီးတော့ အဲဒီပေါ်မှာပဲ ပျံဝဲနေတာ။ အဲဒီ သဘောမျိုးပဲ။ အခုယောဂီတွေဟာ အာရမ္မဓာတုခေါ်တဲ့ လုံလဝီရိယအစပျိုး၍ ကြိုးပမ်း အားထုတ်တာ။ နိက္ကမဓာတုနဲ့ အပျင်းမှလွတ်အောင် အားထုတ်တာ ပရက္ကမဓာတ်နဲ့ အဆင့်ဆင့်မြင့်အောင် အားထုတ်တာ။ ဒီ ဝီရိယ ၃မျိုး ထားပြီး အားထုတ်တဲ့အခါမှာ စိတ်ရောကိုယ်ရောပေါ့ပြီး တစ်ခါတစ်ခါ အလေးချိန် မရှိဘူး။ စကြဲသွားရတာလည်း လေထဲသွားနေရသလို ဖြစ်နေတာ။ ဒီအခါမျိုးမှာ ကြံတွေ့ရတဲ့အာရုံနဲ့စပ်ပြီး ကိလေသာဆွဲအား မရှိတော့ဘူး။ အထူးအား ဖြင့် ရာဂဆွဲအား မရှိတော့ဘူး။ ရာဂဆွဲအားနဲ့ လွတ်နေတာ။ အဲဒါတွေနဲ့ လည်း နှိုင်းယှဉ်ပြီး ကြည့်လို့ရပါတယ်။

ဆွဲအားလွတ်ပုံ

အဲဒီအခါမျိုးမှာ ကြံတွေ့ရတဲ့အမြင်အာရုံ ကာမဂုဏ်နဲ့စပ်ပြီး ရာဂဆွဲအား လွတ်နေပုံတွေဟာ ကောင်းကောင်း အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ရှင်းပါတယ်။ သာသာညင်းညင်း အသံတွေကို ကြားရပေမယ့်လို့ ဒီအသံနောက်ကို လိုက်မသွားဘဲနဲ့ ရာဂဆွဲအား လွတ်နေပုံတွေ သင်းပျံ့မွှေးကြိုင်တဲ့ အနံ့တွေကို ရှုရတဲ့အခါ အရသာကောင်းတွေကို စားရတဲ့အခါ အမှတ်တွေကောင်းပြီဆိုရင် စားရတဲ့ အရသာ ဘာမှမထူးသလို ဖြစ်နေတာ။ ဘယ်လောက်ပဲ နုနုဖတ်ဖတ်အဝတ်ကလေး ဝတ်ရပေမယ့်လို့ ထိရပေမယ်လို့ အဲဒီထိသိမှုနဲ့စပ်ပြီး တပ်မက်တဲ့ဆွဲအားမှ လွတ်နေပုံ ကင်းနေပုံလေးတွေဟာ ရှင်းပါတယ်။ ရာဂဆွဲအားလွတ်သလို ထို့အတူပဲ မကျေနပ်စရာနဲ့တွေ့လို့ မကျေနပ်မှု ဒေါသဆွဲအားမှ လွတ်ပုံတွေ အမှန်အတိုင်း သိသိနေတော့ တွေဝေရှုပ်ထွေးမှု မောဟဆွဲအားမှ လွတ်ပုံတွေ ကိလေသာဆွဲအားမှ လွတ်ပုံတွေ အများကြီးပဲ။ အရင်း ခံ ၁၈လိုက်လို့ရှိရင် ခုန ဝီရိယဓာတ် ၃ မျိုးထုတ်ပြီး အားထုတ်နေလို့ဆိုတာ

http://www.dhammadownload.com

ဒီမှာသွားပြီး ကောက်ချက်ကျတယ်။ ဒါကြောင့် ဝိရိယသိပ်အကျိုးရှိတယ် ဆိုတာ နားလည်စေချင်လို့ အကျယ်ချဲ့ပြီး ဟောနေတာပေါ့။

ပီတိကို စားသူ

အဲဒီလို ကာမဂုဏ်အာရုံနဲ့စပ်ပြီး ရာဂဆွဲအား လွတ်နေတဲ့အခါ တရားအပေါ်မှာ နှစ်သိမ့်အားရမှု ပီတိတွေ၊ ဝမ်းသာဝမ်းမြောက်ဖြစ်ပုံတွေ ကိုယ်ရော စိတ်ပါ ပေါ့ပါးပြီး ထူးထူးခြားခြား အရသာတွေ တွေ့လာပြီဆိုရင် မစားတော့ဘူး။ ပီတိဘက္ခော = ပီတိနဲ့ ဝနေတာ၊ အချိန်တန်ကျလို့ သွားစားရပေမယ့် တစ်လုတ် နှစ်လုတ်နဲ့ ဝပြီး ထပြန်တာ ရှိသေးတယ်။ အဲဒီလို ယောဂီမျိုးကို အတင်းကျွေးခိုင်းရတာလည်း ရှိသေးတယ်။ ဒါဟာ ဝိရိယရဲ့အကျိုးပဲ ဆိုတာ ဒီမှာလာပြီး ပေါ်ထွက်ပါတယ်။ မစားတဲ့အတွက် သူ့မှာ ထူးထူးခြားခြား ကြီး အားလျော့မသွားဘူး။ ဒါပေမဲ့ ရက်ရှည်ဒီလိုမစားဘဲနေလို့ရှိရင် ခန္ဓာကိုယ်ကြီးက အာဟာရလိုတာမို့လို့ ယောဂီတွေကိုဆက်ပြီး အတင်းစားခိုင်းရတာ တိုက်တွန်းရတာ ရှိပါတယ်။

အာဟာရနဲ့ ဓမ္မ

တရားတွေ ကောင်းလို့ ပီတိနဲ့ဝပြီး အစာမစားဘဲ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို တွေ့ရသလို ထို့အတူပဲ ဒီဌာနက ကျွေးတဲ့အစာထဲမှာ ပဲတွေ များများကျွေးတာကိုး။ ပဲတွေ စားတော့ ဗိုက်ပွတယ်။ ပြီးရင် ဓာတ်လျော့တယ်။ တချို့ ဒီအစာနဲ့ မတည့်တော့ Alergyဖြစ်တဲ့ ပုဂ္ဂိုလ်တွေလည်း တွေ့ရပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အဲဒီအစားစားရမှာ ကြောက်လို့ မစားဘဲသွားတာလည်း တွေ့ကြုံရပါတယ်။ ကျန်းကျန်းမာမာဖြစ်တာ အစာနဲ့ စပ်ပြီး အာဟာရတွေ ပြည့်တင်းပြီး တရားတွေ ပြည့်ဝဖို့အတွက် အစာလည်းပဲ အရေးကြီးတယ်ဆိုတာ ပြောလိုပါတယ်။ နောက် ပဿဒ္ဓိသမ္ဗောဇ္ဈင်အခန်း ရောက်တဲ့အခါ အဲဒါတွေ ပါလာပါလိမ့်မယ်။ ဒီမှာ တွေ့တာတွေ မဟုတ်ပါဘူး။ မြန်မာပြည်မှာလည်း အများကြီးကြုံပါတယ်။ မြန်မာပြည်လည်း ယောဂီတွေ အမျိုးမျိုးပါပဲ။ နောက်တော့ သင့်မြတ်တဲ့ အစားအစာတွေ ဆွမ်းစားကျောင်းမှာ ပြုပြင်ပြီးပေးလို့

http://www.dhammadownload.com

တချို့တလေပဲ အိမ်နီးလို့ရှိရင် အိမ်ကလာပို့ပေးလို့ သင့်မြတ်တဲ့ အစာတွေကို စားလိုက်ရတာနဲ့ပဲ အာဟာရတွေပြည့်တင်းပြီး ကျန်းမာရေးတွေ ကောင်းပြီး တရားတွေကောင်းသွားတာတွေ ရှိပါတယ်။

သင့်မြတ်တဲ့ အစာ

ဒီကိစ္စတွေကျတော့ မာတိကာမာတာတို့လို သဘောထားကြီးပြီး ယောဂီတို့ တရားတိုးတက်ရေးအတွက် ပြုပြင်နိုင်ရင် ပိုကောင်းပါတယ်။ အဲဒီ ဒကာမကြီးက စောစောပိုင်းတော့ သောင်းပြောင်းထွေလာ ဒီလိုပဲ ချက်ပြုတ်နေတာပဲ။ တရားအားထုတ်တဲ့ ရဟန်းတွေဟာ မိမိတို့နှင့် သင့်မြတ်တဲ့ အစာတွေ မရတော့ စိတ်က မငြိမ်တဲ့အတွက် တရားအားထုတ်လို့ မဖြောင့်ဘူး။ တစ်ဝါတွင်းလုံး အားထုတ်တာ ဘာမှ မထူးဘူး။ နောက် သူတို့နဲ့ သင့်မြတ်တဲ့ အစာတွေ အာဟာရ ပြည့်တင်းတဲ့အစာတွေ စီမံထားလို့ သင့်မြတ်တဲ့ အစာတွေရတော့ စိတ်ကငြိမ်ပြီး အားထုတ်ရာမှာ တစ်ခဏလေးနဲ့ပဲ ရဟန္တာတွေ ဖြစ်ကြတယ်။ တချို့ ယောဂီများ အစားအစာကို အလေးထားတာ မဟုတ်ပေမယ့် သင့်မြတ်တဲ့အစာရမှ ခန္ဓာကိုယ်က ကျန်းမာတာ ဖြစ်တော့ သင့်မြတ်တဲ့ အစာဟာ တရားအားထုတ်ရမှာ သိပ်အရေးကြီးပါတယ် ဆိုတာ သိစေချင်လို့ ထည့်ပြောရတာပါ။

ဒီနေ့ ဒါနဲ့ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

ဘုရားသားတော်၊ သမီးတော်

ဝိရိယအကျိုးတွေပြောနေတာနဲ့ ဝိရိယသမ္မောဂျင်ဖြစ်ခြင်းရဲ့အကြောင်းကို ဆက်လက်ပြီး ပြောမရဘဲ ဖြစ်နေပါတယ်။ အခုတော့ ဝိရိယ ဖြစ်ခြင်းရဲ့ အကြောင်း ဆက်ပြီး ပြောပါမယ်။

ဝိရိယသမ္မောဂျင်ဖြစ်ခြင်းရဲ့ အကြောင်းထဲက ၇ ခုမြောက် အကြောင်းကတော့ ဇာတိမဟတ္တပစ္စဝေက္ခဏာတာ - ဇာတ်အားဖြင့် မြင့်မြတ် အထက်တန်း ကျတဲ့အဖြစ်ကိုဆင်ခြင်ခြင်းတဲ့။ ဇာတ်အားဖြင့်ဆိုတာ အမျိုးအားဖြင့်

http://www.dhammadownload.com

အထက်တန်းကျတဲ့ မြင့်မြတ်တဲ့အဖြစ်ကို ဆင်ခြင်ခြင်း။ အမျိုးစပ်လိုက်မယ် ဆိုရင် သတိပဋ္ဌာန်ဒေသနာနည်းအတိုင်း အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဟာ ဘုရားအဆုံးအမအတိုင်း ကျင့်သုံးကြတာ ဖြစ်တော့ မြတ်စွာဘုရားရဲ့ဓမ္မသွေး တွေ နှလုံးသားမှာဝင်ပြီး ဘုရားရဲ့ တရားနဲ့ ဆွေမျိုးစပ်သူတွေပဲ၊ ဆွေမျိုးတော် သူတွေပဲ။ ဘယ်လောက်ထိ ဘုရားနဲ့ ဆွေမျိုးစပ်သလဲဆိုရင် ဘုရား ဆုံးမတဲ့ အတိုင်း ကျင့်သုံးနေကျ ဖြစ်တော့ အမျိုးသားဆိုရင် သားတော်၊ အမျိုးသမီးဆို ရင် သမီးတော်အဆင့်ဖြစ်မယ်။ သောတာပန်ရဲ့အကျိုးအာနိသင် အကြောင်း ပြောခဲ့ဖူးပါတယ်။ သမ္မာသမ္ဗုဒ္ဓဿ သြရသပုတ္တဘာဝံ ဥပနေတိ - သောတာ ပတ္တိမဂ်ဟာ မြတ်စွာဘုရားရဲ့ရင်သွေးတော်ငယ် သားတော် သမီးတော်အဖြစ် ရောက်အောင် ပို့ပေးခဲ့ပါတယ်လို့ ပြောခဲ့ပါ တယ်။ အနည်းဆုံး သောတာပန် ဖြစ်သွားရင် ဘုရားသားတော် သမီးတော် အစစ်ဖြစ်သွားပြီ။

ရာဟုလာရဲ့ ညီတော်၊ နမတော်

မြေပုံအရဆိုရင် မြတ်စွာဘုရားရဲ့ မွေးရာဌာန ပွင့်ရာဌာနနဲ့ ဘယ် လောက်ပဲ ကွာဝေးနေနေ ရုပ်အားဖြင့် ဘယ်လိုပဲ မတူသည်ဖြစ်စေ၊ ကိုယ်၊ နှူတ်၊ စိတ်ထားသုံးပါးလုံး ယဉ်ကျေးဖို့ရန် သီလ၊ သမာဓိ၊ ပညာ အကျင့်မှန် တွေကို မှန်မှန်ကျင့်သုံးနေရင် သီလသွေး၊ သမာဓိသွေး၊ ပညာသွေးတွေက မြတ်စွာဘုရားဆိုဆုံးမတဲ့အတိုင်း တည်နေတာ၊ ဘုရားလက်ထက်တော် ကာလ ကလည်းပဲ မြတ်စွာဘုရားဆိုဆုံးမတဲ့အတိုင်း ကျင့်သုံးလို့ သီလ သမာဓိ ပညာ သွေးတွေ မြင့်ရင့်နေတဲ့ ပုဂ္ဂိုလ်များနဲ့ တူနေတာပဲ။ ရှေးရှေးက ပုဂ္ဂိုလ်များနှင့် လည်းပဲ ထိုက်တန်သမျှ တူနေတာပဲ။ အဲဒီလို တူတာမျိုးကို ပြောတာပါ။ ဘုန်းကြီးအနေနဲ့လည်းပဲ မြန်မာပြည်နဲ့ အမေရိကန် တိုင်းပြည်က မိုင်ပေါင်း များစွာ ဝေးပါတယ်။ လူမျိုးချင်းလည်း မတူကြဘူး။ လောကဓလေ့ ထုံးစံ အတိုင်းဆိုရင်လည်း မတူကြဘူး။ ဒါပေမဲ့ ဗုဒ္ဓတရားတော်ကို စိတ်ဝင်စားပြီး လိုက်နာကြတဲ့ ပုဂ္ဂိုလ်ချင်းအနေနဲ့ တကယ်ရင်းနှီးတဲ့ ဓမ္မ ဆွေမျိုးတွေပဲ။ ဒီလိုပဲ သဘောထားပါတယ်။ ပြီးတော့ မြတ်စွာဘုရားက အစ နောက်ဆုံး မြတ်စွာ ဘုရားရဲ့ သားတော်ဖြစ်တဲ့ ရာဟုလာလေးထိ အစဉ်စဉ် အဆက်ဆက် လာခဲ့

http://www.dhammadownload.com

တာ။ ပြီးတော့ မိမိဟာ မျိုးစပ်အားဖြင့် ယခု ညံ့သူ မဟုတ်ဘူး။ အစဉ်စဉ် အဆက်ဆက်လာခဲ့တာဆိုတော့ မြတ်စွာဘုရားရဲ့ သားတော် ရာဟုလာရဲ့ညီ တော်လေးပဲ။ နှမတော်လေးပဲ။ အဲဒီပုဂ္ဂိုလ်တွေဟာ သာသနာ ဘောင်ဝင်ပြီး တရားတွေ အားထုတ်ကြလို့ နောက်ဆုံးရဟန္တာဖြစ်ပြီး ဘဝဇာတ်သိမ်းသွား ကြတာ ဝိရိယလျှော့လို့တော့ မဖြစ်ဘူးဆိုပြီး မြင့်မြတ်တဲ့ ဆွေမျိုးတော်စပ်တဲ့ အနေနဲ့လည်းပဲ စဉ်းစားဆင်ခြင်ပြီး ဝိရိယကို တိုးမြှင့်ပေးရပါတယ်။

တရားကျင့်ဖော်တွေ

နောက်တစ်ခုက သဗြဟ္မစာရီ မဟတ္တ ပစ္စဝေက္ခဏာတာတဲ့။ တရားကျင့် ဖော်ကျင့်ဖက် ဖြစ်ကြတဲ့ ပုဂ္ဂိုလ်များရဲ့ မြင့်မြတ်ပုံကို ဆင်ခြင်နှလုံးသွင်းခြင်း ဖြင့် ဝိရိယကို တိုးမြှင့်ပေးပါတဲ့။ သဗြဟ္မစာရီ ပုဂ္ဂိုလ်ဆိုတာ မြတ်စွာဘုရား၏ အဆုံးအမကို အညီအမျှ ကျင့်သူ တရားကျင့်ဖော် ကျင့်ဖက်ကို ပြောတာပါ။ ဘုရားလက်ထက်တော်ကာလကတော့ သဗြဟ္မစာရီ ပုဂ္ဂိုလ်ငါးဦး ရှိပါတယ်။ ဘိက္ခု၊ ဘိက္ခုနီ၊ သိက္ခမာနာ၊ သာမဏေရ၊ သာမဏေရီ ငါးဦးပါ။ အခုတော့ ဘိက္ခုနီ + သာသနာဟာ ထေရဝါဒသာသနာမှာတော့ ကွယ်ပျောက်သွား တော့ ဘိက္ခုနဲ့ သာမဏေရ ဒီ ၂ မျိုးပဲ ရှိပါတယ်။ ဒါပေမဲ့ ခေတ်အားလျော်စွာ သီလရှင်ယောဂီများကို သဗြဟ္မစာရီထဲ ထည့်နိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆို တော့ သူတို့လည်းပဲ သူတို့နဲ့ တန်သလောက် သီလ၊ သမာဓိ၊ ပညာ အကျင့် တရားတွေကျင့်နေတာ တူသလောက် တူနေတာ၊ ဘုရားလက်ထက်က ဘိက္ခု ပိုင်းဆိုင်ရာတွေ ဆိုလို့ရှိရင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်ဆိုတဲ့ အဂ္ဂ သာဝကတွေ၊ အရှင် မဟာကဿပစတဲ့ မဟာသာဝကတွေ သူတို့ လုံ့လဝီရိယ ထားပြီး အားထုတ်ကြလို့ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး နိဗ္ဗာန်တရားကို ပေါက်ပေါက် ရောက်ရောက် ပွင့်ပွင့်လင်းလင်း သိသွားကြတာ။ ဘိက္ခုနီမ ပိုင်းဆိုင်ရာကလဲ မိခင်တော်ဂေါတမီကအစ အားလုံး လုံ့လဝီရိယထားပြီး ကြိုးစားကြလို့ ရဟန္တာမတွေ ဖြစ်သွားကြတာ။ ပြီးတော့ မိမိဟာ အဲဒီပုဂ္ဂိုလ်တွေထဲက တစ် ယောက်အပါအဝင်ပဲ၊ တစ်ယောက်အပါအဝင်ဆိုရင် သူတို့လမ်းစဉ်ကို မိမိ ဟာ ပြည့်ပြည့်ဝဝ ဖြောင့်ဖြောင့်လိုက်ခဲ့သလား၊ မလိုက်ဘူးလားဆိုတာ

http://www.dhammadownload.com

ဆင်ခြင်ရပါတယ်။ ရှေးရှေးကတော့ လမ်းစဉ်အမှန်ကို လျှောက်လို့ ရဟန္တာထေရ ရဟန္တာထေရီမကြီးတွေ ဖြစ်သွားကြပြီ။ ငါဟာ သူတို့ လျှောက်တဲ့ လမ်းစဉ်ကို လျှောက်သလား မလျှောက်ဘူးလားလို့ ဆင်ခြင်ရပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ မြင့်မြတ်ပုံ ဝိရိယထားပြီး ကြိုးစားလို့ မြင့်မြတ်ပုံတွေကို စဉ်းစားလိုက်လို့ရှိရင် တရားထူးထူးခြားခြား တက်လာတတ်တယ်။

သောဏာရဲ့ ထွက်ပေါက်

အဲဒီထဲက အရွယ်ကြီးသွားပေမယ်လို့ လုံ့လဝီရိယထားပြီး အားထုတ်လိုက်တဲ့အတွက် ရဟန္တာထေရီမကြီး ဖြစ်သွားတဲ့အထိ အားထုတ်ပုံ ဝတ္ထုလေးတစ်ခု ထုတ်ပြပါတယ်။ သောဏာထေရီအကြောင်း ပြောပြပါမယ်။

သူမဟာ လူဘဝမှာတော့ အိမ်ထောင်ကျပြီး သားသမီး ၁၀ ယောက်ရပါတယ်။ သားတွေ သမီးတွေလည်းပဲ အားလုံးအိမ်ထောင်နဲ့ ဖြစ်သွားပါပြီ။ သူ့ခင်ပွန်းသည်က ဘိက္ခုသံဃာမှာ ရဟန်းအဖြစ် ခံယူပြီး သွားတော့ သူလည်းပဲ သံဝေဂဖြစ်လို့နဲ့ တူပါတယ်။ ရှိသမျှပစ္စည်းတွေအားလုံး သားတွေ သမီးတွေနဲ့ အပ်ထားတယ်။ အပ်ထားပြီး အဲဒီလိုပဲ ဘိက္ခုနီ မဖြစ်သေးဘဲ နေပါသေးတယ်။ သူမျှော်လင့်ချက်နဲ့ သားသမီးတွေ ခွဲဝေပြီး ပစ္စည်းပေးထား တစ်လှည့်စီ တစ်လှည့်စီ သူ့ကို သားသမီးတွေက ထောက်ပံ့လိမ့်မယ်လို့ မျှော်လင့်ချက်နဲ့နေတာ ပထမအစကတော့ တစ်လှည့်စီ လှည့်လည်ပြီးနေလို့ ကြည်ဖြူကြသေးတယ်။ နောက်ကျတော့ မကြည်ဖြူတော့ဘူး။ လူအိုတွေဆိုလို့ရှိရင် လူငယ်တွေ တယ်ပြီး ပစ်ပယ်ချင်တာ။ အခု ဒီအဘွားကြီးဆိုလို့ရှိရင် ၆၀ကျော် ၇၀ လောက်တော့ ရှိပါလိမ့်မယ်။ သားသမီး ၁၀ ယောက်ဟာ သူတို့ အိမ်ထောင်ကျ ပြီးပြီဆိုတော့ အဲဒီ အသက်လောက်ပဲ ရှိပါလိမ့်မယ်။ လူအိုတွေဆိုတော့ လူငယ်တွေက သိပ်ရွံ့ကြတယ်။ အခု သားရင်း သမီးရင်းဖြစ်တဲ့ ပုဂ္ဂိုလ်တွေတောင်မှ အဘွားကြီးကို ရွံလာတယ်။ မကြည်ဖြူတော့ဘူး။ မကြည်ဖြူတော့ အဘွားကြီးက ထွက်ရာ လမ်းရှာတယ်။ ထွက်ရာလမ်း ရှာတဲ့နည်းက ဘာတုံး။ ကိုယ်ကို သတ်သေတာလား။ မဟုတ်ဘူး။ ကောင်းသော ထွက်ရာလမ်း ရှာ

http://www.dhammadownload.com

တယ်။ သိပ်နည်းယူစရာ ကောင်းတယ်။ အခုအမေရိကန်မှာ သားတွေ သမီးတွေက ပစ်တဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီထွက်ရာလမ်းကို ရှာရင် ကောင်းတယ်။

အရှုံးမပေးဘူး

သူ့အဖို့ကတော့ သားသမီးတွေက မကြည်ဖြူလို့ ပစ်ထားတာလဲ တော်တော် ကောင်းတာပဲ။ သူက ဘာလုပ်သလဲ။ ဘိကျွန်မ ကျောင်းသွားပြီး ဘိကျွန်မ လုပ်တယ်။ အရွယ်က အိုတော့ လမ်းလည်း ကောင်းကောင်းမလျှောက်နိုင်ရှာဘူး။ ဆွမ်းခံလည်း မလိုက်နိုင်ရှာဘူး။ မလိုက်နိုင်တော့ ဆွမ်းခံကြွတဲ့ ဘိကျွန်မတို့အတွက် ရေနွေးကျိုရတယ်။ ရေနွေးကျိုရင်း သူက စဉ်းစားတယ်။ မိမိဟာ ကြီးမှ ဘိကျွန်မ လုပ်ရတာ။ အရွယ်ကြီးမှ လုပ်ရတာ ဖြစ်တော့ ပေါ့ပေါ့ဆဆနေလို့ မဖြစ်ဘူး။ ပျင်းပျင်းပြီး နေလို့ မဖြစ်ဘူး။ လုံ့လဝီရိယထားပြီး အားထုတ်မယ်ဆိုတဲ့ ရည်မှော်ချက်နဲ့ တရားပဲအားထုတ်တာ။ ဝီရိယဓာတ်သုံးမျိုး ထားပြီး အားထုတ်တာ။ ဘယ်လောက်ထိ သူကြိုးစားအားထုတ်သလဲဆိုရင်အရွယ်ကအိုတော့ တုန်တုန်ချည့်ချည့်နဲ့လမ်းကောင်းကောင်းမလျှောက်နိုင်ဘူး။ ဒါပေမဲ့ အရှုံးမပေးဘူး။ ကျောင်းတိုင်ကို လက်တစ်ဖက်က ကိုင်ပြီး ပတ်ပတ်လည် စကြံလျှောက်တယ်။ ပြီးတော့ တောထဲမှ စကြံလျှောက်လို့ရှိရင် သစ်ပင်ကိုကိုင်ပြီး စကြံလျှောက်တာ။ ဒီလောက်ထိ လျှောက်တာ သူမလျှော့ဘူး။ ပတ်ပတ် ပတ်ပတ်လည်ပြီး လျှောက်တာ။

အရှုံးထဲက အမြတ်

အရွယ်အိုပေမယ်လို့ စိတ်ဓာတ်က ခိုင်မာတော့ ပြင်းထန်တဲ့ လုံ့လဝီရိယထားပြီး အားထုတ်လို့ မကြာခင်ပဲ ကိလေသာ ကုန်ခန်း ရဟန္တာထေရီမကြီးဖြစ်သွားတယ်။ တကယ်လို့သာ သူ့သားတွေသမီးတွေက မိခင်ရဲ့ ကျေးဇူးကို သိပြီးတော့ တစ်လှည့်စီ ပြုစုနေမယ်ဆိုရင် သားတွေ သမီးတွေ မြေးတွေနဲ့ ထွေလာရောနှောဖြစ်ပြီး အဲဒီထဲမှာပဲ နစ်မွန်းနေမှာ။ ပြီးတော့ သားတွေ သမီးတွေက ပစ်ပယ်တာလည်း ကောင်းတောင်းတောင်းပဲ။ အရှုံးထဲက အမြတ်တွေ ထွက်တာ။ ရဟန္တာထေရီမကြီးဖြစ်တဲ့အခါကျတော့ သူဟာ သားတွေသမီးတွေပစ်ပယ်လိုက်လို့ ဘိကျွန်မကျောင်းကို ရောက်ရှိပြီး ဒီလို လုံ့လဝီရိယ

http://www.dhammadownload.com

ထားပြီး အားထုတ်တဲ့အတွက် သမဏသုခ ခေါ်တဲ့ ရဟန်းချမ်းသာတွေ ရလိုက်တာတဲ့။ ဥဒါန်းတွေ ကျူးကျူးပြီး သိပ်ဝမ်းသာသွားတာပဲ။ အဲဒီ ဘိကျွုနီမကြီးကတော့ ဘိကျွုနီမ လုပ်ရန် ဘိကျွုနီမကျောင်းသွားတော့ အားလုံးအဆင်သင့် ဖြစ်နေပါတယ်။ အခုခေတ် ဘိကျွုနီသာသနာက မရှိတော့ အကြောင်းတစ်ခုခုကြောင့် ဘိကျွုနီမ လုပ်လိုတဲ့ ပုဂ္ဂိုလ်များဟာ ဘိကျွုနီမတော့ မဖြစ်ဘူးပေါ့။ ဒါပေမဲ့ ဘိကျွု ကျောင်းကိုတော့ လာခဲ့။ ဘိကျွုကျောင်းလာခဲ့မယ် ဆိုရင် ဝိနည်းထုံးစံအရ ဘိကျွုနီမ မဟုတ်ပေမယ့် သုတ္တန်နည်းအရ ဘိကျွုလုပ်ပေးနိုင်ပါတယ်။ အဲဒါ ဘုန်းကြီးက ဖိတ်ကြားပါတယ်။ ဘာမှ အဆုံးအရှုံး မရှိနိုင်ဘူး။ ဘိကျွုနီတောင် မဟုတ်ဘူး။ ဘိကျွုကိုး ဖြစ်မှာ။

အဲဒီလိုဆိုလို့ရှိရင် ဘိကျွု ဘိကျွုနီ ပြဿနာလည်း မဖြစ်တော့ဘူး။ အကုန်လုံး ဘိကျွုချည်းပဲဆိုတော့ တစ်တန်းစားတည်း ဖြစ်သွားတာ။ သာတောင် ကောင်းသေးတယ်။ အဲဒီလို ဆင်ခြင်ပုံတွေ သာဓကတွေ အများကြီးရှိပါတယ်။ အကုန်လုံး ပြောနေရင်း ပြီးမှာမဟုတ်တော့ဘူး။

ပျင်းသူကို ရှောင်

ရှေ့အကြောင်းတစ်ခုကတော့ ကုသိတ ပုဂ္ဂလပရိဝဇ္ဇနတာ - ပျင်းရိတဲ့ပုဂ္ဂိုလ်ကို ရှောင်ရှားခြင်းတဲ့။ ကုသိတ ပုဂ္ဂလဆိုတာ စိတ်ဓာတ် တိုးမြှင့်ပေးတဲ့ ဘာဝနာဆိုတဲ့ အသုံးအနှုန်းတောင်မှ မကြားဖူးတဲ့ပုဂ္ဂိုလ်၊ ထင်သလိုစား၊ ထင်သလို ချမ်းချမ်းသာသာနေ ဗိုက်ပြည့်အောင် စားပြီး စပါးကြီးမွေကြီးများလို မလှုပ်မယှက်အောင်ဖြစ်ပြီး ကာယိက ဝိရိယ၊ စေတသိက ဝိရိယတွေ ဝိရိယ ၂ မျိုး ဘာမှမရှိဘဲနဲ့ ပျင်းရိပျင်းတွဲနဲ့ နေတဲ့ပုဂ္ဂိုလ်တွေ အဲဒီပုဂ္ဂိုလ်တွေ သွားပြီး ချဉ်းကပ်လို့တော့ ဝိရိယဓာတ် ဘယ်ကူးစက်နိုင်ပါမလဲ။ အဲဒီ ပုဂ္ဂိုလ်တွေကိုလည်း ရှောင်ပါတဲ့။ အဲဒီလို ရှောင်ရှားခြင်းအားဖြင့်လည်း ဝိရိယတွေ တိုးတက်လာနိုင်ပါတယ်။

ဇွဲကောင်းယှဉ်

နောက်တစ်ခုက အာရဒ္ဓဝိရိယ ပုဂ္ဂလသေဝနတာတဲ့။ အားထုတ်အပ်သော ဝိရိယရှိသူ ဝိရိယမြဲသူ ခိုင်သူကို မှီဝဲခြင်းတဲ့။ အဲဒီပုဂ္ဂိုလ်ကတော့ စိတ်

http://www.dhammadownload.com

ဓာတ်တွေ မြင့်မြတ်ပြီး တရားထူး ရရှိရေးအတွက် ဆင်းရဲ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဦးတည်ပြီး ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဝင်လာပြီး ထိုင်လိုက် စကြံလျှောက်လိုက် ထိုင်လိုက် စကြံလျှောက်လိုက်နဲ့ မနေမနား ကာယိက ဝိရိယ၊ စေတသိကဝိရိယတွေ ထားပြီး အားထုတ်နေတာ။ အားထုတ်လို့ဝိရိယတွေဟာ ရပ်လည်း မနေဘူး။ ပြီးတော့ အောက်လည်း ကျမသွားဘူး။ တဖြည်းဖြည်း ဝိရိယတွေ တိုးမြှင့် တိုးမြှင့်ပြီး တက်တက်လာတာ။ အဲဒီလို ကြိုးစား အားထုတ်တဲ့ပုဂ္ဂိုလ်တွေကို မှီဝဲရတယ်။ တော်ကြာထိုင်လိုက် တော်ကြာ ကိုယ့်အိပ်ရာသို့ဝင်ပြီး လဲ့လိုက် အပန်းဖြေလိုက်စတဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး။

စကြံနဲ့ အထိုင်ကို အလေးထားပြီး ကိုယ်နဲ့ အသက် မငဲ့မကွက်ဘဲနဲ့ စွန့်စားပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်ကို မှီဝဲမှ သူရဲ့ လုံ့လဝိရိယဓာတ်တွေ ကူးစက်နိုင်တယ်။ ပြီးတော့ အားထုတ်တဲ့နည်းတွေလဲပဲ ရရှိနိုင်တယ်။ အဲဒီလိုပုဂ္ဂိုလ် မှီဝဲဆည်းကပ်လို့ရှိရင် လုံ့လဝိရိယဓာတ်တွေ မြင့်တက်လာတတ်တယ်တဲ့။ ဒါကြောင့် အာရဒ္ဓဝိရိယ ပုဂ္ဂိုလ်ကို မှီဝဲပါတဲ့။ ကိုယ်ကြိုးထွားကျန်းမာရေးထက် စိတ်ကြိုးထွားကျန်းမာရေးကို အလေးပေးတဲ့ ပုဂ္ဂိုလ်ဟာ အာရဒ္ဓဝိရိယ ပုဂ္ဂိုလ်ပါပဲ။

ထိုတွင် စိတ်ညွှတ်ရာ

နောက်ဆုံးကတော့ တဒဓိမုတ္တတာ တဲ့။ အဲဒီ ဝိရိယ ဖြစ်ရေးမှာ အမြဲတမ်း စိတ်ဟာ ကိုင်းညွှတ်ပြီးတော့အလေးထားရမယ်တဲ့။ သွားရပ်ထိုင်လျောင်း ဣရိယာပုတ် ၄-မျိုးလုံးမှာ ထင်ရှားပေါ်တဲ့ အာရုံတိုင်း အာရုံတိုင်းကို မလွတ်တမ်းမှတ်နိုင်ပြီး သဘောမှန်တွေကို အဆင့်ဆင့်သိသွားအောင် ကြောင့်ကြထားရတယ်။ ဝိရိယ ရှိရတယ်။ မလွတ်စေရဘူး။ မလွတ်စေရဘူးဆိုတာ စိတ်အားစိုက်မှုတွေ အမြဲတဝစေ ရှိနေတာ။ အဲဒီလို စိတ်အားစိုက်မှု စွမ်းရည်တွေ အမြဲတစေ ဖြစ်ဖို့ရာအတွက် အမြဲတမ်း စိတ်က အလေးထားရတယ်။ တိမ်းညွှတ်ထားရတယ်။ ဝိရိယ ဖြစ်ရင် တော်ပြီ။ ဘယ်လိုပဲ ဖြစ်ဖြစ် ဝိရိယ ဖြစ်ဖို့သာ အရေးကြီးတယ်လို့ ဝိရိယကို အလေးထားရတယ်။ အဲဒီလို အလေးထားပြီး အားထုတ်နေလို့ရှိရင် စိတ်က ဒီမှာကိုင်းညွှတ်အားထုတ်တော့ ကောသဇ္ဇ -

http://www.dhammadownload.com

အပျင်းတရား မဖြစ်ဘူး။ ဝိရိယတရားချည်းပဲ ဆက်ကပ်ဆက်ကပ် ဖြစ်သွားမှာပါ။ ဒါ သိပ်အရေးကြီးပါတယ်။ ဖြစ်ချင်ဖြစ် မဖြစ်ချင်နေ ဟိုဖြစ်သလောက်တော့ ဖြစ်မှာပေါ့ဆိုပြီး နဂိုကတည်းက စိတ်ခပ်လျော့လျော့ထားပြီး အားထုတ်လို့ရှိရင် ဘယ်တော့မှ ဝိရိယမဖြစ်ဘူး။ ဝိရိယ မဖြစ်ရင် တရားထူးလည်း ရမှာ မဟုတ်ဘူး။ ဒါ နောက်ဆုံးအကြောင်းပါပဲ။

အခု ညွှန်ကြားခဲ့တဲ့အတိုင်း ဝိရိယရဲ့အစွမ်းကို ဖြည့်စွက်နိုင်ပြီး ဝိရိယတွေ တစ်ဆင့်ထက်တစ်ဆင့် တက်ကာ နောက်ဆုံး အရေးကြီးတဲ့ ကိလေသာတွေကို ပယ်သတ်နိုင်တဲ့ထိ ဆင်းရဲဒြိမ်းရာနိဗ္ဗာန်သို့ ရောက်အောင် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေလို့ ဒီနေ့ တရားအဆုံးသတ်လိုက်ပါတယ်။

သာဓု. . . သာဓု. . . သာဓု. . . ။

ပီတိရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

သမ္မိယာယနလက္ခဏာ ပီတိဆိုတာ သူနဲ့ယှဉ်ဘက်နာမ်တရားကို နှစ်သိမ့်ရောင့်ရဲခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းသာစေခြင်း၊ သူကိုယ်တိုင်လည်း နှစ်သိမ့်ရောင့်ရဲဝမ်းသာခြင်း သဘော ရှိပါတယ်။ အဲဒီသဘောကို ပီတိလို့ ခေါ်တာပါပဲ။ သူ့ရဲ့လက္ခဏာကို ဖော်ပြရာမှာ သမ္မိယာယန လက္ခဏာ ပီတိ - နှစ်သိမ့်ရောင့်ရဲ ဝမ်းလည်းမြောက်ခြင်း လက္ခဏာ ရှိတယ်လို့ ဒီလို ကျမ်းဂန်များမှာ ဖော်ပြထားပါတယ်။ အဲဒီတော့ နှစ်သိမ့်ရောင့်ရဲ ဝမ်းမြောက်ခြင်းသဘောဟာ စိတ်အစဉ်မှာ ရောက်လာရင် စိတ်မှာ အကုန်လုံး ပျံ့နှံ့သွားတာပဲ။ စိတ်တင်မဟုတ်ဘူး၊ ရုပ်ကောင်းရုပ်သန့်တွေ တစ်ခါတည်းဖြစ်လာတာပဲ။ ဒီမှာ ပဏီတ ရူပ အင်မတန် ကောင်းတဲ့ရုပ်၊ ပေါ့ပါးတဲ့ရုပ်၊ သွက်လက်ချက်ချာတဲ့ ရုပ်တွေ ဖြစ်လာတာပါပဲ။ ရုပ်ကောင်းရုပ်သန့်တွေကိုသူက ပျံ့နှံ့အောင် လုပ်ပေးတတ်တယ်။ ဖရဏရသ လို့ ကျမ်းဂန်တွေက ဖော်ပြထားတယ်။ ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်လို့ ကျမ်းဂန်များမှာ ဖော်ပြထားတယ်။ ကိုယ်ရော စိတ်ပါ ပျံ့နှံ့သွားတော့ ကိုယ်ထဲက ကြမ်းတမ်းတဲ့ ရုပ်တွေ၊ လေးလံတဲ့ရုပ်တွေ ကင်းပြီး အင်မတန်နူးညံ့ပျော့ပျောင်းတဲ့ ရုပ်တွေ ဖြစ်လာတယ်။ အဲဒီအခါကျရင် လူပ်လှုပ်ရှားရှား ဖြစ်လာတော့တာပဲ။ ကိုယ်ကြီးကြွတက်မတတ် လေထဲထိုင်နေရ

http://www.dhammadownload.com

ပြထားပါတယ်။ အဋ္ဌကထာများမှာတော့ ပီတိသမ္ဘောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကို ၁၁ မျိုး ပြထားပါတယ်။ အဲဒီ ၁၁ မျိုးထဲက ပထမဆုံး အကြောင်းကတော့ ပုဒ္ဓါနုဿတိ-မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို အာရုံပြုတာပါပဲ။ ဂုဏ်တော် တစ်ပါးပဲ ဖြစ်ဖြစ်၊ အများပဲ ဖြစ်ဖြစ် စွမ်းနိုင်သလောက် အာရုံပြုတာပါပဲ။ အများကြီးထဲက တစ်ခုလောက်ဆိုရင်လည်းပဲ တော်တော်လေး လုံလောက်ပါတယ်။

ပုဒ္ဓါနုဿတိ

အရဟံ - လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပါပေတယ်လို့လည်း အာရုံပြုနိုင်ပါတယ်။ ဘာမှထွေထွေထူးထူး ပုဒ္ဓဂုဏ်တော်တွေကို မပွားနိုင်တောင်မှ ဟိုတစ်နေ့က ပြောခဲ့တဲ့ ပုဒ္ဓဟာ ဟေတုသမ္ပဒါ - အကြောင်း၏ ပြည့်စုံခြင်း၊ ဖလသမ္ပဒါ - အကျိုး၏ ပြည့်စုံခြင်း၊ သတ္တူပကာရသမ္ပဒါ - သတ္တဝါတို့၏ အကျိုးများအောင် ဆောင်ရွက်တော်မူခြင်း ဒီသုံးမျိုးကို ပေါင်းစပ်ပြီး ဆင်ခြင်လိုက်လို့ရှိရင် တကယ်ပုဂ္ဂိုလ်ထူးကြီးပဲဆိုတာ နားလည်လာတော့ ဂုဏ်တော်တွေ ပေါ်လာတယ်။ နှစ်သိမ့်အားရတဲ့ ပီတိတွေ ပေါ်လာတတ်ပါတယ်။ တရားအားထုတ်လို့ ဥဒယဗ္ဗယဉာဏ်ပိုင်းလောက် ရောက်လာလို့ရှိရင် တမင်တကာ ပုဒ္ဓဂုဏ်တော်တွေ ပွားဖို့တောင်မှ မလိုတော့ပါဘူး၊ အလိုလိုပဲ ပေါ်လာတာပဲ၊ အင်မတန်ထူးခြားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားမြင်တော့ ဘုရားလည်း မြင်လာတာကိုး၊ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း ကိုယ်တိုင်ကိုယ်ကျ အားထုတ်လို့ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်တရားတွေ ကိုယ့်သန္တာန်မှာ ထိုက်သလောက် ပြည့်စုံနေရင် အကြမ်း၊ အလတ်၊ အနု ကိလေသာတွေ ထိုက်တန်သမျှ ကင်းဝေးစင်ကြယ်နေသေးရင် မြတ်စွာဘုရားမှာ ဘယ်လောက်မျှ ကင်းဝေးစင်ကြယ်မလဲ မြတ်စွာဘုရားရဲ့ ကိလေသာကုန်ကြောင်း အကျင့်လမ်းစဉ်တွေ လိုက်ရတောင်မှ ငါ့မှာ လက်တွေ့ဖြစ်နေပြီ။ မြတ်စွာဘုရားကိုယ်တော်တိုင် တွေ့ထားတဲ့နည်းလမ်း လေးပဲ ဆိုတာပေါ့လေ။ ကိုယ်တိုင် အားထုတ်လို့ တရားသဘောတွေ သိခြင်းအားဖြင့် ဒီနည်းလမ်းတွေကို တီထွင်

http://www.dhammadownload.com

တော်မူခဲ့တဲ့ မြတ်စွာဘုရားရဲ့ဂုဏ်တော်လည်းပဲ အလိုလို ပေါ်လာတယ်။ အရဟံ-ကိလေသာကင်းဝေးတယ်ဆိုတာ ဟုတ်မယ်။ တကယ်ဟုတ်မယ် ဆိုတာ နားလည်သွားတာပဲ။ ဘုရားဂုဏ်တော်တွေ ဖော်ပြတဲ့စာတွေ ဖတ်နေရုံနေတော့ ပေါ်လာမယ်မထင်ပါဘူး။ ဒီလောက်ဆိုရင်တော့ နားလည်လောက်ပါပြီ။

ဓမ္မာနုဿတိ

နောက် ဓမ္မာနုဿတိ - တရားရဲ့ ဂုဏ်တော်တွေလည်းပဲ အာရုံပြုမယ်တဲ့။ တရားဂုဏ်တော်တွေကို အာရုံပြုရာမှာ များများအာရုံ မပြုနိုင်သည်တိုင် အောင် သွာက္ခာတ - ကောင်းစွာ ဟောအပ်တဲ့တရားလို့ တစ်ခုလောက် အာရုံပြုနိုင်ရင်လည်း လုံလောက်ပါတယ်။ ကောင်းစွာ ဟောအပ်တယ်ဆိုတာ ဒီတရားကျင့်ခြင်းကြောင့် ရရှိနိုင်တဲ့အကျိုးနဲ့ ခွင်ကျဟောခဲ့တယ်။ ဒီလိုအကျင့်ကိုကျင့်ရင် ဒီလိုအကျိုးကို ဧကန်ရတယ်လို့ နည်းပေးထားတာ။ ဒါကို သွာက္ခာတ လို့ ခေါ်ပါတယ်။ ရနိုင်တဲ့ အကျိုးနဲ့ ခွင်ကျဟောတယ်ဆိုတာက မြတ်စွာဘုရားညွှန်ကြားထားတဲ့အတိုင်း သီလ၊ သမာဓိ၊ ပညာ၊ အကျင့်တရားတွေထဲက သီလကျင့်ကြည့်၊ စာနာစိတ်အပြည့်အဝထားပြီး မတရားကိုယ်နှုတ်အမူအရာတွေ ရှောင်ကြဉ်ကြည့် ကိုယ်နှုတ်အမူအရာ စင်ကြယ်လာတာပဲ။ ကိုယ့်ကိုယ်ကိုလည်း ကျေနပ်လာတာပဲ။ ပညာရှိသူတော်ကောင်းတွေ အထင်အမြင်သေးခြင်းမှလည်း လွတ်တာပဲ။ လောကီဥပဒေနဲ့လည်း အရေးယူမခံရဘူး။ နောက် တမလွန်ဆိုတာတော့ မကြုံရသေးတာမို့လို့ ထားလိုက်တော့။ အခုလောလောဆယ်ပဲ ကြည့်ပေါ့။ သီလအကြောင်းတရားတွေကြောင့် ရနိုင်တဲ့အကျိုးနဲ့ တစ်ခါတည်းခွင်ကျဟောထားတာ အဲဒါ သွာက္ခာတ ခေါ်တယ်။

သမာဓိချမ်းသာ ဝိပဿနာ ချမ်းသာ

သမာဓိသိက္ခာအကျင့်တွေ ရှိပါတယ်။ အဲဒီ သမာဓိသိက္ခာ အကျင့်တွေကို ညွှန်ကြားတဲ့အတိုင်းသာ အားထုတ်ကြည့်။ နီဝရဏ တရားတွေ ကင်းဝေးစင်ကြယ်ပြီး စိတ်တွေ ထူးထူးခြားခြား သိမ်မွေ့လာတာပဲ။ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် စသည် လောကီစျာန်တရားတွေ ရလာတယ်။

http://www.dhammadownload.com

ယခုလို သတိပဋ္ဌာန် ဘာဝနာတရားတွေ အားထုတ်လို့ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်တရားတွေ ကိုယ့်မှာ ပြည့်စုံနေရင် အကြမ်း၊ အလတ်၊ အနု ကိလေသတွေ ကိုယ့်မှာ ထိုက်တန်သလောက် ကင်းနေတယ်ဆိုတာ ကောင်းကောင်း နားလည်လာပြီး မိမိတို့လိုပဲ မြတ်စွာဘုရား ဆိုဆုံးမမှုကို ခံယူပြီး ကျင့်သုံးနေတဲ့ သံဃာတော်အပေါင်းဟာ ဒီလိုကင်းကွာအောင် ကျင့် တယ်ဆိုတာ မှန်တယ်။ ထိုက်သလောက် ကိလေသာတွေ တော်တော်ကင်းသွားလို့ရှိရင် တစ်စိတ်တစ်ပိုင်း ကင်းသွားတဲ့ ပုဂ္ဂိုလ်တွေလည်း ဧကန် ရှိပါတယ်။ လုံးဝကင်းသွားတဲ့ ပုဂ္ဂိုလ်တွေလည်း ဧကန်ရှိတယ် ဆိုတဲ့ သံဃာဂုဏ်ကို မတုန်မလှုပ် သက်ဝင်နိုင်တဲ့အပိုင်းကို ရောက်နိုင်ပါတယ်။

သီလနဿတိ

နောက်တစ်ခုကတော့ သီလာနုဿတိ - မိမိ ကြာရှည်လေးမြင့်စွာ ဆောက်တည်စောင့်ထိန်းထားတဲ့ သီလ၊ မကျိုးမဖောက်တာတွေ အာရုံပြုမိပြီဆိုလို့ရှိရင် သိပ်အားရတာ။ ရဟန်းကလည်း ရဟန်းအလိုက် ပါရိသုဒ္ဓိသီလ အထူးအားဖြင့် ပါတိမောက္ခသံဝရသီလ ပြည့်စုံတာတွေ ပြန်စဉ်းစားလိုက်လို့ရှိရင် ကိုယ့်ကိုယ်ကို သိပ်အားရတာ။ ပီတိလေး သိပ်ဖြစ်တာ။ အဲဒီလို မကျိုးမဖောက်တဲ့ ကိုယ့်သီလကို အာရုံပြု၍လည်း နှစ်သိမ့်အားရတဲ့ ပီတိတွေ ဖြစ်လာတတ်ပါတယ်။ သီလ မပြည့်စုံလို့ရှိရင် ကိုယ့်ကိုယ်ကို ပြန်စဉ်းစားမိတဲ့အခါ အားမရဘူး။ ပီတိ မဖြစ်ဘူး။ ပီတိမဖြစ်တော့ အထက်တန်းစား ဖြစ်တဲ့ သမာဓိ ပညာတွေ အားထုတ်လို့ ရဖို့ မလွယ်ဘူး။ သီလဟာ သိပ်အရေးကြီးတယ်။

သီလာ အရေးကြီးတယ်

သီးတတ်တဲ့သစ်ပင်ဟာ ညှိုးနေမယ် ပျက်စီးနေမယ်ဆိုရင် အဲဒီသစ်ပင်ဟာ မဖူးမပွင့် မသီးတော့ဘူး။ ထို့အတူ အခြေခံသီလမှ မပြည့်စုံသေးဘဲနဲ့ အထက်တန်းစား တရားတွေဆိုတာ ရဖို့ မလွယ်ဘူး။ သီလက ကျိုးပေါက် ညှိုးနေတော့ ညှိုးနေတဲ့သစ်ပင်က အသီးမသီးသလို ညှိုးနေတဲ့ သီလကလည်း ဘယ်နည်းနဲ့မှ သမထ၊ ပညာ အဖူးအပွင့် အသီးလေးတွေ မရစေနိုင်ဘူး။

http://www.dhammadownload.com

တချို့က သီလကို အလေးမထားဘူး။ တရားအားထုတ်ရင် ပြီးရောလို့ လုပ်တာတွေ ရှိပါတယ်။ အဲဒီလို လုပ်လို့ ကတော့ တစ်သက်လုံးအားထုတ်သော်လည်း တရားမရဘူး။ ကြာရှည်လေးမြင့်စွာ စောင့်ထိန်းလာလို့ သီလလေးက စင်ကြယ်နေရင် ကိုယ့်သီလကို အာရုံပြုမိလို့ နှစ်သိမ့်အားရမှုပိတိတွေ ကြီးကျယ်ဖြစ်လို့ အဲဒီပိတိကို ရှုမှတ်တာနဲ့ တစ်ခဏချင်း အရဟတ္တဖိုလ်သို့ ရောက်သွားတဲ့သာဓကတွေ အများကြီး ရှိပါတယ်။ ဒါကြောင့် စိတ်ငြိမ်သက်ပြီး သမထချမ်းသာတွေ ရလိုတဲ့ပုဂ္ဂိုလ်များ၊ အဲဒီကမ္မတစ်ဆင့် ဆက်ပြီး ဝိပဿနာချမ်းသာကို ရလိုတဲ့ပုဂ္ဂိုလ်များ၊ နောက်ဆုံး ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ချမ်းသာကို ရလိုတဲ့ပုဂ္ဂိုလ်များက သီလကို အလေးထားဖို့ သိပ်အရေးကြီးတယ်။ ဒီနေ့ ဒါပဲ တော်ကြဦးစို့။

ပေါင် ၂ ချောင်း ရိုက်ချိုးတဲ့ ရဟန်း

ပိတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း ၁၁ မျိုးထဲမှာ သီလာနုဿတိ မိမိသီလရဲ့ မကျိုးမပျက်ပုံ သန့်ရှင်းပုံကို ဆင်ခြင်မိတဲ့အခါ နှစ်သိမ့်အားရဝမ်းသာတဲ့ ပိတိတွေ အကြီးအကျယ် ဖြစ်လာတယ်ဆိုတာကို ဟောသွားပါတယ်။ သီလဟာ တကယ်အရေးကြုံတဲ့အခါမှာ သိပ်ကို အားကိုးရပါတယ်။ အားကိုးရပုံလေး ဘုရားလက်ထက်တော်ကာလက အမျိုးသားတစ်ယောက် ဘုရားတရားကြားနာပြီးတော့ သဒ္ဓါတရားတွေ နိုးကြား သံဝေဂဉာဏ်တွေ ပွားပြီးတော့ ရဟန်းအဖြစ် ခံယူတယ်။ ရဟန်းတရားတွေ ကျင့်သုံးတယ်။ သေခါနီးဆဲဆဲလေးမှာ ကိုယ့်သီလကို ဆင်ခြင်လို့ နှစ်သိမ့်အားရတဲ့ ပိတိလေးဖြစ်ပြီး ရဟန္တာထိ တစ်ခါတည်း ဖြစ်သွားတယ်။ သာဓကလေးကို အတိုချုပ် ပြောပါမယ်။ တောရကျောင်းလေးတစ်ခုမှာ အရဟတ္တဖိုလ်ရောက်တဲ့အထိ သမဏဓမ္မခေါ်တဲ့ ကိလေသာငြိမ်းကြောင်း ရဟန်းတရားတွေကို ရိုရိုသေသေ လေးလေးနက်နက် စေ့စေ့စပ်စပ် လုံ့လဝီရိယထားပြီး အားထုတ်နေတာ။ သူကတော့ လောဘ ဒေါသ စတဲ့ကိလေသာတွေ လျော့ပါးပြီးတော့ နောက်ဆုံးကင်းပြတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အားထုတ်တယ်။ သူ့ရဲ့ ညီငယ် ၇နီးက အိမ်ကနေပြီးတော့ သူအပ်ခဲ့တဲ့ပစ္စည်းတွေ ရလိုတဲ့အနေနဲ့ လောဘတွေ ဖြစ်

http://www.dhammadownload.com

အရေးကြီးပါတယ်။ သီလမြဲလေလေ တရားအားထုတ်ဖို့ လွယ်လေလေ သမာဓိဖြစ်လွယ်လေလေ ဉာဏ်ပွင့်လွယ်လေလေပဲ။ သိပ်အရေးကြီးပါတယ်။ ဒီမှာ တကယ်အရေးကြုံတော့ သီလကို အကြောင်းပြုပြီးတော့ တရားအထူးတွေ ရသွားတာ တစ်ခဏလေးပဲ သိပ်အားကိုးရတယ်။

သီလက ဘာမှလည်း ဝန်လေးတာမဟုတ်ဘူး။ သီလက ဒါပါပဲ။ စာနာညှာတာစိတ်ထားပြီးတော့ မတရားမှုတွေက ရှောင်နေတာပဲ။ ဘာမှ မခဲယဉ်းဘူး။ လွယ်လွယ်လေးပဲ။

စာဂါနုဿတိ

ပြီးတော့ နောက်တစ်ခု စာဂါနုဿတိ မိမိပေးကမ်းစွန့်ကြဲမှုကို အဖန်ဖန် အထပ်ထပ် အောက်မေ့ဆင်ခြင်ပြီးတော့လည်းပဲ ပီတိတွေ ဖြစ်ပွားစေပါတဲ့။ စာဂါနုဿတိဘာဝနာပွားခြင်းဖြင့် နှစ်သက်အားရတဲ့ ပီတိတွေ ဖြစ်ဖို့ဆိုတာ ဒီလို ဒါနကုသိုလ်အမှုပြုတဲ့အခါမှာ ပါရမီ မြောက်အောင် ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ပြုမှလဲဘဲ နှစ်သိမ့်အားရတဲ့ ပီတိတွေ ပွားလို့ ဖြစ်ပါတယ်။ ပါရမီမြောက်ဆိုတာဟာ မိမိရဲ့ကိုယ်ကျိုးကို နည်းနည်းမှ ငဲ့ကွက်မှုမရှိဘဲနဲ့ အများချမ်းသာစေရေး အကျိုးငှာ ရည်မှော်ပြီးတော့ ပြုရတဲ့ ဒါနကုသိုလ်မျိုးကိုသာ ပါရမီဒါန မြင့်မြတ်တဲ့ဒါနလို့ ဆိုနိုင်ပါတယ်။ မြင့်မြတ်တဲ့စာဂလို့ ဆိုနိုင်ပါတယ်။ အထူးကတော့ ဒုဿီကွန္တရကပ်ခေါ်တဲ့ အစာရေစာခေါင်းပါးငတ်မွတ်တဲ့ဘေးတွေမျှားဆိုက်လာပြီဆိုလို့ရှိရင် ကိုယ်ရှိတဲ့ မွန်မွန်မြတ်မြတ် ပစ္စည်းလေးတွေကို သီတင်းသုံးဖော်အား လျှုရတဲ့အခါမျိုး၊ ဩော် ဒီလိုအခါမျိုး တောင်မှာက ရှားရှားပါးပါး မွန်မွန်မြတ်မြတ်ထားပြီးတော့ လှူနိုင်တယ်ဆိုတာတွေးပြီး ဝမ်းသာရတာ။ အဲသလို ဒုဿီကွန္တရကာလမျိုးမှာ သီလရှိတဲ့ပုဂ္ဂိုလ် အကျင့်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကို လှူရတာကို စဉ်းစားလိုက်လို့ရှိရင် သိပ်ပီတိတွေ ဖြစ်တာ။ အားကြီးပီတိတွေ ဖြစ်တာ။

ဒုဋ္ဌဂါမဏိမင်း

သီဟိုဠ်ကျွန်းက အဘယဒုဋ္ဌဂါမဏိမင်းဟာ စစ်တိုက်တုန်း၊ တောထဲမှာ စစ်ပြေးနေတုန်း ရှားပါးတဲ့အခါ လူနှစ်ယောက်နဲ့ မြင်း၊ သုံးယောက်စာကို

http://www.dhammadownload.com

စားဖို့ပြင်နေတုန်းမှာ အလှူခံပုဂ္ဂိုလ် ကြွလာတာနဲ့ လှူလိုက်တယ်။ သူလှူတဲ့ အလှူတွေထဲမှာ အဲဒီအခါ လှူရတာလောက် ဝမ်းသာတာ မရှိဘူးတဲ့။ သိပ် ဝမ်းသာတာပဲ၊ အဋ္ဌကထာတွေထဲမှာ မှတ်တမ်းတွေ ပြပါတယ်။ မှတ်ချက်တွေ ပြပါတယ်။ အဲဒီမှာ ရှားရှားပါးပါး ဖြစ်တဲ့အခါမျိုးမှာ မွန်မွန်မြတ်မြတ် ထားပြီးတော့ လှူရမယ်ဆိုရင် သိပ်ပီတိဖြစ်တာ။ အဲဒီလို ပီတိဖြစ်နိုင်လောက် အောင် စွန့်ကြဲပေးကမ်းတဲ့ စာဂကို အာရုံပြုမိလို့ရှိရင် သိပ်ပြီးတော့ ပီတိတွေ ဖြစ်တတ်တယ်။ ဒီလိုဆိုပါတယ်။ အဲလိုနည်းနဲ့လည်း ပီတိတွေ ဖြစ်ပွားစေပါ တယ်။

ဘုန်းကြီးကိုယ်တွေ့

ဒီအချက်နဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးများကိုယ်တွေ့လေးတွေ ထည့် ပြီး ပြောချင်ပါတယ်။ ဒါပေမဲ့လို့ အချိန်က မလုံလောက်တာနဲ့မို့လို့ မပြောတော့ ပါဘူး။ အကျဉ်းချုပ်ကတော့ လာရောက်ပြီး အားထုတ်တဲ့ယောဂီအများ စရိတ်ပြတ်ပြီဆိုရင် တရားကလည်းပဲ အခြေအနေက ကောင်းနေတယ်။ ဆက်အားထုတ်လို့ရှိရင် တရားတွေက ပြည့်စုံသွားနိုင်တယ်။ စရိတ်ကလည်းပဲ ဆက်စရာမရှိ ဟိုလွန်ခဲ့တဲ့နှစ်တွေကပေါ့လေ။ ယခုတော့ ပေါပါတယ်။ ပြီး တော့ ဘာလုပ်ရသလဲဆိုတော့ သူတို့ကို ကြိတ်ပြီးတော့ ကမ္မဋ္ဌာန်းဆရာတွေ က စရိတ်ထောက်ရတယ်။ စရိတ်ထောက်တော့ တရားများရသွားပြီ ပြည့်စုံ သွားပြီဆို အို သိပ်ဝမ်းသာတာပဲ။ တစ်ခါတည်း ရှားပါးတဲ့ပုဂ္ဂိုလ်တွေကို ထောက်ပံ့လိုက်ရတာ။ တရားတွေ နေရာကျသွားတော့ သိပ်ဝမ်းသာတယ်။ စာဂါနုဿတိ ဘာဝနာလေး ပွားတာ။ ပြီးတော့ အဲဒီလို ပုဂ္ဂိုလ်တွေကိုပဲ တရား အခက်အခဲမရှိရအောင်ဆိုပြီးတော့ ငွေမတည်ပြီးတော့လေ ဆောင်ရွက်လို့ အောင်မြင်တဲ့အချက်ကလေးကို ဘုန်းကြီးကိုယ်တွေ့တွေအများကြီး ရှိပါ တယ်။ သိပ်ဝမ်းသာပါတယ်။ ရှားပါးတဲ့ပုဂ္ဂိုလ်တွေကို ယခုလိုတရားနဲ့ ပတ် သက်ပြီးတော့ အခက်အခဲကြုံနေတဲ့အခါမှာ အားပေးခွီးမြှောက်ရပြီဆိုရင် သိပ်ဝမ်းသာတာ။

http://www.dhammadownload.com

ကြမ်းတမ်းတာ။ အဲသလို ဒေါသအစွမ်းနဲ့ ကြမ်းတမ်းတဲ့ပုဂ္ဂိုလ်ဟာ ရိုသေသင့်တဲ့ပုဂ္ဂိုလ်တွေကိုလည်းပဲ ရိုသေရမှန်း မသိဘူး။ တရားနာရမှန်း မသိဘူး။ တရားအားထုတ်ရမှန်း မသိဘူး။ ဒီမှာ အဲသလို ဖြစ်နေတာ အဲသလို ပုဂ္ဂိုလ်တွေကို ရှောင်ပါတဲ့။ လူ့လောကမှာ ဒေါသအစွမ်းနဲ့ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်ရဲ့ နီးပါးမှာ နေရတဲ့ပုဂ္ဂိုလ်တွေ ဘယ်လိုနေတုံး။ ဘယ်ပျော်နိုင်မလဲ ဘယ်ရွှင်နိုင်မလဲ။ အမြဲတမ်း စိတ်ဆင်းရဲနေရမှာပဲ။ အဲဒီပုဂ္ဂိုလ်မျိုး ဝေးဝေးရှောင်ပါ။ ဒါမှ ပီတိ ဖြစ်တာ။

နူးညံ့သူကို ပေါင်းပါ

နောက်တစ်ခုက သိန်ဒ္ဓ + ပုဂ္ဂလသေဝနတာ ဆိုတာပေါ့လေ။ သိန်ဒ္ဓ ပုဂ္ဂလဆိုတာ အဒေါသဗဟုလ ပုဂ္ဂိုလ်ပါပဲ။ အဒေါသဆိုတာ မေတ္တာကို ပြောတာ။ မေတ္တာတွေ ပြန့်ပြောပြီးတော့ ညက်ညက်ညောညောနဲ့ စိတ်ထားသိမ်မွေ့တဲ့ ပုဂ္ဂိုလ်တဲ့။ စိတ်ထားသိမ်မွေ့လို့ရှိရင် ကိုယ်အမူအရာလည်းပဲ သိမ်မွေ့တော့တာပဲ။ နူတ်အမူအရာလည်းပဲ အများအားဖြင့် သိမ်မွေ့တော့တာပဲ။ အရင်းခံကတော့ စိတ်ထားသိမ်မွေ့ပြီး မေတ္တာတွေ ပြန့်ပြောပြီးတော့ ညက်ညောတဲ့ နူးညံ့တဲ့စိတ်ထားရှိတဲ့ ပုဂ္ဂိုလ် ဖြစ်ဖို့ပါပဲ။ ဒါအရေးကြီးဆုံးပါ။ အဲဒီပုဂ္ဂိုလ်နဲ့ နီးစပ်လို့ရှိရင် အေးတယ်၊ ပီတိတွေ ဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ရွေးပြီးတော့ ပေါင်းပါတဲ့။ အဲသလို ပေါင်းလို့ရှိရင် ပီတိတွေ ဖြစ်တတ်တယ်။

ကြည်ညိုဖွယ်တရားကို ဆင်ခြင်ပါ

အဲနောက်တစ်ခုကတော့ "ပသာဒနီယ သုတ္တန္တ ပစ္စဝေက္ခဏာ" ဆိုတာ ဘုရား၊ တရား၊ သံဃာရတနာရဲ့ ဂုဏ်ကျေးဇူးတွေကို ဖော်ပြတာ။ သတိပဋ္ဌာန် တရားတွေ အားထုတ်ကြည့်တော့ ရနိုင်တဲ့အကျိုးတွေကို ဖော်ပြတာတွေပေါ့။ အဲဒီဖော်ပြချက်တွေကို ဆင်ခြင်တာ၊ ကြားနာပြီးတော့ ဆင်ခြင်တာ၊ ဆွေးနွေးပြီးတော့ ဆင်ခြင်တာ၊ စာအုပ်ကြည့်ပြီးတော့ ဆင်ခြင်တာ ဒါမျိုးလေးတွေပေါ့။ အဲဒါတွေကို ဆင်ခြင်လိုက်လို့ရှိရင် အကျိုးတွေကို သိရတော့ သိပ်ပြီးတော့ ပီတိတွေ ဖြစ်တာ။ ဘုရားရှင်ကို ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ ဘုရားဂုဏ်တော်ကို

http://www.dhammadownload.com

အာရုံပြုရင် သိပ်အားရတာ၊ တရားရဲ့ဂုဏ်တော်တွေ သံဃာရဲ့ ဂုဏ်တော်တွေကို အာရုံပြုတာ သိပ်ပြီးအားရတာ၊ ဂုဏ်တော်တွေကို ဖော်ပြတဲ့သုတ္တန်တွေကို ဆင်ခြင်တာ သိပ်ပြီးတော့ ပီတိဖြစ်တာ၊ အဲဒါတွေ ပီတိဖြစ်ခြင်းရဲ့ အကြောင်းတရားပါပဲ။

စိတ်ညွှတ်ပါ

နောက်ဆုံးကတော့ "တဒဓိမုတ္တတာ" သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုတ်လေးပါးလုံးမှာ နှစ်သက်အားရတဲ့ ပီတိတွေ ဖြစ်ပွားစေဖို့ရန် အမြဲတမ်း စိတ်ကိုင်းညွှတ်ထားတာ၊ အလေးပေးထားတာ၊ အလေးပေးပြီးတော့ ကိုယ်နှင့် စိုက်ပြီးတော့ ပေါ်ရာလေးတွေ ပေါ်ဆဲ ရှုမှတ်ဆဲအားဖြင့် ဖြစ်နိုင်တဲ့ နိဝရဏတရားတွေ ပယ်ထုတ်နေတာ၊ နိဝရဏတရားတွေ ကင်းလို့ရှိရင်တော့ ပီတိတွေ ဖြစ်တယ်။ အဲဒီပီတိတွေဖြစ်ဖို့ရန်အတွက် သွားလည်း အမှတ်ကလေးနဲ့၊ ရပ်လည်း အမှတ်ကလေးနဲ့၊ ထိုင်လည်း အမှတ်ကလေးနဲ့၊ အိပ်လည်း အမှတ်ကလေးနဲ့ နေရာဌာနတိုင်းမှာ အမှတ်ပါနေရတာ ဒါပီတိသမ္ဗောဇ္ဈင် ဖြစ်ရေးအတွက် အမြဲတစေ ဦးစားပေးပြီးတော့ အမှတ်နဲ့ တိမ်းညွှတ်တဲ့ စိတ်ကလေးရှိနေတာ။ အဲဒီလိုရှိလို့ရှိရင် ပီတိတွေ ဖြစ်လာတတ်ပါတယ်တဲ့။ ဒါနောက်ဆုံးအကြောင်းပါပဲ။ ဒီနေ့ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း တစ်ဆယ့်တစ်မျိုးအဆုံးသတ်ဟောပြီးပြီ။ ဒီနေ့ ဒါနဲ့ တော်ကြဦးစို့။ အချိန်လည်းပြည့်သွားပြီ။

ယောက်ယက်ခတ်နေတာပဲ

ပဿဒ္ဓိ သမ္ဗောဇ္ဈင်အကြောင်း စပြီးဟောပါမယ်။ ပဿဒ္ဓိဆိုတာ ငြိမ်းအေးခြင်း သဘောပါပဲ။ ငြိမ်းအေးတယ်ဆိုတာလည်း လူပ်ရှားမှုကင်းမှ ငြိမ်းတာ၊ အေးတာ ဖြစ်နိုင်ပါတယ်။ လှုပ်ရှားမှု မကင်းလို့ရှိရင် မငြိမ်းနိုင် မအေးနိုင်ပါဘူး။ သူ့ရဲ့ဆန့်ကျင်ဘက်ကတော့ ဥဒ္ဓစ္စပါပဲ။ ဥဒ္ဓစ္စကြောင့်ဖြစ်တဲ့အကုသိုလ်စိတ်ဟာ အာရုံတစ်ခုတည်းမှာ တည်ငြိမ်တာ မရှိပါဘူး။ ဘယ်အာရုံမှ သူအတည်တကျ ယူနိုင်တာ မရှိပါဘူး။ အမြဲတမ်း လွင့်နေတာပါပဲ။ ရေအပြင်ဟာ လေကြောင့် အမြဲတမ်းလှုပ်ရှားပြီး လှိုင်းထနေသလိုပါပဲ။ ပြီးတော့ဥဒ္ဓစ္စကို စိတ်ရဲ့လှိုင်းထမှု၊ ထနေတဲ့လှိုင်းလို့ ဒီလိုပြန်လို့ရှိရင် မလွဲပါဘူး။ သူ့ကြောင့်

http://www.dhammadownload.com

စိတ်ဟာ မရုပ်တည်ဘဲနဲ့ ချာချာလည်နေတာပဲ။ ဟိုသွားလိုက် ဒီသွားလိုက် ယောက်ယက်ခတ်နေတာပဲ။ ငြိမ်တယ်လို့ကို မရှိဘူး။ တိုင်မှာ ထူထားတဲ့အလံဟာ လေလှုပ်တိုင်း မငြိမ်မသက်နဲ့ ဟိုကပ်လိုက် ဒီကပ်လိုက်နဲ့ မငြိမ်မသက်ဖြစ်နေသလိုပါပဲ။ တစ်နည်းအားဖြင့်လည်းပဲ ပြာအပူပေါ်မှာ ခဲပစ်ချလိုက်လို့ရှိရင် ပြာတွေဟာ ခဲအရှိန်ကြောင့် ပျံဝဲပြီးတော့ နေသလိုပါပဲ။ ဥဒ္ဓစ္စဖြစ်နေလို့ရှိရင် စိတ်တွေဟာ ပြာတွေလိုပဲ လွင့်နေတာပါပဲ။ အတည်တကျမရှိဘူး။ ပကတိပုဂ္ဂိုလ်ရဲ့ စိတ်ဟာဆိုလို့ရှိရင် အများအားဖြင့် ဥဒ္ဓစ္စဝင်ရောက်နှိပ်စက်မှုကြောင့် အာရုံထဲမှာ တည်ငြိမ်မှုမရဘဲ ဖြစ်နေတတ်ပါတယ်။

စိတ်ဖောက်ပြန်သူ ပါလာရင်

တစ်ခါတစ်ခါ သမာဓိခေါ်တဲ့တရားတောင်မှ ဥဒ္ဓစ္စနဲ့ တွေ့ရလို့ ရှိရင် အဲဒီသမာဓိဟာ အာရုံတစ်ခုတည်းမှာ တည်ငြိမ်မှုမရဘဲနဲ့ ဥဒ္ဓစ္စ အလိုလိုက်ရတာ အများကြီးရှိပါတယ်။ မိသားစုပေါင်းစုံပြီးနေရာမှာ တစ်ဦးတစ်ယောက်လောက်က စိတ်ဖောက်ပြန်ပြီး မတည်မငြိမ်ဖြစ်လို့ရှိရင် ကျန်တဲ့မိသားစုဟာ သူ့ရဲ့မတည်မငြိမ်တဲ့အတိုင်းတွေ ကူးစက်ပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်နေသလိုပါပဲ။ ဥဒ္ဓစ္စနဲ့ တွဲရတဲ့တရားတွေဟာ ဘယ်တော့မှ တည်ငြိမ်မှု မရှိပါဘူး။ အမြဲတမ်း ယောက်ယက်ခတ်နေတာပဲ။ ဒါ့ကြောင့် လူတွေဟာ စိတ်ကို မနိုင်လို့ ထင်သလို ပြုချင်တိုင်းပြု ပြောချင်တိုင်းပြော အကြီးအကျယ်မှားပြီးမှ ငါမှားလေခြင်း စိတ်မထိန်းနိုင်ဘဲနဲ့ ထင်ရာတွေ လျှောက်ပြီးတော့လုပ်၊ ထင်ရာတွေလျှောက်ပြီးတော့ပြောမိ မှားမိတော့ နောက်ဆုံးမှာ ပူပန်မှုတွေ ဖြစ်တတ်ပါတယ်။ အဲဒါကို ကုက္ကုစ္စလို့ ခေါ်ပါတယ်။ နောင်တရတယ်လို့ ခေါ်ပါတယ်။ မှားလိုက်လေခြင်းလို့ နောင်တရတယ်။ အဲသလို ဖြစ်နေရင်လည်း စိတ်က မငြိမ်သက်ပါဘူး။

စိတ်ငြိမ်ဆေး

ပဿဒ္ဓိဆိုတာက အဲဒီ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိခြင်းပါပဲ။ အဲဒါတွေ ကင်းခြင်းပါပဲ။ အများစုဖြစ်တဲ့ လူတွေဟာ အကြောင်းအမျိုးမျိုးကြောင့် အဲဒီလို ဥဒ္ဓစ္စကုက္ကုစ္စကြောင့် စိတ်တွေ မငြိမ်မသက်ဖြစ်တော့ ငြိမ်သက်အောင်လုပ်တဲ့

http://www.dhammadownload.com

နည်းမှန် မသိကြဘဲ ဖြစ်နေတော့ စိတ်ငြိမ်ဆေးတွေ ဦးနှောက်ငြိမ်ဆေးတွေ အိပ်ဆေးတွေကို စားကြပါတယ်။ ဒါတွေလည်း တစ်ပွဲထိုးပါပဲ။ ဘာမှ သိပ် မထူးလှပါဘူး။ ဒီပဿဒ္ဓိဆိုတာက အဲဒီစိတ်ငြိမ်ဆေး ဦးနှောက်ငြိမ်ဆေးထက် အဆပေါင်းများစွာ စွမ်းရည်သတ္တိတွေ ရှိပါတယ်။ ဒီခေတ်တခို့လူငယ် လူရွယ်တွေဟာ တကယ်တော့ နည်းမှန်တဲ့စိတ်ငြိမ်ဆေးတွေ မသိခဲ့တော့ အလေ့အလာမရှိတော့ ထင်ရာတွေ သူတို့ ပြုကျင့်တော့တာပဲ။ နံပါတ်(၄) စသည် ပေါ့လေ။ အဲဒါတွေ ချလိုက်လို့ရှိရင် Feeling ကောင်းတယ်ဆိုပြီးတော့ အဲဒါတွေကို လက်မလွှတ်ချင်ကြဘူး။

ပြီးတော့ နည်းမမှန်တဲ့ အတုတွေ သူတို့ယူကြလို့ ဘဝတုံးတဲ့ထိ ဖြစ်ကြတယ်။ သာဓကတွေ အများကြီးပါပဲ။ ဒီနည်းကို သိထားပြီး သိထားတဲ့အတိုင်း အသုံးချလို့ရှိရင် ပဿဒ္ဓိဟာ စိတ်အထူးငြိမ်းစေတယ်။ ငြိမ်းချမ်းမှု ရနိုင်တယ် ဆိုတာ ကောင်းကောင်းသိထားဖို့ နိဗ္ဗာန်ကို မရသေးသည့်တိုင်အောင်မှ သန့်ရှင်းတဲ့ ငြိမ်းချမ်းမှုလေးတွေ ထိုက်သလောက် ရနိုင်ဖွယ်ရာ ရှိပါတယ်။

ပဿဒ္ဓိရဲ့ လက္ခဏာနဲ့ ရသ

ဒီပဿဒ္ဓိ သမ္မောဇ္ဈင်ရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့ကို ကျမ်းဂန်တွေက ဒီလိုပြထားပါတယ်။ "ကာယစိတ္တ ဒရထ ဝူပသမလက္ခဏာ ပဿဒ္ဓိတဲ့၊ ပဿဒ္ဓိ- ပဿဒ္ဓိသည်။ ကာယစိတ္တဒရထ ဝူပသမလက္ခဏာ- ကိုယ်စိတ် ကြောင့်ကြ ပူပင် ပျံ့လွင့်မှုတို့ ငြိမ်းခြင်းလက္ခဏာရှိ၏တဲ့။ ငြိမ်းတယ် အေးတယ် ဒီလိုပြထားတယ်။ ပြီးတော့ ကာယစိတ္တ ဒရထ နိမ္မဒနရသာ တဲ့။ စိတ္တဒရထ နိမ္မဒနရသာဆိုတာ ဥဒ္ဓစ္စတွေ ဝင်လို့ စိတ်တွေ မငြိမ်မသက်ဖြစ်ပြီးတော့ ပူတာ၊ မှားယွင်းမိလို့ နောင်တရပြီး ပူတာ၊ အခြားအခြား လောဘ၊ ဒေါသ အစတဲ့ အပူတွေ စိတ္တဒရထလို့ ခေါ်ပါတယ်။ အဲဒီစိတ်ရဲ့ပူလောင်မှုကို ပဿဒ္ဓိက နှိမ်နင်းတယ်တဲ့။ နှိမ်နင်းပေးတယ်။ ဒါဟာ ပဿဒ္ဓိရဲ့ကိစ္စပါပဲ။ ဘိန်းနှိမ်နှင်း ရေးတို့ ဘာတို့ ညာတို့ ဆိုတာပေါ့လေ။ ဘိန်းကို အထူးပပျောက်အောင် လုပ်မယ့်အစား လူတွေ ဒီအေးချမ်းတဲ့တရားလေးတွေ ရအောင် လုပ်ထားလို့ ရှိရင် ဘိန်းအထူးနှိမ်နှင်းဖို့တောင် မလိုတော့ပါဘူး။

http://www.dhammadownload.com

ပဿဒ္ဓိရဲ့ ပစ္စုပဋ္ဌာန်

ကာယစိတ္တာနံ အပရိပ္ဖန္ဒ သီတိဘာဝ ပစ္စုပဋ္ဌာနာ- ကိုယ်စိတ်တို့ မလှုပ်ခြင်း၊ လှုပ်မှုကင်းတဲ့ တရားပဲလို့ ယောဂီတို့ ဉာဏ်ထဲ ထင်လာတတ်ပါတယ်။ ဒီပဿဒ္ဓိဟာ စိတ်အစဉ်မှာ ဝင်လာလို့ရှိရင် ပထမဆုံး စိတ်မလှုပ်ရှားတော့ဘူး။ စိတ်မငြိမ်လို့ရှိရင် ရုပ်လည်း မငြိမ်ဘူး။ စိတ်ငြိမ်လို့ ရှိရင် ရုပ်ပါ တစ်ခါတည်း ငြိမ်ကျသွားတာပဲ။ ကိုယ်အမူအရာလည်း ငြိမ်ငြိမ်သက်သက်၊ နှုတ်အမူအရာလည်း ငြိမ်ငြိမ်သက်သက်၊ ဣန္ဒြေကိုရလို့ အဲဒီလို ဖြစ်လာတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခုနက လှုပ်ရှားစေတတ်တဲ့ ဥဒ္ဓစ္စကုက္ကုစ္စတို့ တခြားတခြား စိတ်ကို လှုပ်ရှားစေတတ်တဲ့ ကိလေသာတွေ ကင်းကင်းကင်းကင်းသွားပြီး ကိုယ်ရော စိတ်ပါ ထူးထူးခြားခြားကြီးမလှုပ်မရှားဘဲနဲ့ ငြိမ်သက်လာတော့ တော်တော် ငြိမ်သက်တဲ့တရားပဲ သိပ်ကောင်းတဲ့တရားပဲလို့ ယောဂီတို့ဉာဏ် ထဲမှာ ဒီလိုထင်လာတယ်။ ဒီပဿဒ္ဓိဆိုတာလည်း အမှန်တော့ နှစ်သိမ့်အားရမှု ပီတိတွေ ဖြစ်လာလို့ရှိရင် အလိုလိုပဲ ကိုယ်ရောစိတ်ပါ အေးချမ်းမှုလေးတွေ ဖြစ်လာတော့တာပါပဲ။ အထူးအားဖြင့် ပီတိငါးမျိုးထဲက ဖရဏာပီတိ ခေါ်တဲ့ တစ်ကိုယ်လုံးစိမ့်ပြီးတော့ ပျံ့ပြီးတော့ ဖရဏာပီတိတွေ ဖြစ်လာလို့ရှိရင် မလှုပ်ချင်တော့ဘူး။ တစ်ထိုင်တည်းမှာ မဖျက်ချင်လောက်အောင် အဲဒီလို ဖြစ်သွားတာ။ အဲဒီအခါကျရင် ကိုယ်ရော စိတ်ရော အထူးငြိမ်းအေးတဲ့ သဘောလေးတွေ အင်မတန် ထင်ရှားလာတယ်။ ဒီငြိမ်းအေးတဲ့ သဘောလေးကို ယောဂီက သိပ်သဘောကျနေတာပဲ။

မျက်စိမမှိတ်ဘဲ

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီး ခုနစ်ရက် ခုနစ်လီသီတင်းသုံးခဲ့တဲ့နေရာတွေ ရှိတယ်။ အဲဒီထဲမှာ အနိမ္မိသ သတ္တာဟ ဆိုတာရှိတယ်။ အနိမ္မိသ သတ္တာဟဆိုတာ အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီး ရရှိရာဖြစ်တဲ့ပလ္လင်နေရာကို မမှိတ်သောမျက်စိဖြင့် ခုနစ်ရက်လုံးလုံး ကြည့်နေတယ်ဆိုတာပေါ့လေ။ အဲဒီအချက်ကလေးမှာ ပြထားတာရှိပါတယ်။ သက်သက်မဲ့ မျက်စိမမှိတ်ဘဲနဲ့ အတင်းဇွတ်ဖွင့်ပြီးတော့ ကြည့်နေတာမျိုး

http://www.dhammadownload.com

မဟုတ်ပါဘူး။ မြတ်စွာဘုရားမှာ လေးမင် လေးဖိုလ် တစ်ခါတည်း တရားထူးရသွားတော့ ဓမ္မပီတိတွေကြောင့် ပဿဒ္ဓိဖြစ်တယ်။ သိပ်အားရတယ်။ ဓမ္မပီတိတွေ ဖြစ်သွားတော့ အေးချမ်းမှုအလိုလိုရသွားတာ။ အလိုလိုရသွားတော့ ဓမ္မပီတိတွေ တစ်ကိုယ်လုံး စိတ်ဖြာပြီးတော့ မျက်ခွံတော်ဟာ ပိတ်လို့မရတော့ဘူး။ တစ်ခါတည်း ဒီမှာ ပွင့်သွားတာ။ သိပ်ထူးခြားတယ်။ ယခုကာလ တချို့ယောဂီတွေ ပီတိပဿဒ္ဓိပိုင်းရောက်သွားရင် မျက်ခွံဟာ ပွင့်ပွင့်သွားတယ်။ ဖြတ်ခနဲ ဖြတ်ခနဲ ပွင့်ပွင့်သွားတယ်။ ပြန်မှိတ်လိုက် ဖြတ်ခနဲ ပွင့်လိုက် ပြန်မှိတ်လိုက် ဖြတ်ခနဲပွင့်လိုက် တချို့ယောဂီများဆိုရင် ဒီလို ခဏခဏ ပိတ်ချည်ဖွင့်ချည်လုပ်နေရတော့ မထူးပါဘူးဆိုပြီးတော့ ဒီတိုင်း ဖွင့်လျက်သား မှတ်နေရတာ ရှိတယ်။ အဲဒါ တရားပီတိ ပျံ့နှံ့မှုကြောင့် မျက်ခွံဟာ ပိတ်လို့မရဘဲနဲ့ ဒီအတိုင်းပဲ ဖွင့်လျက်ရှိတယ်။ တရားတော်ဟာ ဘယ်လောက်ထူးဆန်းသလဲဆိုတာကြည့်ပေါ့။ ပဿဒ္ဓိရဲ့ စွမ်းရည်သတ္တိတွေ ပြောနေလို့ရှိရင် ကုန်နိုင်ဖွယ်ရာ မရှိပါဘူး။

ပဿဒ္ဓိဖြစ်ကြောင်းတစ်ပါး

ပြီးတော့ ဒီမှာပဲ ဖြတ်ထားပြီး ဆက်ပြောပြရစေတော့။ အဲဒီ ပဿဒ္ဓိဖြစ်ခြင်းရဲ့ အကြောင်းကတော့ မြတ်စွာဘုရားရဲ့အလိုတော်ကျ ဆိုတော့ လွယ်လွယ်လေးပါပဲ။ အဲဒီကိုယ်ရောစိတ်ပါ အေးချမ်းဖို့ရန် အတွက် ကုသိုလ်စိတ်တွေ အထူးအားဖြင့် ယခု ဘာဝနာစိတ်တွေ ဆက်ခါဆက်ခါဖြစ်အောင် နှလုံးသွင်းနေခြင်းပဲ။ နှလုံးသွင်းလို့ နည်းနည်းလေးကိုယ်စိတ်အေးချမ်းမှုက အဆင့်ဆင့် အဆင့်ဆင့် ဖြစ်သွားတဲ့ ပဿဒ္ဓိလေးတွေဟာ အဲဒီပဿဒ္ဓိ သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းပါပဲ။

အာဟာရနဲ့ ပဿဒ္ဓိ

အဋ္ဌကထာမှာတော့ အဲဒီ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းခုနစ်မျိုး ပြထားပါတယ်။ အဲဒီ ခုနစ်မျိုးထဲက ပထမဆုံး အကြောင်းကတော့ “ပဏီတ ဘောဇန သေဝနတာ” အာဟာရပြည့်ဝ သင့်မြတ်တဲ့ အစားအစာ

http://www.dhammadownload.com

ကို မှီဝဲခြင်း စားသုံးရခြင်းတဲ့၊ အစားအစာ အရေးကြီးပါတယ်။ မသင့်မြတ်တဲ့ အစာ၊ အာဟာရမပြည့်တဲ့အစာ စားပြီးတော့ အားထုတ်ရရင် ကိုယ်အင်အား မတောင့်တင်းတော့ ဘယ်စိတ်ငြိမ်မှု ရနိုင်ပါမလဲ။ ပဿဒ္ဓိ မရနိုင်ဘူး။ ပြီးတော့ သင့်မြတ်တာလည်း ဖြစ်ရမယ်။ အာဟာရပြည့်တင်းတဲ့ အစာလည်း ဖြစ်ရမယ်။ သိပ်အရေးကြီးတယ်။ အဲဒီလိုသင့်မြတ်တဲ့အစာ စားရမှာ ပထမဆုံး မိမိတို့စားခဲ့တဲ့အစားအစာနဲ့ အခြေခံဟာနဲ့ ညှိနှိုင်းဖို့ လိုပါတယ်။ တချို့က သက်သတ်လွတ်စားတဲ့ အလေ့ဟာ မိဘကစပြီး ဆင်းသက်နေတော့ အလိုလို မိဘတွေဆီက သက်လွတ်ဓာတ်ပါလာတာပဲ။ သူဟာနဲ့သူ နေရာကျနေတယ်။ တချို့ အသားငါးနဲ့ ခန္ဓာကိုယ် တည်ဆောက်ထားတဲ့ ပုဂ္ဂိုလ်တွေကတော့ အသားငါးစားမှ သူ့ခန္ဓာကိုယ်မှာ အဆင်ပြေတာလေးတွေ ရှိတယ်။

ထင်ရှားတဲ့ ဥပမာတစ်ခု ပြောလိုက်မယ်ဆိုရင် Gas နဲ့ မောင်းတဲ့ ကားထုတ်လိုက်ရာမှာ Gasပဲ ထည့်ရမှာပဲ။ ဒီဇယ် သွားထည့်လို့ မရဘူး။ ဒီဇယ်နဲ့ မောင်းတဲ့ကားကို Gas သွားထည့်ပြီး မောင်းလို့မရဘူး။ သူဟာနဲ့ သူပဲ စက်ရုံက ထုတ်လုပ်လိုက်တဲ့အလိုက် သူ့ဆီနဲ့ သူ ထည့်ပြီး မောင်းမှ ကားတွေဟာ စက်နှိုးလို့ရမယ်။ မောင်းနိုင်မယ်။ အဲဒီ အခြေခံတွေ ကြည့်ရပါတယ်။ ကောင်းဖို့ပြောတာ မဟုတ်ပါဘူး။ သင့်မြတ်တာ အာဟာရ ဖြည့်တင်းတာ ဒါကို ပြောတာပါ။

လိုအပ်ချက်နဲ့ သင့်တော်ချက်

ဒီနေရာဌာနမှာ ဘုရားလက်ထက်တော်ကာလက အနာထပိဏ်၊ ဝိသာခါတို့ရဲ့ သာသနာမှာ ချီးမြှောက်ပုံကို နည်းခိုးသင့်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကြီး ၂ဦးဟာ ဒီလိုကုသိုလ်ကောင်းမှုပြုရေးမှာဆိုရင် သူတို့မပါတဲ့ပွဲ မရှိသလောက်ပဲ။ ဘာဖြစ်လို့ သူတို့ဟာ ကုသိုလ်ကောင်းမှုကိစ္စတွေမှာ ပါဝင်ရသတုံး။ သူတို့မပါဘဲ ဘာဖြစ်လို့ ကုသိုလ်ကောင်းမှု ပွဲဟာ မစည်ကားရသတုံးဆိုတော့ သူတို့ဟာ ဘိက္ခုယောဂီတွေရဲ့လိုအပ်ချက်ရုစိကို သိပ်နားလည်တယ်။ သူတို့နဲ့ သင့်တော်ချက်ကိုလည်းပဲ နားလည်တယ်တဲ့။ လိုတာကိုလည်းပဲ နားလည်ပြီး ဖြည့်တယ်။ သင့်တာကိုလည်းပဲ နားလည်ပြီး ဖြည့်တယ်။ လိုလည်းလိုရမယ်။ သင့်

http://www.dhammadownload.com

လည်း သင့်ရမယ်။ အဲဒီ ၂ ချက်ကိုင်ထားတယ်။ အဲဒီ ၂ ချက်ကိုင်ပြီး ဆောင်ရွက်တော့ ဘိက္ခုဆိုင်ရာ၊ ယောဂီဆိုင်ရာ စိတ်တိုင်းကျဖြစ်တာချည်းပဲတဲ့။ အဲဒီ ၂ ချက် နားလည်ဖို့ သိပ်အရေးကြီးတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ပြောစရာကတော့ တော်တော်များများ ရှိပါတယ်။ ဒါပေမဲ့လို့ အပြီး မပြောနိုင်တော့ပါဘူး။ သိသာရုံမျှသာ ပြောပါရစေတော့။

ကိုယ်တွေ့ပဲ စဉ်းစားကြည့်ကြပေါ့။ တစ်ခါတစ်ခါမှာ ကိုယ်နဲ့ သင့်မြတ်တဲ့ အစားလေး၊ အားရှိတဲ့အစားလေး ကိုယ်လိုတဲ့အစားလေးများကို စားလိုက်လို့ရှိရင် ငြိမ်သက်မှု ဘယ်လိုနေသတုံး၊ တရားအားထုတ်ရတာလည်း ဘယ်လိုနေသတုံး၊ စဉ်းစားကြည့်ဖို့ပါပဲ။ သင့်မြတ်တဲ့အစာလည်း မရဘူး။ ကိုယ်လိုတဲ့အစာလည်း မရဘူးဆိုရင် အားထုတ်လို့ ဖြောင့်ကို မဖြောင့်ဘူး။ အစာဆီပဲ ရောက်ရောက်နေတာပဲ။

ဥတုနဲ့ပဿဒ္ဓိ

ဒုတိယအကြောင်းကတော့ ဥတုသုခသေဝနတာ တဲ့။ မိမိနဲ့ သင့်လျော်တဲ့ချမ်းသာကို ဖြစ်စေနိုင်တဲ့ အပူအအေးဥတုကို မှီဝဲတာတဲ့။ ဒါတော့ ဉာဏ်ယှဉ်ပြီး လုပ်လို့ ရပါတယ်။ တချို့ အအေးနဲ့ မတည့်တဲ့ ပုဂ္ဂိုလ်မှာ ချမ်းအေးနေလို့ ရှိရင် စိတ်မငြိမ်ဘူး။ အေးချမ်းမှု မရဘူး။ အပူအအေး မကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ အပူအအေးနဲ့ တွေ့နေလို့ ရှိရင် စိတ်က မအေးချမ်းဘူး။ ဒီတော့ အပူအအေး မျှတတဲ့ ဌာန၊ အပူအအေး မျှတမှုကို ကြည့်ပြီး စီမံရပါတယ်။

ကျရိယာပုထဲနဲ့ပဿဒ္ဓိ

တတိယအကြောင်းကတော့ ကျရိယာပထ သုခသေဝနတာ တဲ့။ မိမိနဲ့သင့်မြတ်တဲ့ သွားရပ်ထိုင်လျောင်း ကျရိယာပုထ်၊ ချမ်းသာစေနိုင်တဲ့ ကျရိယာပုထ်ကို ထားပြီး အားထုတ်ရမယ်တဲ့။ ချမ်းသာစေနိုင်တဲ့ ကျရိယာပုထ်ကတော့ တကယ်အားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင် ထိုင်အားထုတ်တာနဲ့ စင်္ကြံလျှောက်အားထုတ်တာကို မြတ်စွာဘုရား ပထမဆုံး ပြထားပါတယ်။ ဒါ အကောင်းဆုံးပါပဲ။ အိပ်ရာပေါ် လဲပြီး အားထုတ်တာတွေ၊ ကုလားထိုင်ပေါ်မှာ သက်သောင့်

http://www.dhammadownload.com

သက်သာမှီပြီး အားထုတ်တာတွေဟာ ကိုယ်ကထိန်းထားရတာ ကြောင့်ကြ စိုက်ရတာ မရှိတော့ အများကြီးသက်သာနေတာပဲ။ အများကြီးသက်သာနေ တော့ လဲအားထုတ်လို့ရှိရင် မကြာခင်ပဲ ငြိမ်ရုံတင်မကဘူး။ ငြိမ်းသွားတယ်။ အိပ်ကိုပျော်သွားတယ်။ ကုလားထိုင်ပေါ်မှာ အားထုတ်ရတယ် ဆိုတာလည်း မှီထားတော့ သိပ်သက်သာနေတာပဲ။ သက်သာနေတော့ မကြာခင်ပဲ အဲဒီ အပေါ်မှာ ငြိမ်သွားတာ ငိုက်သွားတာ အိပ်ပျော်သွားတာပဲ။ တစ်ခါတစ်ခါမှာ ခေါခေါနဲ့ ဟောက်နေတဲ့အသံတွေတောင်မှ ဖြစ်တယ်။ အဲဒါတွေက ကိုယ် အတွက်လည်း သိပ်ကျေးဇူးမရှိလှဘူး။ သူများအတွက်လည်း အနှောင့်အယှက် ဖြစ်ပါတယ်။ ဒါပေမဲ့ မကျန်းမာလို့ ရှိရင်တော့ ပြုလုပ်ရတာမျိုး ရှိပါတယ်။

မယုတ်၊ မလွန် ဝီရိယ

နောက်တစ်ခုကတော့ မဇ္ဈတ္တပယောဂတာ တဲ့။ အလယ်အလတ် သဘောထားပြီး အားထုတ်ရမယ်တဲ့။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ မယုတ် မလွန် ပြင်းပြင်းထန်ထန်ကြီးလည်း မရှိစေရဘူး။ လျော့လည်း မလျော့ရဘူး။ တောင်တက်ပုဂ္ဂိုလ်တွေ မြန်မြန်ရောက်ချင်တာနဲ့ အမြန်ကြီး တက်တော့ သွား ရတာထက် နားရတာ များတယ်။ အေးစက်စက်ကြီး ခရုသွားသလို သွားနေ တော့လည်း နေရာမကျဘူး။ အဲဒီ ၂ ခုကြားခြားပြီး ညီညီမျှမျှလေး လုံ့လဝီရိယ စိုက်ရမယ်လို့ ဆိုလိုပါတယ်။

မိုရာပုဂ္ဂိုလ်နဲ့ ပဿဒ္ဓိ

နောက်တစ်ခုတော့ သာရဒ္ဓကာယ ပုဂ္ဂလပရိဝဇ္ဇနတာ တဲ့။ သူများအား ကြိမ်းတတ်၊ မောင်းတတ်၊ နှိပ်စက်တတ်တဲ့ ပုဂ္ဂိုလ်ကို သာရဒ္ဓ ကာယလို့ခေါ်ပါ တယ်။ ဗမာလိုကတော့ ကြမ်းကြုတ်ရက်စက်သူပေါ့လေ။ ကြမ်းကြုတ်ရက် စက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ နီးလို့ရှိရင် စိတ်အေးချမ်းမှု ကိုယ်အေးချမ်းမှု မရဘူး။ သူ့ရဲ့ ဆူပူကြိမ်းမောင်းတဲ့အသံတွေပဲ ကြားနေရမယ်။ အဲဒါမျိုးတွေနဲ့ ကင်း ကင်းနေပါတဲ့။ နောက်တစ်ခုကတော့ ပဿဒ္ဓိကာယပုဂ္ဂလသေဝနတာတဲ့။ ပဿဒ္ဓိ ကာယပုဂ္ဂလသေဝနတာဆိုတာ ကိုယ်ရောစိတ်ပါ အေးချမ်းမှု ရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲပါတဲ့။

http://www.dhammadownload.com

ဦးတည်ထားပါ

နောက်ဆုံး တဒဓိမုတ္တတာ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်ရေးမှာ အမြဲတမ်း စိတ်တိမ်းညွတ်ပြီး စွဲစွဲမြဲမြဲ ဦးတည်ထားရပါတယ်။ အလေးပြုရပါတယ်။ မိမိမှာ ကိုယ်ရောစိတ်ပါ အေးချမ်းမှုသာ အရေးကြီးပါတယ်။ ဒါကို ဦးတည်ပြီး အလုပ်လုပ်မယ်ဆိုတာပေါ့လေ။ ဒီမှာ စွဲစွဲမြဲမြဲ အလေးထားပေးပြီး အလုပ်လုပ်ရပါတယ်။ အဲဒီလိုဆိုရင် ကိုယ်ရော စိတ်ပါ အေးချမ်းမှုတွေ ရလာတတ်ပါတယ်။ အဲဒါ နောက်ဆုံးအကြောင်းပါပဲ။ ဒီလောက်ပဲ တော်ကြဦးစို့။

ပဗန္ဓသမာဓိ

ရှုမှတ်မှု ကောင်းတဲ့အခါ အထူးကြောင့်ကြမှု မပြုရဘဲနဲ့ ကိုယ်ထဲ စိတ်ထဲမှာ ပူပန်မှုတွေ ငြိမ်းပြီး အေးငြိမ်းချမ်းသာတဲ့သဘောဟာ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ပဲလို့ ပြောခဲ့ပါပြီ။ အခု အစဉ်ကျရောက်တဲ့အတိုင်း ကျန်တဲ့ ဗောဇ္ဈင်တရားတွေ ပြောပါမယ်။

သမာဓိ သမ္ဗောဇ္ဈင်အကြောင်း ပြောပါမယ်။ သမာဓိ သမ္ဗောဇ္ဈင်ဆိုတာ ရှုမိရာ ရှုမိရာ အာရုံမှာသာ စူးဝင်ပြီး စူးဝင်ပြီး သွားသလို၊ တစ်နည်းအားဖြင့် လည်း ကပ်၍ကပ်၍ ကျကျသွားသလို၊ တစ်ခဏ တစ်ခဏမျှ စူးစူး စိုက်စိုက် တည်တံ့တဲ့သဘောဟာ သမာဓိ သမ္ဗောဇ္ဈင်ပါပဲ။ အဲဒီ သမာဓိကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်အနေနဲ့ ပြောမှ ပိုပြီး ပေါ်လွင်ဖွယ်ရာ ရှိတယ်။ အဝိက္ခေပလက္ခဏော သမာဓိတဲ့။ သမာဓိ= သမာဓိသည်။ အဝိက္ခေပလက္ခဏော = မပျံ့လွင့်ခြင်း လက္ခဏာ ရှိ၏တဲ့။ မပျံ့လွင့်ဘူးဆိုတော့ ဝပ်နေတယ်။ ငြိမ်နေတယ်။ ကပ်နေတယ်။ စူးဝင်နေတယ်ဆိုတဲ့အဓိပ္ပာယ်ပေါ့။ အဲဒီ သမာဓိဟာ ပဗန္ဓသမာဓိနဲ့ ခဏိကသမာဓိ၊ ဒီလို ကျမ်းစာအားဖြင့် မှတ်ဖို့ပါပဲ။ အဲဒီ ၂ မျိုးထဲမှာ ပဗန္ဓသမာဓိဆိုတာ တခြားတစ်ပါး ဘယ်မှမသွားရအောင်ဆိုပြီး အာရုံတစ်ခုထဲမှာ စိုက်ထားတာ တခြားအာရုံတွေ ပေါ်တော့လည်း မှတ်ဖို့ မလိုဘူး။ ဒါကတော့ သမာဓိစျာန် လောကီစျာန် အားထုတ်တဲ့ပုဂ္ဂိုလ် များတစ်ခုတည်းမှာ စိုက်ထားတဲ့သဘောပေါ့။ တစ်ဆက်တည်း သွားနေတာ။ အာရုံကလည်း တစ်မျိုးတည်း၊ တည်ငြိမ်မှုကလည်း တစ်မျိုးတည်း ဒီလို တစ်ဆက်တည်း တစ်စဉ်တည်း သွားနေတာကို ပဗန္ဓသမာဓိ ခေါ်တယ်။

http://www.dhammadownload.com

ဉာဏ်ဖြစ်ဖို့

အခု သတိပဋ္ဌာန်အားထုတ်တဲ့ ပုဂ္ဂိုလ်များတော့ ဉာဏ်ဖြစ်အောင် အားထုတ်ကြတာ၊ ရုပ်နာမ်တရားတွေ၊ ရုပ်နာမ်ကြောင်းကျိုးဆက်ပုံတွေ၊ ကြောင်းကျိုးဆက်တရားတွေပေါ်မှာ မမြဲ၊ ဆင်းရဲသဘောတွေကို သိတဲ့ဉာဏ်တွေ အဆင့်ဆင့်ဖြစ်ပုံတွေ နောက်ဆုံးရုပ်နာမ် ၂ ပါး ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို မြင်နိုင်လောက်တဲ့ ဉာဏ်ထူးတွေ ဖြစ်တဲ့အထိပေါ့လေ။ ဉာဏ်ဖြစ်ရေး၊ ဉာဏ်မြင့်ရေး၊ ဉာဏ်တိုးရေး၊ ဉာဏ်ပြည့်စုံရေးကို ဦးတည်ပြီး အားထုတ်ကြတာ ဉာဏ်ဖြစ်ရေး ဦးတည်အားထုတ်တယ်ဆိုရင် တကယ်အရှိရုပ်နာမ်တရားတွေကို လိုက်ပြီး ရှုမှတ်ရတယ်။ ဒီသမာဓိနဲ့စပ်ပြီး အကွဲအပြားတွေ ပြောဖို့ ရှိပါတယ်။ ဒါပေမဲ့ အချိန်မလုံလောက်တာနဲ့မို့လို့ ပြောလို့ မဖြစ်တော့ပါဘူး။ လိုရင်းလောက်ကိုသာ ခွဲပြီးပြောပါမယ်။

ခဏိက သမာဓိ

အဲဒီ ခဏိကသမာဓိဟာလည်း ပေါ်ရာပေါ်ရာ ရုပ်နာမ်အာရုံမှာ တစ်ဆက်တည်းလို့ ထင်ရလောက်အောင် ဆက်စပ်ဖြစ်နေလို့ရှိရင် ကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏတရားတွေ ကင်းပြီး ပဗန္ဓသမာဓိလို စိတ်ကို ငြိမ်းအောင် ထိန်းထားနိုင်တယ်လို့ ကျမ်းဂန်များမှာလဲ အတိအလင်းပြထားပါတယ်။ လက်တွေ့အနေနဲ့ ပြောရမယ်ဆိုရင်ထိုင်ပြီး ရှုမှတ်တဲ့အခါ ဝမ်းဗိုက်စိတ်စိုက်ပြီး ဝမ်းဗိုက်ရဲ့ ဖောင်းမှု ပိန်မှုခေါ်တဲ့ လှုပ်ရှားမှု သဘောမှာ စူးခနဲ စူးခနဲ စိုက်ခနဲ စိုက်ခနဲ ကပ်ခနဲ ကပ်ခနဲ ကျသွားအောင် အမြဲတစေ ပုံမှန်ကြောင့်ကြစိုက်ပေးနေတယ်။ စွဲမြဲစွာ ရှုနေတယ်။ အဲဒီလို စွဲစွဲမြဲမြဲ ရှုမိရာမှာ တစ်ခဏ တစ်ခဏလေး စူးခနဲ စိုက်ခနဲ ကပ်ခနဲ ကျသွားတာဟာ ခဏိကသမာဓိပဲ။ အဲဒီသမာဓိသက်သက်တင် စိုက်ကျတာ မဟုတ်ပါဘူး။ အဲဒီအခါမှာ သူနဲ့ ယှဉ်ဘက် နာမ်တရားတွေလည်း ပါပါတယ်။ အဲဒီနာမ်တရားတွေကိုလည်း စုစည်းပေးတယ်။ အဲဒါဟာ သမာဓိရဲ့ ကိစ္စပါပဲ။

http://www.dhammadownload.com

ထိန်းတတ်တဲ့မိဘ

အထိန်းအသိမ်းကောင်းတဲ့မိဘများဟာ မိမိတို့ရဲ့ သားသမီးတွေ အပြင်က ကလေးဆိုးတွေနဲ့ မရောရအောင် မပေါင်းမိရအောင် သူတို့သားသမီးတွေ ကလေးဆိုးတွေ မဖြစ်ရအောင် ကလေးတွေ စနစ်တကျ ထိန်းသိမ်းပေးတယ်။ စနစ်တကျ မထိန်းသိမ်းပေးရင် အပြင်ထွက်ပြီး လူဆိုးတွေနဲ့ ပေါင်းပြီး ကလေးဆိုးတွေ ဖြစ်နိုင်တယ်။ စနစ်တကျထိန်းတော့ ကလေးတွေ အပြင်မထွက်ဘူး။ အိမ်မှာ အဆင့်သင့်သလို နေကြတယ်။ ဒါလိုပဲ သမာဓိက မိမိနဲ့ ယှဉ်ဘက်နာမ်တရားတွေ မလေမပွေရအောင် တခြားတစ်ပါး မသွားရအောင် အာရုံတစ်ခုတည်းမှာ ဆွဲဆွဲပြီး စုပေးတာ။ စုပေးတော့ စိတ်ကလေးဟာ အပြင်မသွားတော့ဘူး။ ဒီမှာပဲ စုစုကျနေတာပဲ။ ဒါကြောင့် စိတ်ကို စုစည်းပေးတဲ့တရားလို့ ကျမ်းဂန်များမှာ ပြတယ်။ သားသမီး အထိန်းမတတ်လို့ရှိရင် သားသမီးတွေဟာ မငြိမ်ဘူး။ ဒီလိုပဲ အပြင်သွားပြီး ကလေးဆိုးတွေနဲ့ ပေါင်းပြီး သားဆိုး သမီးဆိုး ဖြစ်နိုင်သလို ထို့အတူ စိတ်ကိုလည်းပဲ စနစ်တကျ မထိန်းလို့ရှိရင် အဲဒီအထိန်းမရှိတဲ့စိတ်ဟာ လောဘ၊ ဒေါသ အဆိုးတွေနဲ့ ပေါင်းပြီး ဆိုးဝါးတဲ့စိတ်ဓာတ်တွေ ဖြစ်သွားတာပဲ။ ဆိုးဝါးတဲ့ စိတ်ဓာတ်တွေ ဖြစ်လို့ရှိရင် ကိုယ်အမူအရာ နှုတ်အမူအရာတွေဟာလည်းပဲ ရိုင်းစိုင်းလာတော့တာပဲ။ ဒီနည်းနဲ့ပဲ ဒီပုဂ္ဂိုလ်ဟာ ပျက်စီးတဲ့အနေ ရောက်သွားတာပဲ။

ယောက်ယက်မခတ်ဘူး

စနစ်တကျ အထိန်းချုပ်ကောင်းတဲ့ မိဘရဲ့ လက်အောက်မှာ ကြီး ပြင်းလာရတဲ့ကလေးဟာ တစ်နေ့ထက်တစ်နေ့ ငြိမ်လာတယ်။ နောက်အသိဉာဏ်တွေလည်းပဲ ရင့်ကျက်လာတယ်။ ရင့်ကျက်ပုံကတော့ ဒီလို မိဘအထိန်းအချုပ်အောက်မှာ နေရခြင်းကြောင့် မပျက်စီးပုံ၊ ချမ်းသာပုံတွေ၊ မိဘအထိန်းချုပ် လွတ်သွားလို့ရှိရင် ပျက်စီးပုံလေးတွေကို သူ နားလည်လာတယ်။ အထိန်းအသိမ်းလွတ်လို့ရှိရင် ဆိုးဆိုးဝါးဝါး အပြစ်တွေချည်းပဲ။ မိဘရဲ့ ထိန်းချုပ်မှုအောက်မှာ နေလို့ရှိရင် ငြိမ်သက်ပြီး အကျိုးကျေးဇူးတွေ ရှိလာတယ်ဆိုတဲ့ အသိဉာဏ်တွေ တစ်နေ့ထက်တစ်နေ့ ဝင်လာတယ်။ အသိဉာဏ်တွေ ဝင်လာ

http://www.dhammadownload.com

တော့ သူ့ကိုသူ ထိန်းနိုင်စွမ်းရှိရင် အဆိုးတွေကြားထဲမှာ သွားလို့ရှိရင်လည်း ဘာမှ မဖြစ်တော့ဘူး။ အလိမ္မာမပျက်တော့ဘူး။ ဒါလိုပဲ စိတ်ကလေးဟာ သမာဓိ အထိန်းအချုပ်အောက်ရောက်လာပြီဆိုရင် တစ်နေ့ထက်တစ်နေ့ ငြိမ်လာတယ်။ တစ်ကြိမ်ထက်တစ်ကြိမ်ထူးလာတယ်။ နောက် အသိဉာဏ်လေးတွေ ပေါ်ထွက်လာတော့မှာ၊ အဲဒီလိုသမာဓိရဲ့ အထိန်းအချုပ် အောက်မှာ ရောက်နေတဲ့စိတ်ဟာ ငြိမ်ပြီးနေတော့တာပဲ။ သမာဓိက ထိန်းချုပ်ထားတာကိုး။ အဲဒါကိုပဲ ဥပသမ ပစ္စုပဋ္ဌာနောလို့ ဆိုထားပါတယ်။ ငြိမ်သက်တယ်လို့ ယောဂီရဲ့ ဉာဏ်ထဲမှာ ထင်လာတယ်။ စိတ်တွေ သိပ်ငြိမ်တယ်။ ယောက်ယက်မခတ်ဘူး။ သမာဓိက ထိန်းချုပ်ပေးလို့ စိတ်တွေငြိမ်တာပေါ့။ အဲဒါ သမာဓိရဲ့ အခြင်းအရာပါပဲ။

ထိန်းနိုင်သွားပြီ

အဲဒီလို စိတ်တွေ စုစည်းပြီး ငြိမ်ပြီးတည်လာတဲ့အခါ ရုပ်တွေ နာမ်တွေကို ကွဲသိလာတယ်။ အမှန်သိလာတယ်။ ဉာဏ်ဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းက သမာဓိပဲတဲ့။ စိတ်စုစည်းမှုပဲတဲ့။ စိတ်တည်ငြိမ်မှုပဲတဲ့။ နောက်ကြောင်းကျိုးဆက်ပုံတွေကို သိလာတယ်။ အသိအလိမ္မာဓာတ်တွေ ဖြစ်လာတာ။ အလိမ္မာဓာတ်တွေ ဖြစ်လာပြီဆိုရင် သူ့ကို ညာလို့မရတော့ဘူး။ နောက် ကြောင်းကျိုးဆက်သဘောတွေပေါ်မှာ မမြဲ၊ ဆင်းရဲသူသဘောပဲဆိုတာကို သိလာတယ်။ ဒီနည်းနဲ့ပဲ ဉာဏ်တွေအဆင့်ဆင့် အဆင့်ဆင့်တက်ပြီး ရင့်ကျက်သွားတယ်။ နောက်ဆုံးပြည့်စုံသွားနိုင်တယ်။ ဉာဏ်ပြည့်စုံသွားလို့ရှိရင် စိတ်ကို တော်တော်လေး ထိန်းနိုင်သွားပြီ။ ပြီးတော့ အကျိုးရှိ၊ မရှိဆိုတာကိုလည်း နားလည်သွားပြီ။ သင့် မသင့်ဆိုတာကို နားလည်သွားပြီ။ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လောက်ပဲ အဆိုးကြားထဲမှာ နေရပေမယ့်လို့ အကျိုးရှိ မရှိ၊ သင့် မသင့် ချိန်နိုင်တဲ့ ဉာဏ်ရသွားတာဖြစ်တော့ ဘယ်နည်းနဲ့မှ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်တော့ဘူး။

သား၊ သမီးကောင်းရဲ့ မိဘ

သားကောင်း၊ သမီးကောင်းရဲ့ဖခင် ဖြစ်လိုတဲ့ ပုဂ္ဂိုလ်များဟာ ရှေးဦးစွာ မိမိတို့ရဲ့စိတ်ကို မလေမလွင့်ရအောင် ထိန်းသိမ်းပြီး အစစ်အမှန်တွေကို သိတဲ့

http://www.dhammadownload.com

ဉာဏ်အဆင့်ဆင့်ဖြစ်ပြီးတော့ နောက်ဆုံးပြည့်စုံသွားဖို့ လိုပါတယ်။ ကိုယ့်စိတ်ကို ထိန်းနိုင်ပြီ။ အသိဉာဏ်လေးပဲ ဖြစ်ပြီဆိုရင် သားသမီးတွေ ငြိမ်သက်အောင် အသိအလိမ္မာတွေ ဖြစ်အောင် မွေးမြူတတ်နိုင်ပါတယ်။ ဒါဟာ သိပ်အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကို ထိန်းနိုင်မှ သားသမီးလည်း ထိန်းနိုင်မှာပါ။ ကိုယ်က အသိဉာဏ်ရှိမှ သားသမီးကိုလည်း အသိဉာဏ်ပေးနိုင်မှာပါ။ ကိုယ့်စိတ် မထိန်းနိုင်ဘူး။ အသိဉာဏ်လည်း မရှိဘူး။ အကျိုးရှိ မရှိလည်း မသိဘူး။ သင့်မသင့်လည်း မသိဘူးဆိုရင် ကလေးတွေမွေးထားပေးမယ်လို့ ဒီကလေးတွေ စနစ်တကျ မထိန်းတတ်တော့ ကလေးဆိုးတွေပဲ ဖြစ်မှာပဲ။ မိဘများရဲ့ ကျေးလူးမသိတတ်တဲ့ ကလေးဆိုးတွေ ဖြစ်မှာပဲ။ ဒါတော့ သေချာတယ်။ ဒီတော့ ကလေးကောင်း သားသမီးကောင်း ရလိုတဲ့ မိဘဟာ ဒီတရားတွေနဲ့ ပြည့်စုံဖို့ လိုပါတယ်။

ဘုန်းကြီးရဲ့ ကိုယ်တွေ့

လွန်ခဲ့တဲ့သုံးရက်လောက်က ဟောခဲ့တဲ့ အနာထပိဏ်သူဌေးကြီးရဲ့သားလိမ္မာဖြစ်အောင် ဆုံးမနည်းကို ကြည့်ပေါ့။ သူကိုယ်တိုင် စိတ်ကို ထိန်းချုပ်မှုပြည့်စုံထားတယ်။ အသိဉာဏ်လည်း ရှိထားတယ်။ ဒါကြောင့် သားသမီးတွေကို လိမ္မာယဉ်ကျေးသူဖြစ်အောင် ဆုံးမနိုင်တယ်။ အဲဒီ ဥပမာလေးကြည့်ပေါ့။ ဘုန်းကြီးကိုယ်တွေ့.အနည်းအကျဉ်းပြောရလို့ရှိရင် မြန်မာပြည်မှာ တော်တော်များများ တရားလိုက်စားတဲ့မိဘတွေဟာ တရားမလိုက်စားခင်က သားသမီးတွေပေါ်မှာ လောကီ ကြီးပွားရေးလောက်ကိုသာ သူတို့ မြင်တတ်ကြပါတယ်။ နောက်တစ်ချိန်မှာ သူတို့ ကိုယ်တိုင် တရားလိုက်စားတဲ့အခါ တရားရဲ့အကျိုးတွေ သိသွားတော့ ဒီအပေါ်မှာ တန်ဖိုးထားတယ်။ လူကြီးအတွက်သာမဟုတ်။ ကလေးတွေအတွက်လည်း အရေးကြီးတာပဲဆိုပြီး ကလေးတွေကို တရားအားထုတ်စေတယ်။ တော်တော်များများ မိဘတွေက ပြောကြပါတယ်။ ဟိုတုန်းက သားတွေ သမီးတွေရဲ့ လောကီကြီးပွားရေးကိုသာ ကြည့်တာတဲ့။ အခုတော့ တရားအားထုတ်တာက ပိုအရေးကြီးတယ်။ လောကဘက်က ထူးချွန်တာထက် စိတ်နေစိတ်ထားတွေ မြင့်မြတ်ပြီး လူကောင်းလေးတွေ ဖြစ်ဖို့

http://www.dhammadownload.com

အတွက် အဓိကထားတယ်တဲ့။ အဲဒီလို မိဘတွေကို ဘုန်းကြီးက မေးကြည့်တယ်။ တရားအားမထုတ်ခင်က ရတဲ့ကလေးတွေရဲ့စိတ်နေစိတ်ထားနဲ့တရားအားထုတ်ပြီးမှရတဲ့ကလေးတွေရဲ့စိတ်နေစိတ်ထားတွေ ဘယ်လိုထူးခြားသတုံးလို့ မတူဘူး ဘုရားတဲ့။ အစစအရာရာ စိတ်နေစိတ်ထားကအစ မတူဘူးတဲ့။ တရားအားထုတ်ပြီးမှရတဲ့ကလေးတွေက မိဘစကားကိုလည်း သိပ်နားထောင်တာပဲ။ သိပ်လိမ္မာတာပဲတဲ့။ အလိုက်လည်း သိပ်သိတတ်တယ်တဲ့။ အဲဒီလိုပြောကြတယ်။ အဲဒီ ကိုယ်တွေ့လေးတွေကို ဘုန်းကြီးကပြောချင်လို့ အခွိန်ကမရဘူး။ အဲဒါ ဘုန်းကြီးရဲ့ကိုယ်တွေ့ မျက်မှောက်ထူးခြားချက်ကလေးတွေပဲ။

သမာဓိဖြစ်ကြောင်း ၁၁ ခု

အဲဒီသမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းကတော့ ဘုရားအလိုတော်ကျဆိုရင် လွယ်လွယ်ပါပဲ။ စိတ်တည်ငြိမ်အောင် အဆက်မပြတ် နှလုံးသွင်းနေမယ်။ အဆက်မပြတ် နှလုံးသွင်းနေလို့ ရှေးရှေး တည်ငြိမ်မှုလေးတွေဟာ နောက်နောက်တည်ငြိမ်မှုလေးတွေးရဲ့ အကြောင်း ဖြစ်လာတယ်။ အထူးအားဖြင့် သမာဓိသမ္မောဇ္ဈင် တည်ငြိမ်မှုလေးတွေရဲ့ အကြောင်းက ရှေးက တည်ငြိမ်မှုလေးတွေပဲ။ တစ်မျိုးတည်းပါပဲ။ မြတ်စွာဘုရားက အဲဒီလို ဟောထားတယ်။ အဋ္ဌကထာများမှာတော့ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း ၁၁ မျိုးကို ပြထားပါတယ်။

အဲဒီအကြောင်းတွေထဲမှာ ပထမအကြောင်းကတော့ ဝတ္ထုဝိသဒကိရိယတာ-အတွင်းဝတ္ထု အပြင်ဝတ္ထု သန့်ရှင်းအောင် ပြုတာ။ အဲဒါတော့ ချဲ့မပြောတော့ဘူး။ ဓမ္မဝိစယသမ္မောဇ္ဈင်အခန်းတုန်းက ဟောခဲ့ပါပြီ။ အညွှန်းနဲ့ပဲ ပြောသွားပါမယ်။ နောက် ဒုတိယကတော့ ဣန္ဒြိယ သမတ္တာ ပဋိပါဒနတာ - ဝီရိယနဲ့ သမာဓိ သဒ္ဓါနဲ့ပညာ မျှညီအောင် ညှိပေးခြင်းတဲ့။ အဲဒါလည်းပဲ ဓမ္မဝိစယ သမ္မောဇ္ဈင် အခန်းတုန်းက ပြောခဲ့ပါပြီ။ နောက် တတိယကတော့ နိမိတ္တကုသလတာတဲ့၊ သမာဓိသက်သက်အားထုတ်တဲ့ပုဂ္ဂိုလ်များဟာ သမာဓိနိမိတ်ယူရာမှာ ကျွမ်းကျင်ရမယ်ဆိုတာ အခု ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်များနဲ့ သိပ်တော့ မဆိုင်လှပါဘူး။ အဲဒါတော့ ရှင်းပြဖို့ မလိုပါဘူး။

http://www.dhammadownload.com

ပင့်တင်ပါ

နောက်စတုတ္ထမြောက်အကြောင်းကတော့ သမယေစိတ္တသ ပဂ္ဂဏှန တာ တဲ့။ တစ်ခါတစ်ခါ တရားမတက်ဘူးလို့ ထင်တဲ့အခါ ဘာဝနာ စိတ်အား နည်းတဲ့အခါမှာ စိတ်ဓာတ်ကျသလို ဖြစ်နေတတ်တယ်။ အဲဒီလို စိတ်ဓာတ် ကျသလို ဖြစ်နေရင် စိတ်ကို ပင့်တင်ရမယ် တဲ့။ စိတ်ပင့်တင်တဲ့နည်းကတော့ ဝီရိယ၊ ပီတိ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေကိုပွားရမယ်လို့ ဣန္ဒြေထက်ကြောင်း တရားများ ဟောခဲ့တုန်းက ပြောခဲ့ပါပြီ။ စိတ်ဓာတ်ကျနေလို့ရှိရင် ပင့်ပေးရ မယ်ဆိုတဲ့ သဘောပါပဲ။ ဒါတော့ ကမ္မဋ္ဌာန်းဆရာတွေနဲ့ဆိုင်တယ်။ ကမ္မဋ္ဌာန်း ဆရာက သေချာကြည့်ပြီး ယောဂီစိတ်ဓာတ်ကျနေလို့ ရှိရင် ပင့်တင်ဖို့ လိုပါ တယ်။

နှိမ်ပေးပါ

ပြီးတော့ သမယေ စိတ္တသ နိဂ္ဂဏှနတာတဲ့။ တစ်ခါတစ်ခါမှာ တရား အတွေ့လေးက ကောင်းတော့ ယောဂီက သိပ်ရွှင်ပြီးနေတဲ့အခါ စိတ်ကို နှိမ့် ပေးရမယ်။ ကြွတက်လာပြီဆိုရင် ပင့်မြောက်တဲ့ အားပေးသံတွေ မလုပ်ရဘူး။ ဒီအခါမျိုးမှာ အေးအေးဆေးဆေးလေး တည်တည်ငြိမ်ငြိမ်လေး သက်သောင့် သက်သာလေး အားထုတ်ရတယ်။ ဆရာကလည်းပဲ အဲဒီအချက်တွေကို သိရ ပါတယ်။ အဲဒီတော့ စိတ်တွေကြွတက်လာလို့ရှိရင် နှိမ်ပေးပါတဲ့။ အဲဒီလို လုပ် လို့ရှိရင် ဒါ သမာဓိ သမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းပါပဲ။

နောက်တစ်ခုကတော့ သမယေ သမ္မဟံသနတာတဲ့။ စိတ်ကို ရွှင် သင့် စေတဲ့အခါမှာရွှင်အောင်ပဲ လုပ်ပေးခြင်းတဲ့။ ယောဂီတွေကိုယ်တိုင်ကလဲ လုပ် ရပါတယ်။ ကမ္မဋ္ဌာန်းဆရာက လုပ်ပေးရတာလည်း ရှိပါတယ်။ တစ်ခါတစ်ခါ ယောဂီက အကြောင်းတစ်ခုကြောင့် သူ့တရား နေရာမကျဘူးဆိုပြီး စိတ် အား ငယ်သလို ညှိုးသလို ဖြစ်နေရင် ရွှင်အောင် လုပ်ပေးရတယ်။ ရွှင်စေတဲ့ အား ပေးချက်တွေ ရှိရတယ်။ အဲဒီအခါကျရင် စိတ်ဟာ ထူးထူးခြားခြားကြီး ရွှင်ပြီး သွက်လာတာ။ အဲဒီလိုဆိုရင် သမာဓိတွေလည်း ဖြစ်လာတယ်။ အဲဒီလို ရွှင် အောင် လုပ်တဲ့နည်းတော့ အကျယ်ဟောချင်ပါတယ်။ ဒါပေမဲ့ အချိန်က မရ

http://www.dhammadownload.com

တော့ပါဘူး။ စိတ်ကို ရွှင်စေရမယ်ဆိုလို့ တဟားဟားနဲ့ ရယ်အောင်လုပ်ဖို့လဲ မဟုတ်ပါဘူး။ အဓိပ္ပာယ်ကောက်မလွဲဖို့ပါပဲ။

နောက်တစ်ခုက သမယေ အဇ္ဈုပေက္ခနတာ တဲ့။ အမှတ်တွေ ကောင်းလာတဲ့အခါမှာ ကြောင့်ကြအထူးမစိုက်ရတော့ဘဲနဲ့ အာရုံနဲ့ မှတ်စိတ်ခွင်ကျ ဖြစ်ပြီး သက်သောင့်သက်သာလေး အေးအေးဆေးဆေးလေး သွားနေတဲ့ အခါ ကိုယ်က သွားပြီး တရားမြန်မြန်လိုချင်လို့ သိပ်ပြီး အားမစိုက်ပါနဲ့တဲ့။ လျှော့ပြီးလည်း မထားပါနဲ့။ နဂို ရှုနေကျအတိုင်း ရှုပါတဲ့။ ခရီးသွားတဲ့အခါမှာ ကားကို Speed မှန်မှန်နဲ့ မောင်းသွားရတာ။ ရောက်ချင်ဇောနဲ့ အမြန်မောင်းလိုက်လို့ရှိရင် တိုက်စရာခိုက်စရာနဲ့ တွေ့ရင် ဒုက္ခရောက်တတ်တယ်။ ကားကို မှန်မှန်လေး မောင်းသွားပါ တဲ့။ ဒါလည်းပဲ ချဲ့ပြောစရာ ရှိတယ်။

ရှောင်ပါ၊ ပေါင်းပါ

ပြီးတော့ အသမာဟိတ ပုဂ္ဂလပရိဝဇ္ဇနတာ။ စိတ်မတည်ငြိမ်တဲ့ ပုဂ္ဂိုလ်များကို ရှောင်ရှားခြင်းတဲ့။ အနည်းဆုံး အခြေခံ ဥပစာရ သမာဓိ လောက် တောင်မှ မရှိတဲ့ ပုဂ္ဂိုလ်ပေါ့လေ။ အဲဒီပုဂ္ဂိုလ်မျိုးကို ရှောင်ပါတဲ့။ မတည်ငြိမ်တဲ့ ပုဂ္ဂိုလ်နဲ့နီးလို့ရှိရင် မတည်ငြိမ်မှုပဲ ရမှာပေါ့။ အဲဒီစကားကိုထောက်လို့ရှိရင် မတည်ငြိမ်တဲ့မိဘကမွေးတဲ့ကလေးဟာ စိတ်မတည်ငြိမ်ဘဲ ဖြစ်လာမှာပေါ့။ ဒါ သေချာတယ်။ နောက်တစ်ခုက သမာဟိတပုဂ္ဂလသေဝနတာ- တည်ငြိမ်တဲ့ပုဂ္ဂိုလ်ကို မှီဝဲပါ။ ချဉ်းကပ်ပါ တဲ့။ ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိ၊ အခုလို ခဏိကသမာဓိ ရအောင် အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ နီးစပ်ရတယ်။ စိတ်တည်ငြိမ်တဲ့မိဘတွေက မွေးလာတဲ့ကလေးတွေဟာ စိတ်တည်ငြိမ်မှုဓာတ်တွေ ပါလာမယ်။

ဓာတ်ကူးတယ်

ဒီနေရာ ဓာတ်ကူးပုံ နည်းနည်း ပြောပါရစေ။ တရားကောင်းကောင်း အားထုတ်တဲ့ ပုဂ္ဂိုလ်တစ်စုထဲ တရားကောင်းကောင်း အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ တရားနည်းနည်းပါးပါးသာ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ သွားလို့ရှိရင် ယောဂီတွေက ထွက်တဲ့ တည်ငြိမ်တဲ့ဓာတ်တွေဟာ အနီးအပါးရောက်လာတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေကိုဟပ်သွားတော့ သူတို့လည်းပဲ အလိုလို ငြိမ်သွားတယ်။ ဒါ သိပ်ထူးခြားတယ်။ ဓာတ်တွေဆိုတာ အင်မတန်အံ့သြစရာကောင်းတယ်။ တည်ငြိမ်ပြီး အေးအေးဆေးဆေး သွားလာတာဟာ ထူးထူးခြားခြား ပြောင်းလဲသွားတာပဲ။ တရား အားမထုတ်ရသေးဘူး။ တရားနဲ့ နီးစပ်သွားတာမို့လို့ ရိပ်သာကို ဝင်လာရတာ အလိုလို အေးချမ်းသွားတာပဲတဲ့။ ဒါ ယောဂီတွေရဲ့ တည်ငြိမ်တဲ့ သမာဓိဓာတ်ဟာ အဲဒီ ပုဂ္ဂိုလ်တွေကိုသွားပြီးဟပ်တာ ကြည့်ပေါ့။ သိပ် ထူးခြားတယ်။ ဒါကြောင့် တည်ငြိမ်တဲ့ပုဂ္ဂိုလ်ကို မှီဝဲရမယ်ဆိုတာ သူ့ဆီက တည်ငြိမ်တဲ့ ဓာတ်တွေ ရောက်လာအောင်လို့ မှီဝဲရတာ။ ဒါသဘာဝ ကျပါ တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဇာတသတ်မင်းဟာ ဖခင်သတ်ပြီး ညတောင် မှ အိပ်လို့မရ မတည်မငြိမ်ဖြစ်နေတယ်။ ပူပန်မှု ဖြစ်နေတယ်။ ဆရာ ဇီဝကကို အမှီပြုပြီး ဘုရားကျောင်းသွားတော့ မြတ်စွာဘုရားနဲ့ တကွ သံဃာတွေနေပုံ ထိုင်ပုံတွေ တည်ငြိမ်ပုံလေးတွေကို တွေ့ရတဲ့အခါ အလိုလိုပဲ အေးတဲ့ဓာတ်တွေ ရောက်သွားတယ်။ ထူးခြားတဲ့ ခံစားချက်ကလေး သူ ဖြစ်သွားတယ်ဆို တာ ကျမ်းဂန်များမှာ ပြထားပါတယ်။

နောက်ဆုံး ၂ ပါး

ဈာန ဝိမောက္ခ ပစ္စဝေက္ခဏာတာ = နိဝရဏ တရားတွေ ကင်းဝေး ပြီး ဈာန်သမာဓိရဲ့ ထူးခြားပုံလေးတွေကိုလည်းပဲ တစ်ခါတစ်ခါ ဆင်ခြင်ပေးပါတဲ့။ ကိုယ့်အားထုတ်ထားတဲ့ လောကီဈာန်တွေကို ဝိပဿနာသမားများမှာတော့ ဈာန်တွေမရှိလို့ ခဏိကသမာဓိ အားကောင်းပုံတွေကို ဆင်ခြင်ပေးရတယ်။ ဆင်ခြင်ပေးတော့ နည်းလေးတွေလဲ ပြန်သိလာပြီး တည်ငြိမ်မှုတွေလဲ ပြန်ရ တတ်ပါတယ်။

နောက်ဆုံးကတော့ တဒင်္ဂမုတ္တတာ= စိတ်ရဲ့ တည်ငြိမ်မှု ဖြစ်ပွားရေးမှာ စွဲစွဲမြဲမြဲ စိတ်တိမ်းညွတ်ပြီး အလေးထားပေးတဲ့သဘောမျိုးပါပဲ။ သမာဓိတရားတွေ ဖြစ်ပွားစေရေးအတွက် အမြဲတမ်း စိတ်ညွတ်ထားရတယ်။ ရှုရာ ရှုရာ အာရုံမှာ စိတ်ကလေး စိုက်စိုက်စိုက်စိုက်ကျအောင် အမြဲတမ်း စိတ်ညွတ်ထားရတယ်။ အဲဒီလို ညွတ်ထားလို့ရှိရင် ညွတ်ထားတဲ့ဘက်ကိုတိမ်းပြီး တည်ငြိမ်မှု

http://www.dhammadownload.com

ရလာတတ်ပါတယ်။ အဲဒါ နောက်ဆုံးသမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းပါပဲ။

သမာဓိ သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကို အတိုချုပ်ပြီး ဟောပြီးပါပြီ။ ဒီနေ့ ဒါလောက်နဲ့ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု. . . ။

ဥပေက္ခာ အဖွဲ့ကြီး

ဗောဇ္ဈင် ၇ ပါးထဲက နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာ သမ္ဗောဇ္ဈင် အကြောင်းကို အဆုံးသတ်အနေနဲ့ ဟောပါမယ်။ ဟောပြီးတဲ့အခါမှာ စျာန်အကြောင်းလေးတွေကိုလည်း လက်ာစပ်ထားတဲ့အတိုင်း ဆက်စပ် ပြီးတော့ အဆုံးသတ်ဟောသွားပါမယ်။ ဥပေက္ခာဆိုတဲ့ သဘောကတော့ အင်အားချင်းညီမျှစေမှုကို ပြောတာပါပဲ။ တစ်နည်းအားဖြင့်လည်းပဲ ဘက်မလိုက်ဘဲနဲ့ ဗဟိုအလယ်ကောင်မှာ တည့်မတ်နေတဲ့သဘောပါပဲ။ ဒီ ဥပေက္ခာဟာ ရိုးရိုးနေတဲ့အခါမျိုးမှာပဲ ဖြစ်ဖြစ်၊ သမထတရားနဲ့ ဝိပဿနာတရားကို လေ့လာအားထုတ်တဲ့အခါမှာပဲ ဖြစ်ဖြစ် အင်မတန်ကောင်းမွန်မြတ်တဲ့ တရားဖြစ်ပါတယ်။ လောကမှာ အရေးကိစ္စတွေ ပေါ်ပေါက်လာရင် အထူးအားဖြင့် သိပ်အရေးကြီးတဲ့ကိစ္စတွေ ပေါ်ပေါက်လာရင် ပြဿနာတွေ ဖြေရှင်းပေးဖို့ရာအတွက် ဘက်မလိုက်တဲ့ အင်အားမျှညီစေတတ်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်တဲ့ထုံးကို သတိပြုမိဖို့ သိပ်အရေးကြီးပါတယ်။ အထင်ရှားဆုံး ပြောရလို့ရှိရင် အများအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဟာ ကမ္ဘာအရပ်ရပ် ပြဿနာတွေ ပေါ်ပေါက်လာရင် အဲဒီလိုအင်အားချင်းညီမျှစေခြင်းအားဖြင့် ပြဿနာတွေ ပြေလည်အောင်လုပ်ပေးနေတာ။ ဒီတော့ ဒီအဖွဲ့ကြီးကို ဥပေက္ခာ အဖွဲ့ကြီးလို့ ပြောရလို့ရှိရင် ပိုပြီးတော့မှန်မလား မသိဘူး။ များသောအားဖြင့်ပါ။

မညီမျှတတ်တဲ့ အတွဲ ၂ တွဲ

အခုလို သတိပဋ္ဌာန်အားထုတ်တဲ့နယ်ပယ်ထဲမှာတော့ ရှုမှတ် ချက်တိုင်းမှာ သဒ္ဓါနဲ့ ပညာ၊ ဝီရိယနဲ့ သမာဓိ အဲဒီလိုတရားတွေမှာ အချင်းချင်း တစ်ခုပေါ်မှာတစ်ခု လွှမ်းမိုးနိုင်တဲ့အခြေအနေ ရှိပါတယ်။ အဲဒီလွှမ်းမိုးနိုင်တဲ့ အခြေ

http://www.dhammadownload.com

အနေရှိတဲ့ယှဉ်ဘက်တရားတွေကို အင်အားချင်း ညီမျှစေတယ်ဆိုတာ တရားအားထုတ်သူများမှာ ကောင်းကောင်း နားလည်ပါတယ်။ အားထုတ်စ ယောဂီပုဂ္ဂိုလ်တွေအဖို့ရာ ရုပ်နာမ်အဖြစ်အပျက်ကို မမြင်ခင်က တရားအပေါ်မှာ ဆန္ဒလွန်ပြီးတော့ ဝီရိယတွေကဲတာနဲ့ အာရုံနဲ့ မှတ်စိတ်နဲ့ ချော်ပြီးတော့ သွားတာတွေ၊ စိတ်တွေပျံ့ပြီးတော့ သွားတာတွေကို ကြုံရတယ်။ တစ်ခါတစ်ခါမှာလည်းပဲ အေးစက်စက်လေး ငြိမ်သက်သက်လေး မှတ်နေရင်းက ငိုက်မြည်းမှုတွေ ဝင်ပြီးတော့ ထိန်မိဒ္ဓတွေနှိပ်စက်လို့ တရားတွေ ပီပီသသ မမှတ်နိုင်တာမျိုးလည်း ရှိတယ်။ ဝီရိယနဲ့ သမာဓိ မမျှဘဲ ရှိနေတတ်တယ်။ တစ်ခါတစ်ခါမှာ တရားအတွေ့လေးက ထိုက်တန်သမျှ အားကောင်းလာတော့ သဒ္ဓါတရားတွေက များပြီးတော့ ဟိုလူ့ဟောချင်၊ ဒီလူ့ဟောချင်၊ ဟိုလူ့တိုက်တွန်းချင်၊ ဒီလူ့တိုက်တွန်းချင် ဖြစ်နေလို့ရှိရင် ပညာတွေက နုနယ်သွားတာရှိတယ်။ တစ်ခါတစ်ခါမှာ တွေ့တဲ့တရားလေးက နည်းနည်းဆင်ခြင်တာတွေကများပြီးတော့ ရှုမှတ်နေမှ တရားတိုးတက်မယ်ဆိုတဲ့ ယုံကြည်ချက်က၊ အားသေသွားတာနဲ့မို့လို့ တရားတွေ မတက်တာလည်း ရှိတယ်။ သဒ္ဓါနဲ့ပညာ မျှညီမှု မရှိဘူး။

လေထဲမှာ လှေကားထောင်

ပြီးတော့ ဥဒယဗ္ဗယညာဏ်ပိုင်း မရောက်ခင်က ယောဂီဟာ တရားဟာ ကျသွားလိုက် တက်လာလိုက် ကျသွားလိုက် တက်လာလိုက် မညီမျှဘဲ ဖြစ်နေတယ်။ အဖြစ်အပျက်ကို ခပ်သွက်သွက် မြင်လာပြီဆိုလို့ ရှိရင်တော့ အဲဒါတွေ အလိုလိုမျှညီသွားတယ်။ ဘက်မလိုက်တဲ့သဘောတွေ ဖြစ်သွားတယ်။ အဲဒီလို မျှညီပြီးတော့ ဘက်မလိုက်တဲ့ သဘောလေးဟာ ဒီဉာဏ်ပိုင်းမှာ ရောက်လာတယ်။ တချို့ယောဂီများဆိုရင် နဂိုကအတွေးအခေါ်ကလည်းပဲ သန်၊ သူများပြောတိုင်းလည်းပဲ ရုတ်တရက် မယုံကြည်။ မိမိဟာ နေရာဌာနတိုင်း တွေးတောတတ်၊ ဆင်ခြင်တတ်တယ်လို့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီးတော့ လာရောက်အားထုတ်ရာမှာ ယုံကြည်မှုသဒ္ဓါတရားက အားနည်းတော့ ဒီလိုပဲ ဟုတ်လေသလား၊ မဟုတ်လေသလားလို့ ဆင်ခြင်တွေးတောမှုတွေ များပြီးတော့ ဝိစိကိစ္ဆာရဲ့လှည့်စားချက် ခံရတာ။ ဆင်ခြင်သလိုလိုနဲ့ ဝိစိကိစ္ဆာက

http://www.dhammadownload.com

လှည့်စားပြီး အချိန်တွေကုန်သွားတာလည်းပဲ အများကြီး ရှိတယ်။ တည်ရာ မရှိတဲ့ လေထဲမှာ အပေါ် တက်ဖို့အတွက် လှေကားထောင်နေတဲ့ ပုဂ္ဂိုလ်မျိုးလို ပေါ့လေ။ အဲဒီပုဂ္ဂိုလ်တွေကျတော့ ညှိလို့ တယ်မရချင်ဘူး။ အင်အားချင်းညီသွားအောင် လုပ်ဖို့ တယ်မရချင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူက ဗဟုသုတ ရှိတော့ မာနလေးတွေက ခံနေတာ။

ပစ်ဆိုပစ်ပဲ

နေရာဌာနတိုင်း အတွေးအခေါ်က လွန်ကဲတော့ ကျေနပ်မှ လက်ခံနိုင်မယ်ဆိုတဲ့ ဒီသဘောလေးတွေက ရှိနေတော့ တော်တော်နဲ့ညှိလို့မရဘဲနဲ့ ဒီအတိုင်းပဲ အချိန်တွေကုန်နေတာလည်း အများကြီးတွေ့ရပါတယ်။ တရားအားထုတ်ရာမှာ ဒီနည်းဟာ မှန်ပြီလို့ စိတ်ချရတဲ့ ပုဂ္ဂိုလ်တွေထံက ကြားလို့ပဲ ဖြစ်ဖြစ်၊ ကိုယ်တိုင်သုံးသပ်ကြည့်တဲ့အခါမှာ အခြေခံ အနေအားဖြင့် မှန်နေလို့ပဲ ဖြစ်ဖြစ် အဲဒီလို ယုံကြည်လက်ခံထားလို့ရှိရင် အဲဒီနည်းမှန်အတိုင်း အားထုတ်ရပါတယ်။ စစ်တိုက်တဲ့အခါ ရှေ့တန်းစစ်မျက်နှာအပို့ခံရတဲ့ စစ်အရာထမ်း အမှုထမ်းတွေဟာ အထက်အမိန့်အတိုင်း လိုက်နာကျင့်သုံးနိုင်မှ စစ်ပွဲတစ်ခု အောင်နိုင်တယ်။ 'ဝပ်'ဆို ဝပ်ပဲ၊ 'တက်'ဆို တက်ပဲ၊ 'ဆုတ်' ဆို ဆုတ်ပဲ၊ 'ပစ်' ဆို ပစ်ပဲ။ ဒီလိုလုပ်မှ အောင်မြင်တာပဲ။ တရားအလုပ်ဟာ အဲဒီလို သဘော မထားနိုင်သမျှ ကိုယ်ရရှိတဲ့ ဗဟုသုတလေး အသုံးချနေလို့ရှိရင်တော့ တော်တော်နဲ့ခရီး မရောက်တတ်ဘူး။ အဲဒီအချက် သိပ်အရေးကြီးပါတယ်။ ဒီဥပမာပြောတဲ့အတွက် blind faith ခေါ်တဲ့ မျက်ကန်းယုံကြည်မှုမျိုး လမ်းကြောင်းကို တွန်းပို့တဲ့ သဘောမဟုတ်ပါဘူး။

အသွားညီတဲ့မြင်း ၂ ကောင်

အခု လက်တွေ့တရားအားထုတ်ကြည့်လို့ ဥဒယဗ္ဗယဉာဏ်ပိုင်းလောက် ရောက်နေရင် ခုနပြောခဲ့တဲ့ ဥပေက္ခာဟာ ရှုမှတ်မှုကောင်းလာတဲ့အခါ အထူးကြောင့်ကြမစိုက်ရဘဲ သူ့အရှိန်နဲ့သူ အလိုလို မှတ်သိလျက် နေသလို ထင်ရှားပါတယ်။ ဥပမာ ဘာနဲ့ တူသလဲဆိုလို့ရှိရင် အသွားညီတဲ့ မြင်းနှစ်ကောင်ကို

http://www.dhammadownload.com

ရထားမှာ တပ်ပြီးတော့ မောင်းရတဲ့အခါမှာ မမောင်းရဘဲနဲ့ မဆွဲရဘဲနဲ့ မှေးပြီးတော့ လိုက်သွားတဲ့ ရထားမောင်းသမားနဲ့ တူတတ်ပါတယ်။ အသွားမညီတဲ့ မြင်းတပ်မောင်းမိပြီ ဆိုလို့ရှိရင် အားကောင်းတဲ့မြင်းဘက်ကို ကြိုးကဆွဲပေးရတယ်။ ခြေမသွက်တဲ့ မြင်းကို ကြိမ်လေးနဲ့ တို့ပေးရတယ်။ အဲဒီလို လုပ်ပေးရတယ်။ ဒီတော့ ရထားမောင်းတဲ့ပုဂ္ဂိုလ်ဟာ မသက်သာဘူး။ ယောဂီဟာလည်းပဲ သူ့အရှိန်နဲ့သူ အလိုလို မှတ်ပြီးတော့ သွားတဲ့အခါမှာ အဲဒီရထားမောင်းတဲ့ပုဂ္ဂိုလ်လို သက်သာမှုလေးတွေ အလိုလို ရနေတတ်ပါတယ်။ တစ်နည်းအားဖြင့် လမ်းကောင်းကောင်းပေါ်မှာ စက်ကောင်းကောင်း ကားမောင်းရတဲ့ ဒရိုင်ဘာလို ထူးထူးခြားခြားကြီး သက်သာနေတတ်တာလေးတွေကိုလည်း ယောဂီမှာ တွေ့ရတတ်ပါတယ်။

ဥပေက္ခာရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ဌာန်

အဲဒီ ဥပေက္ခာ သမ္မောဇ္ဈင်ကို ဒီလို အဋ္ဌကထာများမှာ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်အနေနဲ့ ဖော်ပြထားပါတယ်။

သမဝါဟိတ လက္ခဏာ ဥပေက္ခာတဲ့၊ ဥပေက္ခာ-ဥပေက္ခာသည်၊ သမဝါဟိတလက္ခဏာ-ယှဉ်ဘက်တရားတွေကို တစ်ခုနဲ့တစ်ခု မလွှမ်းမိုးရအောင် ညီမျှစေခြင်း လက္ခဏာရှိတယ်လို့ ဒီလိုကျမ်းဂန်များမှာ ပြပါတယ်။ ဝီရိယကိုလည်းပဲ ဝီရိယလမ်းကြောင်းအတိုင်း မှန်မှန်၊ သမာဓိကိုလည်းပဲ သမာဓိလမ်းကြောင်းအတိုင်း မှန်မှန်၊ သဒ္ဓါကိုလည်းပဲ သဒ္ဓါလမ်းကြောင်းအတိုင်းမှန်မှန်၊ ပညာကိုလည်းပဲ ပညာလမ်းကြောင်းအတိုင်း မှန်မှန် အဲဒီလိုတရားမျိုးတွေကို ဘက်မျှစေတာ ညီမျှစေတာကို ဆိုလိုပါတယ်။

သူ့ရဲ့ရသကတော့ 'ပက္ခပါတုပစ္ဆေဒနရသာ'တဲ့။ 'ပက္ခ' ဆိုတာ တစ်ဖက်၊'ပါတ' ဆိုတာက ကျတာ၊ တစ်ဖက်ကျတာဆိုတာက တစ်ဖက်လိုက်တာပေါ့။ ဥပစ္ဆေဒနရသာ ဆိုတာက ဖြတ်တောက်ပစ်တာ။ တစ်ဖက်လိုက်ခြင်း ဖြတ်တောက်ပစ်တယ်လို့ဆိုလိုတယ်။ တစ်ဖက်လိုက်ခြင်းပယ်ခွင်းတတ်တယ်။ ဖြတ်တောက်ပစ်တတ်တယ်။ ဒါက သူ့ရဲ့ ဆောင်ရွက်ချက် ကိစ္စပါပဲ။ အဲဒီလို

http://www.dhammadownload.com

ဘက်လိုက်ခြင်းမရှိဘဲနဲ့ ဘက်လိုက်မှုကို ပယ်ရှားတဲ့အနေနဲ့ ညီမျှနေပြီဆိုလို့ရှိရင် ယောဂီအနေနဲ့က 'မဇ္ဈတ္တဘာဝ ပစ္စုပဋ္ဌာန'တဲ့။ အလယ်ဗဟိုကျတဲ့ တရားပဲဆိုတာ ဉာဏ်ထဲမှာလည်း ထင်လာတတ်တာပဲ။ အဲဒါကို ဥပမာလေး ပေးထားပါတယ်။ 'သမပ္ပဝတ္တာနံ၊ အာဇာနေယျာနံ အဇ္ဈုပေက္ခန သာရထိ ဝိယ ဒဋ္ဌဗ္ဗာ' ခုနပြောခဲ့တဲ့အတိုင်း အသွားညီနေတဲ့ ရထားမှာ တပ်မောင်းတဲ့ မြင်းနှစ်ကောင်ကို မမောင်းရဘဲနဲ့ မဆွဲရဘဲနဲ့ အလိုလို သက်သာနေတဲ့ ရထား မောင်းသမားနဲ့တူတဲ့တရားပဲလို့ ယောဂီရဲ့ဉာဏ်ထဲမှာလည်း ထင်ရတတ်တယ်။ ယောဂီက အဲဒီအခါမျိုးမှာ ပေါ်ရာအာရုံလေးတွေကို အထူးကြောင့်ကြထားပြီးတော့ မမှတ်ရဘဲနဲ့ အမှတ်ကပဲ သူဟာသူ မှတ်သွားသလို ဖြစ်တတ်ပါတယ်။

ဘုန်းကြီးများ ငယ်ငယ်က ယုံတမ်းစကား ပုံပြင်လေးတစ်ခုကို ကြားဖူးပါတယ်။ အဲဒီ ပုံပြင်လေးကို ငယ်ငယ်တုန်းက မယုံပါဘူး။ ဒါပေမဲ့လို့ တရား အားထုတ်တဲ့အခါကျတော့ ပုံပြင်ကို မဟုတ်မှန်းလည်း သိတော့လည်း သိနေသားပဲ။ ဒါပေမဲ့လို့ အဲဒီပုံပြင်လေးနဲ့ ခပ်ဆင်ဆင် ဖြစ်နေတယ်။ ဘုန်းကြီး ကြားဖူးတဲ့ပုံပြင်ကတော့ ပစ္စည်းဝတ္ထုထမ်းတဲ့အခါမှာ ထမ်းပိုးဆိုတာ ရှိပါတယ်။ ပစ္စည်းတွေ ထည့်ရအောင် ဟိုဘက် ဒီဘက် ဆိုင်းဆိုတာ နှစ်ဘက် ရှိတယ်။ ရေတွေ၊ ဘာတွေထမ်းတဲ့အခါမှာ ထမ်းပိုးနဲ့ ဟိုဘက်ဒီဘက်ပုံးနှစ်ပုံး ရှိပါတယ်။ ထမ်းပိုး အလယ်ကောင်ကနေပြီးတော့ လူက ဝင်ထမ်းရတာ။ ထမ်းပိုးဘယ်လောက်များ ကောင်းသလဲဆိုလို့ရှိရင် ပထမတော့ လူက ထမ်းပိုး အရှိန်ရအောင် လေး၊ ငါး၊ ဆယ်လှမ်းလောက် ထမ်းပေးရတယ်တဲ့။ နောက် ထမ်းပိုးက အရှိန်ရပြီဆိုလို့ရှိရင် လူက အထူးမထမ်းရဘဲနဲ့ လူက ထမ်းပိုးကို အသာလေးခိုပြီးတော့ လိုက်သွားတယ်တဲ့။ အဲဒီလိုသဘောမျိုး ဖြစ်တတ်တယ်တဲ့။ ဟိုတုန်းကတော့ ယုံတမ်းပါပဲ။ ဒါပေမဲ့ တရားနယ်ထဲ ရောက်တဲ့အခါကျတော့ ယောဂီက စောစောပိုင်းတော့ အားစိုက်ပြီး မှတ်နေရတာပဲ။ နောက်တော့ ယောဂီက မှတ်ရတဲ့တရားကို အသာလေးခိုပြီးတော့ လိုက်သွားရသလို ဖြစ်သွားတယ်။

http://www.dhammadownload.com

ဘုရားအလိုအရ ဥပေက္ခာရဲ့ အကြောင်း

အဲဒီ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းကတော့ မြတ်စွာဘုရား အလိုတော်ကျကတော့ လွယ်လွယ်ပါပဲ။ ဒီ အင်အားချင်း ညီမျှစေတဲ့ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေရေးမှာ အမြဲမပြတ်နှလုံးသွင်း ရှုမှတ်နေမယ်ဆိုတဲ့ စိတ်ထားပေါ့လေ။ ရှုမှတ်နေလို့ အခြေခံကအစ ထိုက်တန်သမျှ ညီမျှမှုလေးတွေ ဖြစ်ဖြစ်လာတယ်။ ပထမဆုံးဖြစ်တဲ့အင်အားချင်းညီမျှစေတဲ့ ဥပေက္ခာဟာ နောက်နောက်ဖြစ်ပေါ်လာမဲ့ ဥပေက္ခာရဲ့ အကြောင်းလေးတွေပါပဲ။ သူကလွယ်လွယ်ပါပဲ။ ဥဒယဗ္ဗယဉာဏ်ပိုင်း လောက်ရောက်တဲ့အခါ ဥပေက္ခာသမ္ဗောဇ္ဈင် အလိုလိုဖြစ်လာတတ်ပါတယ်။ ဆိုလိုတာကတော့ တရားဝင်တဲ့အချိန်ကစပြီးတော့ အမြဲမပြတ် ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာတော့ အင်အားချင်းညီမျှတာ မဖြစ်နိုင်ဘူး။ တစ်ခါတစ်ခါမှာ အင်အားချင်းညီမျှတဲ့ သဘောလေးတွေ ဖြစ်တတ်တယ်။ မကြာခဏာလည်း ဖြစ်တတ်တယ်။ အဲဒီလို အခြေခံကစပြီးတော့ အဆင့်ဆင့် ဖြစ်သွားတဲ့ဟာလေးတွေဟာ နောက် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းလို့ ဒီလိုဆိုလိုပါတယ်။

ယုယမှုနဲ့ ဥပေက္ခာ

အဋ္ဌကထာများမှာတော့ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း ၅ မျိုး ပြဆိုထားပါတယ်။ အဲဒီအကြောင်း ၅ မျိုးထဲက ပထမအကြောင်း က 'သတ္တမဇ္ဈတ္တတာ'တဲ့။ သတ္တဝါတွေအပေါ်မှာ ညီမျှတဲ့သဘောထားရှိခြင်း တဲ့။ ပုဂ္ဂိုလ်သတ္တဝါတွေအပေါ်မှာ ညီမျှတဲ့သဘောထား ရှိရမယ်ဆိုတော့ လူလူချင်းအပေါ်မှာ ပြီးတော့ လူတွေ အချစ်တော်အနေနဲ့ မွေးထားတဲ့ ခွေးလေးတွေ၊ ကြောင်လေးတွေ၊ မြင်းတွေ အကုန်လုံးအပေါ် မှာ ညီမျှတဲ့ သဘောထား ရှိတယ်။ လူတွေဆိုတာမျိုးက ကိုယ့်ကိုယ်ကိုတင် ယုယတာ မဟုတ်ဘူး။ ကိုယ်မှတစ်ပါး အခြားပုဂ္ဂိုလ်တွေပေါ်လည်း ယုယတာပဲ။ လူတွေအပေါ်တင် ယုယတာ မဟုတ်ဘဲနဲ့ ခုန တိရစ္ဆာန်လေးတွေအပေါ်မှာလည်း ယုယတတ်တယ်။ ယုယတယ်ဆိုထဲကိုက သူမှာ ရာဂက ဖြစ်နေပြီ။ ဒီတော့ စိတ်ထားညီမျှစွာ

http://www.dhammadownload.com

ထားခြင်းနဲ့ ခုနရာဂဖြစ်စရာလေးတွေအပေါ်မှာ မက်မောမှု၊ အလိုလိုက်မှု၊ ယုယမှုဟာ ဆန့်ကျင်ဘက် ဖြစ်နေတယ်။ ဒီတော့ သူ့ရဲ့ ဆန့်ကျင်ဘက်တွေကို ရှောင်ရတယ်။ သဘောထား ညီညီမျှမျှထားမှ ဒီဥပေက္ခာ ဖြစ်နိုင်တယ်။ လူလူချင်းဆိုတော့ မကင်းစကောင်းတဲ့အနေနဲ့ သာယာတာ ယုယတာလေးတွေကတော့ ရှိတော့ ရှိတတ်ပါတယ်။ ဒါပေမယ်လို့ အတိုင်းအတာထက် ပိုသွားလို့ ရှိရင်တော့ မကောင်းဘူး။ ကိုယ်လည်း ဆင်းရဲတာပဲ။ တစ်ဖက်သားပုဂ္ဂိုလ်လည်း မသက်သာဘူး။ အထူးအားဖြင့် တရားနယ်ထဲ ရောက်လာပြီဆိုလို့ရှိရင် အဲဒီလို ယုယမှုတွေက အတတ်နိုင်ဆုံး ကင်းရပါတယ်။ ကင်းလေလေ ဟောဒီ ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်လေလေပါပဲ။

ဆင်ခြင်နည်း ၂ ခု

အဲဒီ ကင်းအောင် ဆင်ခြင်တဲ့နည်းက နှစ်နည်းရှိပါတယ်။ မိမိကလည်းပဲ ရှေးကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရတာပဲ။ သူလည်းပဲ ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရတာပဲ။ ကိုယ့်ကံနဲ့ ကိုယ်ဖြစ်လာတာ ယုယနေလို့ကော ဘာထူးမှာတုံးလို့ ကမ္မဿကထာ သမ္မာဒိဋ္ဌိ ရှိပြီး ဆင်ခြင်လိုက်လို့ ရှိရင် စိတ်ကလေးဟာ ညီမျှသွားတတ်ပါတယ်။ ဘက်မလိုက်တဲ့သဘောလေးတွေ ဖြစ်တတ်ပါတယ်။

နောက်တစ်နည်းက မျက်မှောက်တွေ့ ပရမတ္ထတရားအားဖြင့် သတ္တဝါဆိုတာ ရှိတာ မဟုတ်ဘူး။ ရှိတာကတော့ ရုပ်နာမ်ပဲ ကြောင်းကျိုးဆက်တွေပဲ။ ဒီတော့ "ဒီလို အခြေအနေရှိနေတဲ့ သင်က ဘယ်သူများ သွားပြီးတော့ ယုယနေရဦးမှာတုံး"လို့ ဒီလို ပုဂ္ဂိုလ်သတ္တဝါ မရှိတဲ့ အနေနဲ့ ဆင်ခြင်ပြီးတော့လည်းပဲ ဥပေက္ခာ သမ္ဗောဇ္ဈင်တွေ ပွားယူရပါတယ်။ လိုက်လျောတဲ့သဘော မရှိဘူးဆိုတော့ ဆန့်ကျင်တဲ့သဘောရှိသလားဆိုတော့ ဒီလိုလည်း မဟုတ်ဘူး။ 'အနုရောဓ'ခေါ်တဲ့လိုက်လျောတဲ့သဘောလည်း မရှိဘူး။ ဝိရောဓခေါ်တဲ့ ဆန့်ကျင်တဲ့သဘောလည်း မရှိဘူး။ အဲဒီလို လိုက်လျောမှု၊ ဆန့်ကျင်မှုနှစ်ခုကို ပယ်တဲ့အနေအားဖြင့် အလယ်အလတ်သဘောမျိုးမှ ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းပါပဲ။ မုန်းလို့ ပစ်ထားတာ၊ အေး သူဖြစ်ချင်သလို ဖြစ်ပါ

http://www.dhammadownload.com

စေ။ ငါနဲ့ ဘာဆိုင်သလဲဆိုတာ အဲဒီလိုမျိုး မဟုတ်ဘူး။ ပုဂ္ဂိုလ် သတ္တဝါနဲ့စပ်ပြီးတော့ ဆန့်ကျင်တဲ့သဘောက ပဿဒ္ဓိ သမ္ဗောဇ္ဈင်ဖြစ်တဲ့အခါမှာပဲ တော်တော်လေး ဝေးပြီးတော့ ကင်းခဲ့ပါပြီ။ ဥပေက္ခာရဲ့ ဆန့်ကျင်ဘက်အကြောင်းဟာ ထူးထူးခြားခြား ရာဂပါပဲ။ လိုက်လျောတဲ့ရာဂပဲ။ ဒီတော့ ဥပေက္ခာဟာ ရာဂ ထူတဲ့ပုဂ္ဂိုလ်၊ ရာဂများတဲ့ပုဂ္ဂိုလ်ရဲ့ စင်ကြယ်သန့်ရှင်းခြင်းရဲ့အကြောင်းပဲလို့ ကျမ်းဂန်များမှာ အတိအလင်း မိန့်ကြားထားပါတယ်။

ပစ္စည်းတွေအပေါ်ဘက်မျှစိတ်ထား

ပြီးတော့ နောက်တစ်ခုက သခ်ါရမဇ္ဈတ္တတာတဲ့၊ သခ်ါရဆိုတာ အရာဝတ္ထုတွေပါပဲ။ များသောအားဖြင့်တော့ ရုပ်ဝတ္ထုတွေပါပဲ။ အဲဒါတွေ အပေါ်မှာ စိတ်ထားရှိရမယ်တဲ့။ အဲဒီမှာလည်းပဲ နည်းနှစ်နည်း ရှိပါတယ်။ သခ်ါရအရာဝတ္ထုတွေပေါ်မှာ အင်း တစ်နေ့ကျရင် ဒါတွေဟာ ယိုယွင်း ပျက်စီးတတ်တဲ့သဘော ရှိတယ်ဆိုတာပေါ့လေ။ စွန့်ပစ်လိုက်ရမယ့်သဘော ရှိတယ်။ ပိုင်ရှင်ဆိုတာ မရှိဘူးလို့ ပိုင်ရှင်မဲ့တဲ့အနေကိုလည်းပဲ စဉ်းစားပြီးတော့ အသုံးအဆောင်ပစ္စည်းတွေအပေါ်မှာ ဘက်မျှတဲ့စိတ်ထားလေး မွေးမြူပေးရမယ်တဲ့။ ပြီးတော့ ဒီပစ္စည်းတွေဟာ ရေရှည်လည်း မခံပါဘူး။ တစ်ခဏသုံးလေးပဲလို့ ဒီလိုလည်းပဲ တာဝကာလိက အခိုက်အတန့်အသုံးခံတဲ့ အနေမျိုးကိုလည်း ဆင်ခြင်ပြီးတော့ ဘက်မျှတဲ့စိတ်ကလေးလည်း မွေးမြူပေးရမယ်တဲ့။ အသစ်အဆန်းကြိုက်တဲ့ပုဂ္ဂိုလ်တွေ ငွေကြေးတတ်နိုင်တဲ့ပုဂ္ဂိုလ်တွေဟာ ပစ္စည်းလေးဆန်းလာလို့ရှိရင် ဝယ်သုံးလိုက်၊ နောက် ရိုးသွားလိုက်လို့ရှိရင် အဲဒီအပေါ်မှာ အီသွားလို့ မုန်းသွားလို့၊ ပစ်လိုက်ရတဲ့ဟာမျိုးကို ဥပေက္ခာလို့ မဆိုပါဘူး။

ယုယသူကိုရှောင်

ပြီးတော့ နောက်တစ်ခုက "သတ္တသခ်ါရ ကေဠာယနပုဂ္ဂလပရိဝဇ္ဇနတာ" တဲ့။ ဒီသတ္တဝါနဲ့ အရာဝတ္ထုတွေကို ယုယတတ်တဲ့ပုဂ္ဂိုလ်ကို ရှောင်ပါတဲ့။ ကိုယ့်သားသမီးတွေ ကိုယ့်တပည့်တွေ အဲဒါတွေဆို သိပ်ယုယတယ်။ သူများခိုင်းမှာ မကြိုက်နိုင်ဘူး။ ယုယမှုလွန်တာ တချို့ ပစ္စည်းစုံမက်တဲ့ ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

ဟာ ကိုယ့်ပစ္စည်းကို သူများသုံးစွဲမှာ မကြိုက်နိုင်ဘူး။ အားကြီးယုယတယ်။ ကိုယ်တောင်မှ မသုံးရက်နိုင်ဘဲ ထားတာ ဒါ သတ္တဝါနဲ့ ပစ္စည်းအပေါ်မှာ ယုယသူလို့ ခေါ်ပါတယ်။

အချစ်တော်

သတ္တဝါလေးတွေကို ယုယတဲ့မထေရ်ကြီးတစ်ပါး တရား အားထုတ်လို့ တရားအခြေအနေကလေးကလည်း တော်တော်ကောင်းနေပြီ။ ဒါပေမယ်လို့ ထူးထူးခြားခြား မဖြစ်သေးဘူး။ မဖြစ်သေးတော့ ဘယ်နေရာများ ငြိတွယ်နေတဲ့နေရာရှိသလဲဆိုတာ မေးမြန်းကြည့်တဲ့အခါ အကုန်လုံး ရှင်းနေတယ်။ ဘာမှ အငြိအတွယ်မရှိဘူးဆိုတာ ရှင်းနေတယ်။ ဒါပေမယ်လို့ ဆရာတော်ကြီး ကျောင်းမှာ ကြောင်လေးတွေ၊ ခွေးလေးတွေ မွေးထားတာများ ရှိသလားလို့ မေးကြည့်တဲ့အခါ ဟာ ရှိတယ်တဲ့။ ခွေးလေးတွေ ကြောင်လေးတွေ အချစ်တော်အနေနဲ့ မွေးထားတာ။ တစ်ခါတစ်ခါ အဲဒီခွေးလေး၊ ကြောင်လေးတွေ ဆီ ရောက်ရောက်နေတယ်တဲ့။ ငါ့ကောင်လေးတွေ စားမှစားရရဲ့လား ဘာလားပေါ့လေ။ အဲဒါနဲ့ပဲ တရားက မရဘူး။ အဲဒါလေးတွေ ဖြတ်လိုက်ပါ ဘုရားလို့ ဒီလိုပြောလိုက်တဲ့အခါကျမှ လွတ်လွတ်လပ်လပ် ဖြစ်သွားတယ်။

ခွေးလေးတွေ၊ ကြောင်လေးတွေကို အချစ်တော်အနေနဲ့ မွေးတတ်တဲ့ အမေရိကလူမျိုးတွေ ဒီမှာလာပြီး တရားထိုင်တဲ့အခါ အချစ်တော်လေးတွေ ပစ်ထားခဲ့ရတော့ အဲဒီဆီ စိတ်ပြန်ရောက်ရောက်နေဖို့ကတော့ သေချာတယ်နဲ့ တူတယ်။ ဒီတော့ ဥပေက္ခာ သမ္မောဇ္ဈင် ပွားချင်ရင် အဲဒါလေးတွေ ဖြတ်ထားမှ ဖြစ်မှာ။ ဖြတ်တာဆိုတာလည်း အစဉ်တော့ မဟုတ်ပါဘူး။ တစ်အောင့်တော့ ဖြတ်ထားပေါ့။ ခွေးထက် အရေးကြီးတဲ့လူတောင်မှ စွန့်ခဲ့နိုင်လို့ရှိရင် ခွေးလေးကျတော့ ဘာမှ မစွန့်နိုင်စရာတော့ မရှိပါဘူး။

မယုယသူကို ပေါင်း

ပြီးတော့ နောက်တစ်ခုက 'သတ္တသခ်ိရ မဇ္ဈတ္တပုဂ္ဂလ သေဝနတာ' တဲ့။ ပုဂ္ဂိုလ်သတ္တဝါနဲ့ ရုပ်ဝတ္ထုတွေအပေါ်မှာ ယုယမှုမရှိဘဲနဲ့ အလယ်အလတ် ဘက်မျှတဲ့ စိတ်ထားရှိတဲ့ပုဂ္ဂိုလ်ကို ရွေးပြီးတော့ မှီဝဲပါတဲ့။ ဒီအဓိပ္ပာယ်ကတော့

http://www.dhammadownload.com

ရှင်းပါပြီ။ ခုနပုဂ္ဂိုလ်သတ္တဝါတွေအပေါ် ယုယတတ်တဲ့ပုဂ္ဂိုလ်ရဲ့ ဆန့်ကျင်ဘက် ပါပဲ။ ဒါကတော့ အဓိပ္ပာယ်ဖြေ ရှင်းပြဖို့ မလိုသလောက်ပါပဲ။

ထိုတွင် စိတ်ညွှတ်ရာ

နောက်ဆုံးကတော့ တဒဓိမုတ္တတာ သွား၊ ရပ်၊ ထိုင်၊ လျောင်း ကွရိယာပုထ် လေးမျိုးစလုံးမှာ အဲဒီ ဥပေက္ခာသမ္မောဈင် ဖြစ်ပွားစေဖို့ရန် အမြဲတမ်း စိတ်ကိုင်းညွှတ်ထားတာပေါ့လေ။ အဲဒီဘက် ကိုင်းညွှတ်ထားမှပဲ ကိုင်းညွှတ်တဲ့ဘက်ကျမှာပဲ။ ကိုင်းညွှတ်တဲ့စိတ် မရှိဘဲနဲ့ ခုန ဆရာတော်ကြီး အချစ်တော်လေးတွေ ပြန်ပြီးတော့ မျှော်သလို လုပ်နေလို့ရှိရင်တော့ ဥပေက္ခာ သမ္မောဈင် အပြည့်အဝရမှာ မဟုတ်ဘူး။ အင်း သမ္မောဈင် ၇ ပါးကတော့ ဟောလို့ ပြီးသွားပါပြီ။ ဒီလိုဗောဈင်တရားတွေ ပွားခြင်းဖြင့် ကိုယ်ကျန်းမာရေးရပုံ ဒီထဲမှာ စျာန်တရားအဆင့်ဆင့်ရပုံ အဲဒါလေးတွေပြောဖို့ ကျန်နေပါသေးတယ်။ အဲဒါတော့ ညပိုင်းကျမှပဲ ဆက်ပြီးတော့ ဟောရတော့မှာပဲ။ အခု ဗောဈင်တရားတွေ ကြားနာရတဲ့ ဓမ္မဒေသနာရဲ့ အစွမ်းအာနုဘော်ကြောင့် ယောဂီပုဂ္ဂိုလ်များ သတိသမ္မောဈင်က စပြီးတော့ နောက်ဆုံးဘက်မျှတဲ့ ဥပေက္ခာသမ္မောဈင် ပွားပြီးတော့ လောကကြီးထဲမှာ ဣန္ဒြေရရနဲ့ ဘက်မျှစွာ နေနိုင်တဲ့ အရည်အချင်းလေးတွေ ပြည့်တဲ့အထိ ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဒီနေ့ တရားပွဲသိမ်းလိုက်ပါတယ်။

ဘက်မလိုက်တဲ့ တရား

မနေ့ခင်းက ဗောဈင်တရားတွေ အပြီးသတ်ဟောပြီးနောက် ဗောဈင်တရားများရဲ့ အရည်အသွေးနဲ့ ရနိုင်တဲ့အကျိုးတွေကို ဆက်လက်ဟောပါမယ်လို့ ဝန်ခံချက် ပေးသွားပါတယ်။ တစ်ပါတည်း စျာန်အကြောင်းတွေလည်းပဲ အတိုချုပ်ပြီးတော့ ဟောသွားပါမယ်။

ဗောဈင် ၇ ပါးထဲမှာ ဥပေက္ခာ သမ္မောဈင်ဟာ သိပ်ပြီးတော့ အရေးပါအရာရောက်တယ်ဆိုတာ နေ့ခင်းက ထည့်သွင်းပြီးတော့ ပြောသွားပါတယ်။ ဘာဖြစ်လို့ အရေးပါ အရာရောက်သလဲဆိုတော့ လိုက်လျောမှု၊ ဆန့်ကျင်မှု

http://www.dhammadownload.com

အဲဒီနှစ်ခုကို ပယ်သတ်နိုင်စွမ်းရှိတယ်။ လူတွေဟာ အမြဲတမ်းပဲ တစ်ခါတစ်ခါ လိုက်လျောစရာ၊ ပျော်စရာ၊ သာယာစရာနဲ့ တွေ့တယ်။ အဲဒီဘက်ပါသွားရောဘက်လိုက်သွားရော။ တစ်ခါတစ်ခါမှာလည်းပဲ ဆန့်ကျင်စရာ၊ မုန်းစရာတွေနဲ့ တွေ့တယ်။ အဲဒီအခါကျပြန်တော့လည်းပဲ စိတ်မချမ်းမသာဖြစ်၊ ဒေါသတွေ ဖြစ်ပြီးတော့ အဲဒီဘက် ပါသွားပြန်တယ်။ ဒီတော့ ဟိုဘက်ဒီဘက်မမျှဘဲ ဖြစ်နေတယ်။ ဘာဖြစ်လို့ မမျှတာလဲဆိုတော့ ခုန ဒီ ဥပေက္ခာသမ္ဗောဇ္ဈင် မပါဘဲ ဖြစ်နေလို့ မမျှတာ။ မမျှတော့ ဟိုဘက်လိုက်လည်း မသက်သာ ဒီဘက်လိုက်လည်း မသက်သာဆိုတော့ ဒီကြားထဲမှာ လူဘဝဆိုတာဟာ မတည်ငြိမ်ဘူး။ ဘောင်ဘင်ခတ်နေတာ။ အဲဒီတော့ သူက တည်ငြိမ်အောင် လုပ်ပေးတယ်ဆိုတော့ ဒီတရားလေးဟာ သိပ်အသုံးကျတာ။ ဒါကြောင့် သိပ်အရေးပါတယ်လို့ ပြောကြရတာ။

ဗောဇ္ဈင်ဂုဏ်ရည်

ကျမ်းဂန်များမှာ ဒီကာမဂုဏ် အာရုံနဲ့ရောနေတဲ့ ပုဂ္ဂိုလ်များဟာ အဲဒါတွေကို ရှိမှ လှုပ်လှုပ်ရှားရှားဖြစ်ပြီးတော့ ချမ်းသာတယ်လို့ မိန့်ဆိုချက် ရှိပါတယ်။ လူတွေရဲ့သဘာဝကလည်း ဒီအတိုင်းပါပဲ။ အာရုံကောင်းလေးတွေ မြင်ရပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်နေမှ ချမ်းသာတယ်လို့ ထင်နေပါတယ်။ အမှန်ကတော့ လှုပ်လှုပ်ရှားရှားဖြစ်ပြီးတော့ ချမ်းသာတာထက် တည်တည်ငြိမ်ငြိမ်နဲ့ ကွန်ဖြေရပြီး ချမ်းသာတာ ပိုကောင်းတာပေါ့။ အဲဒါကို မသိကြလို့ပါ။ ဗောဇ္ဈင်တရားရဲ့ ဂုဏ်အရည်အသွေးတွေကို ဒီလိုကျမ်းဂန်များမှာ ဖော်ပြပါတယ်။ ရုပ်ဓာတ်နာမ်ဓာတ်ဆက်စပ်ပြီးတော့ ဖြစ်နေတဲ့သံသရာခရီးတစ်လျှောက်မှာ ကျင်လည်ရတဲ့ပုဂ္ဂိုလ်သတ္တဝါများအဖို့ ဆင်းရဲတွေ့မှန်သမျှကို ပယ်ဖျောက်ပေးနိုင်တယ်လို့ တိတိလင်းလင်း ဖော်ပြပါတယ်။ ပြီးတော့ နောက်တစ်ခု ဂုဏ်အရည်အသွေးတစ်ခု ပြထားပါတယ်။ 'မာရသေနာ ပမဒ္ဒန' ဆိုတာပေါ့လေ။ ဂုဏ်သိက္ခာတွေ ပျက်စီးအောင်၊ သေအောင် အနှောင့်အယှက်ပေးတတ်တဲ့ မာရ်စစ်သည်တွေကိုလည်းပဲ ချေမှုန်း ဖျက်ဆီးတတ်တဲ့တရားတွေလို့လည်း ပြပါတယ်။ အဲဒီလို ကိလေသာ မာရ်စစ်သည်တွေကို အပြီးတိုင် ပယ်ရှားပြီး

http://www.dhammadownload.com

တော့ မြင့်မြတ်တဲ့ ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကာမ၊ ရူပ၊ အရူပခေါ်တဲ့ ဘဝ ၃ ပါးက လုံးဝလွတ်မြောက်ပြီးတော့ သွားကြပါတယ်။ အဲဒီလို လွတ်မြောက်သွားတော့ အပြီးအပိုင် လုံးဝဘာမျှမရှိဘူးလားဆိုတော့ မဟုတ်ဘူး။ သူတို့မှာ ဘဝသစ်ဖြစ်ရတာမျိုးလည်းပဲ မရှိတော့ဘူးတဲ့။ ဘဝသစ်မဖြစ်တဲ့ နိဗ္ဗာန်တစ်ခါတည်း ရောက်သွားကြတာ။ ဘဝသစ်ဖြစ်နေရသေးတယ်ဆိုရင် မကင်းစကောင်းတဲ့ အို၊ နာ၊ သေဆိုတာတွေကိုတော့ ဘယ်သူဖြစ်ဖြစ် ကြုံရမှာပဲ။ ဘဝသစ်မဖြစ်တော့ဘူးဆိုတော့ အိုမှုလည်းပဲ ကင်းသွားတယ်။ နာမှုလည်းပဲ ကင်းသွားတယ်။ နောက်ဆုံးသေမှုလည်းပဲ ကင်းသွားတယ်။ အဲဒီလို ဘဝဆင်းရဲတွေ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်တစ်ခါတည်း ရောက်သွားကြတာ။ အဲဒီလို အနေမျိုး ရောက်စေနိုင်တဲ့ တရားလို့ ဆိုလိုတယ်။

ဗောဇ္ဈင်နဲ့ရောဂါ

အခု အသက်ရှင်ဆဲ ကာလမှာတော့ ဘာအကျိုးတွေ ရသတုံးဆိုတော့ ဒီသတိပဋ္ဌာန်တရားပွားခြင်းအားဖြင့် ဗောဇ္ဈင်တရားတွေ ပွားမိလျက်သား ဖြစ်ရင် ရောဂါပျောက်စေနိုင်တဲ့ ဆေးကောင်းတစ်လက်လည်း ဖြစ်ပါတယ်လို့ ကျမ်းဂန်များမှာ ခိုးကျူးထားပါတယ်။ ရောဂါပျောက်ရုံလောက် မဟုတ်ပါဘူး။ ခုန ကြုံတွေ့ရတဲ့ လောကဓံဒဏ်တွေကိုလည်းပဲ ကောင်းကောင်းကြီး ခံနိုင်တယ်ဆိုတာ စောစောက ပြောခဲ့ပါပြီ။ အခုဟာက ရုပ်နဲ့ပတ်သက်ပြီးတော့ ဖြစ်နိုင်တဲ့ ကိုယ်ရောဂါတွေ ပျောက်နိုင်တာကို ပြောတာပါ။ ရောဂါပျောက်ပုံသာဓကတွေကိုလည်းပဲ ဟိုတုန်းကတော့ ပြောခဲ့ပါပြီ။ ဒီလို ပျောက်ရတာဟာ တရားအားထုတ်လို့ ပျောက်ရတယ်လို့ ဒီလို သာမည လုံးပြီးတော့ မှတ်ထားရပါတယ်။ မိမိရဲ့သန္တာန်မှာ နဂိုက တတ်ကျွမ်းတဲ့ဆရာတွေ ကုလို့ မပျောက်တဲ့ ရောဂါတွေ ပျောက်သွားရတာဟာ ဟောဒီ ဗောဇ္ဈင်တရားတွေ တရား အားထုတ်တဲ့အခါမှာ မိမိသန္တာန်မှာ ပြည့်ပြည့်ဝဝ ဖြစ်လာလို့ ပျောက်သွားတဲ့သဘောပါပဲ။ တကယ်ရောဂါတွေ ပျောက်ရမယ်လို့ ဒီလို အာမခံတာမျိုးတော့ မဟုတ်ပါဘူး။ ပျောက်တတ်ပါတယ်ဆိုတာကို ပြောလိုတာပါ။ ပျောက်နိုင်ပါတယ်ဆိုတာကို ပြောလိုတာပါ။ စိတ်ရောဂါနဲ့ ကိုယ်ရောဂါနှစ်မျိုး

http://www.dhammadownload.com

ရှိတဲ့ထဲက စိတ်ရောဂါကို ဒီဗောဇ္ဈင်တရားက ပယ်ရှားနိုင်ပါတယ်။ စိတ်ရောဂါဆိုတာ တခြားမဟုတ်ပါဘူး။ လိုချင်တပ်မက်တဲ့ လောဘတို့၊ ရာဂတို့၊ မျက်မုန်းတဲ့ ဒေါသတို့၊ မာန် မာနကြီးတာတို့ စသည်ပေါ့လေ။ မနာလိုမှု ဝန်တိုမှု ဒါတွေပါပဲ။ စိတ်ရောဂါတွေ ဖြစ်နေရင် မသန့်ရှင်းတဲ့ လေရှူရှိုက်ရလို့ရှိရင် ကျန်းမာရေး ချို့တဲ့သလို ကြုံတွေ့ရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ စိတ်ဟာ မသန့်တော့ဘူး။ စိတ်ဟာ မကြည်တော့ဘူး။ စိတ်မကြည်လို့ရှိရင် စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေဟာလဲပဲ မကြည်မလင် ဖြစ်လာတာပဲ။ ဒီမှာ လူတွေ ရောဂါရတတ်တာပဲ။

ဗောဇ္ဈင်တွေ ဖြစ်လာပုံ

အခု သတိပဋ္ဌာန်နည်းအရ ပေါ်ရာလေး ပေါ်ဆဲလိုက်ပြီး စိတ်အားစိုက် ခိုန်သားကိုက်ပြီးတော့ စွဲမြဲစွာ ရှုလို့ ရှုရာရှုရာ အာရုံတိုင်းမှာ စိတ်ကလေးစိုက်ကျတိုင်း သတိကလေးတွေဖြစ်၊ သမာဓိလေးတွေ ဖြစ်နေတော့ သန့်ရှင်းတဲ့လေတွေ ရှူရှိုက်ရသလို တဖြည်းဖြည်း စိတ်ကလေးတွေဟာ အညစ်အကြေးတွေ သန့်ရှင်း သန့်ရှင်းသွားတယ်။ နောက် ရုပ်နာမ်တွေကို သိလာတဲ့ အခါ တစ်မျိုးသန့်ရှင်းလာတယ်။ ပြီးတော့ ကြောင်းကျိုးဆက်သွယ်ပြီး ဖြစ်ပုံတွေကို သိလို့ရှိရင် တစ်ဆင့်တက်ပြီးတော့ သန့်ရှင်းလာတာ။ နောက်ကြောင်း ကျိုးဆက်တရားတွေရဲ့ မမြဲဆင်းရဲသဘောပဲဆိုတာကို သိလာလို့ရှိရင် သာပြီးတော့ စိတ်ကလေးတွေက သန့်ရှင်းလာတာ။ သန့်ရှင်းလတ်ဆတ်တဲ့လေလေးတွေ ရှူရှိုက်ရတော့ တစ်ခိုန်နဲ့တစ်ခိုန် ကိုယ်ထဲမှာ ကျန်းမာရေးတွေ ကောင်းလာသလိုပေါ့။ ရုပ်ကောင်းရုပ်သန့်လေးတွေ ဖြစ်လာသလိုပေါ့။ စိတ်ကလေးတွေလည်း တစ်နေ့ထက် တစ်နေ့ သန့်လာတာ အဖြစ်အပျက်ကို ခပ်သွက်သွက် မြင်တဲ့အပိုင်းရောက်လာပြီဆိုလို့ရှိရင်တော့ သတိတွေကလည်း ထူးထူးခြားခြားကောင်းလာတယ်။ အသိကလည်းပဲ ခပ်သွက်သွက်သိလာတာ။ ဝိရိယကလည်းပဲ ညီညီမျှမျှ ဖြစ်လာတာ။ နှစ်သိမ့်အားရတဲ့ ပီတိ တွေကလည်းပဲ ဖရဏပီတိအထိ အင်မတန် အားကောင်းတဲ့ ပီတိတွေဖြစ်လာတာ။ ကိုယ်ရောစိတ်ပါ အေးချမ်းတဲ့ ပဿဒ္ဓိတွေ ဖြစ်လာတော့ ဆန့်ကျင်တဲ့ သဘော တွေ့ပေ

http://www.dhammadownload.com

မယ်လို့ ဆန့်ကျင်တာ မရှိဘူး။ ဒေါသတွေလည်း ကင်းနေတာပဲ။ စိတ်တည်ငြိမ်မှု သမာဓိသမ္ဗောဇ္ဈင်တွေလည်းပဲ ထူးထူးခြားခြား ဖြစ်နေတာပဲ။ အထူးအားဖြင့် ဥပေက္ခာ သမ္ဗောဇ္ဈင် အခန်းရောက်လာပြီ ဆိုလို့ရှိရင် ဆန့်ကျင်တာလည်း မရှိဘူး။ လိုက်လျောတဲ့သဘောလည်း မရှိဘူး။ ဘက်မျှနေတာ။

ဗောဇ္ဈင်နဲ့သွေး

အဲဒီလိုထူးထူးခြားခြားတရားအရသာတွေ တွေ့လာပြီဆိုလို့ရှိရင် ကိုယ်ထဲက လည်ပတ်နေတဲ့သွေးဓာတ်တွေဟာ အထူးကြည်လာတယ်လို့ ဆိုပါတယ်။ အဲဒီ ဗောဇ္ဈင်တရားတွေ အစွမ်းကြောင့် ဒီသွေးတွေဟာ ထူးထူးခြားခြားကြည်လာတော့ အဲဒီသွေးအကြည်ဓာတ်တွေ တစ်ကိုယ်လုံးလည်ပတ်တော့တာပဲ။ Blood Circulation ဆိုတာပေါ့လေ။ တစ်ကိုယ်လုံး အဲဒါတွေ ရလာတာ။ ဒီတော့ ဗောဇ္ဈင်တရားတွေကလည်းပဲ အရှိန်ပြင်းပြင်းနဲ့ ဆက်ကာဆက်ကာ ဖြစ်နေတော့ သွေးအကြည်ဓာတ်တွေကလည်းပဲ ဆက်ကာဆက်ကာ အရှိန်နဲ့ သွားနေတာပဲ။ အခု မီးလုံးကို ခလုတ်နှိပ်လိုက်တဲ့အခါကျတော့ ဓာတ်ကြိုးကနေပြီးတော့ လျှပ်စစ်ဓာတ်အားလေးတွေဟာ ဆက်ကာဆက်ကာ သွားနေတော့ မီးလုံးလင်းနေသလိုပေါ့လေ။ သွေးအကြည်ဓာတ်တွေကလည်းပဲ ဆက်ကာဆက်ကာ သွားနေတာပဲ။

သွေးနဲ့ရုပ်

အဲဒီလို သွေးအကြည်ဓာတ် ပို့နှုံ့ခံရတဲ့ ရုပ်တွေဟာတဲ့ မျက်စိ ရုပ်တွေ၊ နားရုပ်တွေ၊ နှာခေါင်းရုပ်တွေက ကြည်လာတတ်တယ်တဲ့။ ပြီးတော့ အဆင်းရုပ်တွေလည်းပဲ ထူးထူးခြားခြား ကြည်လာတတ်တယ်တဲ့။ ဒီလို ကျမ်းဂန်များမှာ ဆိုပါတယ်။ သွေးတွေကလည်း အထူး ကြည်တော့ အရေအဆင်းတွေကလည်းပဲ တောက်တောက်ပပ ဖြစ်လာတော့ အလင်းရောင်တွေပါ ထွက်လာတာ။ လင်းတာ တကယ်လင်းတာ တချို့များ တစ်ခန်းလုံးပဲ လင်းနေတာ။ အဲဒီလောက်အထိ ဖြစ်တာ။ အဲဒီအခါကျတော့ ကြည်သဒ္ဓါတွေရော၊ ယုံသဒ္ဓါတွေရော အားကြီး ဖြစ်လာတာပဲ။ တရားအားထုတ်လို့ ဒီလိုဖြစ်တယ်ဆိုပြီး

http://www.dhammadownload.com

အားကြီး သဒ္ဓါတရားတွေ ဖြစ်တယ်။ ပြီးတော့ ကိုယ်ရောစိတ်ပါ ပေါ့ပါးတာတွေ၊ ကိုယ်ရောစိတ်ပါ နူးညံ့တာတွေ၊ ကိုယ်စိတ်ပါ ခွံညားတဲ့သဘော ခိုင်ခံ့တဲ့သဘောတွေပေါ့။ ပြီးတော့ တာရှည်ထိုင်နိုင်တာတွေ ထိုင်လိုက်လို့ရှိရင်လဲ တစ်ခဏလေးလို့ ထင်ရလောက်အောင် ဖြစ်လာတာ။ ပြီးတော့ ကိုယ်ရောစိတ်ပါဖြောင့်စင်းတဲ့သဘောတွေ ဖြစ်လာတာ။ ထူးထူးခြားခြား တရားအရသာထူးတွေ ဖြစ်ပေါ်လာတာ။ ကိုယ်စိတ်တွေလည်း ပေါ့ပါးပြီး နူးညံ့နေပြီဆိုတော့ နဂိုက ရောဂါဟောင်းတွေ ပျောက်သွားလို့ ကင်းသွားလို့ ဒီလို ဖြစ်တာ။ ဒါပေမဲ့လို့ ဒီအပိုင်းမှာတော့ သိပ်တော့ မရှင်းလှသေးဘူး။ ဟိုးနောက် အလယ်ပိုင်း ဝိပဿနာဉာဏ်တွေ ဖြစ်တဲ့အခါကျမှ ရောဂါတွေ ကောင်းကောင်း ရှင်းတယ်ဆိုတာ သိပ်သိသာပါတယ်။

နသော ဥဒယဗ္ဗယဉာဏ်နဲ့ ဒုတိယစျာန်

ဒီဥဒယဗ္ဗယဉာဏ်ပိုင်းကျမှ ဗောဇ္ဈင်တရားတွေစရတဲ့သဘောကတော့ သူ့ရဲ့ရှေ့ပိုင်း ဝိပဿနာဉာဏ်မှာ ရှုမှတ်ဆဲမှာ ပေါ်လာပြီးနောက် ပျောက်ပျောက်သွားတာကို တွေ့ရလို့ မမြဲတဲ့တရားတွေ၊ ဆင်းရဲတဲ့တရားတွေ၊ သူ့သဘောအတိုင်းသူဖြစ်တဲ့တရားတွေလို့ သဘောကျပြီးတော့ သုံးသပ်ဆင်ခြင်မှု ဝိတက်ဝိစာရတွေက များတယ်။ များတော့ စိတ်ကသိပ်မကြည်သေးဘူး။ သဒ္ဓါတရားကလည်း သိပ်မဖြစ်သေးဘူး။ ပီတိတို့သိပ်မဖြစ်သေးဘူး။ ဒီအပိုင်းရောက်လာတဲ့အခါကျမှ ထူးထူးခြားခြား ဖြစ်လာတာ။ မဆင်ခြင်တော့ဘဲနဲ့ မှတ်ရုံသာ မှတ်နေရမှာ။ အလင်းရောင်တို့၊ ပီတိတို့၊ ပဿဒ္ဓိ၊ သုခ အစရှိတဲ့တရားအရသာထူးမျာ တွေ့ပြီးတော့ ပေါ်မှု၊ ပျောက်မှု ဖြစ်မှု ပျက်မှုတွေကို မှတ်သိနေတဲ့ နသော ဥဒယဗ္ဗယဉာဏ်ပိုင်းရောက်လာတဲ့အခါကျမှ စပြီးတော့ ဖြစ်ပါတယ်။ အဲဒါမှာ ဒုတိယစျာန် စပါပြီ။ ဝိပဿနာ ဒုတိယစျာန်ပေါ့လေ။ ဝိပဿနာဉာဏ် ဖြစ်စမှာတော့ ဆင်ခြင်သုံးသပ်မှုက ရှိနေတော့ အဲဒီဆင်ခြင်သုံးသပ်မှု ဝိတက်ဝိစာရဟာ လှုပ်ရှားတဲ့သဘော ရှိတယ်။ ရေလှုပ်နေလို့ရှိရင် မကြည်သလို သဒ္ဓါတရားဟာလည်း အဲဒီပထမစျာန်မှာ ကြည်လင်ခွင့် မရဘူး။

http://www.dhammadownload.com

ကောင်းတော့ ကောင်းပါတယ်

အခု နုသောဥဒယဗွယညာဏ်ပိုင်းရောက်တော့ မသုံးသပ်၊ မဆင်တော့ ဘဲနဲ့ ဆက်ပြီးတော့ ရှုမှတ်နေလို့ အဖြစ်အပျက်တွေကို ခပ်သွက်သွက် မြင်လာပြီဆိုရင် ထူးထူးခြားခြားကြီးပဲ မိမိရဲ့ စိတ်တွင်းသန္တာန်မှာ ကြည်လာတာ။ ပသာဒ သဒ္ဓါတွေ ဖြစ်လာတာ။ ယုံလည်း ယုံကြည်လာတာပဲ။ အဲဒီ အခါကျမှ သမာဓိဟာလည်းပဲ သူ့အဖော်ဖြစ်တဲ့ သဒ္ဓါတရား ရရှိတော့ ကောင်းကောင်းကြီး တည်ငြိမ်လာတာ။ သမာဓိလည်း ထူးထူးခြားခြား ကောင်းလာတယ်။ အဲဒီလို သဒ္ဓါတရား အဖော်ရလို့ တည်ငြိမ်တဲ့ သမာဓိ ဖြစ်လာပြီဆိုလို့ရှိရင် နှစ်သိမ့်အားရမှု ပီတိတို့ သုခတို့ တစ်ခါတည်း ပါလာတာပဲ။ ဒါကြောင့် ဒီစျာန်ကို ဝိတက်ဝိစာရတွေ ကင်းခြင်းကြောင့် မိမိရဲ့သန္တာန်မှာ ကြည်လင်မှုသဒ္ဓါနဲ့ တွဲပြီးတော့ သမာဓိကြောင့်ဖြစ်တဲ့ နှစ်သိမ့်အားရမှု ပီတိတို့ သုခတို့ ပါလာတတ်တယ်လို့ ကျမ်းဂန်များမှာ ပြပါတယ်။ ဒီအပိုင်းမှာဆိုလို့ရှိရင် တချို့ ဗဟုသုတ မရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်များတောင်မှ နည်းနည်းစိတ်လှုပ်ရှားတယ်။ တရားထူးရပြီလိုလို ဘာလိုလိုလည်း ထင်တတ်တယ်။ အဲဒီလို မထင်သည့်တိုင်အောင်တောင်မှ အခုအားထုတ်လို့ဖြစ်ပေါ်တဲ့ တရားအရသာကို သာယာစွဲလမ်းနေတတ်တယ်။ အဲဒါဟာ အတွင်းရပ်တယ်လို့ ခေါ်ပါတယ်။ အဲဒီလိုအတွင်းရပ်နေလို့ရှိရင် ယောဂီက ရှေ့မတက်တော့ဘူး။ ဒီတော့ တကယ်လို့ ချမ်းသာတာလေးတွေ၊ ကောင်းတာလေးတွေ ငြိမ့်တာလေးတွေ တွေ့လာလို့ရှိရင် မှတ်ရတယ်။ မမှတ်မိလို့ သာယာမိလို့ရှိရင်လည်း အဲဒီသာယာမှုကို ပယ်ဖျက်ပြီးတော့ ရှေ့တက်အောင် ကြိုးစားရတယ်။ အဲဒီလိုဆိုလို့ရှိရင် အတွင်း မရပ်တော့ဘူး။ အဲဒီအခါမျိုးမှာ ယောဂီကို ဒီတရားတွေက လွဲနေတယ်။ မကောင်းဘူးလို့ သွားပြောရင် မကြိုက်ဘူး။ ဒီတော့ သူ့ကို မျှော်လင့်ချက်ပေးပြီးတော့ တိုက်တွန်းရပါတယ်။ ကောင်းတော့ ကောင်းပါတယ်၊ အားထုတ်လို့ ဒီတရားတွေ တွေ့လာတာပဲ။ ဒါပေမဲ့လို့ ဒီထက် ကောင်းတာတွေ အများကြီး ရှိသေးတယ်။ ဆက်အားထုတ်ရဦးမယ်ဆိုတာ ကမ္မဋ္ဌာန်းဆရာများက ဆက်လက်ပြီးတော့ တိုက်တွန်းရတယ်။

http://www.dhammadownload.com

အတွင်းမရပ်ဖို့

အဲဒီလို ကမ္ဘာနှံးဆရာ ပြောလိုက်တဲ့အခါကျတော့ အလင်းရောင်ပိတိ ပဿဒ္ဓိ အစရှိတဲ့ တရားအရသာတွေကို စဉ်းစား၊ အားရ သဘောကျနေတာက ဒါ လမ်းမှားပဲ။ မှတ်ရုံသာ မှတ်နေတာကမှ လမ်းမှန်ပဲ။ မပြတ်မှတ်နေမှ ဉာဏ်တက်မယ်လို့ လမ်းမှန်နဲ့ လမ်းမှားကို သိနားလည်ပြီး ဆက်ရှုမှတ်တဲ့အခါမှာ ပိတိအရှိန်တွေက တဖြည်းဖြည်းကျပြီးတော့ နောက်ဆုံး ပိတိတွေ ပျက်သွားတယ်။ အဲဒီလို တရားအရသာတွေ အားရပြီးတော့ မနေတော့ဘဲနဲ့ မှတ်ရုံသာ ဆက်ပြီးတော့ မှတ်တဲ့အခါ ဖြစ်မှု ပျက်မှုလေးတွေကို သန့်သန့်ရှင်းရှင်းလေး သိလာတတ်တယ်။ သတိတွေလည်းပဲ ထူးထူးခြားခြားကောင်းလာတတ်တယ်။ ဉာဏ်လည်းပဲ ထူးထူးခြားခြားကောင်းလာတတ်တယ်။ ဒီအခါမျိုးမှာ ဘက်မျှတဲ့ဥပေက္ခာသဘောလေးတွေဟာ ပိုပြီးတော့ ပီသလာပါပြီ။ ပိုပြီးတော့လည်းပဲ ရှင်းလာပါပြီ။ အဲဒီအခါမျိုးမှာ နေရထိုင်ရတာလည်းပဲ သိပ်ချမ်းသာလာတာ။ သုခဆိုတာ သိပ်ထူးခြားလာတာ ပိုပြီးတော့လည်းပဲ ထိုင်နိုင်လာတယ်။ ပိုပြီးတော့လည်းပဲ လမ်းလျှောက်နိုင်လာတယ်။ ပြီးတော့ ကိုယ်ထဲမှာ ရုပ်ကောင်း၊ ရုပ်သန့်လေးတွေ ပိုပြီးတော့လည်း ထူးခြားလာတတ်ပါတယ်။ ဒါပေမဲ့ ဒီအပိုင်းမှာလည်းပဲ ယောဂီကတော့ နည်းနည်းတော့လည်း သဘောကျသေးတာပဲ။ အဲဒီလို သဘောကျနေလို့ရှိရင်လည်းပဲ ရှေ့မတက်ပြန်ဘူး။ အဲဒီချမ်းသာတာလေးတွေလည်းပဲ မှတ်ပေးဖို့ လိုပါတယ်။ အထူးအားဖြင့် တည်ငြိမ်တာလေးတွေကိုလည်း မှတ်ပေးဖို့ လိုပါတယ်။ ပြတ်ပြတ်သားသား သိမြင်တဲ့ ဉာဏ်လေးတွေကိုလည်းပဲ မှတ်ပေးဖို့ လိုပါတယ်။

ငြိမ့်ကောင်း

ဒီအပိုင်းမှာ ဘုရားအစရှိတဲ့အရိယာပုဂ္ဂိုလ်တွေက အဲဒီလို အခြေအနေရောက် နေတဲ့ ယောဂီကို ချီးကျူးကြတယ်။ မျှမျှတတ ဥပေက္ခာ သဘောမျိုးနဲ့ လည်းပဲ နေနိုင်ပါပေတယ်။ သတိလည်းပဲ ထူးထူးခြားခြား ကောင်းပြီးတော့ အသိတွေကလည်းပဲ ပြတ်ပြတ်သားသားရှိလှပါပေတယ်။ ချမ်းချမ်းသာသာ

http://www.dhammadownload.com

လည်း နေနိုင်ကြပါပေတယ်လို့ ခိုးကျူးကြတယ်။ အဲဒီလို ဆက်လက်ပြီးတော့ ရှုမှတ်နေလို့ရှိရင် နောက်တော့ လက်၊ ခြေ၊ ခေါင်း၊ ပုံသဏ္ဌာန်တွေ ကင်းပြီးတော့ ပေါ်လာတဲ့အာရုံရဲ့ အစပိုင်း မထင်တော့ဘဲနဲ့ အဆုံးပိုင်းပဲ ခပ်သွက်သွက် မြင်လာတယ်။ ဒါ ဘင်္ဂဉာဏ်ပိုင်း စလာပြီ။ အဲဒီလို မြင်တဲ့အချိန်ကစပြီးတော့ ခုန ချမ်းသာတဲ့ သဘောလေးတွေဆိုတာ မရှိဘူး။ ချမ်းသာတဲ့ သဘောတရားမှာ ဆုံးခဲ့ပြီ။ ဒါ ခေါင်ထိပ်ပဲ။ အချမ်းသာဆုံးက တတိယစျာန်က အချမ်းသာဆုံးပဲ။ ဘင်္ဂဉာဏ်ပိုင်းကစပြီးတော့ နောက်ဆုံးသခိါရုပေက္ခာဉာဏ်ပိုင်းအထိ သုခ ပါမလာတော့ဘူး။ ပြုတ်ကျန်နေခဲ့ပြီ။ အလိုက်သင့် တရိပ်ရိပ်နဲ့ ကုန်ဆုံးပျောက်ပျက်တာလေးတွေကိုပဲ မှတ်လို့ကောင်းလာတော့တယ်။ အဲဒီအခါမှာ ဥပေက္ခာနဲ့ ဧကဂ္ဂတာ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံတဲ့ စတုတ္ထ စျာန် စတော့တာပဲ။

စတုတ္ထစျာန် ဆက်ဟောဖို့ ရှိပါတယ်။ ဒါပေမဲ့ စတုတ္ထစျာန် ဆက်ဟောရင် နည်းနည်းလေး ကျယ်ကျယ်ပြန့်ပြန့်မှ သူ့ရဲ့ဂုဏ်ရည်တွေ ပေါ်မှာပါ။ အချိန်က တော်တော်လေး လွန်သွားပါပြီ။ ဒီနေ့ တတိယစျာန်မှာပဲ ခဏရပ်ထားပြီးတော့ ဒီဝိပဿနာ စတုတ္ထစျာန်အခန်းမှာ တကယ်ငြိမ့်ကောင်းတဲ့ တရားတွေတွေ့ပုံလေးတွေ မနက်ဖြန်ကျမှဆက်ပြီးတော့ ရှင်းပြပါမယ်။ မနက်ဖြန်တော့ တရားအား အဆုံးသတ် ဟောဖို့ပါပဲ။

သာဓု. . . သာဓု. . . သာဓု. . . ။

ရင့်သော ဥဒယဗ္ဗယဉာဏ်နဲ့ တတိယစျာန်

စတုတ္ထစျာန်ကို ဆက်ပြီးဟောပါမယ်။ တတိယစျာန်ကတော့ 'ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော သမ္မဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ " စသည်ဖြင့် ညက ပြောခဲ့ပါတယ်။ တတိယ စျာန် မှာ ပီတိတွေ မရှိတော့ဘူးတဲ့။ ပီတိသာ မဟုတ်ဘူး။ ဝိတက်ဝိစာရလည်း မရှိတော့ဘူး။ အဲဒီအခါမှာ သတိကလည်း ထူးထူးခြားခြား ကောင်းလာတယ်။ အသိကလည်းပဲ ထူးထူးခြားခြား ကောင်းလာတယ်။ သုခက ပိုပြီးတော့ ပေါ်လွင်လာ

http://www.dhammadownload.com

တယ်။ ချမ်းသာ ပိုပြီးတော့ ပေါ်လွင်လာတယ်။ တရားထိုင်ရတာ အင်မတန် ချမ်းသာတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းမှာ အရိယာပုဂ္ဂိုလ်များ သက်သောင့်သက်သာနဲ့ သတိတွေ မြဲပြီးတော့ အသိတွေလည်းပဲ ရှင်းပြီးတော့ ချမ်းသာစွာ နေနိုင်ပါပေတယ်လို့ ယောဂီကို ခီးမွမ်းကြပါတယ်။ အဲဒါ တတိယစျာန်ပေါ့။ အဲဒီ တတိယစျာန်က ရင့်သော ဥဒယဗ္ဗ ယ ဉာဏ်ပိုင်းမှာ ဖြစ်ပါတယ်။

နွားမကြီးနဲ့ နွားလေး

အဲဒီ တတိယစျာန် ချမ်းသာဟာ ပိတိက မကင်းသေးလို့ရှိရင် ပြီးတော့ အထူးရှုမှတ်ပြီးတော့ စောင့်ရှောက် မပေးလို့ရှိရင် ပိတိ ဆီပြန်ပြန်ပြီးတော့ ရောက်သွားတတ်တယ်။ အဲဒါတွေကိုလည်းပဲ သာယာပြီးတော့ မခွာနိုင်ဖြစ်ရင် အဲဒီ ဒုတိယစျာန်က မတက်ဘူး။ ဒီအတိုင်း ဒီအတိုင်းပဲ ဖြစ်နေတော့တာပဲ။ ဒီအခါမှာ အထူးစူးစိုက်ပြီးတော့ နှစ်သိမ့်ရင် နှစ်သိမ့်တယ် စသည်ဖြင့် မှတ်မှတ်ပေးရတယ်။ မှတ်ပြီးတော့ ပိတိက အရှိန်ပြေပြီးတော့ ထူးထူးခြားခြားကြီး တရားအရသာတွေ တွေ့လာတယ်။ လူတွေဆိုတာမျိုးက သုခ သိပ်ကြိုက်တာ။ အဲလို လှုပ်လှုပ်ရှားရှားလေးနဲ့ဆို သိပ်ကြိုက်တာ။ လှုပ်လှုပ်ရှားရှားလေးနဲ့ ကြိုက်နေလို့ရှိရင်တော့ ကြောင့်ကြမပြုရဘဲနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ အေးချမ်းတဲ့ ချမ်းသာ ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူး။ ဒီနေရာဌာနမှာ ကျမ်းဂန်များမှာ ဥပမာပေးထားတာ နို့စို့တဲ့နွားငယ်လေးများ သူ့ကိုချည်မထားလို့ရှိရင် သူကို ဖယ်ရှားမထားလို့ရှိရင် နွားမကြီးထဲ ချဉ်းကပ်တော့ လူတွေမှာ နွားနို့မရတော့ဘူး တဲ့။ ဒီတော့ နွားလေးကို ဖယ်ထားရတယ်။ နွားလေးဖယ်ထားမှ ဒီနွားလေးဟာ နွားမကြီးထဲ မချဉ်းကပ်တော့ နွားနို့ရနိုင်တယ်။ နွားနို့ အရသာရနိုင်တယ်။ အဲဒီလို ဥပမာလေး ပေးထားပါတယ်။ ဒါကြောင့်မို့လို့ ပိတိဟာ နွားလေးနဲ့ တူတယ်။ တတိယစျာန်ကတော့ နွားမကြီးနဲ့တူတယ်။ အဲဒီ နွားနို့ အရသာ ခံစားရတဲ့ပုဂ္ဂိုလ်များကတော့ တတိယစျာန် ချမ်းသာကို ခံစားတာနဲ့ တူတယ်။ အဲဒီ ဥပမာလေး ပေးထားပါတယ်။ ဒီနေရာမှာ ကျကျနန ဖြေရှင်းပြီးတော့ ဟောချင်ပါတယ်။ ဒါပေမဲ့လို့ သိပ်ပြီးတော့ အချိန်မရပါဘူး။

http://www.dhammadownload.com

အသစ် မတိုးတဲ့သုခ

ဒီ တတိယစျာန် ချမ်းသာဟာ အသစ်မတိုးတဲ့သုခလို့ ကျမ်းဂန်များမှာ ဒီအတိုင်းပြပါတယ်။ အသစ်မတိုးတဲ့ သုခဆိုတာ အလွန်ချိုမြိန်တဲ့ ချမ်းသာလို့ ဆိုတယ်။ ဒီမှာက ဘာဖြစ်လို့ ချိုမြိန်ရသတုံးလို့ဆိုတော့ တတိယစျာန်မှာ သုခက ခေါင်ထိပ်ရောက်သွားပြီ။ တတိယစျာန်မှာ သုခက ခေါင်ထိပ်ပဲ။ ဟိုဘက်မှာ ဆိုရင် သုခ မရှိတော့ဘူး။ ဒီလို ခေါင်ထိပ်ရောက်နေတဲ့ သုခကို တတိယစျာန်အခိုက်အတန့်မှာ ဘာဖြစ်လို့ မသာယာမိသတုံးဆိုတော့ သတိနဲ့ပညာက သိပ်ကောင်းတာ။ မလွတ်တမ်းလည်း မှတ်နိုင်ပါယ်။ မလွတ်တမ်းမှတ်နိုင်သလောက် သိလည်းသိနေတာပဲ။ မှတ်ပြီးတော့ သိနေတော့ အလွန်ချိုမြိန်တဲ့ ချမ်းသာအပေါ်မှာ သာယာမှု မဖြစ်ဘူးတဲ့။ ဒီလို ဆိုမိန့်ချက်ရှိပါတယ်။ လက်တွေ့အနေအားဖြင့် ဟုတ်လည်း ဟုတ်ပါတယ်။ ရင့်သော ဥဒယဗ္ဗယညာဏ်ပိုင်း ရောက်လာလို့ရှိရင် ယောဂီက မသာယာတော့ဘူး။ ဆက်ပြီးတော့သာအမှတ်ကလေးတွေ သွက်သွက်သွက်သွက်နဲ့ အရှိန်နဲ့ တက်ပြီးတော့ သူဟာနဲ့သူသွားနေတာပဲ။ သိပ်ထင်ရှားတယ်။ အဲဒီလို သတိကလည်းကောင်းကောင်း အသိကလည်း ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ် ရှုတိုင်းမလပ် သိသိ သိသိလာတယ်။ ရှုမှတ်ပြီးတော့ သိလာတယ်။

ဘင်္ဂဉာဏ်

ရှုမှတ်ဖန်များတဲ့အခါကျတော့ အရှုခံအာရုံရဲ့အစဖြစ်ပေါ်မှု မထင်ရှားတော့ဘူး။ အဆုံးပိုင်းပဲ တွေ့တော့တာပဲ။ ပြီးတော့ လက်၊ ခြေ၊ ခေါင်း၊ ပုံသဏ္ဌာန် စသည်တွေကလည်းပဲ မထင်ရှားတော့ဘူး။ မထင်ရှားတော့ ယောဂီက ရှုမိရာအာရုံရဲ့ အဆုံးပိုင်းလေးလောက်သာ တွေ့နေတော့ မရှိတာတွေမှတ်နေရသလိုဖြစ်ပြီး သူဟာ တရားတွေကျသွားသလိုလို ဘာလိုလို မကောင်းဘူးလို ဖြစ်သွားတယ်။ အရင်လို မချမ်းသာတော့ဘူး။ အင်း. . . သွက်သွက်သွက်သွက်နဲ့ တစ်ခါတည်း တစ်ရှိန်တည်း ဖြစ်လာတာကိုး။ ပြီးတော့ လက်၊ ခြေ၊ ခေါင်း၊ ပုံသဏ္ဌာန်တွေကလည်း မရှိဘူးဆိုတော့ မှတ်ရတာဟာ အရသာမရှိသလို ဖြစ်သွားတယ်။ မချမ်းသာသလို ဖြစ်သွားတယ်။ အဲဒီမှာ သုခ အလို

http://www.dhammadownload.com

လို ပြုတ်သွားတာပဲ။ ဒါပေမယ်လို့ ဒီအခါကျမှ ဉာဏ်ကပိုရှင်းလာတာ။ ရှင်းပုံကတော့ စောစောပိုင်းက ဉာဏ်တွေ ဆိုလို့ရှိရင် လက်၊ ခြေ၊ ခေါင်း၊ ပုံသဏ္ဌာန်တွေ ပါနေတော့ ပညတ်တွေနဲ့ တွဲနေတော့ မရှင်းသေးဘူး။ ပရမတ္ထသဘောလည်း သိသလောက်တော့ သိပါတယ်။ တော်တော်လေး ရှင်းရှင်းတော့ သိပါတယ်။ ဒါပေမဲ့ ပညတ်တွေနဲ့ တွဲနေတော့ မရှင်းသေးဘူး။ ဒီအပိုင်းက လက်၊ ခြေ၊ ခေါင်း၊ ပုံသဏ္ဌာန် ပညတ်တွေ ကင်းပြီးတော့ အရှုအာရုံရဲ့ နောက်ဆုံးအပျက်ပိုင်းကိုသာ တွေ့တာ။ ရှင်းလာတာ။ ပရမတ်ချည်း သက်သက်ပေါ်လာတာ။ အရှုခံအာရုံကလည်း ပရမတ်သက်သက်၊ ရှုတာကလည်းပဲ ပရမတ်သက်သက်၊ ဉာဏ်ကလည်းပဲ သိပ်ပြီးတော့ ထက်မြက်လာတော့ သူ့ဟာသူ အလိုလိုပဲ မှတ်သလို ဖြစ်ဖြစ်သွားတယ်။ အရှုခံ အာရုံလေးတွေကလည်းပဲ အလိုက်သင့် သူ့ဟာသူ ပေါ်ပေါ်ပေါ်ပေါ်ပေးနေသလို ဖြစ်နေတယ်။ အစပိုင်းမှာ မကောင်းသလို ဖြစ်နေပေမယ်လို့ နောက်ပိုင်း အရှိန်ရသွားတဲ့ အခါကျတော့ သူ့ဟာသူ အလိုက်သင့်လေး အေးအေးဆေးဆေးလေး တစ်ခါတည်းကောင်းသွားတာပဲ။ အဲဒီလို မှတ်တိုင်းမှာ အာရုံရော မှတ်စိတ်ပါပျောက်ပျောက် ပျောက်ပျောက်ပြီးတော့ သွားတဲ့အပိုင်းကို ဘင်္ဂဉာဏ်ပိုင်း ခေါ်ပါတယ်။

သုခ၊ ဒုက္ခ မရှိတော့

သုခမရှိတော့ ဒုက္ခရော ရှိနေသလားဆိုတော့ ကိုယ်ထဲက မခံသာမှု ဒုက္ခလည်း မရှိဘူး။ အဲဒါလည်းပဲ ကင်းသွားတယ်တဲ့။ ပီတိကလည်း မရှိတော့ဘူးဆိုတော့ တတိယစျာန်ထဲက ပီတိက ပြုတ်သွားပြီ။ စတုတ္ထစျာန် ရောက်တော့ ပီတိက အရှင်းကိုမရှိတော့ဘူး။ ပီတိရှိမှ စိတ်နှလုံးချမ်းသာမှု သောမနဿဆိုတာ ဖြစ်တာပဲ။ ပြီးတော့ ဒေါမနဿခေါ်တဲ့ စိတ်နှလုံး မချမ်းသာမှုကလည်းပဲ နုသောဥဒယဗ္ဗယဉာဏ်ပိုင်းလောက်ထဲက ကုန်ပါပြီ။ အထူးအားဖြင့် ရင့်သော ဥဒယဗ္ဗယဉာဏ်ပိုင်းလောက်မှာဆိုရင် စိတ်နှလုံးမချမ်းသာမှုဆိုတာ အရှင်းကို မရှိတော့ဘူး။ စောစောထဲကိုက ဒီ သောမနဿခေါ်တဲ့ ဝေဒနာ၊ ဒေါမနဿ ခေါ်တဲ့ ဝေဒနာတွေ နှစ်မျိုးစလုံး ဝေဒနာတွေဟာ

http://www.dhammadownload.com

အကုန်လုံး ချုပ်ခဲ့ပြီ။ ဒီတော့ ဒီစျာန်ဖြစ်တဲ့အခါ စေတသိကသုခနဲ့ စေတသိက ဒုက္ခ ချုပ်နှင့်နေပြီ။ အခုလောလောဆယ်လည်း ကာယိကသုခနဲ့ ကာယိက ဒုက္ခလည်း မရှိတော့ဘူးဆိုတော့ အဒုက္ခ မသုခ ဆိုတာ ထင်ရှားသွားပြီ။ အဒုက္ခ ဒုက္ခလည်း မရှိဘူး။ အသုခ သုခလည်း မရှိဘူး။ ဒုက္ခမရှိ၊ သုခမရှိတဲ့ ဥပေက္ခာ သဘောဆိုတာ ဒီမှာပေါ်လာတယ်။ ဒီအခါမှာ ရှုမှတ်မှု သတိဟာ လုံးဝကို စင်ကြယ်လာတယ်တဲ့။ ဒီလို ဆိုပါတယ်။

ဥပေက္ခာနဲ့သတိ

ဘယ်သူက လုပ်ပေးလို့ လုံးဝစင်ကြယ်လာသတုံးဆိုတော့ ဗောဇ္ဈင် ၇ ပါးထဲမှာ နောက်ဆုံး ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတာ ပြောခဲ့ပါ တယ်။ စေတသိက်ကတော့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ။ အဲဒီ တတြမဇ္ဈတ္တတာခေါ်တဲ့ ဥပေက္ခာ သမ္ဗောဇ္ဈင်ကြောင့် ဖြစ်ပေါ်လာတဲ့သတိဟာ သိပ်ကို စင်ကြယ်လာတာ ဘယ်လောက်အထိ စင်ကြယ်သလဲဆိုရင် မှုန်မှုန်မွှားမွှားလေးတွေက အစ အကုန်လုံး မိမိရရ မှတ်နိုင်လာတယ်။ လွတ်တယ်လို့ကို မရှိလောက်အောင်ကို မိလာတာ။ အဲဒါကို စင်ကြယ်လာတယ် ခေါ်တယ်။ အထူးအားဖြင့် သခ်ါရုပေက္ခာဉာဏ်ပိုင်းရောက်တဲ့အခါ တော်တော်ကြီးသိမ်မွေ့တဲ့အာရုံလေးတွေကိုပဲ သိလာတာ။ သိလာတာဟာ သတိစင်ကြယ်လာလို့ပေါ့။ ခုန ဥပေက္ခာ သမ္ဗောဇ္ဈင်ရဲ့ အစွမ်းကြောင့် ဖြစ်ပေါ်လာတဲ့ သတိ လုံးဝစင်ကြယ်လာလို့ ဒီလိုအနေ ရောက်လာတာ။

ဥပေက္ခာရဲ့ အနှောင့်အယှက်

ရှေးစျာန်တွေမှာလည်းပဲ ခုန တတြမဇ္ဈတ္တတာ ခေါ်တဲ့ ဥပေက္ခာ သမ္ဗောဇ္ဈင် ကတော့ ပါသလောက်တော့ ပါနေပါတယ်။ ဒါပေမယ်လို့ ပထမစျာန်မှာ ဝိတက်နဲ့ ဝိစာရ နှောင့်ယှက်မှုကြောင့် သူဟာ မပေါ်လွင်လှပါဘူး။ သမ္ဗောဇ္ဈင်အပိုင်း မရောက်သေးသလောက် ဖြစ်နေပါတယ်။ ပါသလောက်တော့ ပါနေပါတယ်။ နောက် ဒုတိယစျာန်ရောက်တဲ့အခါမှာလည်း ပီတိရဲ့

http://www.dhammadownload.com

နှောင့်ယှက်မှုကြောင့် ခုန ဥပေက္ခာသမ္ဗောဇ္ဈင်ဟာ ပေါ်လွင်သင့်သလောက် မပေါ်လွင်ပါဘူး။ ဒီထဲမှာ သုခတို့ ဘာတို့ ကလည်းပဲ ပါနေသေးတယ်။ ဝမ်းမြောက်မှုတို့ကလည်းပဲ ပါနေသေးတယ်။ တတိယစျာန်အခိုက်အတန့်မှာလည်းပဲ သိပ်ပြီးတော့ ချမ်းသာနေတာကိုး။ အတိမဓုရ ဆိုတာ အလွန် ချမ်းသာတာ။ အဲဒီသုခက ပါနေတော့ သူ့ရဲ့နှောင့်ယှက်မှုကြောင့် တတြမဇ္ဈတ္တတာ၊ ဥပေက္ခာသမ္ဗောဇ္ဈင်က သိပ်မပေါ်လွင်သေးဘူး။

လမိုက်ညက လလို

နောက် စတုတ္ထစျာန်ရောက်တဲ့အခါကျတော့ ခုနစောစောပိုင်းက တရားတွေ အကုန်လုံး ကင်းစင်ပြီးတော့ အဒုက္ခ မသုခ ဆိုတာ ဝင်လာတယ်။ အဲဒီ အဒုက္ခ မသုခနဲ့ ပူးပေါင်းလိုက်တဲ့အခါမှာ ဥပေက္ခာသမ္ဗောဇ္ဈင်ခေါ်တဲ့ တတြမဇ္ဈတ္တတာဟာ သိပ်အားကောင်းသွားတာ။ နေ့ခင်းဘက်မှာ နေရောင်က ရှိနေတော့ လအရေးဟာ မထင်ရှားဘူး။ ညဘက်ရောက်တဲ့အခါကျမှ အဲဒီလရဲ့အရေးဟာ ညမှောင်မိုက်ရတဲ့အတွက် ပိုပြီးတော့ တောက်တောက်ပပနဲ့ ထင်ရှားလာသလို အခု တတြမဇ္ဈတ္တတာခေါ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ဟာ ညမှောင်မိုက်နဲ့တူတဲ့ ဥပေက္ခာ အဖော်ရလိုက်တာနဲ့ပဲ သိပ်အားကောင်းလာတာ။ တောက်တောက်ပပ တစ်ခါတည်း ဖြစ်လာတာ။ အဲဒီ တတြမဇ္ဈတ္တတာခေါ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ကြောင့် ဖြစ်ပေါ်တဲ့သတိတဲ့ သိပ်စင်ကြယ်တာ။

ဒီစတုတ္ထစျာန် ချမ်းသာဟာ ဉာဏ်ဆိုင်ရာတွေထဲမှာဆိုရင်တော့ ဘင်္၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါဉာဏ်ပိုင်းအထိ သိပ်ပြီးတော့ မရှင်းလင်းလှသေးပါဘူး။ သိပ်ပြီးတော့ အားမကောင်းလှသေးပါဘူး။ သင်္ခါရုပေက္ခာဉာဏ်ပိုင်းလောက်အထိ ရောက်သွားပြီဆိုရင်တော့ သိပ်အားကောင်းလာတယ်။ သင်္ခါရုပေက္ခာဉာဏ်ပိုင်းဆိုတာ အထူးကြောင့်ကြမပြုဘဲနဲ့ အလိုလို ထင်ပေါ်လာတဲ့ သင်္ခါရတရားတို့ကို အညီအမျှ ရှုနိုင်တဲ့ အပိုင်းကို သင်္ခါရုပေက္ခာဉာဏ်ပိုင်းလို့ ခေါ်တယ်။ အဲဒီအပိုင်းရောက်တဲ့အခါ အလွန်ကို ထင်ရှားပါတယ်။

http://www.dhammadownload.com

ဆဋ္ဌဂုံပေကွာ

အဲဒီ ဥပေက္ခာသတိပါရိသုဒ္ဓိ တတြမဇ္ဈတ္တတာ ဥပေက္ခာကြောင့် ဖြစ်တဲ့ သတိဟာ လုံးဝစင်ကြယ်တယ်ဆိုတော့ သိမ်သိမ်မွေ့မွေ့ အရာလေးတွေကို မှတ်နိုင်ပြီး ပိုင်းပိုင်းခြားသိနေတာ။ အဲဒီလောက်အထိ ကောင်းတာ။ အဲဒီ အခါကျလို့ ရှိရင် ဆဋ္ဌဂုံပေကွာဆိုတာ ဖြစ်လာတယ်။ ကြုံတွေ့ရတဲ့ အာရုံ ၆ ပါးနဲ့စပ်ပြီးတော့ ဝမ်းသာစရာ၊ သာယာစရာတွေနဲ့လည်းပဲ ဝမ်းမသာတော့ ဘူး။ မသာယာတော့ဘူး။ ဝမ်းနည်းစရာ၊ စိတ်အပျက်စရာ၊ စိတ်ဆိုးစရာနဲ့တွေ လည်းပဲ ဝမ်းနည်းစိတ်ဆိုးမှု မရှိတော့ဘူး။ အညီအမျှ ရှုနိုင်တယ်။ ဘာ ဖြစ်လို့ အညီအမျှ ရှုနိုင်သတုံးဆိုတော့ ထက်မြက်တဲ့သတိက အမြဲတမ်း ပါပြီးတော့ အဲဒါလေးတွေ သိသိသိသိနေတာ။ ပျောက်ပျောက်သွားတာလေး တွေ သိနေ တာ။ ဒါကြောင့်မို့လို့ ဒီအခါမှာ ယောဂီက သိပ်ကို ငြိမ်သက်လာတာ။ ဘယ် လောက်အထိ ငြိမ်သက်လာသလဲ ဆိုလို့ရှိရင် ရဟန္တာစိတ်နဲ့ မခြား အင်မတန် သန့်ရှင်းလာတယ်လို့ ကျမ်းဂန်များမှာ မိန့်ဆိုပါတယ်။ ယောဂီတွေ အတွေ့နဲ့ လည်းပဲ မှန်လည်း မှန်နေပါတယ်။ တစ်ခါတစ်ခါမှာ ဖောင်းတာ ပိန်တာတွေ ပျောက်သွားလို့ ထိုင်တာ ထိတာတွေ မှတ်ရ။ တစ်ခါတစ်ခါမှာ ထိုင်တာ ထိ တာပါ ပျောက်သွားတယ်။ စိတ်ကလေးတင် ကျန်နေတယ်။ အဲဒီ စိတ်ကလေး ကလည်း မှုန်မှုန်မွှားမွှားလေးပဲ။ စိတ်ကလေးတွေ မှတ်မှတ် မှတ်မှတ်နေရ တော့ တစ်ခါတစ်ခါမှာ အဲဒီ စိတ်ကလေးက မရှိ တရှိဖြစ်နေတာ။ အလွန်ကို သိမ်မွေ့နေတာပဲ။ အဲဒီအပိုင်းကို အေးအေးဆေးဆေးလေးရောက် သွားတာ။ အဲဒါ အဒုက္ခ မသုခ ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်၊ ဒုက္ခ သုခ မရှိတဲ့ ဥပေက္ခာ သတိပါရိသုဒ္ဓိ စတုတ္ထဈာန်တဲ့။ အဲဒီမှာ ခေါင်ထိပ် ရောက်သွားတာ ပဲ။

ဘယ်ကရောဂါ လာနိုင်မလဲ

အဲဒီအခိုက်အတန့် ဖြစ်တဲ့ စိတ်ထားလေးဟာ ရဟန္တာစိတ်ထားနဲ့ တူ တယ်သာ ပြောတာနော်။ ရဟန္တာဖြစ်သွားပြီလို့ ပြောတာ မဟုတ်ဘူး။ အဲဒီ စိတ်ကလေးတွေ သက်သက်မှတ်ရတဲ့အခါမျိုးမှာ နဂိုက ရောဂါရှိတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

တွေ ဘယ်လိုနေမလဲ။ ရောဂါဘယ်က လာမလဲ။ စဉ်းစားစမ်းပါ။ ကိုယ်ပုံလည်း မရှိဘူး။ ထိုင်နေသလားဆိုတာလည်းပဲ ဒီလိုအခြင်းအရာလည်း မရှိဘူး။ ပြီးတော့ ရုပ်သဘောတွေဆိုတာလည်း မရှိဘူး။ စိတ်သက်သက်ကလေး ကျန်နေတာ ဘယ်က ရောဂါလာနိုင်မလဲ။ အဲဒီအခါမျိုးမှာ ယားနာရှိတဲ့ ပုဂ္ဂိုလ်များမပြတ် လက်နဲ့ကုတ်နေရတာတောင် အဲဒီအခါမျိုး ယားနာ ပေါ်မလာဘူး။ ရောဂါတွေ ကင်းနေတာ သိပ်ထူးခြားတာပဲ။

စျာန် ၄ မျိုးနဲ့ ချမ်းသာ

ပြောစရာတွေကတော့ အများကြီးရှိပါတယ်။ ဒါပေမဲ့ အချိန်က မရဘူး။ အားလုံး ဒီမှာစျာန်ချမ်းသာကို ချဲ့ထွိုက်လို့ရှိရင် (၄)ပိုင်း ပိုင်းလိုက်လို့ရှိရင် ပထမစျာန်ချမ်းသာက 'ဝိဝေကဇ သုခ' လို့ ခေါ်တယ်။ နိဝရဏတရားတွေ ကင်းဝေးစင်ကြယ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ စျာန်ချမ်းသာတဲ့။ အဲဒါက ပထမစျာန်မှာ ထင်ရှားပါတယ်။

ဒုတိယစျာန်ကိုတော့ 'သမာဓိဇ ပီတိသုခ' လို့ ခေါ်ပါတယ်။ သမာဓိအရှိန်ကြောင့် ဒုတိယစျာန်မှာ သမာဓိက တော်တော် ကောင်းလာပါတယ်။ အဲဒီ သမာဓိအရှိန်ကြောင့်ဖြစ်ပေါ်တဲ့ ပီတိသုခပါတဲ့ ချမ်းသာ။

တတိယစျာန်ကိုတော့ 'ကာယသုခ' လို့ ပြောထားပါတယ်။ ပီတိ မပါတော့ဘူး။ ပီတိပြုတ်သွားတဲ့ချမ်းသာပေါ့လေ။ ပီတိနဲ့တွဲနေတုန်းက ဒီလောက် မကောင်းဘူး။ ပီတိပြုတ်ကျသွားတဲ့အခါကျတော့ သိပ်ကောင်းလာတယ်။ အတိမဓုရ ဆိုတာပေါ့။ အလွန်ချိုမြိန်တဲ့ချမ်းသာ ဟိုဘက်ဆိုရင် အဲဒီ ချမ်းသာမျိုး မရှိတော့ဘူး။ ဒါ ချမ်းသာ ခေါင်ထိပ်ပဲ။ အဲဒီ ချမ်းသာကို တတိယစျာန်မှာတော့ ကာယသုခ ချမ်းသာလို့ ခေါ်ပါတယ်။ စျာန်ချမ်းသာလို့ ခေါ်ပါတယ်။

စတုတ္ထစျာန်ကတော့ သတိတွေကလည်းပဲ ထူးထူးခြားခြား ကောင်းလာတယ်။ အသိတွေကလည်းပဲ ထူးထူးခြားခြား ကောင်းလာတယ်။ သတိနဲ့ သမ္မဇည သိပ်ကောင်းတာ။ အထူးအားဖြင့် တတြမဇ္ဈတ္တတာ ဥပေက္ခာ သမ္ဘောဇ္ဈင် က ဒီမှာ အားပြည့်လာတာကိုး။ အဲဒီအားပြည့်လာတဲ့ ဥပေက္ခာ သမ္ဘောဇ္ဈင်ကြောင့် ဖြစ်တဲ့သတိဆိုလို့ရှိရင် ဉာဏ်လည်း အကုန်လုံး ဒီထဲ ပါ

http://www.dhammadownload.com

သွားပါတယ်။ သတိ ဦးစားပေး ခေါင်တပ်ပြီးတော့ ပြောထားတာပါ။ သတိတို့၊ ဉာဏ်တို့၊ သမာဓိတို့ အကုန်လုံး ဒီထဲမှာ စုံသွားပါတယ်။ အထူးအားဖြင့် သတိကောင်းတော့ ဉာဏ်လည်း ကောင်းလာတာပါပဲ။ အဲဒီချမ်းသာကို 'ဉာဏသုခ' လို့ ခေါ်ပါတယ်။

ငြိမ်းကောင်း

ဒါပေမယ်လို့ အခုပြောခဲ့တဲ့ ချမ်းသာတွေက သခ်ါရနယ်ထဲက ချမ်းသာတွေလောက်ပဲ ရှိပါသေးတယ်။ ငြိမ့်ငြိမ့်ငြိမ့်ငြိမ့်နဲ့ ကောင်းနေတဲ့ ချမ်းသာ၊ စိမ့်စိမ့်စိမ့်စိမ့်နဲ့ အေးချမ်းပြီးတော့ ကောင်းနေတဲ့ချမ်းသာ၊ သက်သောင့်သက်သာလေးငြိမ်ပြီးတော့ ကောင်းနေတဲ့ ချမ်းသာ အဖြစ်အပျက်မကင်းသေးဘူး။ တကယ့်ချမ်းသာ မဟုတ်သေးဘူး။ ငြိမ်းပြီးတော့ ကောင်းသွားတဲ့ ချမ်းသာမှ တကယ်ချမ်းသာပဲ။ အဲဒီမှာ အဖြစ်အပျက်တွေ ရပ်သွားတာပေါ့လေ။ ရူစရာနဲ့ ရူတာ အာရုံလေးတွေ ရပ်ပြီးတော့ ငြိမ်းသွားတဲ့ ချမ်းသာမျိုးမှ ကောင်းတာ။ **အဲဒါကတော့ 'သန္တိသုခ' လို့ ခေါ်ပါတယ်။ အဲဒီ သန္တိသုခ နိဗ္ဗာန် ကူးသွားပုံလေးတော့ အသေးစိတ် ပြောလို့ မဖြစ်ပါဘူး။** နောက် **အကြောင်းညီညွတ်တဲ့** အခါကျမှပဲ အခွင့်သာလို့ရှိရင် ပြောရဦးမှာပေါ့။ ဘာလို့လဲဆိုတော့ ဒီမှာ စိမ်းတဲ့ယောဂီတွေကလည်း ရှိနေသေးတယ်။ ဉာဏ်မပြည့်တဲ့ယောဂီတွေကို အသေအချာ Detailပြောရင် သူတို့မှာ အနှောင့်အယှက်ဖြစ်ဖွယ်ရာ ရှိပါတယ်။ ဒါလောက်ပဲ ပြောပါရစေတော့။ အဲဒီ သန္တိသုခရသွားတဲ့အခါမှာ အဲဒီ ရသွားတဲ့ပုဂ္ဂိုလ်ဟာ သူများအတွက်တော့ ကလျာဏမိတ္တ တကယ်အစစ်ဖြစ်သွားပါပြီ။ အဲဒီ ကလျာဏမိတ္တမှာ ပြည့်စုံရမဲ့အင်္ဂါတွေကို ညတော့ ဆက်ဟောပါမယ်။

ဒီနေ့ ဒါပဲ တော်ကြပါတော့။

သာဓု. . . သာဓု. . . သာဓု. . . ။

မိတ်ဆွေ အင်္ဂါ ၇ ပါး

ကလျာဏမိတ္တအကြောင်း ဟောပါမယ်။ ဒီ ကလျာဏမိတ္တ အကြောင်းဘုန်းကြီး ဒီဌာန ရောက်စကတည်းက အစပြုပြီး ပြောခဲ့ပါ တယ်။ ရောက်စက

http://www.dhammadownload.com

အစပြုထားတဲ့ဟာကို ဒီနေ့ အဆုံးသတ်တဲ့ အနေနဲ့ ပေါင်းပြီး ပြောပြရမှာပါ။ အကျဉ်းချုပ် ပြန်ပြီးတော့ ပြောပါဦးမယ်။ နာပြီးသား ပုဂ္ဂိုလ်များလည်း ထပ်ပြီး နာရတော့ ပိုပြီး ရှင်းတယ်။ မနာဖူးတဲ့ပုဂ္ဂိုလ်များလည်း အခု ကြားရတော့ ဗဟုသုတ ဖြစ်မှာပါ။

ပထမ ကလျာဏမိတ္တဂုဏ်ကတော့ ပီယ- သီလအတွက် နှစ်သက်စရာ လည်း ဖြစ်ရမယ်တဲ့။ ပီယဂုဏ်နဲ့ ပြည့်စုံရမယ်လို့ ဆိုပါတယ်။ ပြီးတော့ ဂရု တစ်နည်းအားဖြင့်လည်း ဂုရုပေါ့လေ- လေးစားလောက်တဲ့ဂုဏ်လည်း ရှိရ မယ်တဲ့။ ပြီးတော့ ဘာဝနီယ- အများရဲ့ မေတ္တာထားခြင်းလည်း ခံရမယ်တဲ့။ တစ်နည်းအားဖြင့် မြတ်နိုးစရာလည်း ဖြစ်ရမယ်တဲ့။ ဝတ္တ- အပြစ်တွေ့လို့ရှိရင် မတော်တာတွေ့လို့ရှိရင် ပြောဆိုဆုံးမတတ်ရမယ်။ ပြီးတော့ ဝစနက္ခမ - သူ တစ်ပါးက အပြစ်မြင်လို့ ကိုယ်မှာ ချွတ်ယွင်းချက်ရှိလို့ သတိပေးလို့ရှိရင် သည်းခံနိုင်စွမ်းရှိရမယ်တဲ့။ ပြီးတော့ ဂမ္ဘီရဉ္စ ကထံ ကထာ ဆိုတာ လေးနက်တဲ့ တရားစကားကိုလည်း ပြောဟောနိုင်သူ ဖြစ်ရမယ်။ ရှင်းပြနိုင်သူ ဖြစ်ရမယ်။ နောက်ဆုံးကတော့ နော စဋ္ဌာနေ နိယောဇေ ကော - မသင့်တော်သောအရာ မှာ ကိုယ့်ကျိုးအတွက် သူတစ်ပါး မခိုင်းစေတတ်သူလည်း ဖြစ်ရမယ်တဲ့။

သီလနဲ့ ဝိယ

အခုပြောခဲ့တဲ့အရည်အချင်း ၇မျိုးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ပုဂ္ဂလ သပ္ပါယ ခေါ်တာပါပဲ။ ပုဂ္ဂလ သပ္ပါယဆိုတာ သင့်တော်တဲ့ပုဂ္ဂိုလ်တို့ ဆိုပါတယ်။ မင်္ဂ ရောက်ဖို့လ်ရောက်ရေးအတွက် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရေးအတွက် တကယ်အားကိုးရတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ အခု ပြောခဲ့တဲ့ ဂုဏ်အရည် အသွေးနဲ့ ပြည့်တဲ့ ပုဂ္ဂိုလ်ဟာ တကယ်တော့ အများရဲ့အကျိုးကိုလည်း သိ နားလည်သွားပါပြီ။ သူများအပေါ်မှာ ပစ္စုပ္ပန် တမလွန် ၂ တန် အကျိုးစီးပွား ရေးကို မျှော်ရှုတတ်ပါတယ်။ မိမိ သူတစ်ပါး တိုးတက်ကြီးပွားရေးအပိုင်းမှာ လည်းပဲ စိတ်ချယုံကြည်ရတဲ့ တည်တံ့ခိုင်မြဲတဲ့ မိတ်ဆွေကောင်းတစ်ယောက် လည်း ဖြစ်ပါတယ်။ ကလျာဏ မိတ္တ ဖြစ်နိုင်ပါပြီ။ မိမိကိုယ်တိုင်က တရားနယ် ထဲမှာ ရောက်ပြီးတော့ မတော်မလျော်တဲ့ ကိုယ်နှုတ်အပြုအမူက ရှောင်ကြဉ်ရ

http://www.dhammadownload.com

တဲ့ သီလ မကျိုးရ မပြတ်ရအောင် မည်းရအောင်လို့ အင်မတန် တန်ဖိုးရှိတဲ့ ပစ္စည်းကို ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး စောင့်ရှောက်သလို စောင့်ရှောက်တော့ သီလတွေ ပြည့်စုံလာတယ်။ အထူးအားဖြင့် သီလအခြေတည်ပြီး အခုလို အဆင့်မြင့်တဲ့ သတိပဋ္ဌာန်ဘာဝနာတရားတွေ အားထုတ်လို့ တစ်နေ့ထက် တစ်နေ့ စိတ်တွေ တည်ကြည်ပြီး အခြေခံဉာဏ်တွေကအစ နောက်ဆုံးငြိမ်ကောင်းကနေပြီး ငြိမ်းကောင်းထိ ရောက်သွားပြီဆိုရင် ကိုယ်က သီလ မြတ်နိုးတော့ တရားတွေ မြတ်နိုးတော့ အဲဒီ သီလအတွက်နဲ့ တရားအတွက်နဲ့ အများရဲ့ ချစ်ခင်မှုကို ခံရတော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တကယ် ချစ်ခင်စရာသီလကို သွားစောင့်တော့ တရားက ပြန်စောင့်လိုက်ပြီ။ အဲဒါ အလိုလို ဂုဏ်တက်လာတာ။

ပိယမှ ဂရု

ကိုယ်၊ နှုတ်၊ စိတ်ထား သုံးပါးလုံး ဖြူစင်မှုရဲ့အကျိုးကို မိမိ ကိုယ်တိုင်က အလေးအမြတ်ထားသူမှန်ရင် တရားက ပြန်ပြီး တုံ့ပြန်တာပဲ။ အများရဲ့ အလေးပြုခြင်း ခံရတော့တာပဲ။ ဂရု တစ်နည်းအားဖြင့် ဂုရု ဆိုတဲ့ ဂုဏ်ဟာ အလိုလိုရလာတာပဲ။ အခြေခံသီလကို ချစ်ခင်ပြီး အလေးအမြတ်ထားပြီးတော့ စိတ်ဓာတ်တွေလည်းတိုးမြှင့် အသိဉာဏ်တွေလည်းပဲ တိုးမြှင့်ပေးလို့ ကိုယ်နှုတ်စိတ်ထားတွေ ထူးထူးခြားခြားကြီး သန့်ရှင်းလာတာ၊ အရှင် လတ်လတ် ဘဝပြောင်းလာတာကို တွေ့ရလို့ရှိရင် အဲဒီ တရားတွေရဲ့ အကျိုးကို ကောင်းကောင်းနားလည်လာတယ်။

ဘာဝနီယဂုဏ်

ကိုယ့်မှာ ကိုယ်အမူအရာတွေ စင်ကြယ်လာတာ၊ နှုတ်အမူအရာတွေ စင်ကြယ်လာတာ၊ အထူးအားဖြင့် စိတ်နေစိတ်ထားတွေ စင်ကြယ်လာတာ၊ အသိဉာဏ်တွေကလည်း ထူးထူးခြားခြား တိုးလာတော့ သိသိသာသာကြီး ဘဝပြောင်းလဲမှုတွေ ရနေတာ၊ ဒီတရားအရသာလေးတွေ သိလာတော့ ကိုယ်ရဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်တွေက အစ ဒီတရားအရသာတွေ ခံစားစေချင်တယ်၊ မုန့်ခို

http://www.dhammadownload.com

တွေ စားရလို့ရှိရင် နီးစပ်ရာပုဂ္ဂိုလ်ကအစ စားစေချင်လာတာ၊ မေတ္တာဓာတ်တွေ ဖြစ်လာပြီ။ ပြီးတော့ တကယ်လို့ များ ဒီလို တရားအရသာတွေကို မိဘတို့ ဆရာသမားတို့မတွေ့ဘဲနဲ့ ဒီအတိုင်းနေလို့ရှိရင် လောကကြီးမှာလည်း ဆင်းရဲတော့မှာပဲ။ သံသရာကြီးမှာလည်း ဆင်းရဲတော့မှာပဲ၊ ဒီတရားတွေ ရစေချင် တယ်ဆိုတဲ့ကရုဏာတွေလည်း ဖြစ်တော့တာပါပဲ။ တရားအားထုတ်လို့တရား အရသာတွေ တွေ့တယ်ဆိုကတည်းက နီးစပ်ရာပုဂ္ဂိုလ်တွေအပေါ် မေတ္တာ ဓာတ် ကရုဏာဓာတ်တွေ အရင်ကနဲ့မတူဘူး။ ထူးခြားပေါ်လာတယ်။ အဲဒီလို ပေါ်တဲ့အတိုင်းလည်းပဲ ကြုံတွေ့တဲ့အခါ မေတ္တာကရုဏာထားပြီး တိုက်တွန်း တော့တာပဲ။ တိုက်တွန်းခံရတဲ့ပုဂ္ဂိုလ်ကလည်းပဲ တိုက်တွန်းတဲ့အတိုင်း အား ထုတ်လို့ တရားသဘောတွေ တွေ့သွားရင်ဟာ သူတိုက်တွန်းလို့ တရားအား ထုတ်လိုက်တာ။ တရားသဘောတွေ တွေ့သွားတယ်ဆိုပြီး တိုက်တွန်းတဲ့ ပုဂ္ဂိုလ် ကို မေတ္တာထားတော့တာပဲ။ ကရုဏာပွားတော့တာပဲ။ ကိုယ်က တရား သဘောလေးတွေကို တွေ့လို့ အများအပေါ်မှာ မေတ္တာ၊ ကရုဏာတွေ ထား ပြီး ဆောင်ရွက်တော့ အများရဲ့ မေတ္တာပွားခြင်း မေတ္တာထားခြင်းကို ခံရတယ်။ အဲဒါ ဘာဝနီယဂုဏ် ခေါ်တယ်။

ဝတ္တဂုဏ်

အဲဒီလို သူတစ်ပါး တရားပြည့်စုံစေချင်တဲ့ မေတ္တာတရားမပျက်စေချင် တဲ့ကရုဏာအခြေခံပြီး တိုက်တွန်းတော့တာပဲ။ ပြောတတ်လာတာပဲ။ တကယ် လို့ တရားလမ်းကြောင်း လွဲနေတာ တွေ့လို့ရှိရင်လည်း အပြစ်တွေ ကို ဖော်ပြ၊ လမ်းလွဲတာတွေကို ဖော်ပြပြီး ပြောတတ်လာပါတယ်။ အလိုလိုပဲ ဝတ္တဆိုတဲ့ ဂုဏ်ဟာ ရောက်လာတော့တာပဲ။ အဲဒီလို ပြောဆိုတိုက်တွန်းရာမှာ ပြောရေး ဆိုရေးမှာလည်းပဲ လိမ်လိမ်မာမာ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဖြစ်လာတယ်။ ဘယ်ပုဂ္ဂိုလ် ဘယ်လိုပြောရမလဲဆိုတာ အဲဒီ အရည်အချင်းတွေလဲပဲ အလိုလို ရလာတတ်တယ်။ အခုလို တရားလိုက်စားတယ် တရားအားထုတ်တယ်ဆိုတာ အမှန်မှာတော့ ကိုယ့်ကိုယ်ကို နားလည်အောင် လုပ်တာပဲ။ ကိုယ့်ကိုယ်ကို တရားအားထုတ်ခြင်းအားဖြင့် နားလည်အောင်လုပ်လို့ နားလည်သွားပြီဆိုရင်

http://www.dhammadownload.com

သူတစ်ထူးလည်းပဲ တရားထဲ ပါလာအောင် ဘယ်လိုနားလည်အောင် လုပ်ရမလဲဆိုတာ အားထုတ်တဲ့ တရားကပဲ သင်ပြသွားသလို ဖြစ်တာ။ အလိုလိုပဲ ပြောရေးဆိုရေးမှာ ကျွမ်းကျင်လာတာ။ အဲဒါလည်းပဲ ဝတ္တာ ဆိုတဲ့ ဂုဏ်ပဲ။

ဝစနကွမဂုဏ်

တရားအားထုတ်ဆဲမှာလည်းပဲ အစစအရာရာ ကိုယ်ရော နှုတ်ရော အထူးအားဖြင့် စိတ်နေစိတ်ထားရော ထိန်းချုပ်ရတာ မသက်သာဘူး။ အင်မတန်သည်းခံရတာ အထူးအားဖြင့် မခံသာတဲ့ဝေဒနာပေါ် လာပြီ ဆိုရင် ဒါတွေလည်းပဲ သည်းခံရတာပဲ။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်းလည်း တစ်ခါတစ်ခါ စိတ်ညစ်ရာတွေ့ရင် သည်းခံရတာပဲ။ သည်းခံ ရှုမှတ်ရတာပဲ။ တစ်ခါတစ်ခါ ကမ္မဋ္ဌာန်းဆရာများက နည်းနည်းပြောလိုက်တဲ့အခါ ကြိမ်းလိုက်တဲ့အခါ ခပ်စပ်စပ်လေးပြောလိုက်တဲ့အခါ ဒါတွေလည်းပဲ သည်းခံရတာပဲ။ တရားအားထုတ်စဉ်ကတည်းက သည်းခံစိတ်တွေက တော်တော်ကောင်းလာပြီ။ တရားသဘောတွေ တွေ့လာတဲ့အခါကျတော့ မေတ္တာ၊ ကရုဏာ မာတ်တွေက ထပ်ဆင့်လိုက်တယ်ဆိုတော့ အရာရာမှာ ကိုယ်က အသာမစား၊ အနာခံတဲ့သဘောတွေ တိတိကျကျဆိုတာ ဖြစ်လာတယ်။ သည်းခံတဲ့သဘောတွေ၊ သည်းခံခွင့်လွှတ်တဲ့ သဘောတွေ ဖြစ်လာတယ်။ သည်းခံခွင့်လွှတ်တဲ့ သဘောက တရားအားထုတ်ရင်းကပဲ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာတော့ နောက်ဆုံး တရားကောင်းသွားတဲ့အခါ သည်းခံစိတ် တော်တော်လေး အားကောင်းသွားတယ်။ အားကောင်းသွားတော့ ကိုယ်က ဆုံးမသလို အမျှားက ကိုယ်ပေါ်မှာ ချွတ်ယွင်းချက်ရှိလို့ သတိပေးတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ ခံယူနိုင်တဲ့အရည်အချင်းလည်း အလိုလိုရှိလာတာ။ အဲဒါ ဝစနကွမဂုဏ် ခေါ်တယ်။

ဂမ္ဘီရဉ္စကထံ ကတ္တာဂုဏ်

ပြီးတော့ တရားအားထုတ်စဉ်အခါမှာလည်းပဲ အင်မတန် လေးနက်တဲ့ တရားတွေကို ကြားရတယ်။ သစ္စာ ၄ ပါးနဲ့စပ်တဲ့ တရားတွေ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ စပ်တဲ့တရားတွေ၊ ဗောဓိပက္ခိယတရားနဲ့ စပ်တဲ့ စကားတွေ၊ အထူးအားဖြင့်

http://www.dhammadownload.com

လက်တွေ့အားထုတ်နေတဲ့ သတိပဋ္ဌာန် ၄ ပါးနဲ့ ပတ်သက်တဲ့ တရားတွေ၊ ပြီးတော့ စျာန်နဲ့ပတ်သက်တဲ့ တရားတွေ၊ ဒီဟာမှတစ်ဆင့် တက်ပြီး ဝိပဿနာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နဲ့စပ်တဲ့ စကားတွေ ကြားနာနေရတာ။ ကြားနာရတဲ့အတိုင်း လက်တွေ့လည်း လေ့လာတာ။ အင်မတန်လေးနက်တဲ့ တရားတွေကို ကြားလည်း ကြားရတယ်။ လက်တွေ့လည်းပဲ အားထုတ်တယ်ဆိုတော့ နဂိုက မသိဖူးလို့ အင်မတန်လေးနက်တဲ့တရားတွေကို စသိလာတာ။ ရုပ်နာမ်တွေကို သိလာတာ။ ကြောင်းကျိုး ဆက်ပုံတွေကို သိလာတော့ မမြဆင်းရဲသဘောပဲ ဆိုတာကို သိလာတာ။ ဒီနည်းနဲ့ပဲ အဆင့်ဆင့်အဆင့်ဆင့် အင်မတန်လေးနက်တဲ့တရားတွေကို သိသိလာတာ စာတွေ့ရော ဒီမှာ ဆုံသွားတာ။ လေးနက်တဲ့တရားတွေ ကြားနာပြီး လေးနက်တဲ့ တရားသဘော တွေကို သိနေတယ်။ ဒီတရားသဘောတွေသိနေတော့ သူမျှားကိုလည်းပဲ လေးလေးနက်နက်ဟောနိုင်တယ်။ ပြောနိုင်တယ်။ တိုက်တွန်းနိုင်တယ်။ ဒီဟာမှ တစ်ဆင့် စာပေနဲ့ ပေါင်းစပ်ပြီး ဟောရ ပြောရလို့ ရှိရင် ပိုပြီး လေးလေးနက်နက် ပြောနိုင်လာတယ်။ အဲဒါ ဂမ္ဘီရဉ္စကထံကတ္တာဆိုတဲ့ ဒီအရည်အချင်း အလိုလိုပဲ ရလာတယ်။

တပည့်ထံက ပညာရ

စာပေ ပရိယတ္တိမတတ်ကျွမ်းတဲ့ ယောဂီတွေ မြတ်စွာဘုရား ဒေသနာနည်းအတိုင်း အားထုတ်လို့ ရိုရိုသေသေ စေ့စေ့စပ်စပ် အားထုတ်လို့ တရားသဘောတွေကို အခြေခံကစပြီး အဆင့်ဆင့် အဆင့်ဆင့် တွေ့သွားပုံ၊ စာပေနဲ့ ညှိပြီးရှင်းပြတဲ့အသံမျာ ကြားရလို့ရှိရင် စာပေရဲ့လေးနက်ပုံရော မိမိ အားထုတ်လို့ တွေ့ရတဲ့ လေးနက်ပုံရော ၂ မျိုး ပေါင်းစပ်ပြီး ထူးထူးခြားခြား ပေါ်ပေါ်လွင်လွင်ကို သိလာတာ။ ဒါ ယောဂီတွေ တွေ့တာပါပဲ။

လေးနက်တဲ့တရားသဘောတွေကို သိလာတော့ တရားအားထုတ်တုန်းမှာပဲ အခြားအပြင်ပဂ္ဂိုလ်တွေကို ဟောရတာမျိုး မဟုတ်ဘဲနဲ့ ကိုယ့် ကမ္မဋ္ဌာန်းဆရာကိုပဲ ကိုယ်ဟောရတာမျိုး ရှိပါတယ်။ အားထုတ်လို့ တွေ့ရတဲ့ အတွေ့အကြုံလေးတွေ ထူးထူးခြားခြား တွေ့ပုံတွေကို ကမ္မဋ္ဌာန်းဆရာအား တင်ပြရ

http://www.dhammadownload.com

တာ။ တရားဟောသလို ဖြစ်နေတော့ လေးလေးနက်နက်ကို ပြောလာနိုင်တာ။ ဒီအရည်အချင်းကိုလည်း အံ့သြဖွယ်ကောင်းလောက်အောင် ရလာတာ။ သိပ်ထူးခြားတယ်။ တချို့ယောဂီတွေ တရားအားထုတ်လို့တွေ့ပုံတွေကို တက်တက်ကြွကြွ တင်ပြပုံတွေကို ဂန္ဓိရဗ္ဗ ကထံ ကတ္တာ ဆိုတဲ့ အရည်အချင်းထဲမှာ ထည့်ရမှာပါပဲ။

ကမ္မဋ္ဌာန်းဆရာများက အဲဒီယောဂီများရဲ့ တရားနာသူအဖြစ် ဖြစ်သွားတာ။ ဒါပေမဲ့ သူတို့ဆီကလည်းပဲ ကမ္မဋ္ဌာန်းဆရာများက နည်းယူရတာ အများကြီး ရှိပါတယ်။ ပြောပုံဆိုပုံတွေ အချက်အလက်နဲ့ တင်ပြပုံတွေ၊ တချို့ ဥပမာနဲ့ တင်ပြပုံတွေ၊ သိပ်ဗဟုသုတ ရတာ။ ကိုယ် စစ်တဲ့ ယောဂီတွေဆီကလည်း ပညာတွေ အများကြီးရတာ။ ကိုယ့်တပည့်တွေကို အထင်အမြင်မသေးရဘူး။

တစ်နေ့ထက်တစ်နေ့ အခြေအနေက ကောင်းကောင်းလာတော့ နောက်ဆုံး ငြိမ်ကောင်းကနေပြီး ငြိမ်းကောင်းထိ ရောက်သွားပြီ ဆိုရင် မေတ္တာဓာတ်၊ ကရုဏာဓာတ်တွေက သိပ်ကြီးမားလာတာ၊ ကြီးမားလာတော့ ဒီ ပုဂ္ဂိုလ်ဟာ ကိုယ်နီးစပ်ရာပုဂ္ဂိုလ်ကအစ တခြားတခြားပုဂ္ဂိုလ်တွေကို မိမိကိုယ့်ကျိုးအတွက် မသင့်တော်တဲ့နေရာမှာ တိုက်တွန်းပါတော့မလား။ သင့်တော်တဲ့ဟာတွေကိုပဲ တိုက်တွန်းတော့မှာပဲ။ တရားတွေ အားထုတ်ကြည့်စမ်းပါ။ သိပ်ကောင်းတဲ့ တရားပဲ စသည်ဖြင့် တရားဘက်ကိုပဲ ဆွဲယူတော့မှာပဲ။ တရားဘက်ကိုပဲ တိုက်တွန်းတော့မှာပဲ။ အဲဒါ 'နောစ ဌာနေ နိယောဇကော' ဆိုတာ ဒါပဲ။ မသင့်တော်တဲ့ဆီ ကိုယ့်ကျိုးအတွက် မတိုက်တွန်းတော့ဘူးဆိုတော့ သင့်တော်တဲ့ကိစ္စမှာ သူ့အကျိုးအတွက် ကောင်းကောင်းကြီး တိုက်တွန်းလာပြီ ဆိုတာ အလိုလို ထွက်လာတာ။

ပြည့်စုံရမည့် တရား ၈ ပါး

ဒါကြောင့် အခုပြောခဲ့တဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ တကယ်ကို သူတစ်ထူးရဲ့ အကျိုးစီးပွားကို လိုလားပြီး ဟိတေသီ - သဘော ရှိပါတယ်။ တိုးတက်ကြီးပွားရေးမှာ တကယ် ကြဲ့ကြဲ့ရပ်တည်နိုင်စွမ်း ရှိပါတယ်လို့ ဘုန်း

http://www.dhammadownload.com

ကြီး စောစောက ပြောခဲ့ပါတယ်။ ဒီအရည်အချင်းတွေ ရှိလို့ ဒီလို ဖြစ်လာတာ။ အဲဒီကလျာဏမိတ္တပုဂ္ဂိုလ်ကို မြတ်စွာဘုရား ဟောထားတဲ့ ပီယော ဂရု ဘာဝနီ ယော ဆိုတာကို ထောက်ခံချက်ပေးတဲ့အနေနဲ့ အချက် ၈ ချက်နဲ့ ကျမ်းဂန်များမှာ အတိုချုပ် ဝေဖန်ပြဆိုထားပါတယ်။

ကလျာဏမိတ္တ ပုဂ္ဂိုလ်ဟာ သဒ္ဓါနဲ့လည်းပဲ ပြည့်စုံပါတယ်။ ဒါ ပထမ ဆုံးအချက်ပဲ။ ပြီးတော့ သီလနဲ့လည်း ပြည့်စုံပါတယ်တဲ့။ သုတသမ္မန္နာ= သုတနဲ့လည်း ပြည့်စုံပါတယ်တဲ့။ စာတွေ့.သုတရော၊ လက်တွေ့.သုတရော ပြည့်စုံပါတယ်တဲ့။ စာဂသမ္မန္နာ=စာဂနဲ့လည်း ပြည့်စုံပါတယ်တဲ့။ တရားတွေ ကောင်းလာလို့ရှိရင် လျှုချင်ဒါန်းချင်အားပေးချင် ဒီလို စိတ်တွေ ဖြစ်လာတာ။ တကယ် လက်တွေ့.လည်းပဲ ဖြစ်လာတာပဲ။ ဒါ စာဂနဲ့ ပြည့်စုံတာ။ ဝိရိယ သမ္မန္နာ ဝိရိယနဲ့လည်း ပြည့်စုံလာတယ်တဲ့။ တကယ်ကို ရဲရင့်လာတာ။ အခက်ခဲတွေနဲ့ ကြုံလို့ ရှိရင် သိပ်ကို ရဲရင့်လာတာပဲ။ သတိသမ္မန္နာ စွဲစွဲမြဲမြဲ ရှုမှတ်တဲ့ သတိနဲ့လည်း ပြည့်စုံလာတယ် တဲ့။ စောစောပိုင်းကဆိုရင် တစ်စက်မှ မရှိဘူး။ နောက် တဖြည်းဖြည်း သတိတွေ ဖြစ်လာပြီး တကယ်တရားကောင်းသွားတဲ့အချိန်မှာ သတိတွေလည်း ကောင်းကောင်းတည်လာတယ်။ သမာဓိနဲ့လည်း ပြည့်စုံလာတယ်တဲ့။ ပညာသမ္မန္နာ ပညာနဲ့လည်း ပြည့်စုံလာတယ်တဲ့။ ရုပ်နာမ်ပိုင်းခြားသိမှုကအစ ဝိပဿနာဉာဏ်တွေဖြစ်ပြီး နောက်ဆုံးအငြိမ်းဓာတ် နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ တွေ့မြင်သွားတဲ့အခါ ပညာနဲ့ ပြည့်စုံတယ်ဆိုတာ သိပ်ထင်ရှားတယ်။ အထူးအားဖြင့် တရားရပြီးတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးရှိ မရှိ၊ တော် မတော်ဆိုတာ ချင့်မြော်နိုင်တဲ့ ပညာတွေ တစ်ခါတည်း ဖြစ်လာတာ။ သိပ်ထူးခြားတာ။

သဒ္ဓါနဲ့.ပြည့်စုံသူ

ဒီလို ယုံကြည်မှုသဒ္ဓါနဲ့ ပြည့်စုံလာပြီဆိုရင် မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကိုလည်း ယုံကြည်လာတယ်။ ကံ ကံ၏အကျိုးကိုလည်း ယုံကြည်လာတယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးရ၊ ဆိုးတာလုပ်ရင် ဆိုးကျိုး ရ ဆိုတာ မလွဲမသွေ ယုံကြည်လာတယ်။ နဂိုကလည်း ယုံကြည်ချက်ရှိတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

ကို တရားနဲ့ ဆင်မြန်းလိုက်တဲ့အခါ ပိုပိုပြီး ကံနဲ့ ကံ၏အကျိုးကို ယုံကြည်လာတာ။ အဲဒီလို သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့အတွက် သမ္မာသမ္မောဓိ =မဖောက်မပြန်ကိုယ်တိုင် သိမြင်တဲ့ ဉာဏ်တော်ကြီးရဲ့ အရင်းခံဖြစ်တဲ့ သတ္တဝါတွေမှာ အလွန်ကြင်နာသနားတဲ့မဟာကရုဏာတော်ကြီးလည်းပဲ လက်ခံလာတာပဲ။ မြတ်စွာဘုရားကြီးဟာ သတ္တဝါတွေမှာ အလွန်ကြင်နာသနားပါလား၊ ဘုရားအလောင်းဘဝကတည်းက အလွန်ကြင်နာသနားတာ ဘုရားဖြစ်တဲ့အခါ အထူးပြောစရာမရှိဘူးဆိုပြီး မဟာကရုဏာဉာဏ်တော်ကြီးကိုလည်း လက်မလွှတ်တော့ဘူး။

သီလနဲ့ ပြည့်စုံသူ

သီလနဲ့ ပြည့်စုံလာသဖြင့် အားလုံး ပုဂ္ဂိုလ်များရဲ့ ချစ်ခင်ခြင်းခံရတဲ့ ပီယ၊ လေးစားခြင်းခံရတဲ့ ဂရု၊ မြတ်နိုးခြင်းခံရတဲ့ ဘာဝနီယ ဒီဂုဏ်တွေလည်းပဲ အလိုလို လာတော့တာပဲ။ အများရဲ့ လေးစားခြင်း၊ ချစ်ခင်မြတ်နိုးခြင်း ခံရပြီဆိုရင် မလျော်တဲ့ အမှုတွေ၊ မလျော်တဲ့ သဘောတွေ တွေ့ရင် ဒီလိုမနေရဘူး။ ဒီလိုနေရတယ်။ ဟိုလို နေတာကောင်းတယ် စသည့် အပြစ်တွေ ပြပြီးတော့လည်း နည်းလမ်းတွေ ပြပြီးတော့ ပြောတတ် ဆိုတတ်လာတယ်။ မတော်တာတွေ ပြုနေတာ တွေ့ရင် အို အနေသာချည်းပဲ ဆိုပြီး မနေဘူး။ ကြင်နာတဲ့သဘောက ရှိနေတော့ အပြစ်တွေ ပြပြပြီးတော့ သူက နည်းလမ်းညွှန်တတ်တယ်။

ပြီးတော့ ပါပဂရဟီ= ယုတ်မာတဲ့ ပုဂ္ဂိုလ်တွေကိုလည်းပဲ ရှုတ်ချနေတတ်တယ်။ ရှုတ်ချတယ်ဆိုတာလည်း သက်သက်အပြစ်ပြောတာ မဟုတ် ပါဘူး။ အဲဒီပုဂ္ဂိုလ်တွေ မတွေ့တော့ဘူး။ အဲဒီပုဂ္ဂိုလ်တွေရဲ့စကားနားမထောင်တော့ဘူး။ အဲဒီ ပုဂ္ဂိုလ်တွေနဲ့ တကွနေရမှာ ဝန်လေးလာတယ်။ ဒါပေမဲ့ သူတို့တော့ကောင်းတဲ့လမ်းကြောင်းပေါ်မှာ ရောက်စေချင်တယ်လေ။ မကောင်းတဲ့ယုတ်မာတဲ့ဟာတွေကိုတော့ ကဲ့ရဲ့တတ်တယ်။ ကဲ့ရဲ့တယ်ဆိုတာ အပြုသဘောမျိုးနဲ့ ကဲ့ရဲ့တာကို ပြောတာ။ သီလလည်းပဲ ပြည့်စုံလာတယ် ဆိုတော့ သူများက အပြစ်ပြပြီး ပြောဆိုလို့ရှိရင်လည်း သည်းခံနိုင်တဲ့ ဝစနက္ခမဂုဏ်လည်း

http://www.dhammadownload.com

အလိုလိုဖြစ်လာတယ်။ သုတနဲ့ပြည့်စုံသဖြင့် သစ္စာ ၄ ပါးတရား၊ ပဋိစ္စ သမုပ္ပါဒ တရား၊ ဗောဓိပက္ခိယ စသည်တွေနဲ့ စပ်တဲ့ လေးနက်တဲ့ တရားစကားတွေကို လည်းပဲ ပြောတတ် ဆိုတတ်လာတယ်။

စာဂနဲ့ ပြည့်စုံသူ

စာဂနဲ့ ပြည့်စုံလို့ရှိရင် အပ္ပိစ္ဆာခေါ်တဲ့ အလိုနည်းတဲ့ဂုဏ်တွေလည်းပဲ ရလာတတ်တယ်။ ရောင့်ရဲတဲ့ဂုဏ်တွေလည်း အလိုလို ရလာတတ်တယ်။ ရ သမျှနဲ့၊ စွမ်းသမျှနဲ့၊ သင့်သမျှနဲ့ ရောင့်ရဲလာတတ်တယ်။ နဂိုက မရောင့်ရဲတဲ့ ပုဂ္ဂိုလ်တွေက တရားအားထုတ်လိုက်လို့ရှိရင် အပိုတွေ မလိုတော့ဘူး။ လိုအပ် တဲ့ဟာလေးတွေနဲ့ပဲ ကျေနပ်လာတာ။ သိပ်ကောင်းတဲ့ဂုဏ်တွေ ပြီးတော့ ပဝိ ဝိတ္တ = ကာယဝိတော၊ စိတ္တဝိတော၊ ဥပဓိဝိတော ဆိုတဲ့ ဝိတောသုံးမျိုးနဲ့လည်း ပဲ ပြည့်စုံလာတတ်တယ်။ ပုဂ္ဂိုလ်နဲ့ ကင်းကင်းရှင်းရှင်း နေတာ။ စောစောပိုင်း မှာ ဆိုရင် အဖော်ရှိမှ နေတတ်ပေမယ့် တရားအားထုတ်ပြီးရင် အဖော်မရှိ ဘဲနဲ့လည်း နေတတ်တာ။ အဖော်မပါဘဲနဲ့ တစ်ယောက်တည်း ပျော်အောင် နေတတ်တာ။ ပြီးတော့ အမှတ်ကလေးနဲ့ နေတတ်လာတယ်။ အငြိမ်းဓာတ် နိဗ္ဗာန်တွေ့သွားပြီဆိုရင် အဲဒီ အငြိမ်းဓာတ်နိဗ္ဗာန်နဲ့လည်းပဲ နေတတ်လာ တယ်။

မာတိကာ မာတာ

ပြီးတော့ အသံသဋ္ဌဆိုတာ သာယာဖွယ်ကောင်းတဲ့ အမြင်မျိုး၊ အကြား မျိုး အသံမျိုးစသည်တွေနဲ့ ရောရောနှောနှော အပြစ်တင်ဖွယ်ခံရအောင် လည်း မနေတော့ဘူး။ အဲဒီ အပ္ပိစ္ဆဆိုတဲ့ ဂုဏ်နဲ့စပ်ပြီး နည်းနည်းပြောစရာ လေး ရှိပါတယ်။ တရားသမားတွေက အလိုနည်းရမှာ။ တရားနဲ့ စပ်ပြီး အလို နည်းတာတွေကိုလည်းပဲ သိပ်သတိထားဖို့ ကောင်းပါတယ်။ ဟိုတစ်နေ့က ပြောတဲ့ မာတိကာဒကာမကြီးဆိုတာ လောကီအဘိညာဉ်တွေလည်း ရထား တယ်။ အနာဂါမ်လည်း ဖြစ်နေတယ်။ ရဟန်းတော်တို့ရဲ့ စိတ်နေစိတ်ထားကို သိပြီး ရဟန်းတော်တွေ လိုတဲ့ဟာကို သူက ဖန်တီးပေးတာ။ နောက်တစ်ဆင့် ဒကာမကြီးရဲ့ဂုဏ်ကို ရဟန်းတစ်ပါး ကြားလို့ အဲဒီ ဒကာမကြီး ဆောက်လုပ်

http://www.dhammadownload.com

ထားတဲ့ ကျောင်းမှာ ရောက်လာတာ၊ ရောက်လာတဲ့အခါ သူကလဲ ခရီးပန်းတော့ ကျောင်းရှိတဲ့ ပုဂ္ဂိုလ်များ ဖျော်ရည်လေးမျှ စတုမဓုလေးမျှ လာကပ်ရင် ကောင်းမှာပဲ ဆိုပြီး အကြဲဖြစ်တာ။ ဒကာမကြီးက အကြဲဖြစ်တဲ့အတိုင်း လာလာပြီးကပ်တာ။ နောက်ဆုံးတစ်ခုပြီးတစ်ခု ကိုယ့်အလိုရှိတဲ့ဟာတွေ တောင့်တတော့ ဒကာမကြီးက လာလာပြီး ပို့တာ။ နောက်ဆုံး ဒကာမကြီး ကိုယ်တိုင် လာစေလိုတဲ့ ဆန္ဒဖြစ်တော့ ဒကာမကြီးကိုယ်တိုင်ပဲ လာပြီး ဆွမ်းပို့တယ်။ အဲဒီလိုအခါမှာ နောက်အသစ်ကြွလာတဲ့ ကိုယ်တော်က ဒီ ဒကာမကြီးကို အဘိညာဏ်နဲ့စပ်ပြီး မေးတယ်။ အဲဒီလို မေးတဲ့အခါမှာ ဒကာမကြီးရဲ့ တို့ပြန်ချက်တွေ သိပ်စိတ်ဝင်စားစရာကောင်းတာ။

အဲဒီလိုလာပို့တဲ့ဆွမ်းကိုစားပြီး အဲဒီရဟန်းက ဒကာမကြီးကို မေးတယ်။ မာတိကာမာတာဆိုတာ ဒကာမကြီးလား? ဟုတ်ပါတယ်။ ဒကာမကြီးက သူများရဲ့စိတ်တွေ သိတယ်ဆိုတာ ဟုတ်လား? ဒီလို တိုက်ရိုက်မေးတယ်။ အဲဒီလို မေးတဲ့အခါ ဒကာမကြီးက ဘာဖြစ်လို့ တပည့်တော်မကို ဒီလို မေးရသတုံး ဘုရားတဲ့။ ဦးပဉ္စင်း ကြဲစည်တိုင်း ကြဲစည်တိုင်း ဒကာမကြီးက အကုန်လုံး လုပ်ပေးနေတာပဲ။ ဒါကြောင့် ဒကာမကြီးကို ဒီလို မေးတာပါ။ ဒကာမကြီးက ဟုတ်လား သူများစိတ်သိတာ။ ဒီလို မေးပါတယ်။ ဒကာမကြီးက ဘယ်လို ပြန်ပြောသလဲ ဆက်ပြီး နားထောင်ကြည့်ပေါ့လေ။

အဲဒီ ဒကာမကြီးက ပြန်ဖြေတယ်။ "သူတစ်ပါးရဲ့ စိတ်ကို သိတဲ့ ရဟန်းတွေဆိုတာ ပုဂ္ဂိုလ်တွေဆိုတာ ရှိကြပါတယ်ဘုရား"တဲ့။ ဒီလိုပဲ ပြန်ဖြေပါတယ်။ ပြီးတော့ ရဟန်းက ဆင့်ပြီးတော့ ပြောပြန်တယ်။ "ဦးပဉ္စင်း သူများကို မေးနေတာ မဟုတ်ဘူး။ ဒကာမကြီးကို မေးနေတာ"။ ဒီလိုတစ်ခါတည်း တစ်ဆင့်တက်ပြန်ရော။ ဒီလိုအကျပ်ကိုင်ပြီးမေးတောင်မှ မာတိကာ ဒကာမကြီးဟာ သူတစ်ပါးစိတ်ကို သိပါတယ်လို့ တိုက်ရိုက် မပြောဘူး။ "သူတစ်ပါးရဲ့ စိတ်ကို သိတဲ့ပုဂ္ဂိုလ်များဟာ ဒီလိုပဲ ဆောင်ရွက်တတ်ပါတယ်ဘုရား။ ဒီလိုပဲ လုပ်တတ်ပါတယ်ဘုရား"လို့ သွယ်ဝိုက်တဲ့ နည်းနဲ့ဖြေတယ်။ တရားနဲ့ ပတ်သက်ပြီးတော့ အပို့စ္ဆာဂုဏ်ရှိဖို့ သိပ်အရေးကြီးပါတယ်။ မိမိဟာ တရားအားထုတ်သူပဲ၊ တရားအားထုတ်ထားသူပဲ၊ ဘာ တရားရသူပဲလို့ မပြောဘဲ ကျွစ်ကျွစ်လျွစ်လျွစ်

http://www.dhammadownload.com

သိပ်သိပ်သည်းသည်း နေတတ်ရပါတယ်။ ဟိုခေတ်က လူထဲမှာတောင်မှ နေတတ်တာ။ အပို့ခ်ဂုဏ်နဲ့ပြည့်စုံပြီး နေတတ်တာ အင်မတန်အတုယူစရာကောင်းပါတယ်။

ဝီရိယ၊ သတိ၊ သမာဓိရှိသူ

ဝီရိယနဲ့ ပြည့်စုံသဖြင့် မိမိအကျိုးစီးပွား အစစ်အမှန်၊ သူတစ်ပါး၏အကျိုးစီးပွားစစ်မှန်ဖို့ ကျင့်သုံးရေးမှာ ပိုပြီးတော့ ရဲရဲရင့်ရင့်နဲ့ ပြတ်ပြတ်သားသားနဲ့ အားထုတ်လာတတ်တယ်။ ကြိုးစားလာတတ်တယ်။ သတိနှင့်ပြည့်စုံသဖြင့် အရာရာမှာ လောကီရေးမှာရော ဓမ္မရေးမှာရောပေါ့လေ။ သတိက ရှေးဦးစွာ ဦးဦးနေတယ်။ သတိက ရှိရှိနေတတ်တယ်။ ဒီမှာ သတိရှိတာ သိပ်ကောင်းတယ်။ ဒီမှာ သမာဓိနဲ့ ပြည့်စုံသဖြင့် မပျံ့မလွင့်ဘဲနဲ့ ကိစ္စအဝဝတွေကို တည်တည်ငြိမ်ငြိမ်နဲ့ လုပ်တတ်လာတယ်။ လုပ်လာတတ်တယ်။

ပညာရှိသူ

ပညာနှင့် ပြည့်စုံသဖြင့် မှန်မှန်ကန်ကန်ကြီးလည်းပဲ နားလည်ပြီး ဆောင်ရွက်လာတတ်တယ်။ ပြီးတော့ အဲဒီ ကလျာဏပုဂ္ဂိုလ်ဟာ သတိလက်ကိုင်ထားပြီးတော့ ကုသိုလ် အကုသိုလ် အမှားအမှန်တွေကိုလည်းပဲ ရှာဖွေသိရှိပြီးတော့ နားလည်လာတတ်တယ်။ သတိပညာနဲ့လည်းပဲ သတ္တဝါတို့ရဲ့ အကျိုးစီးပွားအမှန်ကိုလည်းပဲ ဟုတ်တိုင်းမှန်စွာ နားလည်လာတတ်တယ်။ သမာဓိနဲ့ ပြည့်စုံနေတော့ အဲဒီ သမာဓိနဲ့လည်း ဆောင်ရွက်ရမယ့်ကိစ္စတွေမှာ တည်တည်ငြိမ်ငြိမ်ရှိပြီးတော့ ဝီရိယနဲ့ သတ္တဝါတွေကို အကျိုးစီးပွားမဖြစ်ထွန်းတဲ့ဟာတွေကို ဟန့်တားပြီးတော့ အကျိုးစီးပွား ဖြစ်ထွန်းတဲ့ဟာတွေကိုပဲ တိုက်တွန်းလာတတ်တယ်။ အဲဒီ အရည်အချင်းတွေ အလိုလိုပြည့်စုံလာတာ၊ အဲခုပြောတာဟာ ကလျာဏမိတ္တဆိုတာ ဒါပဲ။ အခုဒီမှာ ကလျာဏမိတ္တဆိုတာ ဒီလိုအလုပ်နဲ့ တဖြည်းဖြည်း အရည်အသွေးတွေ ပြည့်စုံပြီးတော့ ဖြစ်ပေါ်လာတဲ့ကလျာဏမိတ္တ၊ ဒီ ကလျာဏမိတ္တအမှီရတဲ့ပုဂ္ဂိုလ်တွေဟာမြတ်သောအကျင့်ကျင့်သုံးရေးမှာ ရာနှုန်းပြည့်အကျိုးတွေ ရတတ်တယ်ဆိုပါတယ်။ ဒီတော့ နိဂုံးချုပ်လို့ရှိရင် ဘုန်းကြီးတို့ဣဋ္ဌာနက အကြီးအကဲပုဂ္ဂိုလ်တွေက အစ

http://www.dhammadownload.com

အားလုံး၊ တရားစိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်များ မိမိတို့ကိုယ်တိုင်လည်းပဲ ရှေးဦးစွာ မှန်ကန်တဲ့သတိပဋ္ဌာန်ဘာဝနာတရားတို့ကို အားထုတ်ခြင်းအားဖြင့် ကလျာဏ မိတ္တအရည်အသွေးတွေ ပြည့်စုံပြီးတော့ ကလျာဏမိတ္တ အကျင့်သာသနာ့ကိစ္စကို ဆောင်ရွက်နိုင်ကြပြီးတော့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာတဲ့ နောက်ဆုံးနိဗ္ဗာန်ချမ်းသာရပြီးတော့ အပါယ်ဆင်းရဲက လွတ်မြောက်နိုင်ပါစေလို့ ဒီနေ့ည အဆုံးသတ်ပေါ့လေ တရားနိဂုံးချုပ်လိုက်ပါတယ်။

http://www.dhammadownload.com

နှုတ်ဆက်တရား

ဓမ္မမိသားစု

မေတ္တာဗိမာန်ကြီးမှာ ဘုန်းကြီးတို့ ဓမ္မဂုဏ်ရည်ပြဖို့ မြန်မာပြည်က လာရောက်ပြီးတော့ ဒီကပုဂ္ဂိုလ်တွေ မိမိတို့ရဲ့တရားဂုဏ်ရည် ရလို့ ချမ်းသာ ကြပါစေလို့ မေတ္တာအခြေခံခဲ့ပါတယ်။ ဒီက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ယခု အဖွဲ့ရဲ့ ကမ္မဋ္ဌာန်းဆရာကြီးတွေ၊ သာသနာစိတ်ဝင်စားပြီးတော့ အားပေးကြတဲ့ ပုဂ္ဂိုလ်တွေ၊ ယောဂီ အသင်းတွေ၊ တရားအားထုတ်ဆဲ ပုဂ္ဂိုလ် တွေ၊ တရားအားထုတ်ဖို့ရန် စိတ်ဝင်စားနေကြတဲ့ပုဂ္ဂိုလ်တွေ၊ ပြီးတော့ သုံးလစခန်းကြီး အထမြောက်ရေးအတွက် အဘက်ဘက်က ငွေအား၊ လူအားနဲ့ ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပြီးတော့ ယောဂီတွေ နေ့စဉ် အစားအသောက်၊ နေထိုင်ရေးအတွက် တာဝန်ယူကြတဲ့ ဝေယျာဝစ္စအဖွဲ့ စတဲ့ ဓမ္မမိသားစုတွေ အချင်းချင်း မေတ္တာအစေးဓာတ်တွေ ကပ်ပြီးတော့ မေတ္တာဂဟေတွေ ဆက်ပြီးတော့ ဆောင်ရွက်ကြလို့ ဒီနေ့သုံးလကမ္မဋ္ဌာန်းစခန်းပြီးမြောက်အောင်မြင်သွားပါပြီ။ အဲဒီမေတ္တာအခြေခံပြီးတော့ ဘုန်းကြီးတို့ ယခုလို မေတ္တာဗိမာန်ကြီးမှာ အပြစ်ကင်းအကျိုးရတဲ့ ကုသိုလ်အမျိုးမျိုးတွေ ဒါနကုသိုလ်၊ သီလကုသိုလ်တွေ၊ သမထ ကုသိုလ်တွေ၊ ဝိပဿနာဘာဝနာကုသိုလ်တွေ ဤကုသိုလ်တွေကိုပွားကြတယ်။ ကုသိုလ်ဆို တာ အပြစ်ကင်းတဲ့ ကောင်းကျိုးရတဲ့ အလုပ်ကို ကုသိုလ်လို့ ခေါ်ပါတယ်။

ဒီမှာ အဲဒါတွေ ပွားရတာ အားလုံးပရိသတ် အသိပါပဲ။ ကုသိုလ် ဖြစ်ရာဌာနမှာ ကြုံရလို့ ကုသိုလ်စိတ်တွေ ကုသိုလ်မျိုးစေ့တွေ ဖြစ်ရတာ တကယ်ဆိုလို့သာ ကုသိုလ်ဖြစ်ရာဌာနမှာ မကြုံလို့ရှိရင် ကုသိုလ်မဖြစ်ဘဲနဲ့ အကုသိုလ်

http://www.dhammadownload.com

တွေ ဖြစ်မှာပါ။ ပြီးတော့ ဤမေတ္တာဗိမာန်ကြီးဟာ ကုသိုလ်ဖြစ်ရေးအတွက် အထူးအားဖြင့် စိတ်ဓာတ်နဲ့အသိဉာဏ်တိုးမြှင့်ပေးတဲ့ အထက်တန်းစားကုသိုလ် ဖြစ်ရေးအတွက် ပတိရူပဒေသဝါသ= သင့်တင့်လျောက်ပတ်တဲ့နေရာဌာနကြီး ပဲလို့ ဆိုရမှာပါပဲ။ ကုသိုလ်ဖြစ်ရာဌာနမှာ ကြုံကြိုက်တော့ မိတ်ကောင်း ဆွေ ကောင်း၊ ဆရာသမားကောင်းတွေ ကူညီအားပေးမယ့် ပုဂ္ဂိုလ်တွေနဲ့ ဆုံတွေ့ ရတာ။ ဒါဟာ ဆောက်လုပ်စီမံကိန်း ဆရာလို့ ခေါ်ပါတယ်။ ဟိုတုန်းကလည်း ထိုက်တန်သမျှ ကြုံခဲ့ပြီ။ ယခုလည်း ကြုံတယ်။ နောက်လည်း အကြောင်း အားလျော်စွာ ကြုံသွားကြရမှာပဲ။

အတ္တသမ္မာပဏိမိ

ဒီလို မိတ်ကောင်းဆွေကောင်းတွေကို အမှီပြုရတော့ အပြစ်ကင်း ကောင်းကျိုးရ၊ ကုသိုလ်တရားနဲ့ စပ်ပြီးတော့ သူတော်ကောင်း တရားတွေကို ကြားနာရတယ်။ ကြားနာရတော့ ဒါနကုသိုလ်တွေကို ပြုခွင့်ရတာပေါ့။ ပြီး တော့ ဒီကမှတစ်ဆင့် ဆက်ပြီးတော့ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံး စင်ကြယ် သန့်ရှင်းအချိုးကျ အထက်တန်းကျစေ နေနိုင်တဲ့ အဆင့်မြင့်တရားတွေကို ကြားရတယ်။ ကြားရတော့ ဒီတရားတွေ မိမိသန္တာန်မှာ ပြည့်စုံစေခြင်း၊ လုံ လောက်စေခြင်းကြောင့် အကျိုးတွေကို ရတယ်။ သဒ္ဓါတရားတွေ နိုးကြားလာ တယ်။ နောက် တမလွန်အရေး တွေးလိုက်လို့ရှိရင်လည်းပဲ ကြောက်စရာတွေ ပဲလို့ သံဝေဂဉာဏ်တွေလည်းဖြစ် အဲဒီလို သဒ္ဓါတရားလေးနဲ့ သံဝေဂဉာဏ် တွေ ဖြစ်ပွားလာတော့ မျက်နှာမငယ်စေတတ်တဲ့ ဒါနကုသိုလ်တွေကို ပြုလုပ် တယ်။ ပြီးတော့ ချမ်းသာမကွယ်စေတတ်တဲ့ သီလကုသိုလ်တွေ မိမိ သန္တာန်မှာ ပြည့်စုံစေတယ်။ ပြည့်စုံလို့ ကိုယ်အမှု၊ နှုတ်အမှုတွေ စင်ကြယ်သွားတယ်။ အချိုးကျသွားတယ်။ ပြီးတော့မှ တစ်ဆင့်တက်ပြီးတော့ စိတ်ဓာတ်နှင့် အသိ ဉာဏ်ကို တိုးမြှင့်ပေးတဲ့ အထက်တန်းစား ဘာဝနာတရားတွေ အားထုတ် တော့ စိတ်နေစိတ်ထားလေးတွေရော အသိအလိမ္မာလေးတွေရော ပုံမှန်ဖြစ် သွားတယ်။ ပုံကျသွားတယ်။ အဲဒီအလေ့ကလေးတွေ အလိုလိုရလာတယ်။ ပုံသွင်းရင် သွင်းသလောက် ကိုယ့်မှာ အချိုးကျလာတယ်။ ဒါမျိုးတွေ တွေ့လာ

http://www.dhammadownload.com

ရတယ်။ ဒီလို မိမိဘဝ အစဉ်ချောအောင်လို့ ပြုပြင်တဲ့ အတ္တသမ္မာ ပဏိဓိဆိုတဲ့ ဒီအချက်ဟာ သူ ပြည့်စုံလာလို့ရှိရင် လူဘဝ အဆင့်အတန်း မြင့်တက် လာတာပဲ။ သူမရှိဘူးဆိုလို့ ရှိရင် လူဘဝအဆင့်အတန်းဟာ နိမ့်ကျ သွားနိုင်တာပဲ။ ဒါကြောင့် လူဘဝအဆင့်အတန်းကို မြှင့်တင်ပေးတဲ့ အတ္တသမ္မာပဏိဓိက သိပ်အရေးပါပါတယ်။

အနုမာနနည်းအရ

အဲဒီလို အတ္တသမ္မာပဏိဓိ ချို့တဲ့တဲ့အတွက် ကမ္ဘာအရပ်ရပ်က တော်တော်များများလူတွေဟာ ဘဝပုံပျက်ပန်းပျက်ဖြစ်နေတယ်ဆိုတာကို သတင်းစာအရ၊ မဂ္ဂဇင်း စသည်အရ သိနေကြပါတယ်။ ကိုယ့်လက်လှမ်းမီမှာလဲ အဲဒီအတိုင်းဖြစ်နေကြတာ တွေ့နေကြမှာပါပဲ။ ရုပ်ဝတ္ထုပစ္စည်းတွေ ကြွယ်ဝပြီးတော့ လူအဆင့်အတန်းမြင့်မားစွာနဲ့ နေနိုင်ပေမယ့်လို့ ဒီအတ္တသမ္မာ ပဏိဓိ မရှိဘူးဆိုလို့ရှိရင် လူအဆင့်အတန်းနိမ့်တယ်လို့ဆိုရမှာပဲ။ အဲဒီတော့ လောကအနေနဲ့ လူအဆင့်အတန်းလည်း မြင့်နေ၊ အတ္တသမ္မာ ပဏိဓိကလည်း ရှိပြီဆိုလို့ ရှိရင် နှစ်ဖက်လုံး အဆင့်အတန်းတွေ မြင့်နေလိုက်တာ သိပ်ကောင်းတာပဲ။ ဤအချက်ကိုလည်း စဉ်းစားဖို့ပါပဲ။ ယခုလို အခြေအနေနဲ့ ကြုံတွေ့နေ ရတဲ့ ပုဂ္ဂိုလ်တွေဟာ အကြောင်းမဲ့ ကြုံတွေ့ရတာ မဟုတ်ပါဘူး။ အကြောင်းနဲ့ ပါပဲ။ အဲဒီအကြောင်းတွေက ဘာလဲဆိုလို့ရှိရင် ရှေးရှေးဘဝက အပြစ်ကင်းအကျိုးရကုသိုလ်တရားတွေ သန့်သန့်ရှင်းရှင်းပြုခဲ့လို့ပါပဲ။ အဲဒါ ပုဗ္ဗေစကတ ပုညတာ ခေါ်ပါတယ်။ မိမိတို့ဟာ ရှေးရှေးဘဝပေါင်းများစွာက ဘယ်လိုကုသိုလ်မျိုးတွေ ပြုခဲ့တယ်ဆိုတာတော့ ဒီလိုတော့ ဉာဏ်အထူးမရှိဘဲနဲ့ မသိ နိုင်ဘူးပေါ့လေ။ ဒါပေမဲ့လို့ ယခုကုသိုလ်ဖြစ်နိုင်လောက်တဲ့ နေရာဌာနမှာ ကြုံတွေ့နေရရောက်နေရတာ မိတ်ကောင်းဆွေကောင်းတွေနဲ့ ကြုံတွေ့ရတာ။ တရားတွေနာကြားပြီးတော့ သဒ္ဓါတရားနိုးကြား သံဝေဂဉာဏ်တွေ ဖြစ်ပွားပြီး မိမိဘဝ ချောမောအောင် ပုံကောင်းသဏ္ဌာန်တွေဖြစ်အောင်လို့ လုပ်ခွင့်ရနေတာဆိုတဲ့ ဒီအကျိုးတရားတွေ တွေ့ရသဖြင့် ရှေးကံအကြောင်း ကောင်းခဲ့ပြီဆိုတာကို အနုမာန နည်းဖြင့် သိနိုင်ပါတယ်။

http://www.dhammadownload.com

အကြောင်းစုံလှ လူဘဝ

ကောင်းကင်သို့ မီးခိုးတွေ တက်နေတာ တွေ့ရတော့ မီးခိုးဟာ မီးတောက်က လာတာပဲ။ မီးတောက်ရှိလို့ မီးခိုးဖြစ်တာပဲ။ မီးတောက် မရှိဘဲနဲ့ မီးခိုးမဖြစ်ဘူး။ မီးတောက်က အကြောင်း၊ မီးခိုးက အကျိုး။ အကျိုးမီးခိုးတွေ့ရသဖြင့် အောက်မှာ အကြောင်းမီးတောက်ရှိပြီဆိုတာကို သေသေချာချာ သိနိုင်သလို ထို့အတူပဲ အကျိုးဖြစ်တဲ့တရားတွေကို မိမိတွေ့မြင်ရသဖြင့် ရှေးကကောင်းကြောင်း ရှိခဲ့ပြီဆိုတာကို သေချာစွာ ဆုံးဖြတ်နိုင်ပါတယ်။ အဲဒီတော့ ရှေးကကောင်းလို့ ယခုကောင်းတော့ နောက်လည်းပဲ အဆင့်ဆင့် ဒီလို ဆက်စပ်ပြီးတော့ ကောင်းနေပြီး စက်ဝိုင်းလည်သလို လည်ပတ်ပြီးတော့ သွားဖို့က သေချာပါတယ်။ အဲဒီလို အခြေအနေရှိနေတဲ့ လူဘဝမျိုးကို ရရှိနေတာကို အကြောင်းစုံလှ လူဘဝလို့ ပြောတာပါပဲ။ ယခု အသက်ရှည်ဆဲကာလမှာလည်းပဲ လူဘဝအဆင့်အတန်းမြင့်မြင့်နဲ့ နေထိုင်ဖို့အတွက် မျှော်မှန်း၊ နောက်နိဗ္ဗာန်ထိ နိဗ္ဗာန်ချမ်းသာကို မျှော်မှန်းနေကြတဲ့ ဘုန်းကြီးတို့ ဒီမေတ္တာဗိမာန်ကြီးနဲ့ စပ်တဲ့ ပုဂ္ဂိုလ်များဟာ လူတိုင်း အတုယူစရာ သိပ်ကောင်းတာပဲ။ ဒီလို အဖြစ်မျိုးရနေတာ သံသရာ နောင်အရေး တွေးလိုက်လို့ရှိရင် ကိုယ့်မှာက ကောင်းတာတွေချည်း ရှိနေတော့ ဘာမှ ပူစရာ မရှိဘူး။ အင်မတန် အေးတာပဲ။ အဲဒီလို လူအဖြစ်မျိုး ငါတို့ရနေပြီလို့ ကျကျနန သိနားလည်ကြဖို့ပါပဲ။ ဒီလိုအချိန်ကောင်းတွေနဲ့ ဟိုတုန်းကလည်း ကြုံခဲ့ပြီ။ ယခုလည်း ကြုံနေရတယ်။ နောက်လည်းပဲ ဒီလို ကြုံရဦးမှာ။ အရင်းစစ်လိုက်လို့ရှိရင် ဒီဘဝမြင့်မြတ်ရေးအတွက် အသိဉာဏ်တွေ မိမိတို့မှာ ရှိခဲ့လို့ပါပဲ။ အဲဒီလို ကောက်ချက်ချလို့ရတယ်။

ဗုဒ္ဓ

ဒီအသိဟာ အရင်းခံ ဘာကနေလာတာလဲ ဘယ်လိုဖြစ်ပေါ်လာသတုံး၊ ဖြစ်ပေါ်ပြီးတော့ ချမ်းသာမှုတွေ ဘယ်လို ဖြစ်လာတယ်ဆို တော့ ဗုဒ္ဓဘုရားများလောက၌ ဖြစ်ထွန်း ပေါ်ပေါက်လာတယ်။ ဘယ်လိုဆက်သွယ်ပြီး ဖြစ်လာသလဲဆိုတော့ ဗုဒ္ဓဟာ နိုးသူ၊ တစ်နည်းအားဖြင့် နှိုးပေးသူလို့ အဓိပ္ပာယ်

http://www.dhammadownload.com

ရတယ်။ အမှန်မသိတဲ့ မောဟ မကင်းသေးလို့ ရှိရင် ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းသို့ ရောက်နေတယ်လို့ အဆိုရှိပါတယ်။ ဗုဒ္ဓဟာ အခြားအခြားသတ္တဝါတွေနဲ့အတူ ဘုရားမဖြစ်ခင်က အဲဒီမောဟတည်းဟူသော အိပ်ပျော်ခြင်းနဲ့ အိပ်ပျော်ခဲ့ပါတယ်။ နောက် ပါရမီတွေဖြည့်လို့ ပါရမီတွေပြီး ပြည့်စုံပြီးတော့ အရဟတ္တမဂ်နဲ့ အမှန်အတိုင်း မသိမှု မောဟတွေကို ရှင်းပစ်လိုက်တဲ့အခါမှာ အိပ်ရာကနိုးလာသလို နိုးလာပါတယ်။ နိုးလာပြီးတော့ အကုန်လုံး သိသင့်တဲ့အရာတွေကို ဆင်ခြင်လိုက်လို့ရှိရင် သိနိုင်တဲ့ သဗ္ဗညုဉာဏ်တော်ကြီး ရရှိခဲ့ပါတယ်။ ရှေးဦးစွာ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးလာပြီးတော့ သူနဲ့အတူ အိပ်မောကျနေတဲ့ သတ္တဝါများကို ဆက်လက်ပြီးတော့ အိပ်မောမကျရအောင် ဆိုပြီးတော့ နှိုးပေးတော်မူပါတယ်။ အဲဒါလည်းပဲ ဗုဒ္ဓလို ဂုဏ်ပါတယ်။

မီးစိမ်း ၂။ မီးနီ

ဘာဖြစ်လို့ နှိုးပေးရသလဲဆိုတော့ အိပ်ပျော်နေတဲ့ ပုဂ္ဂိုလ်များ ဘာမှမလုပ်တတ်ဘူး။ ဘာမှ မလုပ်နိုင်ဘူး။ ဘာမှ မလုပ်နိုင်တဲ့အပြင် ဘေးတွေကျရောက်လာတဲ့အခါ သူ အရင်ခံရတာပဲ။ ဒါကြောင့် မြတ်စွာဘုရားဟာ သနားတော်မူပြီးတော့ မောဟတည်းဟူသောအိပ်ပျော်ခြင်းမှ နှိုးပေးပါတယ်။ နှိုးပေးတယ်ဆိုတာ ဒါ ကုသိုလ်ခေါ်တယ်။ ကုသိုလ်ကို ပြုရမယ်။ အကုသိုလ်ကို ရှောင်ရှားရမယ် အစရှိသည်ဖြင့် အမျိုးမျိုးခွဲပြီးတော့ ပြတယ်။ ဆိုလိုတာတော့ ပွားသင့်တဲ့တရားတွေ ပွားဖို့ရန် မြတ်စွာဘုရားက မီးအစိမ်းပြပါတယ်။ မော်တော်ကားတွေမှာ မီးအချက်တွေ ရှိပါတယ်။ အချက်ပြမီးပေါ့။ သတိထားရမယ့် အချက်တွေတွေ့ရင် မီးအဝါပြတဲ့အနေနဲ့ သတိထားဖို့၊ မလုပ်ကောင်းမပြောကောင်း နှလုံးမသွင်းကောင်းတဲ့အချက်တွေ တွေ့လို့ရှိရင် မီးအနီပြတော်မူပါတယ်။ အဲဒီလို မြတ်စွာဘုရားက နှိုးပေးလို့ မောဟ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားသွားတဲ့ ပုဂ္ဂိုလ်တွေ ဘုရားလက်ထက်တော်ကာလက အများကြီး ရှိပါတယ်။ ယခုလည်းပဲ ကိုယ့်အတိုင်းအတာနဲ့ကိုယ် မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးရအောင် ကြိုးစားကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါပဲ။ နောက်လည်းပဲ ဒီလိုများ သွားဦးမှာပါပဲ။ ဒါပေမဲ့ ယခုခေတ်မှာတော့

http://www.dhammadownload.com

အိပ်ပျော်သူပဲ များနေပါတယ်။ ဒါကြောင့် မီးအစိမ်းပြထားပေမယ့်လို့ ပြထားမှန်း မသိတော့ လိုတဲ့ခရီး မြန်မြန်မရောက်ဘူး။ မှန်မှန် မရောက်ဘူးပေါ့။ မီးအဝါပြထားပေမယ့်လို့ သတိမထားတော့ အပြစ်တွေများလာ၊ မီးအနီပြထားရက်သားနဲ့ တဒွတ်ထိုးမောင်းတော့ Accident ဖြစ်သလိုပေါ့လေ။ ဒီမှာ ဒုက္ခတွေ ရောက်တာ အများကြီး ရှိပါတယ်။

အိပ်ပျော်နေကြမှာပဲ

ပြီးတော့ ကိုယ်တိုင်လည်းပဲ နိုးကြား သတ္တဝါတွေကိုလည်းပဲ နှိုးပေးတဲ့ ဗုဒ္ဓ လောကမှာ ပွင့်ထွန်းပေါ် ပေါက်လာရတာဟာ ချမ်းသာတယ်။ ချမ်းသာတယ်ဆိုတာ အဆင့်အတန်းမြင့်လာတာကို ပြောတာပါပဲ။ နောက်လည်းပဲ ချမ်းသာခြင်း၊ အဆင့်အတန်းမြင့်ခြင်း၏အကြောင်းတွေပဲ။ သုခေါဗုဒ္ဓါ နမုပ္ပါဒေါ ဒီလိုမိန့်ကြားချက် ရှိပါတယ်။ တကယ်လို့သာ ဗုဒ္ဓဟာ မောဟတည်း ဟူသော အိပ်ပျော်ခြင်းမှ နိုးမလာဘူး။ ဗုဒ္ဓဖြစ်မလာဘူးဆိုရင် ဘုန်းကြီးတို့ တစ်တွေလည်းပဲ ယခု ဆက်ပြီးတော့ အိပ်ပျော်နေကြမှာပါပဲ။ အိပ်ပျော်နေလို့ ဘာမှ မလုပ်နိုင်ဘူး။ ဘေးရှိရာ ခံရမှာပဲ။ မြတ်စွာဘုရားကိုယ်တိုင်တော့ နိုးပါရဲ့။ ဒါပေမဲ့ သူများတွေကို နှိုးမပေးဘူး။ ဒီသတ္တဝါတွေ အကျိုးများအောင်လို့ တရားမဟောဘူးဆိုရင်လည်းပဲ သတ္တဝါတွေ အဆင့်အတန်းမြင့်သင့်သလောက် မြင့်မှာ မဟုတ်ပါဘူး။ မြတ်စွာဘုရားက ကရုဏာထားပြီး နည်းအမျိုးမျိုးနဲ့ သတ္တဝါတွေကို တရားဟောခဲ့ပါတယ်။ အဲဒီ တရားဟောခဲ့တာဟာ သတ္တဝါတွေ အဆင့်အတန်းမြင့်ဖို့ ချမ်းသာဖို့ ဒီမှာ သုခါ သဒ္ဓမ္မ ဒေသနာ တဲ့။ သူတော်ကောင်းတရားတွေ ကရုဏာထားပြီးတော့ သတ္တဝါတွေ အကျိုးရရှိရေးအတွက် ဟောတော်မူခြင်းဟာလည်းပဲ သတ္တဝါတွေ ချမ်းသာဖို့ အဆင့်အတန်းမြင့်ဖို့ပါပဲ တဲ့။

ဓမ္မသွေးတွေ

ဗုဒ္ဓရဲ့ တရားတော်တွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်ကတည်းက ဖြစ်ထွန်းခဲ့တာမို့လို့ အဟောင်းကြီးပဲ။ အဆွေးကြီး ပဲ။ ရိုးရိုးကြီးပဲလို့ တချို့က ဒီလိုထင်ကြပါတယ်။ အမှန်ကတော့ ရိုးရိုးရှင်းရှင်းလေးကတော့

http://www.dhammadownload.com

တကယ်ယုံယုံကြည်ကြည်နဲ့ ကျင့်ကြည့်လို့ ရှိရင် ဒီထဲမှာ သက်ဝင်လာတာ။ တရားသဘောလေးတွေ တွေ့ပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်လာတာ။ ရိုးရိုးနဲ့ အင်မတန် ကောင်းပါတယ်။ တကယ်ကျင့်တဲ့ ပုဂ္ဂိုလ်တွေမှာ ကိုယ်နှုတ်စိတ် ထားသုံးပါးလုံး စင်ကြယ်သန့်ရှင်းပြီးတော့ အထက်တန်းကျရေးအတွက် ကျင့်သုံးတဲ့အရာမှာ ခေတ်မီဖို့ မလိုပါဘူး။ ညွှန်သည့်အတိုင်း အားထုတ်လို့ရှိရင် ရှေ့တန်း အောင်သွားဖို့ ရှိပါတယ်။ အဲဒီလို ရိုးရိုးကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကျင့်တဲ့ အတိုင်း တရားရဲ့အကျိုးလေးတွေ ပေါ်လာပြီဆိုရင် သီလကျင့်တော့ ကိုယ် နှုတ် ၂မျိုးစင်ကြယ်လာတာ၊ သမာဓိကျင့်တော့ စိတ်ဓာတ်တွေ အဆင့်အတန်း မြင့်လာတာ စင်ကြယ်လာတာ၊ ပညာကျင့်တော့ အလိမ္မာဓာတ်တွေ ဝင်ပြီးတော့ ငြိမ်းချမ်းရေးတွေရနေတာ တိုင်းပြည်တွေ ဘယ်လောက်ပဲ ကွဲကွဲ၊ လူမျိုးတွေ ဘယ်လောက်ပဲကွဲကွဲ၊ ယဉ်ကျေးမှုတွေ ဘယ်လောက်ပဲ ကွဲကွဲ၊ ကျင့်သုံးတဲ့ပုဂ္ဂိုလ်များဟာ တကယ် ကြိုးကြိုးစားစားကျင့်လို့ရှိရင် သီလအနေနဲ့ သမာဓိ အနေနဲ့ ပညာအနေနဲ့ အကုန်လုံး ဒီမှာ ဓမ္မသွေးစည်းသွားတယ်။ ဓမ္မသွေးတွေ ဓမ္မဗီမာန်ကြီးမှာ အားလုံးစုရုံးပြီးတော့ သီလ၊ သမာဓိ၊ ပညာ အကျင့်တရားတွေကို ကျင့်သုံးခြင်းအားဖြင့် ဓမ္မသွေးတွေ စုစည်းနေကြတယ်။ တည်ဆောက်နေကြတယ်။ အဲဒီလို ဓမ္မသွေးတွေ ညီညွတ်အောင် စုဆောင်းနေရတာဟာ ညီညွတ်နေရတာဟာ ချမ်းသာပါတယ်တဲ့။ 'သုခါ သံဃသာမဂ္ဂီ' ဓမ္မသွေးတွေ ရှိကြတဲ့ ပုဂ္ဂိုလ်များ ညီညီညွတ်ညွတ်ရှိခြင်းဟာ ချမ်းသာပါတယ် တဲ့။ အထက်တန်းကျပါတယ်တဲ့။

မေတ္တာတွေ ဖြစ်လာတယ်

ဓမ္မသွေးတွေပြည့်လာတဲ့အခါကျတော့ ဓမ္မသွေးတွေရှိတဲ့ ဓမ္မ မိသားစုချင်းအပေါ်မှာလည်း စစ်မှန်တဲ့ မေတ္တာတွေ ထားလာတတ်တယ်။ ယခုလို ဓမ္မသွေးမတော်တဲ့သူစိမ်းတွေပေါ်မှာလည်းပဲ မေတ္တာတွေလှမ်းပြီးတော့ ဓမ္မသွေးစီးဖို့ရန် ပွားလာတတ်တယ်။ အချင်းချင်းပေါ်မှာ ကိုယ်အမူအရာ နူးညံ့လာ၊ အကျိုးစီးပွား လိုလားတဲ့အနေနဲ့ ကာယကံ မေတ္တာတွေ ဖြစ်လာတယ်။ ချိုသာတဲ့စကား ယဉ်ကျေးတဲ့ စကားအချင်းချင်း ပြောပြီးတော့ ဝစီကံ မေတ္တာတွေလည်းပဲ ဖြစ်လာတယ်။ ပြီးတော့ အများတကာရဲ့ချမ်းသာရေးကို မျှော်ရှု

http://www.dhammadownload.com

တဲ့ မနောက် မေတ္တာတွေလည်းပဲ ကြီးကြီးကျယ်ကျယ် ဖြစ်လာတယ်။ သိပ်ကောင်းတာပဲ။ ဒီမှာ ဓမ္မသွေးစီးမှု ဒီထဲမှာ ကာယက်မေတ္တာ၊ ဝစီက် မေတ္တာ၊ မနောက်မေတ္တာတွေ ကြီးကြီးကျယ်ကျယ် ဖြစ်လာတယ်။ အရင်ကနဲ့ မတူဘူး။ မေတ္တာဆိုတဲ့ဟာက ချစ်ခင်စိုစွတ် စေးကပ်တတ်တဲ့သဘောကို မေတ္တာလို့ ခေါ်ပါတယ်။ တရားကိုယ်အားဖြင့်တော့ အဒေါသ စေတသိက် ပါပဲ။ ချစ်ခင်လေးမြတ်တတ်တဲ့ ပုဂ္ဂိုလ်ကို အာရုံပြုပြီးတော့ ဖြစ်ပေါ်တဲ့ ချစ်တတ်တဲ့ ဓာတ်တစ်မျိုးပါပဲ။ သတ္တဝါတစ်ဦးတစ်ယောက် ကို အာရုံပြုပြီး မုန်းမျက်မှု ဒေါသတွေ ဖြစ်လာပြီဆိုလို့ရှိရင် စိတ်ဟာ စိုစိုဖတ်ဖတ် မစေးကပ်တတ်ဘူး။ ခြောက်ကပ်ကပ်ကြီး ဖြစ်သွားတာ။ မေတ္တာဓာတ်လေးများဖြစ်နေပြီ ဆိုလို့ရှိရင် စိုစိုပြည်ပြည် ဖြစ်နေတာ။ သိပ်ကောင်းတာပဲ။

ဓမ္မဗိမာန်

ဤနေရာဌာနမှာ မေတ္တာအတုနဲ့ မေတ္တာအစစ်ခွဲပြီး သိဖို့ အရေးကြီးပါတယ်။ မေတ္တာအတုဆိုတာဟာ တဏှာပေမချစ်ရေးပါ။ မေတ္တာအစစ်ဆိုတာကတော့ အဲဒီ တဏှာပေမ မပါဘဲနဲ့ သန့်သန့်ကြီးချစ်တဲ့ အချစ်မျိုးပါ။ အဲဒါကွဲပြီးတော့ နားလည်ဖို့ အရေးကြီးပါတယ်။ အဲဒီ မေတ္တာရဲ့ သဘာဝကတော့ တခြားပုဂ္ဂိုလ်တွေအပေါ်မှာ သူတို့ရဲ့အကျိုးစီးပွားကို လိုလားတတ်တဲ့သဘောရှိတယ်။ ချမ်းသာစေချင်တဲ့ သဘောရှိတယ်။ ပြီးတော့ အများပေါ်မှာ အကျိုးစီးပွားလိုလားပြီးတော့ လက်တွေ့ကျကျ ဆောင်ရွက်ပေးနေပြီဆိုလို့ရှိရင် ရန်တွေလည်းပဲ အေးနေတာပဲ။ ရန်အေးတဲ့တရားပဲလို့ ဒီလို ဉာဏ်ထဲမှာ ထင်လာတတ်တယ်။ အဲဒီလိုသဘောနဲ့ နေနိုင်လို့ရှိရင် ဒါဟာ ဗြဟ္မာကြီးတွေ နေသလို ဖြစ်နေတာပါပဲ။ သန့်သန့်ရှင်းရှင်းလေး ဖြစ်နေတာပဲ။ ဒါကြောင့် မေတ္တာဗိမာန်ကြီးကို ဘုန်းကြီးကပြောတာပါ။ မေတ္တာ ဗိမာန်ကြီးကို ရောက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ အများအားဖြင့် ယောဂီအနေနဲ့ ရောက်လာပြီဆိုလို့ရှိရင် ဗြဟ္မာလို နေနိုင်မှ တန်မယ်။ ဗြဟ္မာလို နေမှ သဘာဝကျမှာ ဖြစ်တော့ လူလို နတ်လိုနေလို့ရှိရင် ခုန မေတ္တာဗိမာန်ဆိုတာနဲ့လည်းပဲ အများကြီး ဆန့်ကျင်နေတာ ဖြစ်တယ်။ ပြီးတော့ ဘုန်းကြီးကတစ်ဆင့် ပြောပြီးတော့ ဒီမေတ္တာ

http://www.dhammadownload.com

ဗိမာန်ကြီးဟာ ငြဟ္မာဗိမာန်ကြီးလည်း ဖြစ်နိုင်ပါစေလို့ မျှော်လင့်ပါတယ်။ လူပြည်လောကက ထူးဆန်းတဲ့ ဓမ္မဗိမာန်လို့ဆိုရပါတယ်။

သမဂ္ဂါနံ တပေါ သုခေါ

ဘာဖြစ်လို့ ဘုန်းကြီးက ဒီလို ပြောရသလဲဆိုတော့ ဘုန်းကြီး တရားစစ်နေတော့ ယောဂီတစ်ဦးက တရားထိုင်ပြီး အပြင်လမ်းလျှောက်လို့ရှိရင် တစ်ခါတစ်ခါမှာ မေတ္တာဖြစ်စရာ ရာဂဖြစ်စရာမြင်ကွင်းတွေ မြင်ပါတယ်လို့ဆိုတယ်။ တစ်ခါတစ်ခါမှာ အမျိုးသားနဲ့ အမျိုးသမီးဖက်ပြီးတော့ နူတ်ဆက်တာတွေ တွေ့လာလို့ သူမှာ ရာဂတွေ ဖြစ်ဖြစ်လာတယ်။ အဲဒီလို လျှောက်သွားပါတယ်။ ပြီးတော့ ကိုယ်၊ နူတ်၊ စိတ်ထားသုံးပါးလုံး ယဉ်ကျေးသန့်ရှင်းစေနိုင်တဲ့ ကုသိုလ်အထက်တန်းစားအလုပ်မျိုး ကြိုးစားဆောင်ရွက်ခြင်းဟာလည်းပဲ ချမ်းသာခြင်းရဲ့အကြောင်းပါပဲ။ ဒါကို 'သမဂ္ဂါနံ တပေါသုခေါ၊ သမဂ္ဂါ နံ-သီလ၊ သမာဓိ၊ ပညာတရားဖြင့် သွေးစည်းညီညွတ်ကြတဲ့ပုဂ္ဂိုလ်တို့ ၏။ တပေါ-အချင်းချင်း ပေါ်မှာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာထားပြီးတော့ မိမိလည်းပဲ အဆင့်အတန်းမြင့်၊ ကိုယ်နဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေလည်းပဲ အဆင့်အတန်းမြင့်ရေးအတွက် ကြိုးပမ်းအားထုတ်ခြင်းမည်သည်။ သုခေါ- ချမ်းသာလှပါပေ၏ တဲ့။ အထက်တန်းကျပါပေ၏တဲ့။ မြတ်စွာဘုရားက ဟောတယ်။

သာသနာမှီ၍

ပြောခဲ့တဲ့ ဒေသနာအတိုင်း ဘုန်းကြီးများက မြန်မာပြည်က လာစဉ်ကတည်းကိုက မေတ္တာအခြေခံပြီးတော့ လာခဲ့ကြတယ်။ ဒီက ပုဂ္ဂိုလ်တွေကလည်း မေတ္တာအခြေခံပြီး ဆောင်ရွက်တာဖြစ်တယ်။ ဆောင်ရွက်ရာဌာနကြီးကလည်းပဲ မေတ္တာဗိမာန်ကြီးဖြစ်နေတယ်။ မေတ္တာသည် အားလုံးစုပေါင်းပြီး မိမိကိုယ်တိုင်လည်းပဲ သန့်ရှင်းချမ်းသာပြီးတော့ လက်လှမ်းမီပုဂ္ဂိုလ်တွေအနေနဲ့လည်းပဲ သန့်ရှင်းပြီး ချမ်းသာအောင်လို့ ဆောင်ရွက်ကြတယ်။ ဘုန်းကြီးတို့ ဓမ္မပူဇာအနေနဲ့ လှူဒါန်းကြတာတွေလည်း အများကြီးပါပဲ။ ဝမ်းသာစရာပါပဲ။ သာသနာအတွက် အားတက်စရာပါပဲ။ သုံးလပတ်လုံးလည်းပဲ ဘုန်းကြီးတို့

http://www.dhammadownload.com

မွန်မွန်မြတ်မြတ်နဲ့ ဆောင်ရွက်နေတာ။ ပြီးတော့ ယောဂီတွေကိုလည်းပဲ ချမ်းသာအောင်ဆိုလို့ တတ်နိုင်သမျှ ဆောင်ရွက်နေတာ။ အဲဒီ ဆောင်ရွက်သဖြင့် ကုသိုလ်တွေဟာ သာသနာပြု ကုသိုလ်ပဲ။ သိပ်ကောင်းတာပဲ။ ဤသာသနာကို အမှီပြုပြီးတော့ ဒီလိုထူးမြတ်တဲ့ ကုသိုလ်တွေ ပွားရတာ (အဟောဝတ မေ လာဘာ၊ သာသနံ နိဿာယ မဟန္တံ ပုညံ ပသုတံ)ငါတို့ဟာ သိပ်ကံကောင်းတယ်။ ငါတို့ဟာ သိပ်ကံကောင်းတယ်။ ဤသာသနာကို အမှီပြုပြီးတော့ အင်မတန် ထူးမြတ်တဲ့ ကုသိုလ်ထူးကို ဆည်းပူးရပေပြီလို့ အာရုံပြုပြီးတော့ ဝမ်းသာဝမ်းမြောက်ဖြစ်ဖို့ရန်အတွက် ဘုန်းကြီးအနေနဲ့နှုတ်ဆက် တရားဟောရင်းကနေပြီး ဒီတရားကိုအဆုံးသတ်လိုက်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

အရိယာဗိမာန်

အထူးကတော့ မေတ္တာဗိမာန်ကြီးမှာ မေတ္တာဗိမာန် ဗြဟ္မာဗိမာန်ကြီးလောက် မဟုတ်ဘဲနဲ့ သတိပဋ္ဌာန်တရားတွေ ပြည့်ဝစွာ အားထုတ်ပြီးတော့ အဆင့်ဆင့် တိုးမြှင့်ပေးတဲ့အနေနဲ့ အရိယာဗိမာန်ကြီး တည်တဲ့တဲ့ အရိယာဗိမာန်ကြီး ဖြစ်အောင်ကြိုးစားအားထုတ်နိုင်ကြပါစေ လို့ တစ်ဆင့်တိုးပြီးတော့ မျှော်လင့်တောင့်တပါတယ်။ တကယ်လို့များ ယောဂီများက ဘုန်းကြီးတို့အပေါ်မှာ ကိုယ်အားဖြင့် ဖြစ်ဖြစ်၊ နှုတ်အားဖြင့် ဖြစ်ဖြစ်၊ စိတ်အားဖြင့် ဖြစ်ဖြစ်၊ ပြစ်မှားမိလို့ ရှိရင်လည်းပဲ ဘုန်းကြီးတို့က ခွင့်လွှတ်ပါတယ်။ ဘုန်းကြီးတို့က အကြောင်းအားလျော်စွာ ပရိသတ်အပေါ် ယောဂီပရိသတ်အပေါ်မှာ မထိန်းနိုင်လို့ ပြစ်မှားမိလို့ရှိရင်လည်းပဲ အားလုံးခွင့်လွှတ်ကြပါလို့ နောက်ဆုံးပိတ်မှာကြားရင်းနဲ့ အဆုံးသတ်ခြင်း ဖြစ်ပါတယ်။

***